
www.burmeseclassic.com



www.burmeseclassic.com

မိုးကျော်သူ

# အဝေးမှာစောင့်မျှော်မယ်

ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် - ၁၀၀၆၄၀၆၀၁၀
မျက်နှာဖုံးခွင့်ပြုချက် - ၁၀၀၇၁၄၀၆၀၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ထင်း (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (ရွှေထူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## နိုင်ငံတော်၏ ရည်မှန်းချက်များ

### ပြည်သူ့သဘောထား

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

## စီးပွားရေးဦးတည်ချက်(၄)ရပ်

## လူမှုရေးဦးတည်ချက်(၄)ရပ်

www.burmeseclassic.com

## တကျော့ပြန်

ညနေဆည်းဆာအချိန် ဖြစ်သည်။

ကောင်းကင်တစ်ခုလုံး မိုးသားတိမ်လိပ်များ ဖုံးလွှမ်းထားသည်။

အေးမြမှုနှင့်အတူ ပျင်းရိခြောက်သွေ့မှုက ဝန်းကျင်တစ်ခုလုံးဖုံးလွှမ်းထားလေသည်။

လမ်းများပေါ်၌ သွားလာလှုပ်ရှားသူ ကင်းမဲ့နေ၏။

မကြာမီ ကျရောက်လာတော့မည့် မိုးသက်လေပြင်းကို ကြိုတင်ရှောင်ရှားကြသည့်သဘော ဖြစ်လေသည်။

သချိုင်းမြေ...

သချိုင်းမြေ၌ကား ပို၍ တိတ်ဆိတ်ခြောက်သွေ့နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်ကြီးဝါးကြီးများ ဖုံးလွှမ်းထားသည်။

မြေပုံမှတ်တိုင်များ၊ အုတ်ဂူများက ပြန့်ကျဲနေ၏။

သို့သော်…

သချိုင်းမြေ၌ကား တိတ်ဆိတ်ခြောက်သွေ့နေခြင်း မရှိပါချေ။

လူနှစ်ယောက်သည် မြေပုံတစ်ခုရှေ့၌ ရှိနေကြသည်။

တစ်ယောက်က အနီရောင်ဝတ်ထားပြီး ကျန်တစ်ယောက်က အစိမ်းရောင်ဝတ်ထားလေသည်။

ထိုလူနှစ်ယောက်သည် သူတို့ရှေ့မှ မြေပုံကို စူးစိုက်စွာကြည့်နေကြလေသည်။

"ဂျိန်း"

မိုးခြိမ်းသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လေပြင်းများလည်း တဟူးဟူးမြည်ကာ တိုက်ခတ်လာသည်။

ဝန်းကျင်မှာ ပို၍ အေးစိမ့်သွားလေသည်။

အနီရောင်ဝတ်ထားသူ သက်ပြင်းချလိုက်သည်။

ဟိုဟိုသည်သည် တစ်ချက်ကြည့်ပြီး အင်္ကျီရင်ဘတ်ကို တင်းတင်းဆွဲစေ့လိုက်သည်။

"ပိုအေးလာတယ်၊ မိုးရွာတော့မယ် ထင်တယ်"

အစိမ်းရောင်ဝတ်ထားသူ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ အပြင်မှာ အေးသလို ခေါင်းဆောင်ကြီးတို့



သားအဖနှစ်ယောက်ရဲ့ဘဝလည်း အေးချမ်းသွားပါပြီ"

နှစ်ယောက်သား မြေပုံကို ကြည့်လိုက်ကြပြန်လေသည်။

မြေပုံ၌ ကဗျည်းထိုးထားသော သစ်သားတိုင်တစ်ခု စိုက်ထူထားလေသည်။

ကဗျည်းတိုင်ပေါ်၌…

"ဖန်းယီ အသက်နှစ်ဆယ့်လေးနှစ်"

ဟု ရေးထွင်းထားလေသည်။

သေဆုံးသွားသူမှာ အသက်ငယ်ငယ်ရွယ်ရွယ်သာ ရှိသေးသော လုလင်တစ်ယောက် ဖြစ်နေသည်။

ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးသွားခြင်းကြောင့် နှစ်မြောစရာကောင်းသည် ဆိုနိုင်၏။

သို့သော်…

ယခု သေဆုံးသွားသော ဖန်းယီအတွက် မည်သူကမှ နှစ်မြောတသ ဖြစ်နေကြမည် မဟုတ်ပါချေ။

ဖန်းယီသည် အလွန်ဆိုးသွမ်းပြီး ကျေးဇူးတရားကင်းမဲ့သော လူငယ်တစ်ယောက်အဖြစ် သိုင်းလောက၌ သတင်းကြီးခဲ့သည် မဟုတ်ပါလား။

ဖန်းယီသည် အညတရတစ်ယောက်တော့ မဟုတ်ပါ။

သိုင်းလောက ထိပ်သီးသိုင်းသမားသုံးဖော်၌ ပါဝင်သော ဖန်းဟုဏ်၏သား ဖြစ်သည်။

ဖန်းဟုမှာ သိုင်းလောကတစ်ခုလုံး ကြည်ညိုလေးစားကြ

www.burmeseclassic.com

www.burmeseclassic.com



သော သိုင်းဆရာကြီးတစ်ဦး ဖြစ်သလို သိုင်းလောက မဟာမိတ်အဖွဲ့ကြီး၏ခေါင်းဆောင်လည်း ဖြစ်လေသည်။

ဖန်းဟုကဲ့သို့ ထင်ရှားကျော်ကြားလှသည့် သိုင်းသမားကြီးတစ်ဦး၏သားက လူဆိုးလေးတစ်ယောက် ဖြစ်ခဲ့ရသည်မှာ အဘယ်ကြောင့်ပါနည်း။

အစိမ်းရောင်ဝတ်ထားသူ၏စကားကို အနီရောင်ဝတ်ထားသူက ထောက်ခံလိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ၊ ဖန်းယီကြောင့် ခေါင်းဆောင်ကြီးအတော့်ကို အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရတာ တစ်နေ့မှ စိတ်ချမ်းသာခဲ့ရတာ မဟုတ်ဘူး။ ဖန်းယီ သေသွားတာ သူ့ဘဝ အေးချမ်းသွားသလို ခေါင်းဆောင်ကြီးလည်း စိတ်အေးရတာပေါ့ဗျာ"

အစိမ်းရောင်ဝတ်ထားသူက...

"ဖန်းယီက ရုပ်ချောသလောက် မျက်နှာများတယ်၊ ခုလိုသေဆုံးသွားရတာကလည်း မိန်းမကိစ္စပဲ ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် သူအသက်ရှင်နေသေးဦးမယ်ဆိုယင်လည်း ခေါင်းဆောင်ကြီးက ခွင့်လွှတ်မှာ မဟုတ်ဘူး၊ ဖမ်းဆီးပြီး အရေးယူ အပြစ်ပေးဖို့ စီစဉ်နေပါပြီ၊ ခုတော့ သားအဖနှစ်ယောက် ထိပ်တိုက်တွေ့ရမယ့်ဘေးက ဝေးသွားတာပေါ့ဗျာ"

ထိုလူနှစ်ယောက်ကား ထင်ရှားကျော်ကြားသော သိုင်းသမားများ ဖြစ်ကြလေသည်။

အစိမ်းရောင်ဝတ်ထားသူ၏အမည်မှာ 'ရိုလို' ဖြစ်ပြီး အနီ



ရောင်ဝတ်ထားသူ၏အမည်မှာ 'မင်းဖုန်း' ဖြစ်လေသည်။

ရိုလိုနှင့် မင်းဖုန်းတို့သည် သိုင်းလောက မဟာမိတ်အဖွဲ့ကြီး၌ တာဝန်ထမ်းဆောင်နေကြပြီး အဖွဲ့ခေါင်းဆောင်ဖန်းဟု အားထားရသူများလည်း ဖြစ်လေသည်။

သိုင်းလောကသားများသည် စိတ်နေသဘောထား ထူးခြားသူများ ဖြစ်ကြသည့်အတိုင်း ကိုယ့်သဘောနှင့်ကိုယ် ထင်ရာစိုင်းလေ့ရှိရကား မာနပြိုင်ယင်း၊ သိုင်းပညာပြိုင်ယင်း တိုက်ပွဲများ ဖြစ်ပေါ်ကာ သွေးမြေကျရလေသည်။

နေရာအနှံ့အပြား၌ တိုက်ပွဲများ ဖြစ်ပေါ်နေပြီး သွေးထွက်သံယိုမှု များပြားလာလေသောအခါ ဝါရင့်သိုင်းသမားကြီးများက တိုက်ပွဲများ အဆုံးသတ်သွားစေရန် သိုင်းလောကတစ်ခုလုံး စည်းလုံးညီညွတ်လာစေရန် ဝိုင်းဝန်းကြိုးစားကြလေတော့သည်။

သို့ဖြင့်...

သိုင်းလောကတစ်ခုလုံးကို ကိုယ်စားပြုသော မဟာမိတ်အဖွဲ့ကြီး ပေါ်ပေါက်လာခဲ့ရခြင်း ဖြစ်သည်။

သိုင်းထိပ်သီးသုံးဖော်၌ ပါဝင်သော ဖန်းဟုကိုလည်း အားလုံးက တညီတညွတ်တည်း အဖွဲ့ခေါင်းဆောင် တင်မြှောက်ခဲ့ကြလေသည်။

ဖန်းဟုသည် အလွန်ဩဇာတိက္ကမကြီးမားသူ ဖြစ်ခဲ့သည်။

သားဖြစ်သူဖန်းယီက လူဆိုးလေးတစ်ယောက်ဟု မကောင်းသတင်း ထွက်နေသောအခါ...

www.burmeseclassic.com

www.burmeseclassic.com



ရှိလိုက…

"ဖန်းယီကာ သေသွားပြီဆိုတော့ ကျုပ်တို့ ဘာမှ ဆက်လုပ်စရာ မရှိတော့ဘူး၊ ခေါင်းဆောင်ကြီးဆီကို ပြန်ပြီး သတင်းပို့ကြတာပေါ့"

မင်းဖုန်း သဘောတူလိုက်လေသည်။

"ကောင်းသားပဲ"

ထို့နောက် နှစ်ယောက်သား လူဆိုးလေးဖန်းယီ၏ မြေပုံကို ကျောခိုင်းကာ သချိုင်းမြေထဲမှ ထွက်ခွာသွားကြလေတော့သည်။

♣ ♣ ♣

ရှိလုံနှင့် မင်းဖုန်းတို့ ထွက်သွားကြပြီး မရေးမနှောင်းမှာပင်

"ဟူး…ဟူး…ဟူး"

"ဝေါ…ဝေါ…ဝေါ"

"ဂျိန်း…ဂျလိန်း"

မိုးသက်လေပြင်း ကျရောက်လာလေတော့သည်။

တိုက်ခတ်လာသော လေပြင်းကြောင့် သစ်ကိုင်းများ ကျိုးပြတ်ကုန်သည်။

မြေပြင်ပေါ်၌လည်း ရွှံ့ဗွက်အိုင်များ ဖြစ်ပေါ်လာလေသည်။

သချိုင်းမြေတစ်ခုလုံးလည်း မိုးရေစိုစွတ်ကာ ရေဗွက်အိုင်



များ ဖြစ်ပေါ်လာလေသည်။

ထိုအချိန်၌ပင်…

အဘိုးအိုတစ်ယောက် သချိုင်းမြေထဲ ရောက်ရှိလာလေသည်။

ထိုအဘိုးအို၏ကျောပေါ်၌ အိတ်ကြီးတစ်လုံး ရှိနေပြီး ဖန်းယီ၏မြေပုံဆီသို့ တန်းတန်းမတ်မတ် လှမ်းသွားလိုက်လေသည်။

မြေပုံရှေ့သို့ ရောက်လျှင် ကျောပိုးထားသော အထုပ်ကို ဖြုတ်ကာ အထုပ်ထဲမှ ပေါက်တူး ဂေါ်ပြားများ ထုတ်ယူပြီး မြေပုံကို တူးဆွလိုက်လေသည်။

မိုးရေစိုစွတ်နေခြင်းကြောင့် မြေသားပျော့နေသည်ဖြစ်ရာ အလွယ်တကူ တူးဆွနိုင်ခဲ့လေသည်။

အဘိုးအို အားစိုက်ကာ တူးဆွလိုက်လျှင် မကြာပါချေ။

အခေါင်းပေါ်လာလေတော့သည်။

အဘိုးအိုက ဂေါ်ပြားဖြင့် အခေါင်းအဖုံးကို ကလန့်၍ ဖွင့်လိုက်သည်။

"ဒုန်း"

အခေါင်းအဖုံးပွင့်သွားလျှင် အခေါင်းထဲ လှဲလျောင်းနေသော လူငယ်တစ်ယောက်၏အလောင်းကို တွေ့ရလေသည်။

မဟာမိတ်အဖွဲ့ခေါင်းဆောင် ဖန်းဟု၏သား ဖန်းယီ၏ အလောင်း ဖြစ်လေသည်။

အဘိုးအို ကျေနပ်သွားသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို ပွေ့ချီကာ အခေါင်းအပြင်သို့ ထုတ်လိုက်သည်။

တဖန်...

အခေါင်းကို ကျင်းထဲ ပြန်မြှုပ်ထားလိုက်သည်။

အလောင်းတူးဖော်ထားကြောင်း မရိပ်မိစေရန် မြေကြီးများဖြင့် ခြေရာလက်ရာမပျက် ပြန်ဖို့ထားလိုက်ခြင်း ဖြစ်လေသည်။

အလောင်းကျောင်ဖန်းယီ၏ပါးစပ်ထဲသို့လည်း ဆေးလုံးလေးတစ်လုံး ထည့်ပေးလိုက်သည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး ဖန်းယီ၏ အလောင်းကို ပခုံးပေါ်ထမ်းကာ မိုးရေကြားထဲ ပြေးလွှားသွားလေတော့သည်။

♣ ♣ ♣

နောက်တစ်နေ့နံနက်...

မိုးစဲသွားပြီ ဖြစ်သလို ဝန်းကျင်တစ်ခုလုံး ကြည်လင်သာယာနေသည်။

နံနက်ခင်း နေရောင်ခြည်ကြောင့် နွေးနွေးထွေးထွေး ရှိနေသည်။

လမ်းများပေါ်၌လည်း လူစည်ကားနေပြီ ဖြစ်သည်။

ထို့အတူ...



သချိုင်းမြေ၌လည်း လူစည်ကားလာလေသည်။

မိုးလင်းလင်းချင်း ရောက်ရှိလာသူများမှာ လှပချောမောသော မိန်းကလေးသုံးယောက် ဖြစ်လေသည်။

ထိုမိန်းကလေးသုံးယောက်သည် ဖန်းယီ၏မြေပုံအနီးသို့ ရောက်လျှင် ခြေလှမ်းရပ်လိုက်ကြလေသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သလို ဖန်းယီ၏မြေပုံကိုလည်း အကဲခတ်လိုက်ကြလေသည်။

တစ်ယောက်က...

"ဖန်းယီက တကယ် သေသွားပြီကိုး"

ဟု ရေရွတ်လိုက်လေသည်။

ဒုတိယမိန်းကလေးက...

"ဟုတ်တယ် မမ၊ သူက ကျွန်မတို့ရဲ့ အဆိပ်မိထားတဲ့ အပြင် မုန်းတီးနေတဲ့ လူတွေက ဝိုင်းဝန်းတိုက်ခိုက်ခဲ့တာကြောင့် သေဆုံးသွားတယ်လို့ ပြောနေကြတာ၊ ကျွန်မတို့ ကြားခဲ့ရတယ် မဟုတ်လား"

တတိယမိန်းကလေးက...

"တကယ်တော့ သူဟာ လူဆိုးတစ်ယောက်လို့ ကျွန်မ မထင်ပါဘူး၊ လူကြီးလူကောင်း ဟန်ဆောင်ထားတဲ့ လူတွေကြောင့် နာမည်ဖျက်ခံရတာ ဖြစ်ပါလိမ့်မယ်၊ ဘာကြောင့်လဲဆိုယင် သူနဲ့ ကျွန်မတို့ ဆုံတွေ့ဖူးတာပဲ၊ သူ့ကို အကဲခတ်လို့ ရတာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာလေသည်။

မိန်းကလေးသုံးယောက် လှည့်ကြည့်လိုက်သောအခါ ဖာထေးရာဗရပွရှိသော အဝတ်အစားများ ဝတ်ဆင်ထားသည့် ဗေဒါလှူရွယ်တစ်ဦးကို တွေ့လိုက်ရလေသည်။

မိန်းကလေးသုံးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

တစ်ယောက်က...

"မမ'ရွှေနှင်းဆီ'၊ သူဟာ ဗေဒါဂိုဏ်းချုပ်လီဖုံး မဟုတ်လား"

ဟု ပြောလိုက်သည်။

ရွှေနှင်းဆီဆိုသောမိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဗေဒါဂိုဏ်းချုပ်ဟာ စကားနားမထောင်ဘဲ ထင်ရာစိုင်းနေတဲ့ ဗေဒါဂိုဏ်းက လူတစ်ယောက်ကြောင့် စိတ်သောကရောက်ပြီး အနားယူသွားခဲ့တယ်၊ သူဟာ သိုင်းလောကကို ကျောမခိုင်းခင် ယုံကြည်စိတ်ချရတဲ့ လူငယ်လူရွယ်တစ်ဦးကို ဂိုဏ်းချုပ်ရာထူး လွှဲပြောင်းပေးပြီး အုပ်ချုပ်စေခဲ့တာ ညီမ'ငွေနှင်းဆီ'ရဲ့"

ငွေနှင်းဆီဆိုသောမိန်းကလေးက...

"ဗေဒါဂိုဏ်းချုပ်ဟာ အမျှော်အမြင် ကြီးမားတဲ့ လူတစ်ယောက်ပါ၊ နောင်တစ်ချိန် ဗေဒါဂိုဏ်းကို ဦးဆောင်နိုင်မယ့် မျိုးဆက်သစ် လူငယ်လူရွယ်နှစ်ယောက် လျာထားပြီး အားထားခဲ့တယ်၊ ဒါပေမယ့် တစ်ယောက်က ဗေဒါဂိုဏ်းကို အမှုမထားဘဲ ထင်ရာစိုင်းခဲ့



တယ်၊ သိုင်းလောကမှာ ထင်ရာစိုင်းတဲ့ 'ကောင်းယု'ဆိုပြီး နာမည်ကြီးခဲ့တော့ ဗေဒါဂိုဏ်းချုပ် အရှက်ရခဲ့ရှာပေါ့၊ သူကတော့.."

မလှမ်းမကမ်း၌ ရပ်နေသော ဗေဒါလှူရွယ်ကို ညွှန်ပြလိုက်လေသည်။

နှင်းဆီဖြူဆိုသော တတိယမိန်းကလေးက...

"သူကတော့ ဗေဒါဂိုဏ်းချုပ် အားထားရတဲ့ လီဖုံး မဟုတ်လား၊ သူဟာ မဟာမိတ်အဖွဲ့ခေါင်းဆောင်ကြီး ဖန်းဟုရဲ့သားဖန်းယီနဲ့ ညီအစ်ကိုလို ရင်းနှီးတဲ့ သွေးသောက်မိတ်ဆွေတစ်ယောက်လည်းဖြစ်သလို သူ့ထက် ဝါရင့်တဲ့ အကျင့်ပျက် ဂိုဏ်းတူအစ်ကို ထင်ရာစိုင်း 'ကောင်းယု'ကိုလည်း ကြောက်လန့်နေရတဲ့ လူတစ်ယောက်ပေါ့"

မိန်းကလေးသုံးယောက် စေဖန်ပြောဆိုလိုက်သော စကားကြားလျှင် လူရွယ် သက်ပြင်းချလိုက်သည်။

"မင်းတို့ ပြောတာ မှန်ပါတယ်၊ ကျုပ်ဟာ ဗေဒါဂိုဏ်းချုပ် လီဖုံးပါ၊ ကျုပ်မိတ်ဆွေ ဖန်းယီဟာ သူများတွေ ပြောနေသလို လူဆိုးတစ်ယောက် မဟုတ်ပါဘူး၊ သူ့အပေါ် မကောင်းကြံစည်နေတဲ့ လူတစ်ယောက်ကြောင့် နာမည်ပျက်ပြီး ဒုက္ခရောက်ခဲ့ရတာပါဗျာ"

ဗေဒါဂိုဏ်းချုပ် လီဖုံးသည် သွေးသောက်မိတ်ဆွေ ဖန်းယီနှင့် ပတ်သက်ပြီး အများက မကောင်းသတင်း ပြောနေကြသည်ကို သဘောမကျ ဖြစ်နေကြောင်း ထင်ရှားနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေနှင်းဆီက…

"ရှင်က ကျွန်မတို့ကို ချည်ရွယ်ပြီး ပြောတာလားရှင့်"

ဖေဒါဂိုဏ်းချုပ် လီဖုံး မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့ကတော့ ဘယ်လောက်ကောင်းလို့လဲ၊ မင်းတို့ဟာ 'တိဘက်ကောင်းကင်ဂိုဏ်း'က ကိုယ့်သဘောနဲ့ကိုယ် သိုင်းလောကထဲ ထွက်လာကြတယ်၊ မင်းတို့နဲ့ ပြိုင်ဘက်ဖြစ်တဲ့ 'လက်နက်ပုန်းကျေးရွာ'နဲ့ မညာပြိုင်မယ်လို့ ရည်ရွယ်ခဲ့ကြတယ်"

တိဘက်ကောင်းကင်ဂိုဏ်းသည် အလွန်လျှို့ဝှက်သော အဆိပ်ဂိုဏ်းတစ်ခု ဖြစ်လေသည်။

တစ်ချိန်က သိုင်းလောကထဲ ဆင်းလာပြီး ဆိုးသွမ်းသောင်းကျန်းခဲ့ကြဖူးသည်။

ထိုစဉ်က အောင်မြင်မှုများ ရရှိခဲ့ပြီး နေရာအနှံ့အပြားၦ ဂိုဏ်းခွဲများ၊ လျှို့ဝှက်စခန်းများ ထူထောင်နိုင်ခဲ့ကြသလို သိုင်းလောကသားများအား ကောင်းကောင်းကြီး အနှောင့်အယှက် ပေးနိုင်ခဲ့ကြသည်။

နောက်ပိုင်းတွင် သိုင်းလောကသားများက လက်မခံဘဲ ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြခြင်းကြောင့် သိုင်းလောကမှ ဆုတ်ခွာပြီး တိဘက်သို့ ပြန်သွားခဲ့ကြလေသည်။

ကောင်းကင်ဂိုဏ်းမှ လူများသည် သိုင်းလောကမှ ဆုတ်ခွာခဲ့ရသည်မှာ လက်နက်ပုန်းကျေးရွာ၏ ပယောဂလည်း မကင်းဟု ယူဆထားကြသည်။



ကောင်းကင်ဂိုဏ်းသည် အဆိပ်ကို အဓိက အသုံးပြုလေ့ရှိသည်။

လက်နက်ပုန်းကျေးရွာကလည်း အဆိပ်နှင့် လက်နက်ပုန်းကို အဓိကထား အသုံးပြုသော ကျေးရွာတစ်ခု ဖြစ်လေသည်။

ထို့ကြောင့် ပြိုင်ဘက်ကဲ့သို့ ရှိခဲ့ကြသည်။

ကောင်းကင်ဂိုဏ်းမှ ရွှေနှင်းဆီတို့ မိန်းကလေးသုံးယောက်နှင့် ဖန်းယီတို့ ဆုံတွေ့ပြီး ပြဿနာ ဖြစ်ခဲ့ကြသည်မှာ လက်နက်ပုန်းကျေးရွာပိုင်ရှင် အဆိပ်ဘုရင် 'ရှုးစွမ်း'၏သား ဝူးယို့နှင့် ပတ်သက်နေပါသည်။

သခင်လေးဝူးယို့သည် ယှဉ်ပြိုင်ရန် ရောက်လာကြသော ရွှေနှင်းဆီတို့နှင့် ရင်ဆိုင်နေစဉ် ဖန်းယီက မမျှော်လင့်ဘဲ ရောက်သွားခဲ့လေသည်။

ဖန်းယီက ကြားဝင်တားဆီးခဲ့ခြင်းကြောင့် ရွှေနှင်းဆီတို့က တိုက်ခိုက်လိုက်ရာ ဖန်းယီ အဆိပ်မိသွားခဲ့ဖူးသည်။

ဖေဒါဂိုဏ်းချုပ်လီဖုံး စကားဆက်လိုက်သည်။

"မင်းတို့ဟာ လက်နက်ပုန်းကျေးရွာပိုင်ရှင်ရဲ့သား ဝူးယို့နဲ့ တွေ့ပြီး ယှဉ်ပြိုင်တော့ ဖန်းယီက ကြားဝင်မေတ္တာရပ်ခံခဲ့သေးတယ် မဟုတ်လား"

ရွှေနှင်းဆီက…

"အဲဒါ ဘာဖြစ်သလဲရှင့်"

ဖေဒါဂိုဏ်းချုပ်လီဖုံးက…

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ၊ မှင်းတို့က ဖန်းယီကို အဆိပ်နဲ့ တိုက်ခိုက်ခဲ့သေးတာပဲ မဟုတ်လား"

သူက ရွှေနှင်းဆီအား စေ့စေ့ကြည့်လိုက်သည်။

"တကယ်တော့ မင်းဟာ ဝူးယို့နဲ့ မယှဉ်ပြိုင်ချင်ပါဘူး။ ဝူးယို့ကို မင်းက မေတ္တာသက်ဝင်ခဲ့တယ် မဟုတ်လား"

မေတ္တာတရားကား ထူးခြားလှပေသည်။

ရွှေနှင်းဆီက ရန်သူသဖွယ် သဘောထားသည့် ဝူးယို့နှင့် တွေ့ဆုံခဲ့ပြီး မေတ္တာသက်ဝင်ခဲ့သည်။

ဝူးယို့ကလည်း ရွှေနှင်းဆီကို မေတ္တာရှိသွားလေသည်။

သို့သော်...

လက်နက်ပုန်းကျေးရွာပိုင်ရှင်ဝူးစွမ်းက ရွှေနှင်းဆီတို့၏ ကောင်းကင်ဂိုဏ်းကို လုံးဝသဘောမကျချေ။

သိုင်းလောကက မဟာမိတ်အဖွဲ့ခေါင်းဆောင်းဖန်းဟုက လည်း သိုင်းလောက အေးချမ်းသာယာရေးအတွက် ကောင်းကင်ဂိုဏ်းကို ချေမှုန်းပစ်ရမည်ဟု လူသိရှင်ကြား ထုတ်ဖော်ကြေငြာထားလေသည်။

ထို့ကြောင့် ရွှေနှင်းဆီနှင့် ဝူးယို့တို့၏မေတ္တာခရီးလမ်းမှာ ဖြောင့်ဖြူးနိုင်ခြင်း မရှိတော့ချေ။

ဖန်းယီသည်ယောကျ်ားချောတစ်ယောက် ဖြစ်ရကား သိုင်းလောကမှ သမီးပျိုတိုင်း စိတ်ဝင်စားကြသည်ဟု ဆိုနိုင်ပေသည်။

ရွှေနှင်းဆီက ဝူးယို့အား မေတ္တာသက်ဝင်ခဲ့သလို ဖန်းယီကိုလည်း ငွေနှင်းဆီနှင့် နှင်းဆီဖြူတို့က နှစ်သက်ခဲ့ကြလေသည်။



ဖန်းယို့က သူတို့အား စိတ်မဝင်စားဘဲ ရက်စက်ကြမ်းကြုတ်ပြီး ထစ်ခနဲဆိုလျှင် လူသတ်ဖို့သာ တွေးနေကြသည်ဟု အပြစ်တင်ပြောဆိုခဲ့ကြခြင်းကြောင့် သူမတို့က အဆိပ်ဖြင့် တိုက်ခိုက်ခဲ့ကြခြင်းဖြစ်လေသည်။

ရွှေနှင်းဆီက...

"ရှင်က ဘာကြောင့် ခုလို လာပြောနေတယ်ဆိုတာ ကျွန်မနားမလည်နိုင်တော့ဘူးရှင့်"

ဟု ပြောလိုက်သည်။

ဗေဒါဂိုဏ်းချုပ်လီဖုံးက...

"ဘာကြောင့်လည်းဆိုတော့ ဖန်းယီကို အထင်မှားနေကြတဲ့ သိုင်းလောကသားတွေက ဝိုင်းပြီး တိုက်ခိုက်ခဲ့ကြလို့ သေသွားရှာပြီ၊ သူ့ကို နောက်ထပ် ဒုက္ခမပေးစေချင်တော့လို့ဘဲ၊ သူ့ဘာသာ မြေကြီးတစ်ခုထဲမှာ အေးအေးချမ်းချမ်းနေပါစေဗျာ"

ရွှေနှင်းဆီ အနည်းငယ် စဉ်းစားပြီး ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီလေ၊ ကျွန်မတို့ နှောင့်ယှက်သလို ဖြစ်နေယင်တောင်းပန်ပါတယ်၊ ကဲ ကျွန်မတို့ကို သွားခွင့်ပြုပါဦးရှင့်၊ ကဲ သွားကြမယ်"

ဗေဒါဂိုဏ်းချုပ်လီဖုံး၏စကားကို လက်ခံကာ ငွေနှင်းဆီနှင့် နှင်းဆီဖြူတို့အား ခေါ်ကာ ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘောင်းကင်ဂိုဏ်းမှ လာခဲ့သော မိန်းကလေးသုံးယောက်တွင် ခုတ်သမီးကလေး ဖြစ်သော 'ငွေနှင်းဆီ'မှာ ခက်ထန်ကြမ်းကြုတ်သူ၊ ရက်စက်ကြမ်းကြုတ်သူ ဖြစ်လေသည်။

သူမသည် ဗေဒါဂိုဏ်းချုပ်လီဖုံးအား တစ်ချက် မျက်စောင်းထိုးလိုက်ပြီးမှ ရွှေနှင်းဆီနောက်သို့ လိုက်သွားခြင်း ဖြစ်လေသည်။

♣ ♣ ♣

ရွှေနှင်းဆီတို့ မိန်းကလေးသုံးယောက် ထွက်သွားကြပြီ ဖြစ်လေသည်။

ဗေဒါဂိုဏ်းချုပ်လီဖုံး သက်ပြင်းချလိုက်သည်။

ဖန်းယီ၏ခြေပိုက်ကို ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ဖန်းယီ၊ မင်းဟာ သူများတွေ ပြောသလို လူဆိုးတစ်ယောက် မဟုတ်ဘူးဆိုတာ ကျုပ်ယုံကြည်ပါတယ်၊ မင်းရဲ့ဆရာသမားကို လုပ်ကြံသတ်ဖြတ်တဲ့လူ၊ မင်းရဲ့ဇနီးလောင်းကို သစ္စာဖောက်တဲ့လူ မဟုတ်ဘူးဆိုတာလည်း ကျုပ်ယုံကြည်ပါတယ်၊ တစ်နေ့ အဖြစ်မှန်တွေ ပေါ်ပေါက်လာအောင် ကြိုးစားသွားမယ်လို့ ကတိပေးပါတယ်"

ဟုလည်း ပြောလိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှေးမှာပင်...

"ဟား...ဟား...ဟား"



ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဗေဒါဂိုဏ်းချုပ်လီဖုံး လှည့်ကြည့်လိုက်သောအခါ လူနှစ်ယောက် ရောက်ရှိလာကြသည်ကို တွေ့လိုက်ရ၏။

အမျိုးသမီးတစ်ဦးနှင့် လုလင်တစ်ယောက် ဖြစ်လေသည်။

အမျိုးသမီးသည် ရွှေရောင်အနားကွပ် အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ချောမောလှပပြီး သွယ်လျသော ကိုယ်နေဟန်ထားရှိသူ ဖြစ်သည်။

သူမ ခြေလှမ်း လှမ်းသောအခါ လှမ်းလိုက်သည်ဟုပင် မထင်ရအောင် ပေါ့ပါးသွက်လက်နေသဖြင့် ကိုယ်ဖော့ပညာ အလွန်တော်သူတစ်ယောက် ဖြစ်ကြောင်း ထင်ရှားလေသည်။

လုလင်က အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ခါး၌ လှပသော ဓားတစ်လက် ချိတ်ဆွဲထား၏။

သွက်လက်ပြီး ဓားတစ်လက်နှင့်တူသူ ဖြစ်သည်။

လုလင် ရောက်လာသည်နှင့် ဓား၏အငွေ့အသက်များ ပျံ့လွင့်လာသည်ဟု ခံစားရမည် ဖြစ်လေသည်။

ဗေဒါဂိုဏ်းချုပ်လီဖုံး၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"သိုင်းလောကမှာ ထင်ရှားနေတဲ့ 'မိုးစွေ့ငှက်'နဲ့ 'ဓားမင်းသား'တို့ ရောက်လာကြတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ဟု တီးတိုးရေရွတ်လိုက်လေသည်။

မိုးစွေငှက်ဆိုသောအမျိုးသမီးကလည်း...

"ဝိုထ်ချုပ်ကြီးက ကိုယ့်ရဲ့သွေးသောက်မိတ်ဆွေဆီကို လာပြီး ဂါရဝပြုတာကို:"

ဟု ပြောလာလေသည်။

လီဖုံးက...

"တုတ်ပါတယ်ဗျာ၊ ဖန်းယီနဲ့ ပတ်သက်ပြီး ဘယ်လိုပဲ ပြောဆိုကြပါစေ ကျုပ်ကတော့ သူ့ကို မကောင်းမမြင်ပါဘူး။ ကျုပ်ရဲ့မိတ်ဆွေဟာ မိတ်ဆွေပါပဲ"

မိုးစွေငှက် ပြုံးလိုက်သည်။

"ရှင့်လို မိတ်ဆွေတစ်ယောက် ရှိနေတာ ဖန်းယီအတွက် ဝမ်းသာစရာပါပဲ"

လီဖုံးက...

"နေပါဦး၊ ခင်ဗျားတို့က ဖန်းယီနဲ့ ဘာမှ မပတ်သက်ကြဘူး ထင်ပါတယ်"

မိုးစွေငှက်သည် သိုင်းပညာတော်ပြီး သိုင်းလောကၡ ကျင်လည်ကျက်စားနေသူ ဖြစ်ရုံသည်။

ဓားမင်းသားက သူမအား မေတ္တာသက်ဝင်နေသဖြင့် သူမသွားရာနောက်သို့ တကောက်ကောက် လိုက်နေသူ ဖြစ်လေသည်။

သူတို့နှစ်ယောက်သည် ဖန်းယီနှင့် မည်သို့မျှ ပတ်သက်ခြင်း မရှိကြောင်း လီဖုံး သိထားလေသည်။



ဓားမင်းသားက ဝင်၍ ရှင်းပြလိုက်လေသည်။

"ဖန်းယီဟာ မဟာမိတ်အဖွဲ့ ခေါင်းဆောင်ရဲ့သား ဖြစ်သလို ပန်းပေါင်းစုံဝိုထ်းချုပ်ဟွေ့မုံရဲ့ တပည့် 'ပိုက်မူ'နဲ့ လက်ထပ်ဖို့ သဘောတူ စေ့စပ်ထားတာက စိတ်ဝင်စရာကောင်းနေတာပေါ့ဗျာ"

မဟာမိတ်အဖွဲ့ ခေါင်းဆောင်ဖန်းဟုနှင့် ပန်းပေါင်းစုံဝိုထ်းချုပ်ဟွေ့မုံတို့သည် ခင်မင်ရင်းနှီးသူများ ဖြစ်ကြပေသည်။

ထို့ကြောင့် ဝိုထ်းချုပ်ဟွေ့မုံက သူ၏တပည့် ပိုက်မူနှင့် ဖန်းယီတို့အား လက်ထပ်ပေးရန် မေတ္တာရပ်ခံသောအခါ ဖန်းဟုက လက်ခံခဲ့ပြီး စေ့စပ်ကြောင်းလမ်းခဲ့ခြင်း ဖြစ်သည်။

ပိုက်မူသည် လိမ္မာရေးခြား ရှိသလို သိုင်းပညာတော်ပြီး ချောမောလှပသော မိန်းကလေးတစ်ယောက်လည်း ဖြစ်လေသည်။

ဖန်းယီကလည်း ပိုက်မူကို မေတ္တာသက်ဝင်ခဲ့ပြီး ဖခင်ကြီး စီမံသည်ကို လက်ခံခဲ့ခြင်း ဖြစ်လေသည်။

အမှန်တော့...

ပန်းတစ်ရာဂိုဏ်းချုပ်ဟွေ့မူသည် ထူးခြားသော သိုင်းပညာ ရှိသကဲ့သို့ 'ပိုက်မူ'မှာ အလှမယ်ဟု ဆိုရလောက်အောင် ချောမောလှပခြင်းကြောင့် သိုင်းလောကသားများက စိတ်ဝင်စားခဲ့ကြလေသည်။

ပိုက်မူနှင့် ဖန်းယီတို့ စေ့စပ်လိုက်သောအခါ သိုင်းလောကသားများအတွက် ပိုပြီး စိတ်ဝင်စားစရာ ဖြစ်လာခဲ့လေတော့သည်။

မိုးစွေငှက် ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ့ထက် ပိုပြီး စိတ်ဝင်စားစရာ ကောင်းတာက ဖန်းယီဟာ သူ့ရဲ့ဆရာကို သတ်ပစ်လိုက်တာကြောင့် သိုင်းလောကသားတွေက ဝိုင်းပြီး တိုက်ခိုက်ခဲ့ကြတာနဲ့ သေဆုံးသွားရတယ်ဆိုတာပါပဲရှင့်"

လီဖုံးက...

"ဘာတွေ ဖြစ်ခဲ့ဖြစ်ခဲ့ ဖန်းယီက သေဆုံးသွားပါပြီဗျာ၊ ဒါကြောင့် စိတ်ဝင်စားနေလို့ အကြောင်းမထူးတော့ပါဘူး"

မိုးစွေငှက် ပြုံးလိုက်သည်။

"ဒါလည်း ဟုတ်ပါတယ်ရှင့်"

သူမသည် မားမင်းသားဘက်သို့ လှည့်ပြောလိုက်သည်။

"ကျွန်မတို့ သွားကြပါစို့"

"ကောင်းပြီ"

ထို့နောက် နှစ်ယောက်သား လီဖုံးကိုပင် နှုတ်ဆက်ခြင်း မပြုဘဲ ထွက်သွားကြလေတော့သည်။

♣ ♣ ♣



## တစ်ယောက်ပြီးတစ်ယောက်

မိုးစွေငှက်နှင့် မားမင်းသားတို့ ထွက်သွားကြပြီ ဖြစ်သည်။

ဗေဒါဂိုဏ်းချုပ်လီဖုံးက မလှမ်းမကမ်းရှိ ဝါးရုံတောတစ်ခုသို့ လှမ်းကြည့်လိုက်သည်။

"သည်နေရာကို ဘယ်သူမဆို လာလို့ရတာပဲလေ၊ ငါလည်း လာပြီး ဂါရဝပြုပြီးပြီဆိုတော့ သွားတာပဲ ကောင်းပါတယ်"

ထို့နောက် ချာခနဲ လှည့်ထွက်သွားလေတော့သည်။

ဂိုဏ်းချုပ်လီဖုံး မြင်ကွင်းမှ ပျောက်ကွယ်သွားပြီး မရှေး မနှောင်းမှာပင် ငှက်ကလေးများ၏ ဘာသာသဘာဝ တေးသီကျူးသံ ထွက်ပေါ်နေသည့် ဝါးရုံတောထဲမှ မိန်းကလေးတစ်ယောက် ထွက်လာလေသည်။

မိန်းကလေးက ပတ်ဝန်းကျင်ကို မလုံမလဲ ကြည့်ကာ ခြေတစ်လှမ်း ထွက်လာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီ၏မြေပုံအနီးသို့ ချဉ်းကပ်သွားလိုက်သည်။

သူမ၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင်များ အထင်းသား ပေါ်လွင်နေ၏။

"ဖန်းယီ၊ ရှင်သေသွားပြီဆိုတာ တကယ်ပဲနော်၊ ရှင့်ကို လူတွေက အပြစ်ပြောနေကြတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်မက ရှင့်ကို မေတ္တာမပျက်ပါဘူးရှင်"

သူမ၏အသံ တုန်ယင်နေ၏။

ဖန်းယီအား တဘက်သတ်သတ် မေတ္တာသက်ဝင်နေသူလေး ဖြစ်ကြောင်း ထင်ရှားလေသည်။

မိန်းကလေးက မြေပုံရှေ့၌ ဒူးထောက်ချလိုက်သည်။

"ဖန်းယီ၊ ရှင်ကောင်းရာဘုံဘဝ ရောက်ပါစေလို့ ကျွန်မဆုတောင်းပေးလိုက်ပါတယ်၊ သည်ဘဝမှာ ကျွန်မတို့နှစ်ယောက် မဆုံဖြစ်ပေမယ့် နောင်ဘဝမှာ ဆုံတွေ့နိုင်ပါစေလို့လည်း ဆုတောင်းလိုက်ပါတယ်ရှင်"

သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ ကျဆင်းလာလေသည်။

သူမသည် ဒူးထောက်ရာမှ ထလိုက်သည်။

မျက်ရည်များ သုတ်ယင်း ဝါးရုံတောဘက်သို့ ပြန်လည်ပြေးလွှားသွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

♣ ♣ ♣



မိန်းကလေး ပျောက်ကွယ်သွားတော့မှ မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင် နောက်ကွယ်မှ လူတစ်ယောက် လှမ်းထွက်လာလေသည်။

ဗေဒါဂိုဏ်းချုပ်လီဖုံး ဖြစ်သည်။

လီဖုံး အံ့ဩနေသည်။

"အင်မတန် ရက်စက်ကြမ်းကြုတ်တယ်လို့ သတင်းကြီးနေတဲ့ ပြန့်လမ်းမဲ့ခြံဝင်းပိုင်ရှင် ကြုံးဝါးရဲ့သမီး အငယ်မလေး 'ကြုံးလင်း' ပါလား"

ပြန့်လမ်းမဲ့ခြံဝင်းပိုင်ရှင်ကြုံးဝါးသည် အလွန်ခက်ထန်သူ ဖြစ်လေသည်။

သူ၏ခြံဝင်းသို့ လာရောက်စော်ကားသူ၊ စိန်ခေါ်သူ ဟူသမျှကို ရက်ရက်စက်စက် သုတ်သင်ရှင်းလင်းပစ်တတ်သူ ဖြစ်သည်။

မည်သူ့ကိုမှ အမှုမထားဘဲ ကိုယ့်သဘောနှင့်ကိုယ် နေသူလည်း ဖြစ်လေသည်။

ဖန်းဟုက မဟာမိတ်အဖွဲ့ ခေါင်းဆောင် ဖြစ်လာသောအခါ *ပြန့်လမ်းမဲ့ခြံဝင်းသို့ သွားရောက်ကာ မဟာမိတ်အဖွဲ့နှင့် ပူးပေါင်းလာအောင် ကြုံးဝါးကို စည်းရုံးသိမ်းသွင်းခဲ့သည်။

ဖန်ဟု၏သိက္ခာသမာဓိနှင့် သိုင်းပညာကြောင့် ကြုံးဝါးက လေးလေးစားစား ဆက်ဆံခဲ့ပြီး နောက်ပိုင်းတွင် သူတို့နှစ်ယောက် ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်သွားခဲ့ကြလေသည်။

ဖန်းဟုက ပြန့်လမ်းမဲ့ခြံဝင်းသို့ သွားစဉ်က သားဖြစ်သူ ဖန်း

www.burmeseclassic.com

www.burmeseclassic.com



ယီကိုလည်း ခေါ်ဆောင်သွားခဲ့ရာ ဖန်းယီနှင့် ကြိုးဝါး၏သမီးနှစ်ယောက် ဖြစ်သော ကြိုးလင်း၊ ကြိုးလျှံတို့ ရင်းနှီးသွားခဲ့ကြလေသည်။

ကြိုးဝါး၏သမီးနှစ်ယောက်မှာ အမြွှာညီအစ်မများ ဖြစ်ကြ၍ ရုပ်ချင်းအလွန်တူလေသည်။

သို့သော်...

ညီအစ်မနှစ်ယောက်၏ အကျင့်စရိုက်ချင်းကား မတူကြပါချေ။

ကြိုးလင်းက ငှက်ကလေးများကို ချစ်တတ်သော ကြင်နာမှု ရှိသည့် မိန်းကလေး ဖြစ်သည်။

ငှက်ကလေးများနှင့် တရင်းတနှီး နေထိုင်နိုင်ပြီး ငှက်ကလေးများ ပြောသည့် စကားကို နားလည်သူလေးဟုပင် ဆိုကြလေသည်။

ကြိုးလင်းသည် ဖခင်ကြီး၏ စက်ထန်မောက်မာမှုနှင့် တခါတရံ ကြောက်မက်ဖွယ်ကောင်းအောင် ရက်စက်ကြမ်းကြုတ်မှုများကို စိတ်ပျက်နေပြီး ပြန်လမ်းမဲ့ခြံဝင်းမှ ထွက်ကာ သိုင်းလောက တန်တလျား လှည့်လည်သွားလာနေလိုစိတ် ရှိသူ ဖြစ်လေသည်။

ကြိုးလျှံကား ကြိုးလင်းနှင့် ဆန့်ကျင်ဘက် ဖြစ်လေသည်။

ကြိုးလျှံသည် ဖခင်ကြီးထံမှ ရက်စက်ကြမ်းကြုတ်သည့် အမွေကို ဆက်ခံထားသူ ဖြစ်လေသည်။

ပြန်လမ်းမဲ့ခြံဝင်းမှ ကြိုးလင်းက မည်သူမှ မသိအောင် ဖန်း



ယီ၏မြေပုံသို့ လာခဲ့သည်မှာ အံ့ဩစရာ ကောင်းနေပါတော့သည်။

ဗေဒါဂိုဏ်းချုပ်လီဖုံး သက်ပြင်းချလိုက်သည်။

"သည်လိုဆိုတော့လည်း ပြန်လမ်းမဲ့ခြံဝင်းပိုင်ရှင်ရဲ့သမီး ကြိုးလင်းက သနားစရာတောင် ကောင်းနေပြီ၊ ဖန်းယီသာ သိနိုင်မယ်ဆိုယင် ဘယ်လိုနေမယ် မပြောနိုင်ဘူး"

ဆိုစဉ်...

"ဟူး...ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လီဖုံး ကြည့်လိုက်သောအခါ လူနှစ်ယောက် ပြေးလွှားရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ဦးနှင့် မိန်းမချောလေးတစ်ယောက်တို့ ပြေးလွှားရောက်ရှိလာကြခြင်း ဖြစ်လေသည်။

အမျိုးသမီးကြီးသည် သိုင်းဂိုဏ်းချုပ်တစ်ယောက်၏ အဆင့်အတန်းရှိသော ဝတ်စားဆင်ယင်ပုံမျိုး ဝတ်ဆင်ထားလေသည်။

မိန်းမချောလေးကား အသုဘ အခမ်းအနားတွင် ဝတ်ဆင်ရသော အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

လီဖုံး ကပျာကယာ သစ်ပင်နောက်သို့ ဝင်ရောက်ပုန်းအောင်းနေလိုက်လေသည်။

ရောက်လာသူနှစ်ယောက်အား သူကောင်းစွာ သိရှိထားပါသည်။

အမျိုးသမီးကြီးမှာ ဝါဆန်းဂိုဏ်းချုပ်ချီကျိန်း ဖြစ်သည်။

မိန်းကလေးမှာ သူ၏တပည့်မ ချင်းချင်း ဖြစ်သည်။

ဖန်းယီအား တစ်ဘက်သတ် မေတ္တာသက်ဝင်ခဲ့ကြသည့် သိုင်းလောက သမီးပျိုများထဲ၌ ချင်းချင်းသည်လည်း တစ်ယောက် အပါအဝင် ဖြစ်ခဲ့လေသည်။

ဝါဆန်းဂိုဏ်းချုပ်ချီကျိန်းကလည်း သူမ၏တပည့်မလေး ချင်းချင်းအား ဖန်းယီနှင့် သဘောတူခဲ့လေသည်။ သို့သော်...

ဖန်းယီ ပန်းပေါင်းစုံဂိုဏ်းမှ ပိုက်မူနှင့် စေ့စပ်လိုက်သော အခါ ချီကျိန်းတို့လည်း နောက်ဆုတ်လိုက်ကြလေသည်။

ယခု...

ဖန်းယီ သေဆုံးသွားပြီဟု သတင်းကြားသောအခါ ရောက်



လာကြခြင်း ဖြစ်လေသည်။

ချင်းချင်းသည် ဖန်းယီအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် အနက်ရောင်အဝတ်အစားများ ဝတ်ဆင်လာခြင်း ဖြစ်သလို သူမလည်း အမှန်တကယ် ဝမ်းနည်းကြေကွဲနေမိလေသည်။

ဝါဆန်းဂိုဏ်းချုပ်ချီကျိန်းနှင့် တပည့်မ ချင်းချင်းတို့သည် ဖန်းယီ၏မြေပုံရှေ့သို့ ရောက်ရှိလာကြပြီး ရပ်တန့်လိုက်ကြလေသည်။

ချီကျိန်းက မြေပုံကို တစ်ချက်အကဲခတ်လိုက်ပြီး ချင်းချင်းကို ပြောလိုက်လေသည်။

"ချင်းချင်း၊ မင်းဟာ သူနဲ့ မပတ်သက်လိုက်ရပေမယ့် တစ်ချိန်က ရည်ရွယ်ထားခဲ့တာကြောင့် ဂါရဝပြုရလိမ့်မယ်၊ ဖန်းယီ လူဆိုးလူကောင်း ဖြစ်တယ်ဆိုတာ ငါတို့နဲ့ မဆိုင်ဘူး"

ဟု ပြောလိုက်လေသည်။

ချင်းချင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဆရာ"

သူမသည် ဖန်းယီ၏မြေပုံရှေ့၌ ဒူးထောက်ဂါရဝပြုလိုက်လေသည်။

ဝါဆန်းဂိုဏ်းချုပ်ချီကျိန်းက...

"ချင်းချင်း၊ မင်းတာဝန်ကျေပါပြီ၊ ဖန်းယီကလည်း သေဆုံးသွားပြီဆိုတော့ ခုချိန်ကစပြီး သူ့ကို မေ့လိုက်ပေတော့"

"ဟုတ်ကဲ့ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲ ဆိုသွားကြမယ်"

ထိုနောက် ဆရာတပည့်နှစ်ယောက် သင်္ချိုင်းမြေထဲမှ ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

♣ ♣ ♣

သင်္ချိုင်းမြေသို့ သိုင်းလောကသားများ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာကြသည်။

တစ်ယောက်ပြီးတစ်ယောက် ပြန်လည်ထွက်ခွာသွားကြလေ၏။ လီဖုန်းက အဝေးသို့ ရောက်ရှိသွားသော ချီကျိန်းနှင့် ချင်းချင်းတို့ ဆရာတပည့်နှစ်ယောက်ကို ကြည့်ပြီး သက်ပြင်းချလိုက်လေသည်။

"ဝါဆန်းဂိုဏ်းချုပ်ချီကျိန်းဟာ ဖန်းယိ သေဆုံးသွားတယ် သတင်းကြားလို့ တပည့်မချင်းချင်းကို ခေါ်ပြီး ကိုယ်တိုင်လာကြည့်တာကိုး"

ဖန်းယိ သေဆုံးသွားသည့် ကိစ္စအား သိုင်းလောကတစ်ခုလုံးက စိတ်ဝင်စားနေကြောင်း ထင်ရှားလေသည်။

ဝါဆန်းဂိုဏ်းချုပ်ချီကျိန်းသည် ဗေဒါဂိုဏ်းနှင့် ပတ်သက်နေသူတစ်ယောက်ဟု ပြောဆိုနေကြသည်ကို လီဖုန်း သိထားသော်လည်း မည်သို့မည်ပုံ ပတ်သက်နေသည်ကိုမူ သူ မသိပါချေ။



ဖန်းယိ၏မြေပုံသို့ နောက်ထပ် ရောက်လာမည့်သူများ ရှိကြဦးမည် ဖြစ်လေသည်။

"ငါလည်း သွားသင့်ပြီ"

လီဖုန်းက တီးတိုးရေရွတ်ပြီး ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးလွှားသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## သေကံမရောက်

ဖန်းယီ၏အလောင်းကို ရှာဖော်ယူသွားသော အဘိုးအို
သည် ကျောက်ဂူကြီးတစ်ခုအတွင်းသို့ ဝင်ရောက်သွားပြီး ကျောက်
ကုတင်တစ်လုံးပေါ်၌ ဖန်းယီ၏အလောင်းကို ညင်သာစွာ ချလိုက်
လေသည်။

ကျောက်ကုတင်နံဘေး၌ ကျောက်စားပွဲတစ်လုံး ရှိသည်။

ကျောက်စားပွဲပေါ်၌ အသင့်ဖော်စပ်ထားသော ဆေးခွက်
များ ရှိနေသည်။

အဘိုးအိုက ဆေးခွက်တစ်ခုကို ယူကာ ဆေးရည်များဖြင့်
ဖန်းယီ၏တစ်ကိုယ်လုံး လိမ်းကျံပေးလိုက်လေသည်။

တဖန်...



ဖန်းယီ၏အဓိကကျသော သွေးကြောများအား နှိပ်နယ်
ပေးလိုက်လေသည်။

ဖန်းယီ၏တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေသည်။

သွေးသွားလာလှည့်ပတ်မှု မရှိသလို အသက်ရှူရှိုက်ခြင်း
လည်း မရှိတော့ပါ။

ဖန်းယီကား သေဆုံးနေချေပြီ။

အဘိုးအိုက မည်သို့မျှ သဘောမထားဘဲ ဖန်းယီ၏အဓိက
ကျသော သွေးကြောများကို ဇွဲရှိရှိ နှိပ်နယ်ပေးနေ၏။

သူ၏လုပ်ရပ်ကြောင့် မကြာမီ ဖန်းယီ အသက်ပြန်ဝင်လာ
လိမ့်မည်ဟု တထစ်ချ ယုံကြည်ထားသည့်အလား တဖြည်းဖြည်းနှင့်
အဘိုးအို၏ငယ်ထိပ်မှ အခိုးအငွေ့များ ထွက်ပေါ်လာလေသည်။

အတွင်းအားအသုံးပြုကာ နှိပ်နယ်ပေးနေခြင်း ဖြစ်ကြောင်း
ထင်ရှားလေသည်။

သေဆုံးသွားပြီးသူ တစ်ယောက် ပြန်လည်အသက်ဝင် ရှင်
သန်လာသည့် ထုံးစံ မရှိပါချေ။

သို့သော်...

ရေနွေးတစ်အိုးကျက်ခန့် အချိန်ကြာသွားသောအခါ ဖန်းယီ
၏တစ်ကိုယ်လုံး နွေးနွေးထွေးထွေး ဖြစ်လာလေတော့သည်။

သွေးလှည့်ပတ်မှု ဖြစ်ပေါ်လာပြီး နှလုံးခုန်လာသည်။

အဘိုးအိုက နှလုံး ရှိသည့် ရင်ဘတ်နေရာကိုလည်း လက်ဖြင့်
ဖြင့် ဖိ၍ဖိ၍ နှိပ်နယ်ပေးနေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီ၏အခြေအနေ တိုးတက်လာသည်ကို မြင်လျှင် အဘိုးအို၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေတော့သည်။

နှိပ်နယ်ခြင်းအမှုကို ရပ်တန့်ကာ ကျောက်စားပွဲပေါ်မှ ဆေးခွက်များကို ယူ၍ တစ်ခွက်ပြီးတစ်ခွက် ဖန်းယီ၏ပါးစပ်ထဲ လောင်းထည့်ပေးလိုက်လေသည်။

ဆေးရည်များ တိုက်ကျွေးပြီးလျှင် ဖန်းယီအား ပက်လက် မှောက်လျက် အနေအထား၊ ထိုင်လျက် အနေအထား အမျိုးမျိုး ပြုပြင်ပြောင်းလဲကာ ဆက်လက်နှိပ်နယ်ပေးလိုက်လေသည်။

အချိန်များ ထပ်မံကုန်ဆုံးသွားပြန်သည်။

တစ်နေ့တာအချိန် ကုန်ဆုံးသွားပြီး ညဘက် ရောက်လာလေသည်။

အဘိုးအိုက မှောင်ထဲမည်းထဲမှာပင် ဆက်လက်နှိပ်နယ်ပေးနေ၏။

ညက နက်ရှိုင်းလာသည်။ အေးမြလာသည်။

အဘိုးအိုသည် ပူခြင်း၊ အေးခြင်း၊ မှောင်ခြင်း၊ လင်းခြင်းဘာကိုမှ အမှုမထားဘဲ ဖန်းယီကိုသာ အာရုံစိုက်ပြီး နှိပ်နယ်ပေးခဲ့ရာ နောက်ဆုံး မိုးစင်စင် လင်းသွားလေတော့သည်။

♣ ♣ ♣



"အောက်အီးအီးအွတ်"

ကြက်တွန်သံများ ဟိုမှသည်မှ ထွက်ပေါ်လာလေသည်။

အရှေ့ဘက်၌ အာရုံဦး၏ ရောင်နီများ ထွက်ပေါ်လာလေသည်။

အေးမြသော နံနက်ခင်း လေပြည်က ကျောက်ဂူကြီးထဲ တိုးဝင်တိုက်ခတ်လာလေသည်။

လေထဲ၌ မွှေးကြိုင်သော ပန်းရနံ့များနှင့်အတူ ကျေးငှက်ကလေးများ၏ ဘာသာဘာဝ တေးသီကျူးသံများလည်း ပါဝင်လာလေသည်။

အဘိုးအို၏တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် စိုရွှဲနေသည်။

အတော်ကလေး ပင်ပန်းနွမ်းနယ်နေပုံရသည်။

အလင်းရောင်များ ကျောက်ဂူထဲ တိုးဝင်လာတော့မှ ဖန်းယီအား နှိပ်နယ်ပေးမှုကို ရပ်တန့်လိုက်လေသည်။

"အင်း သည်လောက်ဆိုယင် စိတ်ချရပါပြီ"

မှန်ပေသည်။

သူ၏ကြိုးစားအားထုတ်မှုကြောင့် အားလုံးက သေဆုံးသွားပြီဟု ထင်မှတ်ခဲ့သော ဖန်းယီ ပြန်လည်အသက်ရှင်လာခဲ့ပြီ ဖြစ်လေသည်။

အဘိုးအိုက ဖန်းယီကို သက်တောင့်သက်သာ ဖြစ်အောင် ကျောက်ကုတင်ပေါ်၌ ချထားပေးလိုက်ပြီး ရေနွေးတစ်အိုး သွားကျိုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေနွေး ပွက်ပွက်ဆူလာချိန်၌...

"အား"

စူးရှသော အသံနက်ကြီး ကျောက်ဂူထဲ ဟိန်းထွက်လာလေတော့သည်။

ဖန်းယီ၏အသံ ဖြစ်သည်။

အထိတ်တလန့် အော်ဟစ်ယင်း သတိရလာခြင်း ဖြစ်လေသည်။

အဘိုးအိုက ချက်ချင်း လှမ်းသွားလိုက်လေသည်။

ဖန်းယီ ကုတင်ပေါ်မှ လူးလိမ့်ထနေသဖြင့်...

"မထနဲ့ဦးလေ၊ မင်း အခုမှ သတိရလာတာ သက်တောင့်သက်သာ အနားယူနေမှ ဖြစ်မယ်"

သတိပေးယင်း ဖန်းယီ၏ရင်ဝကို လက်ဝါးဖြင့် အသာလေးဖိလိုက်ရာ ဖန်းယီ ပြန်လဲကျသွားလေတော့သည်။

ဖန်းယီသည် ကျောက်ကုတင်ပေါ်၌ ပက်လက်အနေအထားဖြင့် မလှုပ်မယှက် ရှိနေ၏။

သို့သော် သတိရနေပြီး မျက်လုံးများ ဖွင့်ထားလိုက်ပြီ ဖြစ်လေသည်။

"ကျွန်...ကျွန်တော် ဘယ်လိုဖြစ်တာလဲဗျ"

ခြောက်သွေ့အက်ကွဲသော လေသံဖြင့် ဗလုံးဗထွေး မေးလာလေသည်။

အဘိုးအိုက...



"မင်းသေသွားတယ်၊ အခု မင်းအသက်ပြန်ရှင်လာပြီ"

အဘိုးအို၏စကားအဆုံးတွင် ဖန်းယီ ခေါင်းခါယမ်းကာ အော်ဟစ်လိုက်လေသည်။

"မဟုတ်ဘူး"

အဘိုးအိုက...

"ဒါဖြင့် မင်း ဘာဖြစ်တာလဲ"

"ကျွန်တော်သေသွားတာမှ မဟုတ်တာ"

"မင်း မသေဘူး"

"ဟုတ်တယ်"

"နေပါဦး၊ မင်းက သေတယ် မသေဘူး ပြောနေရအောင် မင်းကိုယ်မင်း ဘယ်သူဘယ်ဝါဆိုတာကော သိလို့လား"

"ကျွန်တော်သိပါတယ်"

"ဒါဖြင့် မင်းက ဘယ်သူလဲ ပြောစမ်းပါဦး"

"ကျွန်တော်က ဖန်းယီပါ"

ဖန်းယီ၏စကားအဆုံးတွင် အဘိုးအို တဟားဟား ရယ်မောလိုက်လေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို အလွန်သဘောကျနေသည်။

သူက ဖန်းယီအား လူကောင်းပကတိ ဖြစ်လာအောင် ကြိုးစားနိုင်ခဲ့ပြီ မဟုတ်ပါလား။

"မင်းက အဆိပ်မိထားတာ ရှိတယ်၊ ပြီးတော့ သူများ ဝိုင်းတိုက်တာခံခဲ့ရတယ်၊ ဒါကြောင့် အတွင်းဒဏ်နဲ့ အဆိပ်ပေါင်းစပ်ပြီး သေဆုံးသွားသလို ဖြစ်ခဲ့ရတာပဲ၊ ငါ့အတွေး မှန်သွားတယ်၊ ဒါမှမဟုတ်ယင် မင်း တကယ်ပဲ သေသွားမှာကွ"

ဖန်းယီက အဘိုးအိုဘက်သို့ မျက်နှာမူထားသော်လည်း အသံကို နားစွင့်နေရပုံ ရှိသည်။

သူ၏မျက်လုံးများက ကောင်းစွာ မမြင်နိုင်အောင် ဖြစ်နေပုံရှိလေသည်။

အဘိုးအိုသည် ဖန်းယီ၏အခြေအနေကို ချက်ချင်းနားလည်သွားလေသည်။

"မင်းရဲ့မျက်လုံးတွေက ကောင်းကောင်းမမြင်နိုင်ဘဲ မှုန်ဝါးနေတယ် ဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ် ခင်ဗျာ"

"အေး မင်းရခဲ့တဲ့ ဒဏ်ရာနဲ့ ခံစားခဲ့ရတဲ့ ဝေဒနာက ပြင်းထန်လွန်းတာကြောင့် တစ်ခုခုတော့ ချို့ယွင်းမှာပဲ၊ ဒါပေမယ့် အသက်ရှင်နေတာပဲ၊ ကံကောင်းလှပြီ မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

ဖန်းယီ ဝန်ခံလိုက်လေသည်။



သို့တိုင်...

သူ၏မျက်လုံးများသည် ကောင်းစွာ မမြင်နိုင်ဘဲ ကြက်မျက်သင့်သူတစ်ယောက်ပမာ မှုံဝါးဝါး ဖြစ်နေသည်ကို စိတ်မကောင်းဖြစ်မိလေသည်။

"ကျွန်...ကျွန်တော့် မျက်လုံးတွေ ပြန်ကောင်းလာနိုင်ပါဦးမလား ခင်ဗျာ"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ကောင်းရမှာပေါ့၊ ဆေးဝါးကုစရာတောင် မလိုဘူး၊ အချိန်တန်ယင် ပြန်ကောင်းလာမှာပဲကွ၊ မင်းရဲ့ဝေဒနာ ပြင်းထန်လွန်းလို့သာ ခုလို ဖြစ်ရတာ၊ ဘယ်လိုရောဂါ ဝေဒနာမျိုးမဆို ယူပစ်လိုက်သလို ချက်ချင်း သက်သာပျောက်ကင်းသွားတယ်ဆိုတာ မင်းကြားဖူးလို့လား"

"ဒါ...ဒါဆို အချိန်တန်ယင် ပြန်ကောင်းလာမှာပေါ့နော်"

"ဒါပေါ့"

"ဝမ်းသာလိုက်တာဗျာ"

ဖန်းယီ ဝမ်းသာသွားလေသည်။

အဘိုးအိုက...

"အဆိုးဝါးဆုံး အခြေအနေက လွတ်မြောက်လို့ အသက်တောင် ပြန်ရှင်လာပြီပဲကွာ၊ ကျန်တဲ့ဝေဒနာတွေက မပြောပလောက်တော့ပါဘူး၊ တဖြည်းဖြည်းနဲ့ မင်းပြန်ပြီး နေကောင်းလာမယ်၊ အိုးပညာကို ပြန်အသုံးပြုလာနိုင်မယ်၊ ဖန်းယီဟာ သိုင်းလောကကို တစ်

www.burmeseclassic.com

www.burmeseclassic.com



ကျော့ပြန်လာမယ်ဆိုပါတော့ကွာ”

ဖန်းယီသည် ဂရုစိုက်နားထောင်ယင်း အဘိုးအိုမှာ ထူးခြားသူတစ်ယောက် ဖြစ်ကြောင်း နားလည်သဘောပေါက်လိုက်လေသည်။

အမြင်မှုံဝါးနေသဖြင့် အဘိုးအို၏အသံ ထွက်ပေါ်လာရာဘက်သို့ မှန်းဆကာ ဦးညွတ်ဂါရဝပြုလိုက်လေသည်။

“ကျွန်တော့်အသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင် ဘဘရဲ့နာမည်ကို သိပါရစေ ခင်ဗျာ”

အဘိုးအိုက…

“ကျုပ်ကို ကျေးဇူးတင်စရာ မလိုပါဘူးလေ၊ ကျုပ် ဘယ်သူဘယ်ဝါဆိုတာ မင်းသိလို့လဲ အပိုပါပဲ၊ ဘာမှ အကြောင်းထူးမှာမဟုတ်ပါဘူး၊ ဒါကြောင့် မသိချင်ပါနဲ့ကွာ”

ထိုစကားကြောင့် ဖန်းယီ ထပ်မမေးနိုင်တော့ချေ။

အဘိုးအိုက…

“မင်းနားလည်ထားရမှာက အမှန်တရားအတွက် မင်းအသက်ရှင်နေဖို့ပဲ”

“ကျွန်တော်…”

“ကဲ…ကဲ အနားယူလိုက်ဦး”

အဘိုးအိုက ဖန်းယီ အနီးမှ ထွက်သွားတော့သည်။

♣ ♣ ♣



အဘိုးအိုက ကျောက်ဂူအပြင်ဘက် ထွက်သွားပြီး ဖြစ်လေသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဖန်းယီက ကျောက်ကုတင်ပေါ်၌ လဲလျောင်းနေသည်။

သူ၏အသက်ကို ကယ်တင်ခဲ့သည့် အဘိုးအိုကို ကျေးဇူးတင်မဆုံး ဖြစ်နေသည်။

ထိုအဘိုးအိုနှင့် မတွေ့ပါက သူသေဆုံးသွားရလိမ့်မည် မဟုတ်ပါလား။

ဖန်းယီသည် အေးအေးဆေးဆေး ရှိနေသည်မို့ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်လည်တွေးတောစဉ်းစားမိလိုက်ပြန်လေသည်။

သူသည် မိန်းကလေးများ ဝိုင်းဝိုင်းလည်နေသော ယောက်ျားချောတစ်ယောက် ဖြစ်ခဲ့သည်။

သိုင်းလောက မဟာမိတ်အဖွဲ့ ခေါင်းဆောင်၏သားဟူသော ဩဇာအရှိန်အဝါ ရှိခဲ့သည်။

သိုင်းလောကတစ်ခုလုံး၏ လေးစားချစ်ခင်မှု ခံခဲ့ရသည်။

သူကိုယ်တိုင်ကလည်း သဘောမနော‌ကောင်းသူ၊ ရိုးသားဖြူစင်သူ၊ မတရားမှုကို ရွံမုန်းကာ သူတပါးအား ကူညီလိုသူ ဖြစ်ခဲ့သည်။

သို့သော်…

ကံမကောင်း အကြောင်းမလှသဖြင့် စိတ်ပျက်စရာ ဖြစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ဦးနှင့် ကြုံတွေ့ရကာ နာမည်ပျက်ခဲ့ရသည်။

လူဆိုးလေးတစ်ယောက် ဖြစ်ခဲ့ရသည်။

နောက်ဆုံး ဆရာသမားကိုပင် သတ်ပစ်ဝံ့သူ၊ ဓေ့စပ်ထား သည့် သတို့သမီးလောင်းကို ဥပေက္ခာပြုကာ အခြားသော မိန်းက လေးများနှင့် လော်လီဖောက်ပြားသူဟု စွပ်စွဲခံရသည်။

ဒေါသဖြစ်နေသူများ၊ သည်းမခံနိုင်ကြသူများ၏ ပိုင်းဝန်း ဆိုက်နိုက်ခြင်း ခံခဲ့ရသည်။

ဖန်းယီက တွေးယင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ ငါဟာ လူဆိုးလူယုတ်မာတစ်ယောက် မဟုတ် ဘူး"

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်မိလေတော့သည်။

♣ ♣ ♣



## အဖြစ်မှန်

တောင်ပေါ်ဘုံကျောင်း...

စိမ်းလန်းသော သစ်ပင်ပန်းမာလာများ ဖုံးလွှမ်းထားသည့် တောင်ထိပ်ပေါ်မှ ဘုံကျောင်းလေးမှာ အေးချမ်းသာယာလှပေ သည်။

ဖန်းယီသည် ဘုံကျောင်းလေး၌ ဝတ်ပြုပြီး ပြန်ထွက်လာ သောအခါ လူတစ်ယောက်က သူ့အား အသင့်စောင့်ကြိုနေသည်ကို တွေ့လိုက်ရလေသည်။

"ဟင် အစ်ကိုကြီးရှိလို့ပါလား"

စောင့်ကြိုနေသူမှာ သိုင်းလောက မဟာမိတ်အဖွဲ့ခေါင်း ဆောင်ဖန်းဟု၏ လက်ရုံးတဆူအဖြစ် အမှုထမ်းနေသော ရှိုလို ဖြစ် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုလိုက…

"ဟုတ်တယ်၊ ညီလေးရဲ့အဖေက လွှတ်လိုက်လို့ ကျူပ်လာခဲ့တာ"

ဖန်းယီ ပြုံးလိုက်သည်။

"ကျွန်တော်က သိုင်းလောကထဲ အလည်အပတ် သွားမယ်ဆိုပြီး အိမ်ကထွက်လာတာ အတော်ကြာသွားပြီဆိုတော့ ဖေဖေ စိတ်ပူနေပြီး အစ်ကိုကြီးကို လွှတ်လိုက်တာလားဗျာ"

ရိုလိုက အိမ်ပြန်လာဖို့ သူ့ကို လာခေါ်သည် ထင်မိလေသည်။

ရိုလို ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး ညီလေး၊ ကျူပ်လာခဲ့တာ ညီလေးကို ပြန်ခေါ်နိုင်းလိုက်လို့ မဟုတ်ဘူး"

"ဗျာ"

"ညီလေးဖေဖေဟာ သိုင်းလောက မဟာမိတ်အဖွဲ့ကြီးရဲ့ ခေါင်းဆောင်ဆိုတော့ အလုပ်ကိစ္စတွေနဲ့ တစ်ချိန်လုံး မအားမလပ်နိုင်အောင် ဖြစ်နေတာ ညီလေးသိတဲ့အတိုင်းပဲ"

ဖန်းယီက…

"ဟုတ်ပါတယ်ဗျာ၊ တခါတလေ ဖေဖေ အလုပ်များလွန်းလို့ ကျွန်တော်တို့သားအဖက အိမ်ထဲအတူ နေကြတာတောင် တစ်လကိုးသီတင်းကောင်းကောင်း မဆုံဖြစ်ကြဘူး၊ ဆုံဖြစ်ခဲ့ယင်လည်း ခဏပဲ၊ စကားဆယ်ခွန်းပြည့်အောင် မပြောဖြစ်ဘူး"



ရိုလိုက…

"သိုင်းလောကက အရေးက ရှုပ်ထွေးတော့ ခေါင်းဆောင်ကြီးအနေနဲ့ ဘယ်လောက် အလုပ်များတယ်ဆိုတာ ညီလေး လက်တွေ့ပဲ၊ ခုလည်း သိုင်းလောကကို လွှမ်းမိုးဖို့ ကြံစည်နေတဲ့ လူတစ်ယောက်က တိတ်တဆိတ် လှုပ်ရှားနေတယ်ဆိုတဲ့ ကိစ္စနဲ့ ညီလေးရဲ့ အဖေ အတော်အလုပ်ရှုပ်နေတယ်"

ဖန်းယီ မျက်မှောင်ကုပ်သွားလေသည်။

"သိုင်းလောကကို လွှမ်းမိုးဖို့ လူတစ်ယောက်က ကြံစည်နေတယ်၊ ဟုတ်လား အစ်ကိုကြီး"

"သတင်းတွေ စိစစ်ကြည့်တော့ ဒါအမှန်ပဲ ဖြစ်နေတယ်လို့ သိရတယ်ကွ"

"လူတစ်ယောက်က သိုင်းလောကကို လွှမ်းမိုးဖို့ဆိုတာ တကယ်တမ်း ဖြစ်နိုင်ပါ့မလားဗျာ"

ဖန်းယီ၏စကားကြောင့် ရိုလို ပြုံးလိုက်လေသည်။

"တော်ရုံလူတစ်ယောက်ဆိုယင်တော့ အရေးမကြီးဘူးပေါ့၊ ထိပ်သီးသိုင်းပညာရှင်တစ်ယောက်ဆိုယင် မလွယ်ဘူးကွ၊ ညီလေးလည်း ဗဟုသုတ အကြားအမြင် ရှိတာပဲ၊ ခုဆိုယင် သိုင်းလောကအတွေ့အကြုံလည်း ရလာပြီဆိုတော့ စဉ်းစားကြည့်ယင် သိနိုင်တယ်"

ဖန်းယီက အနည်းငယ် စဉ်းစားလိုက်ပြီး မေးလိုက်သည်။

"မာနမင်းသမီးလို သိုင်းသမားမျိုးကို ပြောတာလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရိုလိုက...

"ဒါပေါ့ မာနမင်းသမီးဟာ သိုင်းလောကရဲ့ လျှို့ဝှက်ချက်တစ်ခုပဲ၊ သူက သိုင်းလောကကို ပျက်စီးအောင် ဖျက်ဆီးပစ်နိုင်စွမ်းရှိတယ်ဆိုတာ တချိန်က သိုင်းလောကသားတွေ လက်တွေ့သိမြင်ခဲ့ကြရတာပဲ၊ တကယ်လို့များ အဲသည်အချိန်က မာနမင်းသမီးသာ ပျောက်ကွယ်မသွားခဲ့ဘူးဆိုယင် သိုင်းလောကအရေး မတွေးဝံ့စရာပေါ့လေ၊ သည်လောက်ဆို ညီလေး သဘောပေါက်ပါပြီ"

ဖန်းယီက မေးမြန်းသည်။

"ကျွန်တော်သဘောပေါက်ပါတယ်၊ ဒါထက် အဲသည် သိုင်းလောကကို လွှမ်းမိုးဖို့ ကြံစည်နေတဲ့လူက ဘယ်သူများလဲဗျာ"

ရိုလို ခေါင်းခါယမ်းလိုက်သည်။

"ခုချိန်ထိတော့ ဘယ်သူဘယ်ဝါဆိုတာ မသိရသေးဘူး၊ ခေါင်းဆောင်ကြီးလည်း သည်လူအကြောင်း ဖော်ထုတ်နိုင်ဖို့ အစွမ်းကုန် ကြိုးစားနေတာ နေ့မအား ညမအားပဲ"

ဖန်းယီက...

"ကောင်းပါပြီဗျာ၊ ဖေဖေက ကျွန်တော့်ကို ဘာမှာလိုက်သလဲဆိုတာသာ ပြောပါတော့"

ရိုလို ပြုံးလိုက်သည်။

"ခေါင်းဆောင်ကြီး မှာလိုက်တဲ့ စကားကို ကြားရယင် ငါ့ညီ သဘောကျပြီး အကြိုက်တွေ့သွားမှာ သေချာတယ်"

"ဗျာ"



"ဟင်း...ဟင်း၊ ခေါင်းဆောင်ကြီးက ငါ့ညီလည်း အတွေ့အကြုံရအောင် သိုင်းလောကထဲမှာ ဆက်ပြီး လည်ပတ်ဖို့ ခွင့်ပြုလိုက်ပါတယ်ကွယ်၊ အိမ်ကို အေးအေးဆေးဆေးမှ ပြန်လာနိုင်တယ်တဲ့၊ ကဲ ဘယ်လိုလဲ ငါ့ညီ သဘောကျတယ် မဟုတ်လား"

ဖန်းယီ ပြုံးမိလေသည်။

သိုင်းလောကသို့ လွတ်လပ်စွာ လှည့်လည်သွားလာနိုင်ဦးမည် ဖြစ်ပါသည်။

ဘယ်နေရာရောက်ရောက်၊ ဖခင်ကြီး၏မျက်နှာဖြင့် နေဖို့စားဖို့ မပူရပါ။

သိုင်းလောက တနံတလျားသွားကာ အတွေ့အကြုံ ရှာဖွေနိုင်ဦးမည် ဖြစ်လေသည်။

ရိုလိုက...

"ငါ့ညီ ဘာပြောချင်သေးသလဲ"

ဖန်းယီက...

"ဖေဖေ့ကို ကျေးဇူးတင်တဲ့အကြောင်း ပြောပေးပါ အစ်ကိုကြီး"

လိုရင်းကိုသာ ပြောလိုက်လေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်...

နှစ်ရက်...

သုံးရက်...

သုံးရက်ဟူသောအချိန် ကုန်ဆုံးသွားပြီ ဖြစ်သည်။

ထိုသုံးရက်အတွင်း မိုင်ပေါင်းတစ်ရာကျော်ခရီးပေါက်အောင် ဖန်းယီ သွားခဲ့လေသည်။

နေရာအနှံ့အပြားသို့ ရောက်ရှိခဲ့သည်။

လူပေါင်းစုံနှင့် တွေ့ခဲ့ရသည်။

အတွေ့အကြုံများစွာ ရရှိခဲ့လေသည်။

ဖန်းယီသည် သိုင်းလောက အတွေ့အကြုံ ရှာဖွေယင်း ပျော်ရွှင်နေမိလေသည်။

တစ်နေ့...

မြို့ကလေးတစ်မြို့သို့ ရောက်ရှိသွားသောအခါ တည်းခိုခန်းတစ်ခု၌ အဘိုးအိုတစ်ယောက်နှင့် ဆုံတွေ့မိခဲ့လေသည်။

ဖန်းယီက အခန်းတစ်ခန်း ငှားရမ်းနေထိုင်ခဲ့ရာ အဘိုးအိုမှာ သူနှင့် ကပ်လျက် ရှိသော အခန်း၌ တည်းခိုနေသူ ဖြစ်လေသည်။

သူတို့နှစ်ယောက် ခင်မင်ရင်းနှီးခဲ့ရသည်မှာလည်း အကြောင်း တိုက်ဆိုင်၍ ဖြစ်လေသည်။

ဖန်းယီ အိပ်စက်အနားယူရန် ဟန်ပြင်နေစဉ် တစ်ဘက်ခန်းမှ ညည်းညူသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"နေထိုင်မကောင်း ဖြစ်လို့ ညည်းတွားနေတာပဲ ဖြစ်မယ်"



သွားရောက်အကူအညီပေးရန် ဆုံးဖြတ်လိုက်လေသည်။

အခန်းထဲမှ ထွက်ကာ တစ်ဘက်ခန်း တံခါးကို သွားခေါက်လိုက်သည်။

"ဒေါက်...ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် ဆုန့်ဖြန့်စကားသံ ထွက်ပေါ်လာလေသည်။

"ဝင်ခဲ့ပါ တံခါးစေ့ထားတယ်"

ဖန်းယီက တံခါးတွန်းဖွင့်ကာ အခန်းတွင်းသို့ လှမ်းဝင်သွားလိုက်လေသည်။

အခန်းတွင်းရှိ ခုတင်တစ်လုံးပေါ်၌ အဘိုးအိုတစ်ယောက်က စောင်ခြုံကာ ထိုင်နေသည်ကို တွေ့ရလေသည်။

ဖန်းယီ ဦးညွှတ်လိုက်သည်။

"ကျွန်တော်က ဖန်းယီပါ။ ဟိုဘက်အခန်းမှာ တည်းခိုနေပါတယ်။ သည်ဘက်က ညည်းတွားသံတွေ ကြားရလို့"

အဘိုးအိုက...

"ဩော် ကျုပ်ရဲ့ ညည်းတွားသံကြောင့် အနှောင့်အယှက်ဖြစ်သွားတာကိုး"

"ဟာ သည်လိုပြောတာ မဟုတ်ပါဘူးဗျာ၊ အခက်အခဲ ရှိနေယင် ကူညီရအောင် ကျွန်တော်လာခဲ့တာပါ"

"ကျုပ်ကို ကူညီမယ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ဖန်းယီအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

ဦးခေါင်းလည်း တဆတ်ဆတ်ညိတ်လိုက်သည်။

"မောင်ရင်လေးက သူတပါးကို ကူညီချင်စိတ် ရှိတာကိုး၊ ကျေးဇူးတင်ပါတယ်ကွယ်၊ ကျုပ်က နှင်းတောင်တန်းဘက်ကို ရောက်ခဲ့ပြီး အအေးမိတဲ့ ရောဂါ ရခဲ့တာပါ၊ ခန္ဓာကိုယ်ထဲမှာ စိမ့်ဝင်နေတဲ့ အအေးဓာတ်တွေက တခါတခါ ထကြွလာတဲ့အခါ အရိုးကွဲမတတ် အေးစိမ့်ပြီး တစ်ကိုယ်လုံး ကိုက်ခဲလာတာကြောင့် ညည်းတွားနေရတာပါကွယ်"

ဖန်းယီက...

"ဒါဆိုယင် ကျွန်တော်ကူညီနိုင်ပါတယ်ခင်ဗျာ၊ အပူဓာတ်ပေးစွမ်းတဲ့ အတွင်းအားဆေးကို သောက်လိုက်ယင် ဘဘရဲ့ ဝေဒနာ သက်သာသွားပါလိမ့်မယ်"

အသင့်ဆောင်ထားသော ဆေးလုံးလေးတစ်လုံး ထုတ်ပေးလိုက်လေသည်။

"ကျေးဇူးပါပဲကွယ်"

ဝေဒနာ ချမ်းသာရာ ရလိုနေသော အဘိုးအိုကလည်း ချက်ချင်းယူကာ ယုံယုံကြည်ကြည် သောက်လိုက်လေသည်။

ဖန်းယီ၏ဆေးက အစွမ်းထက်လှသည် ဖြစ်ရကား တခဏအတွင်းမှာပင် အဘိုးအို၏တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် စို့ရွှဲကာ ဝေဒနာ သက်သာသွားလေတော့သည်။



အဘိုးအို ဝမ်းသာမဆုံး ဖြစ်သွားလေသည်။

"မောင်ရင်လေးကို ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူးကွယ်"

ဖန်းယီလည်း အဘိုးအိုအား ကူညီနိုင်လိုက်သဖြင့် ဝမ်းသာနေပါတော့သည်။

"ကိစ္စမရှိပါဘူး ခင်ဗျာ၊ ဘဘကို ကူညီနိုင်တာပဲ ဝမ်းသာလှပါပြီ၊ ဒါထက် ဘဘ ပြောတဲ့ နှင်းတောင်ဆိုတာ မြောက်ဘက်တောင်တန်းဒေသကများလားဗျာ"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ကွယ်၊ မြောက်ဘက်တောင်တန်းဒေသမှာ ပါဝင်တဲ့ တစ်နှစ်လုံး နှင်းဖုံးနေတဲ့ တောင်တန်းကြီးကို ပြောတာပါကွယ်"

ဖန်းယီ စိတ်ဝင်စားသွားလေသည်။

"မြောက်ဘက်တောင်တန်းက နှင်းတောင်တွေမှာ အင်မတန် ရှားပါးပြီး အဖိုးထိုက်တန်လှတဲ့ 'နှစ်တစ်ထောင်လူပုံဆေးမြစ်' ကို တွေ့ရနိုင်တယ်လို့ ကျွန်တော်ကြားဖူးပါတယ်"

အဘိုးအိုက...

"ဒါပေါ့ကွယ်၊ ကျုပ်က နှင်းတောင်တန်းကြီးကို သွားခဲ့တာလည်း အဲသည် ဆေးမြစ်ကို ရှာဖွေဖို့ပါပဲ"

"ဩော် ဦးဇာ ဆေးမြစ်သွားရှာတာကိုး"

"ကျုပ်က ဘယ်ဆေးတွေ ရှာဖွေတူးဖော် ရောင်းချတဲ့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းတဲ့ လူတစ်ယောက်ပါကွယ်၊ သိုင်းဆရာတစ်ယောက်က အဲသည် ဆေးမြစ်ကို ရယင် ငွေတစ်သိန်းပေးမယ် ပြောတာနဲ့ သွားရှာတာ၊ ဆေးမြစ်တော့ မရဘဲ ရောဂါဝေဒနာရပြီး ပြန်လာခဲ့ရတာဆိုပါတော့”

ဖန်းယီက...

“ဘဘက သိုင်းလောကသားတွေနဲ့ အဆက်အသွယ် ရှိနေတာကိုး”

“ဟုတ်တယ်ကွဲ့၊ သိုင်းလောကသားတွေက သည်လို ဆေးမြစ်တွေ၊ ဘယဆေးတွေကို အင်မတန် စိတ်ဝင်စားကြတာ မဟုတ်လား၊ အမှန်အတိုင်း ပြောရယင် လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်လောက်က လူပုံဆေးမြစ်တစ်ခုကို ကျုပ်ရခဲ့ဖူးတယ်”

ဖန်းယီက....

“အဲသည် ဆေးမြစ် ဘယ်ရောက်သွားပြီလဲဟင်”

“ကျုပ်ရောင်းပစ်လိုက်တယ်”

“ဘယ်သူ့ကို ရောင်းလိုက်တာလဲဟင်”

“မာနမင်းသမီးဆိုတဲ့အမျိုးသမီးတစ်ယောက်ကို ရောင်းလိုက်တာ၊ ဒါပေမယ့် သူ့ကို ရောင်းလိုက်ပြီးမှ မှားမှန်းသိရတာပဲ”

“ဘာဖြစ်လို့လဲဗျာ”

အဘိုးအိုက စိတ်ပျက်သော လေသံဖြင့် ပြောလေသည်။

“သူဟာ တဇွတ်ထိုး တခေါက်ကန်း လုပ်တတ်တဲ့ အမျိုးသမီးတစ်ယောက် ဖြစ်နေတယ်လေ၊ ဆေးမြစ်ကို ရသွားတော့ သူ့ရဲ့



သိုင်းပညာ ပိုထက်မြက်လာပြီး လူတွေကို ပိုဒုက္ခပေးနိုင်ခဲ့တာပေါ့၊ သူသောင်းကျန်းတုန်းကဆိုယင် ရှောင်လင်ကျောင်းထိုင်ထက်တောင် သူ့ကို ပိုပြီး ကြောက်ရသေးတယ်၊ သိုင်းလောကတစ်ခုလုံး ပျက်စီးမလို့ ဖြစ်ရတာပေါ့”

ဖန်းယီသည် သိုင်းလောကထဲ ရောက်လာပြီးနောက် ‘မာနမင်းသမီး’ဆိုသူမှာ အလွန်ကြောက်စရာကောင်းသူ ဖြစ်ကြောင်း နားမဆန့်အောင် ကြားခဲ့ရပြီး ဖြစ်လေသည်။

မာနမင်းသမီးသည် သိုင်းလောက၏လျှို့ဝှက်ချက်တစ်ခုလည်း ဖြစ်လေသည်။

သူမ ပျောက်ကွယ်သွားပြီးနောက် သိုင်းလောကသားများက သူမ၏သိုင်းကျမ်းကို လိုက်လံရှာဖွေခဲ့ကြသည်မှာ ယနေ့ထက်တိုင် ဖြစ်လေသည်။ ဖန်းယီက မေးလိုက်ပြန်သည်။

“ဘဘ အခုတစ်ခေါက် နှင်းတောင်ကို သွားပြီး ဆေးမြစ်ရှာဖွေတာ ဘယ်သူ့ကို ရောင်းဖို့လဲဗျာ”

အဘိုးအိုက...

“ကျုပ်ဆီကို ရောက်လာပြီး ဆေးမြစ်မှာတဲ့ သိုင်းလောကသားတွေ မနည်းဘူး။ ‘ဖွားဒေါ်လေး’ဆိုတဲ့အမျိုးသမီးကြီး၊ ‘ဥက္ကာဖျံ’ဆိုတဲ့လူဝကြီး၊ ‘ယင်းတွမ်းဘိုးဘိုး’၊ ‘အရိပ်တောင်ကြား’ အို စုံနေတာပဲ၊ သိုင်းလောကသားတွေ သည်လောက်တောင် လှုပ်ရှားနေကြတာ သိုင်းလောကမှာ တစ်ခုခု ဖြစ်တော့မယ်လို့တောင် ကျုပ်ငေးလိုက်မိသေးတယ်”

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီလည်း ရင်ထိတ်သွားလေသည်။

ရိုလိုနှင့် တွေ့ရစဉ်က သိုင်းလောကအား ဖျက်ဆီးလိုသူတစ်ယောက် ပေါ်ပေါက်နေသည်ဟု ကြားသိခဲ့ရသည် မဟုတ်ပါလား။

အဘိုးအိုက...

"မောင်ရင်လေး ဘယ်သူဘယ်ဝါဆိုတာ ကျုပ်ကို ပြောပြပါလား၊ ကျုပ် တစ်နေ့ ကျေးဇူးပြန်ဆပ်ချင်ပါတယ်"

ဖန်းယီ လက်မခံပါချေ။

"ကျွန်တော် စေတနာနဲ့ ကူညီတာပါ ခင်ဗျာ၊ ကျေးဇူးပြန်ဆပ်ဖို့ မလိုပါဘူး၊ ကဲ ညဉ့်နက်နေပါပြီ၊ ဘဘလည်း အနားယူလိုက်ပါဦး၊ ကျွန်တော် သွားလိုက်ဦးမယ်"

"ကောင်းပါပြီကွယ်"

ဖန်းယီက အဘိုးအိုအား နှုတ်ဆက်ကာ သူ၏အခန်းသို့ ပြန်လာပြီး အိပ်စက်အနားယူလိုက်လေသည်။

နောက်တစ်နေ့နံနက် သူ အိပ်ရာမှ နိုးလာသောအခါ အဘိုးအို မရှိတော့ပါ။

သူ၏ဆွေမျိုးသားချင်းများက လာရောက်ခေါ်ဆောင်သွားကြောင်း၊ ဖန်းယီကို နှုတ်ဆက်သွားသည်ဟု ပြောပေးဖို့ ဆိုင်လုလင်များအား မှာကြားသွားကြောင်း ဖန်းယီ သိလိုက်ရလေတော့သည်။

♣ ♣ ♣



## တောင်ချောက်

ဖန်းယီသည် တည်းခိုခန်းမှ ထွက်ကာ ရှေ့ခရီးဆက်လာခဲ့လေသည်။

ကိုယ့်သဘောနှင့်ကိုယ် လွတ်လပ်ပျော်ရွှင်စွာ သွားလာနေရခြင်းကြောင့် ပျော်ရွှင်နေမိလေသည်။

ဘာဆိုဘာမှ လိုလေသေးမရှိသောဘဝ ဖြစ်၍လည်း သူ၏ရည်ရွယ်ချက်အတိုင်း သိုင်းလောကအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်နိုင်မည်၊ အခက်အခဲ ဒုက္ခကြုံတွေ့နေရသူများကို ကူညီနိုင်လိမ့်မည် မဟုတ်ပါလား။

ဖန်းယီ ရှေ့ခရီးဆက်လာယင်း တောလမ်းတစ်နေရာ အရောက်တွင်...

www.burmeseclassic.com



"ကယ်တော်မူကြပါရှင့်"

အထိတ်တလန့် အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင် တစ်ယောက်ယောက်တော့ ဒုက္ခရောက်နေပြီ"

ဖန်းယီက အော်ဟစ်သံ ထွက်ပေါ်လာရာဆီသို့ ကြည့်လိုက်လျှင် သစ်ပင်များကြားမှ မိန်းကလေးတစ်ယောက် ပြေးထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"မင်း ဘယ်ပြေးမလဲ"

မိန်းကလေးနောက်မှ လူသုံးယောက်က ပြေးလိုက်လာကြလေသည်။

ထိုလူသုံးယောက်သည် ခက်ထန်ကြမ်းတမ်းသည့် လူရမ်းကားများ ဖြစ်ပုံရလေသည်။

မိန်းကလေးသည် တောလမ်းပေါ်၌ ဖန်းယီ ရှိနေသည်ကို မြင်လျှင် ဝမ်းသာအားရ ဖြစ်သွားလေသည်။

"အစ်ကိုကြီး ကျွန်မကို ကယ်ပါဦးရှင့်"

ဖန်းယီထံသို့ ဦးတည်ကာ ပြေးလွှားလာလေတော့သည်။

ဖန်းယီက...

"ညီမကို သူတို့ နှောင့်ယှက်နေကြတာလား"

"ဟုတ်..ဟုတ်ပါတယ်၊ ကျွန်မကို ကယ်ပါရှင့်"

"ညီမ ဘာမှမပူနဲ့၊ ကျုပ်ကူညီပါ့မယ်"

မိန်းကလေးအား နောက်ကျောဘက်၌ ထားကာ လူရမ်းကားသုံးယောက်နှင့် ရင်ဆိုင်လိုက်လေသည်။



"မိတ်ဆွေတို့ မိန်းကလေးကို ဆက်ပြီး မနှောင့်ယှက်ကြပါနဲ့တော့ဗျာ၊ ကျုပ်တောင်းပန်ပါတယ်"

သူက တောင်းပန်စကား ပြောလိုက်သော်လည်း ထိုလူသုံးယောက် လက်မခံကြပါချေ။

"အံမယ် ငါတို့ကို အမိန့်ပေးရအောင် မင်းက ဘာကောင်မို့လဲ"

"သည်ကောင်သေချင်လို့ပဲ ဖြစ်မယ်"

"ကြာတယ်၊ ဆုံးမလိုက်ကြတာပေါ့"

တစ်ယောက်တစ်ခွန်း ပြောကာ ဖန်းယီထံ ပြေးဝင်လာကြလေသည်။

ဖန်းယီလည်း မတတ်သာဘဲ လူရမ်းကားသုံးယောက်နှင့် ရင်ဆိုင်လိုက်ရလေသည်။

"ဟိတ်"

"ယား"

လူရမ်းကားသုံးယောက်၏ တိုက်ခိုက်မှုကို အသာအယာ ရှောင်တိမ်းပေးပြီး ပြန်လည်တိုက်ခိုက်လိုက်လျှင်...

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများနှင့်အတူ လူရမ်းကားသုံး

www.burmeseclassic.com

www.burmeseclassic.com



ယောက် အဝေးသို့ လွင့်စင်သွားတော့သည်။

ဖန်းယီက ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ရပ်တန့်လိုက်သည်။

မြေပေါ်မှ လူးလိမ့်ထလာသော လူရမ်းကားသုံးဦးကို ကြည့်ကာ...

"ခင်ဗျားတို့သုံးယောက် သွားကြပါတော့ဗျာ"

ဟု မေတ္တာရပ်ခံလိုက်ပြန်လေသည်။

လူရမ်းကားသုံးယောက် ထိတ်လန့်နေကြ၏။

ဖန်းယီအား မယှဉ်နိုင်မှန်း နားလည်နေကြပြီ ဖြစ်သည်။

သို့သော်...

ထွက်မသွားကြဘဲ ပေကပ်ပြီး ရပ်နေကြ၏။

ဖန်းယီ ပြုံးလိုက်သည်။

"ခင်ဗျားတို့ မသွားဘူးဆိုယင်တော့ ကျုပ်က မောင်းထုတ်ရမှာပဲဗျ"

ပြောယင်း ရှေ့တိုးသွားလိုက်လေသည်။

ထိုစဉ်...

"ဖြောင်း...ဖြောင်း...ဖြောင်း"

လက်ခုပ်သံများ ထွက်ပေါ်လာလေသည်။

သစ်ပင်များကြားမှ လူတစ်ယောက် လှမ်းထွက်လာသည်။

အစိမ်းရောင်ဝတ်ထားပြီး ကျစ်ဆံမြီးရှည်တစ်ချောင်း ချထားလေသည်။



ဖန်းယီ မျက်မှောင်ကုပ်သွား၏။

"မိတ်ဆွေက..."

"ကျုပ်က ဝံပုလွေပါ၊ မင်းရဲ့ သိုင်းပညာကို သဘောကျသွားပြီ၊ ဒါပေမယ့် ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စထဲ ဝင်ရှုပ်တာကိုတော့ ကျုပ် လက်ခံနိုင်မှာ မဟုတ်ဘူး"

ဖန်းယီ သဘောပေါက်သွား၏။

"လက်စသပ်တော့ ခင်ဗျားတို့က တစ်ဖွဲ့တည်းသားတွေကိုး"

ဝံပုလွေဆိုသူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူတို့သုံးယောက်ဟာ ကျုပ်တပည့်တွေပဲ၊ သူတို့က ကျုပ်သဘောကျနေတဲ့ မိန်းကလေးကို ဖမ်းခေါ်လာဖို့ ကြိုးစားခဲ့ကြတာ၊ ခုတော့ မင်းကြောင့် ထင်တိုင်းမပေါက်တော့ဘူး"

ဖန်းယီက...

"ခင်ဗျားတို့ လက်လျှော့လိုက်ကြပါတော့ဗျာ၊ အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ဒုက္ခမပေးချင်ကြပါနဲ့ဗျာ"

ဝံပုလွေက...

"မင်းက သူ့ကို တကယ်ပဲ ကာကွယ်စောင့်ရှောက်နိုင်မယ် ထင်နေတာလား"

"ဟုတ်ပါတယ်ဗျာ"

ဖန်းယီက စဉ်းစားစရာ မလိုဟူသော အသွင်မျိုးဖြင့် ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေက…

"ကောင်းပြီ၊ မင်းကြိုးစားပေတော့"

သတိပေးပြီး ရိပ်ခနဲ ခုန်ဝင်တိုက်ခိုက်လာလေတော့သည်။

ဖန်းယီ အနီးသို့ ရောက်လာပြီး လက်သည်းရှည်ကြီးများရှိသော လက်ဆယ်ချောင်းဖြင့် ကုပ်ဆွဲတိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ဝံပုလွေ၏တိုက်ခိုက်မှုကိုသာ ခံလိုက်ရမည်ဆိုလျှင် ဖန်းယီ ဒဏ်ရာပြင်းထန်စွာ ရရှိသွားလိမ့်မည် ဖြစ်သည်။

သို့သော်…

ဖန်းယီက လက်တစ်ဘက် ဝှေ့ယမ်းလိုက်လျှင်…

"ဖျောက်"

ဝံပုလွေ၏လက်တစ်ဘက် သွင်သွင်ကျိုးသွားတော့သည်။

"အမယ်လေးဗျ"

ဝံပုလွေ အထိတ်တလန့်အော်ကာ ကပျာကယာ နောက်ဆုတ်သွားလေတော့သည်။

♣ ♣ ♣

လူရမ်းကားသုံးယောက်၏မျက်နှာ သွေးရောင်ကင်းမဲ့ကာ ဖြူဖတ်ဖြူရော် ဖြစ်နေ၏။

သူတို့၏ဆရာ ဝံပုလွေကိုယ်တိုင် ဖန်းယီကို မယှဉ်နိုင်ဘဲ



လက်တစ်ဘက်ကျိုးကာ အရေးနိမ့်သွားခဲ့ပြီ မဟုတ်ပါလား။

ဝံပုလွေ မယုံနိုင်အောင် ဖြစ်နေ၏။

ဖန်းယီကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"မင်း…မင်း ဘယ်သူလဲ၊ မင်းအသုံးပြုလိုက်တာ ဂူကျိုဝိုဏ်းက သိုင်းကွက် ဟုတ်လား"

ဖန်းယီ ပြုံးလိုက်သည်။

"ခင်ဗျား ဘယ်ဆိုးလို့လဲ၊ ကျုပ်ရဲ့သိုင်းကွက်ဟာ ဂူကျိုဝိုဏ်းက သိုင်းကွက်ဆိုတာ သိနေပါလား"

ဝံပုလွေက…

"မင်းဟာ ဂူကျိုဂိုဏ်းသားတစ်ယောက်လား"

ဖန်းယီ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ သည်သိုင်းကွက်တွေကို ကျုပ်အဖေက သင်ပေးထားတာပါ"

"မင်းအဖေက ဘယ်သူလဲ"

"ကျုပ်အဖေနာမည် ဖန်းဟုလို့ ခေါ်ပါတယ်ဗျာ"

"ဘာ"

ဝံပုလွေ ထခုန်မိမတတ် ထိတ်လန့်သွားလေသည်။

"သိုင်းလောက မဟာမိတ်အဖွဲ့ခေါင်းဆောင် ဖန်းဟု ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

ဝံပုလွေသည် စကားမပြောဝံ့တော့ဘဲ ချာခနဲလှည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



ပြေးလွှားသွားတော့သည်။

လူရမ်းကားသုံးယောက်လည်း ဒရောသောပါး ပြေးလိုက်သွားကြလေတော့သည်။

♣ ♣ ♣

ဝိပုလ္လေနှင့် လူရမ်းကားသုံးယောက် ထွက်ပြေးသွားကြပြီဖြစ်လေသည်။ မိန်းကလေး ဝမ်းသာသွားလေသည်။

"အစ်ကို့ ကျေးဇူးကို ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးရှင့်"

"ကိစ္စမရှိပါဘူး ညီမရယ်၊ ကျုပ်က ညီမကို ကူညီနိုင်တာကိုပဲ ဝမ်းသာလှပါပြီ၊ ကဲ ညီမ သွားလိုရာသွားနိုင်ပါပြီ"

မိန်းကလေးက...

"ဝိပုလ္လေဆိုတဲ့လူဆိုးကြီးက အင်မတန် ကြောက်စရာကောင်းပါတယ်၊ အခု ထွက်ပြေးသွားပေမယ့် ကျွန်မ အိမ်အပြန်လမ်းမှာ စောင့်ပြီး ဒုက္ခပေးချင်ပေးဦးမှာ စိုးရိမ်ရပါတယ်ရှင့်"

ဖန်းယီ သက်ပြင်းချလိုက်သည်။

ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့ရမည်ဟု သဘောထားလိုက်သည်။

"ကောင်းပြီလေ ညီမရဲ့အိမ်ကို ရောက်အောင် ကျုပ်လိုက်ပို့ပေးပါ့မယ်"



"အို ဝမ်းသာလိုက်တာရှင့်"

မိန်းကလေး ဝမ်းသာသွားလေသည်။

"ကျွန်မအိမ်က ရှေ့က မြို့ကလေးမှာ ရှိပါတယ်ရှင့်"

သူမသည် ဖန်းယီအား လမ်းပြခေါ်ဆောင်သွားလေတော့သည်။

♣ ♣ ♣

မြို့ငယ်လေးတစ်ခု ဖြစ်သော်လည်း စည်ကားသိုက်မြိုက်နေလေသည်။

မြို့သူမြို့သားများသာမက ခရီးသည်များ၊ ကုန်သည်ပွဲစားများ၊ သိုင်းလောကသားများပါ ဝင်ထွက်သွားလာလျက် ရှိကြပေသည်။

မိန်းကလေးသည် မြို့အရှေ့ပိုင်း ဆင်ခြေဖုံးရပ်ကွက်လေးတစ်ခု၌ နေထိုင်သူ ဖြစ်လေသည်။

လမ်းမကြီးမှတဆင့် လမ်းကြား လေးတစ်ခုထဲ ဝင်လိုက်ပြီး အနီရောင်ဆေးသုတ်ထားသော တံခါးမ ကြီးရှိသည့် အိမ်တစ်လုံးရှေ့၌ မိန်းကလေးက ခြေလှမ်းရပ်လိုက်လေသည်။

"ဒေါ်လေးဝမ်း...ဒေါ်လေးဝမ်း"

မိန်းကလေးက တံခါးခေါက်ပြီး တကျော်ကျော်ခေါ်လိုက်လျှင်...

www.burmeseclassic.com

www.burmeseclassic.com



"ကို"

တံခါးပွင့်သွားပြီး အမျိုးသမီးကြီးတစ်ယောက် ထွက်လာလေသည်။

"ဟင် တင်းကူးည်၊ ညည်းက အရှေ့နယ်ဘက် သွားပြီး အလုပ်လုပ်မယ်ဆို၊ ဘယ်လိုလုပ်ပြီး အိမ်ကို ပြန်လှည့်လာတာလဲ"

တင်းကူးည်ဆိုသောမိန်းကလေးက...

"လမ်းမှာ ဝံပုလွေဆိုတဲ့လူဆိုးကြီးတစ်ယောက်နဲ့ တွေ့ပြီး ပစ္စည်းတွေ လုယက်ခံလိုက်ရတယ် ဒေါ်လေးဝမ်းရဲ့၊ သူတို့က ပစ္စည်းကိုသာမကဘူး ကျွန်မကိုပါ အဓမ္မ ခေါ်သွားမလို့ သည်အစ်ကို ရောက်လာလို့ပေါ့"

ဖန်းယီကို ညွှန်ပြကာ ရှင်းပြလိုက်လေသည်။

ဒေါ်လေးဝမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"အမယ်လေး ငါ့တူမကြီး ကံကြီးပေလို့ပေါ့၊ သည်သူငယ်လေးနဲ့သာ မတွေ့ဘူးဆိုယင် မစဉ်းစားဝံ့အောင်ပါပဲ၊ မောင်ရင်လေးကို ကျေးဇူးတင်လိုက်တာကွယ်၊ ကဲ အိမ်ထဲဝင်ပြီး အမောအပန်းဖြေပါဦး"

ဖန်းယီကို ကျေးဇူးတင်စကား တဖွဖွပြောယင်း အတင်းဖိတ်ခေါ်နေခြင်းကြောင့် ဖန်းယီလည်း မတတ်သာတော့ဘဲ အိမ်ထဲဝင်လိုက်ရလေသည်။

ဒေါ်လေးဝမ်းက ရေနွေးကြမ်း သွားယူပြီး ဧည့်ခံလေသည်။

"သောက်လိုက်ပါဦးကွယ်"



"ဟုတ်ကဲ့"

ဖန်းယီသည် ဒေါ်လေးဝမ်း၏စေတနာကို အသိအမှတ်ပြုသည့် အနေဖြင့် ရေနွေးကြမ်းတစ်ခွက် သောက်လိုက်လေသည်။

တင်းကူးည်က...

"ဒေါ်လေး သည်အစ်ကိုလေးကို ကျွန်မတို့ ရှိသေသေ ဆက်ဆံရမှာ၊ သူဟာ သိုင်းလောက မဟာမိတ်အဖွဲ့ခေါင်းဆောင် ဖန်းဟုရဲ့သားပါပဲ"

ဟု ပြောရာ ဒေါ်လေးဝမ်း အံ့သြဝမ်းသာသွားလေသည်။

"မဟာမိတ်အဖွဲ့ခေါင်းဆောင်ကြီးဖန်းဟုဟာ သိုင်းလောကအကျိုး သာမက ဒုက္ခရောက်နေတဲ့ အရပ်သူ အရပ်သားတွေကိုပါ အကူအညီပေးနေတဲ့ ကျေးဇူးရှင်ကြီးတစ်ယောက်ပါ၊ သူ့ကို ကျုပ်တို့ အားလုံး သိထားကြတာပေါ့"

ဖန်းယီသည် အများအကျိုး ဆောင်ရွက်နေသည့် ဖခင်ကြီးနှင့် မဟာမိတ်အဖွဲ့ကြီးအတွက် ဂုဏ်ယူမိလေသည်။

ဒေါ်လေးဝမ်းက...

"တင်းကူးည်၊ ညည်းကံကောင်းတာပဲ၊ ခေါင်းဆောင်ကြီးရဲ့သားနဲ့ လက်ထပ်လိုက်ယင် ညည်းဘဝတစ်လျှောက်လုံး မတောင့်မတ မကြောင့်မကြ နေနိုင်ပြီပေါ့"

တင်းကူးည် ပြုံးလိုက်သည်။

"ဟုတ်တယ် ဒေါ်လေး၊ ကျွန်မလည်း သည်လိုပဲ စဉ်းစားမိပါတယ်ရှင့်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးဝမ်းက ဖန်းယီကို လှမ်းပြော၏။

"သခင်လေးက ကျူပ်တူမလေးကို လက်ထပ်ပြီး တစ်သက်လုံး စောင့်ရှောက်သွားပါလားရှင့်"

"ဗျာ"

မမျှော်လင့်သော စကားကြားလိုက်ရသဖြင့် ဖန်းယီ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ဒေါ်လေးဝမ်းက...

"ကျူပ်တူမလေးကို လက်ထပ်မယ် မဟုတ်လားဟင်"

"ဟာ မဖြစ်နိုင်တာ"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ကျူပ်တူမက ငယ်လည်းငယ်တယ်၊ ချောလည်းချောတယ်၊ သူ့ကို လက်ထပ်လိုက်ပါ"

ဒေါ်လေးဝမ်း၏စကားကြောင့် ဖန်းယီ ဒေါသထွက်သွားလေတော့သည်။

"ကျွန်တော်က စေတနာနဲ့ ကူညီခဲ့တာပါဗျာ၊ ကျွန်တော့်ကို ဒုက္ခမပေးချင်ပါနဲ့"

ဒေါ်လေးဝမ်း ခေါင်းခါယမ်းလိုက်သည်။

"မရဘူး၊ ငါ့တူမကို မင်းလက်ထပ်ရမယ်၊ ဒါမှမဟုတ်ယင် ငါတို့အိမ်ထဲဝင်ပြီး စော်ကားတယ်လို့ ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းလိုက်မယ်"

"ဗျာ"

"ပတ်ဝန်းကျင်က လူတွေ ရောက်လာယင် မင်းဒုက္ခရောက်



သွားမှာပဲ"

ဖန်းယီသည် ဒေါ်လေးဝမ်းနှင့် တင်းကူးညဲ့တို့၏ လုပ်ရပ်ကို နားမလည်နိုင်အောင် ဖြစ်နေပါတော့သည်။

"ကျူပ်က ခင်ဗျားတို့ကို ကူညီခဲ့တယ်၊ ကျူပ်ကို ဘာကြောင့် ဒုက္ခပေးချင်တာလဲဗျာ"

ဒေါ်လေးဝမ်း ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်လေသည်။

"ဘာကြောင့်လဲဆိုတော့ မင်းဟာ မဟာမိတ်အဖွဲ့ခေါင်းဆောင်ဖန်းဟုရဲ့သား ဖြစ်နေလို့ပေါ့"

"ဘာဆိုင်လို့လဲဗျ"

ဒေါ်လေးဝမ်း လက်ကာပြလိုက်လေသည်။

"ကဲ အပိုတွေ ပြောမနေနဲ့တော့၊ ငါ့တူမကို လက်ထပ်မလား၊ ဒါမှမဟုတ် ဒုက္ခရောက်ချင်သလား၊ ကြိုက်တဲ့လမ်း ရွေးပေတော့"

ဖန်းယီက ဘာမှမပြောဘဲ ထိုင်ရာမှ ထလိုက်လေသည်။

ဒေါ်လေးဝမ်းက တင်းကူးညဲ့ကို လှမ်းပြောလိုက်ရလေသည်။

"ကဲ တို့တူဝရီးနှစ်ယောက်ကို အိမ်ထဲဝင်ပြီး စော်ကားနေပါတယ်လို့ အော်လိုက်ပေတော့"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

သူတို့နှစ်ယောက် ပြောဆိုနေကြသော စကားများကြောင့် ဖန်းယီ ခြေလှမ်းရပ်သွားလေသည်။

ထိုစဉ်...

www.burmeseclassic.com

www.burmeseclassic.com



"ခဏနေပါဦးဗျာ"

စကားသံနှင့်အတူ လူတစ်ယောက်က အိမ်ထဲ လှမ်းဝင်လာလေသည်။

ထိုလူသည် အနက်ရောင်အဝတ်အစားများ ဝတ်ထားပြီး သူ၏မျက်နှာသည် သွေးရောင်ကင်းမဲ့ကာ ဖြူဆွတ်နေသဖြင့် ဖန်းယီဝင် ရင်ထိတ်သွားလေသည်။

ဒေါ်လေးဝမ်းက...

"မင်းက..."

"ခင်ဗျားတို့ ကိစ္စကို ကျုပ်ဖြေရှင်းပေးပါရစေ"

"သိပ်ကောင်းတာပေါ့"

ထိုလူ၏စကားကို ဒေါ်လေးဝမ်း သဘောတူလိုက်လေသည်။

ထိုလူသည် ဖန်းယီ အနီးမှ ဖြတ်ကာ ဒေါ်လေးဝမ်းတို့ထံသို့ လှမ်းသွားလိုက်သည်။

"ကဲ ဘယ်လို ဖြစ်တယ်ဆိုတာ ကျုပ်ကို အယင်ဆုံး ပြောပါဦး"

ဒေါ်လေးဝမ်းက...

"အဖြစ်အပျက်ကတော့ ကျုပ်တူမဟာ..."

သူမ၏စကားဆုံးအောင် မပြောလိုက်ရပါ။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာပြီး ပြင်းထန်သော ဓားချက်က သူမ၏ခန္ဓာကိုယ်ပေါ် ကျရောက်သွားခြင်းကြောင့် ဖြစ်လေသည်။



"အား"

ဒေါ်လေးဝမ်း စူးရှစွာ အော်ဟစ်ယင်း ကြမ်းပြင်ပေါ် ပုံလျက်သား လဲကျသွားတော့သည်။

"ဟင်...ရှင်...ရှင်"

တင်းကူးညည် ထိတ်လန့်သွားလေသည်။

ထိုလူသည် စကားတစ်လုံးမှ မပြောဘဲ ဓားဝှေ့ယမ်းလိုက်သည်။

ထိတ်လန့်နေသော တင်းကူးညည်က ထွက်ပြေးဖို့ ကြိုးစားလိုက်ပါသော်လည်း နောက်ကျသွားပြီ ဖြစ်ပါသည်။

"အမယ်လေး"

တင်းကူးညည်လည်း ကြမ်းပြင်ပေါ် ဝုန်းခနဲ လဲကျသွားတော့သည်။

အနက်ရောင်ဝတ်ထားသူက ဖန်းယီဘက်သို့ လှည့်ကာ ပြုံးပြလိုက်လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



တင်းကူးညံနှင့် ဒေါ်လေးဝမ်းတို့ တူဝရီးနှစ်ယောက်မှာ သွေးအိုင်ထဲ လဲကျသေဆုံးနေကြလေသည်။

ဖန်းယီသည် မမျှော်လင့်သော အဖြစ်အပျက်ကြောင့် မည်သို့ ပြောရမှန်းမသိ ပါးစပ်အဟောင်းသား ဖြစ်နေတော့သည်။

အနက်ရောင်ဝတ်ထားသူက ပြုံးပြသည်။

"ခုတော့ ဘာမှပူစရာ မလိုတော့ဘူးဗျ"

သူ၏စကားသံကြားမှ ဖန်းယီ သတိဝင်လာလေသည်။

အနက်ရောင်ဝတ်ထားသူအား မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

"ခင်...ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ ရက်စက်လှချည်လားဗျာ"

ထိုလူက...

"ဗျာ၊ ကျုပ်က မင်းရဲ့ အခက်အခဲကိုလည်း ကူညီရသေးတယ်၊ ကျုပ်ကို ကျေးဇူးမတင်တဲ့အပြင် အပြစ်တင်နေသေးပါလား"

"ခင်ဗျားမှာ ဘယ်လို အကြံအစည် ရှိနေသလဲ ပြောပါ"

ဖန်းယီက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်သည်။

ထိုအချိန်မှာပင်...

"ဘာဖြစ်တာလဲဟေ့"

"အိမ်ထဲက အော်သံတွေ ကြားတယ်"

အပြင်ဘက်မှ စကားသံများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



တင်းကူးညံနှင့် ဒေါ်လေးဝမ်းတို့၏ အော်ဟစ်သံများကြောင့် အိမ်နီးပါးချင်းများ စုရုံးရောက်ရှိလာကြခြင်း ဖြစ်လေသည်။

အနက်ရောင်ဝတ်ထားသူက...

"လူတွေ ရောက်လာယင် ရှုပ်ထွေးကုန်လိမ့်မယ်၊ ကျုပ်တော့ သွားပြီဗျို့"

စကားဆုံးလျှင် ပြတင်းပေါက်မှတဆင့် အပြင်ဘက် ခုန်ထွက်သွားလေသည်။

ဖန်းယီက အဖြစ်မှန်ကို ဖြေရှင်းလိုပါသည်။

သို့သော် သူ၏စကားကို မည်သူကမှ လက်ခံကြမည် မဟုတ်ဘဲ လူသတ်သမားအဖြစ် စွပ်စွဲကြမည်သာ ဖြစ်ကြောင်း ဆင်ခြင်မိသဖြင့် မတတ်သာတော့ဘဲ ပြတင်းပေါက်မှတဆင့် အပြင်ဘက် ခုန်ထွက်လိုက်ရလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးဝမ်းနှင့် တင်းကူးညီတို့ အသတ်ခံလိုက်ရသည့် အိမ်နှင့် ဝဇီသက်ပြီး ဖန်းယီ မကျေမနပ် ဖြစ်နေမိလေသည်။

"ဒါဟာ သွေးရိုးသားရိုး ကိစ္စတစ်ခု မဟုတ်နိုင်ဘူး"

မြို့ထဲ၌ မယောင်မလည် လျှောက်သွားနေပြီးမှ အခြေအနေ စုံစမ်းရန် လူစည်ကားနေသော စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်လေသည်။

လွတ်နေသော စားပွဲတစ်လုံး၌ နေရာယူကာ စားစရာများ မှာကြားလိုက်စဉ်မှာပင် ဆိုင်ထဲ၌ ပြောဆိုနေကြသော စကားသံများက သူ၏နားထဲသို့ တိုးဝင်လာလေတော့သည်။

"ဒေါ်လေးဝမ်းတို့ တူဝရီးကို ဒုက္ခပေးသွားတဲ့လူတော့ ဒုက္ခ ရောက်တော့မယ်"

"ဘာကြောင့်လဲဗျ"

"ဒေါ်လေးဝမ်းက ဒဏ်ရာရခဲ့ပေမယ့် မသေသေးဘူး။ အိမ်နီးပါးချင်းတွေ ရောက်သွားတော့ သူတို့ကို ဒုက္ခပေးသွားတဲ့လူဟာ သိုင်းလောက မဟာမိတ်အဖွဲ့ ခေါင်းဆောင်ကြီး ဖန်းဟုရဲ့သား ဖန်းယီ ဖြစ်တယ်လို့ ပြောသွားတယ်"

ဖန်းယီ ခေါင်းနပန်း ကြီးသွားလေသည်။

ဒေါ်လေးဝမ်း၏စကားကြောင့် အားလုံးက သူ့အား လူသတ်သမားဟု အထင်မှားသွားကြတော့မည် ဖြစ်လေသည်။

သူ၏သတင်းကို ဖခင်ကြီးနှင့် သိုင်းလောကသားများ ကြားသိသွားကြမည်ဆိုပါလျှင်...



"သည်မြို့လေးမှာ ဆက်နေလို့ မဖြစ်တော့ဘူး"

ဖန်းယီလည်း ထိုင်ရာမှ ထကာ ဆိုင်အပြင်ဘက်သို့ ခပ်သုတ်သုတ် ထွက်သွားတော့သည်။

မှာကြားထားသော ဟင်းလျာများအား ယူဆောင်လာသည့် ဆိုင်လုလင် ရောက်လာသောအခါ ဖန်းယီကို မတွေ့ရတော့သဖြင့် ယောင်ချာချာ ဖြစ်သွားရလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



## တဆင့်ပြီးတဆင့်

ဖန်းယီသည် မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရသော ကိစ္စကြောင့် အလွန်စိတ်ပျက်နေလေသည်။

"ဒေါ်လေးဝမ်းနဲ့ တင်းကူးညံဟာ မရိုးသားဘူး၊ သူတို့က ငါ့ကို ဒုက္ခပေးဖို့ ကြိုတင်ကြံစည်ထားကြသလိုပဲ၊ အနက်ရောင်ဝတ်ထားတဲ့လူကကော ဘယ်သူလဲ"

ဖန်းယီသည် အနက်ရောင်ဝတ်ထားသူအား လိုက်လံရှာဖွေကာ အဖြစ်မှန် ဖော်ထုတ်ရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော်...

ထိုလူမှာ မည်သူမည်ဝါ ဖြစ်ကြောင်း မသိရသလို မည်သည့်နေရာ ရောက်ရှိသွားကြောင်းလည်း မသိရသဖြင့် အခက်ကြုံနေပါတော့သည်။



"သည်လူကို ရှာဖို့ဆိုတာ ကောက်ရိုးပုံထဲ ကျပျောက်တဲ့အပ်ကို ရှာရတာကမှ လွယ်ဦးမယ်"

ဖန်းယီက ဝံပုလွေဆိုသူကို သတိရလိုက်ပြန်သည်။

"ဟုတ်ပြီ၊ ဝံပုလွေကို လိုက်ရှာရမယ်၊ သူလည်း တင်းကူးညံနဲ့ ပတ်သက်နေမှာ သေချာတယ်"

အနက်ရောင်ဝတ်ထားသူအား လိုက်ရှာခြင်းထက် ဝံပုလွေကို လိုက်ရှာခြင်းက ပို၍ လွယ်ကူမည်ဟု ယုံကြည်မိလေသည်။

မည်သို့ဆိုစေ...

နောက်ဆုံးတွင် ဝံပုလွေကိုလည်း လိုက်ရှာဖို့ စိတ်မကူးတော့ပါချေ။

"ဒေါ်လေးဝမ်းနဲ့ တင်းကူးညံကိုတောင် ချမ်းသာမပေးယင် ဝံပုလွေကိုလည်း ချမ်းသာပေးမှာ မဟုတ်တာ သေချာတယ်"

ယခု ဖြစ်ပျက်ခဲ့သော ကိစ္စတွင် အနက်ရောင်ဝတ်ထားသူမှာ အရေးအပါဆုံး ဖြစ်လေသည်။

ထိုလူက ဝံပုလွေ၊ တင်းကူးညံနှင့် ဒေါ်လေးဝမ်းတို့အား အသုံးချပြီး သူ့ဒုက္ခရောက်အောင် ကြံစည်ခဲ့ခြင်း ဖြစ်ပေသည်။

သူ၏အကြံအစည် အထမြောက်သွားသည်နှင့် တင်းကူးညံတို့အား နှုတ်ပိတ်ကာ ခြေရာပျောက်သွားခဲ့သည် မဟုတ်ပါလား။

"သူတို့က ဘာကြောင့် ငါ့ကို ဒုက္ခရောက်စေချင်ကြတာလဲ"

ဖန်းယီသည် တစ်စုံတစ်ယောက် သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက သူ့အား ဒုက္ခရောက်အောင် ကြံစည်နေပြီဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း နားလည်သဘောပေါက်လာလေသည်။

သိုင်းလောကအား လွှမ်းမိုးလိုသူတစ်ယောက် ပေါ်ပေါက်လာချေသည်ဆိုလျှင် ထိုလူသည် သူ့အတွက် အဟန့်အတား ဖြစ်သည့် သိုင်းလောက မဟာမိတ်အဖွဲ့ကြီးကို ဦးဆုံး တိုက်ခိုက်ချေမှုန်းရလိမ့်မည် ဖြစ်လေသည်။

ဖန်းယီ၏ဖခင် ဖန်းဟုသည် မဟာမိတ်အဖွဲ့ခေါင်းဆောင် ဖြစ်သည်။

ဖန်းယီအား ဒုက္ခပေးခြင်းဖြင့် ဖန်းဟုကို အနှောင့်အယှက် ပေးနိုင်သည် မဟုတ်ပါလား။

ဖန်းယီက ထိုသို့ပင် တွေးလိုက်မိလေတော့သည်။

"သူတို့ဟာ ငါ့ဒုက္ခရောက်အောင် လုပ်နေတာ၊ ဖေဖေ့ကို အနှောင့်အယှက်ပေးချင်လို့ပဲ ဖြစ်မယ်"

သိုင်းလောကထဲ လျှောက်သွားနေမည့်အစား အိမ်ပြန်ခြင်းက အကောင်းဆုံး ဖြစ်သည်ဟုလည်း နားလည်လိုက်၏။

ထို့ကြောင့် အိမ်ပြန်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

♣ ♣ ♣



ဖန်းယီက အိမ်ပြန်ရန် ဆုံးဖြတ်လိုက်ချိန်မှာပင် သူ့ထံသို့ ဦးတည်ကာ လျှောက်လှမ်းလာနေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ရိုလို ဖြစ်လေသည်။

ရိုလိုကို တွေ့လိုက်ရသဖြင့် ဖန်းယီ ဝမ်းသာသွားလေသည်။

"အစ်ကိုကြီးရိုလို"

လှမ်းပြီး နှုတ်ဆက်လိုက်သည်။

သူက ဝမ်းသာအားရ ဖြစ်နေသော်လည်း ရိုလိုကမူ ဝမ်းသာပုံ မပြချေ။

သူ၏မျက်နှာတွင် အပြုံးရိပ်များ မတွေ့ရသည့်အပြင် အေးတိအေးစက် ရှိနေ၏။

"ဖန်းယီ၊ မင်း ဘာတွေ လျှောက်လုပ်နေတာလဲ"

"ဗျာ"

"မင်းရဲ့ မကောင်းသတင်းတွေက သိုင်းလောကမှာ ပိုးလေးတကျော် ဖြစ်နေပြီကွ"

"ကျွန်..ကျွန်တော်.."

ဖန်းယီ မည်သို့ ပြောရမှန်းမသိ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေပါသည်။

ရိုလိုက...

"ဖန်းယီ၊ မင်းက ခေါင်းဆောင်ကြီးရဲ့ မျက်နှာကို မထောက်ထားဘဲ လူဆိုးဓားပြတွေနဲ့ ပေါင်းသင်းနေတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်တာဗျာ"

"မင်းက လမ်းဘေးပြဝံပုလွေနဲ့ တင်းကူးညံ့တို့ ဇနီးမောင်နှံနဲ့ ပတ်သက်ခဲ့တယ်၊ တင်းကူးညံ့ကို နိုင်ထက်စီးနင်း လုပ်ပြီး သတ်ပစ်လိုက်တယ်၊ မင်းဟာ စေ့စပ်ထားတဲ့ သတို့သမီးလောင်းပိုက်မူကို သစ္စာဖောက်ခဲ့တယ်"

"မဟုတ်ဘူး၊ ကျွန်တော် လူယုတ်မာတစ်ယောက် မဟုတ်ဘူးဗျ"

"အေး မင်းကသာ မဟုတ်ဘူး ပြောနေ၊ လူတွေအားလုံးက မင်းကို မုန်းတီးနေပြီ၊ ခေါင်းဆောင်ကြီးလည်း လူကြားထဲမှာ ဘယ်လို မျက်နှာပြရမှန်းတောင် မသိတော့ဘူးကွ"

ဖန်းယီ ရင်ကော့လိုက်သည်။

"သည်ကိစ္စတွေဟာ လူတစ်စုက ကျွန်တော် ဒုက္ခရောက်အောင် ထောင်ချောက်ဆင်ခဲ့တာပါ၊ ဖေဖေနဲ့ တွေ့ပြီး အကျိုးအကြောင်း ရှင်းပြချင်ပါတယ်"

ရိုလို ခေါင်းခါယမ်းလိုက်လေသည်။

"ခေါင်းဆောင်ကြီးက မင်းရဲ့ကိစ္စကို မေးမြန်းစုံစမ်းလာတဲ့ သိုင်းလောကသားတွေကို ဖြေရှင်းနေရတာနဲ့ မအားမလပ်နိုင်အောင် ဖြစ်နေတယ်၊ မင်းကို တွေ့နိုင်ဦးမှာ မဟုတ်ဘူး၊ မင်း အိမ်ပြန်လာလို့လဲ ဖြစ်မှာ မဟုတ်ဘူးကွ"

"ကျွန်တော်…"

"မင်း အိမ်ပြန်လာယင် ဘယ်လောက် အခြေအနေ ဆိုးဝါး



သွားမယ်ဆိုတာ စဉ်းစားကြည့်ပေါ့"

ဖန်းယီ ထိတ်လန့်သွားလေသည်။

အပျက်ပျက်နှင့် နာခေါင်းသွေးထွက်ရမည့်ကိန်း ဆိုက်နေပြီ ဖြစ်လေသည်။

"ကျွန်…ကျွန်တော် ဘာလုပ်ရမလဲ"

လွှတ်ခနဲ မေးလိုက်မိလေသည်။ ရိုလိုက…

"မင်းက ဆရာကျိုးဆီမှာ ခဏသွားပြီး ရှောင်နေပါ၊ မင်းကို ခေါင်းဆောင်ကြီးက လာတွေ့လိမ့်မယ်"

ဆရာကျိုးမှာ ဖန်းယီအား စာပေပညာသင်ကြားပေးခဲ့သည့် ဆရာတစ်ယောက် ဖြစ်လေသည်။

ထိုက်စန်းနယ်တွင် တစ်ယောက်ထဲ နေထိုင်သူ ဖြစ်သည်။

"ဖေဖေက သည်လို မှာလိုက်တယ် ဟုတ်လား"

"အေး ဆရာကျိုးဆီကို မင်းသွားရမယ်"

"ဟုတ်ကဲ့၊ ကျွန်တော်သွားပါ့မယ်၊ ဖေဖေ့ကိုသာ ဖြစ်နိုင်ယင် မြန်မြန်လာခဲ့ပါလို့ ပြောပေးပါနော်"

"အေး မင်းလည်း မြန်မြန်သွားပေတော့"

"ဟုတ်ကဲ့"

ထို့နောက် ဖန်းယီနှင့် ရိုလိုတို့ လူချင်း ခွဲလိုက်ကြလေသည်။

ဖန်းယီက ထိုက်စန်းနယ်သို့ ဦးတည်သွားလိုက်လေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ထိုက်စန်းနယ်...

ထိုက်စန်းနယ်မှာ အလွန်သာယာလှပသော နယ်မြေကြီး တစ်ခု ဖြစ်လေသည်။

ဆရာကျိုးသည် လူသူ မနီးသော တောင်ကုန်းတစ်ခု၌ တစ်ကိုယ်တည်း နေထိုင်ပြီး စာပေကျမ်းဂန်များ ပြုစုနေသည့် စာပေပညာရှင်တစ်ဦး ဖြစ်လေသည်။

သိုင်းလောကသားများနှင့် ရင်းနှီးမှုရှိပြီး အကူအညီ တောင်းခံလာပါက စာပေပညာ သင်ကြားပေးလေ့ရှိသူ ဖြစ်သည်။

ဖန်းဟုက အကူအညီ တောင်းခဲ့၍လည်း ဖန်းယီအား စာပေပညာ သင်ကြားပေးခဲ့ခြင်း ဖြစ်လေသည်။

ဖန်းယီသည် ဆရာကျိုး နေထိုင်သည့် တောင်ကုန်းလေးပေါ်သို့ ရောက်လာသောအခါ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ဆရာကျိုး၏အိမ်ကလေး၌လည်း လူရိပ်လူရောင် မတွေ့ရပါချေ။

ဖန်းယီက အိမ်ကလေးဆီသို့ လှမ်းသွားလိုက်လေသည်။

"ဆရာကျိုး...ဆရာကျိုး"

တကျော်ကျော် ခေါ်လိုက်သော်လည်း တုန့်ပြန်သံ မကြားရပါချေ။

ဖန်းယီ မျက်မှောင်ကုပ်သွားလေသည်။

"ဆရာကျိုးက ဘယ်မှ သွားတတ်တာ မဟုတ်ဘူး၊ အိမ်မှာ



ပဲ တချိန်လုံး နေနေတတ်တာ"

ထိုအချိန်မှာပင် ညည်းတွားသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

"ဟင်"

ဖန်းယီ ရင်ထိတ်သွားသည်။

တံခါးတွန်းဖွင့်ကာ အိမ်ထဲ ပြေးဝင်လိုက်လေသည်။

အိမ်ထဲ ရောက်သွားသည်နှင့် သွေးအိုင်ထဲ လဲကျနေသော ဆရာကျိုးအား တွေ့လိုက်ရလေတော့သည်။

"ဆရာ"

ဖန်းယီ ကပျာကယာ ပြေးသွားပြီး ဖေးမပွေ့ထူလိုက်မိလေသည်။

ဆရာကျိုး၏ရင်ဝ၌ ဓားမြှောင်တစ်ချောင်း စိုက်ဝင်နေ၏။

ဆရာကျိုး သေဆုံးသွားခြင်း မရှိသေးပါချေ။

ဖန်းယီကိုလည်း မှတ်မိနေသည်။

"ဖန်းယီ၊ မင်း...မင်း"

"ဆရာကျိုး ဘယ်လို ဖြစ်ရတာလဲဗျာ"

"မင်း...မင်း ရောက်မလာခင်လေးမှာပဲ၊ လူတစ်ယောက် ငါ့ဆီကို ရောက်လာ..."

"ဘယ်သူလဲ"

"ရှိ..."

ဆရာကျိုး စကားဆုံးအောင် မပြောနိုင်တော့ဘဲ ခေါင်းငိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုက်ကျကာ သေဆုံးသွားတော့သည်။

"ဆရာကျိုး...ဆရာကျိုး၊ ဟာ မဖြစ်သေးပါဘူး၊ သမားတော်ဆီကို ခေါ်သွားမှပဲ"

ဖန်းယီ ဗျာများသွားလေသည်။

ဆရာကျိုးအား အသက်ကယ်တင်နိုင်လိုနိုင်ငြား သမားတော်ဆီ ခေါ်သွားရန် ဆုံးဖြတ်လိုက်သကဲ့သို့ ယောင်ယမ်းပြီး ဆရာကျိုး၏ရင်ဝ၌ စိုက်ဝင်နေသော ဓားမြှောင်ကို ဆွဲနုတ်လိုက်လေသည်။

သူ၏လက်ထဲ ဓားမြှောင် ရောက်ရှိလာသလို ဆရာကျိုး၏ သွေးများကလည်း သူ၏တစ်ကိုယ်လုံး ပေကျံနေပြီ ဖြစ်လေသည်။

ရုတ်တရက် ကျယ်လောင်သော ခြေသံများ ထွက်ပေါ်လာကာ လူတစ်စု ပြေးလွှားရောက်ရှိလာကြလေတော့သည်။

♣ ♣ ♣

ဖန်းဟု၊ ရိလို၊ မင်းဖုန်းနှင့် မဟာမိတ်အဖွဲ့၌ တာဝန်ထမ်းဆောင်နေကြသော သိုင်းလောကသားများ ရောက်ရှိလာကြခြင်း ဖြစ်လေသည်။

"ဖန်းယီ၊ မင်း ဘာယ်လိုလုပ်လိုက်တာလဲ"

ဖန်းဟုက ဒေါသတကြီး အော်ငေါက်လိုက်လေသည်။

"မဟုတ်ဘူး ဖေဖေ၊ ဆရာကျိုးကို တစ်ယောက်ယောက်က သတ်သွားတာ"



"တောက် သည်လောက် လက်ပူးလက်ကြပ်မိနေတာတောင် မင်းက ငြင်းချင်သေးသလား"

"ဗျာ"

"ဖန်းယီ၊ မင်းက မိဘ မျက်နှာကို မထောက်ထားဘဲ ဆင်ရာစိုင်းခဲ့တာကြောင့် မင်းကို ဘာယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်တော့ဘူး"

"ဖေဖေ"

ဖန်းဟုက ရိလိုကို ပြောလိုက်သည်။

"ရိလို၊ သူ့ကို ဖမ်းဆီးလိုက်ပါ၊ ခုခံယင် တခါတည်းသာ သတ်ပစ်လိုက်"

"ကောင်းပါပြီ၊ ခေါင်းဆောင်ကြီး"

ရိလိုက ရှေ့သို့ လှမ်းထွက်လာလေသည်။

ဖန်းယီ မကျေမနပ် ဖြစ်သွားသည်။

"ဖေဖေ အဖြစ်မှန်ကို ကျွန်တော့်ကို ဖြေရှင်းခွင့် မပေးတော့ဘူးလားဗျာ"

"မင်းလို ဘာယ်သူ့မျက်နှာကိုမှ မထောက်ထားတဲ့ လူယုတ်မာကို ငါက သားတစ်ယောက်လို့ မသတ်မှတ်နိုင်တော့ဘူးကွ၊ မင်းရဲ့ လုပ်ရပ်တွေဟာ သေဒဏ်နဲ့ ထိုက်တန်နေပြီ၊ ငါက မျက်နှာမလိုက်ဘူး၊ ကျောသားရင်သား မခွဲခြားဘူး၊ ပြတ်ပြတ်သားသား အရေးယူရမှာပဲ"

ဖန်းယီ မယုံနိုင်အောင် ဖြစ်နေသည်။

ဖခင်ကြီးမှာ တကြိမ်တခါမှ မတွေ့ဖူး၊ မမြင်ဖူးသည့် လူ

www.burmeseclassic.com

www.burmeseclassic.com



စိမ်းတစ်ယောက်ပမာ ရှိနေသည် မဟုတ်ပါလား။

ထို့အတူ ရိုလိုနှင့် မင်းဖုန်းတို့ကလည်း သူ့ဘက်မှ ဖေးမ ပြောဆိုခြင်း မပြုကြသည့်အပြင် သူ့အပေါ် ရက်စက်ကြမ်းကြုတ် ချေ့အသွင် ရှိနေကြပါတော့သည်။

"ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ၊ ငါ့အပေါ်မှာ အကြင်နာ တရား မရှိကြတော့ပါလား၊ ငါ့ကို သူစိမ်းတစ်ယောက်လို ဆက်ဆံနေ ကြပါလား"

သူတွေးတောနေစဉ်မှာပင် ရိုလိုနှင့် မင်းဖုန်းတို့က ဝဲယာ တစ်ဘက်တစ်ချက်မှ ချဉ်းကပ်လာကြပြီး လျှပ်တပြက် တိုက်ခိုက် လိုက်ကြလေသည်။

"မလုပ်ပါနဲ့"

ဖန်းယီ တောင်းပန်လိုက်သော်လည်း ရိုလိုတို့က အမှုမထား ဘဲ ဆက်လက်တိုက်ခိုက်လိုက်ကြလေသည်။

"ဝုန်း"

ဖန်းယီ အဝေးသို့ လွင့်စင်သွားလေတော့သည်။

ဖန်းဟုက...

"သည်ကောင့်ကို တစ်ခါထဲသာ သတ်ပစ်လိုက်"

ခပ်ပြတ်ပြတ်ပြောပြီး ချာခနဲလှည့်ကာ အိမ်ထဲမှ ထွက် သွားလေတော့သည်။

♣ ♣ ♣



ဖန်းဟုသည် ဖန်းယီကို မျက်နှာလွှဲ ခဲပစ်ထားကာ ထွက် သွားခဲ့ပြီ ဖြစ်လေသည်။

ရိုလိုနှင့် မင်းဖုန်းတို့ ဦးဆောင်သော သိုင်းသမားများက ဖန်းယီအား ဝိုင်းပြီး တိုက်ခိုက်လိုက်ကြလေသည်။

ဖန်းယီ မယုံနိုင်အောင် ဖြစ်နေ၏။

"ဖေဖေဟာ ခုလို အပြုအမူမျိုး တစ်ခါမှ မလုပ်ဖူးဘူး၊ ငါ့ကို ဖြေရှင်းခွင့်လေးတောင် မပေးတော့ဘဲ ရက်ရက်စက်စက် ဆုံးဖြတ်ခဲ့ တာပဲ"

ဖခင်ကြီး၏ အပြုအမူသည် မဟာမိတ်အဖွဲ့ခေါင်းဆောင် ကြီးတစ်ယောက်နှင့်မတူဘဲ လူဆိုးဓားပြတစ်ယောက်နှင့် တူနေ သည် မဟုတ်ပါလား။

ထို့အတူ...

ရိုလိုနှင့် မင်းဖုန်းတို့ နှစ်ယောက်သည်လည်း မဟာမိတ် အဖွဲ့မှ ထိပ်တန်းသိုင်းသမားများနှင့် မတူဘဲ လူဆိုးဓားပြများနှင့် တူနေသည်။

"တစ်ခုခုတော့ မှားနေပြီ"

ဖန်းယီ တွေးယင်း ထိတ်လန့်လာသည်။

သူကြုံတွေ့နေရသည့် အဖြစ်အပျက်များမှာ ပုံမှန် မဟုတ် ဟု တဖြည်းဖြည်း နားလည်လာလေသည်။

"အဖြစ်မှန် ပေါ်ပေါက်လာအောင် ငါဖြေရှင်းရမှာပဲ၊ သည် အတိုင်း ခေါင်းငုံ့ခံနေလို့ မဖြစ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီလည်း ရိုလိုတို့အား ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

ဖန်းယီ၏သိုင်းပညာ ခေသည် မဟုတ်ရကား...

"ဝုန်း...ဝုန်း"

"အား"

"အမယ်လေး"

ရိုလိုတို့လူစု ဖရိုဖရဲ ဖြစ်သွားကြတော့သည်။

ဖန်းယီက အခွင့်အရေးရသည်နှင့် ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ပြတင်းပေါက်မှတဆင့် အပြင်ဘက် ခုန်ထွက်ကာ ရှောင်တိမ်းထွက်ပြေးသွားလေတော့သည်။

♣ ♣ ♣



## မိတ်ဆွေ–ရန်သူ

စိမ်းလန်းသော တောအုပ်ကလေး ဖြစ်လေသည်။

ဖန်းယီသည် အသက်ဘေးမှ လွတ်အောင် ပြေးယင်း တောအုပ်ကလေးသို့ ရောက်ရှိလာလေသည်။

ဖန်းယီ မောပန်းပင်ပန်းနေပြီ ဖြစ်သည်။

အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

သစ်ပင်ကြီးကို ကျောမှီပြီး အမောဖြေယင်း ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို တွေးတောကာ မကျေမနပ် ဖြစ်နေပါတော့သည်။

"သူတို့ဟာ ငါ့ကို တကယ့် ရန်သူကြီးတစ်ယောက်လိုသဘောထားခဲ့ကြတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးဖန်းဟာ၊ ရိုလိုနှင့် မင်းဖုန်းတို့သည် သူ့အား တစက်ကလေးမှ အကြင်နာတရား မထားကြသည်ကို နားမလည်နိုင် အောင် ဖြစ်နေသည်။

"သူတို့က ငါ့ကို သူစိမ်းတစ်ယောက်လို သဘောထားခဲ့ကြတယ်၊ ငါ့အတွက်လည်း သူတို့ဟာ တစိမ်းတရံစာတွေလိုပါပဲလား"

ဖန်းယီ အံကြိတ်လိုက်သည်။

"သည်မှားယွင်းမှုတွေကို ငါဖော်ထုတ်ဖြေရှင်းသွားမယ်"

ဖန်းဟာ၊ ရိုလိုနှင့် မင်းဖုန်းတို့သည် သူသိထားသူများသူနှင့် ဝတ်သက်ရင်းနှီးခဲ့ကြသူများ မဟုတ်ဘဲ အခြားလူစိမ်းများက ပုံတူရုပ်ဖျက်ကာ အစားထိုး ဝင်နေသူများ ဖြစ်ရမည်ဟုလည်း ယူဆထားလိုက်သည်။

စံပလွှေနှင့် တင်းကူးညီတို့က သူ့အား ဒုက္ခပေးခဲ့ကြသည်ထက် ဖခင်ကြီးနှင့် ရိုလိုတို့၏ ရက်စက်မှုကို မခံမရပ်နိုင်အောင် ဖြစ်နေပါတော့သည်။

ဖန်းယီ ကျိတ်မနိုင် ခဲမရ ဖြစ်နေစဉ်မှာပင် တောအုပ်ထဲမှ တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

♣ ♣ ♣



ဖန်းယီ ထိတ်လန့်သွားသည်။

အဝေးသို့ ထွက်ပြေးသွားရန် ဟန်ပြင်ပြီးမှ...

"ဘယ်သူတွေများ တိုက်ခိုက်နေကြတာပါလိမ့်"

စိတ်ဝင်စားသွားပြီး တိုက်ခိုက်သံများ ထွက်ပေါ်လာရာသို့ လှမ်းသွားမိလိုက်လေသည်။

မကြာပါချေ။ မြေကွက်လပ်တစ်ခု၌ လူရွယ်တစ်ယောက်အား မိန်းကလေးသုံးယောက်က ဝိုင်းရံတိုက်ခိုက်နေကြသည်ကို တွေ့ရလေသည်။

လူရွယ်မှာ လက်နက်ပုန်း ကျေးရွာပိုင်ရှင် အဆိပ်ဘုရင် ဝူးစွမ်း၏သား ဝူးယို့ ဖြစ်ကြောင်း ဖန်းယီ မှတ်မိလိုက်လေသည်။

ဖန်းဟာက မဟာမိတ်အဖွဲ့ ခေါင်းဆောင် ဖြစ်လာသောအခါ လက်နက်ပုန်း ကျေးရွာကိုလည်း စည်းရုံးသိမ်းသွင်းခဲ့သဖြင့် အဆိပ်ဘုရင်ဝူးစွမ်းနှင့် မိတ်ဆွေများ ဖြစ်သွားကြလေသည်။

ဝူးစွမ်းက ဖန်းဟာ့ထံသို့ လာသည့်အခါ သားဖြစ်သူ ဝူးယို့ကို အဖော်ခေါ်လာတတ်ခြင်းကြောင့် နောက်ပိုင်းတွင် ဖန်းယီနှင့် ဝူးယို့တို့လည်း ခင်မင်ရင်းနှီးသွားခဲ့ကြလေသည်။

ဖန်းယီသည် ဝူးယို့ တိုက်ခိုက်ခံနေရသည်ကို မြင်လျှင် လက်ပိုက်ကြည့်မနေနိုင်ပါတော့ချေ။

"ရပ်လိုက်"

ဟန့်တားယင်း မြေကွက်လပ်သို့ ပြေးသွားလိုက်လေသည်။

"ဟင် ဖန်းယီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ၊ သူတို့က ဘယ်သူတွေလဲ၊ ဘာကြောင့် မိတ်ဆွေကို တိုက်ခိုက်နေကြရတာလဲဗျာ"

ဓူးယို့က...

"သူတို့ဟာ ကောင်းကင်ဂိုဏ်းက လာခဲ့ကြသူတွေပါဗျာ"

ထိုစကားကြားသည်နှင့် အဘယ်ကြောင့် တိုက်ခိုက်ကြသည်ကို ဖန်းယီ သဘောပေါက်လိုက်လေသည်။

ကောင်းကင်ဂိုဏ်းသည် အဆိပ်ကျေးရွာနှင့် ပြိုင်ဘက်မဟုတ်ပါလား။

ဖန်းယီက...

"ကောင်းကင်ဂိုဏ်းက မိန်းကလေးသုံးယောက် ဘိုင်းလောကထဲ ဆင်းလာကြတယ်ဆိုတဲ့သတင်း ကျုပ်ကြားမိပါတယ်၊ သူတို့ဟာ..."

သူ၏စကားမဆုံးမီ...

"ကိုယ်နဲ့ မဆိုင်ယင် ဝင်မရှုပ်နဲ့"

မိန်းကလေးတစ်ယောက်က အော်ပေါက်ကာ လက်ဝှေ့ယမ်းလိုက်လေသည်။

အဆိပ်မှုန့်များ လွင့်ပျံ့လာခြင်းကြောင့် ဖန်းယီ ကမျာကယာ နောက်ဆုတ်ရှောင်တိမ်းလိုက်ရလေသည်။

အရောင်မြန်သဖြင့် အဆိပ်မှုန့်များကို ရှူရှိုက်မိခြင်း မရှိသော်လည်း အဆိပ်မှုန့်အချို့က သူ၏ခန္ဓာကိုယ်ပေါ်၌ ရှိထားသော ဒဏ်ရာများတွင် စိမ့်ဝင်သွားလေတော့သည်။



ဖန်းယီ မကျေမနပ် ဖြစ်သွားလေသည်။

"မိန်းကလေး၊ မင်းတို့တာ လူကိုမြင်တာနဲ့သတ်ပစ်ဖို့လောက် စဉ်းစားနေတာ ရက်စက်လှချည်လား"

မိန်းကလေးက...

"ကျွန်မတို့ကို နှောင့်ယှက်ယင်တော့ ဘယ်သူ့ကိုမဆို သတ်ပစ်ရမှာပဲရှင့်"

"မင်း..."

"ရှင် သေချင်ပြီ ထင်တယ်"

မိန်းကလေးများက တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသောအခါ ဝူးယို့က ကြားဝင်ဟန့်တားလိုက်လေသည်။

"ညီမရွှေနှင်းဆီ၊ သူဟာ မဟာမိတ်အဖွဲ့ခေါင်းဆောင်ကြီး ဖန်းဟုရဲ့သား ဖြစ်သလို ကျုပ်ရဲ့ မိတ်ဆွေတစ်ယောက်ပါ၊ သူ့ကို မတိုက်ခိုက်ပါနဲ့လို့ ကျုပ်တောင်းပန်ချင်ပါတယ်"

ရွှေနှင်းဆီဆိုသောမိန်းကလေးက...

"ကောင်းပြီလေ၊ အစ်ကိုဝူးယို့ မျက်နှာကို ထောက်ထားပြီး ကျွန်မတို့ သည်းခံလိုက်မယ်၊ ကျွန်မပြောတာကို အစ်ကိုလည်း စဉ်းစားထားပါ"

သူမသည် ကျန်မိန်းကလေးနှစ်ယောက်ကို ခေါ်ကာ ထွက်သွားတော့သည်။

ဖန်းယီ အံ့ဩသွားသည်။

"သူတို့က ခင်ဗျားကို တိုက်ခိုက်ခဲ့ကြပြီး ခုတော့ ခင်ဗျားရဲ့

www.burmeseclassic.com

www.burmeseclassic.com



စကားကို ဘာကြောင့် နားထောင်ကြတာလဲဗျ"

ငူးယို့က...

"ခက်ပါတယ်ဗျာ၊ တကယ်တော့ ကျူပ်တို့ဟာ ပြိုင်ဘက်တွေပါ။ ဒါပေမယ့် ယှဉ်ပြိုင်ကြယင်း ကျူပ်နဲ့ ငွေနှင်းဆီဟာ မမျှော်လင့်ဘဲ မေတ္တာသက်ဝင်မိခဲ့ကြတယ်လေ၊ ဒါကြောင့်..."

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သလို ဖန်းယီကလည်း မမေးတော့ပါ။

ရုတ်တရက် ပြေးလွှားလာသော ခြေသံများ ထွက်ပေါ်လာလေသည်။

ဖန်းယီ မျက်နှာပျက်သွား၏။

သူ့အား လိုက်ရှာနေသူများ ရောက်လာကြပြီ ဖြစ်ကြောင်း နားလည်လိုက်လေသည်။

"ကျူပ်သွားတော့မယ်"

ဖန်းယီက ငူးယို့ကို နှုတ်ဆက်ကာ ပြေးလွှားသွားလေတော့သည်။

ငူးယို့က ယခုမှ ဖန်းယီ၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာဒဏ်ချက်များ ရှိထားသည်ကို သတိပြုမိလိုက်လေသည်။

"ဖန်းယီ၊ ခင်ဗျား ဘယ်လို ဖြစ်တာလဲ"

အော်မေးလိုက်သော်လည်း ဖန်းယီက အဝေးသို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

ငူးယို့ စိတ်ပျက်သွားလေသည်။



"ငွေနှင်းဆီ အသုံးပြုလိုက်တဲ့ အဆိပ်မှုန့်တစ်မျိုး သူ့ရဲ့ ဒဏ်ရာတွေထဲ စိမ့်ဝင်သွားပြီ၊ သူ ဂရုမစိုက်ယင်တော့ ဒုက္ခရောက်မှာ သေချာတယ်"

ဟုညည်းတွားလိုက်လေတော့သည်။

♣ ♣ ♣

ငူးယို့ စိတ်ပူသည့်အတိုင်း ဖြစ်ပျက်လာလေသည်။

ဖန်းယီသည် သူ့နောက်သို့ လိုက်လာသော သိုင်းသမားများနှင့် ရင်ဆိုင်ခဲ့ရလေသည်။

ပြင်းထန်သော တိုက်ပွဲများ ဆင်နွှဲနေရသဖြင့် အဆိပ်မိခဲ့သည်ကို အမှုမဲ့ အမှတ်မဲ့ ဖြစ်သွားလေသည်။

တိုက်ပွဲများ၌ ဒဏ်ရာများ ထပ်မံရရှိခဲ့သလို အဆိပ်အာနိသင် ထကြွလာလေသောအခါ...

နောက်ဆုံး ငူးယို့ သေဆုံးသွားခဲ့လေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



## ဆိုးမလမ်းညွှန်

နေမွန်းတည့်တော့မည် ဖြစ်သည်။

ဖန်းယီက ကျောက်ဂူကြီးအတွင်း၌ လှဲလျောင်းနေဆဲ။

ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်လည်တွေးတောစဉ်းစားယင်း ခံပြင်းနေမိလေသည်။

"ငါ ထောင်ချောက်ထဲ ရောက်ခဲ့တာ သေချာတယ်၊ ကံကောင်းထောက်မပြီး အသက်ချမ်းသာရခဲ့တာပဲ"

တီးတိုးရေရွတ်လိုက်လေသည်။

"ဟုတ်တယ်၊ တိုက်ပွဲမှာ မင်းလဲကျသွားတယ်၊ အားလုံးက မင်းသေသွားပြီ ထင်ပြီး သချိုင်းတစ်ခုမှာ မထင်မရှား မြှုပ်နှံပေးထားလိုက်ကြတာ"



စကားသံနှင့်အတူ အဘိုးအို ရောက်ရှိလာလေသည်။

ဖန်းယီ လူးလိမ့်ထလိုက်လေသည်။

အဘိုးအိုနှင့် လူချင်း နီးကပ်နေသော်လည်း သူ၏မျက်လုံးများက မှုန်ဝါးနေခြင်းကြောင့် အဘိုးအို၏ရုပ်သွင်ကို ကောင်းစွာ တွေ့မြင်ရခြင်း မရှိပါချေ။

အဘိုးအိုက...

"ဖန်းယာက မင်းကို ဘယ်လိုသဘောထားတယ် မသိဘူး၊ သူ့လူတွေက မင်းကို သုတ်သင်ရှင်းလင်းပစ်နိုင်ယင် လုံလောက်ပြီလို့ သဘောထားကြတာ သေချာတယ်၊ ဒါကြောင့် မင်းရဲ့အလောင်းကို သယ်ယူမသွားဘဲ နီးရာသင်္ချိုင်းမှာ မြှုပ်ပစ်ခဲ့ကြတာပေါ့"

ဖန်းယီက...

"ကျွန်တော့်အဖေသာဆိုယင် သည်လိုလုပ်မှာ မဟုတ်ဘူး၊ ဖေဖေဟာ ဘယ်ကိစ္စကိုမဆို ခေါင်းအေးအေးထား သေသေချာချာ စဉ်းစားတွေးခေါ်ပြီးမှ လုပ်ကိုင်ဆောင်ရွက်တတ်တာ၊ အခုတော့ လူဆိုးဓားပြတစ်ယောက်လို ဘာမှ ဖြေရှင်းခွင့်မပေးဘဲ တစ်ခါထဲ သတ်ပစ်ခိုင်းလိုက်တာ"

အဘိုးအို ပြုံးလိုက်သည်။

"လက်ရှိခေါင်းဆောင်ကြီးဖန်းဟုဟာ မင်းရဲ့အဖေ မဟုတ်ဘူး၊ တစ်ယောက်ယောက်က မင်းအဖေလို ရုပ်ဖျက်ထားတာလို့ မင်း ယူဆတာလား"

"သည်လိုပဲ ဖြစ်မှာပါ၊ ဘာကြောင့်လဲဆိုတော့ ရိုလိုနဲ့

www.burmeseclassic.com



မင်းဖုန်းတို့ကလည်း ကျွန်တော်နဲ့ ရင်းနှီးမှု လုံးဝမရှိသလိုပဲ၊ ညွှာတာ ထောက်ထားမှုလည်း မရှိကြဘူး၊ ကျွန်တော့်ကို သတ်ပစ်ဖို့လောက် အာရုံစိုက်နေကြတာ"

"သူတို့ကလည်း မင်းသိထားတဲ့ ရိုလိုနဲ့ မင်းဖုန်း မဟုတ်ဘဲ တစ်ယောက်ယောက်က အစားထိုး ဝင်နေကြတာလို့ ပြောချင်တာ လား"

"သည့်လိုပဲ ဖြစ်မှာပါ"

ဖန်းယီ မကျေမနပ် ဖြစ်နေဆဲ။

အဘိုးအိုက...

"သိုင်းလောကကို လွှမ်းမိုးနိုင်အောင် လူတစ်ယောက်က လျှို့ဝှက်ကြံစည်နေတယ်ဆိုတဲ့ သတင်းကိုကော မင်းကြားမိသလား"

ဖန်းယီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ကြားမိပါတယ်"

ယခု သိုင်းလောက၌ ကြီးမားသော အန္တရာယ်ဆိုးကြီး ကျ ရောက်လာတော့မည် ဖြစ်ကြောင်း ဖန်းယီ တစ်စထက်တစ်စ နားလည် သဘောပေါက်လာပြီ ဖြစ်လေသည်။

သိုင်းလောကအား လွှမ်းမိုးရန် လူတစ်ယောက်ထဲဖြင့် မည် သည့်နည်းနှင့်မျှ ကြိုးစား၍ မရနိုင်ဟု ယုံကြည်ခဲ့သည်။

ယခုတော့ အလွန်ဉာဏ်ကောင်းသူတစ်ယောက်က သိုင်း လောကတစ်ခုလုံးအား လွှမ်းမိုးနိုင်ကြောင်း နားလည်သဘောပေါက် လာပြီ ဖြစ်လေသည်။



ထိုလူသည် သိုင်းလောက၌ အရေးပါသူများအား နည်း လမ်းအမျိုးမျိုး အသုံးပြုကာ ဒုက္ခပေးပြီးနောက် ထိုလူ၏အသွင် ရုပ်ဖျက်ထားသူတစ်ယောက်အား အစားထိုးလိုက်ခြင်းဖြင့် အရေးပါ မှုကို လက်ဝယ်ရယူနိုင်မည် ဖြစ်သည်။

ရုပ်ဖျက်ထားသော ပုံတူကိုယ်ပွားများကို အတုနှင့် အစစ် လဲလှယ်အသုံးပြုခြင်းဖြင့် သိုင်းလောကတစ်ခုလုံး သူ၏ခြေဖဝါး အောက် ရောက်ရှိသွားလိမ့်မည် ဖြစ်လေသည်။

ဥပမာ ဂူတန်ဂိုဏ်းချုပ်အား ဖမ်းဆီးကာ သူ၏လူတစ် ယောက်အား ဂူတန်ဂိုဏ်းချုပ်အသွင် ရုပ်ဖျက်ပြီး အစားထိုးခြင်းဖြင့် ဂူတန်ဂိုဏ်းသည် ထိုလူ၏လက်တွင်း သက်ဆင်းသွားရမည်သာ ဖြစ် လေသည်။

အဘိုးအိုက...

"သည့်လူက မင်းအဖေကို ဒုက္ခပေးပြီး မင်းအဖေရဲ့ ရုပ်သွင် ရုပ်ဖျက်ထားတဲ့ သူ့ရဲ့လူတစ်ယောက်ကို မင်းအဖေရဲ့နေရာမှာ အစားထိုးလိုက်မယ်ဆိုယင်ကော၊ မင်း ဘယ်လိုသဘောရသလဲ"

ဖန်းယီ အံကြိတ်လိုက်သည်။

"သည့်လူရဲ့ မကောင်းမှုတွေကို ကျွန်တော်ဖော်ထုတ်သွား မှာပါ"

အဘိုးအို လက်ကာပြလိုက်သည်။

"သည်ကိစ္စဟာ အင်မတန် နက်နဲသိမ်မွေ့တယ် စိတ်လိုက် မာန်ပါ လုပ်လို့ မဖြစ်ဘူး၊ ခေါင်းအေးအေးထားပြီး စိတ်ရှည်ရှည်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရမှာ၊ ငါပြောတာကို မင်းနားလည်သဘောပေါက်တယ် မဟုတ်လား"

ဖန်းယီ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

သူ့အား အချိန်မီ သတိပေးလိုက်သည့် အဘိုးအိုကိုလည်း ကျေးဇူးတင်မိလေသည်။

ခေါင်းအေးအေးထား လုပ်ကိုင်ဆောင်ရွက်ဖို့ရာ ဝန်လေးသော အကြောင်းအရာ မဟုတ်ပါချေ။

ထိုအကျင့်မျိုးကို ဖခင်ကြီးထံမှ အမွေရထားပြီး မဟုတ်ပါလား။

ခံပြင်းစိတ်၊ ဒေါသစိတ်ကို ထိန်းချုပ်နိုင်လိုက်သည်နှင့် ဖန်းယီ၏ဦးခေါင်းထဲ ကြည်ကြည်လင်လင် ဖြစ်လာလေတော့သည်။

အဘိုးအိုက...

"မင်းဟာ တကယ့်ကို ဥာဏ်များပြီး ကြောက်စရာကောင်းတဲ့ လူတွေနဲ့ ရင်ဆိုင်နေရတယ်ဆိုတာကို ဘယ်တော့မှ မမေ့လေနဲ့၊ သိုင်းလောကဟာ ပြဿနာ ရှုပ်ထွေးလှန်းလှပါတယ်၊ မင်းက ဖြေရှင်းမယ်ဆိုယင် သိုင်းလောကထဲ ပြန်သွားရလိမ့်မယ်၊ သူတို့က ရုပ်ဖျက်ပြီး လျှို့ရှားကြတယ်ဆိုယင် မင်းက ရုပ်မဖျက်ဘဲ လျှို့ရှားပါ၊ နာမည်တောင် မပြောင်းလိုက်နဲ့"

ဖန်းယီ ပြုံးလိုက်မိလေတော့သည်။

"ကျွန်တော်ဟာ ဖန်းယီဆိုတဲ့အမည်နဲ့ပဲ သိုင်းလောကထဲမှာ လှုပ်ရှားရမှာပေါ့နော်၊ ကောင်းတယ်၊ သည်လို လှုပ်ရှားလိုက်ယင်



သူတို့ မျက်စိလည်သွားပြီး အခြေအနေ ရှုပ်ထွေးသွားမှာပဲ"

အဘိုးအိုက...

"ရန်သူကို မျက်စိလည်အောင် လုပ်နိုင်တာကပဲ တပန်းသာနေပြီပေါ့၊ သည်လို ဆောင်ရွက်ရမယ့်အပြင် မင်းရဲ့သိုင်းပညာ တိုးတက်လာအောင်လည်း စဉ်ဆက်မပြတ် ဂရုစိုက်သွားရလိမ့်မယ်"

"ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

အဘိုးအိုသည် လျှို့ဝှက်သူ၊ ထူးဆန်းသူ ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

"ခုဆိုယင် မင်းဟာ အသက်ဘေးက လွတ်မြောက်လာတဲ့အပြင် ဒဏ်ရာတွေ ပျောက်ကင်းသွားသလို သိုင်းပညာလည်း အသုံးပြုနိုင်တယ်၊ မင်း ဘယ်လောက် ကံကောင်းသလဲ"

"ဒါဟာ ဘဘရဲ့ ကျေးဇူးပါပဲ ခင်ဗျာ"

"အေး ငါ့ရဲ့ ကျေးဇူးဆိုတာထက် မင်းကံကောင်းတဲ့အတွက် မကောင်းကြံနေတဲ့ လူတွေ ကံဆိုးသွားချင်လို့ပေါ့ကွာ"

ဖန်းယီ သဘောကျကာ ပြုံးလိုက်မိလေသည်။

အဘိုးအိုက...

"ဝူကျိုဝိုဏ်းရဲ့ သိုင်းပညာဟာ အားလုံး ချီးကျူးရအောင် ထူးခြားထက်မြက်ပါပေတယ်၊ ဝူကျိုသိုင်းကိုပဲ တစိုက်မတ်မတ် ကျင့်စိုက်မယ်၊ အနှစ်သာရသိအောင် လုပ်မယ်ဆိုယင် မင်းအတွက် လုံလောက်နေမှာပါပဲ"

ယခုတစ်ကြိမ် အဘိုးအို၏စကားကို ကောင်းစွာ မရှင်းမလင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော်လည်း ဖန်းယီက မမေးဘဲ နေလိုက်လေသည်။

အဘိုးအိုက...

"မင်းအနားယူ အားမွေးပြီးတာနဲ့ သိုင်းလောကထဲ ပြန်သွားပေတော့"

ဟု စကားအဆုံးသတ်လိုက်လေတော့သည်။



## ခြေရာကောက်ခြင်း

မြို့စွန် လမ်းကြားကလေး အဆုံး၌ မီးအိမ်နီ ထွန်းညှိထားသည့် စားသောက်ဆိုင်လေးတစ်ဆိုင် ရှိလေသည်။

ထိုစားသောက်ဆိုင်လေးသည် နေ့ဘက်၌ မဖွင့်ဘဲ ညဘက်ရောက်မှသာ ဖွင့်လေ့ရှိသည်။

နေဝင်သွားချိန်မှ စ၍ ဖွင့်ပြီး နံနက်မိုးစင်စင်လင်းလျှင် ဆိုင်ပိတ်လိုက်လေသည်။

ညဘက် ညလုံးပေါက်ဖွင့်သော စားသောက်ဆိုင်လေး ဖြစ်ခြင်းကြောင့်လည်း ဒုစရိုက်သမားများ၊ အမှောင်လောကသားများ အဝင်အထွက်များသော ဆိုင်တစ်ဆိုင် ဖြစ်လာရလေတော့သည်။

ယနေ့ည...

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဖွင့်လိုက်ပြီး မရှေးမနှောင်းမှာပင် ခမောက်ဆောင်းထားသူတစ်ယောက် ဆိုင်ထဲသို့ ရောက်ရှိလာလေသည်။

ထိုလူက ဆိုင်တာဝန်ခံထံသို့ လှမ်းသွားလိုက်သည်။

ဆိုင်တာဝန်ခံကလည်း ခရီးဦးကြိုပြုလေသည်။

"မိတ်ဆွေလေးဟာ ကျုပ်ရဲ့ဆိုင်ကို ဒါ ပထမဦးဆုံးအကြိမ်ရောက်လာတာ မဟုတ်လားဗျာ၊ ကျုပ် ဘာများ ကူညီရမလဲ ပြောပါဗျာ"

ခမောက်ဆောင်းထားသူမှာ လူစိမ်းတစ်ယောက် ဖြစ်ကြောင်း၊ စားသောက်ရန် ရောက်လာခြင်း မဟုတ်ကြောင်း နားလည်နေလေတော့သည်။ ခမောက်ဆောင်းထားသူက...

"ကျုပ်က လူတစ်ယောက်ကို တွေ့ချင်လို့ လာခဲ့တာပါဗျာ"

"ဘယ်သူများလဲဗျာ"

"ဝံပုလွေ"

တာဝန်ခံ မျက်မှောင်ကုပ်သွားလေသည်။

ခမောက်ဆောင်းထားသူက ငွေတုံးကလေးတစ်တုံးကို တာဝန်ခံရှေ့၌ ချပေးလိုက်လေသည်။

"တောင်ပိုင်းလမ်း အိမ်အမှတ် ဆယ့်သုံး"

"ကျေးဇူးပဲ"

ခမောက်ဆောင်းထားသူ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

♣ ♣ ♣



တောင်ပိုင်းလမ်း...

အိမ်အမှတ် တစ်ဆယ့်သုံး...

ဆိုင်တာဝန်ခံ ပေးလိုက်သော လိပ်စာအတိုင်း ခမောက်ဆောင်းထားသူ ရောက်ရှိသွားပြီ ဖြစ်လေသည်။

ကြီးမားပြီး ဟောင်းနွမ်းယိုယွင်းနေသော အိမ်ကြီးတစ်လုံး ဖြစ်သည်။

တံခါးမကြီးနှင့် ပြတင်းတံခါးများ ပိတ်ထားပြီး လူရိပ်လူရောင် မတွေ့ရသလို အသံဗလံလည်း မကြားရပါချေ။

အိမ်ထဲ၌ လူသူ တစ်စုံတစ်ယောက်မှ ရှိမနေသည့်အလား။

သို့သော်...

ခမောက်ဆောင်းထားသူက စိတ်မပျက်ဘဲ အိမ်ရှေ့သို့ သွားကာ တံခါးခေါက်လိုက်လေသည်။

"ခေါက်...ခေါက်"

တံခါးခေါက်သံနှင့် မရှေးမနှောင်းမှာပင်...

"ကျွီ"

တံခါးမကြီး ပွင့်သွားလေသည်။

ခါးကုန်းအဘိုးအိုတစ်ယောက် ထွက်ပေါ်လာသည်။

ခါးကုန်းကြီးက ခမောက်ဆောင်းထားသူအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"ဘာကိစ္စလဲ"

ခမောက်ဆောင်းထားသူက...

www.burmeseclassic.com

www.burmeseclassic.com



"အကြွေးလာတောင်းတာ"

"ဘာကွ"

"ဝံပုလွေဆီမှာ ကျုပ်က အကြွေးရစရာရှိနေတယ်၊ ဒါကြောင့် လာခဲ့တာ"

ခါးကုန်းကြီး မကျေမနပ် ဖြစ်သွားလေသည်။

"မင်း ဘာတွေ လာပြောနေတာလဲ ဒုက္ခရောက်သွားချင်ပြီထင်တယ်"

ခမောက်ဆောင်းထားသူက...

"ဒုက္ခရောက်ရမှာက ဝံပုလွေပါဗျာ၊ ကျုပ် မဟုတ်ပါဘူး"

"မင်း..."

"ကျုပ်စကားကို မယုံယင် ခင်ဗျားရဲ့ ဝံပုလွေကို ဖန်းယီရောက်လာတယ်လို့ သွားပြောပြလိုက်စမ်းပါ"

ခါးကုန်းကြီး မျက်မှောင်ကုပ်သွား၏။

"ဖန်းယီ ဟုတ်လား"

"မှန်ပါတယ်ဗျာ"

ခါးကုန်းကြီး ဘာမှ မပြောတော့ဘဲ အိမ်ထဲ လှမ်းဝင်သွားလေသည်။

ခမောက်ဆောင်းထားသူက တံခါးဝ၌ မလှုပ်မယှက် ရပ်နေလိုက်၏။

မကြာပါချေ။

ခါးကုန်းအဘိုးအို ပြန်လည်ရောက်ရှိလာပြီး ခမောက်



ဆောင်းထားသူအား ဝင်ခွင့်ပြုလိုက်လေသည်။

"အထဲဝင်ပါ"

"ကောင်းပြီ"

ခမောက်ဆောင်းထားသူက အိမ်ထဲ လှမ်းဝင်လိုက်၏။

အိမ်ထဲ၌ အမှောင်ရိပ် လွှမ်းနေပါသည်။

ညို့ခန်းဆောင်တစ်နေရာ၌ စားပွဲကြီးတစ်လုံး ရှိနေပြီး လူတစ်ယောက် ထိုင်နေ၏။

ဝံပုလွေ ဖြစ်လေသည်။

ဝံပုလွေက ခမောက်ဆောင်းထားသူအား အကဲခတ်နေ၏။

ခမောက်ဆောင်းထားသူက...

"ဝံပုလွေ၊ ခင်ဗျားက ဖန်းယီကို မှတ်မိသေးတယ် မဟုတ်လားဗျာ"

ဝံပုလွေက...

"မဟာမိတ်အဖွဲ့ ခေါင်းဆောင်ဖန်းဟုရဲ့သား ဖန်းယီ ဟုတ်လား"

"မှန်တာပေါ့ဗျာ"

"ခင်ဗျားက ဖန်းယီလား"

"ဟုတ်တယ်"

"ဟား...ဟား...ဟား"

ဝံပုလွေက ဟားတိုက်ရယ်မောလိုက်လေသည်။

ခမောက်ဆောင်းထားသူက...

www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်အထိ ခင်ဗျား ရယ်နိုင်သေးတာ ချီးကျူးစရာပဲဗျ"

"ရယ်ရမှာပေါ့၊ ရယ်စရာ ကောင်းနေတာကိုး၊ ဖန်းယီက သေသွားပြီ"

"သူ မသေသေးဘူး"

"မင်းက ဘာကြောင့် လာပြီး လိမ်ညာနေရတာလဲ၊ မင်း အတွက် ဘာများ အကျိုးရှိမှာမို့လဲ"

ခမောက်ဆောင်းထားသူက ဦးခေါင်းပေါ်မှ ခမောက်ကို ဖယ်ရှားလိုက်လေသည်။

ဖန်းယီ ဖြစ်နေပါသည်။

ဖန်းယီ၏မျက်နှာကို မြင်လျှင် ဝံပုလွေ မျက်မှောင်ကုပ် သွားလေသည်။

"မင်း..."

"ကျုပ်က ဖန်းယီပေါ့"

"မဖြစ်နိုင်တာ၊ ဖန်းယီက သေသွားပြီပဲ"

"ကျုပ်ကို လူတွေက သေသွားပြီ ထင်နေကြပေမယ့် တကယ်တမ်း ကျုပ် မသေသေးဘူးဆိုတာ ဘယ်သူမှ မသိကြသေး ပါဘူးဗျာ"

ဝံပုလွေ မယုံနိုင်အောင် ဖြစ်နေ၏။

ဖန်းယီက...

"ကဲ ခင်ဗျားနဲ့ တင်းကူးညီတို့နှစ်ယောက် ပေါင်းပြီး ကျုပ်ကို ဒုက္ခပေးခဲ့ကြတဲ့ ကိစ္စကို ဖြေရှင်းလိုက်ကြရအောင်"



ဝံပုလွေ ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။

ဖန်းယီကို မျက်လုံးပြူး၍ ကြည့်ယင်း...

"မင်းက ဖန်းယီ ဟုတ်လား"

"ဟုတ်ပါတယ်လို့ ဘယ်နှစ်ခါ ပြောရမလဲ"

ဤတွင် ဝံပုလွေလည်း ကြောက်လန့်ကာ ထွက်ပြေးသွား ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ဖန်းယီက ဟန့်တားထားလိုက်လေသည်။

"ခင်ဗျား ပြေးလို့ မရတော့ပါဘူးဗျာ"

ဝံပုလွေသည် ထွက်ပြေး၍ မရတော့သဖြင့် ဖန်းယီအား တိုက်ခိုက်လိုက်လေသည်။

ဖန်းယီလည်း လက်ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက် လျှင်...

"ဝုန်း"

ဝံပုလွေ အဝေးသို့ လွင့်စဉ်ကာ ကြမ်းပြင်ပေါ် လဲကျသွား လေတော့သည်။

ဝံပုလွေ၏အလုပ်သမားတစ်ယောက် ဖြစ်ပုံရသော ခါး ကုန်းကြီးလည်း ထိတ်လန့်ကာ ထွက်ပြေးသွားလေတော့သည်။

ဖန်းယီက ခါးကုန်းကြီးအား အမှုမထားပါချေ။

ကြမ်းပြင်ပေါ်မှ လူးလိမ့်ထလာသော ဝံပုလွေထံသို့ လှမ်း သွားလိုက်လေသည်။

ဝံပုလွေ မျက်နှာပျက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီအား မည်သည့်နည်းနှင့်မျှ မယုံနိုင်ကြောင်း နားလည်နေပြီ ဖြစ်လေသည်။

"ကျုပ်..ကျုပ်ကို ချမ်းသာပေးပါဗျာ"

ဖန်းယီ ပြုံးလိုက်သည်။

"ကောင်းပြီ၊ ကျုပ်ကို ဒုက္ခပေးရတာ ဘာကြောင့်လဲ ပြောပါ"

ဝံပုလွေက...

"ခါးပါးလေးက ခိုင်းတာပါဗျာ"

ဟု ဖွင့်ဟဝန်ခံလာလေသည်။

ဖန်းယီက...

"ခါးပါးလေးဆိုတာက.."

"တင်းကျူးညံကို သတ်ပစ်လိုက်တဲ့လူပေါ့ဗျာ"

"ဪ"

ဖန်းယီသည် ခါးပါးလေးဆိုသောအမည်ကို သေသေချာချာ မှတ်သားထားလိုက်လေသည်။

"ခါးပါးလေးက ဘယ်မှာလဲ ပြောပါ"

ဝံပုလွေက မထူးတော့ဟု သဘောပိုက်ထားပုံရလေသည်။

"ကျုပ်အသက်ကို ချမ်းသာပေးမယ်ဆိုယင် သူ့ဆီကို ကျုပ်လိုက်ပို့ပေးမယ်"

ခါးပါးလေးသည် ဝံပုလွေထက် ပိုပြီး အရေးပါ အရာရောက်သူ ဖြစ်ကြောင်း ဖန်းယီ နားလည်မိလေသည်။



ထို့ကြောင့်...

"ကောင်းပြီ၊ ကျုပ်ကို လုည့်စားဖို့ မကြံနဲ့၊ ခါးပါးလေးကို တွေ့တာနဲ့ ခင်ဗျားကို ချမ်းသာပေးလိုက်မယ်"

ဟု သဘောတူလိုက်လေသည်။

ဝံပုလွေ ဝမ်းသာသွားသည်။

"ကျုပ်နောက်ကို လိုက်ခဲ့ပါဗျာ"

ဖန်းယီအား လမ်းပြခေါ်ဆောင်သွားလေတော့သည်။

♣ ♣ ♣

မြို့ပြင်၌ နတ်ကွန်းပျက်တစ်ခု ရှိနေသည်။

နတ်ကွန်းပျက်နှင့် မလှမ်းမကမ်း၌ အိမ်ကလေးတစ်လုံး ရှိနေပါသည်။

အိမ်ကလေး၌ မီးရောင်မျှား ထွက်ပေါ်နေ၏။

ဝံပုလွေက ထိုအိမ်ကလေးကို ညွှန်ပြလိုက်လေသည်။

"ခါးပါးလေးက အဲသည် အိမ်မှာ ရှိတယ်"

"ကောင်းပြီလေ၊ သွားကြတာပေါ့"

"ကျုပ်.."

"ခါးပါးလေးကို တွေ့ရတာနဲ့ ခင်ဗျားကို လွှတ်ပေးလိုက်မယ်"

ဝံပုလွေ မတတ်သာတော့ဘဲ အိမ်ကလေးရှေ့သို့တိုင် လိုက်

www.burmeseclassic.com

www.burmeseclassic.com



လဲပို့ဆောင်ပေးလိုက်ရလေသည်။

"ဓားပါးလေး"

သူ၏အသံနှင့် မရှေးမနှောင်းမှာပင် အိမ်ထဲမှ အေးတိအေးစက် စကားသံ ထွက်ပေါ်လာသည်။

"ဝံပုလွေလား"

"ဟုတ်ပါတယ်ဗျာ"

"ဘာကိစ္စလဲ"

"ခင်ဗျားကို လူတစ်ယောက်က တွေ့ချင်လို့ပါ"

"ဘယ်သူလဲ"

"ဖန်းယီ"

"ဘာ"

စကားသံဆုံးလျှင် အိမ်ထဲမှ လူတစ်ယောက် ခုန်ထွက်လာသည်ကို တွေ့ရလေသည်။

ထိုလူမှာ တင်းကူးညီနှင့် ဒေါ်လေးဝမ်းအား သတ်ပစ်ခဲ့သူဖြစ်ကြောင်း ဖန်းယီ ချက်ချင်းမှတ်မိလိုက်သည်။

ထိုလူကလည်း ဖန်းယီကို ချက်ချင်းမှတ်မိသွား၏။

"မင်းက အသက်ရှင်နေသေးတာကိုး"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က ခင်ဗျားဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး မဟုတ်လား"

"အားလုံးက မင်းသေသွားပြီ ထင်နေကြတာ၊ မဟာမိတ်အဖွဲ့ခေါင်းဆောင်ကြီးဖန်းဟုကတောင် သားမိုက်တစ်ယောက်ဟာ



သူ့ကို အရှက်ခွဲပြီး သေသွားရတာ၊ ဘယ်လိုမှ သဘောမထားပေမယ့် သွေးသားရင်း ဖြစ်နေတာကြောင့် တစ်လပြည့်တဲ့နေ့ကျရင် အထိမ်းအမှတ်ပွဲတစ်ခု ကျင်းပပေးမယ်လို့ ကြေငြာထားသေးတာပဲ"

ဖန်းယီ မျက်မှောင်ကုပ်သွားလေသည်။

ဓားပါးလေးက...

"ဒါကလည်း ပြန်လမ်းမဲ့ခြံဝင်းပိုင်ရှင်က တိုက်တွန်းလို့ပဲ၊ မင်းအတွက် တစ်လပြည့် အထိမ်းအမှတ်ပွဲကို ပြန်လမ်းမဲ့ခြံဝင်းမှာပဲ ကျင်းပမှာ၊ သိုင်းလောကသားတွေလည်း ရောက်လာကြလိမ့်မယ်"

ဖန်းယီ တွေဝေသွား၏။

"ငါနဲ့ ပြန်လမ်းမဲ့ခြံဝင်းက ဘာဆိုင်လို့လဲ"

သူနှင့် ပတ်သက်ပြီး တစ်စုံတစ်ခု ပြုလုပ်မည်ဆိုပါလျှင် ဖန်းဟုကသာ၊ တာဝန်ယူပြုလုပ်ရမည် ဖြစ်ပါသည်။

ပြန်လမ်းမဲ့ခြံဝင်းနှင့် ဘာမှ သက်ဆိုင်မည် မဟုတ်ပါ။

ပြန်လမ်းမဲ့ခြံဝင်းမှ ညီအစ်မများ ဖြစ်ကြသော ကြိုးလင်းနှင့် ကြိုးလျှံတို့သည် သူ့အား တိတ်တခိုးလေး မေတ္တာသက်ဝင်နေကြောင်း ဖန်းယီ ရိပ်မိထားပါသည်။

သူက ရက်စက်သော ကြိုးလျှံထက် ရိုးရိုးအေးအေးနေသော ကြိုးလင်းကို ပိုခင်မိသည်။

သို့သော်လည်း ထိုကိစ္စသည် ပြန်လမ်းမဲ့ခြံဝင်း၌ သူ့အတွက် အထိမ်းအမှတ်ပွဲ ကျင်းပရလောက်သည်အထိ ရှေးပါမည် မဟုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့ကိစ္စကို မသိမဆိုင် ပြန်လမ်းမဲ့ခြံဝင်းမှာ ကျင်းပမယ် ဆိုတာ ဘာသဘောလဲ၊ အကြောင်းတစ်ခုခုတော့ရှိမှာ သေချာတယ်"

ဖန်းဟုသည် သူ၏ဖခင် မဟုတ်ဘဲ တစ်ယောက်ယောက်က အယောင်ဆောင်နေသည်ဟု ယူဆချက်များ ပိုမိုခိုင်မာလာလေတော့သည်။

ထို့အပြင်...

ဖန်းဟုအစုသည် မဟာမိတ်အဖွဲ့ ခေါင်းဆောင်ဟူသော အရှိန်အဝါဖြင့် သိုင်းလောကအား လွှမ်းမိုးချုပ်ကိုင်ရန် ကြိုးစားနေသူ ဖြစ်ရမည်ဟုလည်း ယုံကြည်လာလေသည်။

ဖန်းဟု၊ ရိလုံနှင့် မင်းဖုန်းတို့သည် အတုအယောင်ဆောင်များဟု ဖန်းယီ ယုံကြည်ထားလိုက်ပြီ ဖြစ်လေသည်။

"သူတို့က ဘာတွေများ ကြံစည်နေကြတာလဲ"

ဖန်းယီက ပြန်လမ်းမဲ့ခြံဝင်းသို့ သွားရန် ဆုံးဖြတ်လိုက်လေသည်။

ခေးပါးလေးက...

"မင်းက ဖန်းယီလို့ ပြောနေပေမယ့် ငါကတော့ မယုံဘူးကွ၊ မင်းဟာ ဖန်းယီနဲ့ ရုပ်ချင်းဆင်တဲ့ လူတစ်ယောက် ဖြစ်လိမ့်မယ်၊ အခွင့်အရေး တစ်ခုခုကို မျှော်ကိုးပြီး ဖန်းယီလို့ ဟန်ဆောင်ချင်တာ မဟုတ်လား"

ထိုစကားကြောင့် ဖန်းယီ၏ဦးခေါင်းထဲ အလင်းရောင်တစ်ချက် ဝင်းလက်သွားလေသည်။



အသိတရားတစ်ခု ရလိုက်ခြင်း ဖြစ်လေသည်။

ဖန်းယီက...

"ဘာပဲဖြစ်ဖြစ် ကျုပ်ကို ဒုက္ခပေးခဲ့တာ၊ ခင်ဗျားတို့ကို ခွင့်မလွှတ်နိုင်ဘူး"

ဝံပုလွေက အော်လိုက်လေသည်။

"ကျုပ်ကို လွှတ်ပေးမယ်လို့ မင်းပြောထားတယ်နော်"

ဖန်းယီ ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားသွားနိုင်ပါတယ်"

ဝံပုလွေ ဝမ်းသာအားရဖြစ်ကာ ထွက်ပြေးသွားလေတော့သည်။

ခေးပါးလေးက...

"ဝံပုလွေ၊ ငါက တင်းကူးညံ့နဲ့ ဒေါ်လေးဝမ်းတို့ နုတ်ပိတ်လိုက်ပေမယ့် မင်းကိုတော့ သူငယ်ချင်း အချင်းချင်းမို့ ချမ်းသာပေးခဲ့တယ်၊ ဝေစုခွဲပေးခဲ့တယ်၊ မင်းကတော့ ငါ့ကို သစ္စာဖောက်တယ်ပေါ့လေ၊ ကောင်းပြီ"

သူ၏လက်တစ်ဘက် မသိမသာ လှုပ်ရှားလိုက်လျှင် ခေးပါးလေးတစ်လက် ပစ်လွှင့်သွားပြီး ဝံပုလွေ၏နောက်ကျောသို့ စိုက်ဝင်သွားလေတော့သည်။

"အား"

ဝံပုလွေ မြေပေါ်မှောက်လျက် လဲကျကာ အသက်ပျောက်

www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။

ဓားပါးလေး၏လှုပ်ရှားမှု လျှင်မြန်လွန်းရကား ဖန်းယီ ဟန့်တားချိန် မရလိုက်တော့ချေ။

ဖန်းယီ သက်ပြင်းချလိုက်သည်။

"ကျုပ်ကို ဒုက္ခပေးဖို့ ဘယ်သူက ခင်ဗျားတို့ကို ခိုင်းခဲ့တာလဲ ပြောပါဗျာ"

ဓားပါးလေး နှာခေါင်းရှုံ့လိုက်သည်။

"မင်းမေးတိုင်း ငါပြောရမှာလား"

"ခင်ဗျား တကယ်ပဲ မပြောဘူးလား"

"မပြောဘူး"

"ကောင်းပြီ"

ဖန်းယီ၏ခန္ဓာကိုယ် ရိပ်ခနဲ ရွေ့လျားသွားပြီး ဓားပါးလေး အနီးသို့ ရောက်ရှိသွားလေသည်။

ဓားပါးလေးကလည်း ခါးမှ ဓားကို ဆွဲထုတ်ကာ ဝှေ့ယမ်းလိုက်လေသည်။

သို့သော် သူ၏ဓားချက်များက လေထဲ ခုတ်ချမိလိုက်လေသည်။

ဖန်းယီက ပွတ်ကာသီကာ ရှောင်တိမ်းလိုက်ပြီး ဓားပါးလေး၏ငယ်ထိပ်ကို လက်ဝါးဖြင့် အုပ်ထားလိုက်လေသည်။

"ဟင်"

ဓားပါးလေး အထိတ်တလန့် ဖြစ်သွားလေသည်။



လက်ထဲမှ ဓားလည်း လွတ်ကျသွားတော့သည်။

ဖန်းယီက...

"ကဲ ဘယ်သူက ကျုပ်ကို ဒုက္ခပေးခိုင်းတယ်ဆိုတာ ခင်ဗျား ပြောတော့မလား"

ဓားပါးလေးက...

"ကျုပ်ကို သတ်ပစ်လိုက်ပါ"

"ဘာဖြစ်လို့လဲ၊ ခင်ဗျား မပြောနိုင်ဘူး ဟုတ်လား"

"ကျုပ်က ဖွင့်ပြောလိုက်တာနဲ့ သူတို့က ကျုပ်ကို ချမ်းသာပေးတော့မှာ မဟုတ်ဘူး၊ ဘာထူးသလဲ ခင်ဗျား မသတ်ယင်လည်း သူတို့က ကျုပ်ကို သတ်ကြမှာပဲ"

ဖန်းယီ သက်ပြင်းချလိုက်လေသည်။

လက်ဝါးကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျား မပြောချင်ယင်လည်း နေပါတော့ဗျာ"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားတော့သည်။

ဓားပါးလေး အံ့သြသွားလေသည်။

ဖန်းယီက အဘယ်ကြောင့် သူ့အား ချမ်းသာပေးလိုက်သည်ကို နားမလည်နိုင်အောင် ဖြစ်မိသည်။

အတန်ကြာ တွေဝေနေပြီးမှ...

"ကျုပ်ကို ခိုင်းတာ၊ ခေါင်းဆောင်ကြီးဖန်းဟုကိုးပဲတိုင်ပဲဗျ"

ဟု အော်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ခြေလှမ်း တုန့်ခနဲ ရပ်သွားသည်။

ခေါင်းပါးလေးကို လှည့်ကြည့်လိုက်ပြီး…

"ကျေးဇူးပါပဲဗျာ"

ဟု ပြောလိုက်သည်။

ထို့နောက် လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

♣ ♣ ♣



## သတင်း

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါတော့သည်။

အဖြူရောင်အင်္ကျီရှည်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်က ကောင်းကင်ပေါ်မှ လဝန်းကို ငေးမောကြည့်နေ၏။

အဘိုးအိုမှာ မြင်ရသူတိုင်း ကြည်ညိုလေးစားလာရလောက်အောင် ဥပဓိရုပ်ကောင်းသူ ဖြစ်လေသည်။

ရုတ်တရက် ခြေသံများ ထွက်ပေါ်လာပြီး လူတစ်ယောက်က အဘိုးအိုနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာလေသည်။

အဘိုးအိုက…

"ရှိလို့ မင်းရောက်လာပြီလား"

www.burmeseclassic.com

www.burmeseclassic.com



လှည့်မကြည့်ဘဲ မေးလိုက်လေသည်။

ရိုလိုက...

"ဟုတ်ပါတယ်၊ ခေါင်းဆောင်ကြီးကို ဂါရဝပြုပါတယ် ခင်ဗျာ"

ထိုအဘိုးအိုကား သိုင်းလောက မဟာမိတ်အဖွဲ့ ခေါင်းဆောင်ကြီးဖန်းဟု ဖြစ်လေသည်။

ဖန်းဟုက ရိုလိုကို လှည့်ကြည့်လိုက်လေသည်။

"ရိုလို အကြောင်းထူးသလား"

"ဓားပါလေးက သတင်းပို့လာပါတယ် ခင်ဗျာ"

"ဘယ်လိုသတင်းမျိုးလဲ ပြောစမ်းပါဦး"

ရိုလိုက...

"သူက ဖန်းယီအယောင်ဆောင်ထားတဲ့ လူတစ်ယောက်ကို တွေ့ခဲ့ရတယ်လို့ ပြောပါတယ်"

"ဖန်းယီ"

"ဟုတ်ပါတယ်"

"ဖန်းယီက သေသွားပြီပဲ"

"ဟုတ်ပါတယ်"

"ဘယ်သူက ဖန်းယီအယောင်ဆောင်တာလဲ၊ အတင့်ရဲလှချည်လား"

ရိုလိုက...

"သူ့ကို ဆုံးမလိုက်ရမလား ခင်ဗျာ"



ဖန်းဟု ခေါင်းညိတ်လိုက်သည်။

"အေး ရှင်းလိုက်"

"ကောင်းပါပြီ ခင်ဗျာ"

ရိုလိုက ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ခြေတစ်လှမ်းသာ လှမ်းရသေးသည်။

ဖန်းဟုက တားဆီးလိုက်လေသည်။

"ရိုလို နေဦး"

ရိုလိုက ဖန်းဟုဘက် လှည့်ကာ ဦးညွတ်လိုက်သည်။

"အမိန့်ရှိပါ ခေါင်းဆောင်ကြီး"

ဖန်းဟုက...

"ဖန်းယီဆိုတဲ့လူကို ဘာမှ မလုပ်နဲ့တော့"

"ဗျာ"

ဖန်းဟု စိတ်ပြောင်းသွားသဖြင့် ရိုလို ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဖန်းဟုက...

"ဖန်းယီက နာမည်ပျက်ပြီး သေသွားတာ၊ ဒါတောင် ဘယ်သူကများ အယောင်ဆောင်ချင်ရသေးတာလဲ"

ရိုလိုလည်း မပြောတတ်ချေ။

ဖန်းဟု၏မျက်နှာ တည်ကြည်လေးနက်နေ၏။

"ဖန်းယီတစ်ယောက် သိုင်းလောကမှာ ထပ်ပြီး ထွက်ပေါ်လာတယ်ဆိုယင် အခြေအနေက ရှုပ်ထွေးသွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ ရှုပ်ထွေးသွားခြင်းသည် တစ်မျိုးကောင်းနေသည်ဟု ဖန်းဟု သဘောထားပုံရလေသည်။

ရိုလိုက…

"ကျွန်တော် ဘာဆက်လုပ်ရမလဲ အမိန့်ရှိပါ"

ဖန်းဟုက…

"ဓားပါးလေးကို မင်းတာဝန်ယူလိုက်ပါ၊ မင်းဖုန်းကိုတော့ မကြာခင် ပေါ်ပေါက်လာတော့မယ့် ဖန်းယီဆိုတဲ့လူကို စောင့်ကြည့်ဖို့ တာဝန်ပေးထားလိုက်"

"ဟုတ်ကဲ့"

"မင်းသွားနိုင်ပြီ"

ဖန်းဟု လက်ကာပြလိုက်လျှင် ရိုလိုက ဦးညွတ်ဂါရဝပြုပြီး ထွက်သွားတော့သည်။

♣ ♣ ♣

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေဆဲ…

ဖန်းဟုက လက်နှစ်ဘက် နောက်ပစ်လျက် ရပ်မြဲရပ်နေ၏။

သို့သော်…

သူ၏မျက်လုံးများကား အရောင်တောက်ပခြင်း မရှိတော့ဘဲ မှေးမှိန်နေပြီ ဖြစ်လေသည်။

"ဖန်းယီ"



ဟု တီးတိုးရေရွတ်နေသည်။

ဖန်းယီ…

သူ၏သား ဖန်းယီမှာ မိန်းကလေးများအား ဖျက်ဆီးသူ၊ ဆရာကို သတ်သူ၊ စေ့စပ်ထားသော မိန်းကလေးအပေါ် သစ္စာဖောက်သူ စသည်ဖြင့် နာမည်ဆိုးဖြင့် သတင်းကြီးခဲ့ပြီး နောက်ဆုံး သေဆုံးသွားခဲ့ရလေသည်။

ဖန်းယီကို အတုအယောင်ဆောင်သူသည်…

"ဖန်းယီက သေသွားပြီ၊ ဖန်းယီက ဘာကြောင့် ပြန်ပေါ်လာတာလဲ"

ဟု ထပ်မံရေရွတ်လိုက်လေသည်။

ယခု ပေါ်ပေါက်လာသူမှာ ဖန်းယီ အစစ်လော၊ အတုလောဆိုသည့် အဖြေကို ဖော်ထုတ်ရန် နည်းလမ်းတစ်ခု ရှိနေပါသည်။

ဖန်းယီ၏အလောင်း မြှုပ်နှံထားသည့် မြေပုံကို သွားရောက်တူးဖော်ကြည့်ရန် ဖြစ်လေသည်။

ထိုအချက်ကို ဖန်းဟုက အဘယ်ကြောင့် သတိမရခဲ့ပါသနည်း။

သတိမရဘဲ မေ့ချင်ဟန်ဆောင်နေသည်လော။

ဖန်းဟုတစ်ယောက်သာ သိလိမ့်မည် ဖြစ်လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီ…

ဖန်းယီသည် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာသောအခါ သိုင်းပညာအားကိုးဖြင့် မြို့သူမြို့သားများအပေါ် နိုင့်ထက်စီးနင်း ပြုကျင့်နေသည့် ကျားပျံဂိုဏ်းအကြောင်း သိခဲ့ရလေသည်။

ထို့ကြောင့် ကျားပျံဂိုဏ်းအား ဆုံးမရန် ဆုံးဖြတ်လိုက်လေသည်။

ကျားပျံဂိုဏ်းမှာ မြို့လယ်လမ်းဆုံလမ်းခွမှ လမ်းဘေးတစ်နေရာ၌ ဌာနချုပ် ဖွင့်လှစ်ထားခြင်း ဖြစ်လေသည်။

ဖန်းယီ ရောက်သွားချိန်၌ သူ့ထက်ဦးအောင် သိုင်းသမားသုံးယောက် ရောက်ရှိနေကြသည်ကို တွေ့ရလေသည်။

မတရားမှုကို မုန်းတီးသည့် မဟုတ်မခံ သိုင်းသမားသုံးယောက် ဖြစ်လေသည်။

သူတို့လည်း ကျားပျံဂိုဏ်း၏ မကောင်းသော လုပ်ရပ်များကို လက်ပိုက်ကြည့်မနေနိုင်တော့သဖြင့် တားဆီးရန် လာခဲ့ကြခြင်း ဖြစ်လေသည်။

ကျားပျံဂိုဏ်းချုပ်မှာ မောက်စန်း ဖြစ်သည်။

တစ်ချိန်က ခုံတုံဂိုဏ်း၌ ပညာသင်ကြားခဲ့ပြီး အကျင့်ပျက်၍ မောင်းထုတ်ခံခဲ့ရသူ ဖြစ်သည်။

မောက်စန်းသည် ခုံတုံဂိုဏ်းမှ ထွက်ကာ လူဆိုးဓားပြတစ်ယောက်အဖြစ် သိုင်းလောက၌ ကျက်စားခဲ့ပြီး တပည့်တပန်းများ စုစည်းကာ သိုင်းဂိုဏ်းတစ်ခု ထူထောင်ပြီး အပြစ်မဲ့ ပြည်သူများအား



အနိုင်ကျင့်နေသူ ဖြစ်လေသည်။

မည်သို့ဆိုစေ…

မောက်စန်း၏သိုင်းပညာ မခေသဖြင့် ရောက်လာခဲ့သော သိုင်းသမားသုံးယောက်မှာ မရှုမလှ အရေးနိမ့်သွားခဲ့ကြလေတော့သည်။

ဖန်းယီလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ မောက်စန်းအား ဆုံးမပြီး ကျားပျံဂိုဏ်းအား ချေမှုန်းပစ်လိုက်လေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီသည် သိုင်းလောကသို့ ရောက်လာပြီး ကျားပွဲဝိုင်းအား ချေမှုန်းလိုက်သည်။

တဖန်...

ထင်ရှားစိုင်းနေသော သိုင်းသမားများ၊ ဒုစရိုက်သမားများ၊ အနက်ရောင်သိုင်းသမားများနှင့် အမှောင်လောကသားများအား ဆုံးမခဲ့လေသည်။

သို့ဖြင့် သူ၏အမည်မှာ တဖြည်းဖြည်း လူသိများလာတော့သည်။

သိုင်းလောက၌ လူတစ်ယောက် နာမည်ထွက်လာပြီဆိုလျှင် ပညာချင်း ယှဉ်ပြိုင်လိုသူများ ရှိလာကြသည်မှာ ထုံးစံ ဖြစ်လေသည်။

ဖန်းယီ နာမည် ထွက်လာသောအခါ သူ့အား ယှဉ်ပြိုင်လိုသူများလည်း ထွက်ပေါ်လာလေသည်။

ဖန်းယီသည် လာရောက်စိန်ခေါ် ယှဉ်ပြိုင်သူများအား အနိုင်ယူလိုက်လေသည်။

သို့ဖြင့် သတင်းပိုကြီးလာပြီး သိုင်းလောက၌ မသိသူမရှိသလောက် ဖြစ်လာလေတော့သည်။

ဖန်းယီက သတင်းကြီးလာသဖြင့် ထိပ်တန်းသိုင်းသမားများ၊ ဝါရင့်သိုင်းသမားကြီးများကပါ စိတ်ဝင်စားလာကြလေတော့သည်။

♣ ♣ ♣



ဖန်းယီတာ သိုင်းလောကထဲ ဆင်းလာခဲ့သည်မှာ သူ့အား ဒုက္ခပေးခဲ့ကြသူများကို ဖော်ထုတ်ဆုံးမရန်နှင့် သိုင်းလောကအား လွှမ်းမိုးချုပ်ကိုင်ရန်၊ ကြိုးစားနေသူများကို ဖော်ထုတ်ရန်၊ သူ၏ဖခင် ဖန်းဟုနှင့် ရိလို၊ မင်းဖုန်းတို့နှစ်ယောက်မှာ အတုအယောင်များ ဖြစ်သည်ဟူသော သံသယအတိုင်း ဖော်ထုတ်ရန် ဖြစ်လေသည်။

ဖန်းယီသည် သိုင်းလောကထဲ လှည့်လည်ကာ နာမည်ရလာပြီးနောက် မဟာမိတ်အအဖွဲ့ကြီးဘက်သို့ ခြေဦးလှည့်လိုက်လေသည်။

သို့သော်...

သူ တကယ်တမ်း ဦးတည်သွားမိသည်မှာ ပြန်လမ်းမဲ့ခြံဝင်းသို့ ဖြစ်လေသည်။ ပြန်လမ်းမဲ့ခြံဝင်း...

ပြန်လမ်းမဲ့ခြံဝင်းတွင် သူသေဆုံးသွားသည့် တစ်လပြည့် အထိမ်းအမှတ်ပွဲ ကျင်းပလိမ့်မည် မဟုတ်ပါလား။

ဖန်းဟု၊ ရိလိုနှင့် မင်းဖုန်းတို့သာမက သိုင်းလောကသားများလည်း ရောက်လာကြလိမ့်မည် ဖြစ်လေသည်။

ဖန်းယီ စိတ်လှုပ်ရှားနေသည်။

ပြန်လမ်းမဲ့ခြံဝင်း၌ မည်သို့ ရင်ဆိုင်ကြုံတွေ့ရလိမ့်မည်နည်း။

ဖန်းယီတွင် အခက်အခဲများကို ရင်ဆိုင်နိုင်မည့် နည်းလမ်း တစ်ခု ရှိထားပြီး ဖြစ်လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



## အသုဘာရှင်

ကောင်းကင်တစ်ခုလုံးသည် မှိုင်းညို့နေ၏။

မိုးဖွဲကလေးသည် စတင်ကျလာနေ၏။

အေးစိမ့်သောလေသည် တသွေးသွေး တိုက်ခတ်နေ၏။

ဤမျှ ချမ်းအေးပြီး မိုးတဖွဲဖွဲ ရွာသွန်းနေသော အချိန်တွင် အိပ်ရာထဲ ကွေးနေလျှင် သို့မဟုတ် အရက်သောက်ပြီး အိပ်ရာထဲ ဝင်ရောက်အိပ်နေလျှင် အကောင်းဆုံး ဖြစ်၏။

သို့သော်...

ပြန်လမ်းမဲ့ခြံဝင်းသို့ လူအတော်များများ စုဝေး ရောက်ရှိနေကြသည်။

သူတို့သည် အိပ်ရာထဲ၌ မကွေးလို၍လော။

မဟုတ်ပါ။



သူတို့သည် ဤပြန်လမ်းမဲ့ခြံဝင်းသို့ စုရုံးရောက်ရှိနေခြင်းမှာ အကြောင်းများစွာ ရှိလေသည်။

ပထမအကြောင်းမှာ အလွန်ကျော်ကြားလှသော ပြန်လမ်းမဲ့ခြံဝင်းအား လာရောက်လေ့လာလိုသည့် ဆန္ဒက ပြင်းပျ၍လည်းကောင်း။

သိုင်းလောက၌ နေတစ်စင်း လတစ်ဆူပမာ ဩဇာကြီးမားလှသော သိုင်းလောကမဟာမိတ်ခေါင်းဆောင်ဖန်းဟု၏သား ဖန်းယီ အသုဘာအတွက် ယခုကဲ့သို့ စုဝေးရောက်ရှိလာကြခြင်း ဖြစ်လေသည်။

အသုဘာအတွက် ရောက်ရှိနေကြသော ပရိသတ်များထဲတွင် ရုပ်သွင်အသစ်ဖြင့် ပြောင်းလဲလာသော 'ဖန်းယီ'တစ်ယောက် ပါလာနေလေသည်။

ဖန်းယီသည် ထိုလူစုကြားမှ ရှေ့သို့ တိုးသွားရာ လူစုကများလွန်းသဖြင့် သူသည် မည်သည့်အရာကိုမျှ မမြင်တွေ့ရဘဲ ဖြစ်နေ၏။ သူသည် ရှေ့မှ လူတစ်ယောက်၏ပခုံးအား ပုတ်လိုက်ပြီး...

"သည်မှာ မိတ်ဆွေ၊ ဘယ်သူ့အသုဘာလဲဗျ၊ စည်ကားလှချည့်လား"

ထိုလူသည် သူ့အား စိတ်မရှည်စွာဖြင့် လှည့်ကြည့်လိုက်လေသည်။

"ခင်ဗျား မသိဘူးလား၊ ခေါင်းဆောင်ကြီးဖန်းဟုရဲ့သားလေဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီသည် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဩော်...သူကိုး"

ထိုလူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် ခေါင်းဆောင်ကြီးက သိပ်သဘောထားကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါပဲ၊ သူ့သား သေဆုံးသွားတာ သူက အရေးမယူတဲ့အပြင် အခုလို သေတာပဲ ကောင်းတယ်လို့တောင် ပြောပါသေးတယ်၊ သူကတော့ သားအဖမို့ ဘာပဲဖြစ်ဖြစ် သေဆုံးတဲ့ သူ့သားအတွက်တော့ ခမ်းခမ်းနားနား သင်္ဂြိုလ်ရမှာပေါ့"

ဟု ရှင်းပြလိုက်ပြီး ဖန်းယီအား တစ်ချက်ကြည့်လိုက်လေသည်။

"ဒါနဲ့ ခင်ဗျားနာမည် ဘယ်လိုခေါ်ပါသလဲ"

ဖန်းယီက မြုံးလိုက်သည်။

"ကျုပ်နာမည် ဖန်းယီပါ"

ထိုလူသည် အံ့ဩသွားလေသည်။

သူသည် ဖန်းယီအား မျက်လုံးပြူး၍ ကြည့်ပြီး...

"ဘယ်လို ခင်ဗျားနာမည်ကလည်း ဖန်းယီ ဟုတ်လား"

ဖန်းယီက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ထိုလူသည် ဖန်းယီအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ယင်း...



"ဒါနဲ့ ခင်ဗျားက ဖန်းဟုနဲ့ အမျိုးတော်သလား"

ဖန်းယီက ခေါင်းခါယမ်းလိုက်သည်။

"မတော်ပါဘူးဗျ"

ထိုလူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားကလဲဗျာ၊ ကြုံကြုံဖန်ဖန် ခေါင်းဆောင်ကြီးရဲ့သား ဖန်းယီနဲ့မှ လာပြီး နာမည်တူနေတာကိုး၊ ဒါပေမယ့် တော်ပါသေးရဲ့"

ဖန်းယီက မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

ထိုလူက ပြုံးလိုက်လေသည်။

"အယင်တုန်းကဆိုယင် ခင်ဗျားရဲ့နာမည် ပြောလိုက်တာနဲ့ ခင်ဗျားအသက်ဟာ အခုထိ ရှင်သန်လာမှာ မဟုတ်ဘူးဗျ"

ထိုစဉ်မှာပင် လူများသည် အလိုအလျောက် ဝဲယာတစ်ဘက်တစ်ချက်သို့ ရှောင်တိမ်းသွားကြသည်။

ဖန်းယီက လှည့်ကြည့်လိုက်သောအခါ အလွန်ချောမောလှပသော အမျိုးသမီးတစ်ယောက်သည် မိန်းကလေးတစ်ယောက် လက်ကို ဆွဲကာ လျှောက်လာသည်ကို တွေ့ရလေသည်။

ထိုအမျိုးသမီးမှာ လှျမ်းလျှမ်းတောက် ကျော်ကြားသော ပန်းပေါင်းစုံဂိုဏ်းချုပ်ဟွေ့မုံပင် ဖြစ်သည်။

သူမနှင့်အတူ ပါလာသော မိန်းကလေးမှာ အနက်ရောင် ဓာပဝါဖြင့် မျက်နှာဖုံးထားလေသည်။

ထိုမိန်းကလေးသည် ခေါင်းငုံ့ကာ ရှိက်၍ ငိုကြွေးနေ၏

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီသည် ထိုမိန်းကလေး၏မျက်နှာကို မမြင်တွေ့ရသော်လည်း ပိုက်မူ ဖြစ်နေမှန်း သိလိုက်ရလေ၏။

သူသည် ပိုက်မူအား ကြည့်နေယင်း ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားရလေသည်။

ထိုစဉ်မှာပင် လူစုကြားမှ တီးတိုးဝေဖန်သံများသည် ဆူဆူညံညံ ထွက်ပေါ်လာလေသည်။

"သည်မိန်းကလေးဟာ ဖန်းယီရဲ့ဇနီးလောင်းပေါ့ သနားပါတယ်"

"ဖန်းယီက တော်တော်အသုံးမကျတဲ့ လူတစ်ယောက်ပဲ၊ သူ့အဖေက လူတိုင်းကြည်ညိုလေးစားခြင်း ခံရသလောက် သူ့ကျမှ လူတကာက ရွံမုန်းကြတယ်"

"ဟုတ်တယ်၊ သည်သူငယ်ဟာ အဖေကိုလဲ စော်ကားတယ်၊ ဆရာသမားကိုလဲ သတ်ပစ်တယ်၊ သည်လောက်ချောတဲ့ ဇနီးလောင်းကို ကြင်နာရမှန်းမသိဘူး"

ရုတ်တရက် လူတစ်ယောက်၏အသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။

"ဟေ့...ဖန်းယီဟာ ကျုပ်မိတ်ဆွေပါ၊ သူ အသက်ရှင်တုန်းကတာပဲလုပ်ခဲ့လုပ်ခဲ့ အခုတော့ သူသေဆုံးသွားပါပြီ၊ သူ့ကိုအပုပ်ချဖို့မလိုပါဘူး၊ နောက်တစ်ခါ ပြောသံကြားယင်တော့ ကျုပ်နဲ့ရင်ဆိုင်ရလိမ့်မယ်"

ယင်းသို့ပြောယင်း လူတစ်ယောက်က လူအုပ်ကြားမှတိုး



ထွက်လာပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေ၏။

ထိုလူကား ဗေဒါဂိုဏ်းချုပ်လီဖိုးပင် ဖြစ်သည်။

ဖန်းယီသည် မိမိရှေ့မှာ တွေ့မြင်နေရသော ဇနီးလောင်းနှင့် မိမိ၏အချစ်ဆုံး သူငယ်ချင်းဖြစ်သောလီဖိုးအား နှုတ်မဆက်နိုင်သောအဖြစ်မျိုးနှင့် ရင်ဆိုင်နေရသဖြင့် သူသည် ဝမ်းနည်းကြေကွဲလာပြီးလျှင် မျက်ရည်ကျမလာစေရန် ထိန်းထားလေသည်။

♣ ♣ ♣

ဖန်းယီသည် အတန်ကြာ ငေးမောစဉ်းစားနေစဉ်မှာပင် သူ့ရှေ့သို့ လူတစ်ယောက် ရောက်လာသည်ကို တွေ့ရလေသည်။

သူသည် ထိုလူအား သေချာစွာကြည့်လိုက်သောအခါ ဖြန့်လမ်းမှုခြံဝင်းပိုင်ရှင်ကြီးဝါးဖြစ်နေသည်ကို တွေ့ရသဖြင့် ရင်ထိတ်သွားလေသည်။

ကြီးဝါးသည် ဖန်းယီအား စိုက်ကြည့်လိုက်ပြီး ပြုံးပြလိုက်သည်။

"ခင်ဗျားကိုတွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကဲ ကျုပ်လည်း ဧည့်ဝတ်ကျေအောင် ဧည့်ခန်းထဲ လိုက်ခဲ့ပါလားဗျာ"

ဖန်းယီ ရင်ထိတ်သွားသည်။

မိမိအား ကြီးဝါးက မှတ်မိသွားပြီလား။

သူသည် မည်သို့ပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်မှာပင် မိန်း

www.burmeseclassic.com



ကလေးတစ်ယောက် ရောက်လာပြီး ချိုမြိန်သောအသံဖြင့်…

"သည်ညနေသည်ကို သခင်မကြီးကတွေ့ဖို့ ချိန်းထားပါပြီ၊ ရှင်က ဖိတ်စရာမလိုတော့ဘူးနဲ့တူတယ်"

ကြိုးဝါးက မဲ့ပြုံးပြုံးလိုက်သည်။

"ဟေ့…မင်းက ဘယ်သူလဲကွ၊ အတင့်ရဲလှချည်လား၊ ကျုပ် ဘယ်သူလဲဆိုတာ မင်းသိလား"

မိန်းကလေးက ပြုံးလိုက်သည်။

"ကျွန်မသခင်မရဲ့နာမည်ကော ရှင်သိသလား"

ကြိုးဝါး မျက်မှောင်ကုပ်သွားလေသည်။

"ဆိုစမ်းပါဦး၊ သူက ဘယ်သူလဲ"

ထိုမိန်းကလေးက မျက်တောင်တဖျတ်ဖျတ်ခတ်ယင်း…

"ကျွန်မ တိုးတိုးပြောပြမယ်၊ မကြောက်နဲ့နော်၊ ကျွန်မရဲ့ သခင်မကတော့ ပန်းပေါင်းစုဂိုဏ်းချုပ်ဟွေ့မို"

သူမ၏စကားမဆုံးမီ ကြိုးဝါးသည် စကားတစ်ခွန်းမျှ မပြောတော့ဘဲ ချာခနဲလှည့်၍ထွက်သွားလေတော့သည်။

ဖန်းယီသည် ထွက်ခွာသွားသော ကြိုးဝါးအားကြည့်ယင်း လေပူတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

မိန်းကလေးအား ပြုံးပြလိုက်သည်။

"ရှင်က သူ့နောက်ကို လိုက်သွားချင်တယ်ဟုတ်လား"

ဖန်းယီက ခေါင်းခါပြလိုက်သည်။

မိန်းကလေးက ပြုံးလျက်…



"သူက ရှင့်ကိုဘာဖြစ်လို့ ဖိတ်ခေါ်ချင်ရတယ်ဆိုတာ ရှင်သိလား"

ဖန်းယီက ခေါင်းခါယမ်းပြလိုက်၏။

မိန်းကလေးက တခစ်ခစ်ရယ်မောယင်း…

"ရှင့်လို ရုပ်ချောတဲ့လူမျိုးကို သူက မသတ်ဖူးလို့ ရှင့်ကို စမ်းပြီးသတ်မလို့ရှင့်"

ဖန်းယီ ရယ်မောလိုက်သည်။

"ဒါကြောင့် မင်းက ငါ့ကိုလာပြီးကူညီတာ ဟုတ်လား"

မိန်းကလေးသည် တခစ်ခစ်ရယ်မောယင်း လက်ထဲမှ စာရွက်တစ်ရွက်အား ဖန်းယီလက်ထဲသို့ ထည့်လိုက်လေသည်။

ထို့နောက်…

ရယ်မောကာ ထွက်ခွာသွားလေသည်။

ဖန်းယီသည် အတန်ကြာ ကြောင်အမ်းအမ်းဖြစ်ပြီးမှ စာရွက်အားဖြန့်၍ဖတ်လိုက်သည်။

ထိုစာရွက်ပေါ်၌…

"ကနေ့ည သန်းခေါင်ယံ ပြန်လမ်းမဲ့ခြံဝင်းရှေ့ ပန်းတစ်ရာ နတ်ကွန်းရှေ့မှာ ရှင့်ကိုစောင့်နေမယ်၊ ဆက်ဆက်လာခဲ့ပါ"

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



## ပန်းပေါင်းစုံဂိုဏ်းချုပ်

သန်းခေါင်ယံမတိုင်မီမှာပင် ဖုန်းယီသည် မန်းတစ်ရာနတ်ကွန်းရှေ့သို့ ရောက်ရှိနေပြီဖြစ်လေသည်။

သူသည် ကြာကြာမစောင့်ရပါ။

ဟွေ့မုံက အချိန်မှန်ရောက်ရှိလာသည်။

သူမသည် ပြုံးပြလိုက်ပြီး...

"ရှင်ရောက်တာ တော်တော်ကြာပြီလား"

ဖုန်းယီက ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ တခဏလောက်ကြာသွားပါပြီ"

ဟွေ့မုံသည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး...

"ရှင့်ကို ကျွန်မ ဟစ်နေ့တခြား စိတ်ဝင်စားလာတယ်ဆိုတာ ရှင်သိလား"



ဖုန်းယီ မျက်မှောင်ကုပ်သွားသည်။

"ကျုပ်ကို စိတ်ဝင်စားတယ် ဟုတ်လား"

ဟွေ့မုံက သူ့အား အကဲခတ်ကြည့်ယင်း...

"သည်လိုပါ ရှင့်ကို ကျွန်မစိတ်ဝင်စားတယ်ဆိုတာ ဥပမာ ရှင်က ဘယ်သူလဲ၊ ဘယ်ကရောက်လာတာလဲ၊ ရှင့်ရဲ့သိုင်းပညာဟာ ဘယ်ဂိုဏ်း ဘယ်အဖွဲ့ကလဲဆိုတာတွေပေါ့"

ဖုန်းယီ သက်ပြင်းချလိုက်သည်။

"ကျုပ်ကတော့ အိမ်ယာမရှိ၊ ခြေသလုံးအိမ်တိုင်သွားလာနေတာဖြစ်တယ်၊ ဒါကြောင့် ခင်ဗျားမေးတဲ့စကားကို ကျုပ် ဘယ်လိုဖြေရမှန်းတောင် မပြောတတ်ပါဘူးဗျာ"

ဟွေ့မုံက ပြုံးလိုက်လေသည်။

"မင်းက အသက်ငယ်ငယ်နဲ့ ဘဝအတွေ့အကြုံ တော်တော်ရင့်ကျက်ပုံရတယ်"

ဖုန်းယီက ခေါင်းညိတ်လိုက်သည်။

"သည်လိုရှိပါတယ်ဗျာ၊ တချို့လူတွေဟာ တစ်လအတွင်းမှာ တွေ့ကြုံခဲ့ရတဲ့ အကြောင်းအရာဟာ သာမန်လူတစ်ယောက်ရဲ့ တစ်သက်တာတွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံထက်ပိုပြီး များနေလို့ပါ"

ဟွေ့မုံက ပြုံးလိုက်သည်။

"ထားပါတော့လေ၊ ရှင့်နာမည်ကိုတော့ ပြောပြနိုင်လိမ့်မယ်လို့ထင်ပါတယ်"

ဖုန်းယီက အနည်းငယ် စဉ်းစားလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည်က ဖန်းယီလို့ခေါ်ပါတယ်"

ဟွေ့မှုံသည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဘယ်လို ဖန်းယီဟုတ်လား"

"ဟုတ်ပါတယ်၊ သည့်နာမည်က မင်္ဂလာမရှိဖြစ်နေလို့လား"

ဟွေ့မှုံက ရယ်မောလိုက်သည်။

"မဟုတ်ရပါဘူး၊ ဖန်းယီဟာ ဖန်းယီအသွင်ကိုလာပို့တာကို အံ့သြမိလို့ပါ"

ဖန်းယီ က ပြုံးလိုက်သည်။

"လောကပေါ်မှာ လူတူမရှားဘူး နာမည်တူမရှားပါဘူး"

ဟွေ့မှုံသည် သူ့အားစိုက်ကြည့်လိုက်ပြီး...

"ရှင်ဟာ သေဆုံးသွားတဲ့ ဖန်းယီမဟုတ်ဘူးဆိုတာ သေချာတယ်နော်"

ဖန်းယီက ရယ်မောလိုက်သည်။

"ခင်ဗျားက ကျုပ်ကို တစ္ဆေသရဲလို့ ထင်နေသလား"

ဟွေ့မှုံက ပြုံးလျက်...

"ရှင့်ကို ကျွန်မတွေ့တွေ့ချင်းပဲ သရဲဆန်တယ်လို့ ထင်နေတာ"

ဖန်းယီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

ဟွေ့မှုံက ဆက်ပြောသည်။

"ရှင့်ကို ပထမတွေ့တွေ့ချင်းပဲ ရှင်က ကျွန်မနောက်မှာရှိ



တဲ့ မိန်းကလေးကို စိုက်ကြည့်နေတာတွေ့ရတယ်၊ သူ့ကို ရှင်သိလို့လား"

ဖန်းယီက ထစ်ထစ်ငေါ့ငေါ့ဖြင့်...

"သူ...သူက ဘယ်သူလဲ"

ဟွေ့မှုံက ပြုံးပြလိုက်သည်။

"ရှင်က မလိမ္မာလိုက်တော့ ရှင်ဟာ အားလုံးက သေဆုံးသွားတယ်လို့ ထင်ခဲ့တဲ့ ဖန်းယီပါ"

ဖန်းယီက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ ခင်ဗျား လူမှားနေပြီ"

ဟွေ့မှုံက ရယ်မောလိုက်သည်။

"ရှင်နားလည်ဖို့က အခုအချိန်အထိ လောကပေါ်မှာ ဘယ်သူကမှ ကျွန်မကိုလိမ်ရဲမှာမဟုတ်ပါဘူး"

ဖန်းယီက ခေါင်းညိတ်လိုက်သည်။

"ကျုပ် ယုံပါတယ်ဗျာ၊ လောကပေါ်မှာ ဘယ်သူကမှ ခင်ဗျားကို လိမ်ရဲမှာမဟုတ်ပါဘူး"

ဟွေ့မှုံက ပြုံးလိုက်သည်။

"ရှင်ကော"

ဖန်းယီက ဦးညွှတ်လိုက်သည်။

"ကျုပ်လည်း လူသားတစ်ယောက်ပဲ ခင်ဗျားကို လိမ်ချင်ပါ့မလား"

ဟွေ့မှုံက ကျေနပ်စွာ ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် မဆိုးဘူး"

သူမသည် လက်ခုပ်တစ်ချက်တီးလိုက်ရာ မိန်းကလေးတစ်ယောက်သည် အမှောင်ကွယ်ရာမှ လှမ်းထွက်လာလေသည်။

ဖန်းယီသည် ထိုမိန်းကလေးအားတွေ့မြင်လိုက်သည်နှင့် တစ်ကိုယ်လုံး တုန်ခါသွားလေသည်။

ဟွေ့မုံက သူ့အား အကဲခတ်ကြည့်ယင်း ထိုမိန်းကလေးအားညွှန်ပြလိုက်သည်။

"သူ့ကို ရှင်သေသေချာချာ ကြည့်စမ်း၊ ရှင်မှတ်မိသလား"

ဖန်းယီ ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

ယင်းစကားသုံးလုံးသည် ဓားသုံးလက်ပမာ မိမိအသည်းနှလုံးသို့ ထိုးသွင်းလိုက်သည်ဟု ခံစားလိုက်ရလေသည်။

သူ၏ဘဝတစ်သက်တာတွင် အချစ်ဆုံးသော ချစ်သူနှင့်အတူ လက်တွဲ၍လျှောက်ရမည့် ဘဝကြင်ဖော်ဖြစ်သော ပိုက်မူအားယခုကဲ့သို့ ပြောလိုက်ရခြင်းမှာ သူ၏အသည်းနှလုံးများသည် မည်မျှနာကျင်မည်ကို ဖော်ပြရန်လိုမည် မထင်တော့ပါ။

ဟွေ့မုံသည် ပိုက်မူဘက်သို့ လှည့်လိုက်သည်။

"ညည်းက သူ့ကိုသိသလား"

ပိုက်မူက ဟန်မပျက်ရောကင်းမဲ့စွာဖြင့်....

"မသိဘူး"

သူမ၏စကားလုံးသည် မြှားသုံးစင်းပမာ ဖန်းယီ၏အ



သည်းနှလုံးထဲသို့ ဖောက်ဝင်သွားလေသည်။

ဟွေ့မုံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူကပါ မင်းကိုမသိဘူးလို့ပြောယင် မင်းဟာ သေသွားတဲ့ဖန်းယီမဟုတ်ဘူးဆိုတာ သေချာပါပြီ၊ နောက်ပြီး လူတစ်ယောက်ဟာ သူ့ရဲ့ဇနီးလောင်းက မသိဘူးလို့ အပြောခံရတဲ့နောက် အသက်ရှင်နေပေမယ့် သေတာနဲ့ဘာထူးမှာလဲ"

ဖန်းယီသည် ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားနေရသော်လည်း သူ၏မျက်နှာမှာမူ ပြုံးနေ၏။

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားပြောတာ သိပ်မှန်ပါတယ်"

ပိုက်မူသည် အသင့်ပါလာသော အရက်ဗူးအား လှမ်းပေးလိုက်သည်။

"ကဲ ကျွန်မက ရှင့်အပေါ် သံသယဖြစ်တာတွေကို ရှင်းသွားပါပြီ၊ အရက်သောက်လိုက်ပါဦး"

"ဟုတ်ကဲ့"

ဖန်းယီသည် အရက်ဗူးကို လှမ်းယူလိုက်ပြီး အရက်များကိုအားရပါးရ မော့ချလိုက်လေတော့သည်။

အရက်များသည် လည်ချောင်းထဲမှတစ်ဆင့် ဝမ်းဗိုက်ထဲသို့ရောက်သွားသောအခါ သူ၏ဦးခေါင်းတစ်ခုလုံးသည် မူးဝေလာသောသည်။

သူ၏ခြေလှမ်းများမှာလည်း မမှန်နိုင်တော့ဘဲ ယိမ်းယိုင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်….

အမှောင်ထုထဲမှ လူ့အကော်များများ ထွက်ပေါ်လာသည်ကိုပိုးတဝါး မြင်တွေ့လိုက်ရလေသည်။

သူ၏နားထဲမှာလည်း ဖေဖွ့မုံ၏စကားသံကို သဲ့သဲ့ကြားလိုက်ရလေသည်။

"သည်မှာရှင့်…အခု ရှင်တို့တွေ့ရတဲ့ ဖန်းယီဟာ ခေါင်းဆောင်ကြီးရဲ့သား ဖန်းယီမဟုတ်ဘဲ အခုမှစပြီး သိုင်းလောကထဲကို ခြေချမယ့်လူငယ်တစ်ယောက်ဖြစ်တယ်ဆိုတာ ရှင်တို့ယုံကြည်ကြပြီမဟုတ်လား"

ထိုစကားလုံးများသည် ဖန်းယီ နောက်ဆုံးကြားလိုက်ရသောစကားများ ဖြစ်သည်။

သူ၏ရင်ထဲ၌ ဖေဖွ့မုံအပေါ် ဖော်မပြနိုင်သော ကျေးဇူးတင်သည့်စိတ်များ ပေါ်ပေါက်လာလေသည်။

ထို့နောက်…

သူက လုံးဝ သတိမေ့သွားလေတော့သည်။

♣ ♣ ♣



ဖန်းယီ အိပ်ရာနိုးလာသောအခါ ပိုက်မူ၊ ဖေဖွ့မုံနှင့် အခြားသော လူစုတို့သည် ပျောက်ချင်းမလှ ပျောက်နေသည်ကို သတိပြုမိလိုက်လေသည်။

သူသည် ကိုက်ခဲနေသောခေါင်းကို အသာ ခါယမ်းလိုက်ပြီး ထထိုင်လိုက်လေသည်။

သူသည် ထထိုင်လိုက်တော့မှ အဖြူရောင်ဝတ်ဆင်ထားသောမိန်းကလေးတစ်ယောက်အား တွေ့ရှိရလေသည်။

ထိုမိန်းကလေးမှာ ကြိုးဝါး၏သမီးငယ် ကြိုးလင်းပင်ဖြစ်လေသည်။

ယခုမှ သူသည် ပြန်လမ်းမှုံခြံဝင်းအတွင်း၌ရှိနေသည်ကို ရိပ်စားမိလိုက်လေသည်။

ကြိုးလင်းသည် သူ့ထံသို့လျှောက်လာပြီး ဒူးထောက်လိုက်သည်။

"ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ရှင်သွားယင် ကျွန်မပါခေါ်သွားပါ"

ဖန်းယီက မျက်မှောင်ကုပ်သွားသည်။

"ကျုပ်ကို မင်းသိလို့လား"

ကြိုးလင်းက ခေါင်းညိတ်လိုက်သည်။

"သိတာပေါ့ရှင်"

ဖန်းယီ ရင်ထိတ်သွားသည်။

"ဒါဖြင့် ပြောစမ်း၊ ကျုပ် ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဖန်းယီလေ"

ဖန်းယီသည် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

"အေး..ဟုတ်တယ်၊ ဒါပေမယ့် ခေါင်းဆောင်ကြီးဖန်းဟုရဲ့သား မဟုတ်ဘူး"

ကြိုးလင်း၏မျက်လုံးအစုံတွင် မျက်ရည်များ စီးဆင်းကျလာလေသည်။

"ရှင့်ကို ကျွန်မသိပါတယ်ရှင်၊ ရှင့်မျက်လုံးဟာ အလွန်ရဲရင့်ပြီး ရိုးသားတည်ကြည်တယ်ဆိုတာ ကျွန်မ မှတ်မိပါတယ်"

ဖန်းယီက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"မိန်းကလေး မင်းမှားနေပြီ၊ ကျုပ်က မင်းထင်တဲ့ ဖန်းယီမဟုတ်ဘူး"

ကြိုးလင်း ခေါင်းငုံ့ထားလိုက်သည်။

"ရှင့်ရဲ့မျက်နှာ ပြောင်းလဲသွားပေမယ့် ရှင့်မျက်လုံးကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး၊ ရှင်ဟာ ဖန်းယီမှဖန်းယီ အစစ်ပါ"

ဖန်းယီက ဆက်၍မငြင်းလိုတော့ပါ။

သူသည် အတန်ကြာ စဉ်းစားတွေဝေပြီးမှ...

"မင်း ငါ့နောက်လိုက်လာယင် ဒုက္ခ အန္တရာယ်နဲ့ရင်ဆိုင်ရမယ်ဆိုတာ မင်းသိပါတယ်"

ကြိုးလင်းက ဖန်းယီ၏လက်ကို ဆွဲထားလိုက်သည်။

"ရှင်တစ်ယောက်လုံး ရှိသားပဲ၊ ကျွန်မ စိတ်ချပါတယ်"

ဖန်းယီက သက်ပြင်းတစ်ချက် ချလိုက်သည်။



"ကောင်းပြီလေ၊ ဒါပေမယ့် ကျုပ်ကိုယ်ကျုပ်တောင်မှ စိတ်မချရဘူးဗျ"

ကြိုးလင်းက ပြုံးလိုက်သည်။

"ရှင်က ကျွန်မအပေါ်မှာ စေတနာရှိတယ်ဆိုတာ ကျွန်မ ယုံပြီးသားပါ"

ဖန်းယီသည် ခုတင်ပေါ်မှဆင်းလိုက်ပြီး ကြိုးလင်း၏လက်ကိုဆွဲကာ ထိုအခန်းထဲမှ ထွက်လာလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီ၏အသုဘသည် သင်္ဂြိုဟ်ပြီးဖြစ်သည်။

စုရုံးရောက်ရှိလာကြသော သူများမှာလည်း အသီးသီးပြန်တုန်ကြပြီဖြစ်သောကြောင့် ပြန်လမ်းမဲ့ခြံဝင်းတစ်ခုလုံးမှာ တိတ်ဆိတ်ရှိနေသည်။

ဖန်းယီသည် ကြံ့ုးလင်း၏လက်ကိုဆွဲကာ သတင်္ကြီးစွာဖြင့် လှမ်းထွက်လာသည်။

သူသည် ပြန်လမ်းမဲ့ခြံဝင်းမှ ထွက်ခွာလာသောအခါ စိတ်သက်သာရာရသွားလေသည်။

ယခု သူသည် မည်သည့်နေရာသို့ သွားရမည်နည်း။

ယင်းသို့ တွေးယင်း ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လာရာ အတန်ကြာလျှောက်မိသောအခါ ရုတ်တရက် လူငါးယောက်က သူ့အား ဟန့်တားထားလေသည်။

"ဟေ့…ရပ်လိုက်"

ဖန်းယီက လှမ်းကြည့်လိုက်ရာ ရှေ့ဆုံးမှလျှောက်လာသော သူမှာ ရိုလိုမင်ဖြစ်သည်။

သူ့နောက်တွင် စုကွမ်း၊ ယင်ချမ်း၊ စန်းမောင်နှင့်မင်းဖုန်းတို့ လိုက်ပါလာ၏။

ရိုလိုက သူ့အားစေ့စေ့ကြည့်လိုက်သည်။

"ဖန်းယီဆိုတာ မင်း ဟုတ်လား"

ဖန်းယီက အေးတိအေးစက်ဖြင့်…

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာကိစ္စ



များရှိပါသလဲ"

ရိုလိုက ရယ်မောလိုက်သည်။

"မင်းရဲ့သိုင်းပညာ မဆိုးဘူးလို့ကြားတယ်၊ ဒါကြောင့် မင်းရဲ့သိုင်းပညာကို သိချင်လို့ဆိုပါတော့"

ဖန်းယီ ရယ်မောလိုက်သည်။

"ခင်ဗျားတို့ရဲ့သဘောကို ကျုပ်နားလည်ပါတယ်ခင်ဗျား၊ ကျုပ်ဟာ သေသွားတဲ့ဖန်းယီ ဟုတ်မဟုတ်ဆန်းစစ်ကြည့်ရအောင် ကျုပ်ရဲ့သိုင်းကွက်ကို ကြည့်မလို့ဟုတ်လား"

ရိုလိုက ပြုံးလိုက်သည်။

"ဟုတ်တယ်၊ သိုင်းလောကမှာ ရုပ်ဖျက်တဲ့ပညာ တော်တော် အဆင့်မြင့်လာပြီ မဟုတ်လား"

ဖန်းယီက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ် ရုပ်ဖျက်ထားတယ်၊ မထားဘူးဆိုတာ ခင်ဗျားတို့ ကြည့်ယင် သိမှာပေါ့ဗျာ"

ရိုလိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် သိုင်းကွက်ကို ဆန်းစစ်တာက ပိုပြီးသေချာလို့ပါ"

ဖန်းယီက မျက်မှောင်ကုပ်သွားသည်။

"ဒါနဲ့နေပါဦး၊ သေသွားတဲ့ ဖန်းယီကို ခင်ဗျားတို့က ဘာကြောင့် ဒါလောက်တောင် အခဲမကြေဖြစ်နေရတာလဲ"

ရိုလို၏မျက်နှာသည် ကွက်ခနဲ ပျက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်မှာ စကားမရှည်နဲ့၊ မင်းရဲ့သိုင်းကွက် မပြရျင်ဘူးဆိုယင် မင်းအသက်သေဖို့သာပြင်ပေတော့"

သူသည် ပြောယင်းလက်ထဲမှဓားဖြင့် လျှပ်တပြက် တိုက်ခိုက်လိုက်လေသည်။

ဖန်းယီက ကမန်းကတန်း ရှောင်တိမ်းလိုက်လေသည်။

သူသည် အကြီးအကျယ် အခက်အခဲတွေ့နေရလေသည်။

သူသည် မိမိ၏သိုင်းကွက်ဖြင့် ပြန်လည်တိုက်ခိုက်လျှင် မိမိမှာဖန်းယီအစစ်ဖြစ်ကြောင်း ရန်သူများက သိသွားနိုင်သည် မဟုတ်ပါလော။

သူသည် ယင်းသို့စဉ်းစားနေစဉ်မှာပင် ရိုလို၏ဒုတိယသိုင်းကွက်ဖြင့် ထပ်မံတိုက်ခိုက်လိုက်ပြန်သည်။

ထိုစဉ်မှာပင်...

"ချွမ်း"

ဟူသောအသံတစ်သံ ထွက်ပေါ်လာလေသည်။

ကြိုးလင်းသည် ရိုလို၏ဓားကို ဘေးသို့ရိုက်ထုတ်လိုက်ပြီး ဖန်းယီ၏ရှေ့၌ရပ်၍ အကာအကွယ်ပြုထားလိုက်လေသည်။

ရိုလိုက မျက်မှောင်ကုပ်သွားလေသည်။

"မိန်းကလေး မင်းနဲ့မဆိုင်ဘူး လာမရှုပ်နဲ့"

ကြိုးလင်းက ရယ်မောလိုက်သည်။

"ကျွန်မရဲ့အဖေဟာ လူတော်တော်သတ်ခဲ့တယ်၊ ကျွန်မရဲ့အစ်မကလည်း မကြာခဏ လူသတ်ဖူးတယ်၊ ကျွန်မက လူကိုသတ်ဖို့ဝါသနာမပါပေမယ့် ကျွန်မရှေ့မှာ အကြောင်းမဲ့လူသတ်တာကိုတော့ ကျွန်မ လက်မခံဘူး"



သူမသည် ယင်းသို့ပြောယင်း လက်ထဲမှဓားနှစ်လက်ဖြင့် ဓာ့ယမ်းကာ ရိုလိုအား တိုက်ခိုက်လိုက်လေသည်။

သူမ၏ဓားသိုင်းသည် အလွန်ရက်စက်ကြမ်းကြုတ်ပြီး ထက်မြက်လှပေသည်။

စုကွမ်းသည် ဓားပညာရှင်တစ်ယောက် ဖြစ်သည်။

သူသည် ကြိုးလင်း၏တိုက်ကွက်ကို တွေ့မြင်လိုက်သည်နှင့် မျက်မှောင်ကုပ်သွားလေသည်။

ကြိုးလင်းက တိုက်ခိုက်ရာမှ ရပ်တန့်လိုက်သည်။

"ကျွန်မတတ်ထားတဲ့ တိုက်ကွက်တွေဟာ အလွန်ရက်စက်တယ်လို့ လူအများက ပြောကြတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူးလေ၊ ကျွန်မက အခြားတိုက်ကွက်မှ နားမလည်ဘဲ"

ရိုလိုသည် သူမအား အတန်ကြာ ကြည့်လိုက်ပြီး တစ်ဖန် ဖန်းယီအား ကြည့်လိုက်သည်။

ထို့နောက်...

စကားတစ်ခွန်းမျှ မပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွားလေသည်။

ကျန်ရှိသော လူများမှာလည်း သူ့နောက်သို့ လိုက်သွားကြကုန်လေ၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကြိုးလင်းသည် သူမ၏မားနှစ်လက်အား သိမ်းဆည်းလိုက်ပြီး ဖြစ်သည်။

သူမသည် ဖန်းယီအား တစ်ချက်ပြုံးပြလိုက်ပြီး…

"ကဲ ကျွန်မတို့လည်း သွားကြပါစို့"

ဖန်းယီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငါက မင်းကို ကာကွယ်ပေးရမယ်လို့ ထင်နေတာ၊ အခုတော့ မင်းက ငါ့ကိုပါ ပြန်ပြီး ကာကွယ်ပေးနေရပါလားဗျ"

ကြိုးလင်းက ပြုံးလိုက်သည်။

"ဒါတွေ ပြောမနေပါနဲ့တော့၊ တော်ကြာ သူတို့လူတွေ တွေ့ယင် ခက်မယ်"

သူမသည် ယင်းသို့ ပြောပြီး ဖန်းယီ၏လက်ကို ဆွဲကာ ဆက်လက်လျှောက်သွားလေတော့သည်။

♣ ♣ ♣



ဤနေရာသည် မြို့အပြင်ရှိ သေးငယ်သော တည်းခိုခန်းတစ်ခု ဖြစ်သည်။

တည်းခိုခန်း၏နောက်ဘက်တွင် ရေကန်တစ်ခု ရှိသည်။

ထိန်ထိန်လင်းနေသော လရောင်များသည် ရေပြင်ပေါ်သို့ ထိုးကျနေသဖြင့် ဝင်းလက်၍ ကြည်နူးဖွယ်ရာ ကောင်းလှပေသည်။

ဖန်းယီသည် ရက်ပေါင်းကြာမြင့်စွာ ငြိမ်ငြိမ်သက်သက် အေးအေးဆေးဆေး မနေနိုင်ခဲ့ပါ။

ယခု သူသည် ယင်းကဲ့သို့ လှပသော ည၏ ရှုခင်းကို တွေ့မြင်လိုက်ရသဖြင့် အလွန်စိတ်ချမ်းသာသွားလေသည်။

သူသည် အိပ်မပျော်၍ ခြေဦးတည့်ရာ လျှောက်သွားစဉ် ရုတ်တရက် ကိုယ်ကျပ်အကျီအနက်ရောင်ဝတ်ပြီး မျက်နှာဖုံးစွပ်ထားသော လူလေးယောက်သည် ဓားကိုယ်စီဖြင့် သူ့အား ဝိုင်းရံတိုက်ခိုက်လိုက်လေသည်။

ယင်းဓားလေးလက်သည် မြွေဟောက်လေးကောင်ပမာ ရက်စက်ကြမ်းကြုတ်လှပေသည်။

ဖန်းယီသည် ရင်ထိတ်သွားသည်။

သူသည် ရှောင်တိမ်းရန် အချိန်မရှိတော့သဖြင့် မြေပေါ်သို့ ဝပ်ချလိုက်ပြီး လိမ့်၍ ရှောင်တိမ်းလိုက်ရလေသည်။

သို့သော်…

သူ့ကိုယ်ပေါ်မှ အကျီများသည် အပိုင်းပိုင်း အစစ ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကမန်းကတန်း ထလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူများသည် တအားဖိ၍ တိုက်ခိုက်လာရာ ဖန်းယီသည် ဟိုဟိုသည်သည် ရှောင်တိမ်းနေရလေသည်။

သူသည် ပြန်လည်ခုခံခြင်း မပြုသည့်အတွက် ထိုလူများက သူ့အပေါ် ပို၍ သံသယ ဖြစ်လာလေသည်။

ထိုလူလေးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန် ရှိသောလူက မဲ့ပြုံးပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အတုဖြစ်ဖြစ် အစစ်ဖြစ်ဖြစ် သတ်လိုက်တာ ရှင်းတယ်"

အခြားလူတစ်ယောက်က ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ လူမှားသတ်မိယင် သတ်မိပါစေ၊ သူ့ကိုတော့ အလွတ်မပေးတာ ကောင်းတယ်"

ဖန်းယီက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့ ဘယ်သူလဲဆိုတာ ဘာဖြစ်လို့ မပြဝံ့တာလဲ၊ ဘာလဲ ကျူပ်ကို ကြောက်နေလို့လား"

ထိုအနက်ရောင်ဝတ်ဆင်ထားသူက မဲ့ပြုံးပြုံးလိုက်ပြီး...

"စကားမများနဲ့၊ သေဖို့သာ ပြင်ထားပေတော့"

သူ၏စကားဆုံးသွားသည်နှင့် ဓားလေးလက်သည် ဖန်းယီထံသို့ လျှပ်တပြက် တိုက်ခိုက်လိုက်လေသည်။

ဖန်းယီက ခုခံခြင်းမပြုလျှင် ထိုဓားလေးလက်၏ လက်



ချက်ဖြင့် သေဆုံးရမည်သာ ဖြစ်သည်။

ထိုစဉ်မှာပင် အနီရောင်ဖျော့ဖျော့ ရှိသော နှင်းမှုန်ချပ်များသည် လေနှင့်အတူ သူတို့ထံသို့ လွင့်ပျံလာလေသည်။

အနက်ရောင်ဝတ်ဆင်ထားသော သူများသည် ထိုအနီရောင်ဖျော့ဖျော့ရှိသော နှင်းမှုန်များအား တွေ့မြင်လိုက်သည်နှင့် သူတို့သည် တိုက်ခိုက်ရာမှ ကမန်းကတန်း ရပ်တန့်လိုက်လေသည်။

သူတို့၏မျက်လုံးများတွင် ကြောက်ရွံ့တုန်လှုပ်သည့် အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

သူတို့သည် ပြိုင်တူ နောက်ဆုတ်လိုက်ပြီး ထိုနေရာမှ ပြိုင်တူ ပြေးလွှားသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီသည် ကြောင်အမ်းအမ်းဖြင့် ငေး၍ ကြည့်နေ၏။

ထိုအနက်ရောင်ဝတ်ဆင်ထားသော လူများက အဘယ်ကြောင့် ထိတ်လန့်၍ ဆုတ်ပြေးသွားကြရပါသနည်း။

သူသည် အမှောင်ထုဘက်သို့ လှည့်လိုက်ပြီး…

“ကျုပ်ကို ဘယ်သူကလာပြီး ကူညီပါသလဲ ခင်ဗျာ”

သို့သော်…

မည်သို့မျှ တုံ့ပြန်မှုကို မတွေ့ရပါ။

ရုတ်တရက် သူ့နောက်မှ ခြေသံကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ မိန်းကလေးတစ်ယောက် သူ့ထံသို့ လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုမိန်းကလေး၏မျက်နှာတစ်ခုလုံးမှာ သွေးရောင် မရှိပါ။

သေးသွယ်သော မျက်ခုံးမွေးအစုံသည် ကုပ်ထား၏။

သူမ၏လှပသော မျက်ဝန်းအစုံမှာလည်း ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ လွှမ်းမိုးနေလေသည်။

ဖန်းယီသည် ထိုမိန်းကလေးအား တွေ့မြင်လိုက်ရသည်နှင့် ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရလေသည်။

ထိုမိန်းကလေးမှာ သူ၏ဇနီးလောင်းဖြစ်သူ ပိုက်မူပင် ဖြစ်လေသည်။

သူသည် လှုပ်ရှားနေသော စိတ်များကို ထိန်းချုပ်လိုက်ရသည်။

“ခင်ဗျားကို ကျေးဇူးတင်ပါတယ်ဗျာ”



ပိုက်မူက သူ့အား လက်ကာပြလိုက်သည်။

သူမသည် အေးတိအေးစက်သော အသံဖြင့်…

“ရှင်က ဘာဖြစ်လို့ ဖန်းယီလို့ နာမည်ပေးထားတာလဲ”

ဖန်းယီက ခေါင်းငုံ့ထားလိုက်သည်။

“ဒါကတော့ နာမည်တိုက်ဆိုင်နေလို့ပါ”

ပိုက်မူက ဟန်မူရာကင်းမဲ့စွာဖြင့်…

“အကောင်းဆုံးကတော့ ရှင့်နာမည်ကို ပြောင်းလိုက်ယင် ကောင်းမယ်၊ သည်နာမည်ဟာ မင်္ဂလာမရှိတဲ့ နာမည်တစ်ခု ဖြစ်တယ်၊ သည်နာမည်ကို မှည့်တဲ့လူဟာ အသက်အန္တရာယ် ဖြစ်လောက်တဲ့အထိ ဒုက္ခရောက်သွားနိုင်တယ်၊ ကျွန်မက ဝိုဏ်းချုပ်ကယ်နိုင်းလို့ ရှင့်ကို လာကယ်နိုင်ပေမယ့် ရှင့်ကို တစ်သက်လုံး ကယ်နိုင်မှာ မဟုတ်ဘူး”

ဖန်းယီသည် အတန်ကြာ တိတ်ဆိတ်နေပြီးမှ မချိပြုံးပြုံးလိုက်သည်။

“ဒါပဲလား၊ တခြားအကြောင်းရော ရှိသေးသလား”

ပိုက်မူက သူ့အား စိုက်ကြည့်လိုက်ပြီး…

“ဟုတ်တယ်၊ တခြား အကြောင်းတစ်ခု ရှိသေးတယ်ရှင့်”

သူမသည် ချာခနဲလှည့်၍ ထွက်သွားယင်း…

“သူက သေသွားပြီ ဖြစ်တဲ့အတွက် တခြားလူက သည်နာမည်ကို ခေါ်တဲ့အသံ ကျွန်မလုံးဝ မကြားချင်ဘူး”

ဖန်းယီက ပခုံးတစ်ချက် တွန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲဗျာ၊ ကျုပ်ကလဲ သည်နာမည်ကိုမှ တိုက်တိုက်ဆိုင်ဆိုင်လာပြီး မှည့်မိတယ်"

ပိုက်မူက အေးတိအေးစက်ဖြင့်...

"ရှင်က သည်နာမည်နဲ့ မတန်ဘူးရှင့်"

သူမသည် ယင်းသို့ ပြောပြီး အမှောင်ထုထဲသို့ ဝင်သွားပြီးလျှင် ပျောက်ကွယ်သွားလေသည်။

♣ ♣ ♣

ဖန်းယီသည် မလှုပ်မယှက် ရပ်နေ၏။

ပိုက်မူသည် မိမိအပေါ် ဤမျှ သစ္စာရှိနေသည်ကို တွေ့ရှိရသဖြင့် ဝမ်းသာသွားသည်။

သို့သော်...

သူသည် မိမိ မသေသေးကြောင်း ထုတ်ဖော်မပြောနိုင်သည်ကို ဝမ်းနည်းမိလေသည်။

အတန်ကြာ ငေးမောပြီးမှ လေးလံသော ခြေလှမ်းများဖြင့် ဆက်၍ လျှောက်သွားလေသည်။

♣ ♣ ♣



ကြယ်ကလေးများသည် တစ်စထက်တစ်စ ပျောက်ကွယ်သွားပြီ ဖြစ်သည်။

လခြမ်းကလေးသည် မထင်မရှားဖြင့် မိုးကုတ်စက်ဝိုင်းသို့ ငုပ်လျှိုးသွားပြီ ဖြစ်လေသည်။

အရှေ့ဘက် မိုးကုတ်စက်ဝိုင်းမှ အလင်းရောင်များသည် တစ်စထက်တစ်စ အားကောင်းလာနေ၏။

ဖန်းယီသည် ငိုင်တိငိုင်တိုင်ဖြင့် လျှောက်နေသည်။

သူသည် မည်မျှကြာအောင် လျှောက်နေမိမှန်းမသိ။

မကြာပါချေ။

သူသည် တောအုပ်တစ်ခုထဲသို့ ရောက်ရှိနေသည်ကို သတိပြုမိလိုက်လေသည်။

နံနက်ခင်း၏နှင်းများသည် ဝန်းကျင်တစ်ခုလုံးအား ဓာပဝါဖြင့် လွှမ်းခြုံထားသည့်အလား အရာရာကို ဝိုးတဝါး အဖြစ်သို့ တွေ့ရှိရလေသည်။

ရုတ်တရက် တောအုပ်ထဲသို့ လူတစ်ယောက်က ယိမ်းယိုင်စွာ ဝင်ရောက်လာသည်။

ထိုလူ၏ခန္ဓာကိုယ်သည် သေးသေးသွယ်သွယ် ဖြစ်သည်။

ဆံကေသာနှင့် မုတ်ဆိတ်မွေးများလည်း ဖြူဖွေးနေ၏။

သူ၏မျက်နှာပေါ်တွင် လှို့ဝှက်ဆန်းကြယ်သော အပြုံးရောင် သန်းနေ၏။

ဖန်းယီသည် ထိုလူအား မြင်ဖူးသည်ဟု စိတ်ထဲ၌ ထင်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော်...

မည်သည့်နေရာ၌ မြင်ဖူးခဲ့သည်ကိုမူ မမှတ်မိတော့ချေ။

ထိုလူသည် ဖန်းယီအား တွေ့မြင်လိုက်သည်နှင့် သူ့လက်ထဲမှ ကိုင်ဆောင်ထားသော ပန်းချီကားချပ်အား မြှောက်ပြလိုက်လေသည်။

"သူငယ်၊ မေးတာသည်မှာ ကြည့်စမ်း၊ ကျုပ် ဘာတွေ ရေးဆွဲထားသလဲဆိုတာ သိသလား"

ပန်းချီကားချပ်ပေါ်၌ စုတ်တံများဖြင့် မရေမရာ ရေးခြယ်ထားသည်ကို တွေ့ရသည်။

ထိုပန်းချီကားချပ်အား မြှို၍ ကြည့်လိုက်လျှင် တောင်တန်းတစ်ခု ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

သို့မဟုတ် တိမ်တိုက်တိမ်လိပ်များဟုလည်း ဆိုနိုင်လေသည်။

သေသေချာချာ ကြည့်လိုက်လျှင် မှင်အိုးမှ မင်ရည်များ ပန်းချီကားချပ်ပေါ်သို့ မှောက်ထားသည်နှင့် တူလှပေသည်။

ဖန်းယီက ခေါင်းခါယမ်းလိုက်သည်။

"ဘာမှန်းမသိဘူးဗျ"

အဘိုးအိုက စိတ်ပျက်သွားသည်။

"မင်းက အနုပညာကိုမှ နားမလည်ဘဲကိုး၊ ကျုပ်ရေးဆွဲထားတာက မင်းမျက်စိရှေ့က တောင်တန်းကွ"

ဖန်းယီသည် အဘိုးအို ညွှန်ပြသော တောင်တန်းအား လှမ်းကြည့်လိုက်သည်။



တစ်ဖန် ပန်းချီကားချပ်အား ကြည့်လိုက်ပြန်လေသည်။

ထိုပန်းချီကားချပ်မှ ရေးဆွဲထားသော အရာများသည် သူ တွေ့မြင်နေရသည့် တောင်တန်းနှင့် အနည်းငယ် ဆင်နေသည်ဟု တွေ့မြင်လိုက်ရလေသည်။

သူသည် ပန်းချီလက်ရာ အလွန်ညံ့ဖျင်းသော အဘိုးအိုအား မရယ်မိရန် ထိန်းချုပ်ထားလိုက်ရလေသည်။

အဘိုးအို စိတ်ကျေနပ်စေရန် ခေါင်းညိတ်ပြလိုက်သည်။

အဘိုးအိုသည် ရုတ်တရက် အားရပါးရ ရယ်မောလိုက်လေသည်။ ဖန်းယီက အံ့သြသွားသည်။

"ခင်ဗျား ဘာဖြစ်လို့ ရယ်နေတာလဲဗျာ"

အဘိုးအိုက လက်ခုပ်လက်ဝါးတီး၍ ရယ်မောယင်း...

"ကျုပ်အောင်မြင်ပြီကွ..အောင်ပြီကွ"

ဖန်းယီက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘာတွေ အောင်မြင်တာလဲ"

အဘိုးအိုက သူ၏ပန်းချီကားချပ်အား မြှောက်ပြလိုက်လေသည်။

"ကျုပ်ရဲ့ပန်းချီပညာ အောင်မြင်ပြီလေ၊ ပန်းချီရဲ့ အနှစ်အရသာကိုလဲ ကျုပ်နားလည်သဘောပေါက်လာပြီဗျ"

ဖန်းယီသည် ထိုမရေမရာ ရေးဆွဲထားသော ပန်းချီကားချပ်အား ကြည့်ပြီး ရယ်မောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ၊ သည်ပန်းချီကားမျိုးကို ရေးဆွဲတာဟာ ပန်းချီပညာရဲ့ အနှစ်သာရ ရတယ်လို့ ဘယ်လို ပြောနိုင်မှာလဲဗျ"

အဘိုးအိုက ရယ်မောလျက်...

"ဟောသည်မှာကြည့်၊ ကျုပ် ပန်းချီကားချပ်ထဲမှာ တောင်တန်းကို ရေးဆွဲထားသော်လည်း တောင်တန်းနဲ့ မတူဘူး၊ ဒါပေမယ့် မင်းကို သေသေချာချာ ကြည့်ခိုင်းတဲ့အခါမှာ တောင်တန်းနဲ့ တူပါတယ်လို့ မင်းက လက်ခံတယ်၊ သည်ပန်းချီကားကို ကျုပ်က တောင်တန်းနဲ့ ပီပီပြင်ပြင် ရေးဆွဲထားခြင်း မရှိသော်လည်း တောင်တန်းဆိုတာ ပြောလို့ရတယ် မဟုတ်လား"

ဖန်းယီက အနည်းငယ် စဉ်းစားလိုက်သည်။

အဘိုးအို၏စကားသည် စဉ်းစားဖွယ်ရာကောင်းသည်ဟု ရိပ်စားမိလိုက်လေသည်။ အဘိုးအိုက စကားဆက်လိုက်သည်။

"ရှင်းရှင်းပြောရမယ်ဆိုယင် ကျုပ်ရဲ့ ပန်းချီကားကို တခြားလူက နားမလည်ပေမယ့် ကျုပ်ရဲ့အမြင်မှာတော့ ကျုပ်ဆွဲထားတဲ့အရာကို နားလည်ထားရတယ်၊ ဥပမာ ဟောသည် ပန်းချီကားချပ်ကို ကျုပ်က တောင်တန်းလို့ ရေးဆွဲထားယင် ကျုပ်ရဲ့စိတ်ထဲမှာ သည်ပန်းချီကားဟာ တောင်တန်းပဲ ဖြစ်ရမယ်၊ တခြားလူက မသိပေမယ့် ကျုပ်ရင်ထဲမှာ နားလည်သိထားယင် လုံလောက်ပါပြီ"

သူသည် ယင်းသို့ ပြောပြီး အားရဝမ်းသာစွာဖြင့် ထိုနေရာမှ ထွက်ခွာသွားလေသည်။

♣ ♣ ♣



ဖန်းယီသည် အတန်ကြာ ငေးမော၍ တွေးတောဆင်ခြင်နေ၏။

အဘိုးအို၏စကားကို သူ၏နားထဲ၌ ကြားယောင်နေမိလေသည်။

"ကျုပ်ရဲ့ပန်းချီကားဟာ တခြားလူက နားမလည်သော်လည်း ကျုပ်ရဲ့ရင်ထဲမှာ တောင်တန်းလို့ သိထားယင် သည်ပန်းချီကားဟာ တောင်တန်းပဲ ဖြစ်ရမယ်"

တဖန် သူ၏ဖခင်ဖြစ်သူ ဖန်းဟု၏စကားများကိုလည်း ကြားယောင်မိလေသည်။

"ပုံဟန်ကိုသာ အလေးအနက်ထားရတဲ့ ဓားပညာဟာ ထိပ်တန်းဓားပညာ မဟုတ်ဘူး၊ ဘယ်ဂိုဏ်းရဲ့ ဓားပညာမျိုးမဆို သူ့ရဲ့ ဟန်ကိုသာ အသေကိုင်ထားယင်လဲ ဓားပညာညံ့သေးတယ်လို့ ဆိုရလိမ့်မယ်၊ အမှန်ပြောရယင် ထိပ်တန်းဓားပညာဟာ ဟန်ပန်မလိုဘူး မိမိစိတ်ထဲမှာ လိုအပ်တဲ့တိုက်ကွက်ကို ဘယ်ပုံသဏ္ဍာန်မျိုးမဆို အသုံးပြုပြီး တိုက်ရတယ်ကွယ့်"

ဖန်းယီသည် သူ၏ဖခင် ဖန်းဟု၏စကားနှင့် အဘိုးအို၏စကားများကို အပြန်ပြန် အလှန်လှန် စဉ်းစားဆင်ခြင်မိလေသည်။

ထိုစကားများ အနက်အဓိပ္ပါယ်များကိုလည်း လှေလားသုံးသပ်နေ၏။

အတန်ကြာသောအခါ သူသည် ရုတ်တရက် သဘောပေါက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အနီးရှိ သစ်ကိုင်းတစ်ကိုင်းအား ချိုးယူလိုက်ပြီး ဓားအဖြစ် အသုံးပြုကာ တိုက်ကွက်တစ်ကွက်ဖြင့် တိုက်ခိုက်လိုက်လေသည်။

သူ၏ရင်ထဲ၌ ဝူကျိုဂိုဏ်း၏ ဓားကွက်တစ်ကွက် ဖြစ်သော ထင်းရှူးသိုင်းကွက်ကို အာရုံပြုထားသည်။

သို့သော်...

သူတိုက်ခိုက်လိုက်သော ပုံဟန်မှာ ထင်းရှူးသိုင်းကွက်၏ပုံဟန် မဟုတ်ပါ။

သူသည် ယင်းသို့ လေ့ကျင့်တိုက်ခိုက်လိုက်သောအခါ ဓားပညာ၏အနှစ်သာရများကို ရုတ်တရက် ရရှိလိုက်လေသည်။

ဖန်းယီသည် ဝမ်းသာအားရစွာဖြင့် ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား၊ ကျူပ်သဘောပေါက်ပြီကွ"

ရုတ်တရက် မိန်းကလေးတစ်ယောက်၏ ရယ်မောသံများ ထွက်ပေါ်လာသည်။

"ရှင် ဘာတွေ သဘောပေါက်နေတာလဲ"

ကြိုးလင်းပင် ဖြစ်သည်။

ကြိုးလင်းသည် သူ၏နောက်သို့ လိုက်လာနေလေ၏။

ဖန်းယီက ရယ်မောလိုက်သည်။

♣ ♣ ♣



ဖန်းယီတို့သည် တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာလေသည်။

ကြိုးလင်းသည် သူမ၏အခန်းသို့ ဝင်သွားပြီးနောက် ဖန်းယီကလည်း အိပ်ချင်လာသဖြင့် သူ၏အခန်း ရှိရာသို့ လျှောက်သွားလေသည်။

အခန်းတံခါး တွန်းဖွင့်လိုက်သည်နှင့် သူ၏ခြေလှမ်းများသည် တန့်ကနဲ ရပ်တန့်သွားလေသည်။

အခန်းရှိ ခုတင်ပေါ်၌ လူတစ်ယောက် ဖင်ပျဉ်ခွေ၍ ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် ထိပ်မှ ဆံပင်မွေးများ လုံးဝမရှိသော်လည်း မျက်နှာတစ်ခုလုံးမှာ နီရဲနေ၏။

ထိုလူမှာ သိုင်းလောကတွင် ထိပ်တန်းလက်နက်ပုန်းပညာရှိသော အဆိပ်ဘုရင် ဝူးစွမ်း ဖြစ်လေသည်။

ဝူးစွမ်းသည် မျက်လွှာချကာ ထိုင်နေ၏။

သူ၏နံဘေး၌ လက်နက်ပုန်းဝေါင်း နှစ်ဆယ်ကျော် အစီအရီ ချထားသည်ကို တွေ့ရသည်။

ယင်းလက်နက်ပုန်းများသည် သိုင်းလောကသားများက ထိတ်လန့်ကြောက်ရွံ့ရသော အဆိပ်လက်နက်ပုန်းများပင် ဖြစ်သည်။

သူ၏ဝဲယာ တစ်ဘက်တစ်ချက်တွင် အနက်ရောင်ဝတ်ဆင် ထားသော လူနှစ်ယောက် ရပ်နေ၏။

ရှီလိုနှင့် မင်းဖုန်းတို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီက လေပူတစ်ချက် မှုတ်လိုက်သည်။

"ကျုပ်အခန်းထဲမှာ ခြေ့သည့် ရောက်နေတာကိုး"

ဝူးစွမ်းက မျက်လွှာပင့်၍ ကြည့်လိုက်သည်။

သူ၏မျက်လုံးအစုံသည် စူးရှနေသည်ဟု ထင်ရလေသည်။

"မင်းတို့ ပြောတာက သူ ဟုတ်လား"

ရိုလိုက ရှိသေစွာ ဦးညွှတ်လိုက်ပြီး...

"ဟုတ်ပါတယ်၊ သူပါပဲ"

ဝူးစွမ်းက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"သည်လိုဆို ကျုပ်က သူ့ကို စမ်းကြည့်လိုက်မယ်"

သူ၏စကားဆုံးသွားသည်နှင့် တန်းစီ၍ ချထားသော လက်နက်ပုန်းများအား သူ၏လက်ဝဲဘက်မှ လက်ချောင်းဖြင့် အသာအယာ ကောက်လိုက်လေသည်။

"ဗွိုး"

လက်နက်ပုန်းငါးခုသည် လေတိုးသံများ မြည်ဟိန်းကာ ဖန်းယီထံသို့ ပစ်လွှင့်သွားရလေသည်။

တဆက်တည်းမှာပင် သူ၏ယာဘက် လက်ချောင်းများသည် အသာအယာ ဖွေယမ်းလိုက်ရာ နောက်ထပ် လက်နက်ပုန်းငါးခု ပစ်လွှင့်သွားလေသည်။

သူ၏ခြေထောက်ကလည်း အသာအယာ ခတ်လိုက်လေသည်။

လက်နက်ပုန်းဆယ်မျိုးခန့်က ထပ်မံပစ်လွှင့်သွားလေသည်။ ထိုအဘိုးအို၏တစ်ကိုယ်လုံးမှာ လက်နက်ပုန်းများအား လိုရာသို့ ပစ်လွှင့်နိုင်စွမ်း ရှိလေသည်။



ထိုလက်နက်ပုန်းများသည် အရွယ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်နေသော်လည်း ဖန်းယီထံသို့ ပြိုင်တူ ပစ်လွှင့်လာခြင်း ဖြစ်လေသည်။

ယင်းတိုက်ခိုက်ခြင်းမျိုးသည် ထိပ်တန်းသိုင်းသမားနှစ်ဆယ်ခန့်က လေးဘက်လေးတန်မှ တိုက်ခိုက်လိုက်သည်နှင့် တူလှပေသည်။

ဖန်းယီသည် သူ့လက်ထဲ၌ အသင့်ပါလာသော သစ်ကိုင်းဖြင့် စက်ဝိုင်းပုံသဏ္ဌာန် ဝှေ့ယမ်းလိုက်သည်။

ထိုသိုင်းကွက်မှာ အကာမဲ့အနှစ်သိုင်းကွက် ဖြစ်လေသည်။

အခြားလူ၏မြင်ကွင်းမှာမူ ဖန်းယီမှာ သစ်ကိုင်းဖြင့် စက်ဝိုင်းလိုက်သည်ကိုသာ တွေ့မြင်ရသည်။

"တောက်..တောက်..တောက်"

လက်နက်ပုန်းများသည် အဘယ်ကြောင့်မှန်းမသိ ထိုသစ်ကိုင်းပေါ်သို့ အားလုံး စိုက်ဝင်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ရိုလိုနှင့် မင်းဖုန်းတို့သည် ထိုမြင်ကွင်းအား မြင်တွေ့လိုက်ရသည်နှင့် မျက်နှာကွက်ခနဲ ပျက်သွားသည်။

ဝူးစွမ်းမှာလည်း ငေးငိုင်သွားသည်။

"အတော်ထက်မြက်တဲ့ သိုင်းကွက်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း ချီးကျူးမိလိုက်လေသည်။

သူသည် ရိုလို၏ပခုံးအား ပုတ်လိုက်သည်။

"ကဲ သူ့သိုင်းကွက်ဟာ ဘယ်ဂိုဏ်းက သိုင်းကွက်ဆိုတာ သိကြပြီလား"

ရိုလိုက စိတ်ပျက်စွာဖြင့်...

"မသိလိုက်ရပါဘူးဗျာ"

ဂူးစွမ်းက ရယ်မောလိုက်၏။

"အင်း မင်းတို့မပြောနဲ့၊ ကျုပ်က သိုင်းလောကမှာ နှစ်ပေါင်းအတော်ကြာ ကျင်လည်ခဲ့တာတောင်မှ သူ့သိုင်းကွက်ကို ဘာသိုင်းကွက်ဆိုတာ မသိလိုက်ဘူးဗျ"

သူသည် မင်းဖုန်းဘက်သို့ လှည့်လိုက်သည်။

"ဗူးကျိုဂိုဏ်းမှာ သည်လို သိုင်းကွက်မျိုး မြင်ဖူးရဲ့လား"

မင်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"မတွေ့ဖူးပါဘူးဗျာ"

ဂူးစွမ်းက ရယ်မောလိုက်သည်။

"ဒါဆို ရှင်းနေတာပဲ၊ သည်လူငယ်ဟာ ဖန်းယီနဲ့ နာမည်ချင်းတူပေမယ့် သေသွားတဲ့ ဖန်းယီ မဟုတ်ဘူးဆိုတာ သေချာပါတယ်"

ရိုလိုက လက်နှစ်ဘက်ဆုပ်ယင်း ဖန်းယီအား အလေးပြုလိုက်လေသည်။

"ကျုပ်တို့ အထင်လွဲတာ ခွင့်ပြုပါဗျာ"



ဖန်းယီက ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ"

ထိုစဉ်မှာပင် ကြည်လင်သော ရယ်မောသံတစ်ခု ကြားလိုက်ရသည်။

ထိုရယ်မောသံသည် သာမန်ရယ်မောသံမျိုး မဟုတ်ဘဲ အလွန်လျှို့ဝှက်ဆန်းကျယ်သော ရယ်မောသံမျိုးပင် ဖြစ်နေသည်။

ထိုရယ်မောသံ ကြားလိုက်သည်နှင့် မင်းဖုန်းနှင့် ရိုလိုတို့သည် တစ်ကိုယ်လုံး တုန်ခါသွားလေသည်။

ဂူးစွမ်းကလည်း မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဘယ်သူလဲဟေ့၊ နှင်းဆီပန်းညီအစ်မ မဟုတ်လား"

သူ့စကားဆုံးသွားသည်နှင့်...

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ အသံကို အခုလို မှတ်မိတာ ဝမ်းသာပါတယ်"

ထိုအသံနှင့်အတူ မိန်းကလေးသုံးယောက်သည် အခန်းဝသို့ ရောက်ရှိလာလေသည်။

ထိုမိန်းကလေးသုံးယောက်သည် အသက်အရွယ်အားဖြင့် နှစ်ဆယ်ကျော်မျှသာ ရှိသေးသည်။

အလွန်ချောမောလှပသော မိန်းကလေးများ ဖြစ်ကြသည်။

သူမတို့သည် အနက်ရောင်ဝတ်ရုံများ လွှမ်းခြုံထားသည်။

သူမတို့၏နက်မှောင်သော ဆံကေသာများသည် ထုံးထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ခေါင်းပေါ်၌ နှင်းဆီပန်းများကိုယ်စီ ပန်ထားသည်ကို တွေ့ရလေသည်။

တစ်ယောက်က ရွှေရောင်နှင်းဆီပန်း ပန်ထားသည်။

အခြားတစ်ယောက်က ငွေရောင်နှင်းဆီပန်း ပန်ထားပြီး ကျန်မိန်းကလေးတစ်ယောက်မှာ အဖြူရောင်နှင်းဆီပန်း ပန်ထားသည်ကို တွေ့ရလေသည်။

ပူးစွမ်းက အံ့သြကျယ်လောင်စွာဖြင့်...

"မင်းတို့က အကြောင်းမရှိဘဲနဲ့ ပြည်မကို ဘာလာလုပ်ကြတာလဲ"

ငွေနှင်းဆီက တခစ်ခစ် ရယ်မောယင်း...

"ကျွန်မတို့ ဘာဖြစ်လို့ လာကြတယ်ဆိုတာ ဘဘက သိပါတယ်လေ"

ဟု ပြော၏။

နှင်းဆီဖြူပန်ထားသော မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဘဘ၊ ကျွန်မတို့တောင် ဘဘအိမ် ရောက်ခဲ့ပြီရှင့်"

ပူးစွမ်းသည် ထိုစကား ကြားလိုက်ရသောအခါ တစ်ကိုယ်လုံး တုန်ခါသွားလေသည်။

"မင်းတို့က ငါ့အိမ်ကိုတောင် ရောက်ခဲ့ပြီးပြီ ဟုတ်လား"

ငွေနှင်းဆီက လက်ကာပြလိုက်သည်။



"စိတ်မပူပါနဲ့ ဘဘ၊ ကျွန်မတို့ ဘဘတို့အိမ် ရောက်ခဲ့ပေမယ့် ခဲအိုမျက်နှာ ရှိသေးတယ် မဟုတ်လား၊ ဘဘအိမ်ရဲ့ ပုရွက်ဆိတ်တစ်ကောင်တောင် မသတ်ခဲ့ပါဘူး"

ဟု ပြောလိုက်သည်။

ပူးစွမ်းသည် ယင်းစကားကြားလိုက်ရတော့မှ စိတ်သက်သာရာရသွားလေသည်။

သူသည် ဒေါသကြီးစွာဖြင့်...

"နေပါအုံး၊ မင်းတို့ ခဲအိုဆိုတာ ဘယ်သူ့ကို ဆိုလိုတာလဲ"

ဟု မေးလိုက်၏။

ငွေရောင်နှင်းဆီပန်း ပန်ဆင်ထားသော မိန်းကလေးက ပြုံးလိုက်သည်။

"ဘဘက မသိချင်ဟန် ဆောင်နေပြန်ပြီ"

ပူးစွမ်းက မျက်မှောင်ကုပ်သွားသည်။

"မင်းက ပူးယို့ကို ဆိုလိုတာလား"

အဖြူရောင်နှင်းဆီပန်း ပန်ဆင်ထားသော မိန်းကလေးက ပြုံးလိုက်သည်။

"ဘဘလဲ သိသားပဲ၊ ပြောစရာ လိုသေးလို့လား"

ဟု ပြောလေသည်။

ပူးစွမ်း၏မျက်နှာတစ်ခုလုံးသည် ဒေါသရောင် လွှမ်းမိုးလာလေသည်။

"ဟေ့...ဟေ့ မဖြစ်ဘူး၊ ကျုပ်သားကို မင်းတို့လို ရက်စက်

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြုတ်တဲ့ မိန်းကလေးနဲ့ မပေးစားနိုင်ဘူး"

ငွေရောင်နှင်းဆီပန်း ပန်ဆင်ထားသော မိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ဘာဘ စကားကြည့်ပြောပါ"

သူမသည် ပြောယင်း ရှေ့သို့ ခြေတစ်လှမ်း တိုးလာလေသည်။

မင်းဖုန်းက ရှေ့သို့ ခြေတစ်လှမ်း လှမ်းလိုက်သည်။

"သည်မှာ မိန်းကလေး၊ မင်းတို့ သည်နေရာက အမြန်ဆုံး ထွက်သွားယင် ကောင်းမယ်"

ဝူးစွမ်းက ဟန့်တားရန်ပင် အချိန်မမီလိုက်ချေ။

ငွေရောင်နှင်းဆီပန်း ပန်ဆင်ထားသော မိန်းကလေးက မင်းဖုန်းအား အေးတိအေးစက်ဖြင့် ကြည့်လိုက်သည်။

"ရှင်က သိုင်းပညာတတ်ယင်တော့ တစ်ကွက်လောက် ပြစမ်းပါ၊ ကျွန်မရှုံးသွားယင် ရှင်ပြောတဲ့အတိုင်း ထွက်သွားပါ့မယ်"

ဝူးစွမ်းက ကြားဖြတ်လိုက်သည်။

"နေကြပါအုံး၊ သည်ကိစ္စမှာ မင်းဖုန်းနဲ့ ဘာမှ မဆိုင်ဘူး"

မင်းဖုန်းက လက်ကာပြလိုက်သည်။

"ဦး အသာနေပါ၊ သည်လောက် ခေါင်းမာတဲ့ မိန်းကလေးကို ကျွန်တော်ဆုံးမလိုက်အုံးမယ်"

သူသည် ယင်းသို့ ပြောပြီးသည်နှင့် သူ၏ဝဲဘက်လက်သည် စွန်လက်သည်းကုတ်ပမာ မိန်းကလေး၏ခေါင်းပေါ်သို့ ကုတ်ချလိုက်လေသည်။



ငွေရောင်နှင်းဆီပန်း ပန်ထားသော မိန်းကလေးက တစ်ချက်ပြုံးလိုက်ပြီး သူမ၏နုထွေးသော လက်ချောင်းများဖြင့် အသာအယာ ဝှေ့ယမ်းလိုက်သည်။

မင်းဖုန်း၏လက်ကောက်ဝတ်တစ်ခုလုံးမှာ မီးခဲများနှင့် ထိတွေ့လိုက်ရသည့်အလား ပူလောင်သွားလေသည်။

"အား"

သူသည် ပူပြင်းပြီး နာကျင်သောဝေဒနာ ခံစားလိုက်ရသဖြင့် နောက်သို့ ကပျာကယာ ဆုတ်သွားသည်။

သူသည် သူ့လက်အား သတိပြု ကြည့်လိုက်သောအခါ လက်ဝါးတစ်ခုလုံးမှာ ညိုမည်းပြီး ရောင်ကိုင်းလာသည်ကို တွေ့လိုက်ရသည်။

ထိုညိုမည်းသော အရောင်များသည် လက်မောင်းပေါ်သို့ လျင်မြန်စွာ တက်သွားနေသည်ကို တွေ့ရသည်။

ဝူးစွမ်းသည် လက်ထဲမှ ဓားဖြင့် ကပျာကယာ ခုတ်ချလိုက်လေသည်။

မင်းဖုန်းက နောက်သို့ ခြေလှမ်းယိမ်းယိုင်ပြီး မြေပေါ်သို့ လဲကျသွားလေသည်။

သူသည် ထိတ်လန့်အံ့ဩစွာဖြင့် ဝူးစွမ်းအား လှည့်ကြည့်လိုက်လေသည်။

ဝူးစွမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုလို မင်းလက်ကို ဖြတ်မပစ်ယင် မင်းအသက်ပါ အဆိပ်မိပြီး ဆုံးရှုံးသွားနိုင်တယ်ကွယ့်"

သူသည် ပြောယင်း သွေးထပ်မံ စီးဆင်းကျမလာစေရန် သွေးကြောများကို ထပ်မံပိတ်ထားလိုက်လေသည်။

ရိုလိုသည် မင်းဖုန်း လက်တစ်ဘက် ဖြတ်သည်ကို တွေ့မြင်လိုက်ရသဖြင့် ဒေါသကို မထိန်းချုပ်နိုင်တော့ဘဲ ငွေရောင်နှင်းဆီပန်း ပန်ဆင်ထားသော မိန်းကလေးအား တိုက်ခိုက်လိုက်လေသည်။

မိန်းကလေးက ရယ်မောလိုက်သည်။

သူမ၏ဖြူဖွေးသော လက်ချောင်းများသည် အသာအယာ ဝှေ့ယမ်းလိုက်သည်။

ရိုလိုသည် မည်သို့ ပြုလုပ်ရမှန်း မသိဘဲ ငေးနေစဉ်မှာပင် ငှူးစွမ်းက သူ့အား ကပျာကယာ တွန်းဖယ်လိုက်လေသည်။

သို့သော်...

အဝါမှုန့်များသည် ရိုလို၏ခြေထောက်ပေါ်သို့ အနည်းငယ် ကျသွားသဖြင့် ပူလောင်သော ဝေဒနာတစ်ခု ခံစားလိုက်ရပြီး မြေပေါ် လဲကျသွားသည်။

ငှူးစွမ်းက အချိန်မီ ဖေးမထားလိုက်လေသည်။

ငှူးစွမ်းသည် လက်ထဲမှ ဓားဖြင့် အဝါမှုန့်များ ထိတွေ့လိုက်သော ရိုလို၏ခြေထောက်မှ အသားများကို လှီးဖြတ်လိုက်လေသည်။

ငွေရောင်နှင်းဆီပန်း ပန်ဆင်ထားသော မိန်းကလေး ခေါင်း ခါယမ်းလိုက်ပြီး...



"ဘယ်လိုလဲ ရှင်တို့ ပြည်မက သိုင်းသမားတွေက တစ်ယောက်မှ မဟန်ပါလားရှင်"

ဖန်းယီက မနေနိုင်တော့ပါ။

သူသည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး...

"ခင်ဗျားတို့က သိုင်းပညာယှဉ်ပြိုင်တာမှ မဟုတ်ဘဲ၊ အဆိပ်ကို အသုံးပြုပြီး အနိုင်ယူတာကို ကျုပ်အထင်မကြီးပါဘူးဗျာ"

ငွေရောင်နှင်းဆီပန်း ပန်ဆင်ထားသော မိန်းကလေးက သူ့အား ယခုမှ သတိပြုကြည့်မိလိုက်သည်။

"ရှင်က ဘယ်သူလဲ"

ဖန်းယီက ဦးညွှတ်လိုက်သည်။

"ကျုပ်နာမည် ဖန်းယီပါ"

မိန်းကလေးသုံးယောက်စလုံးသည် သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး...

"တော်တော်ချောတဲ့ ယောကျ်ားတစ်ယောက်ပါလား"

ဟု ပြိုင်တူ ပြောမိလိုက်လေသည်။

နှင်းဆီဖြူပန်း ပန်ဆင်ထားသော မိန်းကလေးက ရွှေရောင်နှင်းဆီပန်း ပန်ဆင်ထားသော မိန်းကလေးအား ပြုံးရယ်၍ ပြောလိုက်သည်။

"သူ့နာမည်က ဖန်းယီတဲ့ သေချာကြည့်စမ်း၊ ဓမချင်နေတဲ့ 'ငှူးယို့'ထက် ပိုပြီး မချောဘူးလား"

ရွှေရောင်နှင်းဆီပန်း ပန်ဆင်ထားသော မိန်းကလေးက

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီအား စေ့စေ့ကြည့်လိုက်ပြီး…

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ ကျွန်မတို့ ညီအစ်မသုံးယောက်ဟာ နှင်းဆီကျွန်းက လာကြတာပါ။ ကျွန်မနာမည်က ရွှေနှင်းဆီပါ"

သူမသည် ငွေရောင်နှင်းဆီပန်း ပန်ဆင်ထားသော မိန်းကလေးအား ညွှန်ပြလိုက်သည်။

"သူက ငွေနှင်းဆီပဲ"

တဖန် အဖြူရောင်နှင်းဆီပန်း ပန်ဆင်ထားသော မိန်းကလေးဘက်သို့ လှည့်လိုက်သည်။

"သူကတော့ နှင်းဆီဖြူပါ"

ဖန်းယီက ဦးညွှတ်လိုက်သည်။

"အခုလို သိရတာ ဝမ်းသာပါတယ်ဗျာ"

နှင်းဆီဖြူက ပြုံးလိုက်ပြီး ရုတ်တရက် သူမလက်ကလေးများ တစ်ချက် ဝှေ့ယမ်းလိုက်ရာ အလွန်ပျော့ပျောင်းပြီး ခိုင်ခန့်သော ပိုးကြိုးဖြင့် ကျစ်ယက်ထားသော ပိုက်ကွန်တစ်ခုသည် ဖန်းယီ ခေါင်းပေါ်သို့ အမှတ်မထင် အုပ်ချလိုက်လေသည်။

"ယား"

ဖန်းယီသည် ယင်းသို့ အသံကျယ်လောင်စွာဖြင့် တစ်ချက်အော်လိုက်ပြီး လက်ထဲမှ သစ်ကိုင်းဖြင့် သူ့တစ်ကိုယ်လုံးအား ကာကွယ်သည့် အနေအထားဖြင့် ဝှေ့ယမ်းလိုက်လေသည်။

သစ်ကိုင်း၏ဝှေ့ယမ်းမှုကြောင့် ခေါင်းပေါ်သို့ အုပ်ကျလာ



သော ပိုက်ကွန်အား ဖယ်ရှားနိုင်တော့သည်။

နှင်းဆီဖြူက မချိုပြုံးပြုံးလိုက်သည်။

"မဆိုးဘူးဟေ့၊ ကျုပ်တို့ ပိုက်ကွန်ကို ဖယ်ရှားနိုင်တဲ့ လူဟာ ရှင်တစ်ယောက်ကိုပဲ တွေ့ဖူးတယ်"

ဖန်းယီက အံကို တင်းတင်းကြိတ်လိုက်သည်။

"သည်မှာ ကျုပ်က မရက်စက်ချင်ပါဘူးဗျာ၊ ကျုပ်စိတ်ထား မပြောင်းမီ သည်နေရာက အမြန်ဆုံး ထွက်သွားယင် ကောင်းလိမ့်မယ် ထင်တယ်"

ဖန်းယီ၏စကားကြောင့် မိန်းကလေးသုံးယောက်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် အပြန်အလှန် ကြည့်နေ၏။

အတန်ကြာမှ နှင်းဆီဖြူက မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပါပြီတဲ့ရှင်၊ ကျွန်မတို့ သွားပါ့မယ်၊ ဒါပေမယ့် ကျွန်မတို့ရဲ့ လုပ်ငန်းကို နှောင့်ယှက်မိတဲ့အတွက် တစ်နေ့ ရှင် နောင်တရစေမယ်"

သူမသည် ယင်းသို့ ပြောပြီးနောက် ထိုနေရာမှ ထွက်ခွာသွားလေသည်။

သို့သော်…

သူမ မထွက်ခွာသေးမီကပင် သူမ၏လက်ညှိုးနှင့် လက်မတို့ ကွေးပြီး အသာအယာ တောက်လိုက်သည်ကို မည်သူကမှ သတိမပြုမိလိုက်ပါချေ။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးများ ထွက်သွားတော့မှ ဂူးစွမ်းက ပင့်သက်ချနိုင်လေတော့သည်။

"သူတို့က ဘယ်သူတွေလဲဗျ"

ဂူးစွမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူတို့ဟာ တိဘက်မှာ နေထိုင်တဲ့ လူမျိုးစုတစ်စုကွယ့်၊ သူတို့မှာ ပိုးကောင်ဂိုဏ်းတစ်ခု ဖွဲ့ရှိထားတယ်၊ သိုင်းပညာက မဟုတ်လောက်ပေမယ့် အဆိပ်ကို အသုံးပြုတဲ့ နေရာမှာ အတော့်ကို ထူးချွန်ကြတယ်၊ ဒါကြောင့် လူတိုင်းက သူတို့ကို ကြောက်ရွံ့နေကြရတယ်ကွယ့်"

ဖန်းယီက မျက်မှောင်ကုပ်သွားလေသည်။

"ပိုးကောင်ဂိုဏ်းဆိုလို့ ကျုပ်ကြားဖူးပါတယ်ဗျာ၊ တော်တော် ကြောက်စရာကောင်းတဲ့ ဂိုဏ်းတစ်ခုပါပဲ"

"သိပ်ဟုတ်တာပေါ့"

"ဒါနဲ့ သူတို့ ဂိုဏ်းချုပ်က ဘယ်သူများပါလိမ့်"

ဂူးစွမ်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

"သူတို့ ဂိုဏ်းချုပ် ဘယ်သူဘယ်ဝါဆိုတာ အခုထိ ဘယ်သူမှမသိဘူး၊ သူ့နာမည် ဘယ်သူလဲဆိုတာလဲ ဘယ်သူမှ မသိဘူးကွယ့်"

ဖန်းယီက မကျေမနပ်ဖြင့်...

"သည်လို ဂိုဏ်းမျိုး ရှိနေသရွေ့ ကာလပတ်လုံး သိုင်းလောကမှာ ဒုက္ခရင်ဆိုင်ရအုံးမယ်ဆိုတာ ကျွန်တော်ပြောရဲပါတယ်"



ဂူးစွမ်းက သူ့အား တစ်ချက်စိုက်ကြည့်လိုက်သည်။

"အေး သည်ပိုးကောင်ဂိုဏ်းကို သုတ်သင်ရှင်းလင်းမယ့်သူဟာ မင်းပဲ ဖြစ်ရမယ်ကွ"

ဖန်းယီက မချိပြုံးပြုံးလိုက်သည်။

"ကျုပ်ကို သည်လောက် အထင်မကြီးပါနဲ့ဗျာ"

ဟု ပြောလိုက်၏။

ထိုစဉ်...

မင်းဖုန်းက အနည်းငယ် သက်သာလာသဖြင့် သူက ခေါင်းထောင်လိုက်ပြီး...

"ဘာပဲဖြစ်ဖြစ် သူတို့ကိုတော့ အထူးသတိထားရလိမ့်မယ်"

ဖန်းယီက ပြုံးလိုက်သည်။

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

မင်းဖုန်းက ဦးညွှတ်လိုက်သည်။

"ကဲ ဒါဖြင့် ကျုပ်ကို သွားခွင့်ပြုပါအုံးဗျာ"

ဂူးစွမ်းကလည်း ခေါင်းညိတ်နှုတ်ဆက်လိုက်သည်။

"ကဲ ကျုပ်လဲ သွားလိုက်ပါအုံးမယ်"

သူတို့သည် ရီလီနှင့်အတူ ထိုနေရာမှ ထွက်ခွာသွားကြလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီသည် ယခုမှ တည်းခိုခန်းတစ်ခုလုံး၏ အခြေအနေအား သတိထားကြည့်မိသည်။

တည်းခိုခန်းတစ်ခုလုံးမှာ တိတ်ဆိတ်၍ နေသည်ကို အံ့ဩနေမိသည်။

သူသည် ညှိခန်းဘက်သို့ လျှောက်လာသောအခါ ပိုင်ရှင်နှင့် ဆိုင်လုလင်သုံးယောက်တို့သည် ကြမ်းပြင်ပေါ်၌ လဲကျသေဆုံးနေသည်ကို တွေ့ရလေသည်။

သူသည် အလွန်ခံပြင်းလာလေသည်။

ထိုရက်စက်ကြမ်းကြုတ်သော မိန်းကလေးသုံးယောက်တို့မှာ လူ့အသက်များကို ပုရွက်ဆိတ်ပမာ သတ်ပစ်သည်ကို စိတ်ထဲ၌ နာကျင်လာသည်။

သူ့နောက်တွင် ကြိုးလင်းက လိုက်လာသည်။

ကြိုးလင်းသည် သေဆုံးနေသော ဆိုင်ရှင်နှင့် လုလင်များ၏ အလောင်းအား တွေ့မြင်လိုက်ရသောအခါ သက်ပြင်းတစ်ချက်ချလိုက်ပြီး…

"အင်း တော်တော် ရက်စက်တဲ့ မိန်းကလေးတွေပါလား" ဟု ညည်းညူလိုက်လေသည်။

♣ ♣ ♣



ဖန်းယီသည် သူနေထိုင်သော အခန်းသို့ ပြန်လည် ရောက်ရှိလာသောအခါ ရုတ်တရက် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

ကြိုးလင်းက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူမသည် ဖန်းယီအား လက်ဖြင့် စမ်းသပ်ကြည့်သောအခါ တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်နေသည်ကို တွေ့ရလေသည်။

သူမသည် ဖန်းယီအား ငေးမောကြည့်ယင်း…

"ရှင်…ရှင် အဆိပ်မိသွားပြီ"

ဖန်းယီသည် တစ်ကိုယ်လုံး ပူလိုက်ချမ်းလိုက်ဖြင့် ခံစားနေရသဖြင့် မိမိမှာ ထိုမိန်းကလေးသုံးယောက်၏ အဆိပ်များ မိသွားသည်ကို နားလည်လိုက်လေသည်။

သူသည် ကြိုးလင်းအား ကရုဏာသက်စွာဖြင့် ကြည့်လိုက်ပြီး…

"ကဲ ငါ့ညီမ သည်နေရာကနေ အမြန်ဆုံး ထွက်သွားယင်ကောင်းမယ် ထင်တယ်"

ကြိုးလင်းက မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲရှင့်"

ဖန်းယီသည် ခံစားနေရသော ဝေဒနာများကို ထိန်းချုပ်ပြီး ပြုံးပြသည်။

"တော်ကြာ သူတို့ တစ်ခေါက်ပြန်လာယင် ညီမကို ချွတ်ပေးမှာ မဟုတ်ဘူး"

ကြိုးလင်းက ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မသွားဘူး၊ ရှင်နဲ့အတူ သည်မှာ နေခဲ့မယ်"

ဖန်းယီက ခေါင်းတွင်တွင် ခါလိုက်သည်။

"မင်း မနေရဘူး၊ သည်နေရာက အမြန်ဆုံး ထွက်သွားရမယ်"

သူသည် ယင်းသို့ ပြောရန် ဆန္ဒ ရှိနေသော်လည်း အသံက ထွက်မလာချေ။

သူ့တစ်ကိုယ်လုံးသည် တစ်စထက်တစ်စ ထုံကျင်လာလေသည်။

သူ့မြင်ကွင်းတစ်ခုလုံးမှာလည်း တဖြည်းဖြည်း ဝိုးတိုးဝါးတား ဖြစ်လာလေတော့သည်။



ဖန်းယီသည် သတိရတစ်ချက် မရတစ်ချက် ဖြစ်နေ၏။

ကြိုးလင်းက သူ့အား ဆေးများ တိုက်ကျွေးနေသည်ဟု သူ့စိတ်ထဲ၌ ထင်မိလိုက်သည်။

ဤသို့ဖြင့် သူက သတိရလာတိုင်း ကြိုးလင်းက သူ့အား ဆေးတစ်လုံး တိုက်ကျွေးလိုက်ပြန်သည်။

ယင်းဆေးလုံး သောက်ချလိုက်သောအခါ သူသည် ပြန်လည် အိပ်ပျော်သွားလေသည်။

ဤသို့ဖြင့် မည်မျှ ကြာသွားမှန်းမသိ။

သူ့တစ်ကိုယ်လုံးသည် အလွန်ပေါ့ပါးပြီး စိတ်ထဲ၌ အလိုလို ပျော်မြူးနေသည်ဟု ခံစားလာရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီသည် ဤသို့ဖြင့် အိပ်ပျော်သည့်အခါ အိပ်ပျော်သွားသည်။

နိုးလာသောအခါ နိုးနေ၏။

မည်မျှ ကြာသွားသည် မသိချေ။

တစ်နေ့ သူသည် ရုတ်တရက် သတိရလာလေသည်။

သူ့တစ်ကိုယ်လုံးတွင် အဆိပ်မိသော ဝေဒနာများ လုံးဝ ပျောက်ကင်းသွားသည့်ပြင် ခြေလက်များ အထူးဖျတ်လတ် သွက်လက်လာသည်ကို တွေ့ရလေသည်။

ကြိုးလင်းက သူ့အား ကြည့်ပြီး ပြုံးပြလိုက်သည်။

"ကျွန်မပေးတဲ့ဆေး တော်တော်စွမ်းတယ်နော်"

ဖန်းယီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သည်ဆေးမျိုးကို စားတော့ စွမ်းပါတယ်ဗျာ"

သူသည် ဓနိကျင်သို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။

သူနေထိုင်သော အခန်းတွင် ရှိနေသေးသည်ကို သိလိုက်ရသည်။

"ကျုပ် သည်မှာ အိပ်ပျော်သွားတာ ဘယ်လောက်ကြာပြီလဲ"

"ကိုးရက်လောက် ရှိသွားပြီ"

ဖန်းယီက အံ့သြသွားသည်။

"ဗျာ၊ ကိုးရက်တောင် ရှိသွားပြီ ဟုတ်လား"

"ဟုတ်ပါတယ်"



သူမသည် မတ်တပ်ရပ်လိုက်သည်။

"ကဲ ရှင်လဲ နိုးလာပြီ၊ အတွင်းထဲ သွားပြီး လမ်းလျှောက်ကြရအောင်"

ဖန်းယီက မျက်မှောင်ကုပ်သွားသည်။

"ဒါနဲ့ သူတို့က နောက်ထပ် မလာကြဘူးလား"

"သူတို့ဆိုတာ ဘယ်သူများလဲ"

"ဟိုမိန်းကလေးသုံးယောက်ပေါ့"

ကြိုးလင်းက ပြုံးလိုက်သည်။

"ဘာလဲ ရှင်က သူတို့ကို သိပ်တွေ့ချင်တယ် ဟုတ်လား" ဟု မေးလိုက်၏။

ဖန်းယီက မချိပြုံးပြုံးလိုက်သည်။

"မဟုတ်ရပါဘူးဗျာ"

သူတို့သည် ယင်းသို့ ပြောပြီး အပြင်ဘက်သို့ ထွက်လာကြလေသည်။

ကြိုးလင်းက သူ့အား လှည့်ကြည့်လိုက်သည်။

"ကျွန်မ တစ်နေရာကို သွားမလို့ ရှင်လိုက်မလား"

ဖန်းယီက ပြုံးလိုက်သည်။

"မင်း ဘယ်ကိုပဲသွားသွား ကျုပ်လိုက်ခဲ့မယ်"

ဟု ပြောဆိုလိုက်သည်။

သူမသည် ပြုံးပြလိုက်ပြီး...

"ရှင်ဟာ လူကောင်းတစ်ယောက်ပါပဲလား"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် သူတို့နှစ်ယောက်သည် လက်ချင်းတွဲကာ ရှေ့သို့ လျှောက်သွားကြလေသည်။

♣ ♣ ♣

ညနေဆည်းဆာအချိန် ဖြစ်သည်။

အဝေးသို့ လှမ်းကြည့်လျှင် မြို့ကလေးတစ်မြို့ကို မပီမပြင် တွေ့မြင်ရမည် ဖြစ်သည်။

ကြိုးလင်းက ထိုနေရာသို့ ညွှန်ပြလိုက်သည်။

"အဲသည် နေရာကို သိသလား"

ဖန်းယီက ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

ယခု သူသည် ပျင်းရိလာသည်ဟု ခံစားလိုက်ရသည်။

သူ့တစ်ကိုယ်လုံးမှာလည်း ခွန်အား မရှိသကဲ့သို့ ခံစားနေရသည်။

ကြိုးလင်းက သူ့လက်ကို ဆွဲထားလိုက်ပြီး...

"အဲသည် မြို့မှာ ကျုပ်မိတ်ဆွေတစ်ယောက် ရှိတယ်၊ သူ့ဆီကို သွားပြီး တထောက်နားကြမယ်"

သူမသည် ဖန်းယီ၏လက်ကို ဆွဲကာ ရှေ့သို့ ပြေးလွှားသွားရသည်။

♣ ♣ ♣



မကြာပါချေ။

သူတို့သည် ဝင်းခြံနှင့် အဆောက်အအုံတစ်လုံး တွေ့ရှိရလေသည်။

ကြိုးလင်းက ရယ်မောလိုက်သည်။

"ကဲ ရောက်ပြီ၊ ဝင်ကြပါစို့"

ဖန်းယီက မချိပြုံးပြုံးလိုက်သည်။

"ဒါ ဘယ်သူ့အိမ်လဲ အရမ်းဝင်လို့ ဖြစ်ပါ့မလား"

ကြိုးလင်းက ရယ်မောလိုက်သည်။

"ကိစ္စမရှိပါဘူး"

သူမသည် တံခါးတွန်းဖွင့်လိုက်ပြီး ဖန်းယီ လက်ကို ဆွဲကာ အိမ်ခန်းထဲသို့ လှမ်းဝင်သွားလေသည်။

ဖန်းယီသည် အခန်းထဲသို့ ဝင်ရောက်သွားသည်နှင့် တစ်ချက်ဝေ့ကြည့်လိုက်သည်။

သူရောက်ရှိနေသော နေရာသည် ဧည့်ခန်းတစ်ခု ဖြစ်သည်ဟု ယူဆရသည်။

လူသူတစ်ယောက်မှ မတွေ့ရပါချေ။

ဖန်းယီက မျက်မှောင်ကုပ်သွားသည်။

"အိမ်ရှင်တွေ မရှိပါလား"

ကြိုးလင်းက ကုလားထိုင်တစ်လုံးပေါ်တွင် အေးအေးဆေးဆေး ထိုင်ချလိုက်သည်။

သူမသည် ကြောင်အမ်းအမ်း ဖြစ်နေသော ဖန်းယီအား

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြလိုက်သည်။

"ကျွန်မက အိမ်ရှင်ပဲ"

ဖန်းယီက ခေါင်းခါယမ်းပြလိုက်သည်။

"မလုပ်ပါနဲ့ဗျာ၊ တော်ကြာ ပိုင်ရှင် ထွက်လာယင် ကျုပ်တို့ကို သူခိုးထင်နေအုံးမယ်"

ကြိုးလင်းက စကားမပြောဘဲ လက်ခုပ်တစ်ချက် တီးလိုက်လေသည်။

လူတစ်ယောက်သည် ဧည့်ခန်းထဲသို့ ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်ရောက်လာပြီး ကြိုးလင်းအား ဦးညွှတ်၍ အရိုအသေ ပြုလိုက်သည်။

ကြိုးလင်းက သူ့အား မော့ကြည့်လိုက်သည်။

"မင်းတို့ ဘယ်သွားနေတာလဲ၊ ကျုပ်ရောက်တာတောင် လာမကြိုပါလား"

ဟု ပြောလိုက်၏။

ထိုလူ၏မျက်နှာတစ်ခုလုံးသည် သွေးရောင်ပင် မရှိတော့ပါချေ။

သူသည် ဒူးထောက်လိုက်ပြီး...

"ကျွန်တော်တို့ သခင်မလေး လာမှန်းမသိလို့ ခွင့်လွှတ်ပါ သခင်မလေး"

ကြိုးလင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ကျန်တဲ့လူတွေကော ဘယ်ရောက်သွားသလဲ"



ထိုလူက ခေါင်းငုံ့ထားယင်း...

"ရှိပါတယ်"

"ဒါဖြင့် ခေါ်လိုက်စမ်း"

ထိုလူသည် လေတစ်ချက် ချွန်လိုက်ရာ လူဆယ့်လေးယောက်ခန့်တို့သည် ဧည့်ခန်းထဲသို့ ပြေးဝင်လာကြလေသည်။

သူတို့သည် ဧည့်ခန်းထဲ၌ ရောက်ရှိနေသော ကြိုးလင်းအား မြင်တွေ့လိုက်ရသည်နှင့် မျက်နှာများ ဖြူဖတ်ဖြူရော် ဖြစ်သွားကြ၏။

သူတို့သည် ကပျာကယာ ဦးညွှတ်၍ အရိုအသေပြုပြီး ဝဲယာသို့ တန်းစီ၍ ရပ်နေကြသည်။

ကြိုးလင်းက ဖန်းယီအား ပြုံးပြလိုက်သည်။

"ကဲ ကျွန်မပြောတာ ရှင် မယုံနိုင်သေးဘူးလား"

ဖန်းယီက မျက်မှောင်ကုပ်သွားလေသည်။

သူသည် ကြိုးလင်းအား အံ့သြစွာဖြင့် ကြည့်နေ၏။

ကြိုးလင်းက ပြုံးလိုက်သည်။

"ရှင်က ကျွန်မပြောတာ မယုံကြည်သေးဘူးနဲ့ တူတယ်"

သူမသည် တန်းစီရပ်နေကြသော လူများအား တစ်ချက်ဝေ့ကြည့်လိုက်သည်။

"ကျုပ်ပြန်ရောက်တာကို ဘာဖြစ်လို့ လာမကြိုကြတာလဲ"

တန်းစီရပ်နေကြသော လူများတို့သည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြကုန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ပြိုင်တူ ဒူးထောက်လိုက်ကြပြီး...

"သခင်မလေး လာတာကို မသိလို့ မကြိုမိတာ ခွင့်လွှတ်ပါ"

ကြုံးလင်းက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

"မင်းတို့ ငါ့ကို လာမကြိုတဲ့အတွက် အပြစ်ရှိသလား"

အားလုံးက ခေါင်းညိတ်လိုက်သည်။

"အပြစ်ရှိပါတယ် သခင်မလေး"

ဟု ပြိုင်တူ ပြောလိုက်လေသည်။

ကြုံးလင်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ မင်းတို့ အပြစ်ကို မင်းတို့က သိတဲ့အတွက် ကျုပ်က ပေါ့ပေါ့တန်တန် အပြစ်ပေးပါမယ်"

သူမသည် ထိုလူများအား တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"မင်းတို့ ကိုယ့်ကိုယ်ကို ဒဏ်ပေးတဲ့ အနေနဲ့ အပြစ်ကျလောက်မယ်ထင်တဲ့ ဒဏ်ခတ်မှုတွေကို လုပ်ကြစမ်း"

ထိုလူများသည် မဆိုင်းမတွပင် လုပ်ကြလေသည်။

ဖန်းယီက မျက်လုံးများ ပြူးကျယ်သွားသည်။

သူသည် ကြုံးလင်းအား အံ့သြစွာဖြင့် ကြည့်လိုက်ပြီး...

"မင်းက အာဂမိန်းကလေးတစ်ယောက်ပါလား"

ကြုံးလင်းက တခစ်ခစ် ရယ်မောလိုက်သည်။

"ဟဲ..ဟဲ..ဟဲ၊ သူတို့ကိုယ်သူတို့ ကျေကျေနပ်နပ် လုပ်ကြတယ်၊ ရှင်က ဘာဆိုင်လို့ ဝင်ပြီး နှမြောနေရတာလဲ"

ဖန်းယီက ဒေါသထွက်လာသည်။



ကြုံးလင်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

"မယုံယင် ကျွန်မ မေးပြမယ်"

သူသည် ထိုလူများအား ပြုံးပြလိုက်ပြီး...

"ရှင်တို့ ကျေကျေနပ်နပ်နဲ့ ကိုယ့်ကိုယ်ကို ဒဏ်ခတ်ကြတယ် မဟုတ်လား"

ထိုလူများက ပြိုင်တူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် သခင်မလေး"

ကြုံးလင်းက ဖန်းယီဘက် လှည့်လိုက်သည်။

"ကဲ ဘယ့်နှယ်ရှိစ"

ဖန်းယီက ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"မယုံဘူး၊ ကျုပ် ဘယ်နည်းနဲ့မှ မယုံဘူး"

ဟု ပြောလိုက်သည်။

ကြုံးလင်းက ပြုံးလိုက်သည်။

"သူတို့ မပြောနဲ့၊ အခု ရှင်ကပါ ကျွန်မပြောတဲ့ စကားတိုင်း တသွေမတိမ်း လိုက်နာရတော့မယ်ရှင့်"

ဖန်းယီက ဒေါသကြီးစွာဖြင့်...

"ဘာ မင်း ဘာပြောတယ်"

ဟု မေးလိုက်၏။

ကြုံးလင်းက အေးတိအေးစက်ဖြင့်...

"ရှင်နားမထောင်လို့ ရပါ့မလား၊ အခုထိ ရှင့်တစ်ကိုယ်လုံးဟာ အားအင်ချိနဲ့နေပြီး ရှင့်ကို ကျွန်မက လက်ညှိုးတစ်ချောင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



တွန်းလိုက်တာတောင် လဲကျသွားနိုင်တယ်ရှင့်”

ဖန်းယီက ဆတ်ခနဲ ထိုင်ရာမှ ထလိုက်သည်။

'သူ့တစ်ကိုယ်လုံးသည် အင်အားချိနဲ့နေပြီး မတ်တပ်ရပ်၍မရဘဲ ပြန်လည်ထိုင်ချလိုက်ရသည်။

ကြိုးလင်းက ပြုံးလိုက်သည်။

“နောက်တခဏကြာယင် ရှင့်တစ်ကိုယ်လုံးဟာ ချမ်းလိုက်ပူလိုက် ဖြစ်လာပြီး ရိုးသမျှ အရိုးတွေလဲ ကိုက်ခဲတဲ့ ဝေဒနာများ ခံစားရပါလိမ့်မယ်”

ဟု ပြောသည်။

သူမ စကားကြားလိုက်ရသောအခါ ဖန်းယီသည် သူ့တစ်ကိုယ်လုံးမှာ ချမ်းလိုက်ပူလိုက် ဖြစ်လာပြီး ထောင်ပေါင်းများစွာသော ပုရွက်ဆိတ်များက သူ၏ခန္ဓာကိုယ်ထဲ၌ တိုးဝင်နေသည်ဟု ခံစားလိုက်ရလေသည်။

သူသည် အံ့အားသင့်စွာဖြင့်...

“ဒါ..ဒါက မင်းလက်ချက် ဟုတ်လား”

ဟု မေးလိုက်၏။

ကြိုးလင်းက ရယ်မောလိုက်သည်။

“သိပ်ဟုတ်တာပေါ့”

ဖန်းယီ၏တစ်ကိုယ်လုံးသည် ချွေးများ စို့ရွှဲလာလေသည်။

“မင်းက ငါ့ကို ဘာဖြစ်လို့ သည်လို လုပ်ရတာလဲ”

ဟု မေးလိုက်၏။



“ဒါကတော့ ရှင့်လို သိုင်းပညာ အဆင့်မြင့်တဲ့လူကို ကျွန်မမှာ အလိုရှိလို့ပေါ့”

ဖန်းယီက ခေါင်းခါယမ်းလိုက်၏။

“အခု ကျုပ်မှာ ဝေဒနာ ခံစားနေရပြီ၊ ကျုပ် သိုင်းပညာ ဘယ်လိုလုပ် အသုံးချနိုင်တော့မှာလဲ”

ကြိုးလင်း ပြုံးလိုက်သည်။

“ဒါကတော့ မပူပါနဲ့ရှင်၊ ကျွန်မကသာ ရှင့်ကို ဆေးတစ်လုံး တိုက်လိုက်ယင် ရှင် ချက်ချင်း အားသန်လာပါလိမ့်မယ်”

ဖန်းယီသည် သူ့အား စေ့စေ့ကြည့်လိုက်ပြီး...

“မင်းကို ငါက အလွန်ရိုးသားတဲ့ မိန်းကလေးတစ်ယောက်လို့ ထင်ခဲ့တာ၊ လက်စသတ်တော့ မင်းဟာ ကြိုးလျှံထက် အများကြီး ရက်စက်ကြမ်းကြုတ်တာကိုး”

ဟု ပြောလိုက်၏။

ကြိုးလင်းက လျှို့ဝှက်စွာ တစ်ချက်ပြုံးလိုက်သည်။

“ရှင်က ကျွန်မကို ကြိုးလင်းလို့ ထင်နေသလား”

ဟု မေး၏။

ဖန်းယီသည် သူမအား သေသေချာချာ စိုက်ကြည့်လိုက်သည်။

သူမ၏မျက်ဝန်းအစုံသည် ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်သော အရောင်များ သမ်းလာသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း မင်းက ကြိုးလျှံပါလား"

ဟု ရေရွတ်လိုက်သည်။

♣ ♣ ♣

"ဟား…ဟား…ဟား"

ကြိုးလင်းက အားရပါးရ ရယ်မောလိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မက ကြိုးလျှံပါပဲ"

ဖန်းယီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါကြောင့် မင်းက သည်လောက် ရက်စက်တာကိုး"

ကြိုးလျှံက ရယ်မောလိုက်သည်။

"အမှန်ပြောရမယ်ဆိုယင် ရှင်က သူတို့ရဲ့ အဆိပ်ကို မိသွားပေမယ့် ချက်ချင်းဆိုသလို ပြန်ကောင်းသွားပါမယ်၊ ဒါပေမယ့် ကျုပ်က ရှင့်ကို ကြိုတင်ဆေးလုံးတစ်လုံး တိုက်လိုက်တဲ့အတွက် ရှင်ဟာ အိပ်ပျော်သွားပါတယ်၊ ရှင်က အိပ်ရာနိုးလာတိုင်းမှာ ကျွန်မက ဆေးလုံးတစ်လုံးပြီးတစ်လုံး တိုက်ထားလို့ အခုတော့ ရှင်ဟာ ကျွန်မရဲ့ ဆေးလုံး အချိန်မှန်မှန် မသောက်ရယင် ရှင်အကြီးအကျယ် ဒုက္ခရောက်သွားနိုင်တယ်ရှင့်"

ဖန်းယီက မျက်မှောင်ကုပ်သွားသည်။

"မင်းက ငါ့ကို တိုက်လိုက်တဲ့ဆေးဟာ ဘာဆေးလဲ"

ကြိုးလျှံက ရယ်မောလိုက်သည်။



"အိပ်မက်ဆေးလုံးဆိုတာ ရှင်ကြားဖူးသလား"

ဟု မေး၏။

ဖန်းယီက မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ကြားဖူးသားပဲ၊ သည်ဆေးဟာ အားမရှိတဲ့ ဆေးတစ်မျိုးပဲ"

ဟု ပြောလိုက်သည်။

ကြိုးလျှံက ပြုံးလိုက်သည်။

"ဟုတ်ပြီ၊ အခု ရှင့်ကို တိုက်လိုက်တဲ့ဆေး သောက်မိတဲ့လူဟာ အချိန်မှန်မှန် ဆေးမသောက်ရယင် တစ်ကိုယ်လုံး အင်အားချိနဲ့ပြီး အရိုးအဆစ် ကိုက်ခဲလာတတ်တယ်၊ မနေနိုင် မထိုင်နိုင်ဖြစ်လာတတ်တယ်ရှင့်"

သူမသည် ဖန်းယီအား အောင်နိုင်သော အကြည့်ဖြင့် ကြည့်လိုက်ပြီး…

"ရှင်လဲ သည်ဆေးလုံးကို အချိန်မှန်မှန် မသောက်ရယင် ဒုက္ခဝေဒနာကို လူလူကြီး ခံစားနေရလိမ့်မယ်၊ ဒါကြောင့် ကျွန်မစကားကို နားထောင်ရလိမ့်မယ်၊ ဒါမှလဲ ကျွန်မက ရှင့်ကို ဆေးလုံး အချိန်မီပေးမှာပေါ့"

ဖန်းယီက အံကို တင်းတင်းကြိတ်လိုက်ပြီး…

"ကျုပ်က မင်းစကား နားမထောင်နိုင်ဘူး၊ မင်း ဆေးလုံးကိုလဲ ကျုပ်မလိုဘူး"

ကြိုးလျှံက မဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲလား။ ဒါဖြင့် ရှင်သွားလိုရာ သွားနိုင်တယ်၊ ဒါပေမယ့် ရှင်ဟာ ကျွန်မဆီကို လာကိုလာရမယ်ဆိုတာ ကျွန်မယုံကြည်ပါတယ်"

ဖန်းယီသည် လက်နှစ်ဘက် ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး ဧည့်ခန်းထဲမှ တရှိန်ထိုး ပြေးထွက်သွားလေတော့သည်။

♣ ♣ ♣

ဖန်းယီသည် တဟုန်ထိုး ပြေးထွက်လာသည်။

သူသည် ရည်ရွယ်ချက် မရှိဘဲ ခြေဦးတည့်ရာသို့သာ ပြေးလွှားသွားလေတော့သည်။

ယင်းသို့ ပြေးနေယင်း သူ့တစ်ကိုယ်လုံးသည် တဖြည်းဖြည်း အင်အားချိနဲ့လာသည်ကို ခံစားလိုက်ရသည်။

သူ့အရိုးအဆစ်များမှာလည်း ထောင်သောင်းမကသော ပုရွက်ဆိတ်များ ဝင်ရောက်နေသည်ဟု ခံစားရသည်။

သူသည် မောဟိုက်စွာဖြင့် ဝတ်ဆင်ထားသော အင်္ကျီများကို ဆုတ်ဖြဲပစ်လေသည်။

မြေပေါ်သို့ လှဲချလိုက်ပြီး လူးလိမ့်နေ၏။

သူ့တစ်ကိုယ်လုံးသည် ဆူးပင်နွယ်ပင်များနှင့် ပွတ်တိုက်မိသောကြောင့် သွေးများချင်းချင်း နီရဲလာလေသည်။

သို့သော်...



သူ့ဝေဒနာက မည်သို့မျှ သက်သာသွားခြင်း မရှိပါ။

သူ့နားထဲ၌ ကြိုးလျှော်၏စကားများကို ကြားယောင်မိလေသည်။

"ရှင်က ကျွန်မဆီ လာကိုလာရမယ်ဆိုတာ ကျွန်မယုံကြည်ပါတယ်"

သူသည် ဝေဒနာကို မည်သို့မျှ မလွန်ဆန်နိုင်တော့သဖြင့် ကြိုးလျှော်ထံသို့ ပြန်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ထိုစဉ်မှာပင် တောအုပ်ထဲမှ အသံတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟော တွေ့ပြီ သည်မှာ"

ထိုအသံနှင့်အတူ မိန်းကလေးသုံးယောက်သည် တောအုပ်ထဲမှ ထွက်လာကြသည်။

ယင်းမိန်းကလေးသုံးယောက်တို့သည် ရွှေနှင်းဆီ၊ ငွေနှင်းဆီနှင့် နှင်းဆီဖြူတို့ ဖြစ်လေသည်။

ငွေနှင်းဆီသည် ဖန်းယီအား တွေ့မြင်လိုက်ရသည်နှင့် မျက်မှောင်ကုပ်သွားလေသည်။

"ဟင် သည်လူက ဘယ်လိုများ ဖြစ်သွားပါလိမ့်"

ဖန်းယီသည် သူ၏နီရဲသော မျက်လုံးအစုံဖြင့် သူမအား မြူးကြည့်လိုက်ပြီး...

"လမ်းဖယ်ပေးစမ်း"

ဟု အသံကျယ်လောင်စွာဖြင့် အော်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီဖြူသည် ခြေထောက်ဖြင့် အသာအယာ ချိတ်လိုက်ရာ ဖန်းယီသည် မြေပေါ်သို့ မှောက်လျက် လဲကျသွားလေသည်။

ငွေနှင်းဆီက ခြေထောက်ဖြင့် ဖန်းယီ၏ကျောပေါ်သို့ နင်းချလိုက်သည်။

သူမသည် အံ့ဩစွာဖြင့်...

"သည်လူက ဘယ်သူလဲ သိုင်းပညာများတောင် မေ့သွားပြီလား"

ရွှေနှင်းဆီက မျက်မှောင်ကုပ်သွားသည်။

"ငါတို့များ လူမှားနေသလား"

နှင်းဆီဖြူက ခေါင်းခါယမ်းလိုက်သည်။

"မမှားနိုင်ဘူး၊ သည်မျက်နှာကို ကျွန်မ သေသေချာချာ မှတ်ထားတယ်"

ဖန်းယီသည် ရုန်းကန်နေ၏။

သူသည် မြေကြီးကို ထု၍...

"ကျုပ်ကို လွှတ်ပါ၊ ကျုပ်တောင်းပန်ပါတယ်"

ရွှေနှင်းဆီက မဲ့ပြုံးပြုံးလိုက်သည်။

"ရှင့်ကို ဘာဖြစ်လို့ လွှတ်ရမှာလဲ"

ဖန်းယီက တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်ကာ...

"ဒါဖြင့်လဲ ကျုပ်ကို သတ်ပစ်လိုက်ပါတော့"

ငွေနှင်းဆီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သည်လူက သည်လောက် ဖြစ်သွားရအောင် အဆိပ်တစ်



ခုခု သင့်နေပြီနဲ့ တူတယ်"

ဖန်းယီက လူးလိမ့်၍ ကုန်းထယင်း...

"ဟုတ်တယ်၊ ကျုပ်ကို ဆေးပေးပါ၊ ကျုပ်ဆေးမစားရယင် မနေနိုင်လို့ပါ"

"ရှင့်ကို ဘာဆေးပေးရမှာလဲ"

"အိပ်မက်ဆေးလုံးပါ"

ရွှေနှင်းဆီက မျက်မှောင်ကုပ်သွားသည်။

"အိပ်မက်ဆေးလုံးဆိုတာ ဘာလဲ"

ဖန်းယီက တုန်တုန်ယင်ယင်ဖြင့်...

"ကျုပ်ကို ခိုင်းချင်ရာခိုင်းပါ၊ ကျုပ်ကို အိပ်မက်ဆေးလုံးပေးယင် ကျေနပ်ပါပြီ၊ ခင်ဗျားတို့ခိုင်းတာ အကုန်လုပ်ပေးပါ့မယ်"

သူသည် သတိမရတစ်ချက် ရတစ်ချက်ဖြင့် ယင်းသို့ တတွတ်တွတ် ပြောဆိုနေလေသည်။

ရွှေနှင်းဆီက အံ့ဩသွားသည်။

"အိပ်မက်ဆေးလုံးဆိုတာ ဘယ်လို ဆေးမျိုးပါလိမ့်၊ သည်လောက် မာန်မာနရှိတဲ့ လူတစ်ယောက်ကိုတောင် ကျွန်ဘဝခံဖို့ ပြောလာတယ်ဆိုတော့ တော်တော့်ကို ကြောက်စရာကောင်းတဲ့ ဆေးမျိုးပါလား"

နှင်းဆီဖြူက အနည်းငယ်စဉ်းစားလိုက်သည်။

"ဘာပဲဖြစ်ဖြစ် သူ့ကို အယင်ခေါ်သွား ပြီးမှ အခြေအနေ အရ လုပ်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ယင်းသို့ ပြောပြီးသည်နှင့် လက်ခုပ်တစ်ချက် တီးလိုက်ရာ မိန်းကလေး လေးငါးယောက်သည် တောအုပ်ကြားမှ ပြေးထွက်လာပြီးလျှင် မီးခိုးရောင်ရှိသော အိတ်တစ်လုံးဖြင့် ဖန်းယီအား ထည့်လိုက်လေသည်။

ထိုအိတ်သည် အလွန်ခိုင်မာပြီး ဖန်းယီက အားကုန်ရုန်းကန်သည့်တိုင်အောင် မည်သို့မျှ ရုန်းမထွက်နိုင်ပါ။

ရွှေနှင်းဆီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟင်း သူမိတဲ့ အဆိပ်ဟာ တော်တော့်ကို ထူးဆန်းတယ်၊ သိုင်းလောမှာ သည်အဆိပ်ကို ဖြေနိုင်တဲ့ လူများ ရှိနိုင်ပါအုံးမလား"

နှင်းဆီဖြူက ခေါင်းခါယမ်းလိုက်သည်။

"တို့ကတောင် မဖြေနိုင်ဘဲ တခြားလူက ဘယ်ဖြေနိုင်တော့မှာလဲ"

ရွှေနှင်းဆီက မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် သူ့ကို သည်အတိုင်း ထားတော့မှာလား"

ငွေနှင်းဆီက အေးတိအေးစက်ဖြင့်…

"သည်အတိုင်း မထားလို့ သူ့ကို သတ်ပစ်မလို့လား"

ရွှေနှင်းဆီက သက်ပြင်းတစ်ချက်ချလိုက်ပြန်သည်။

"မလုပ်ပါနဲ့ကွယ်၊ သူက သိပ်သနားဖို့ ကောင်းပါတယ်"

နှင်းဆီဖြူက မဲ့ပြုံးပြုံးလိုက်သည်။

"အစ်မကြီးကတော့ တွေ့တဲ့လူ အားလုံးကို သနားနေတာပဲ"



ရွှေနှင်းဆီက မဲ့ပြုံးပြုံးလိုက်သည်။

"ငါက သူ့ကို သနားတာ ငါ့အတွက် မဟုတ်ဘူး"

နှင်းဆီဖြူက တခစ်ခစ် ရယ်မောလိုက်သည်။

"ဘာလဲ ကျွန်မအတွက် ပြောမလို့ မဟုတ်လား"

ရွှေနှင်းဆီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ညည်းအတွက်ပါပဲ"

နှင်းဆီဖြူ၏မျက်နှာတစ်ခုလုံးသည် နီရဲသွား၏။

"အစ်မကြီးကလဲ‥"

သူမသည် စကားဆုံးအောင်ပင် မပြောတော့လဲ တစ်ဘက်သို့ လှည့်သွားလေသည်။

ထိုစဉ်…

အလွန်လှပခန့်ညားသော ရထားလုံးတစ်စီး ရောက်ရှိလာသည်။

မိန်းကလေးများသည် ဖန်းယီ ထည့်ထားသော အိတ်ကို ရထားလုံးပေါ်သို့ တင်လိုက်သည်။

နှင်းဆီပန်းညီအစ်မတို့ကလည်း ကိုယ်စီကိုယ်င မြင်းများပေါ်သို့ တက်လိုက်ပြီးနောက် ရထားလုံးနှင့်အတူ ရှေ့သို့ ထွက်ခွာသွားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ရထားလုံးသည် တောင်ဘက်သို့ ဦးတည်၍ ထွက်ခွာသွားနေ၏။

ခရီးလမ်းတစ်လျှောက်တွင် ဖန်းယီသည် ရှုန်းကန်နေ၏။

အော်ဟစ်နေ၏။

ဝေဒနာများကို ပြင်းထန်စွာ ခံစားနေရလေသည်။

အလွန်ရက်စက်ကြမ်းကြုတ်သော နှင်းဆီပန်းညီအစ်မတို့သည် သူ့အား ညှဉ်းပန်းနှိပ်စက်ခြင်း မပြုသည့်အပြင် ကောင်းမွန်စွာ စောင့်ရှောက်ကြသည်။

အထူးသဖြင့် အလွန်ရက်စက်တတ်သော နှင်းဆီဖြူပင်လျှင် ဖန်းယီအပေါ် သနားနေမိ၏။

ငွေနှင်းဆီမှာမူ နှင်းဆီဖြူအား ကြည့်၍...

"ဟင်း ညီမကို သူက ရန်သူလို သဘောထားခဲ့တာ မေ့သွားပြီလား"

နှင်းဆီဖြူသည် ဘာမျှ ပြန်မပြောဘဲ ခေါင်းငုံ့ထားလိုက်လေသည်။

ဤသို့ဖြင့် သူတို့သည် စုချွမ်းနယ်သို့ ချဉ်းနင်းဝင်ရောက်လာကြလေသည်။

♣ ♣ ♣



စုချွမ်းနယ်သို့ ချဉ်းနင်းဝင်ရောက်လာသည်နှင့် နှင်းဆီပန်းညီအစ်မတို့သည် တည်းခိုခန်းသို့ တည်းခိုရန် မလိုအပ်တော့ဘဲ ဒေသခံ သူဌေးသူကြွယ် အိမ်တို့၌ တည်းခိုနိုင်ခွင့် ရှိလေသည်။

အကြောင်းမှာ ပိုးကောင်ဂိုဏ်းသည် စုချွမ်းနယ်သို့ ချဉ်းနင်းဝင်ရောက်ပြီး ဩဇာအာဏာသားများ လွှမ်းမိုးမိထားခြင်းကြောင့် ဖြစ်လေသည်။

ထို့ကြောင့်...

မည်သူမဆို ပိုးကောင်ဂိုဏ်းသားများအပေါ် ရိုသေကြသည်။

ကြောက်ရွံ့ကြသည်။

ကြည်ညိုကြလေသည်။

ဖန်းယီသည် ရက်ပေါင်းသုံးဆယ်ခန့် ဝေဒနာများ အပြင်းအထန် ခံစားပြီးနောက် သူခံစားနေရသော ဝေဒနာများသည် တစ်နေ့တစ်ခြား သက်သာလာလေသည်။

စုချွမ်းနယ်သို့ ရောက်ရှိလာသောအခါ လုံးဝသက်သာသွားပြီ ဖြစ်လေသည်။

သူ၏တစ်ကိုယ်လုံးသည် ခွန်အားချိနဲ့နေသည်မှ လွဲ၍ အခြေအနေ ကောင်းမွန်နေ၏။

သူသည် နှင်းဆီပန်းညီအစ်မ၏ စောင့်ရှောက်ခြင်း ခံရသည်ကို တွေ့ရသောအခါ စိတ်မကောင်း ဖြစ်လာလေ၏။

အထူးသဖြင့် နှင်းဆီဖြူက သူ့အပေါ် အစွမ်းကုန် ပြုစုပေး

www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို အားတုံ့အားနာ ဖြစ်နေလေသည်။

နှင်းဆီဖြူက သူ့အား ပြုံးပြလိုက်သည်။

"ဘယ့်နှယ်လဲ အတော်နေကောင်းသွားပြီလား"

ဖန်းယီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ခင်ဗျားတို့ရဲ့ ကျေးဇူးကြောင့် ကျုပ်အတော် နေကောင်းလာပါပြီ"

နှင်းဆီဖြူက ကျေနပ်သွားသည်။

"ကျွန်မတို့ကို မမုန်းတော့ဘူးလား"

ဖန်းယီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်က ခင်ဗျားတို့ကို မမုန်းခဲ့ပါဘူး၊ ခင်ဗျားတို့ကသာ"

နှင်းဆီဖြူက ပြုံးလိုက်သည်။

"ဘာလဲ ကျွန်မတို့ကသာ လူကို အရမ်းမသတ်နဲ့လို့ ပြောမလို့ မဟုတ်လား"

ဖန်းယီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ လူတစ်ယောက်ဟာ အလွန်ရက်စက်ယင် ရုပ်ဆိုးလာတတ်တယ် မဟုတ်လား"

နှင်းဆီဖြူက သူ့အား တိတ်ဆိတ်စွာ အတန်ကြာ ကြည့်လိုက်ပြီး...

"ကျွန်မလှတာ ရှင်မြင်ချင်သလား"

ဖန်းယီက ထစ်ထစ်ငေါ့ငေါ့ဖြင့်...

"ဟုတ်...ဟုတ်ကဲ့"



နှင်းဆီဖြူက ပြုံးလိုက်သည်။

"ရှင့်စကားကို ကျွန်မ နားထောင်စေချင်သလား"

ဖန်းယီက မချိပြုံးပြုံးလိုက်သည်။

"ကျုပ်စကားနားထောင်ရအောင် ကျုပ်က မပြောဝံ့ပါဘူးဗျာ"

"ဒါဖြင့် ကျွန်မလှတွေ ပျောက်သတ်နေတာကို ရှင်သဘောကျသလား"

ဖန်းယီက ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ ဘယ်ကြိုက်ပါ့မလဲဗျာ"

"သည်လိုဆိုယင် ရှင့်စကား နားထောင်စေချင်တဲ့ သဘောပေါ့"

ဖန်းယီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

နှင်းဆီဖြူသည် ရုတ်တရက် ထခုန်လိုက်ပြီး သူ၏ပါးအား တစ်ချက်နမ်းကာ တခစ်ခစ် ရယ်မော၍ အခန်းထဲမှ ပြေးလွှားထွက်ခွာသွားလေသည်။

ဖန်းယီသည် အံ့အားသင့်စွာဖြင့် ကြည့်ယင်း ကျန်ရစ်ခဲ့လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ဖန်းယီသည် အိပ်ရာမှ နိုးလာသောအခါ တစ်ခန်းလုံး မှောင်မည်းနေသည်ကို တွေ့ရသည်။

သို့သော်...

မွှေးကြိုင်သော အနံ့တစ်ခုက သူ၏နှာခေါင်းထဲသို့ တိုးဝင်လာနေသည်ကို ခံစားလိုက်ရလေသည်။

တဆက်တည်းမှာပင် လူရိပ်တစ်ခုသည် သူ၏ခုတင်နားသို့ တဖြည်းဖြည်း လျှောက်လာနေသည်ကို တွေ့လိုက်ရသဖြင့် ရင်ထိတ်သွားသည်။

"ဘယ်သူလဲ"

သူ လှမ်းအော်၍ မေးလိုက်သည်။

ထိုလူရိပ်က အသံတိုးတိုးဖြင့်...

"တိုးတိုးပြောပါ၊ ကျွန်မ ငွေနှင်းဆီပါ"

ဖန်းယီက မျက်မှောင်ကုပ်သွားသည်။

"ဘာကိစ္စရှိလို့ အချိန်မတော် လာရတာလဲဗျ"

ငွေနှင်းဆီက တခစ်ခစ် ရယ်မောလိုက်သည်။

"ကျွန်မ ဘာကြောင့် အခုလို အချိန်မျိုးမှာ ရှင့်အခန်းထဲကို ဝင်လာတယ်ဆိုတာ ရှင်သိဖို့ ကောင်းပါတယ်"

သူမသည် ယင်းသို့ ပြောယင်း ဖန်းယီအနီးသို့ တိုးကပ်လာလေသည်။

ဖန်းယီက ထထိုင်လိုက်သောအခါ ထွေးနွေးသော ငွေနှင်းဆီ၏ခန္ဓာကိုယ်သည် သူ၏ရင်ခွင်ထဲသို့ တိုးဝင်လာသည်ကို ခံစား



လိုက်ရသည်။

ဖန်းယီက သူမအား တွန်းဖယ်လိုက်သည်။

ပြီးလျှင် သူသည် ခုတင်ပေါ်မှ ဆင်းလာပြီး စားပွဲပေါ်မှ မီးအိမ်ကို ထွန်းညှိလိုက်လေသည်။

ငွေနှင်းဆီက အံ့သြသွားသည်။

"ရှင် ဘာဖြစ်လို့ မီးထွန်းတာလဲ"

ဖန်းယီက မဲ့ပြုံးပြုံးလိုက်သည်။

"သည်လောက် အရှက်မရှိတဲ့ မင်းမျက်နှာကို သေသေချာချာ ကြည့်ချင်လို့ပါ"

ထိုစကား ကြားလိုက်ရသောအခါ ငွေနှင်းဆီ၏တစ်ကိုယ်လုံး ဒေါသထွက်လွန်း၍ တုန်ခါသွားလေသည်။

သူမ၏မျက်လုံးအစုံသည် မီးတောက်မီးလျှံပမာ ဖန်းယီအား စူးစူးကြည့်ယင်း...

"ရှင့်ကိုယ်ရှင် ရုပ်ချောတယ်ဆိုပြီး မာနထောင်နေတယ်ပေါ့လေ၊ ရှင့်ကို လောကပေါ်မှာ ရုပ်ဆိုးတဲ့ လူတစ်ယောက် ဖြစ်အောင် လုပ်ပစ်မယ်"

ယင်းသို့ ပြောပြီးသည်နှင့် ခါးမှ အသင့်ပါလာသော ဓားကို ဆွဲထုတ်လိုက်ပြီး တစ်ချက်ဝှေ့ယမ်းလိုက်လေသည်။

ဖန်းယီသည် အေးစိမ့်သော ဓားသွားက သူ၏မျက်နှာပေါ်သို့ ထိတွေ့လိုက်သည်ဟု ခံစားလိုက်ရလေသည်။

သူသည် လက်ဖြင့် ပွတ်လိုက်သောအခါ လက်ဖဝါးတစ်ခုလုံး

www.burmeseclassic.com



မှာ သွေးများချင်းချင်း နီရဲနေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ငွေနှင်းဆီအား ကြည့်ကာ...

"ကဲ မထူးပါဘူး၊ မင်းစိတ်ကြိုက် ထပ်လုပ်ပါဦး၊ ကျုပ်မျက်နှာတစ်ခုလုံး ပျက်စီးသွားလဲ မင်းကို ငါစိတ်မဆိုးပါဘူး"

ငွေနှင်းဆီက အံကို တင်းတင်းကြိတ်လိုက်သည်။

"လုပ်မယ်..လုပ်မယ်၊ ကျွန်မ လိုချင်တာမရရင် ကျွန်မ ကိုယ်တိုင် ဖျက်ဆီးပစ်မယ်"

သူမသည် ပြောယင်း ဆက်၍ တိုက်ခိုက်မည်ပြုစဉ်...

"ဝုန်း"

အခန်းတံခါးအား တစ်စုံတစ်ယောက်က တွန်းဖွင့်လိုက်သည်။

နှင်းဆီဖြူသည် အခန်းထဲသို့ ပြေးဝင်လာပြီး ငွေနှင်းဆီအား အတင်းဆွဲထားလိုက်၏။

"အစ်မကြီး လာပါအုံး အစ်မလတ်က ရူးနေပြီရှင့်"

နှင်းဆီဖြူ၏အသံကြောင့် ရွှေနှင်းဆီက ကမန်းကတန်း ပြေးလွှားဝင်ရောက်လာသည်။

သူသည် မျက်နှာတစ်ခုလုံး သွေးချင်းချင်း နီရဲနေသော ဖန်းယီအား တွေ့မြင်လိုက်ရသဖြင့် အံ့အားသင့်သွား၏။

သူသည် ငွေနှင်းဆီအား လှည့်ကြည့်လိုက်သည်။

"ညည်းက လုပ်လိုက်တာလား"

ငွေနှင်းဆီက ရယ်မောလိုက်သည်။



"ဟုတ်တယ်၊ ဘာလဲ အစ်မကြီးက တော်တော်ဝမ်းနည်းသွားသလား"

"ဖြန်း"

သူမ၏စကားမဆုံးမီ ရွှေနှင်းဆီ၏လက်ဝါးသည် သူမ၏ပါးပြင်ပေါ်သို့ တအားရိုက်ချလိုက်လေသည်။

ရွှေနှင်းဆီက ပါးရိုက်လိုက်သဖြင့် ငွေနှင်းဆီ၏ရယ်မောသံ ရပ်တန့်သွားသည်။

ဆူညံနေသည့် ဖြစ်နေသော အခန်းတစ်ခုလုံးမှာလည်း တိတ်ဆိတ်သွားလေသည်။

နှင်းဆီဖြူက လက်လွှတ်လိုက်သည်။

ငွေနှင်းဆီသည် နောက်သို့ တစ်လှမ်းချင်း ဆုတ်သွားယင်း ရွှေနှင်းဆီအား ကြည့်ကာ...

"အစ်မကြီးက ကျွန်မကို ရိုက်တယ်"

ရွှေနှင်းဆီ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ညည်းက ဘာဖြစ်လို့ သည်လို လုပ်ရတာလဲ"

ငွေနှင်းဆီက ထခုန်လိုက်သည်။

"ကျွန်မလုပ်ရလိမ့်မယ်၊ နှင်းဆီဖြူက သူ့ကို ချစ်နေမှန်း အစ်မကြီးက သိတယ်၊ ကျွန်မကလဲ သူ့ကို ချစ်နေတယ်ဆိုတာ မသိဘူးလား"

ရွှေနှင်းဆီက ထိုစကား ကြားလိုက်ရသောအခါ အံ့ဩသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ညည်းက သူ့ကို မုန်းတယ်ဆို"

ငွေနှင်းဆီက မဲ့ပြုံးပြုံးလိုက်သည်။

"ဟုတ်တယ်၊ ကျွန်မက သူ့ကို မုန်းတယ်၊ အမှန်တိုင်း ပြောရယင် ကျွန်မက သူ့ကို မနာလိုဝန်တို ဖြစ်လို့ မုန်းတာရှင့်"

ရွှေနှင်းဆီက ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"လောကပေါ်မှာ ယောကျ်ားတွေ အများကြီးပါ၊ ညည်းရဲ့ ရုပ်ရည်နဲ့ဆိုယင် ယောကျ်ားကောင်းတစ်ယောက် ယူလို့ ရပါတယ်၊ နောက်ပြီး မင်းကြိုက်ခဲ့တဲ့ ယောကျ်ားတွေဟာလဲ အများကြီး ရှိနေတယ် မဟုတ်လား"

ငွေနှင်းဆီသည် ပါးစပ်ပိတ်ထားလိုက်လေသည်။

သူမသည် ရွံ့မုန်းစွာဖြင့် ရွှေနှင်းဆီနှင့် နှင်းဆီဖြူတို့အား တစ်ချက်စီ ကြည့်ပြီးနောက် ချာခနဲလှည့်ကာ အခန်းထဲမှ ထွက်သွားလေသည်။

သူမ၏အသံသည် အခန်းထဲသို့ လွင့်ပျံ့လာလေသည်။

"ညည်းတို့ကို မုန်းတယ်၊ လောကပေါ်မှာ ရှိတဲ့ လူအားလုံးကို ကျူပ်မုန်းတယ်"

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်းတွင် ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

# မိုးကျော်သူ

# အယောင်ဆောင်လူလင်

ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် - ၅၀၀၆၄၆၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၇၁၄၀၆၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

## မိုးစွေငှက်

တစ်ရက်...။

နှစ်ရက်...။

သုံးရက်ကြာပြီးနောက် ဖန်းယီသည် အတော်နေထိုင်ကောင်းသွားပြီ ဖြစ်သည်။

သို့သော်...

သူ၏မျက်နှာပေါ်တွင် မျက်လုံးနှင့်နှာခေါင်းနေရာမှ ချန်လှပ်ထားပြီး အဝတ်ဖြူများပတ်ထားလေသည်။

ရွှေနှင်းဆီနှင့် နှင်းဆီဖြူတို့က သူ့အား တိတ်ဆိတ်စွာကြည့်နေ၏။

သူတို့၏ရင်ထဲ၌ အားတုံ့အားနာဖြစ်ခြင်းနှင့်အတူ ဖော်မပြနိုင်သော ဝေဒနာတစ်ခု ခံစားနေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီဖြူက သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"ရှင်က တကယ်ပဲ သွားတော့မယ်ဟုတ်လား"

ဟုမေးလိုက်သည်။

ဖန်းယီက ပြုံးလိုက်သည်။

"ကျုပ် သွားသင့်တာ ကြာလှပါပြီဗျာ"

နှင်းဆီဖြူသည် ရုတ်တရက် ထလိုက်ပြီး သူ့အားသိုင်းဖက်ထားလိုက်သည်။

"မသွားပါနဲ့ရှင်၊ ရှင့်မျက်နှာ ဘယ်လောက်ပဲရုပ်ဆိုးသွားပါစေ၊ ကျွန်မ ရှင့်ကို တစ်သက်လုံးစောင့်ရှောက်သွားပါ့မယ်"

ဖန်းယီက သူမအား ပြုံးပြလိုက်သည်။

ဖန်းယီက သူမ၏ဆံကေသာကို အသာအယာပွတ်လိုက်ယင်း...

"မင်းက ငါ့ကိုတကယ်ချစ်ယင် ငါ့ကို သွားခွင့်ပြုပါ။ လူတစ်ယောက်ဟာ လွတ်လွတ်လပ်လပ် မနေရယင် အသက်ရှင်နေတော့ကော ဘာအဓိပ္ပါယ်ရှိမှာလဲ"

သူသည် နှင်းဆီဖြူအား အသာအယာတွန်းဖယ်လိုက်ပြီး အခန်းထဲမှ လှမ်းထွက်သွားသည်။

နှင်းဆီဖြူ မျက်မှောင်ကုပ်သွားသည်။

"ရှင်အခု ဘယ်သွားမလို့လဲ"

ဖန်းယီက ခြေလှမ်းမရပ်ပါ။

ဆက်၍လျှောက်ယင်း ပြောလိုက်သည်။



"လူတစ်ယောက် သွားရှာမလို့"

နှင်းဆီဖြူ ခေါင်းညိတ်လိုက်သည်။

"ကျွန်မ သိပါတယ်၊ ရှင်က ငွေနှင်းဆီကို လိုက်ရှာမလို့ မဟုတ်လား"

ဖန်းယီက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

နှင်းဆီဖြူက မျက်ရည်သုတ်ယင်း...

"ဒါဖြင့် ရှင်က ဘယ်သူ့ကိုလိုက်ရှာမလို့လဲ"

ဖနးယီ ပြုံးလိုက်သည်။

"ပထမဆုံး ကျုပ်က ဂူးယို့ဆီသွားမယ်၊ မင်းတို့ကိုလာကြည့်ပါလို့ တိုက်တွန်းမယ်၊ နောက်ပြီး သူ့အဖေ ဂူးစွမ်းကိုလည်း နှင်းဆီပန်းညီအစ်မတို့ဟာ သူထင်သလို ရက်စက်ကြမ်းကြုတ်တဲ့ မိန်းကလေးတွေ မဟုတ်တဲ့အကြောင်း ရှင်းပြမလို့ပါ"

ရွှေနှင်းဆီ ခေါင်းငုံ့လိုက်သည်။

"ကျွန်မ ရှင့်ကို ဘယ်လိုကျေးဇူးဆပ်ရမယ်ဆိုတာတောင် ပြောမပြတတ်တော့ပါဘူးရှင်"

နှင်းဆီဖြူမှာလည်း ငေးငိုင်ကာ ပါးစပ်ပိတ်ထားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီသည် အပြင်သို့ရောက်သောအခါ သူ၏ရင်ထဲ၌ ပေါ့ပါးသွားသည်ဟု ခံစားလိုက်ရလေသည်။

သူသည် ပြာလဲ့လဲ့ကောင်းကင်သို့ မော့ကြည့်လိုက်ပြီး လေကောင်းလေသန့်များကို အားရပါးရရှူရှိုက်လိုက်လေသည်။

သူ၏မျက်လုံးအစုံသည် ပတ်ဝန်းကျင်သို့ ကြည့်လိုက်တော့မှ သူသည် လှို့ဝှက်သောမြေအောက်ခန်းတစ်ခုမှ ထွက်လာခဲ့သည်ကို အကဲခတ်မိလိုက်လေသည်။

ယင်းလှို့ဝှက်မြေအောက်ခန်းအား သေသေချာချာ မသိလျှင် မြင်တွေ့နိုင်မည်မဟုတ်ပါ။

သူသည် ရင်ကို ခါးချက်ကော့လိုက်ပြီး ရှေ့သို့ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလေသည်။

ခြေလှမ်းငါးဆယ်ခန့် လျှောက်လာသောအခါ…

"ဟေ့…ရပ်လိုက်"

လူတစ်ယောက်၏ အော်သံကြားလိုက်ရသဖြင့် သူသည် ခြေလှမ်းရပ်တန့်လိုက်ရလေသည်။

ဓားတစ်လက်က သူကျောပြင်အား ထောက်ထားလိုက်၏။

"ရှင် ဘယ်သူလဲ၊ ဒီဘက်လှည့်လိုက်စမ်း"

အသံရှင်မှာ မိန်းကလေးဖြစ်နေ၏။

ဖန်းယီက နောက်သို့ ဖြည်းညင်းစွာလှည့်လိုက်လေသည်။

သူ့အား ဓားဖြင့်ထောက်ထားသူမှာ 'မိုးစွေငှက်' ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။



မိုးစွေငှက်မှာ သူ့အား မမှတ်မိပါချေ။

"ရှင် ဘယ်သူလဲ ပြောစမ်း"

ဖန်းယီက ရုတ်တရက် ရယ်မောလိုက်သည်။

"ခင်ဗျား တစ်ယောက်တည်းကိုး၊ ဓားမင်းသားပါမလာပါလား"

"ရှင်"

မိုးစွေငှက် အံ့အားသင့်သွားသည်။

"ရှင်က ကျွန်မကို သိတယ်ဟုတ်လား"

ဖန်းယီ ပြုံးလိုက်သည်။

"သိပါတယ်ဗျာ၊ ခင်ဗျားက ဓားမင်းသားနဲ့အမြဲတမ်း တွဲနေတာကိုမြင်ဖူးပါတယ်"

မိုးစွေငှက်က သူ၏မျက်နှာကို သေချာစွာ အကဲခတ်လိုက်ပြီး…

"ရှင် ဘယ်သူလဲ၊ ရှင့်ကို ကျွန်မ မြင်ဖူးသလိုပဲ"

ဟုပြောလာသည်။

ဖန်းယီက…

"ကျုပ်က ဖန်းယီပါ"

"ရှင်"

မိုးစွေငှက် အထိတ်တလန့်ဖြစ်သွားကာ နောက်ဆုတ်သွားလေသည်။

"ဖန်းယီက သေသွားပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီ ရယ်မောလိုက်သည်။

"လောကပေါ်မှာ ဖန်းယီနှစ်ယောက်ရှိပါတယ်၊ တစ်ယောက်က သေသွားပေမယ့် တစ်ယောက်က အသက်ရှင်နေပါသေးတယ်"

မိုးစွေငှက် ပင့်သက်တစ်ချက်ရှိုက်လိုက်သည်။

"ကျွန်မတော့ မျက်စိလည်ကုန်ပြီရှင့်"

ရုတ်တရက်...

"ဟား...ဟား...ဟား"

ကျယ်လောင်သော ရယ်မောသံတစ်ချက် သူတို့နောက်မှ ထွက်ပေါ်လာလေသည်။

ဖန်းယီနှင့် မိုးစွေငှက်တို့သည် အသံလာရာသို့ လှည့်ကြည့်လိုက်ကြသည်။

ထိုအခါ...

တစ်ခေါင်းလုံး ဆံပင်များဖြူဖွေးနေသော အဘိုးအိုတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထူးခြားသည်မှာ ထိုအဘိုးအို၏လက်တစ်ဘက်က ပြတ်နေခြင်းဖြစ်သည်။

မိုးစွေငှက် မျက်မှောင်ကုပ်သွားသည်။

"ဦးက ဘယ်သူလဲ"

အဘိုးအို ပြုံးလိုက်သည်။

"ကျုပ်နာမည် မသိချင်စမ်းပါနဲ့၊ တစ်ခုတော့ရှိတယ်၊ ကျုပ်



ဟာ ကောင်းကင်ဂိုဏ်းရဲ့ ရန်သူတစ်ယောက် ဆိုပါတော့"

မိုးစွေငှက်က အဘိုးအိုကို စိုက်ကြည့်လိုက်ပြီး...

"ဦးက ဘာကိစ္စ ဒီကိုလာရတာလဲ"

ဟုမေးလိုက်သည်။

အဘိုးအိုက သူမအား စိုက်ကြည့်ရင်း...

"ကျွန်မက ကောင်းကင်ဂိုဏ်းရဲ့ လျှို့ဝှက်စခန်းကို လိုက်ရှာနေတာရှင့်"

"ဟဲ...ဟဲ...ဟဲ"

အဘိုးအိုက ရယ်မောလိုက်သည်။

"ကျုပ်လည်း သူတို့ရဲ့လျှို့ဝှက်စခန်းကို လိုက်ရှာနေတာပဲ"

သူသည် မိုးစွေငှက်အား စိုက်ကြည့်လိုက်ပြီး...

"မင်းရှာလို့ တွေ့ပြီလား"

ဟုမေးလိုက်သည်။

မိုးစွေငှက် ခေါင်းခါယမ်းလိုက်သည်။

"မတွေ့သေးပါဘူးရှင်"

အဘိုးအိုက ဖန်းယီဘက်သို့ လှည့်လိုက်သည်။

"မင်းကော"

ဖန်းယီ ခေါင်းယမ်းလိုက်သည်။

ထိုအဘိုးအိုသည် ဖန်းယီက မိုးစွေငှက်နှင့်အတူ ကောင်းကင်ဂိုဏ်း၏ လျှို့ဝှက်စခန်း လိုက်လံရှာဖွေနေသည်ဟု ထင်မှတ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

"ကဲ..မင်းတို့မသိယင် ကျုပ်နောက်ကိုသာ လိုက်ခဲ့"

ဖန်းယီသည် ထိုစကားကြားလိုက်ရသောအခါ ရင်ထိတ်သွားလေသည်။

မိမိတို့က လှို့ဝှက်မြေအောက်စခန်းသို့ ရောက်ရှိသွားလျှင် ရှေနှင်းဆီတို့မှာ မိမိက သူတို့အား လမ်းပြ၍ခေါ်လာသည်ဟု အထင်မှားမည်သာဖြစ်ချေမည်။

သူသည် ထိုသို့ အခက်ကြုံနေစဉ်မှာပင် အဘိုးအို၏ခြေလှမ်းများက စတင်ရွေ့လျားသွားလေတော့သည်။

## လှို့ဝှက်လိုဏ်ဂူနှင့် ရတနာသိုက်

ဖန်းယီသည် ရင်တမမဖြင့် အဘိုးအိုနောက်မှ လိုက်နေ၏။

သို့သော် အဘိုးအိုသည် သူထွက်ခဲ့ရသော လှို့ဝှက်မြေအောက်ခန်းနေရာသို့ကျော်သွားကာ ကျောက်ဆောင် တစ်ခုရှိရာသို့ ဦးတည် သွားနေသည်ကို တွေ့လိုက်ရတော့မှ စိတ်သက်သာရာရသွားလေသည်

အဘိုးအိုသည် ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်နေသည်မှာ သူ၏ကိုယ်ဖော့ပညာက ပြသနေ၏။

ဖန်းယီနှင့် မိုးစွေ့ငှက်တို့က မနည်းကြိုးစားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အတန်ကြာလျှောက်သွားသောအခါ ကြီးမားသော ကျောက်ဆောင်တစ်ခုအား တွေ့မြင်လိုက်ရလေသည်။

ထိုကျောက်ဆောင်ရှေ့သို့ ရောက်သွားသောအခါ အဘိုးအိုကခြေလှမ်းရပ်တန့်သွားလေသည်။

ဖန်းယီက မော့ကြည့်လိုက်သောအခါ ကျောက်ဆောင်ထိပ်၌ မူလက စာလုံးသုံးလုံးထွင်းထားပြီး တစ်စုံတစ်ယောက်က ပုဆိန်ဖြင့် ဖျက်ဆီးသွားသောအရာများ တွေ့ရှိရလေသည်။

ယင်းကျောက်ဆောင်ပေါ်မှ စာများသည် ထိုကျောက်ဆောင်၏အမြင့်ဖြစ်ရမည်ဟု ဖန်းယီက တွေးမိသည်။

သို့သော်...

မည်သူက အဘယ်ကြောင့် ယခုကဲ့သို့ အပင်ပန်းခံ၍ဖျက်ဆီးလိုက်သည်ကိုမူ သူက မတွေးတတ်အောင်ဖြစ်သွားလေသည်။

သူသည် ထိုသို့ တွေးတောနေစဉ်မှာပင် အဘိုးအိုသည် ကျောက်ဆောင်ပေါ်သို့ ပေါ့ပါးစွာတက်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျောက်ဆောင်ထိပ်ပေါ်သို့ ရောက်သွားသောအခါ အဘိုးအိုက သူတို့အား လက်ယပ်ခေါ်လိုက်သည်။

"တက်ခဲ့လေ၊ ဘာလုပ်နေကြတာလဲ"

မိုးစွေ့ငှက်က ဖန်းယီအား လှည့်ကြည့်လိုက်ပြီး အသံတိုးတိုးဖြင့်...

"အန္တရာယ်သိပ်များတယ်၊ ရှင်လိုက်မလာနဲ့၊ ဒီနေရာက မြန်မြန်သွားယင်ကောင်းမယ်"

ဖန်းယီ ပြုံးလိုက်သည်။

"ဒီကိုလိုက်လာပြီးမှတော့ မြန်သွားဖို့မလွယ်လောက်ဘူးထင်တယ်"

ပြောယင်း တောင်ပေါ်သို့တက်သွားလေသည်။

မိုးစွေ့ငှက် သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် သူမလည်း ကျောက်ဆောင်ပေါ် တက်သွားလေတော့သည်။

♣ ♣ ♣



မိုးစွေ့ငှက်တို့သည် ကျောက်ဆောင်ထိပ်သို့ရောက်ရှိသွားတော့မှ ထိုနေရာ၌ လူသုံးယောက်ခန့် ဝင်နိုင်သော ဂူပေါက်တစ်ခုရှိသည်ကိုတွေ့မြင်လိုက်ရလေသည်။

ထိုဂူပေါက်သည် မည်မျှနက်ရှိုင်းနေမှန်းမသိဘဲ မှောင်မည်းနေ၏။

မိုးစွေ့ငှက် သံသယဖြစ်လာသည်။

"နှင်းဆီပန်းညီအစ်မများ ဒီနေရာမှာ ရှိနိုင်ပါ့မလား"

အဘိုးအို ခေါင်းယမ်းလိုက်သည်။

"ဘယ်ရှိနိုင်ပါ့မလဲ"

မိုးစွေ့ငှက်က မျက်မှောင်ကုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



[illegible]

သူမ၏စကားမဆုံးမီ အဘိုးအိုက ရှင်းပြလိုက်၏။

"ဒီနေရာဟာ ကောင်းကင်ဂိုဏ်းရဲ့လျှို့ဝှက်နေရာတစ်ခုပဲ သူတို့ဂိုဏ်းရဲ့ ရွှေငွေပစ္စည်းတွေ၊ သိုင်းပညာလျှို့ဝှက်မှတ်တမ်းတွေ ဒီမှာ သိမ်းဆည်းထားတယ်ကွယ့်"

မိုးစွေ့ငှက် အံ့ဩသွားသည်။

"ဦးက ဘယ်လိုလုပ်သိသလဲဟင်"

အဘိုးအိုက ရယ်မောလိုက်သည်။

"ကျုပ်သိလို့လဲ ဒီကိုရောက်လာတယ် မဟုတ်လား"

သူသည် မိုးစွေ့ငှက်အား စိုက်ကြည့်လိုက်ပြီး...

"မင်း အောက်ကိုဆင်းဝံ့ပါ့မလား"

ဟုမေးလိုက်သည်။ မိုးစွေ့ငှက် ခေါင်းညိတ်လိုက်သည်။

"ဆင်းဝံ့ပါတယ် ဦး"

အဘိုးအိုသည် ဖန်းယီဘက်သို့လှည့်လိုက်သည်။

"မင်းကော"

ဖန်းယီက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ဘာဖြစ်လို့ဆင်းရမှာလဲ"

မိုးစွေ့ငှက်က စကားဆက်လိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ သူနဲ့မဆိုင်မပါဘူး"

အဘိုးအိုက ဖန်းယီအား စူးရှစွာကြည့်လိုက်ပြီး...

"မင်းက ယောကျ်ားတစ်ယောက် မဟုတ်လား၊ မိန်းကလေး



တစ်ယောက်တောင် ဆင်းဝံ့တာကို မင်းကကြောက်နေတယ် ဟုတ်လား"

ဟုပြောလာသည်။ ဖန်းယီ ပြုံးလိုက်သည်။

"ဟုတ်ကဲ့ မိုးစွေ့ငှက်ကို ကူညီတဲ့အနေနဲ့ ကျွန်တော် အဖော်လိုက်ပြီးဆင်းသွားပါ့မယ်"

အဘိုးအို၏မျက်နှာ အနည်းငယ်ကြည်လင်လာလေသည်။

"ဒီလိုမှပေါ့ကွာ"

သူသည် အိတ်ထဲမှ နှစ်ပေခန့်ရှည်သော ဓားတစ်လက်နှင့် မီးတုတ်တစ်ချောင်းထုတ်လိုက်ပြီး မိုးစွေ့ငှက်လက်သို့အပ်လိုက်သည်။

"ဒီဓားက အလွန်ထက်တယ်၊ ဒီမီးတုတ်ကလည်း နေရာမရွေး အသုံးပြုနိုင်တယ်၊ မင်းယူထားလိုက်"

မိုးစွေ့ငှက်သည် ထိုပစ္စည်းနှစ်ခုအား လက်ခံထားပြီး ဝင်ပေါက်ထဲသို့ ဆင်းသွားလေသည်။

ဖန်းယီကလည်း တပါတည်းလိုက်၍ဆင်းသွားသည်။

အဘိုးအိုက သူတို့အား ငုံ၍ပြောလိုက်သည်။

"ဟေ့..မင်းတို့ထွက်လာမယ့်အခါမှာ ငါပေးလိုက်တဲ့ဓားနဲ့ သုံးကြိမ်တိတိခေါက်ပါ၊ ဒါမှ ငါတံခါးဖွင့်ပေးနိုင်မှာ"

သူ့စကားဆုံးသွားသည်နှင့် ထိုဝင်ပေါက်အား ကြီးမားသောကျောက်တုံးတစ်တုံးက ရွေ့လျားလာပြီး ပိတ်ထားလိုက်လေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီနှင့်မိုးစွေငှက်တို့သည် အတန်ကြာအောင် စမ်းတဝါးဖြင့် ဆင်းသွားကြသည်။

ခဏကြာမီ…

သူတို့သည် မြေကြီးနှင့်ထိတွေ့လိုက်သည်ကို ခံစားလိုက်ရသည်။

မိုးစွေငှက်က မီးတုတ်အား မီးညှိယူလိုက်သည်။

မီးအလင်းရောင် ထွက်ပေါ်လာသည်။

မီးတုတ်အားကိုင်၍ ဖန်းကျင်သို့ မြှောက်၍ကြည့်လိုက်သောအခါ သူတို့သည် လိုဏ်ဂူတစ်ခုထဲသို့ ရောက်နေသည်ကိုတွေ့ရလေသည်။

မိုးစွေငှက်သည် မီးတုတ်အားမြှောက်ထားပြီး ရှေ့သို့ဆက်၍လျှောက်သွားလေသည်။

ဖန်းယီသည် မိုးစွေငှက်၏ရဲရင့်သော သတ္တိကိုကြိတ်၍ချီးကျူးမိလေသည်။

"ဩော်…ဒါနဲ့ ခင်ဗျားက ဘာဖြစ်လို့ နှင်းဆီပန်းညီအစ်မတို့ကို ဒီလောက် သဲသဲမဲမဲလိုက်ရှာနေရတာလဲ"

မိုးစွေငှက်က အံကိုတင်းတင်းကြိတ်လိုက်ပြီး…

"ကျွန်မရဲ့ မိတ်ဆွေတစ်ယောက်ကို သူတို့ကလုပ်ကြံလိုက်တယ်လို့ သတင်းကြားလို့ပါ"

ဟုဖြေလိုက်၏။

ဖန်းယီက…



"ခင်ဗျားမိတ်ဆွေက ဘယ်သူလဲဗျ"

"သူလည်း ရှင့်လို ဖန်းယီလို့ပဲခေါ်တယ်"

ဖန်းယီ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဖန်းယီ ဟုတ်လား"

မိုးစွေငှက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

"ဒါနဲ့ သူသေသွားပြီဆို"

"ဟုတ်ကဲ့ ဒီလိုပဲ သတင်းကြားရပါတယ်၊ ဒါပေမယ့် သူကတကယ်သေသွားတာလား၊ မသေဘူးလားဆိုတာ မပြောတတ်ဘူးရှင့်"

ဖန်းယီ မျက်မှောင်ကုပ်ကာ…

"ခင်ဗျားပြောတော့ သူ့ကို နှင်းဆီပန်းညီအစ်မတွေက လုပ်ကြံလိုက်တယ်ဆို"

မိုးစွေငှက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ကျွန်မက ဒီလိုသတင်းကြားရလို့ နှင်းဆီပန်းညီအစ်မတွေကို လိုက်ရှာနေတာပေါ့"

"သူတို့ကိုရှာပြီး ဘာလုပ်မလို့လဲ"

"ဒီသတင်း မှန်မမှန်ဆိုတာ လက်တွေ့မေးမလို့ပါ"

"မှန်ခဲ့ယင်ကော"

မိုးစွေငှက်၏မျက်နှာပေါ်ဝယ် ခံပြင်းသော အရိပ်အရောင်များပေါ်ထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သတင်းသာ မှန်ခဲ့ယင် ကျွန်မက သူတို့ကိုဆုံးမမှာပေ့ါ"

ဖန်းယီ သက်ပြင်းချလိုက်သည်။

"အင်း...ခင်ဗျားက ဖန်းယီအပေါ် ဒီလောက်တောင်ပဲ သံယောဇဉ်ကြီးနေသလားဗျာ"

မိုးစွေငှက်က ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်၏။

အတန်ကြာအောင် လျှောက်သွားပြီးမှ သူမက စကားဆိုလာသည်။

"နေပါဦး၊ ဒီကိစ္စဟာ ရှင်နဲ့ဘာမှမဆိုင်ဘဲ ဘာလို့လိုက်လာရတာလဲ"

ဖန်းယီ ပြုံးလိုက်သည်။

"ခင်ဗျားဟာ မိန်းကလေးတစ်ယောက်ပါ၊ အခုလို တစ်ယောက်တည်း စွန့်စားရတာ အန္တရာယ်များပါတယ်၊ ဒါကြောင့် ကျုပ်ကလိုက်ခဲ့တာပါ"

မိုးစွေငှက်က သူ့အား လှည့်ကြည့်လိုက်သည်။

"ဒီလိုဆိုယင် ရှင်က ကျွန်မကြောင့်လိုက်လာရတယ် ဟုတ်လား"

ဖန်းယီက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်"

မိုးစွေငှက်က ခြေလှမ်းရပ်တန့်လိုက်ပြီး သူ့အားလှည့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"



ဖန်းယီ ပခုံးတစ်ချက် တွန့်လိုက်သည်။

"ခင်ဗျားဟာ ဖန်းယီ မိတ်ဆွေဆိုတော့ ကျုပ်မိတ်ဆွေလို့ ပဲသဘောထားလို့ပါ"

မိုးစွေငှက်က သူ့အား အကဲခတ်ကြည့်လိုက်ယင်း သူမ၏ မျက်နှာတစ်ခုလုံးမှာ နီရဲသွားလေသည်။

သူမသည် ဆက်၍လျှောက်သွားယင်း...

"အဘိုးကြီးက ဘာသဘောနဲ့ ကျွန်မတို့ကိုလွှတ်လိုက်တယ် ဆိုတာ ရှင်ရိပ်မိရဲ့လား"

ဖန်းယီက အနည်းငယ် စဉ်းစားလိုက်သည်။

"ခင်ဗျားကကော ဘယ်လိုသဘောရသလဲ"

မိုးစွေငှက်က ပြုံးလိုက်သည်။

"သူ့အကျိုးအတွက် ကျွန်မတို့ကို အသုံးချတယ်လို့ ကျွန်မ ယူဆတယ်"

ဖန်းယီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်လည်း ဒီသဘောရတယ်"

မိုးစွေငှက်က သူ့အားလှည့်ကြည့်လိုက်သည်။

"ဒီလိုဆိုယင် ကျွန်မတို့ ဘာလုပ်ရမလဲ"

ဖန်းယီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခုမှတော့ ရှေ့ကိုပဲ ဆက်သွားရုံရှိတော့တာပေ့ါ"

မိုးစွေငှက်က ရယ်မောလိုက်သည်။

"ကျွန်မကိုယ်ကျွန်မ သိပ်ပြီးသတ္တိရှိတယ်လို့ ထင်နေတာ

www.burmeseclassic.com

www.burmeseclassic.com



အခုမှပဲ ရှင်ဟာ ကျွန်မထက်သတ္တိကောင်းတာ တွေ့ရတော့တယ်”

ဖန်းယီကလည်း ရယ်မောလိုက်သည်။

“ဘာလဲ ခင်ဗျား ကြောက်နေပြီလား”

မိုးစွေငှက်က ခေါင်းခါယမ်းလိုက်သည်။

“ရှင်နဲ့အတူရှိနေမှတော့ ကျွန်မ ကြောက်ရမှန်းတောင် သတိမရတော့ပါဘူးလေ”

ဖန်းယီက တဟားဟားရယ်မောလိုက်လေတော့သည်။

♣ ♣ ♣

ယခု…။

ဖန်းယီက မိုးစွေငှက်ထံမှ မီးတုတ်အားလှမ်းယူလိုက်ပြီး ရှေ့ဆုံးမှလျှောက်သွားလေသည်။

သူတို့သည် ခြေလှမ်းငါးဆယ်မျှ လျှောက်သွားမိသောအခါ ရုတ်တရက် အမှောင်ထုထဲမှ လူနှစ်ယောက်ထွက်လာပြီး လက်ထဲမှ ဓားနှစ်လက်ဖြင့် တိုက်ခိုက်လာသည်။

“သတိထား”

ဖန်းယီက သတိပေးယင်း လျှင်မြန်စွာ ရှောင်တိမ်းသွားသည်။

သူက လွတ်မြောက်သွားသော်လည်း မိုးစွေငှက်မှာမူ မမျှော်လင့်ဘဲ အငိုက်မိသွားသဖြင့် ဓားတစ်လက်သည် သူ၏ခေါင်း



ပေါ် သို့တည့်တည့်မတ်မတ် ခုတ်ချလိုက်လေသည်။

ဖန်းယီက အချိန်မီ လက်ကို တအားဆွဲယူလိုက်သဖြင့် သူမအားခုတ်ချလိုက်သောဓားသည် သီသီကလေးလွဲသွားလေသည်။

ဖန်းယီက မိုးစွေငှက်၏လက်အား တအားဆွဲယူလိုက်သဖြင့် မိုးစွေငှက်၏ခန္ဓာကိုယ်သည် ဖန်းယီ၏ရင်ခွင်ထဲသို့ တိုးဝင်သွားလေသည်။

ဖန်းယီကလည်း အမှတ်မထင် သူမအား သိုင်းဖက်ထားလိုက်လေသည်။

ဖန်းယီသည် တိုက်ခိုက်လာသူနှစ်ယောက်အား သတိထားကြည့်လိုက်သောအခါ ထိုလူနှစ်ယောက်မှာ လူသားအစစ်မဟုတ်ဘဲ ယန္တရားအရုပ်များဖြစ်နေသည်ကို တွေ့ရလေသည်။

ထိုယန္တရားနှစ်ရုပ်သည် ယင်းသို့ တစ်ချက်တိုက်ခိုက်လိုက်ပြီးနောက် အမှောင်ထုထဲသို့ ပြန်လည်ရွေ့လျားသွားလေသည်။

မိုးစွေငှက်က သက်ပြင်းတစ်ချက်ချလိုက်သည်။

“အင်း…ရှင်သာ အချိန်မီ မကယ်ယင် ကျွန်မတော့သွားပြီ”

မိုးစွေငှက်၏စကားကြားလိုက်ရတော့မှ ဖန်းယီက သူမအားပွေ့ဖက်ထားသည်ကို သတိပြုမိလေသည်။

သူသည် ရှက်ရွံ့သွားပြီး ကပျာကယာ လက်လွှတ်လိုက်သည်။

မိုးစွေငှက်က ရယ်မောလိုက်သည်။

“ရှင်နဲ့ကျွန်မ အခုဖြစ်ပုံမျိုးကိုသာ ဓားမင်းသားကတွေ့

www.burmeseclassic.com



သွားယင် ဘယ်လောက်ဒေါသကြီးလိုက်မလဲ မသိဘူး”

ဖန်းယီက ဘာမှုပြန်မပြောဘဲ ပါးစပ်ပိတ်ထားလိုက်တော့သည်။

♣ ♣ ♣

သူတို့သည် တရွေ့ရွေ့နှင့် ရှေ့ဆက်လျှောက်လာခဲ့ကြသည်။

မကြာမီ...

သူတို့သည် တံခါးတစ်ချပ်အား တွေ့မြင်လိုက်ရလေသည်။

ထိုတံခါး၏ဘေး၌ မိန်းကလေးသုံးယောက် သေဆုံးနေသည်ကို အံ့ဩစွာတွေ့မြင်လိုက်ရလေသည်။

မိုးစွေငှက် မျက်မှောင်ကုပ်သွားသည်။

“ကြည့်စမ်း...ဒီအမျိုးသမီးသုံးယောက်က တို့ထက်ဦးအောင် ဒီကိုရောက်နေတာကိုး၊ သူတို့ ဘာကြောင့် အသတ်ခံရပါလိမ့်”

ဖန်းယီ အနည်းငယ် စဉ်းစားလိုက်သည်။

ပြီးမှ အဖြစ်နိုင်ဆုံး နည်းလမ်းအား ပြောလိုက်၏။

“သူတို့လည်း ဒီလိုဏ်ဂူထဲမှာ တန်ဖိုးရှိတဲ့ ရတနာသိုက်ရှိတယ်လို့ သတင်းကြားလို့ လာကြတာဖြစ်မှာပေါ့”

မိုးစွေငှက်သည် လျှောက်လာသောခြေလှမ်းများအား ရပ်တန့်လိုက်လေသည်။



“အင်း...ကျွန်မတို့ ရှေ့ဆက်သွားလို့ဖြစ်ပါ့မလား၊ အခြေအနေကြည့်ရတာ အန္တရာယ် တဖြည်းဖြည်း များလာလိမ့်မယ်နဲ့တူတယ်”

ဖန်းယီ ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ အန္တရာယ်မရှိယင် အဘိုးကြီးက ကျုပ်တို့ကို ခိုင်းမှာမဟုတ်ဘူး”

ထိုစဉ်မှာပင်...

သူတို့နောက်မှ အသံတစ်ချက် ထွက်ပေါ်လာလေသည်။

“မင်းတို့ပြောတာ မှန်တယ်”

ဖန်းယီနှင့် မိုးစွေငှက်တို့ ရင်ထိတ်သွားသည်။

နောက်သို့ပြန်လှည့်ကြည့်လိုက်ရာ အဘိုးအိုက သူတို့နောက်တွင်ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

အဘိုးအိုသည် သူတို့အား ပြုံးပြလိုက်ပြီး...

“ကျုပ်က မင်းတို့ထက် သိုင်းပညာသာလျှက်နဲ့ ဘာဖြစ်လို့ တစ်ယောက်တည်း မလာဝံ့တယ်ဆိုတာ မင်းတို့အံ့ဩနေမှာပဲနော်”

မိုးစွေငှက် ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်”

အဘိုးအိုက ပြုံးလိုက်သည်။

“ကျုပ်က မင်းတို့ထက်အရင် တစ်ခေါက်ရောက်ခဲ့ပြီးပြီကွ၊ ဒီမှာရှိတဲ့ စက်ခလုတ်များကိုလည်း ကျုပ်က သုံးလေးခုလောက် ဖျက်ဆီးပစ်ခဲ့ပြီးပြီ၊ ဒါပေမယ့် ကျုပ်က လိုအပ်တဲ့ပစ္စည်းကို မတွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



သေးတဲ့အတွက် ဖြန်အထွက်မှာ ဒီလိုဏ်ဂူကို မိန်းကလေး လေးယောက် ဝင်လာတာကိုတွေ့လိုက်ရတယ်၊

ဒါနဲ့ ကျုပ်က နံရံကပ်ပြီး ပုန်းကွယ်လိုက်တယ်၊ နောက်တော့ သူတို့အော်သံကြားလို့ သေချာကြည့်လိုက်တဲ့အခါမှာ သူတို့တာကြောင့်သေသွားမှန်းတောင် မသိရတော့ဘူး"

ဖန်းယီ ပြုံးလိုက်သည်။

"ဒါကြောင့် ဦးက ဆက်မသွားဝံ့ဘဲ အပြင်ကိုပြန်ထွက်သွားတယ်ဆိုပါတော့"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်က မပိုင်တဲ့အလုပ်ကို မလုပ်ချင်ဘူးကွ"

မိုးစွေငှက် မျက်မှောင်ကုပ်သွားသည်။

"ဦးက အမျိုးသမီးလေးယောက် ဝင်လာတယ်လို့ပြောတယ်၊ အခုဒီမှာ မိန်းကလေးသုံးလောင်းပဲ တွေ့နေပါလား"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မိန်းကလေးတစ်ယောက်က ဘယ်လိုပျောက်ကွယ်သွားတယ်ဆိုတာ ကျုပ်တောင် အံ့သြမိသေးတယ်"

ဖန်းယီက အဘိုးအိုအား လှည့်ကြည့်လိုက်ပြီး..

"ဒါနဲ့ လိုဏ်ဂူထဲမှာ ဘယ်သူနေထိုင်တယ်ဆိုတာ ဦးကသိလို့လား"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။



"သိတာပေါ့၊ ဒီလိုဏ်ဂူထဲမှာ နေထိုင်ခဲ့တဲ့ပိုင်ရှင်ဟာ 'မာနမင်းသမီး'ပဲကွယ့်"

ဖန်းယီ မျက်မှောင်ကုပ်သွားသည်။

"မာနမင်းသမီး ဟုတ်လား"

အဘိုးအိုက....

"မာနမင်းသမီးကို သိုင်းလောကမှာ မသိတဲ့လူက ခပ်ရှားရှားပါ။ သူဟာ သိုင်းပညာလည်းတော်တယ်၊ အဆိပ်နဲ့ပတ်သက်ပြီးလည်း အထူးကျွမ်းကျင်တယ်၊ ရုပ်ရည်ကလည်း ချောမောလှပတယ်ကွယ့်"

မိုးစွေငှက်က အဘိုးအိုအား လှည့်ကြည့်လိုက်ပြီး..

"ဦးက သူ့ကိုကောင်းကောင်းသိတယ် ဟုတ်လား"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"သိတာပေါ့"

သူသည် တစ်စုံတစ်ခုအား သတိရလာပြီး..

"ဟော့..ဟော့..မင်းတို့မေးတာ များလာပြီ၊ ဒီတံခါးကို ဖွင့်ဖို့နည်းလမ်းရှာကြရအောင်"

အဘိုးအိုသည် ယင်းသို့ပြောပြီးထိုတံခါးအနီးသို့ ကပ်သွားပြီး သေချာစွာ အကဲခတ်ကြည့်နေလေသည်။

သူသည် ယင်းသို့ကြည့်နေစဉ်မှာပင် ဖန်းယီနှင့် မိုးစွေငှက်တို့ကလည်း တံခါး၏ခလုတ်များကို ရှာဖွေနေကြ၏။

ဖန်းယီသည် အတန်ကြာ ရှာဖွေပြီးနောက် တစ်ချက်ပြုံး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကျူဝ် တွေ့ပြီဗျ"

သူသည် ယင်းသို့ပြောယင်း နံရံပေါ်မှ ချိုင့်ဝင်နေသော နေရာတစ်ခုသို့ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ထိုအခါ...

"ဂျိမ်း"

တံခါးမကြီးသည် ကျယ်လောင်စွာမြည်ဟည်းကာ ပွင့်သွားလေသည်။

မိုးစွေငှက် ဝမ်းသာသွားသည်။

သူမသည် အခန်းထဲသို့ ပြေးဝင်သွားရန် ခြေလှမ်းလှမ်းလိုက်ရာ ဖန်းယီက သူမအား ဆွဲထားလိုက်လေသည်။

"အရမ်းမဝင်နဲ့ဦးလေ"

အဘိုးအိုက အနီးရှိ မိန်းကလေးအလောင်းတစ်ခုအား ပွေ့ယူပြီး အခန်းထဲ ပစ်သွင်းလိုက်သည်။

"ထောက်..ထောက်..ထောက်"

ဝင်းလက်သော အလင်းရောင်တန်းများ ထွက်ပေါ်လာ၏။

ဓားသုံးလက်သည် လျှပ်တပြက် အလောင်းပေါ်သို့ စိုက်ဝင်သွားသည်ကို တွေ့ရလေသည်။

မိုးစွေငှက်၏မျက်နှာ တစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

သူမသည် ကျေးဇူးတင်သော မျက်လုံးဖြင့် ဖန်းယီအား



ကြည့်ယင်း...

"ရှင်က ကျွန်မအသက်ကို ကယ်ခဲ့တာ နှစ်ကြိမ်ရှိသွားပြီ"

ဖန်းယီ ပြုံးလိုက်သည်။

"ဒါ အသေးအဖွဲပါ"

ပြောယင်း သူမ၏လက်ကိုဆွဲကာ အခန်းထဲသို့ သတိကြီးစွာဖြင့် လှမ်းဝင်လိုက်လေသည်။

အဘိုးအိုကလည်း သူတို့နောက်မှကပ်၍ဝင်သွားလေသည်။

သူတို့သည် အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့်...

"ဂျိမ်း"

အခန်းတံခါးသည် ပြန်လည်ပိတ်သွားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## လောဘသမား

အခန်းကား ကျယ်ဝန်းလှသည်။

အခန်းထဲတွင် သေတ္တာလေးလုံးခန့် ရှိနေသည်ကိုတွေ့ရလေသည်။

မိုးစွေငှက်သည် ထိုသေတ္တာများ၏ အဖုံးအား တစ်ခုပြီးတစ်ခု ဖွင့်ကြည့်လိုက်ရာ...

ထိုသေတ္တာလေးလုံးစလုံးတွင် ကျောက်သံပတ္တမြားများဖြင့် ပြည့်လျှက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

အဘိုးအိုသည် ထိုကျောက်သံပတ္တမြားများကို လှည့်၍ပင်မကြည့်ပါ။

သူသည် အခန်းစားပွဲတစ်ခုပေါ်မှ ဖုန်များဖြင့် ထူထပ်စွာဖုံးအုပ်နေသော စာအုပ်များကိုသာ အငမ်းမရကောက်ယူလိုက်လေသည်။



သူသည် ထိုစာအုပ်များအား အနည်းငယ် လှန်ကြည့်လိုက်ပြီးနောက် ရင်ခွင်ထဲသို့ တယုတယပိုက်ထားလိုက်လေသည်။

သူ၏မျက်နှာတစ်ခုလုံးမှာလည်း ဝမ်းသာလွန်း၍ နီရဲနေ၏။

သူသည် ဖန်းယီအား လှည့်ကြည့်လိုက်ပြီး...

"ကဲ..မင်းကို ငါက ဒီကျောက်သံပတ္တမြား တစ်ဝက်ပေးပါ့မယ်၊ မင်းတို့ယူပြီး ထွက်သွားနိုင်တယ်"

ဟုပြောလာသည်။

ဖန်းယီက အေးတိအေးစက်ဖြင့်...

"မလိုပါဘူးဗျာ၊ ကျုပ်တို့က ဒီပစ္စည်းတွေကို သယ်ယူသွားဖို့အခြေအနေမပေးပါဘူး"

အဘိုးအို မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲကွ"

ဖန်းယီက မဲ့ပြုံးပြုံးကာ...

"ခင်ဗျားက ကျုပ်တို့ကို အသက်ချမ်းသာပေးယင် ကျေနပ်လှပါပြီ၊ ဒီပစ္စည်းတွေကို ကျုပ်တို့ မလိုချင်ပါဘူး"

"ဟား..ဟား..ဟား"

အဘိုးအိုက အားပါးတရ ရယ်မောလိုက်၏။

အတန်ကြာမှ ရပ်တန့်ကာ...

"ဖော့..ငါက မင်းတို့ကို မသတ်ပါဘူးဆိုတာ ကတိပေးပြီးသားပဲ"

ဖန်းယီ ပြုံးလိုက်သည်။

www.burmeseclassic.com



"ဒီလိုဆိုယင် ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ကို သွားခွင့်ပြုပါဦး"

သူသည် ယင်းသို့ပြောပြီး မိုးစွေငှက်၏လက်ကိုဆွဲကာ အခန်းတံခါးရှိရာသို့ လျှောက်သွားလေသည်။ ရုတ်တရက်...

"ယား"

အဘိုးအိုသည် ညာသံပေးကာ တိုက်ခိုက်လာ၏။

ဖန်းယီသည် အဘိုးအို တိုက်ခိုက်လာမည်ကို ကြိုတင်သိထားသည့်အလား မိုးစွေငှက်၏လက်ကိုဆွဲလျှက်နောက်သို့ဆုတ်၍ ရှောင်တိမ်းလိုက်လေသည်။ သို့သော်...

အဘိုးအိုက တကယ်တမ်း တိုက်ခိုက်လာခြင်းမဟုတ်ပါ။

အယောင်ပြတိုက်ခိုက်လာခြင်းသာ ဖြစ်ပေသည်။

ဖန်းယီတို့ နောက်ဆုတ်သွားသည်နှင့် အခန်းတံခါးအား ဖွင့်ကာ ပြေးထွက်သွားလေသည်။

"ဟင်"

ဖန်းယီ မျက်လုံးပြူးသွားသည်။

သူသည် အဘိုးအို၏အကြံအား ရိပ်စားမိသွား၏။

ယင်းခဏမှာပင်...

"ဝုန်း"

ကျယ်လောင်သောအသံနှင့်အတူ အခန်းတံခါးမှာ ပိတ်သွားလေတော့သည်။

♣ ♣ ♣



အခန်းတံခါး ပိတ်သွားပြီဖြစ်သည်။

အဘိုးအိုကား လွတ်မြောက်သွားချေပြီ။

ဖန်းယီသည် အခန်းတံခါးအား လက်ဖြင့်တွန်းကြည့်လိုက်သည်။

အခန်းတံခါးမှာ သံမဏိဖြင့် ပြုလုပ်ထားသဖြင့် မည်သို့မျှမတတ်နိုင်ဘဲ လက်မှိုင်ချနေလိုက်ရလေသည်။

အဘိုးအို၏အသံသည် အခန်းထောင့်တစ်ခုမှ တိုးဝင်လာသည်။

"သူငယ်...မင်းမကြိုးစားပါနဲ့၊ ဒီတံခါးကို မင်းတို့ဖွင့်ဖို့ မလွယ်ပါဘူးကွာ"

ဖန်းယီသည် အသံလာရာသို့ မော့ကြည့်လိုက်၏။

"ခင်ဗျားက ဘယ်သူလဲ၊ ကျုပ်တို့ကို ဘာဖြစ်လို့ဒီလိုလုပ်ရတာလဲဗျ"

အဘိုးအိုက ရယ်မောလိုက်သည်။

"ကျုပ်က ယင်းကွမ်းအဘိုးအိုလို့ခေါ်တယ်၊ ကျုပ်က မာနမင်းသမီးရဲ့ သိုင်းပညာကျမ်းများရထားတဲ့အကြောင်း ဘယ်သူ့ကိုမှ အသိမပေးချင်လို့ မင်းတို့ကိုနှုတ်ပိတ်လိုက်တာပါ။ ဟား ဟား ဟား"

ဖန်းယီ မျက်မှောင်ကုပ်သွားသည်။

"စိတ်ချပါ၊ ခင်ဗျားအကြောင်းကို ဘယ်သူ့ကိုမှ မပြောဘူးလို့ ကတိပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဖွင့်ဘူး၊ ကျူပ်သွားပြီ ဟား ဟား"

အဘိုးအို၏အသံသည် တဖြည်းဖြည်း ဝေးသွားပြီး ပျောက်ကွယ်သွားလေတော့သည်။

♣ ♣ ♣

ဖန်းယီနှင့် မိုးစွေဌက်တို့သည် အခန်းတွင် မျက်နှာချင်းဆိုင်၍ ထိုင်နေသည်။

သူတို့သည် အတန်ကြာ ထိုင်နေပြီးဖြစ်လေသည်။

အခန်းတစ်ခုလုံးအား သူတို့က နေရာလပ်မကျန် ရှာဖွေခဲ့ပြီးဖြစ်သည်။

သို့သော်...

ထွက်ပေါက် မရှိပါ။

တံခါးကိုလည်း ဖွင့်ရန်ကြိုးစားသည်။

အချည်းနှီးဝင် ဖြစ်သည်။

ထို့ကြောင့်...

သူတို့သည် ထိုင်၍ငေးနေကြခြင်းဖြစ်သည်။

မိုးစွေဌက်က မျက်ရည်များ စီးဆင်းကျလာသည်။

"ကျွန်မကြောင့် ရှင် အခုလိုဒုက္ခရောက်နေရတာ"

ဖန်းယီက သူမအား ဂရုဏာသက်စွာဖြင့် ပြုံးပြလိုက်သည်။

"ညီမကြောင့် မဟုတ်ပါဘူး၊ ကျူပ်က သွားချင်ပါတယ်လို့



ပြောလည်း သူကလွှတ်မှာ မဟုတ်ပါဘူးကွာ"

မိုးစွေဌက်က မျက်ရည်များသုတ်ယင်း...

"အခု ဘယ်လိုလုပ်ကြမလဲ၊ နှစ်ယောက်စလုံး အစာရေစာငတ်ပြီး သေကုန်လိမ့်မယ်"

ဖန်းယီက ပြုံးလိုက်သည်။

"ဒီလောက်လည်း အားမငယ်ပါနဲ့ညီမ"

သူသည် ယင်းသို့ နှစ်သိမ့်စကားပြောရာမှ သူ၏မျက်လုံးအစုံသည် ယင်းကွမ်းအဘိုးအို ဖွင့်ထားခဲ့သော ဗီရိုထံသို့ ရောက်သွားသည်။

ထိုဗီရိုပြုလုပ်ထားပုံမှာ ထူးခြားနေသည်ဟုလည်းတွေးမိသည်။

သူသည် စကားရပ်တန့်လိုက်ပြီး ဗီရိုရှိရာသို့ ထ၍လျှောက်သွားသည်။

သူသည် ဗီရိုတစ်ခုလုံးအား သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

လက်ဖြင့် ခေါက်ကြည့်သည်။

မိုးစွေဌက်သည် ဆိတ်ဆိတ်ထိုင်ယင်း သူ့အားကြည့်နေသည်။

ဖန်းယီသည် ဗီရိုထဲသို့ ငုံ၍ဝင်သွားသောအခါ...

"ဝုန်း"

ရုတ်တရက် ဗီရိုတံခါးနှစ်ချပ်သည် အလိုအလျောက် ပိတ်

www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

"ဖန်းယီ"

မိုးဇွေငှက်က အတိတ်တလန့်အော်ဟစ်လိုက်လေသည်။

ထိုင်ရာမှထလိုက်ပြီး ဗီရိုရှိရာသို့ ပြေးသွားသည်။

သူမသည် ဗီရိုတံခါးဖွင့်ကြည့်လိုက်သောအခါ…

"ဟင်"

သူမ၏မျက်လုံးအစုံ ပြူးကျယ်သွားတော့သည်။

အကြောင်းမှာ ဗီရိုထဲသို့ ရောက်ရှိနေသော ဖန်းယီတစ်ယောက် လုံးဝပျောက်ကွယ်နေခြင်းကြောင့်ပင်။

မိုးဇွေငှက်သည် စိုးရိမ်တကြီးဖြင့်…

"ဖန်းယီ..ဖန်းယီ"

သူမသည် ယင်းသို့ အသံကျယ်လောင်စွာဖြင့် အော်ဟစ်၍ ခေါ်လိုက်ရာ တခဏအကြာတွင် ဖန်းယီ၏အသံကို ကြားလိုက်ရလေသည်။

"အစ်ကို ဒီဘက်ခန်းမှာရှိနေတယ် ညီမ"

ဖန်းယီ၏အသံ ကြားလိုက်ရသဖြင့် မိုးဇွေငှက်က ဝမ်းသာသွားသည်။

"အစ်ကိုကြီး ဟိုဘက်ခန်းမှာ ဟုတ်လား၊ ကျွန်မလည်း လာခဲ့မယ်"

"မလာနဲ့ညီမ၊ ဒီဘက်မှာ အခြေအနေ ဘာမှန်းမသိရသေးဘူး"



"ဒါဖြင့် အစ်ကိုကြီးက ဒီဘက်ကို ပြန်လာပါလား"

"မလာနိုင်သေးဘူးညီမ၊ အစ်ကို ဒီဘက်ခန်းကနေ ထွက်ပေါက်ရှာကြည့်ဦးမယ်၊ ညီမ အဲဒီကစောင့်နေနော်"

ဖန်းယီ၏အသံသည် ယင်းသို့ပြောပြီး ပျောက်ကွယ်သွားလေသည်။

မိုးဇွေငှက်သည် စိုးရိမ်စိတ်များပေါ်ပေါက်လာပြန်လေသည်။

"အစ်ကိုကြီး အစစအရာရာ သတိထားနော်"

ဟု အော်ဟစ်သတိပေးလိုက်လေသည်။

♣ ♣ ♣

www.burmeseclassic.com

## ငွေနှင်းဆီ

ဖန်းယီသည် ဗီရိုထဲသို့ ဝင်ရောက်ပြီး လက်များဖြင့် ဟိုဟိုသည်သည် စမ်းသပ်ရှာဖွေနေရာ ရုတ်တရက် သူသည် ခလုတ်တစ်ခု သွားရောက်နှိပ်မိသဖြင့် ဗီရိုနံရံသည် အလိုလိုပွင့်သွားပြီးလျှင် သူသည် ထိုနေရာမှဝင်သွားသောအခါ အတွင်းခန်းတစ်ခုအား တွေ့လိုက်ရလေသည်။

သူသည် အတွင်းခန်းသို့ ရောက်သွားသည်နှင့် ဗီရိုနံရံများသည် အလိုအလျောက် ပြန်လည်ပိတ်သွားလေသည်။

သူသည် မိုးစွေငှက်၏ စိုးရိမ်မကင်းသော ခေါ်သံများကြားလိုက်ရသဖြင့် ယင်းသို့မှာကြားပြီးနောက် ရှေ့သို့ဆက်လျှောက်သွားလေသည်။

ခြေလှမ်းငါးဆယ်ခန့် လျှောက်လာမိသောအခါ ကျောက်ဖြင့်ထုလုပ်ထားသော ခေါင်းတစ်ခုအား တွေ့မြင်လိုက်ရလေသည်။



သူသည် အံ့သြသွားသည်။

ထိုကျောက်ခေါင်း၏အဖုံးအား ဖွင့်ကြည့်မည်ဟု ဆုံးဖြတ်လိုက်သောအခါ ခေါင်း၏အဖုံးသည် အလိုအလျောက်ပွင့်လာသည်ကိုတွေ့ရလေသည်။

ဖန်းယီက ထိတ်လန့်စွာဖြင့် ခြေလှမ်းရပ်လိုက်လေသည်။

ခေါင်းအဖုံး ပွင့်သွားပြီးနောက် ခေါင်းထဲမှ မိန်းကလေးတစ်ယောက်ထ၍ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုမိန်းကလေး၏ မျက်နှာအား သေချာစွာကြည့်လိုက်သောအခါ သူ၏မျက်နှာတစ်ခုလုံးမှာ ထိတ်လန့်အံ့သြသော အရိပ်အရောင်များ ပေါ်လွင်နေ၏။

အကြောင်းမှာ...

ခေါင်းထဲမှထလာသော အမျိုးသမီးမှာ သူ၏ဇနီးလောင်း 'ပိုက်မူ' ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

"ဟင်"

သူသည် အလွန်အံ့အားသင့်သွားသည်။

ယင်းကွမ်းအဘိုးအိုက ပြောခဲ့သည့် မိန်းကလေး လေးယောက်ဝင်ရောက်လာသည်ဆိုသော စကားကို သတိရလာလေသည်။

ဤလိုဏ်ဂူထဲသို့ မိန်းကလေး လေးယောက်ဝင်လာပြီး သုံးယောက်က အသတ်ခံရပြီး ကျန်ရှိသော မိန်းကလေးတစ်ယောက်မှာ ပိုက်မူဖြစ်မှန်း သူသဘောပေါက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီသည် စိတ်လှုပ်ရှားစွာဖြင့်...

"ပိုက်မူ...မင်း ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ"

ဟုမေးလိုက်သည်။

ပိုက်မူမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ရှင်က ဘယ်သူလဲ၊ ကျွန်မနာမည်ကို ဘယ်လိုလုပ်သိနေတာလဲ"

တအံ့တသြဖြင့် မေးလာသည်။

"ကျုပ်က ဖန်းယီပါ"

ပိုက်မူက အေးတိအေးစက်ဖြင့်...

"သြော်...ရှင်က ဖန်းယီနာမည်ကို အခုထိမပြောင်းသေးဘူးတိုး"

ဟုပြောလာသည်။

ဖန်းယီ ခေါင်းယမ်းလိုက်သည်။

"ကျုပ်က ဖန်းယီပဲ၊ ဘာဖြစ်လို့ နာမည်ပြောင်းရမှာလဲ"

ပိုက်မူက...

"ကောင်းပြီ...ရှင်နာမည်မပြောင်းချင်နေနိုင်တယ်၊ ဒီအထဲရောက်မှတော့ သေရမှာပဲ"

ပြောယင်း ထွက်လာသည်။

ဖန်းယီက...

"နေပါဦး၊ မင်းက ဘာဖြစ်လို့ ခေါင်းထဲဝင်ပြီးနေရတာလဲ"

ပိုက်မူက...



"ကျွန်မက လူသံကြားလို့ ဝင်ပုန်းတာပါ"

ဖန်းယီ ပြုံးလိုက်သည်။

"ကျုပ်ဖြင့် ဝမ်းသာလိုက်တာဗျာ"

ပိုက်မူက လေသံမာမာဖြင့်...

"ရှင်က ဘာလို့ဝမ်းသာရတာလဲ"

"မင်းက ငါ့ရဲ့ဇနီးလောင်းပဲ မဟုတ်လား"

ပိုက်မူ ဒေါသထွက်သွားလေသည်။

"ရှင်ရူးနေသလား၊ ကျွန်မနဲ့လက်ထပ်မယ့် ဖန်းယီဟာ သေသွားပြီရှင့်"

ဖန်းယီ သဘောကျစွာ ရယ်မောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် မင်းဟာ ငါ့ရဲ့ဇနီးလောင်းပဲ"

"ရှင်..."

ပိုက်မူ ထိတ်လန့်တုန်လှုပ်သွားလေသည်။

နောက်သို့ တဖြည်းဖြည်း ဆုတ်သွားယင်း...

"ရှင်...ရှင်ရူးနေပြီ"

သူမသည် ယင်းသို့ပြောပြီး ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်။

"ပိုက်မူ...ပိုက်မူ...မပြေးနဲ့"

ဖန်းယီသည် ယင်းသို့အော်ခေါ်ယင်း နောက်မှပြေးလိုက်သွားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မိုးစွေငှက်သည် တစ်ဘက်ခန်းမှ ဖန်းယီနှင့်ပိုက်မူတို့ အချီအချပြောသံများကို ကြားနေရသည်။

သူမသည် တစ်ဘက်ခန်းသို့သွားရန် ဗီရိုတွင်းသို့ ဝင်ရောက်၍ခလုတ်များကို လိုက်လံရှာဖွေသော်လည်း မတွေ့ရချေ။

ထို့နောက်..

ဖန်းယီနှင့် ပိုက်မူတို့ ပြေးလွှားသွားကြသော ခြေသံများကြားပြီး ထိုခြေသံများ ပျောက်ကွယ်သွားသည့်အတွက်...

သူမသည် ဝမ်းနည်းပက်လက်ဖြင့် ထိုင်၍ငိုကြွေးနေလေသည်။

မည်မျှကြာသွားမှန်း မသိ။

ရုတ်တရက် ခြေသံများကြားလိုက်ရလေသည်။

သူမသည် လှည့်ကြည့်လိုက်သောအခါ အခန်းတံခါးပွင့်သွားပြီး မိန်းကလေးတစ်ယောက်နှင့် လုလင်တစ်ယောက် ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

လုလင် မျက်မှောင်ကုပ်သွားသည်။

သူသည် အမျိုးသမီးဘက်သို့ လှည့်လိုက်ပြီး...

"ငွေနှင်းဆီ..မင်းပြောတော့ ဒီအခန်းထဲကို ဘယ်သူမှ မဝင်နိုင်ဘူးဆို၊ အခုတော့ တခြားတစ်ယောက် ရောက်နေပါလား"

ငွေနှင်းဆီသည် မိုးစွေငှက်အား အံ့သြစွာဖြင့် ငေးကြည့်နေသည်။ အတန်ကြာမှ သတိဝင်လာပြီး...

"မမက ဘယ်သူလဲ"



ဟုမေးလာသည်။

မိုးစွေငှက်က သက်ပြင်းချကာ...

"မိုးစွေငှက်ပါ"

မိုးစွေငှက်ဟု ကြားလိုက်သည်နှင့် ငွေနှင်းဆီ၏မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားလေသည်။

"ဒါဖြင့် မမက ပူးစွမ်းနဲ့အမျိုးတော်တာပေါ့ ဟုတ်လား"

မိုးစွေငှက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင့်"

လုလင်ဖြစ်သူသည် ငွေနှင်းဆီ၏လက်ကို ဆွဲထားလိုက်ပြီး....

"ကဲ..ဒီအခန်းကိုဖွင့်ပေးနိုင်ယင် ကျုပ်ကို အခွင့်အရေးပေးမယ်ဆို"

ငွေနှင်းဆီ ရယ်မောလိုက်၏။

"ရှင် ဘာကြောင့်လောနေရတာလဲ"

လုလင်က သူမ၏ခါးကို သိုင်းဖက်လိုက်ပြီး..

"မင်း အချိန်မဆွဲနဲ့၊ ယန္တရားစမ်းလုံဆိုတာ ဘယ်လိုလူမျိုးဆိုတာ မင်းကြားဖူးမှာပေါ့"

ဟုပြောလာသည်။

ငွေနှင်းဆီ ခေါင်းညိတ်လိုက်သည်။

"ကြားဖူးပါတယ်ရှင်၊ ယန္တရားစမ်းလုံဟာ မိန်းကလေးတွေကိုလှောက်ပြီး ဖျက်ဆီးနေတယ်ဆိုတာ ကြားဖူးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ယင်းသို့ပြောပြီးသည်နှင့် သူမ၏လက်ဝါးသည် လုလင်၏ရင်ဝသို့ ရိုက်ချလိုက်လေသည်။

"ဝုန်း"

"အား"

စူးရှသောအော်သံ ထွက်ပေါ်လာသည်။

ယန္တရားစမ်းလုံ၏ခန္ဓာကိုယ်သည် အဝေးသို့လွင့်စဉ်သွားကာအခန်းနံရံနှင့် ပြင်းထန်စွာ ဆောင့်မိပြီးလဲကျသွားသည်။

ယင်းနောက် တုတ်တုတ်မျှပင် မလှုပ်တော့ပါချေ။

ယန္တရားစမ်းလုံကား လျှပ်တပြက်အတွင်းမှာပင် သေဆုံးသွားခဲ့ချေပြီ။

မိုးစွေငှက်က ငွေနှင်းဆီ၏ရက်စက်ပုံကို အံ့သြစွာဖြင့် ကြည့်နေမိသည်။

ငွေနှင်းဆီက တစ်ချက်ပြုံးပြကာ...

"ဒီလိုလူမျိုးကို လောကပေါ်မှာထားခဲ့ယင် မိန်းကလေးတွေ ဒုက္ခရောက်မှာပဲ"

သူမသည် ယင်းသို့ပြောပြီး မိုးစွေငှက်ထံသို့ လျှောက်လာလေသည်။

မိုးစွေငှက်သည် ဗီရိုထဲမှ ထွက်လာသည်။

"ရှင်က ဘယ်သူလဲ"

ငွေနှင်းဆီက ပြုံးလိုက်သည်။

"ကျွန်မက ငွေနှင်းဆီပါ"



မိုးစွေငှက်က အကဲခတ်ကြည့်ယင်း...

"ရှင်က ဒီကို ဘာလာလုပ်တာလဲ"

ငွေနှင်းဆီက...

"ဒီလိုဏ်ဂူထဲမှာ ရတနာသိုက်ရှိတယ်လို့ ကြားတယ်"

ငွေနှင်းဆီသည် ပြုံး၍စကားဆက်လိုက်သည်။

"ရွှေငွေရတနာဆိုတာ လူတိုင်းတပ်မက်တဲ့ပစ္စည်းပဲ မဟုတ်လား"

မိုးစွေငှက် ပါးစပ်ပိတ်ထားလိုက်လေသည်။

ငွေနှင်းဆီကို အခန်းထောင့်၌ရှိသော သေတ္တာများကို ညွှန်ပြလိုက်သည်။

"ရတနာပစ္စည်းတွေ သေတ္တာထဲမှာရှိပါတယ်၊ ကျွန်မ အစ်ကိုတစ်ယောက် ဗီရိုထဲကနေပြီး ဟိုဘက်ခန်းထဲရောက်သွားလို့ ကျွန်မပဲ ကျန်ရစ်ခဲ့တာပါ"

သူမသည် ငွေနှင်းဆီ၏အမေးကို မဖြေဘဲ ဖန်းယီနောက်သို့ လိုက်သွားရန် စိတ်ဆန္ဒစောနေ၏။

ငွေနှင်းဆီသည် ဗီရိုထဲသို့ ဝင်ရောက်သွားသည်။

သူမသည် လက်ဖြင့် ဟိုဟိုသည်သည် စမ်း၍ရှာဖွေရာ ဗီရို၏ထောင့်တစ်နေရာတွင် ခလုတ်တစ်ခု တွေ့မိလိုက်သဖြင့် နှိပ်၍လိုက်ရာ ဗီရို၏နံရံသည် အလိုအလျောက်ပွင့်သွားလေသည်။

မိုးစွေငှက် ဝမ်းသာသွားသည်။

သူမသည် ငွေနှင်းဆီနောက်သို့ လိုက်၍ဝင်သွားရာ တစ်

www.burmeseclassic.com

www.burmeseclassic.com



ဘက်ခန်းသို့ရောက်သွားလေသည်။

ငွေနှင်းဆီသည် တစ်ဘက်ခန်းသို့ ရောက်သွားသောအခါ ဇီရိုနံရံ၏ လျှို့ဝှက်တံခါးပိတ်မသွားစေရန် ကျောက်တုံးတစ်တုံး ကောက်ယူ၍ ခံပေးထားလိုက်လေသည်။

ထို့နောက်...

မိုးစွေငှက်၏လက်ကိုဆွဲကာ ရှေ့သို့ဆက်လျှောက်သွားလေသည်။

သို့သော် ဖန်းယီ၏အရိပ်အရောင်ပင် မတွေ့ရချေ။

သူတို့သည် လိုဏ်ဂူလမ်းအတိုင်း ချိုးကွေ့၍သွားသောအခါ မကြာမီ သူတို့ရှေ့တွင် အလင်းရောင်များ တွေ့ရှိလိုက်ရလေသည်။

သူတို့သည် အလင်းရောင်ရှိရာသို့ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားရာ လိုဏ်ဂူထွက်ပေါက်တစ်ခုအား တွေ့မြင်လိုက်ရလေသည်။

မိုးစွေငှက်သည် ဖန်းယီနှင့် အခြားမိန်းကလေးတစ်ယောက်က ဤထွက်ပေါက်မှ ထွက်သွားကြသည်ကို နားလည်လိုက်လေသည်။

♣ ♣ ♣



လိုဏ်ဂူရှေ့တွင် နေရောင်ခြည်များသည် နွေးထွေးစွာ ဖြာကျနေ၏။

ငွေနှင်းဆီသည် လိုဏ်ဂူထဲမှ ရတနာသေတ္တာများအားတစ်လုံးပြီးတစ်လုံး အပြင်သို့ ထုတ်နေ၏။

မိုးစွေငှက် သက်ပြင်းချလိုက်သည်။

"ရှင်ကတော့ ရတနာတွေကို သိပ်ပြီးမက်မောတာပဲနော်"

ငွေနှင်းဆီ ရယ်မောလိုက်သည်။

"ရတနာဆိုတာ လူတိုင်းမက်မောတာပဲ မဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် လောကပေါ်မှာ ရတနာနဲ့လဲလို့မရတဲ့အရာများ ရှိနေတယ်ဆိုတာ သတိထားစမ်းပါ"

ငွေနှင်းဆီ ရယ်မောလိုက်သည်။

"မမက ဝမ်းနည်းစရာများ ရှိနေလို့လား"

မိုးစွေငှက် ပါးစပ်ပိတ်ထားလိုက်တော့သည်။ ငွေနှင်းဆီက ရတနာသေတ္တာများ အပြင်ထုတ်ထားပြီးနောက်...

"ကဲ...မမ ဒီမှာ ခဏစောင့်နေဦး၊ ကျွန်မ မြင်းလှည်းသွားရှာဦးမယ်"

သူမသည် ယင်းသို့ပြောပြီးထိုနေရာမှ ပြေးလွှားသွားလေသည်။ အတန်ကြာမှ မြင်းလှည်းတစ်စီးနှင့်အတူ ပြန်ရောက်လာသည်။ သူမသည် ရတနာသေတ္တာများအား မြင်းလှည်းပေါ်တင်ကာ မိုးစွေငှက်အားခေါ်ဆောင်ပြီး ထွက်ခွာသွားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com



## မေတ္တာတရား

မြင်းလှည်းသည် အနောက်တောင်အရပ်သို့ ဦးတည်မောင်းနှင်သွားသည်။

မိုးစွေငှက်တို့သည် တစ်နေ့နှင့်တစ်ည မောင်းနှင်လာသောအခါ ရုတ်တရက် သူတို့နောက်မှ မြင်းခွာသံများ ကြားလိုက်ရလေသည်။

ငွေနှင်းဆီက လှည့်ကြည့်လိုက်သည်။

နောက်မှ လိုက်လာသော မြင်းပေါ်ဝယ် စားမင်းသားလိုက်ပါလာသည်။

စားမင်းသားသည် မြင်းလှည်းပေါ်၌ထိုင်နေသော မိုးစွေငှက်အား တွေ့မြင်ရသဖြင့် မျက်နှာတစ်ခုလုံး ရွှင်ပျသွားလေသည်။

သူသည် အနီးသို့ ချဉ်းကပ်သွားပြီး...

"ညီမလေး...မင်းဘယ်သွားနေတာလဲ၊ ငါရှာရတာ မောနေပြီ"



မိုးစွေငှက်က မျက်နှာထားတင်းတင်းဖြင့်...

"ရှင့်ကို ဘယ်သူကရှာခိုင်းတာလဲ"

စားမင်းသား ကြောင်အမ်းအမ်းဖြစ်သွားသည်။

ငွေနှင်းဆီက...

"အစ်မကြီးက စိတ်မကောင်းဖြစ်နေလို့ပါ"

စားမင်းသားက...

"ခင်ဗျားက ဘယ်သူလဲ"

"ကျွန်မက မမရဲ့ညီမလေး"

စားမင်းသား အံ့ဩကာ ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

သူတို့သည် နောက်ထပ် ငါးမိုင်ခန့်ဆက်သွားသောအခါ စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်ရှိလာသည်။

သူတို့သည် စားသောက်ဆိုင်ထဲ ဝင်ရောက်ကာ အနားယူစားသောက်လိုက်ကြ၏။

စားသောက်ပြီးလျှင် မိုးစွေငှက်က စားမင်းသားအားကြည့်ကာ...

"ရှင် လမ်းမှာ ဖန်းယီနဲ့တွေ့ခဲ့လား"

စားမင်းသား ခေါင်းညိတ်လိုက်သည်။

"တွေ့တယ်"

မိုးစွေငှက် စိတ်ဝင်စားလာသည်။

"သူ တစ်ယောက်ထဲပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မိန်းကလေးတစ်ယောက်ပါသေးတယ်"

မိုးစွေငှက် မျက်မှောင်ကုပ်သွားသည်။

"သူတို့ကို ဘယ်မှာတွေ့လဲ"

"မြို့ထဲက တည်းခိုခန်းတစ်ခုမှာ၊ မကြာပါဘူး၊ မိန်းကလေး က ဓားတစ်လက်ကိုင်ပြီး ထွက်လာတယ်"

မိုးစွေငှက် မျက်မှောင်ကုပ်သွားသည်။

"ရှင်က တစ်ချိန်လုံး သူတို့ကို စောင့်ကြည့်နေတာပေါ့ ဟုတ်လား"

ဓားမင်းသား ခေါင်းယမ်းလိုက်သည်။

"ကျုပ် စောင့်ကြည့်တာ မဟုတ်ပါဘူး၊ မိန်းကလေးက ဆူညံသောင်းကျန်းနေလို့ တည်းခိုခန်းတစ်ခုလုံးမှာရှိတဲ့ လူအားလုံးက ထွက်ကြည့်ကြတာပေါ့"

ငွေနှင်းဆီက ကြားဖြတ်ပြောလိုက်သည်။

"နောက်ကော"

"မိန်းကလေးက ဓားနဲ့ဖန်းယီကို တိုက်ခိုက်တယ်"

"ဖန်းယီက ပြန်မလုပ်ဘူးလား"

"သူ ဘာမှပြန်မလုပ်လို့ ဓားဒဏ်ရာအတော်များများ ရသွားခဲ့တယ်"

"နောက်ကော"

"ဖန်းယီ သေသွားတာပေါ့"

ထိုစကားကြားလျှင် မိုးစွေငှက်သည် စိတ်မထိန်းနိုင်တော့



ဘဲ ငိုကြွေးလိုက်လေသည်။

ဓားမင်းသားမှာ မိုးစွေငှက်အား ငေးကြည့်ယင်း သက်ပြင်း တစ်ချက် ချလိုက်သည်။

"မငိုပါနဲ့ညီမရယ်၊ ဖန်းယီ မသေပါဘူး၊ အစ်ကို လိမ်ပြောတာပါ"

မိုးစွေငှက် ခေါင်းထောင်လာသည်။

"သူ မသေဘူးဟုတ်လား"

"ဟုတ်တယ်"

"အကယ်၍သာ ဗေဒါဂိုဏ်းချုပ်ရောက်မလာယင် သူသေသွားမှာပဲ"

"ဒါဖြင့် ဖန်းယီက အဲဒီတည်းခိုခန်းမှာပဲ ကျန်ခဲ့တယ် ဟုတ်လား"

ဓားမင်းသား ခေါင်းခါယမ်းလိုက်သည်။

"မရှိတော့ဘူး၊ ဗေဒါဂိုဏ်းချုပ်တို့ထွက်သွားတာနဲ့ မိန်းကလေးတစ်ယောက် ရောက်လာတာ တွေ့ရတယ်"

ငွေနှင်းဆီ မဲ့ပြုံးပြုံးလိုက်သည်။

"အင်း…သူ့ကိုကြိုက်တဲ့ မိန်းကလေးက အတော်များနေပါလား"

ဓားမင်းသားက…

"မဟုတ်ဘူးထင်တယ်၊ ဘာဖြစ်လို့လဲ ဆိုယင် ဖန်းယီက ဒီ မိန်းကလေးကိုတွေ့တာနဲ့ အခန်းထဲက ထွက်ပြေးသွားတော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ငွေနှင်းဆီ မျက်မှောင်ကုပ်သွားသည်။

"သူက ဘယ်သူလဲ"

"ကျုပ်လည်း မသိဘူး"

သူသည် ယင်းသို့ပြောပြီးနောက် မိုးစွေငှက်ဘက်သို့ လှည့်လိုက်သည်။

"ကျုပ်သိသမျှ ပြောပြီးပြီ၊ သူဘယ်ရောက်သွားသလဲဆိုတာတော့ မသိဘူး၊ နောက်တစ်ခါ သူနဲ့လမ်းမှာတွေ့ယင် ညီမဆီ လွှတ်လိုက်ပါ့မယ်၊ ညီမရဲ့ စိတ်နေသဘောထားကို ကျုပ်နားလည်ပါပြီ၊ အခုအချိန်ကစပြီး ညီမကို ဘယ်တော့မှ အနှောင့်အယှက် မပေးတော့ပါဘူး"

သူ့အသံသည် ဝမ်းနည်းကြေကွဲလာ၍ တုန်ခါနေ၏။

သူ့မျက်လုံးအစုံသည် ဂရုဏာသက်စွာနှင့် မိုးစွေငှက်အား စိုက်ကြည့်လိုက်ပြီး...

"ကဲ..ကျုပ်သွားပြီ"

သူသည် ယင်းသို့ပြောပြီးနောက် ချာခနဲလှည့်ကာ ထိုနေရာမှ ထွက်ခွာသွားလေသည်။

မိုးစွေငှက်မှာ ငေးငိုင်ယင်း ကျန်ရစ်ခဲ့လေတော့သည်။

♣ ♣ ♣



## စိတ်ညို့ပညာ

သုံးရက်...။

သုံးရက်တိုင်တိုင် ခရီးဆက်ခဲ့ရာ သူတို့သည် 'စုချွမ်း' နယ်သို့ချဉ်းနင်းဝင်ရောက်လာလေသည်။

စုချွမ်းနယ်ထဲသို့ ရောက်ရှိလာသည်နှင့် လမ်းသွားလမ်းလာ ကုန်သည်ပွဲစားများ စည်ကားစွာ သွားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူတို့က ချန်ကျန်းမြစ်အတိုင်း ဆက်၍မောင်းနှင်သွားရာ လမ်းခရီးတလျှောက်တွင် ဗေဒါဂိုဏ်းသားသုံးယောက်တစ်စု၊ ငါးယောက်တစ်စု စုရုံးသွားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုဗေဒါဂိုဏ်းသားတို့သည် ကုန်သည်ပွဲစားများနှင့် တွေ့ဆုံသောအခါ သူတို့သည် ရိုသေစွာဖြင့် လမ်းဖယ်ပေးကြသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေနှင်းဆီက အသံတိုးတိုးဖြင့်...

"မမ..ဒီဖေဒါတွေဟာ ရိုးရိုးဖေဒါတွေ မဟုတ်ဘူးလို့ ကျွန်မထင်တယ်"

သူမ၏အနီး၌ ဖြတ်လျှောက်သွားသော ဖေဒါတစ်ယောက်က...

"ဟေ့..မဆိုင်ယင် မစပ်စုနဲ့"

ဟု သတိပေးလိုက်လေသည်။

တဆက်တည်း မိုးစွေငှက်အား စိုက်ကြည့်လာသည်။

သူ၏မျက်လုံးအစုံသည် ဝင်းလက်တောက်ပြောင်နေ၏။

အဘယ်ကြောင့်မှန်းမသိ မိုးစွေငှက်၏စိတ်ထဲ ထုံထိုင်းသွားလေသည်။

မြင်းလှည်းသည် ရှေ့ဆက်မောင်းနှင်သွားသည်။

အတော်ဝေးဝေးသို့ရောက်လျှင် မိုးစွေငှက်က...

"ရှေ့ဆက်သွားယင် မြို့လေးတစ်မြို့ ရောက်လိမ့်မယ်၊ အဲဒီမြို့မှာ 'ဆွေချစ်လို' တည်းခိုခန်းတစ်ခုရှိတယ်၊ ညီမ အဲဒီမှာ စောင့်နေပါ"

ငွေနှင်းဆီ အံ့ဩသွားသည်။

"မမက ဘယ်သွားမလို့လဲ"

"ကိစ္စတစ်ခု သတိရလာလို့ပါ"

"ညီမ လိုက်ခဲ့မယ်လေ"

မိုးစွေငှက် ခေါင်းယမ်းလိုက်သည်။



"မလိုက်နဲ့ မမပြောသလိုသာ လုပ်ပါ"

"ကောင်းပါပြီရှင်"

တားမရမှန်းသိလျှင် ငွေနှင်းဆီက စိတ်လျှော့လိုက်လေတော့သည်။

♣ ♣ ♣

မိုးစွေငှက်သည် လမ်းတွင်တွေ့ရသော ဖေဒါထံ ပြန်လှည့်လာခဲ့သည်။

ထိုဖေဒါသည် လမ်းဘေးသစ်ပင်အောက်၌ ထိုင်နေ၏။

မိုးစွေငှက်အားတွေ့လျှင် ပြုံးကာ...

"မင်း ပြန်လာတာကိုး"

မိုးစွေငှက် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"မင်းက ဖေဒါဂိုဏ်းချုပ်နဲ့ တွေ့ချင်သလား"

"ဟုတ်ကဲ့"

ဖေဒါက ထရပ်လိုက်သည်။

"ကောင်းပြီ ကျုပ်နောက်လိုက်ခဲ့ပါ"

ပြောယင်း လှမ်းထွက်သွားသည်။ မိုးစွေငှက်က နောက်ကောက်ပါအောင် လိုက်ပါသွားတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်အတော်နက်နေပြီ ဖြစ်သည်။

မြို့ပြင် ကွင်းပြင်တစ်နေရာ၌ မီးများထိန်ထိန်လင်းနေ၏။

ထိုအလင်းရောင်များသည် မီးတုတ်များမှ ထွက်ပေါ်လာသော အလင်းရောင်များပင်ဖြစ်၏။

မီးတုတ်များ ဝိုင်းရံစိုက်ထူထားသည့်အလယ်ရှိ မြေကွက်လပ်ပေါ်တွင် ရာပေါင်းများစွာသော ဗေဒါဂိုဏ်းသားများသည် ဝိုင်းဖွဲ့၍ထိုင်နေကြသည်။

ဗေဒါဂိုဏ်းချုပ်လီဖုံးသည် ကျောက်တုံးတစ်တုံးပေါ်၌ တိတ်ဆိတ်စွာထိုင်နေ၏။

သူ၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်နေ၏။

သူ၏ဘေးတွင် မေစု ရပ်နေ၏။

သူ၏မျက်နှာလည်း သိပ်မကောင်းပါ။

အတန်ကြာမှ လီဖုံးက တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွဲလိုက်သည်။

သူသည် မေစုဘက်သို့ လှည့်လိုက်ပြီး…

"သူ တကယ်လာမယ်လို့ မင်းထင်သလား"

မေစုက အသံအုပ်အုပ်ဖြင့်…

"ဟုတ်ကဲ့ ပေးပို့လာတဲ့သတင်းတွေအရ သူဟာဒီဘက်လာနေတယ်လို့ သိရပါတယ်"

လီဖုံးက သက်ပြင်းချလိုက်သည်။

"ဒီလူက ဆယ့်ငါးနှစ်တိုင်တိုင် ပျောက်ဆုံးနေတာ၊ အခုမှ



ပေါ်လာတာ အကြံအစည်ရှိမယ်ထင်တယ်"

မေစုက…

"သူက ဂိုဏ်းချုပ်နေရာ လိုချင်လို့များလား"

လီဖုံး ခေါင်းညိတ်လိုက်သည်။

"ဒါပဲဖြစ်မယ်လို့ ကျုပ်ထင်တယ်"

ထိုစဉ်မှာပင် အဝေးမှ ဝါးလုံးများခေါက်သံ ကြားလိုက်ရလေသည်။

မေစု ရင်ထိတ်သွားသည်။

"ဟော…သူလာပြီထင်တယ်၊ ကျုပ်တို့ချထားတဲ့လူတွေ သတင်းပို့တယ်"

သူ၏စကားဆုံးသွားသည်နှင့် ဗေဒါတစ်ယောက်သည် မိန်းကလေးတစ်ယောက်နှင့်အတူ လျှောက်လှမ်းလာနေသည်ကို တွေ့လိုက်ရသည်။

လီဖုံး မျက်နှာကွက်ခနဲ ပျက်သွားသည်။

"မိုးစွေငှက်က ဘာလို့သူနဲ့ပါလာရတာလဲ"

မေစုက…

"မဟုတ်မှလွဲရော ဖမ်းခေါ်လာတာဖြစ်ရမယ်"

ထိုစဉ် ဗေဒါသည် လီဖုံးရှေ့သို့ ရောက်ရှိလာ၏။

သူက လီဖုံးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး…

"တစ်ချိန်တုန်းက မင်းဟာ လူပျို့ပေါက်စရှိသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ ဗေဒါဂိုဏ်းချုပ်တစ်ယောက်ဖြစ်နေပြီကိုး ကျုပ်ဖြင့် ဂိုဏ်းယူပါတယ်"

လီဖုံးက ဦးညွှတ်ယင်း...

"ကျေးဇူးတင်ပါတယ်"

ဗေဒါက...

"ငါ့ကိုကော မှတ်မိရဲ့လား"

"ဟုတ်ကဲ့..ဦးလေးကောင်းယု မဟုတ်လား"

ထိုဗေဒါ၏အမည်မှာ 'ကောင်းယု' ပင်ဖြစ်သည်။

ကောင်းယုက...

"နေပါဦး၊ ဒီဂိုဏ်းချုပ်နေရာကို ဘယ်သူကခန့်လိုက်တာလဲ"

မေစုက ဦးညွှတ်ယင်း...

"ကွယ်လွန်သွားတဲ့ ဂိုဏ်းချုပ်ကြီးရဲ့ သေတမ်းစာအရ ခန့်အပ်ခဲ့တာပါ"

"ဪဖြင့် သေတမ်းစာပြပါ"

မေစု ခေါင်းယမ်းလိုက်သည်။

"ဒါကတော့ အခု ဘယ်ရှိတော့မှာလဲ"

"ထားပါတော့လေ၊ ဒီသေတမ်းစာကို ဘယ်သူက သက်သေထူနိုင်သလဲ"

"ဂိုဏ်းချုပ်နဲ့ကျုပ်နဲ့ပါ"

ကောင်းယု မဲ့လိုက်၏။

"မင်းတစ်ယောက်ထဲ သိရတာနဲ့ သူ့ကိုဂိုဏ်းချုပ်နေရာပေး



တယ်ဆိုတာ သိပ်ပြီး ကလေးဆန်လွန်းပါတယ်"

မေစု စိတ်တိုသွားသည်။

"ကျုပ် ဘယ်တော့မှ မလိမ်ညာဘူး"

ကောင်းယုက ဘာမှမပြောဘဲ မေစုအား ဖမ်းချုပ်ကာ အဝေးသို့လွှင့်ပစ်လိုက်သည်။

ထိုအချင်းအရာကို မြင်တွေ့လိုက်ရသော ဗေဒါဂိုဏ်းသားတို့သည် ဆူဆူညံညံ ဖြစ်ပေါ်လာလေတော့သည်။

ကောင်းယုက လက်ဝှေ့ယမ်းကာ...

"အားလုံး ငြိမ်ပေးပါ၊ ကျုပ် စကားပြောစရာရှိတယ်"

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အားလုံး တိတ်ဆိတ်သွားသည်။

လီဖုံးက မိုးစွေငှက်အားကြည့်ယင်း...

"မင်းက ဒီကိုလိုက်လာတာ ဘာကိစ္စများရှိလို့လဲ"

မိုးစွေငှက်က ငူငူကြီးဖြင့်...

"ကျွန်မက သူနဲ့အဖော်လိုက်လာတာပါ"

"သူနဲ့ ဘယ်တုန်းက သိကျွမ်းခဲ့လဲ"

"သိပ်မကြာသေးပါဘူး"

လီဖုံးက သက်ပြင်းတစ်ချက်ချကာ ခေါင်းယမ်းလိုက်သည်။

ထို့နောက် ကောင်းယုဘက်လှည့်ကာ...

"ဒီကိုလာရတဲ့အကြောင်းကို အမိန့်ရှိပါ"

ကောင်းယု ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုလူမျိုးက အခုလို ဂိုဏ်းတစ်ခုလုံးကို စနစ်တကျ ထိန်းသိမ်းထားနိုင်တာကို ကျုပ်က ချီးကျူးပါတယ်"

သူသည် ယင်းသို့ပြောပြီး သူ၏မျက်လုံးအစုံသည် ဂိုဏ်းချုပ်လီဖုံး၏မျက်လုံးအား စိုက်ကြည့်နေသည်။

ဂိုဏ်းချုပ်လီဖုံးသည် ကောင်းယု၏မျက်လုံးအား ကြည့်မိလိုက်သောအခါ သူ၏မျက်လုံးအစုံသည် အညို့ခံရပြီး ရွေ့ရှား၍မရတော့ပါ။

ကောင်းယုက ပြုံး၍လီဖုံး၏မျက်လုံးအား စိုက်ကြည့်ယင်း...

"မင်းတစ်ယောက်ထဲနဲ့ ဂိုဏ်းတစ်ခုလုံးကို အုပ်ထိန်းနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ကျုပ်ကို ဒုဂိုဏ်းချုပ်နေရာပေးပြီး ကူညီအုပ်ချုပ်ပေးဖို့ ဆန္ဒရှိတယ် မဟုတ်လား"

လီဖုံးက ကောင်းယုအား ငေးကြည့်ယင်း...

"ဟုတ်ပါတယ်"

ကောင်းယု သဘောကျသွားသည်။

"အခုအချိန်ကစပြီး ဗေဒါဂိုဏ်းရဲ့ လုပ်ငန်းအားလုံးကို မင်းနဲ့ငါ နှစ်ယောက်ထဲ အတူဆုံးဖြတ်ကြမယ် မဟုတ်လား"

"ဟုတ်ပါတယ်"

ဗေဒါဂိုဏ်းသားများသည် လီဖုံးက ကောင်းယု၏စကားကို လိုက်နာကြောင်း တွေ့ရလျှင် အံ့သြကြလေသည်။

သို့သော်...

ဗေဒါဂိုဏ်း၏စည်းကမ်းမှာ အလွန်တင်းကြပ်နေသဖြင့် မည်သူကမျှ မပြောဝံ့ကြပါ။

မေစု မနေနိုင်တော့ပါ။

လီဖုံးအနီး ချဉ်းကပ်သွားပြီး...

"ဂိုဏ်းချုပ်ကြီး သတိထားပါ၊ သူ့စကားကို နားမထောင်ပါနဲ့"

ကောင်းယုက သူ့ဘက်သို့လှည့်လိုက်သည်။

"ဒီလူက ဒုဂိုဏ်းချုပ်ကို စော်ကားတဲ့အတွက် ဂိုဏ်းစည်းကမ်းအရ ပြစ်ဒဏ်ပေးသင့်သလား"

လီဖုံး မျက်လုံးပြူးယင်း...

"သူ...သူ"

မေစုသည် ဂိုဏ်းချုပ်လီဖုံးရှေ့သို့ ဒူးထောက်ချလိုက်သည်။

"ဂိုဏ်းချုပ်ကြီး ကျုပ်ကို အပြစ်ပေးချင်ပေးပါ၊ ဒါပေမယ့် ဗေဒါဂိုဏ်းရဲ့ အာဏာကိုတော့ ဒီလူ့လက်ထဲ အရောက်မခံနိုင်ဘူး"

လီဖုံး၏မျက်နှာပေါ်တွင် တွေဝေသည့် အရိပ်အရောင်များ ပေါ်ထွက်လာလေသည်။

ကောင်းယုသည် သူ့အင်္ကျီအိတ်ထဲမှ အနက်ရောင်ပုလဲတစ်လုံးကို ထုတ်ယူလိုက်သည်။

ထိုအနက်ရောင်ပုလဲအား ငွေကြိုးတစ်ခုဖြင့် တပ်ဆင်ထားသည်။

သူသည် ထိုအနက်ရောင်ပုလဲအား လီဖုံး၏မျက်နှာရှေ့သို့ လွှဲပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ..လီဖုံး ဒီလူဟာ အပြစ်တော်တော်ကြီးနေပြီ၊ မင်းက ဘာဖြစ်လို့ သူ့ကို သေဒဏ်မပေးသေးတာလဲ"

ဗေဒါဂိုဏ်းသားများသည် ထိုစကားကြားသောအခါ မျက်နှာညှိုမည်းသွားကြလေသည်။

ရာပေါင်းများစွာသော ဗေဒါဂိုဏ်းသားတို့သည် ဂိုဏ်းချုပ်လီဖုံး၏အမိန့်ကို နားစွင့်နေကြ၏။

မေစုသည် နဖူးဖြင့် မြေပေါ်သို့ အဆက်မပြတ်ဆောင့်လိုက်သည်။

သွေးများဖြင့် သူ့မျက်နှာတစ်ခုလုံးနီရဲသွားလေသည်။

"ဂိုဏ်းချုပ်ကြီး..ကျုပ် သေရမှာကိုမကြောက်ပါဘူး၊ ဒါပေမယ့် ဂိုဏ်းချုပ်အာဏာကို သူ့ကိုလွှဲပေးလိုက်ယင်တော့ ကျုပ်တို့ဗေဒါဂိုဏ်းတစ်ခုလုံး ဒုက္ခရောက်ပါလိမ့်မယ်"

ကောင်းယု ဒေါသခြောင်းခြောင်း ထွက်လာသည်။

"ဒီမှာ လီဖုံး ဒီလူဟာ ကျုပ်ကိုစော်ကားရုံမကဘဲ ဂိုဏ်းချုပ်ကိုလည်း စော်ကားလိုက်တဲ့အတွက် ကျုပ်တို့ဂိုဏ်းရဲ့ သံမဏိ စည်းကမ်းအရ သေဒဏ်ပေးရလိမ့်မယ်"

ဂိုဏ်းသားများသည် လီဖုံး ပြောလာမည့်စကားများကို ရင်တမမဖြင့် စောင့်စားနေကြ၏။

လီဖုံးက တစ်လုံးချင်း ပြောချလိုက်သည်။

"ဟုတ်တယ်၊ သူ့ကို သေဒဏ်ပေးရမယ်"

မေစုမှာ ပါးစပ်အဟောင်းသားဖြစ်သွားပြီး ခေါင်းငိုက်စိုက်ချထားလိုက်တော့သည်။



ဂိုဏ်းသားအားလုံးသည်လည်း ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

ကောင်းယု ကျေနပ်စွာ ပြုံးလိုက်သည်။

"ဂိုဏ်းချုပ်အမိန့်ကို ကြားကြတယ် မဟုတ်လား၊ ဒီလူကို ပြစ်ဒဏ်စီရင်ဖို့ခေါ်သွားကြပါ"

ဗေဒါဂိုဏ်းသားများသည် ခေါင်းငုံ့ကာ လျှောက်လာကြ၏။

ကောင်းယု ရယ်မောလိုက်သည်။

"ကဲ..လီဖုံး အခုအချိန်ကစပြီး ငါ့ကို ဒုဂိုဏ်းချုပ်နေရာပေးအပ်ကြောင်း တရားဝင်ကြေငြာလိုက်ပါ"

"ဟား...ဟား...ဟား"

လီဖုံးသည် ရုတ်တရက် အားရပါးရရယ်မောလိုက်လေသည်။

တဆက်တည်းမှာပင် သူက လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ ကျောက်ခဲတစ်လုံးသည် ကောင်းယုလက်ထဲမှ ပုလဲနက်အားပစ်ခွဲလိုက်လေသည်။

ကောင်းယု ထိတ်လန့်စွာဖြင့် နောက်သို့ဆုတ်သွားသည်။

"မင်း..."

လီဖုံးက သူ့စကားကို ဖြတ်လိုက်သည်။

"ဒီမှာ ကောင်းယု ခင်ဗျားက ကျုပ်ကို တကယ်ညို့လို့ရပြီလို့ထင်နေတာကိုး"

www.burmeseclassic.com



ကောင်းယု မျက်နှာကွက်ခနဲ ပျက်သွားသည်။

“မင်း..မင်းက ဟန်ဆောင်နေတာကိုး”

လီဖုံးက ရယ်မောလိုက်သည်။

“ကျုပ်က အခုလို ဟန်မဆောင်ယင် ကျုပ်တို့ဂိုဏ်းသား တွေအားလုံးဟာ ခင်ဗျားရဲ့ယုတ်မာတဲ့အကြံကို သိနိုင်ပါ့မလား”

ဖေဒါဂိုဏ်းသားတို့သည် လီဖုံး၏စကားကိုကြားလိုက်ရသောအခါ ဝမ်းသာသွားကြသည်။

မေစုလည်း ဝမ်းသာသွားသည်။

လီဖုံးက ကောင်းယုအားကြည့်ကာ...

“ကဲ..ခင်ဗျား ဘာပြောချင်သေးလဲ”

ကောင်းယုက...

“ကျုပ်က ဘာတွေလုပ်လို့လဲ”

“ခင်ဗျားက စိတ်ညှို့ပညာနဲ့ ကျုပ်ကိုညှို့ပြီး တကယ်ပဲ ဂိုဏ်းအာဏာကို လိုချင်တယ်မဟုတ်လား”

“မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ကျုပ်က ခိုင်း တယ်ပဲထားဦး၊ မင်းက ဘာဖြစ်လို့ ငါ့စကားကို နားထောင်ရမှာလဲ”

လီဖုံးနှင့်မေစုတို့သည် ကြောင်အမ်းအမ်းဖြင့် ပါးစပ်ပိတ်ထားရလေသည်။

သူတို့သည် ယင်းသို့ အခက်ကြုံနေစဉ်မှာပင် ရုတ်တရက် လူတစ်ယောက် အသံကျယ်လောင်စွာဖြင့် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



“ဟင်..ဒါက ဘယ်နေရာလဲ၊ ကျွန်မ ဘယ်လိုလုပ် ဒီကို ရောက်လာတာလဲ”

လီဖုံးသည် လှည့်ကြည့်လိုက်သောအခါ မိုးစွေငှက်တစ် ယောက် အိပ်မက်ထဲက လန့်နိုးလာသည့်ပမာ ယင်းသို့အော်ဟစ် နေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ကောင်းယုအား စိုက်ကြည့်လိုက်သည်။

“ကောင်းယု..လောကပေါ်မှာ မင်းဟာ စိတ်ညှို့ပညာနဲ့ ညှို့ ပါတယ်လို့ သက်သေခံမယ့် လူတစ်ယောက်တော့ ကျုပ် အခုတွေ့ ရပြီကွ”

♣ ♣ ♣

www.burmeseclassic.com



မိုးစွေ့ငှက်သည် သတိရလာသောအခါ ရာပေါင်းများစွာသော ဗေဒါဂိုဏ်းသားများအား အံ့ဩစွာဖြင့် တွေ့မြင်လိုက်ရလေသည်။

လီဖုံးက သူမရှေ့သို့ ရောက်ရှိလာသည်။

သူမက ကောင်းယုအား တွေ့မြင်သွားသောအခါ ဒေါသခြောင်းခြောင်းထွက်သွားလေသည်။

"သူက ကျွန်မကို စိတ်ညို့ပညာနဲ့ ခေါ်လာတာဖြစ်မယ်"

သူမ၏စကားကြောင့် ဗေဒါဂိုဏ်းသားများသည် ရုတ်ရုတ်သဲသဲဖြစ်လာကြလေသည်။

ကောင်းယုက အခြေအနေ မဟန်မှန်းသိလျှင်...

"မင်းတို့အားလုံး ကြည့်စမ်း၊ ဒါက ဘာလဲ"

မေစုသည် ထိုအရာဝတ္ထုအား မော့ကြည့်လိုက်ရာ ဟောင်းနွမ်းသော ပိုးပဝါတစ်ထည်ဖြစ်သည်ကိုတွေ့ရသည်။

ယင်းပိုးပဝါပေါ်၌ အနီရောင်မှင်ဖြင့်...

"ဤအမှတ်အသားကိုတွေ့လျှင် အားလုံးက သူ့အမိန့်ကို နာခံရမည်"

ဟုရေးသားထားသည်ကို တွေ့ရလေသည်။

မေစု၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

"ဒါ...ဒါ...ဘယ်လိုလုပ် ခင်ဗျားလက်ထဲရောက်သွားတာလဲ"

ကောင်းယုက သူတို့ကို လှည့်မကြည့်တော့ဘဲ လီဖုံးဘက်



သို့လှည့်လိုက်သည်။

"ဒါက ဘာလဲဆိုတာ မင်းသိသလား"

လီဖုံးက ခေါင်းငုံ့ယင်း...

"သိပါတယ်၊ ဒီပစ္စည်းဟာ ဗေဒါဂိုဏ်းစပြီးတည်ထောင်တဲ့ ဂိုဏ်းချုပ်ရဲ့လက်ရေးပါ"

ကောင်းယု၏အသံသည် ခက်ထန်မာကျောလာလေသည်။

"မင်းက သိရဲ့သားနဲ့ ဘာဖြစ်လို့ ဒူးမထောက်တာလဲ"

လီဖုံး ဝမ်းနည်းစွာဖြင့် သက်ပြင်းတစ်ချက်ချပြီး ဒူးထောက်ချလိုက်သည်။

ဂိုဏ်းချုပ်က ဒူးထောက်လိုက်ရသဖြင့် ဗေဒါဂိုဏ်းသားများတို့သည် တစ်ယောက်မကျန် ဒူးထောက်ကြလေသည်။

ကောင်းယုသည် ရာပေါင်းများစွာသော ဗေဒါဂိုဏ်းသားများက ဒူးထောက်ကြသည်ကိုတွေ့မြင်လိုက်ရသောအခါ ဝမ်းသာအားရဖြင့် ရယ်မောလိုက်လေသည်။

"ငါ့ကို ဘယ်သူ အပြစ်ပေးဝံ့သလဲ ပြောစမ်း"

ထိုစဉ် မိုးစွေ့ငှက်၏အသံ ထွက်ပေါ်လာသည်။

"ကျွန်မက ဗေဒါဂိုဏ်းကမဟုတ်တဲ့အတွက် ရှင့်ကို အပြစ်ပေးရမယ်"

စကားဆုံးလျှင် အသင့်ပါလာသောဓားဖြင့် ကောင်းယု၏နောက်ကျောအား ထိုးချလိုက်သည်။

ကောင်းယုမှာ မရှောင်လွှဲဘဲ ခံလိုက်ရသောကြောင့်တစ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံး ယိမ်းယိုင်သွားသည်။

သူသည် လက်ဝါးဖြင့် နောက်ပြန်ရိုက်ချလိုက်လျှင် မိုးဇွေ မျက်နှာ အဝေးသို့လွင့်စဉ်သွားသည်။

ကောင်းယုက တဖြည်းဖြည်းနောက်ဆုတ်သွား၏။

ထိုစဉ် ရုတ်တရက် လူနှစ်ယောက်က လျှပ်တပြက် ရောက်ရှိလာပြီး ကောင်းယုအား ဝိတ်ဆို့ထားလိုက်လေသည်။

ထိုလူနှစ်ယောက်မှာ ဝါဆန်းပိုဏ်းချုပ်ချီကျိုန်းနှင့် တပည့်မ ချင်းချင်းတို့ဖြစ်သည်။

လီဖုံးသည် ထိုလူနှစ်ယောက်အားတွေ့လျှင် စိတ်သက်သာရာရသွားလေသည်။

ချီကျိုန်းက ကောင်းယုအား စိုက်ကြည့်ကာ...

"ကဲ..ကောင်းယု မင်းဘယ်ပြေးမလဲ"

ကောင်းယုက အခြေအနေမဟန်မှန်း သိလိုက်သဖြင့် ထွက်ပြေးရန်ဟန်ပြင်လိုက်သည်။

ချီကျိုန်းက လျှပ်တပြက် ဝင်ရောက်ကာသွေးကြောများအား ထိုးပိတ်လိုက်သည်။

တဖန် လီဖုံးဘက်လှည့်ကာ...

"ကျုပ်က သူ့ကိုခြေရာခံတာကြာပြီ၊ အခုမှပဲ တွေ့တော့တယ်"

သူမသည် ကောင်းယုလက်ထဲမှ ပိုးပဝါအားယူလိုက်ပြီး လီဖုံးအား ပေးအပ်လိုက်သည်။



လီဖုံးက ထိုပဝါအား သေချာစွာ သိမ်းဆည်းလိုက်လေ၏။ ချီကျိုန်းက...

"ဒီလူက ဖေဒါဂိုဏ်းနဲ့ မပတ်သက်တော့ဘူး မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ကျွန်မ ခေါ်သွားတော့မယ်"

သူမသည် မြေပေါ် သတိလစ်လဲကျနေသော မိုးဇွေမျက်နှာအား တစ်ချက်ကြည့်ကာ...

"ဒီမိန်းကလေးကြောင့် ကောင်းယုကို ဖမ်းမိတာ၊ သူ့ကို တစ်နေ့တော့ ကျေးဇူးဆပ်ရမယ်"

လီဖုံး ပြုံးလိုက်သည်။

"သူ့အတွက် ကျုပ်တာဝန်ယူပါတယ်ဗျာ"

ချီကျိုန်းနှင့်ချင်းချင်းတို့သည် ကောင်းယုအား ဖမ်းဆီးကာ ထွက်ခွာသွားကြလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဂိုထိန်းချုပ်လီဖုံးသည် သတိလစ်မေ့မြောနေသော မိုးစွေ့ငှက်အား ဖေးမလိုက်သောအခါ ရုတ်တရက် အမျိုးသမီးတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

လီဖုံး မျက်မှောင်ကုပ်သွားသည်။

"ပန်းပေါင်းစုံဂိုထိန်းက မဟုတ်လား"

အမျိုးသမီးက အရိုအသေပြုလိုက်သည်။

"ဟုတ်ပါတယ် ဂိုထိန်းချုပ်ကြီး"

"ဘာများကိစ္စရှိလို့လဲ"

"ဂိုထိန်းချုပ်က ပိုက်မှုကို ပြန်ပို့ပေးလိုက်တာ ကျေးဇူးတင်လို့ပါ"

"မလိုပါဘူးဗျာ"

"ဟုတ်ကဲ့ ဂိုထိန်းချုပ်က မှာလိုက်ပါသေးတယ်၊ ကောင်းယုတစ်ယောက် ဂိုထိန်းချုပ်ဆီမှာရောက်နေတယ်ကြားလို့ ကျွန်မကို ခေါ်ခိုင်းလိုက်တာပါ"

လီဖုံး မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားလာတာ နောက်ကျသွားပြီဗျ၊ သူ့ကို ဝါဆန်းဂိုထိန်းချုပ်ချီကျိန်ခေါ်သွားပြီ"

အမျိုးသမီးက နှုတ်ဆက်ကာ ချက်ချင်းပင် ထွက်ခွာသွားတော့သည်။

♣ ♣ ♣



အတန်ကြာမှ မိုးစွေ့ငှက် သတိရလာသည်။

လီဖုံးက အရိုအသေပေးယင်း...

"မိန်းကလေးကြောင့် ကျုပ်တို့အားလုံး ဒုက္ခမရောက်တာ၊ ကျုပ်တို့ဂိုထိန်းတစ်ဖွဲ့လုံးကိုယ်စား ကျုပ်က ကျေးဇူးတင်ပါတယ်လို့ ပြောပါရစေ"

မိုးစွေ့ငှက် ခေါင်းယမ်းလိုက်သည်။

"မလိုပါဘူးရှင်၊ ဂိုထိန်းချုပ်ကသာ သူ့ရဲ့စိတ်ညှို့ပညာကို မဖြိုခွဲပစ်ယင် ကျွန်မလည်း ဒုက္ခရောက်မှာ သေချာတယ်"

သူမသည် ဘေးဘီသို့ ဝေ့ကြည့်လိုက်ရာ ကောင်းယုကို မတွေ့ရသဖြင့်...

"သူ ထွက်ပြေးသွားပြီလား"

လီဖုံး ခေါင်းယမ်းလိုက်သည်။

"သူ့ကို ဝါဆန်းဂိုထိန်းချုပ်ချီကျိန်း လာခေါ်သွားတာဗျ"

"သူနဲ့ဝါဆန်းဂိုထိန်း ရန်ငြိုးရှိတယ် ထင်တယ်"

လီဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဒါတင် ဘယ်ကမလဲ ပန်းပေါင်းစုံဂိုထိန်းကလည်း သူ့ကိုလာတောင်းသွားတယ်"

မိုးစွေ့ငှက် မျက်နှာကွက်ခနဲ ပျက်သွားသည်။

"အဲဒါမှ ဒုက္ခပဲ"

လီဖုံးက နားမလည်နိုင်ဟန်ဖြင့် ကြည့်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ကောင်းယုနဲ့ပန်းပေါင်းစုံဂိုဏ်းချုပ်ဟာ တစ်ချိန်တုန်းက လင်မယားတွေရှင့်"

"ဟင်"

လီဖုံး မျက်လုံးပြူးသွား၏။

"လင်မယား ဟုတ်လား"

"ဟုတ်တယ်၊ ဒီကိစ္စကို သိုင်းလောကမှာ သိတဲ့လူသိပ်မရှိဘူး"

လီဖုံး ပင့်သက်ချလိုက်သည်။

"ဒါဆို ဒုက္ခပါပဲ၊ ဓါးဆန်းဂိုဏ်းနဲ့ ပန်းပေါင်းစုံဂိုဏ်းတို့ဟာ ဒီလူအတွက်နဲ့ မဟာရန်သူဖြစ်လာကြတော့မှာပဲ"

♣ ♣ ♣



မိုးစွေငှက်၏ဒဏ်ရာသည် အလွန်ပြင်းထန်သည်။

သို့သော်...

မေစု၏အလွန်အစွမ်းထက်သော ဆေးတံခိုးကြောင့် ရက်အနည်းငယ်မျှတွင် ဒဏ်ရာများ ပျောက်ကင်းသွားလေသည်။

သူမသည် စိတ်မြန်ကိုယ်မြန်ရှိသော မိန်းကလေးဖြစ်ရာ ဒဏ်ရာပျောက်သွားသည်နှင့် သူမသည် ထိုနေရာမှ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်လေသည်။

လီဖုံးက တားမြစ်မရသဖြင့် မေစုအား မြင်းလှည်းတစ်စီးငှား၍လိုက်ပို့ခိုင်းလိုက်လေသည်။

ထို့ကြောင့် မေစုသည် မြင်းလှည်းတစ်စီး ငှားရမ်းပြီး မိုးစွေငှက်အားခေါ်ဆောင်၍ လီတူမြို့ကလေးသို့ ဦးတည်မောင်းနှင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လီတူမြို့ကလေးသည် သေးငယ်သော မြို့ကလေးဖြစ်သည်။

မိုးစွေငှက်သည် လီတူမြို့သို့ ရောက်သောအခါ ခွေချစ်လို တည်းခိုခန်း၌ ငွေနှင်းဆီအား တွေ့ဆုံမိလေသည်။

ငွေနှင်းဆီက ဝမ်းသာအားရ ဆီးကြိုလေသည်။

"ကျွန်မက မျှော်လိုက်ရတာ အစ်မကြီးက အခုမှပဲ လာတော့တယ်"

"အလုပ်ပေါ်လာလို့ပါ။ ဒါထက် ညီမက ရတနာသေတ္တာကို ဘယ်အထိယူသွားမှာလဲ"

ငွေနှင်းဆီက...

"ကျွန်မလည်း အဲဒါကိုပဲ အခက်ကြုံနေတာ၊ ဒီပစ္စည်းတွေကို တစ်နေရာမှာ အပ်ထားချင်တယ်၊ အဲဒါ ဘယ်မှာအပ်ယင်ကောင်းမလဲ"

မိုးစွေငှက်က တစ်ချက်စဉ်းစားလိုက်ပြီး...

"အင်း...နေရာတစ်ခုတော့ ရှိတယ်"

ငွေနှင်းဆီက ဝမ်းသာအားရဖြင့်...

"ဘယ်နေရာလဲဟင်"

"လက်နက်ပုန်းကျေးရွာ"

မိုးစွေငှက်က တစ်လုံးချင်း ပြောလိုက်လေတော့သည်။

♣ ♣ ♣

## လက်နက်ပုန်းရွာလျှို့ဝှက်ချက်

လက်နက်ပုန်းကျေးရွာ...။

လက်နက်ပုန်းကျေးရွာသည် ရွာကြီးတစ်ရွာဖြစ်ပါသည်။

ရွာထဲ၌ တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ အထည်ဆိုင်များ စသည်ဖြင့် မြို့မှာရှိသော ဆိုင်များကဲ့သို့ ဤရွာကလေး၌ စုံစုံလင်လင်ရှိနေပေသည်။

သို့သော်...

ဤရွာကလေး၌ နေထိုင်ကြသူများသည် 'ဝူး' မျိုးနွယ်စုများဖြစ်ကြသည်။

ဝူးမျိုးနွယ်၏ သားသမီးများသည် လက်နက်ပုန်းများ အထူးကျွမ်းကျင်စွာ ထုတ်လုပ်တတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ငှူးအမျိုးအနွယ်အတွက် လိုအပ်သော လက်နက်ပုန်းများ ထုတ်လုပ်ပေးနေသည့်အပြင်။

သိုင်းလောက ဂိုဏ်းအသီးသီးမှ လာရောက်အပ်နှံကြသော လက်နက်ပုန်းများကိုလည်း အခကြေးငွေယူပြီး ထုတ်လုပ်ပေးကြလေသည်။

ထို့ကြောင့် သူတို့သည် ချမ်းသာကြွယ်ဝခြင်းမရှိသည့်တိုင်အောင် ငွေကြေးမကြပ်တည်းကြပါ။

ငွေနှင်းဆီသည် ငှူးမျိုးနွယ်ကျေးရွာသို့ လှမ်းဝင်လိုက်သည်နှင့် သူမ၏အကြံအစည် အောင်မြင်သွားပြီဟု ယူဆလိုက်လေတော့သည်။

♣ ♣ ♣



ငွေနှင်းဆီသည် လက်နက်ပုန်းကျေးရွာသို့ ရောက်နိုင်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့သည်။

သို့သော် တစ်ကြိမ်တစ်ခါမျှ အောင်မြင်ခြင်းမရှိပါ။

သူမသည် မိုးဓွေငှက်အား တွေ့ဆုံမိလိုက်သည်နှင့် မိုးဓွေငှက်သည် လက်နက်ပုန်းကျေးရွာနှင့် ပတ်သက်နေသည်ဟု သိထားသဖြင့် မိုးဓွေငှက်အား ပေါင်းသင်းထားခြင်းဖြစ်သည်။

ယခု...

သူမသည် မိုးဓွေငှက်၏ အကူအညီဖြင့် လက်နက်ပုန်းကျေးရွာသို့ ရောက်ရှိခဲ့ပြီ မဟုတ်ပါလော။

ထို့ကြောင့် သူမသည် အလွန်ပျော်မြူး၍နေရလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မိုးစွေငှက်၏ မိတ်ဆက်ပေးမှုကြောင့် ငွေနှင်းဆီသည် လက်နက်ပုန်းကျေးရွာမှ အရေးပါသူ အတော်များများနှင့် သိကျွမ်းခဲ့ပေသည်။ သို့သော်...

သူမသည် ငါးရက်ခန့် နေထိုင်ခဲ့သည့်တိုင်အောင် ဂူးယို့၏ အရိပ်အရောင်ပင် မတွေ့ရပါချေ။

သူမသည် ဖွင့်မေးရန်မှာလည်း မသင့်လျော်သဖြင့် ကျိတ်၍သာ ရှာဖွေခဲ့သည်။

လိုဏ်ဂူတစ်ခုမှလွဲ၍ သူမသည် နေရာအနှံ့ ရှာဖွေခဲ့ပြီးဖြစ်သည်။ ထိုလိုဏ်ဂူထဲသို့ သူမက ဝင်ရောက်မည့်အခါတိုင်း ကျေးရွာမှလူများသည် သူမအား ဟန့်တားကြလေသည်။

နောက်ဆုံး ထိုလိုဏ်ဂူအတွင်း၌ လက်နက်ပုန်းများ ပြုလုပ်နေသည်ဟု သိရှိရလေသည်။

ယင်းလိုဏ်ဂူသည် သိုင်းလောကတစ်ခုလုံးအား တုန်လှုပ်ချောက်ချားစေသော ဂူးအမျိုးအနွယ် လက်နက်ပုန်းထုတ်လုပ်သည့် အသက်သွေးကြောဟု သူမ သဘောပေါက် နားလည်လာတော့သည်။

ဤသို့ဆိုလျှင် ဂူးယို့က ထိုလိုဏ်ဂူထဲတွင် ရှိမည်ဟု သူမယုံကြည်လေသည်။

ထို့ကြောင့် သူမသည် ထိုလျှို့ဝှက်သော လိုဏ်ဂူထဲသို့ ဝင်ရောက်ရန် ဆုံးဖြတ်လိုက်တော့သည်။

♣ ♣ ♣



လရောင်သည် ထိန်ထိန်သာနေ၏။

ငွေနှင်းဆီသည် ဥယျာဉ်ထဲ၌ ဂူးဟန်ယင်းနှင့်အတူ ထိုင်နေသည်။

ဂူးဟန်ယင်းမှာ ဂူးစွမ်း၏ အငယ်ဆုံးသမီးဖြစ်သည်။

သူမသည် ဆယ်ကျော်သက်အရွယ်ဖြစ်သည့်အပြင် မွှင့်လင်းရိုးသားလှသောကြောင့် သူမထံမှ စကားအစ်အောက်ရနိုင်မည်ဟုယုံကြည်၍ စည်းရုံးထားခြင်းဖြစ်သည်။

"ဒါနဲ့ ညီမရဲ့အစ်ကိုတစ်ယောက်ဆိုတာ မတွေ့ပါလား"

"သူ ရှိပါတယ်"

"ဒါဖြင့် မမက ဘာဖြစ်လို့ မတွေ့တာလဲ"

"သူက အဲဒီလိုဏ်ဂူထဲမှာရှင့်"

ထိုစကားကြားသောအခါ ငွေနှင်းဆီ ဝမ်းသာသွားလေသည်။

"ဟုတ်လား၊ သူက ဘာလို့ လိုဏ်ဂူထဲမှာ သွားနေရတာလဲ"

"အယင်တုန်းက ကျွန်မနဲ့ အတူနေပါတယ်၊ ဒီသုံးလေးမှာပဲ လိုဏ်ဂူထဲ ဖေဖေကခေါ်သွားပါတယ်"

"ညီမရဲ့ဖေဖေက ဘာလို့ခေါ်သွားတာလဲ"

"ကျွန်မတို့ရွာကို ဧည့်သည်တစ်ယောက် ရောက်လာ"

"ဘယ်သူများလဲ"

"မသိဘူး၊ တော်တော်ချောတဲ့ လူတစ်ယောက်ပဲ၊ သူ့ရဲ့မျက်နှာမှာ ဓားအမာရွတ်တစ်ခု ရှိတယ်ရှင့်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားလိုက်ရသောအခါ ငွေနှင်းဆီ ရင်ထိတ်သွားလေသည်။

"ဟင်..ဖန်းယီ"

ငှူးဟန်ယင်းက သူမအား မော့ကြည့်လိုက်သည်။

"မမက သူ့ကိုသိတယ် ဟုတ်လား"

ငွေနှင်းဆီသည် ငှူးဟန်ယင်း၏မျက်နှာတစ်ခုလုံး စိတ်ဝင်စားနေသည့် အရိပ်အရောင်များပေါ်လွင်နေသည်ကို တွေ့ရသဖြင့် သူမက ပြုံးလိုက်ပြီး...

"သိတာပေါ့ညီမရာ၊ မမရဲ့မိတ်ဆွေတစ်ယောက်ပါပဲ"

သူမသည် အဓိပ္ပါယ်ရှိစွာ တစ်ချက်ပြုံးယင်း...

"ဘာလဲ ညီမက သူ့ကို သံယောဇဉ်တွယ်နေပြီလား"

ငှူးဟန်ယင်းက ရှက်ရွံ့စွာ ခေါင်းငုံ့သွားသည်။

ငွေနှင်းဆီ ကောက်ကျစ်စွာ ပြုံးလိုက်သည်။

"ဒီလိုလုပ် မမက ကူညီမယ် ဘယ့်နှယ်လဲ"

ငှူးဟန်ယင်း ဆတ်ခနဲ မော့ကြည့်လိုက်သည်။

"မမ"

ငွေနှင်းဆီ လက်ကာပြလိုက်သည်။

"သူရှိတဲ့နေရာ မမကိုသာ လိုက်ပို့ ညီမလေးကို မိတ်ဆက်ပေးပါ့မယ်"

ငှူးဟန်ယင်း ချီတုံချတုံဖြစ်သွားပြီး...

"မဖြစ်ဘူးထင်တယ်"



"ဘာဖြစ်လို့လဲ"

"ဒီလိုဏ်ဂူထဲကို ဘယ်သူမှမဝင်ရဘူးလို့ တားမြစ်ထားတယ်"

ငွေနှင်းဆီ ပြုံးလိုက်သည်။

"တခြားလူအတွက်တော့ ဟုတ်တာပေါ့၊ မိသားစုဝင်တွေကျတော့ ဘာဖြစ်လို့ မရမှာလဲ"

သူမသည် ယင်းသို့ပြောပြီး ငှူးဟန်ယင်း၏လက်ကိုဆွဲကာ လိုဏ်ဂူရှိရာသို့ လှမ်းသွားလိုက်တော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အဝေးမှကြည့်လိုက်လျှင် ထိုလိုဏ်ဂူသည် တံခါးမရှိဟု ထင်ရသော်လည်း အနီးသို့ ကပ်ကြည့်သောအခါ လိုဏ်ဂူအဝ၌ သံတံခါး ထားရှိထားသည်ကို တွေ့ရလေသည်။

ဝူးဟန်ယင်းသည် လိုဏ်ဂူအဝသို့ ရောက်ရှိသောအခါ သူမသည် လိုဏ်ဂူဝ၏နံရံပေါ်သို့ လက်ညှိုးဖြင့် နှိပ်လိုက်ရာ သံတံခါးမှာ အလိုအလျောက်ပွင့်သွားလေသည်။

သူတို့သည် လိုဏ်ဂူထဲ ဝင်ရောက်သွားသောအခါ များစွာသောလူတို့သည် သူတို့၏လုပ်ငန်းများကို အာရုံစူးစိုက်စွာဖြင့် ပြုလုပ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူများသည် သိုင်းလောကသားများ ကြောက်ရွံ့တုန်လှုပ်နေရသော လက်နက်ပုန်းများကို အာရုံစူးစိုက်စွာ လုပ်နေကြခြင်းဖြစ်သည်။

ထို့ကြောင့် သူတို့ ဝင်ရောက်လာသည်ကိုပင် မည်သူကမျှ လှည့်မကြည့်ပါ။

ငွေနှင်းဆီသည် တစ်ချက်ပြုံးလိုက်ပြီး ဝူးဟန်ယင်း၏လက်ကိုဆွဲကာ ဆက်၍လျှောက်သွားလေသည်။

မကြာမီ သူတို့သည် အခန်းတစ်ခုအား တွေ့လိုက်လေသည်။

ငွေနှင်းဆီသည် ထိုအခန်းထဲသို့ လှမ်းကြည့်လိုက်သောအခါ လူတစ်ယောက်သည် အခန်းဝအား ကျောပေး၍ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။



ငွေနှင်းဆီသည် ထိုလူအား တွေ့မြင်လိုက်ရသည်နှင့် ဝူးယို့ဖြစ်ရမည်ဟု တထစ်ချယုံကြည်သည်။

သူမသည် အခွင့်အရေးအား လက်လွှတ်မခံတော့ပါ။

အိတ်ထဲမှ ဖယောင်းလုံးတစ်လုံး နှိုက်ထုတ်လိုက်ပြီး ဖယောင်းလုံး၏အခွံအား ချေမွလိုက်သည်။

"ဖောက်"

ဖယောင်းလုံးအခွံ ပေါက်ကွဲသွားသည်နှင့် ခရမ်းရောင်အနီ အငွေ့များသည် တဖြည်းဖြည်းပို၍ထူထပ်လာပြီး အခန်းတစ်ခုလုံးအားဖုံးလွှမ်းသွားလေသည်။

ငွေနှင်းဆီလည်း အခန်းထဲ လျှပ်တပြက် ဝင်ရောက်သွားပြီး ဝူးယို့လက်ကို ဆွဲလေသည်။

ဝူးယို့ ထိတ်ခနဲဖြစ်သွားသည်။

"မင်း ဘယ်သူလဲ"

"ရှင်က ကျွန်မအသံတောင် မမှတ်မိတော့ဘူးလား"

ဝူးယို့ အံ့သြသွားသည်။

"မင်းက ငွေနှင်းဆီ ဟုတ်လား"

ငွေနှင်းဆီ ရယ်မောလိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ မမငွေနှင်းဆီက ရှင့်ကို သတိရနေတာ အခု ကျွန်မက လာခေါ်တာရှင့်"

ဝူးယို့ ခေါင်းခါလိုက်သည်။

"ဒါပေမယ့် မဖြစ်ဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဖြစ်ရမှာလဲ"

ငွေနှင်းဆီက သူ့အားဆွဲကာ ပြေးထွက်သွား၏။

သူမတို့သည် လိုဏ်ဂူဝသို့ ရောက်လာသောအခါ ခြေလှမ်းများ ရုတ်တရက် ရပ်တန့်သွားကြလေသည်။

အကြောင်းမှာ...

လိုဏ်ဂူဝတွင် လက်နက်ကိုယ်စီဖြင့် အနက်ရောင်ဝတ်ဆင်ထားသော လူဆယ့်ငါးယောက်ခန့်ရပ်၍ စောင့်နေသည်ကို တွေ့လိုက်ရလေသည်။

ငွေနှင်းဆီ မည်သို့ပြုလုပ်ရမှန်းမသိ ဖြစ်နေစဉ် ဝူးယို့က တံဆိပ်ပြားတစ်ခုအား ထုတ်ပြယင်း...

"ဟောဒီမှာ ကျုပ်အဖေရဲ့ သွားလာခွင့်ပေးတဲ့ အမိန့်ပြားပဲ"

ထိုလူများသည် တံဆိပ်ပြားအားတွေ့လျှင် လမ်းဖယ်ပေးလိုက်ကြသည်။

ဝူးယို့သည် ငွေနှင်းဆီ၏လက်ကိုဆွဲကာ ခပ်သွက်သွက်ထွက်လာခဲ့လေတော့သည်။

♣ ♣ ♣



ငွေနှင်းဆီနှင့် ဝူးယို့တို့သည် ဝူးကျေးရွာမှထွက်လာပြီးနောက် ဘုံကျောင်းပျက်တစ်ခုတွင် အနားယူလိုက်ကြသည်။

ဘုံကျောင်းပျက်သည် ကျယ်ဝန်းသည်။

နတ်ရုပ်ထုရှေ့တွင် စားပွဲတစ်လုံး ရှိသည်။

စားပွဲပေါ်၌ ဖယောင်းတိုင် အသင့်ရှိနေ၏။

ငွေနှင်းဆီက စားပွဲပေါ်မှ ဖယောင်းတိုင်အား မီးထွန်းညှိလိုက်ရာ ဘုံကျောင်းတစ်ခုလုံး လင်းထိန်သွားသည်။

ယခုမှ ငွေနှင်းဆီက ဝူးယို့၏မျက်နှာအား သေချာစွာကြည့်မိသည်။

သူမ အံ့သြသွားသည်။

ဝူးယို့၏မျက်နှာပေါ်တွင် ဆေးရောင်စုံခြယ်သထားသောမျက်နှာဖုံးစွပ်တစ်ခု စွပ်ထားသည်ကို တွေ့လိုက်ရလေသည်။

ငွေနှင်းဆီ ခစ်ခနဲ ရယ်လိုက်သည်။

"ရှင်က မျက်နှာဖုံးတစ်ချင်ယင်လည်း လှလှပပ မျက်နှာဖုံးတစ်စမ်းပါ၊ ဘာဖြစ်လို့ ဒီလောက်ရုပ်ဆိုးတဲ့ မျက်နှာဖုံးတပ်ရတာလဲ"

ဝူးယို့က သက်ပြင်းချလိုက်သည်။

"ကျုပ်ကလည်း ဘယ်တပ်ချင်ပါ့မလဲ၊ ဖေဖေခိုင်းလို့သာ"

ငွေနှင်းဆီက...

"ရှင့်အဖေက ကျွန်မအစ်မနဲ့ လက်ထပ်မှာစိုးလို့ နည်းအမျိုးမျိုးနဲ့ ပိတ်ပင်တာပဲနော်"

ဝူးယို့ ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ"

"ကဲပါ အခုတော့ မျက်နှာဖုံးချွတ်သင့်ပါပြီ"

ဝူးယို့က...

"ချွတ်လို့မရသေးဘူးဗျ"

"ဘာဖြစ်လို့လဲရှင့်"

"ဒီမျက်နှာဖုံးကို အထူးပြုလုပ်ထားတဲ့ကော်နဲ့ကပ်ထားလို့ပါ။ အချိန်မရောက်သေးဘဲ ချွတ်လိုက်ယင် မျက်နှာအသားပါ ပါသွားမှာစိုးလို့ပါ"

ငွေနှင်းဆီ ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးလေ၊ ရှင့်မျက်နှာကို မှတ်မိပါတယ်ရှင်"

"မင်း တကယ်ပဲ မှတ်မိလို့လား"

"မှတ်မိတာပေါ့"

"ဒါနဲ့ မင်းအစ်မကော နေကောင်းရဲ့လား"

ငွေနှင်းဆီက ပင့်သက်ရှိုက်ယင်း....

"ကျွန်မ ရှင်းရှင်းပဲ ဖွင့်ပြောတော့မယ်၊ ရှင်က သူ့အတွက်နဲ့ ဒုက္ခရောက်နေပေမယ့် သူက..."

"သူက ဘာဖြစ်လို့လဲဟင်"

"သူက တခြားယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ရောက်သွားပြီရှင့်"

ဝူးယို့က စကားမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

ငွေနှင်းဆီသည် ငိုကြွေးယင်း ဝူးယို့၏ရင်ခွင်ထဲသို့ တိုးဝင်



သွားလေသည်။ ဝူးယို့က မလှုပ်မယှက်ဖြင့်...

"ပြောစမ်းပါဦး၊ ဘယ်သူများလဲ"

"သူ့နာမည် ဖန်းယီလို့ခေါ်တယ်"

ဝူးယို့ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဖန်းယီ ဟုတ်လား"

ငွေနှင်းဆီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရှင်က သူ့ကိုသိလို့လား"

ဝူးယို့က ခေါင်းယမ်းလိုက်သည်။

"ကျုပ် ဒီနာမည်ကို အခုမှပဲ ကြားဖူးတော့တယ်"

ငွေနှင်းဆီ သက်ပြင်းတစ်ချက် ချလိုက်သည်။

"ရှင်က သူ့ကိုမသိတာပဲ ကောင်းပါတယ်၊ သူ့ကိုသိနေယင် အလိမ်ခံနေရဦးမယ်"

"ဘာဖြစ်လို့လဲ"

"ဖန်းယီဟာ ဉာဏ်များတယ်၊ အကြံသမားတစ်ယောက်ပဲ"

ဝူးယို့က သူမအား တွန်းထုတ်ယင်း...

"မင်းဟာ အရှက်မရှိတဲ့ မိန်းမပဲ"

ငွေနှင်းဆီ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ရှင် ဘာပြောတယ်"

သူမသည် နောက်သို့ဆုတ်သွားမည်အပြုတွင် ဝူးယို့သည် သူမ၏သွေးကြောများကို လျှပ်တပြက် ပိတ်ထားလိုက်လေတော့၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ငွေနှင်းဆီသည် မလှုပ်မယှက် မြေပေါ် လဲကျနေ၏။

သူမ၏မျက်လုံးအစုံသည် ထိတ်လန့်အံ့သြစွာဖြင့် ဂူးယို့အား ကြည့်နေ၏။

ဂူးယို့က အေးတိအေးစက်ဖြင့်...

"ခင်ဗျားက ဂူးယို့ရဲ့အသံတို တကယ်မှတ်မိလို့လား"

ထိုစကားကြားလိုက်ရသောအခါ ငွေနှင်းဆီ၏တစ်ကိုယ်လုံးသည် တောင့်တင်းသွားလေသည်။

"ရှင်...ရှင်က ဂူးယို့မဟုတ်လား"

ဂူးယို့ ခေါင်းယမ်းလိုက်သည်။

ငွေနှင်းဆီ၏ရင်ထဲ လေးလံလာသည်။

"ရှင်...ရှင်က ဘယ်သူလဲ"

ဂူးယို့က အေးတိအေးစက်ဖြင့်...

"တွေ့ရမှာပေါ့"

ပြောပြီးသည်နှင့် သူ၏မျက်နှာဖုံးအား ချွတ်ချလိုက်လေသည်။

ငွေနှင်းဆီသည် ထိုမျက်နှာအား တွေ့မြင်လိုက်ရသောအခါ ထခုန်မတတ် အံ့သြသွားလေသည်။

သူမသည် မယုံကြည်စွာဖြင့်...

"ရှင်...ရှင်က ဖန်းယီပါလား"

ဖန်းယီ လှောင်ပြုံးပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားက ကံဆိုးချင်တော့ ကျုပ်ရှေ့



မှာလာပြီး ကျုပ်ရဲ့မကောင်းကြောင်းကို စွပ်စွဲပြောဆိုနေတာပေါ့"

ငွေနှင်းဆီသည် မယုံကြည်နိုင်သောအသံဖြင့်...

"မဖြစ်နိုင်ဘူး၊ ရှင် မဖြစ်နိုင်ဘူး"

ဖန်းယီ ပြုံးလိုက်သည်။

"ဒီမှာ ကျုပ်ရှင်းရှင်းပဲပြောပြမယ်၊ ကျုပ်က ပြေးစရာလမ်းလည်းမရှိ ဒဏ်ရာတွေလည်း ရထားတော့ လက်နက်ပုန်းကျေးရွာကိုပဲ လာရတာပေါ့"

ငွေနှင်းဆီသည် အနည်းငယ် စိတ်တည်ငြိမ်သွားပြီဖြစ်ရာ သူမက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ၊ ဂူးစွမ်းက ရှင့်ကိုလက်ခံပြီး လိုဏ်ဂူထဲမှာ ဖွက်ထားတာဖြစ်ရမယ်"

ဖန်းယီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ သူက ဂူးယို့ရဲ့အဝတ်အစားများကို ကျုပ်ကိုပေးတဲ့အပြင် မျက်နှာဖုံးတစ်ခုပါ လက်ဆောင်ပေးလိုက်သေးတယ်"

ငွေနှင်းဆီ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါဖြင့် ဂူးယို့ကို သူ့အဖေက ခေါ်သွားတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်ကိုခေါ်သွားတာလဲရှင့်"

"ကျုပ် မသိဘူး"

ငွေနှင်းဆီ ခေါင်းငိုက်စိုက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် အခု ကျွန်မကို ဘယ်လိုစီမံမလဲ"

ဖန်းယီက စကားမပြောဘဲ သူမ၏မျက်နှာအား စိုက်ကြည့်နေသည်။

ငွေနှင်းဆီ မဲ့လိုက်သည်။

"ရှင့်မျက်နှာ ကျွန်မကြောင့် အမာရွတ်ဖြစ်သွားတာ ရှင်က ကျွန်မအပေါ် သိပ်မုန်းမယ်ဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမယ့် ပိုက်မှုက သေလုမျှောပါး တိုက်ခိုက်တာတော့ ဘာလို့မမုန်းတာလဲ"

ဖန်းယီ သက်ပြင်းချလိုက်သည်။

"စိတ်ချ၊ မင်းကို ငါမုန်းလည်းမမုန်းဘူး၊ သတ်လည်းမသတ်ဘူး"

သူသည် ခေါင်းငိုက်စိုက်ချလိုက်ပြီး...

"ခင်ဗျားပြောတာ မှန်တယ်၊ ကျုပ်ကို လုပ်ကြံတဲ့လူတွေဟာ များလွန်းပါတယ်၊ ဒါကြောင့် မင်းတစ်ယောက်ထဲကျမှ ကွက်ပြီးမုန်းယင် ဘယ်တရားပါ့မလဲ"

ငွေနှင်းဆီ ဝမ်းသာသွားသည်။

"ဒါဖြင့် ကျွန်မကို လွှတ်ပေးမယ် ဟုတ်လား"

ဖန်းယီ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားကို ကျုပ်က မသတ်ချင်ပေမယ့် မလွှတ်နိုင်သေးဘူး"

ငွေနှင်းဆီ မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ကျွန်မကို ဘာလုပ်မလို့လဲ"



ဖန်းယီက စကားတစ်လုံးချင်း ပြောလိုက်သည်။

"မင်းကို လက်နက်ပုန်းကျေးရွာ ပြန်ပို့မလို့ပါပဲ"

ငွေနှင်းဆီမှာ ထိုစကားကြားလိုက်ရသောအခါ ဝမ်းနည်းပက်လက်ဖြစ်သွားလေသည်။

ထိုစဥ်မှာပင် အဝေးမှ မြင်းခွာသံများ ကြားလိုက်ရလေသည်။

ဖန်းယီသည် စားပွဲပေါ်မှ ဖယောင်းတိုင်မီးအား ငြိမ်းသတ်လိုက်သည်။

မြေပေါ်လဲကျနေသော ငွေနှင်းဆီအား ပွေ့ချီလိုက်ပြီးနတ်ရုပ်ထု၏နောက်ကွယ်သို့ သွားရောက်ပုန်းကွယ်လိုက်လေသည်။

တဆက်တည်းမှာပင် သူ၏လက်ချောင်းလေးများသည် ငွေနှင်းဆီ၏စကားပြောသော သွေးကြောအား ပိတ်ထားလိုက်လေသည်။

မြင်းခွာသံများသည် ဘုံကျောင်းရှေ့သို့ ရောက်ရှိလာသောအခါ ရပ်တန့်သွားလေသည်။

"ဒီနေရာ ဟုတ်လား"

လူတစ်ယောက်က မေးလိုက်သောအသံဖြစ်သည်။

"ဟုတ်ပါတယ်၊ ခင်ဗျားတို့နှစ်ယောက် ကျုပ်နောက်လိုက်ခဲ့ပါဗျာ"

အမှောင်ထုထဲ၌ လူသုံးယောက်၏အရိပ်များ ဘုံကျောင်းပျက်ထဲသို့ ဝင်ရောက်လာသည်ကို ဖန်းယီက ရှုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသည်မှာ ရှေ့ဆုံးမှ ဝင်ရောက်လာသောလူသည် ဘုံကျောင်းပျက်အား သိကျွမ်းသည့်အသွင်များမြင်တွေ့ရလေသည်။

သူသည် အကဲခတ်နေစဉ်မှာပင် ထိုလူက စားပွဲပေါ်မှ ဖယောင်းတိုင်အား မီးထွန်းညှိလိုက်သည်။

ဖန်းယီသည် ထိုလူသုံးယောက်၏မျက်နှာများအား တွေ့မြင်လိုက်သည်နှင့် ရင်ထိတ်သွားမိလေသည်။

ရှေ့ဆုံးမှ ဝင်ရောက်လာသောသူမှာ လူငယ်တစ်ယောက်ဖြစ်သည်။

ယင်းလူငယ်သည် ဝူးစွမ်း၏သားကြီး ဝူးဟန်ထိပင်ဖြစ်သည်။

သူ့နောက်တွင် လိုက်ပါလာသော လူနှစ်ယောက်မှာ စုကွမ်းနှင့် ကျင်းလုံပင်ဖြစ်သည်။

ဖန်းယီ အံ့ဩသွားသည်။

ကျင်းလုံနှင့်စုကွမ်းတို့သည် ဝူးဟန်ထိနှင့်အတူလာပြီး လက်နက်ပုန်းကျေးရွာသို့မသွားဘဲ အဘယ်ကြောင့် ဤဘုံကျောင်းပျက်ထဲသို့ လာရောက်ကြပါသနည်း။

သူတို့သည် မည်သည့်လျှို့ဝှက်သော အကြောင်းများကြောင့် ဤနေရာသို့ လာရောက်တွေ့ဆုံကြသနည်း။

ထိုစဉ်...

ကျင်းလုံက ဝူးဟန်ထိအား တစ်ချက်ကြည့်လိုက်ပြီး...

"မင်းအဖေဟာ ကျုပ်တို့ကို ဒီလိုနေရာမျိုး ချိန်းထားတာ



တကယ်လို့များ မင်းကိုယ်တိုင်မလာယင်တော့ မင်းအဖေအပေါ် ကျုပ်တို့က သံသယဖြစ်မှာပဲ"

ဝူးဟန်ထိက ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဖေဖေက လူမသိအောင်၊ နောက်ပြီး ကျွန်တော်တို့မိသားစု ဘယ်သူမှမသိအောင် ဒါကြောင့် ဒီနေရာကို ချိန်းခေါ်ရတာပါ"

ဖန်းယီ ရင်ထိတ်သွားသည်။

စုကွမ်းနှင့်ကျင်းလုံတို့အား ချိန်းဆိုသူမှာ ဝူးစွမ်းဖြစ်နေသည်။

ဝူးစွမ်းက အဘယ်ကြောင့် သူတို့အား ဤခေါင်လွန်းသောနေရာသို့ ချိန်းဆိုထားရသနည်း။

သူတို့သည် မည်သည့်ယုတ်မာသည့် အကြံအစည်များ ကြံစည်နေပါသနည်း။

သူက ယင်းသို့တွေးတောနေစဉ် ကျင်းလုံက စကားစလိုက်ပြန်လေသည်။

"မင်း အဖေချိန်းတာက ဒီနေ့ညပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

စုကွမ်းက ကြားဖြတ်လိုက်သည်။

"ဒီလူဟာ သိုင်းပညာလည်းတော်တယ်၊ ဉာဏ်လည်းများတယ်၊ မင်းအဖေက သူ့ကို အမိဖမ်းနိုင်ပါ့မလား"

ဝူးဟန်ထိက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ။ သူက ဘယ်လောက်ပဲဉာဏ်များများ ဖေဖေ့ကို တော့ သူယုံကြည်ပြီးသားမို့ ဖေဖေ သူ့ကို အငိုက်ဖမ်းထားနိုင်မယ်လို့ ယုံကြည်ပါတယ်"

စုကွမ်းက ပြုံးလိုက်သည်။

"အေးပေါ့ကွာ၊ မင်းအဖေက ဒီကောင်ကို အမိအရဖမ်းပေးနိုင်မယ်ဆိုယင် အကျိုးအများကြီးရှိမှာပါ"

ကျင်းလုံကလည်း ပြုံးလိုက်သည်။

"မင်းသိထားဖို့က ခေါင်းဆောင်ကြီးက သူ့ကို အရေးယူဖို့ စိတ်မကူးပါဘူး၊ ဒါပေမယ့် ဒီလူက သေသွားတဲ့သူ့သားအဖြစ် ဟန်ဆောင်ပြီး မဟုတ်မဟတ်တာတွေလုပ်မှာစိုးလို့ သူ့ကို အမိအရ လာခေါ်တာပါ"

ဝူးဟာန်ထိက ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါတယ်ခင်ဗျာ"

ဖန်းယီသည် သူတို့၏စကားများကို ကြားမိလိုက်သောအခါ ဝူးစွမ်းက မိမိအား တကယ့်စေတနာနှင့် ကယ်တင်ထားခြင်းမဟုတ်ဘဲ သူတို့လက်ထဲသို့အပ်ရန် ကြံစည်နေကြောင်း သဘောပေါက်နားလည်လိုက်လေသည်။

သူသည် ယင်းသို့တွေးမိသည်နှင့် နဖူးပေါ်မှချွေးများ စီးဆင်းကျလာလေတော့သည်။

ဝူးဟာန်ထိ၏အသံသည် တိတ်ဆိတ်ခြင်းအား ဖြိုခွဲလိုက်သည်။



"ဒီကိစ္စပြီးသွားယင်တော့ ခေါင်းဆောင်ကြီးပေးခဲ့တဲ့ကတိ အတိုင်းတည်ပါစေလို့ ကျွန်တော် မျှော်လင့်ပါတယ်"

စုကွမ်းက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါကွာ"

ကျင်းလုံ ပြုံးလိုက်သည်။

"ဒီအတွက် မပူပါနဲ့ကွာ၊ မင်းအဖေကသာ ဒီကိစ္စကို အောင်မြင်အောင် လုပ်ဆောင်နိုင်ယင် သူကလည်း ကောင်းကင်ဂိုဏ်းကို အပြတ်သုတ်သင် ရှင်းလင်းပေးမှာပေါ့"

ဝူးဟာန်ထိ ခေါင်းညိတ်လိုက်သည်။

"ခေါင်းဆောင်ကြီးကသာ ကောင်းကင်ဂိုဏ်းကို ဖြိုခွဲလိုက်မယ်ဆိုယင် ခေါင်းဆောင်ကြီး ဘာမဆို ကျူပ်တို့ကျေးရွာကို ခိုင်းစေနိုင်ပါတယ်"

ဖန်းယီသည် သက်ပြင်းတစ်ချက် အသာအယာ ချလိုက်သည်။

ယခု သူနားလည်သဘောပေါက်လာပြီဖြစ်လေသည်။

ဝူးစွမ်းသည် ကောင်းကင်ဂိုဏ်းအား ဖြိုခွဲသုတ်သင်စေရန် မိမိအား သစ္စာဖောက်လိုက်ခြင်းဖြစ်၏။

သူသည် ဝူးစွမ်း၏တစ်ကိုယ်ကောင်းဆန်ပုံကို ဒေါသထွက်မိလေသည်။ ထိုစဉ်...

"ချောက်"

ဟူသောအသံတစ်ခု ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုံကျောင်းပျက်၏ ဝဲဘက်နံရံတံခါးပေါက်တစ်ခု ထွက်ပေါ်လာသည်။

လူတစ်ယောက်သည် ထိုလျှို့ဝှက်တံခါးပေါက်မှ လှမ်းထွက်လာသည်။ ထိုလူကား ငူးစွမ်းပင်ဖြစ်လေသည်။

ငူးစွမ်း၏မျက်နှာတစ်ခုလုံး မသာမယာဖြစ်နေ၏။

သူသည် ဟန်ဆောင်ပြုံး၍ လက်နှစ်ဘက်ဆုပ်ကာ နှုတ်ဆက်လိုက်သည်။

"ခင်ဗျားတို့ ရောက်နေပြီကိုး၊ ကျုပ်နောက်ကျသွားတာကို ခွင့်လွှတ်ပါ"

ကျင်းလုံကလည်း လက်နှစ်ဘက်ဆုပ်၍ ပြန်လည် နှုတ်ဆက်လိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ အရေးကြီးတာက ဖန်းယီကို ဖမ်းမိခဲ့ရဲ့လား"

ငူးစွမ်း ချောင်းတစ်ချက်ဟန့်လိုက်သည်။

"ကျုပ်ကတော့ သေသေချာချာ စီစဉ်ထားတာပဲ၊ ဒါပေမယ့်"

ကျင်းလုံ မျက်မှောင်ကုပ်သွားသည်။

"ဘယ်လိုဖြစ်သွားတာလဲဗျ"

ငူးစွမ်း သက်ပြင်းချကာ...

"သူ ထွက်ပြေးသွားပြီ"

ကျင်းလုံ ဆတ်ခနဲ ဖြစ်သွားသည်။



"ဗျာ..သူထွက်ပြေးသွားပြီ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဟုတ်ပါ့မလားဗျာ၊ ခင်ဗျားကလည်း ကျုပ်တို့ကို သက်သက်ကျီစယ်တာလားဗျ"

ငူးစွမ်းက ခေါင်းကို တွင်တွင်ခါယမ်းလေသည်။

"မဟုတ်ရပါဘူးဗျာ၊ ကျုပ်က အမှန်အတိုင်း ပြောလိုက်တာပါ"

ကျင်းလုံက...

"ခင်ဗျားကိုတော့ ခေါင်းဆောင်ကြီးက အပြစ်တင်မှာပဲ"

ထိုစဉ်မှာပင် ခြေသံများ ကြားလိုက်ရလေသည်။

ကြီးမားသော ခမောက်များ ဆောင်းထားသော လူရှစ်ယောက်သည် ခါးမှချိတ်ထားသောဓားကို ဆုပ်လျက် ဘုံကျောင်းပျက်ထဲသို့ ခြေလှမ်းကျဲကျဲဖြင့် ဝင်ရောက်လာလေသည်။

ငူးစွမ်း မျက်နှာကွက်ခနဲ ပျက်သွားသည်။

"မင်းတို့က ဘယ်သူတွေလဲ"

သူ့စကားမဆုံးမီ အစိမ်းရောင် အဝတ်အစားဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်သည် လက်နှစ်ဘက်နောက်ပစ်ကာ ဖြည်းညင်းစွာ လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကား ဂိုဏ်းပေါင်းစုံ ခေါင်းဆောင်ကြီးဖန်းယုပင် ဖြစ်လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



## မဟာအကြံအစည်

ဖန်းဟု…။

မဟာမိတ်ခေါင်းဆောင်ရာထူး ရရှိထားသော ဖန်းဟု ရောက်ရှိလာပြီဖြစ်သည်။

ဝူးစွမ်း၏နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ ကျဆင်းလာသည်။

သူသည် စိုးရိမ်စိတ်ကို ထိန်းချုပ်ကာ ဦးညွှတ်အရိုအသေပြုလိုက်သေးသည်။

"ခေါင်းဆောင်ကြီးကို ဂါရဝပြုပါတယ်"

ဖန်းဟုက အေးတိအေးစက်ဖြင့် ခေါင်းညိတ်လိုက်၏။

သူက ဝူးစွမ်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ယင်း…



"သူက ခင်ဖျားသား ဟုတ်လား"

ဝူးဟန်ထိအား ညွှန်ပြကာ မေးလိုက်၏။

ဝူးစွမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ဖန်းဟု နှာခေါင်းတစ်ချက်ရှုံ့ကာ…

"ခင်ဖျားသားဟာ ဘဝင်မြင့်ပုံရတယ်၊ ဒီလိုလူစားမျိုးဟာ ဖခင်အရိုက်အရာကို ဆက်ခံနိုင်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား"

ဖန်းဟုက အသားလွှတ် စော်ကားလာသောကြောင့် ဝူးဟန်ထိ ဒေါပွသွားလေသည်။

"ကျုပ်က ဖေဖေ့ဆီက အမွေရထားပြီးပြီ၊ တစ်နေ့ လက်နက်ပုန်းကျေးရွာကို စီမံအုပ်ချုပ်မှာဗျ"

"မင်းမှာ ဘယ်လောက် အစွမ်းအစရှိလို့လဲ"

"သိချင်ယင် စမ်းကြည့်ပါလား"

"သား"

ဝူးစွမ်းက အထိတ်တလန့် အော်ဟစ်လိုက်သည်။

ဖန်းဟု၏မျက်နှာ မည်းမှောင်သွားသည်။

ဝူးဟန်ထိအား စိုက်ကြည့်ကာ…

"မင်းတော်တော် သတ္တိကောင်းနေတာပဲ၊ ဒါဟာ မင်းအမေ အဆုံးအမ မကောင်းလို့ဖြစ်ရတာ"

ပြောပြောဆိုဆို ဝူးစွမ်း၏ပါးအား ရိုက်ချလိုက်သည်။

ဝူးစွမ်း တစ်ဘက်သို့ လည်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိအား စော်ကားသည့်အပြင် ဖခင်ကိုလည်း ကိုယ်ထိလက်ရောက်စော်ကားလာသောကြောင့် ဂူးဟန်ထိ သည်းမခံနိုင်တော့ပါချေ။

"သေပေတော့"

အော်ငေါက်ယင်း ဖန်းဟုထံ တဟုန်ထိုးပြေးဝင်သွား၏။

ဂူးစွမ်း တုန်လှုပ်သွားသည်။

"မလုပ်နဲ့သား"

သူသည် ကပျာကယာ ဟန့်တားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။

ဂူးဟန်ထိက လက်တစ်ကမ်းအကွာသို့ ရောက်လာသည်နှင့် ဖန်းဟုက လက်တစ်ဘက်ဆန့်ထုတ်လိုက်၏။

"ဝုန်း"

ကျယ်လောင်သောအသံနှင့်အတူ ဂူးဟန်ထိမှာ အခန်းထောင့်သို့လွင့်စဉ်ကာ သတိလစ်မေ့မြောသွားသည်။

ဖန်းဟုက ဂူးစွမ်းအားကြည့်ကာ...

"ခင်ဗျားသားဟာ အတော်ကို အတင့်ရဲလှချည်လား"

ဂူးစွမ်း ဒူးထောက်လိုက်သည်။

"ခေါင်းဆောင်ကြီး ကျုပ်ရဲ့သားမိုက်ကို ဒီတစ်ကြိမ် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

ဖန်းဟုက....

"ခင်ဗျားသားဟာ ဘယ်လိုမှ ဆိုဆုံးမလို့ရမယ်မထင်ဘူး၊



ဒဏ်ပေးတဲ့အနေနဲ့ ရှင်းပစ်တာ အကောင်းဆုံးပဲ"

စကားဆုံးလျှင် ကျင်းလုံအား လက်ငွေ့ယမ်းပြလိုက်၏။

ကျင်းလုံသည် ဂူးဟန်ထိထံ လှမ်းသွားယင်း ဓားခွဲထုတ်ကာ ခုတ်ချလိုက်လေတော့သည်။

♣ ♣ ♣

ဂူးစွမ်းသည် ဒူးထောက်ရာမှ ထလိုက်သည်။

သူ၏ခန္ဓာကိုယ်သည် ယိမ်းယိုင်နေ၏။

သွေးအိုင်ထဲ၌ သေဆုံးနေသော ဂူးဟန်ထိထံသို့ လျှောက်သွားလေသည်။

သူ၏မျက်နှာတစ်ခုလုံးမှာ မျက်ရည်များဖြင့် စိုရွှဲနေ၏။

ဖန်းဟုက သူ့အားစိုက်ကြည့်ကာ...

"ခင်ဗျား မကျေနပ်ယင် လက်တုန့်ပြန်နိုင်တယ်"

ဂူးစွမ်း ခေါင်းငုံ့သွားသည်။

"သူ့မိုက်ပြစ်သူ ခံသွားတာပဲ အပြစ်မယူပါဘူး"

ဖန်းဟု ရယ်မောလိုက်သည်။

"ခင်ဗျား မဆိုးဘူး၊ သဘောပေါက်လွယ်သားပဲ"

ဖန်းယီသည် ဂူးစွမ်း၏အပြုအမူများကိုကြည့်ကာ ဒေါသထွက်လွန်း၍ တစ်ကိုယ်လုံးပင် ဆတ်ဆတ်ခါနေလေသည်။

အတန်ကြာမှ ဖန်းဟုက စကားစလိုက်ပြန်သည်။

www.burmeseclassic.com



"ကျွဲစိတာ ဒီလောက်ဝေးလံတဲ့ ခရီးကို အပင်ပန်းခံပြီးလာခဲ့တာဟာ ဘာကြောင့်လဲဆိုတာ ခင်ဗျားသိသလား"

ဝူးစွမ်းက...

"သိပါတယ်၊ ဖန်းယီအတွက်ပါ"

ဖန်းဟု ရယ်မောလိုက်သည်။

"ခင်ဗျား မှားနေပြီ"

ဝူးစွမ်း အံ့ဩသွားသည်။

သူသည် ဖန်းဟုအား မော့ကြည့်ကာ...

"ဒီအတွက် မဟုတ်ဘူးလား"

ဖန်းဟု ခေါင်းခါယမ်းကာ...

"ဖန်းယီကို လိုက်ရှာခိုင်းတာ ကျုပ်သား ဟုတ်မဟုတ်သိချင်လို့ပါ။ အခုတော့ သူက ကျုပ်ရဲ့သားမဟုတ်ဘူးဆိုတာ သိရတဲ့အတွက် သူ့ကို စိတ်မဝင်စားတော့ပါဘူး"

ဝူးစွမ်း အလွန်အံ့ဩသွားသည်။

"ဒါဖြင့် ခေါင်းဆောင်ကြီးလာခဲ့တာ ဘာကိစ္စလဲ"

ဖန်းဟုက...

"ခင်ဗျားကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့ပါ"

ဝူးစွမ်း ပို၍အံ့ဩသွားသည်။

"ဘယ်သူလဲဗျ"

ဖန်းဟု ရယ်မောလိုက်သည်။

"သူ့ကို ခင်ဗျားသိတယ်၊ သူ့ကိုတွေ့ယင် ဒီထက်တောင်



အံ့ဩသွားဦးမယ်"

ဝူးစွမ်းက အခန်းထဲ တစ်ချက်ဝေ့ကြည့်လိုက်သည်။

စုကွမ်းတို့မျက်နှာပေါ်ဝယ် ကောက်ကျစ်သော ဟန်မူရာများ ပေါ်လွင်နေ၍ တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။

နတ်ရုပ်ထုနောက်ကွယ်တွင် တိတ်ဆိတ်စွာ ပုန်း၍ချောင်းကြည့်နေသော ဖန်းယီကလည်း အလွန်အံ့ဩနေ၏။

ဝူးစွမ်းနှင့်တွေ့ဆုံပေးမည့်သူမှာ မည်သူနည်း။

ထိုလူအား မခေါ်ဆောင်မီ ဝူးဟန်ထိအား အဘယ်ကြောင့် အပြစ်ရှာ၍ ရှင်းပစ်လိုက်သနည်း။

ဖန်းယီသည် တွေးယင်း စိတ်ဝင်စားလာကာ မျက်တောင်မခတ်ကြည့်နေမိတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဖန်းဟုသည် လက်တစ်ချက် ဝှေ့ယမ်းပြလိုက်၏။

ဝဲယာတစ်ဘက်တစ်ချက်တွင် ရပ်တန့်နေသော ခမောက်ဆောင်းထားသူရှစ်ယောက်တို့သည် အစီအရီဖြင့် ဘုံကျောင်းပျက်ထဲမှထွက်သွားကြသည်။

တဆက်တည်းမှာပင်....

လူတစ်ယောက်က ဘုံကျောင်းပျက်ထဲသို့ လှမ်းဝင်လာလေသည်။

ထိုလူသည် ကြီးမားသော ခမောက်တစ်ခုဆောင်းထားပြီး အစိမ်းရောင်ဝတ်ဆင်ထားသည်။

ဖန်းယီက ထိုလူ့မျက်နှာကို မတွေ့ရသဖြင့် ထိုလူက မည်သူမည်ဝါဟု မသိရပါချေ။

သို့သော်...

ငူးစွမ်းက ထိုလူ၏မျက်နှာအား တွေ့မြင်လိုက်ရသည်နှင့် မကောင်းဆိုးဝါးအား တွေ့မြင်လိုက်ရသကဲ့သို့ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားလေသည်။

ဖန်းယီသည် ငူးစွမ်း၏ အပြုအမူအား တွေ့မြင်ရလျှင် မျက်မှောင်ကုပ်သွားသည်။

ထိုလူ၏မျက်နှာသည် ငူးစွမ်းအား ဤမျှ ထိတ်လန့်စေရန် မည်သို့ထူးခြားနေသနည်း။

ဖန်းဟု ပြုံးလိုက်သည်။

"ကဲ..ငူးစွမ်း ခင်ဗျား သူ့ကိုသိတယ် မဟုတ်လား"



ငူးစွမ်းက ထစ်ထစ်ငေါ့ငေါ့ဖြင့်...

"သူ....သူ"

ဖန်းဟု ပြုံးလိုက်သည်။

"သူက ခင်ဗျားကိုတွေ့ချင်တာ ကြာပြီ၊ အချိန်မတန်သေးလို့ ပေးမတွေ့တာပဲ၊ အခုမှ ဘာကြောင့်လာတွေ့ခိုင်းသလဲ သိလား"

ငူးစွမ်း ခေါင်းယမ်းလိုက်သည်။

"မသိဘူး"

ဖန်းဟု တစ်ချက်ရယ်မောယင်း..

"ခင်ဗျား စောစောစီးစီးသေတာ မကြည့်ရက်လို့"

ငူးစွမ်း၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

"ခေါင်းဆောင်ကြီး ဘာကိုဆိုလိုတာလဲ"

"ဒီလိုပါ ခင်ဗျားတို့နှစ်ယောက် တွေ့ဆုံတဲ့နေ့ဟာ ခင်ဗျား သေနေ့ဖြစ်နေလို့ပါပဲ"

ငူးစွမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ဖန်းဟုက...

"ခင်ဗျား သူ့ကို သေသေချာချာ ကြည့်ချင်လား"

သူသည် ပြောပြီး ထိုလူ၏ခမောက်အား ချွတ်ချလိုက်လေသည်။

ဖန်းယီသည် ထိုလူ၏မျက်နှာအား တွေ့မြင်လိုက်ရသောအခါ တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။

ထိုလူသည် ငူးစွမ်းနှင့် ရွေးမရလောက်အောင် ရုပ်ချင်းတူ

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ဖန်းဟု ရယ်မောလိုက်သည်။

"ခင်ဗျား သေချာတွေ့ပြီ မဟုတ်လား။ သူ့ကို ငူးစွမ်းမဟုတ်ဘူးလို့ ဘယ်သူငြင်းနိုင်မလဲ"

ငူးစွမ်း တဖြည်းဖြည်း နောက်ဆုတ်ယင်း…

"ခင်…ခင်ဗျားတို့ ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

ဖန်းဟုက…

"ခင်ဗျား သဘောပေါက်အောင် ပြောရမယ်ဆိုယင် ပထမ ငူးစွမ်းဟာ လောကပေါ်မှာ နေထိုင်ရတာ အတော်ကြာသွားပြီမို့ ကောင်းကောင်းအနားယူသင့်ပြီ၊ သူ့နေရာကို ဒုတိယငူးစွမ်းက အစားထိုး လှုပ်ရှားလာပါလိမ့်မယ်"

ငူးစွမ်းသည် ရုတ်တရက် ကောက်ကာငင်ကာ ရယ်မောလိုက်လေသည်။

"ဟား…ဟား…ဟား"

ဖန်းဟု မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။

"ကျုပ်နေရာမှာ အတုတစ်ယောက် အစားထိုးလို့ ဖြစ်မလား"

ဖန်းဟု အေးတိအေးစက်ဖြင့်…

"ကျုပ်တို့လုပ်ခဲ့တာ အကြိမ်ပေါင်း အတော်များခဲ့ပြီ၊ အောင်မြင်လည်း အောင်မြင်ခဲ့ပြီးပြီ"

ငူးစွမ်း မဲ့ပြုံးပြုံးလိုက်သည်။

"ဖန်းယီစကားကို ကျုပ် အခုကောင်းကောင်း ယုံပါပြီ၊



မင်းတို့ဟာ ဖန်းဟုတစ်ယောက် စုကွမ်းနဲ့ကျင်းလုံတို့ကို အောင်မြင်စွာ တုနိုင်ခဲ့ပေမယ့် ကျုပ်ကိုတော့ တုလို့မလွယ်ဘူးထင်တယ်"

ဖန်းဟုက သူ့အားစိုက်ကြည့်လိုက်ပြီး…

"ဘာဖြစ်လို့လဲ"

ငူးစွမ်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့က ကျုပ်နဲ့တစ်ပုံစံတည်းတူအောင် တုနိုင်ပေမယ့် ကျုပ်တို့အတွင်းရေးကို မင်းတို့သိသလား။ ဥပမာ ကျုပ်ရဲ့မွေးနေ့ဟာ ဘယ်နေ့လဲ၊ ကျုပ်ရဲ့မြေးနာမည် ဘယ်လိုခေါ်သလဲ၊ နောက်ပြီး ကျုပ်သားသမီးတွေ ဘယ်သူက ဘယ်လိုအလေ့အကျင့်ရှိတယ်ဆိုတာကော မင်းတို့သိသလား"

သူသည် ခေါင်းကို တွင်တွင်ခါယမ်းလိုက်ပြီး…

"ကျုပ်တို့လို အိမ်ထောင်စုကြီးတစ်ခုမှာ အပြင်လူမသိတဲ့ ကိစ္စတွေ အများကြီးရှိနေတယ်၊ တို့မိသားစုကိုလာပြီး လူကြီးလုပ်ဖို့ရာ မင်းတို့ထင်သလို မလွယ်ပါဘူးကွာ"

ဖန်းဟု အတန်ကြာ တိတ်ဆိတ်နေပြီးမှ…

"ခင်ဗျားပြောတာ မှန်တယ်၊ တချို့ကိစ္စတွေကို ကျုပ်တို့ မသိတာတွေရှိနေဦးမှာပဲ၊ ဒါပေမယ့် ကျုပ်တို့က အမြန်ဆုံးသိလာမှာပါ"

ငူးစွမ်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့က လွယ်မယ်ထင်နေလား"

ဖန်းဟု ရယ်မောလိုက်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတော ရှိသမျှ သို့ဖွက်ချက်များကို ကျုပ်တို့ကိုဖွင့် ပြောသိမ့်မယ်လို့ ကျုပ်ကောင်းကောင်း ယုံကြည်ပါတယ်"

"ကျုပ်က ပြောမယ် ထင်နေသလား"

သူသည် ယင်းသို့ပြောပြီး ခုန်ထကာ လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်သည်။

ဖန်းဟု မှဲလိုက်၏။

"တခြားလူသာ ခြောက်လို့ရမယ်"

ပြောယင်း လက်ထဲမှ ခမောက်ဖြင့် တစ်ချက်ဝှေ့ယမ်းလိုက်ရာ ငူးစွမ်း၏လက်နက်ပုန်းများသည် ခမောက်ထဲ စုပြုံရောက်ရှိသွားတော့သည်။

ငူးစွမ်းက မဟန်မှန်းသိလျှင် လက်နှစ်ဘက်ဖြင့် ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

ဖန်းဟုက တည်ငြိမ်စွာဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

ဖန်းယီသည် ဖန်းဟု တိုက်ခိုက်လိုက်သော သိုင်းကွက်များအား တွေ့မြင်လိုက်ရသောအခါ အံ့ဩသွားလေသည်။

အကြောင်းမှာ သူ အသုံးပြုလိုက်သော သိုင်းကွက်များသည် 'ဝူကျို' ဂိုဏ်း၏မူပိုင်သိုင်းကွက်များ ဖြစ်နေလေသည်။

သိုင်းကွက် ဆယ်ကွက်မျှ ခုတ်ပြီးနောက် ဖန်းဟုက...

"ခင်ဗျား အနားယူသင့်ပြီ"

ပြောကာ လက်ကို စက်ဝိုင်းပုံသဏ္ဌာန်ဖြင့် တွန်းထုတ်လိုက်လေသည်။



"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာပြီး ငူးစွမ်းမှာ အဝေးသို့လွင့်စဉ်သွားတော့သည်။

ဖန်းဟုက...

"သူ့ကိုခေါ်ခဲ့၊ ဒီနေရာက ဆုတ်ကြမယ်"

စကားဆုံးလျှင် လှမ်းထွက်သွား၏။

စုကွမ်းတို့လူစုက ငူးစွမ်းအား ခေါ်ဆောင်ကာ လျင်မြန်စွာ လိုက်ပါသွားကြလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

## ထကယ့်လူများ

ဘုံကျောင်းပျက်ထဲ၌ ဖယောင်းတိုင်မီးများ ငြိမ်းသတ်ပြီး ဖြစ်သည်။

ဖန်းဟုတို့လူစုသည် လျှင်မြန်စွာ ထွက်ခွာသွားပြီဖြစ်သည်။

ဖန်းယီသည် အမှောင်ထုထဲ၌ မလှုပ်မယှက် ထိုင်နေ၏။

သူ၏တစ်ကိုယ်လုံးတွင် ချွေးများ စွဲနစ်နေ၏။

သူက အတန်ကြာအောင် တိတ်ဆိတ်ပြီးမှ ငွေနှင်းဆီအား ကြည့်ကာ…

"ကျုပ်က မင်းကို ငူးစွမ်းတို့ဆီ မပို့တော့ပါဘူး၊ မကြာခင် အလိုလိုသွေးကြော ပြန်ပွင့်လာလိမ့်မယ်၊ အဲဒီအခါ မင်းဘာသာ ကြိုက်တဲ့နေရာသွားပါတော့"



သူသည် ယင်းသို့ပြောပြီးသည်နှင့် မုန်းကွယ်ရာမှ ထွက်လာမည်အပြုတွင် ခြေသံများ ရုတ်တရက် ကြားလိုက်ရလေသည်။

ဖန်းယီသည် ကပျာကယာ နောက်သို့ဆုတ်သွားရလေသည်။

ဘုံကျောင်းပျက်ထဲသို့ လူသုံးယောက်က ဝင်လာသည်ကို တွေ့ရလေသည်။

ကျင်းလုံနှင့် အနက်ရောင်ဝတ်ဆင်ထားသူနှစ်ယောက်ဖြစ်သည်။

ဖန်းယီ မျက်မှောင်ကုပ်သွားသည်။

ကျင်းလုံ အဘယ်ကြောင့် ပြန်လည်ရောက်ရှိလာပါသနည်း။

သူစဉ်းစားနေစဉ်မှာပင် ကျင်းလုံ၏အသံကို ကြားလိုက်ရလေသည်။

"ဒီနေရာကို ခြေရာလက်ရာ မကျန်အောင် သန့်ရှင်းကြဖို့နောက်ပြီး အဲဒီနေရာမှာလည်း လျှို့ဝှက်တံခါးမပေါ်လာအောင် သတိထားပြီး စစ်ဆေးပါ"

ထိုအနက်ရောင် ဝတ်ဆင်ထားသူနှစ်ယောက်သည် ခြေရာလက်ရာများကို ဖျက်ဆီးနေစဉ်မှာပင် ရုတ်တရက် အလင်းတန်းနှစ်ခုသည် အပြင်ဘက်မှ ပျံ့လွင့်လာသည်။

"အား"

"အွန့်"

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ဆင်ထားသူနှစ်ယောက် စူးရှစွာအော်ဟစ်ကာ လဲကျသွား၏။

ကျင်းလုံ ထိတ်လန့်သွားသည်။

"ဘယ်သူလဲ"

မေးယင်း တံခါးဝသို့ ပြေးသွားလေသည်။

"အွန့်"

သူသည် တံခါးဝသို့ရောက်သွားသည်နှင့် ခန္ဓာကိုယ် တစ်ချက်တွန့်သွားပြီး ပုံလျက်သားလဲကျသွားလေသည်။

ဖန်းယီသည် ကျင်းလုံသေဆုံးသွားသည်ကို တွေ့မြင်လိုက်ရသဖြင့် ထိတ်လန့်သွားသည်။

♣ ♣ ♣



ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။

ဖန်းယီသည် အသက်ပင် ပြင်းပြင်းမရှူဝံ့ဘဲ စောင့်ကြည့်နေ၏။

မကြာပါချေ။

လူတစ်ယောက်က တဆိတ်ဆိတ်စွာဖြင့် ဝင်ရောက်လာသည်။

သူ၏အဝတ်အစားများ ဟောင်းနွမ်းစုတ်ပြတ်သော်လည်း တည်ကြည်ကာ လေးနက်သော ရုပ်သွင်က ပျောက်မသွားပါချေ။

ထိုလူ၏နောက်တွင် မိန်းကလေးတစ်ယောက် လိုက်ပါလာသည်။

မိန်းကလေးသည် သေဆုံးနေသော ကျင်းလုံတို့အား ကြည့်ကာ...

"ရှင်က ဘာဖြစ်လို့ သူတို့ကိုသတ်လိုက်တာလဲ"

ထိုလူက ဘာမျှမပြောချေ။

မိန်းကလေး၏အသံ ကြားရတော့မှ ချင်းချင်းဖြစ်မှန်း မှတ်မိလာသည်။

ထိုလူက လျှို့ဝှက်တံခါးအားဖွင့်ကာ ဝင်သွား၏။

ချင်းချင်းက ရပ်စောင့်နေ၏။

ဖန်းယီ ပုန်းကွယ်ရာမှထွက်ကာ...

"ခင်ဗျား ဒီကို ဘာလာလုပ်တာလဲ"

ချင်းချင်း ဆတ်ခနဲ လှည့်ကြည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်သူလဲ"

"ကျုပ် ဖန်းယီပါ"

"မဟုတ်ဘူး"

"ကျုပ်က ခင်ဗျားကိုသိတယ်၊ ခင်ဗျားက ချင်းချင်းမဟုတ်လား"

ချင်းချင်း မျက်နှာပျက်သွားသည်။

"ရှင်က ကျွန်မကိုဖမ်းဖို့ ရောက်လာတာလား"

"မဟုတ်ပါဘူး"

ချင်းချင်း စိတ်သက်သာရာရသွား၏။

ဖန်းယီက...

"ကျုပ် စကားတစ်ခွန်းပြောချင်တယ်"

"ဘာများလဲရှင့်"

"ခင်ဗျား ပြန်သွားယင် အခုလို အလိမ်မခံရဘူးပေါ့"

ချင်းချင်း မျက်မှောင်ကုပ်သွားသည်။

"နေပါဦး၊ ကျွန်မ ကိုယ်ရေးကိုယ်တာကိစ္စ ရှင်က ဘာကြောင့် ဝင်စွက်ရတာလဲ"

ဖန်းယီ သက်ပြင်းချလိုက်သည်။

"ကျုပ်က စေတနာနဲ့ပြောတာပါ"

သူသည်ပြောယင်း အပြင်သို့ လှမ်းထွက်လိုက်လေသည်။

သို့သော်...

သူက အပြင်မရောက်သေးပါ။



လှို့ဝှက်တံခါးပေါက်မှ လူတစ်ယောက်သည် လေအဟုန်ဖြင့် ပြေးထွက်လာပြီး သူ့အားဟန့်တားလိုက်သည်။

ဖန်းယီ မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘယ်သူလဲ"

ထိုလူ ပြုံးလိုက်သည်။

"ကျုပ် ဘယ်သူလဲဆိုတာက အရေးမကြီးဘူး၊ ခုနတုန်းက ဖန်းဟုနဲ့ပူးစွမ်းတို့ ဒီကိုရောက်လာတယ်လို့ သိရတယ်၊ သူတို့ ဘာတွေ တိုင်ပင်နေကြတာလဲ"

ဖန်းယီ ပြုံးလိုက်သည်။

"ကျုပ်က ဘာဖြစ်လို့ ပြောရမှာလဲ"

ထိုလူ မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က ပြောနိုင်းယင် မင်းက ပြောပြရလိမ့်မယ်"

သူသည် ယင်းသို့ပြောပြီး ဖန်းယီ၏မျက်လုံးအား အာရုံစိုက်စွာဖြင့် လှည့်ကြည့်လိုက်လေသည်။

ထို့နောက်...

လည်ဆွဲတစ်ခုအား ထုတ်လိုက်ပြီး ဖန်းယီမျက်နှာရှေ့တွင် လှုပ်ခါပြနေ၏။

"ငါမေးတာကို မှန်မှန်ပြောရမယ်"

ဖန်းယီ တစ်ချက်ပြုံးယင်း...

"ခင်ဗျားမေးတာကို ကျုပ်က ဘာလို့ဖြေရမှာလဲ"

ထိုလူ မျက်နှာကွက်ခနဲ ပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ စိတ်ညို့ပညာဟူသည် မိမိထက် စိတ်ဓာတ် ခိုင်မာသောသူနှင့် တွေ့ဆုံရင်ဆိုင်ရသောအခါ မိမိညို့လိုက်သော စိတ်ညို့ပညာသည် တန်ပြန်ခံစားတတ်ရသောကြောင့်ဖြစ်သည်။

ယခု သူသည် စိတ်ဓာတ်ခိုင်မာသော ဖန်းယီနှင့်တွေ့သော အခါ တန်ပြန်ခံစားရတော့သည်။

ဖန်းယီက စိုက်ကြည့်ယင်း...

"ခင်ဗျားနာမည် ဘယ်သူလဲ"

ထိုလူက...

"ကောင်းယုပါ"

"ခင်ဗျားနဲ့ ဟောဒီမိန်းကလေး အတူထွက်ပြေးလာတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာကြောင့် ထွက်ပြေးလာရတာလဲ"

"ဝါဆန်းဂိုဏ်းချုပ်ဖမ်းထားလို့ ဟောဒီမိန်းကလေးက နိုးပြီးကယ်တင်ခဲ့တာပါ"

ဖန်းယီ သက်ပြင်းချကာ ချင်းချင်းဘက်လှည့်လိုက်၏။

"ခင်ဗျားက ကိုယ့်ဆရာကိုတောင် သစ္စာဖောက်ပြီး လိုက် လာတယ်ဆိုတော့ သူ့ကိုမေတ္တာရှိလို့ ဟုတ်လား"

ထိုစဉ် ကောင်းယုက လျှပ်တပြက် တိုက်ခိုက်လာသည်။

ဖန်းယီက အသာအယာ ရှောင်တိမ်းလိုက်သည်။

"ဘာကြောင့် ကျုပ်ကို တိုက်ခိုက်ရတာလဲ"



"မင်းက ငါ့အကြောင်းသိသွားမှာပေါ့"

"ခင်ဗျား ဘာတတ်နိုင်မှာလဲ"

စကားဆုံးလျှင် ပြန်လည်တိုက်ခိုက်လိုက်သည်။

ကောင်းယုမှာ အခြေအနေ မဟန်မှန်းသိလျှင် သိုင်းကွက် ပြောင်းလဲလိုက်၏။

သူ၏ခန္ဓာကိုယ် နွဲ့နှောင်းပျော့ပြောင်းလာပြီး တိုက်ခိုက် မှုမှာလည်း သိမ်မွေ့လာသည်။

"ဟင်"

ထိုသိုင်းကွက်အား တွေ့မြင်လိုက်ရသောအခါ ဖန်းယီ အံ့ သြသွားလေသည်။

တိုက်ခိုက်ရာမှ ရပ်တန့်လိုက်ပြီး နောက်သို့ခြေတစ်လှမ်း ဆုတ်သွားလေသည်။

ကောင်းယုအား စေ့စေ့ကြည့်ကာ...

"ခင်ဗျားနဲ့ ပန်းပေါင်းစုံဂိုဏ်း ဘယ်လိုပတ်သက်နေသလဲ"

ကောင်းယု မဲ့ပြုံးပြုံးလိုက်သည်။

"မင်းနဲ့ ဘာဆိုင်လဲ"

ဖန်းယီက မျက်နှာထားတည်စွာဖြင့်...

"ဆိုင်လို့ ပြောနေတာပေါ့"

ကောင်းယု၏မျက်နှာတစ်ခုလုံး ဒေါသရောင်သမ်းလာ၏။

ဖန်းယီ ပြုံးလိုက်သည်။

"ကျုပ်က ပန်းပေါင်းစုံဂိုဏ်းကလူတွေနဲ့ ရန်မဖြစ်ချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းယုမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ဘာလဲ မင်းနဲ့မာနမင်းသမီးနဲ့ ပတ်သက်မှုများ ရှိနေလို့လား"

ဟု မေးလိုက်သည်။

ထိုစဉ်...

ချင်းချင်း ပြေးဝင်ကာ ဆောင့်တွန်းယင်း...

"ရှင်က သူ့နာမည် ဘယ်တော့မှမပြောဘူးလို့ ကတိပေးထားတာ မေ့နေပြီလား၊ ရှင်က အခုထိ သူ့ကိုမမေ့နိုင်သေးဘူးလား"

ကောင်းယုသည် ချင်းချင်းအား ဒေါသကြီးစွာဖြင့် စိုက်ကြည့်လိုက်လေသည်။

ချင်းချင်း တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။

"ဘာလဲ ရှင်က သူ့အတွက် သဝန်ကြောင်ပြီလား"

ကောင်းယု၏မျက်နှာပေါ်မှ ဒေါသရောင်များသည် တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

အတန်ကြာမှ...

သူသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

"သဝန်ကြောင်တာက ငါမဟုတ်ဘူး၊ မင်းကွ သိရဲ့လား"

ချင်းချင်းက အသံကျယ်လောင်စွာဖြင့်...

"ဟုတ်တယ်၊ ကျွန်မ သူ့ကိုမုန်းတယ်၊ သူ့နာမည်တောင် လုံးဝမကြားချင်ဘူး"

ဖန်းယီသည် ကြောင်အမ်းအမ်းဖြင့် ရပ်နေလေသည်။



ကောင်းယု သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကဲ..ကျူပ်နဲ့ပန်းပေါင်းစုံဂိုဏ်း ဘယ်လိုပတ်သက်တယ်ဆိုတာ မင်းသိလောက်ပြီထင်ပါတယ်"

ဖန်းယီ ခေါင်းညိတ်လိုက်သည်။

"ကျူပ် သဘောပေါက်ပါပြီဗျာ"

ကောင်းယုသည် ချင်းချင်းအား စိုက်ကြည့်လိုက်လေသည်။

သူ့ခြေလှမ်းများသည် ချင်းချင်းထံ လှမ်းသွားနေ၏။

ဖန်းယီ ရင်ထိတ်သွားသည်။

"ခင်ဗျား ဘာလုပ်မလို့လဲ"

ကောင်းယု ပခုံးတွန့်လိုက်သည်။

"ကျူပ်အတွက် သဝန်ကြောင်တဲ့လူကို ဒဏ်ပေးရက်ပါ့မလား"

ဖန်းယီ သက်ပြင်းချလိုက်သည်။

"ကဲ...ကျူပ်ကို သွားခွင့်ပြုပါဦး"

သူသည် ချာခနဲ လှည့်လိုက်ရာ...

"ရပ်လိုက်"

ကောင်းယုက ဟန့်တားလိုက်သည်။

ဖန်းယု ခြေလှမ်းရပ်ကာ...

"ခင်ဗျား ဘာပြောချင်သေးလဲ"

ကောင်းယုက တည်ကြည်စွာဖြင့်...

"ကျူပ်က မင်းကို အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်လို့

www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ်ပြုပါတယ်"

ဖန်းယီ ခေါင်းခါယမ်းလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်က ခင်ဗျားလို မိတ်ဆွေမျိုး မလိုချင်ပါဘူးဗျာ"

ကောင်းယုက ပြုံးလိုက်သည်။

"ခင်ဗျားစိတ်ထဲမှာ ကျုပ်ဟာ ရက်စက်သူတစ်ယောက်လို့ ထင်နေတယ် မဟုတ်လား"

"မဟုတ်ဘူးလား"

"စိတ်ဓာတ်ဆိုတာ လိုအပ်ယင် လိုအပ်သလို ပြောင်းလဲပစ်နိုင်စွမ်းရှိရမယ်"

ဖန်းယီ နားစွင့်နေ၏။

ကောင်းယု စကားဆက်လိုက်သည်။

"မင်းသာ ကျုပ်နဲ့ သုံးနှစ်ပေါင်းလိုက်မိယင် သိုင်းလောကမှာ လက်မထောင်နိုင်မယ်လို့ ကျုပ်ပြောရဲတယ်"

"ကျုပ် ဝါသနာမပါဘူး"

ကောင်းယုက အသံကျယ်လောင်စွာဖြင့်...

"လောကပေါ်မှာ မဖြစ်သေးတာပဲရှိသင့်တယ်၊ ဖန်းယုလို ကြောင်သူတော်ကတောင် မဟာမိတ်ဂိုဏ်းချုပ်နေရာကို ယူထားနိုင်သေးတာပဲ၊ ကျုပ်တို့က ဘာဖြစ်လို့ လက်ပိုက်ကြည့်နေရမှာလဲ"

ဖန်းယီ၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

သူက ချာခနဲလှည့်ကာ...



"ကောင်းပြီ၊ အခုအချိန်ကစပြီး ကျုပ်က ခင်ဗျားနဲ့ပူးပေါင်းပြီး သူတော်ကောင်းဟန်ဆောင်တဲ့ လူယုတ်မာအားလုံးကို သုတ်သင်ရှင်းလင်းသွားမယ်"

ကောင်းယု ဝမ်းသာသွားလေသည်။

"ကောင်းပြီ မင်းကတိမပျက်ရဘူးနော်"

ဖန်းယီ ရယ်မောလိုက်သည်။

"ကျုပ်က ကတိမတည်တဲ့လူနဲ့ တူလို့လား"

ထိုစဉ်မှာပင်...

ခေါင်မိုးပေါ်မှ လူတစ်ယောက်၏ရယ်မောသံကို ကြားလိုက်ရသည်။

"ရှင်တို့နှစ်ယောက်ထဲနဲ့ ဖြစ်ပါ့မလား"

ဖန်းယီက ခေါင်းမော့ကြည့်လိုက်သည်။

ငွေနှင်းဆီသည် လျှာထုတ်ပြယင်း ထုတ်တန်းပေါ်မှ ခုန်ဆင်းလာသည်။

"ကျွန်မပါလာယင်တော့ အစစအရာရာ ချောမောအောင်မြင်လိမ့်မယ်လို့ထင်တယ်"

ကောင်းယုသည် ငွေနှင်းဆီအား တွေ့မြင်ရလျှင် မျက်မှောင်ကုပ်သွားသည်။

ငွေနှင်းဆီက...

"ဘယ်လိုလဲ ကျွန်မ လုပ်ရဲ့လား"

ကောင်းဟု ရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"လှပါတယ်ဗျာ၊ လှပါတယ်"

ထိုစဉ်…

ချင်းချင်းက မျက်လုံးပြူးကာ ကြည့်လိုက်ပြီး…

"ရှင်က ဘယ်သူလဲ"

ငွေနှင်းဆီက…

"ကျွန်မက သူတို့နဲ့ပေါင်းပြီး သိုင်းလောကကို ဗိုလ်ကျချင်လို့ ပေါ့"

ကောင်းယုက သူမအား ခြေဆုံးခေါင်းဆုံး အကဲခတ်ယင်း

"မင်းလို မိန်းကလေးမျိုး စားဘုရင်မဖြစ်ဖို့ လွယ်ချင်လွယ်လိမ့်မယ်၊ ကျုပ်မိတ်ဆွေဖြစ်ဖို့တော့ အရည်အချင်း လိုအပ်သေးတယ်ဗျ"

ငွေနှင်းဆီ တစ်ချက်ဓွဲကာ…

"ဒါဖြင့် ရှင်နဲ့မိတ်ဆွေဖြစ်အောင် ဘာအရည်အချင်း လိုအပ်သေးလဲ"

ကောင်းယု ပြုံးကာ…

"မင်း အရင်ပြောပါဦး"

ငွေနှင်းဆီက ရင်ကော့ကာ…

"ကျွန်မဟာ သိုင်းလောက သမီးမျိုးတွေထဲမှာ ထိပ်တန်းအလှမယ်တစ်ယောက်ဖြစ်တယ်"

ကောင်းယု ခေါင်းညိတ်လိုက်သည်။

"ဒါ ကျုပ်ယုံတယ်၊ ဒါပေမယ့် အရည်အချင်း မလုံလောက်



သေးဘူး"

ငွေနှင်းဆီ တစ်ချက်နှုတ်ခမ်းစူယင်း…

"နောက် အရည်အချင်းတစ်ခု ပြောရမယ်ဆိုယင် ကျွန်မဟာ ဩဇာရှိတဲ့ မိန်းကလေးပါပဲ၊ ကျွန်မ စကားတစ်ခွန်းပြောလိုက်ရုံနဲ့ အနည်းဆုံး လူသုံးထောင်လောက်ဟာ ကျွန်မအတွက် အသက်စွန့်ပံ့ကြမယ်"

ကောင်းယု ပြုံးလိုက်သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီ၊ ကောင်းယု၊ ချင်းချင်းနှင့်ငွေနှင်းဆီတို့သည် 'လီတူ' မြို့သို့ ပြန်လည်ရောက်ရှိလာကြလေသည်။

လီတူမြို့သို့ပြန်လည်ရောက်ရှိလာရခြင်းမှာ ငွေနှင်းဆီဝှက်ထားခဲ့သော ကျောက်သံပတ္တမြားများကို ပြန်လည်ရယူခြင်းဖြစ်သည်။

ငွေနှင်းဆီသည် သူမ ရရှိထားသော ကျောက်သံပတ္တမြားများအား 'ဆွေချစ်လို' တည်းခိုခန်း၏အိမ်ခေါင်မိုးတွင် ဝှက်ထားခဲ့ခြင်းပင်ဖြစ်သည်။

ထို့ကြောင့်...

သူတို့သည် 'ဆွေချစ်လို' တည်းခိုခန်း၏မျက်နှာချင်းဆိုင် အပေါ်ထပ်တစ်ထပ်သို့ ရောက်နေကြခြင်းဖြစ်သည်။

သူတို့ရောက်ရှိနေသော နေရာသည် ဆွေချစ်လိုတည်းခိုခန်းအား အပေါ်မှနေ၍ ငုံ့ကြည့်လျှင် အားလုံးကို မြင်တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ယခု သူတို့သည် ယင်းထပ်ခိုးမှနေပြီး ဆွေချစ်လိုတည်းခိုခန်းသို့ ငုံ့၍ကြည့်ကြလေသည်။

သူတို့သည် ယင်းသို့ ငုံ့ကြည့်လိုက်သောအခါ အံ့သြသွားကြလေသည်။

ငွေနှင်းဆီသည် ရင်ထိတ်သွား၏။

သူမဝှက်ထားသော ကျောက်သံပတ္တမြားအခန်းတွင် လူလေးယောက် ထိုင်နေသည်ကို တွေ့ရသဖြင့် ရင်ထိတ်သွားသည်။



သူမက မျက်မှောင်ကုပ်သွားသည်။

"ဒုက္ခပါပဲ၊ တခြားနေရာရှားလို့ သည်နေရာမှာလာပြီး စစ်တုရင်ထိုးနေရသလား"

ဖန်းယီကလည်း အံ့အားသင့်နေ၏။

စစ်တုရင်ထိုးနေသော လူနှစ်ယောက်မှာ ဝူးစွမ်းနှင့်ဖန်းဟုတို့ပင်ဖြစ်သည်။

အနီး၌ ရပ်၍ကြည့်နေသူမှာ စုကွမ်းပင်ဖြစ်သည်။

ဖန်းယီသည် သေသေချာချာ ကြည့်လိုက်သောအခါ ဝူးစွမ်းသည် အတုဖြစ်နေသလော၊ အစစ်ဖြစ်နေသလော မသိနိုင်ပေ။

ကောင်းယုက အသံတိုးတိုးဖြင့်...

"ကဲ...သွားကြမယ်"

ငွေနှင်းဆီက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မတို့ ပစ္စည်းမရသေးဘဲ ဘာဖြစ်လို့သွားရမှာလဲ"

ကောင်းယုက...

"သူတို့ စစ်တုရင်ထိုးနေတာ ဘယ်တော့ပြီးမှန်းမသိဘဲ"

ဖန်းယီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့ သွားလို့မဖြစ်ဘူး"

ငွေနှင်းဆီက ချက်ချင်းပင် ထောက်ခံလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ သည်မှာစောင့်နေရမှာပဲ"

ကောင်းယုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မိုးလင်းတော့မယ်ဗျ၊ သည်မှာ ကြာကြာနေလို့ ဘယ်ဖြစ်

www.burmeseclassic.com



ဖို့မလဲ"

ငွေနှင်းဆီက ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး၊ အနီးအနားမှာရှိတဲ့ အိမ်တစ်အိမ်ကို ဝင်နားတာပေါ့"

သူမသည် ထပ်မိုးပေါ်မှနေပြီး ခေါင်မိုးပေါ်သို့ တက်သွားသည်။

ထို့နောက်…

အနီးရှိ အိမ်တစ်အိမ်၏ပြတင်းပေါက်အား တွန်းဖွင့်လိုက်သည်။

ပြတင်းပေါက်တံခါး မင်းတုန်းထိုးမထားသဖြင့် ပြတင်းပေါက်ပွင့်သွားလေသည်။

သူမသည် ထိုပြတင်းပေါက်ထဲသို့ ပေါ့ပါးစွာ ခုန်ဝင်သွားလေသည်။

ဖန်းယီသည် အခြားလူ၏အိမ်ထဲသို့ ယင်းသို့ ခွင့်မတောင်းဘဲဝင်ရောက်သည်ကို မနှစ်သက်ပေ။

သို့သော် အခြေအနေအရ သူက လိုက်၍ဝင်သွားရလေသည်။

♣ ♣ ♣



အခန်းထဲ၌ အလွန်မှောင်မည်းနေ၏။

ငွေနှင်းဆီသည် မီးခြစ်ယူ၍ခြစ်လိုက်သည်။

သူမ၏စိတ်ထဲတွင် ဤအခန်း၌ လူသူတစ်စုံတစ်ယောက်မျှ မရှိဟု ယူဆထား၏။

သို့သော် သူက မီးခြစ်ခြစ်လိုက်သောအခါ မျက်လုံးနှစ်စုံသည် သူမအား စိုက်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

ငွေနှင်းဆီ ထိတ်လန့်တုန်လှုပ်သွားသည်။

အခန်းတစ်ခုလုံးအား တစ်ချက်ဝေ့ကြည့်လိုက်သည်။

ယင်းအိမ်ခန်းသည် အလွန်သပ်သပ်ရပ်ရပ် ပြုပြင်မွမ်းမံထား၏။

အခန်း၏အလယ်တွင် အလွန်ကြီးမားသော ခုတင်တစ်လုံးရှိနေ၏။

ခုတင်ပေါ်၌ လူတစ်ယောက် လဲလျောင်းနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် ပြင်းထန်သော ဝေဒနာခံစားနေရသည့်အလား အရိုးပေါ်အရေတင်ပြီး လူရုပ်ပင်မပေါ်သည်ကို တွေ့ရလေသည်။

ဆောင်းရာသီ မရောက်သေးသည့်တိုင် ထိုလူနာ၏ကိုယ်ပေါ်တွင် ဂွမ်းကပ်စောင် လေးငါးထပ်ခြုံထားသည်ကို တွေ့လိုက်ရလေသည်။

ထိုလူ၏အနီး၌ အသက် ဆယ့်နှစ်နှစ်ခန့်ရှိသောမိန်းကလေး တစ်ယောက် ထိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် အခန်းထဲသို့ ဝင်ရောက်လာကြသော ငွေနှင်းဆီတို့အား စိုက်ကြည့်နေလေသည်။

ငွေနှင်းဆီက အနီးသို့လျှောက်သွားသည်။

သူမက ပြုံးပြလိုက်ပြီး…

"ညဉ့်နက်လှပြီ၊ ရှင်တို့က မအိပ်ကြသေးဘူးလား"

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်…ဟုတ်ကဲ့"

ငွေနှင်းဆီက ပြုံးလိုက်ပြန်သည်။

"မအိပ်သေးယင် မီးထွန်းထားမှပေါ့။ ဘာဖြစ်လို့အမှောင်ထဲမှာ နေ့နေရတာလဲ"

မိန်းကလေးက စကားမပြောဘဲ ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

လူနာက ပြုံးပြလိုက်သည်။

"ကျုပ်တို့မှာ မီးအိမ်မရှိဘူး"

ငွေနှင်းဆီက မျက်မှောင်ကုပ်သွားသည်။

"မီးအိမ်မရှိဘူး ဟုတ်လား"

လူနာက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်က သေခါနီးပြီပဲ၊ မီးမလိုပါဘူး"

ငွေနှင်းဆီက သူ့အား စိုက်ကြည့်လိုက်သည်။

"ဒါလောက် လူများများ ရှင့်အခန်းထဲဝင်လာတာ ရှင်မကြောက်ဘူးလား"



လူနာက ပြုံးလိုက်သည်။

"လူနာက သေတော့မှာပဲ၊ လောကပေါ်မှာ ကြောက်စရာဘာရှိတော့မှာလဲဗျာ"

ငွေနှင်းဆီက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ လူတစ်ယောက်ဟာ သေခါနီးပြီဆိုယင် အကျိုးကျေးဇူး အများကြီးရှိပါတယ်၊ ဥပမာ ရှင်တို့ကို ကျွန်မတာ သတ်ပစ်မလို့ပဲ၊ အခုတော့ သတ်ရမှာ ပျင်းသွားပြီရှင့်"

သူမသည် မိန်းကလေး၏ဦးခေါင်းကို ပုတ်လိုက်ပြီး…

"မင်းကော မကြောက်ဘူးလား"

မိန်းကလေးက အနည်းငယ် စဉ်းစားလိုက်သည်။

"ကျွန်မ ဦးကြီးသေသွားမှတော့ ကျွန်မလည်း အသက်ဘယ်ရှင်နိုင်တော့မှာလဲ"

ငွေနှင်းဆီက ပြုံးလိုက်သည်။

"ဒါကြောင့် မင်းက မကြောက်ဘူးပေါ့ ဟုတ်လား"

မိန်းကလေးက မျက်လုံးပြူးကျယ်စွာဖြင့်….

"မကြောက်ဘူး"

ငွေနှင်းဆီက…

"မင်းက မကြောက်ဘူးဆိုယင် အော်ကြီးဟစ်ကျယ်လုပ်မှာ မဟုတ်ဘူးနော်"

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

"ဦးကြီးက အသံကျယ်ကျယ်ပြောတာ မကြိုက်ဘူးရှင့်"

www.burmeseclassic.com

www.burmeseclassic.com



ငွေနှင်းဆီ ကျေနပ်သွားလေသည်။

"ကောင်းတယ်၊ ဒါမှ မင်းတို့နှစ်ယောက် အသက်ရှည်နိုင်မယ်"

သူမသည် ယင်းသို့ပြောပြီး အခန်း၏ပြတင်းပေါက်အား အနည်းငယ် ဟလိုက်သည်။

သူမသည် ထိုနေရာမှ မျက်နှာချင်းဆိုင် ကြည့်လိုက်သောအခါ ဖန်းယုတို့ စစ်တုရင်ထိုးနေသည့် အခန်းကို ပီပီပြင်ပြင် တွေ့မြင်လိုက်ရလေသည်။

လူနာသည် မျက်လွှာချထားလိုက်သည်။

မိန်းကလေး၏ ဝိုင်းစက်သော မျက်လုံးအစုံသည် အမှောင်ထုထဲ၌ ရွှန်းလဲ့တောက်ပနေ၏။

ဖန်းယီက ခြေသံမကြားအောင် လျှောက်သွားသည်။

"ညီမလေး...နာမည် ဘယ်လိုခေါ်သလဲ"

မိန်းကလေးက အေးတိအေးစက်ဖြင့်...

"အခုမှ တွေ့တဲ့လူတွေပဲ၊ ကျွန်မနာမည် သိစရာမလိုဘူးထင်တယ်"

မိန်းကလေးသည် အသက်ငယ်သော်လည်း သူမ၏ စကားလုံးမှာ အလွန်ရင့်ကျက်နေ၏။

ဖန်းယီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မိန်းကလေးသည် ဖန်းယီအား စိုက်ကြည့်လိုက်ပြီးမှ စကားဆက်လိုက်သည်။



"ရှင်က သိချင်မှတော့ ကျွန်မပြောပြပါ့မယ်၊ ကျွန်မ ငယ်ငယ်ကတည်းက မကြာခဏဖျားနာနေရလို့ ကျွန်မကို လွယ်လွယ်လို့ခေါ်ပါတယ်"

ဖန်းယီက ပြုံးလိုက်သည်။

"အခုကော ဖျားသေးသလား"

လွယ်လွယ်က အေးတိအေးစက်ဖြင့်...

"မျက်ရည်များ ကုန်ခမ်းသွားသလားမသိဘဲ အခုတော့ မဖျားတော့ပါဘူး"

ဖန်းယီက လူနာအား တစ်ချက်ကြည့်လိုက်ပြီး...

"ဦးကြီး နေမကောင်းတာ တော်တော်ကြာပြီလား"

"လေးငါးနှစ်လောက် ရှိပါပြီရှင်"

"မင်းက တစ်ချိန်လုံး သူ့ကိုပြုစုနေရတယ် ဟုတ်လား"

"ဟုတ်ကဲ့"

"မင်းတို့ တခြားဆွေမျိုးများ မရှိတော့ဘူးလား"

"မရှိဘူး"

ဖန်းယီသည် စိတ်မကောင်းစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

ဤမိန်းကလေးအရွယ်သည် ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံး အချိန်မဟုတ်ပါလား။

ယခု ဤမိန်းကလေးမှာမူ သေလုမျောပါးဖြစ်နေသော လူနာတစ်ယောက်အား ပြုစုနေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ကြမ်းပြင်ပေါ်သို့ ထိုင်ချကာ မျက်လွှာချ၍ အနားယူလိုက်လေသည်။

♣ ♣ ♣

ဖန်းယီက ပြုံးလိုက်သည်။

အခန်းတစ်ခုလုံးမှာ တိတ်ဆိတ်၍နေသည်။

ချင်းချင်းသည် ကောင်းယု၏ရင်ခွင်၌ အိပ်ပျော်နေ၏။

ကောင်းယု၏မျက်လုံးအစုံသည် ခုတင်ပေါ်မှ လူနာထံသို့ တစ်ချိန်လုံးရောက်နေ၏။

ကြက်တွန်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မကြာပါချေ။

အလင်းရောင် စတင်ထွက်ပေါ်လာလေတော့သည်။

♣ ♣ ♣



ငွေနှင်းဆီသည် အပျင်းတစ်ချက်ဆန့်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

"အင်း...သူတို့ စစ်တုရင်ထိုးနေတာ တစ်ညလုံးမှ တစ်ကြိမ်ပဲရှုံးတယ်ဆိုတော့ ဘယ်တော့မှပြီးမှာလဲရှင်"

သူမသည် မိန်းကလေးထံသို့ လျှောက်လာသည်။

"လိမ္မာပါတယ်ကွယ်၊ ညီမလေး မမတို့စားဖို့ အောက်ထပ်ဆင်းပြီး ဆန်ပြုတ်နဲ့ဟင်းချက်ပေးပါလားကွယ်"

လွယ်လွယ်က မလှုပ်မယှက် ထိုင်နေ၏။

"ကျွန်မ မသွားဘူး"

ငွေနှင်းဆီက ပြုံးလိုက်သည်။

"လိမ္မာပါတယ်၊ ကလေးဆိုတာ လူကြီးစကား နားထောင်ရတယ်"

လွယ်လွယ် လှည့်ပင်မကြည့်ပါ။

"ကျွန်မ မသွားဘူး"

ငွေနှင်းဆီ ရယ်မောလိုက်သည်။

"မင်းက ငါ့ကိုမကြောက်လို့ ဒါကြောင့် ငါ့စကားကိုနားမထောင်တာ ဟုတ်လား"

သူမသည် ယင်းသို့ပြောပြီး လွယ်လွယ်၏ပါးပြင်ပေါ်သို့ ရိုက်ချလိုက်လေသည်။

လွယ်လွယ်၏ဖြူဖွေးသော ပါးပြင်တစ်ဖက်လုံးမှာ နီရဲ၍ ယောင်ကိုင်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

သူမက လှုပ်ပင်မလှုပ်ပါ။

မျက်တောင်ပင် မခတ်ပါ။

မညီသို့မျှ မခံစားရသည့်အလား ငွေနှင်းဆီအား မော့ကြည့်နေလေသည်။

ငွေနှင်းဆီ မျက်မှောင်ကုပ်သွားသည်။

"ဘာလဲ ငါရိုက်တာ မနာလို့လား"

သူမသည် ထပ်မံရိုက်ရန် လက်မြှောက်လိုက်သည်။

ဖန်းယီသည် သူမ၏လက်ကို ဆွဲထားလိုက်လေသည်။

ငွေနှင်းဆီက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း...ရှင်က ဝင်ရှုပ်ဦးလို့လား"

ဖန်းယီက အေးတိအေးစက်ဖြင့်...

"မင်းက ငါနဲ့အတူ သွားလာချင်တယ်ဆိုယင် သည်လိုမလုပ်ရဘူး"

သူ၏စကားမဆုံးမီမှာပင် လွယ်လွယ်က ရုတ်တရက် သူမ၏ပါးကို လက်ဖြင့်ပွတ်လိုက်၏။

"အမယ်လေး နာလိုက်တာရှင်"

ငွေနှင်းဆီ အံ့အားသင့်သွားသည်။

"ငါ မင်းကိုရိုက်တာ ကြာလှပြီ၊ အခုမှနာတယ် ဟုတ်လား"

လွယ်လွယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မ အခုမှ သိပ်နာမှန်းသိတယ်"



ငွေနှင်းဆီသည် ထိုမိန်းကလေးအား ထိတ်လန့်အံ့ဩစွာ ကြည့်ပြီး စကားပင်မပြောနိုင်တော့ပါ။

ထိုစဉ်မှာပင် အိပ်နေသောလူနာက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"မင်း နာမှန်းသိယင် သူများစကား နားထောင်ရမှာပေါ့၊ ကဲ ဆန်ပြုတ်သွားပြုတ်လိုက်အုံး"

လွယ်လွယ်က ငွေနှင်းဆီအား မျက်လုံးပြူး၍ကြည့်လိုက်လေသည်။

"ဦးကြီးကခိုင်းလို့ ကျွန်မသွားတာ၊ တခြားလူဆိုယင် ကျွန်မကို သေအောင်ရိုက်တာတောင် ကျွန်မ မသွားဘူး"

သူမသည် ဖြည်းညင်းစွာထလိုက်ပြီး အောက်ထပ်သို့ ဆင်းသွားလေသည်။

ငွေနှင်းဆီက ပြုံးလိုက်သည်။

"အင်း...သည်ကလေးဟာ တော်တော်ခေါင်းမာတာပဲ၊ ကျုပ်ငယ်ငယ်တုန်းကနဲ့ သိပ်တူတာပဲ"

သူမသည် ပြောယင်း စကားတစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားလေသည်။

"ဟိုက်...ဒုက္ခပဲ၊ သည်ကလေးကသာ ကျွန်မနဲ့တူယင်တော့ သူပြုတ်တဲ့ဆန်ပြုတ်သောက်မိယင် သေကုန်ကြမှာပဲ၊ ကျုပ်သွားပြီး ကြည့်လိုက်အုံးမယ်"

ဖန်းယီက မျက်မှောင်ကုပ်သွားသည်။

www.burmeseclassic.com



"သူက ကလေးပါ၊ မင်းက ဒါလောက်ကြောက်နေသလား"

ငွေနှင်းဆီက ပြုံးလိုက်သည်။

"ကျွန်မ သူ့အရွယ်တုန်းကဆိုယင် ခွေးသုံးလေးကောင်ကို အဆိပ်ခတ် သတ်ဖူးပြီရှင့်"

ဖန်းယီ အေးတိအေးစက်ဖြင့်...

"သူက မင်းကိုမကြောက်ဘဲနဲ့ မင်းက သူ့ကိုပြန်ကြောက်နေရသလားဗျ"

ငွေနှင်းဆီက ကြောင်အမ်းအမ်းဖြစ်သွားသည်။

ဟုတ်ပါ၏။

သူမသည် ထိုမိန်းကလေး၏ မျက်လုံးအားကြည့်မိလိုက်သည်နှင့် အဘယ်ကြောင့်မှန်းမသိ အလိုလို ကြောက်ရွံ့သောစိတ်များ ပေါ်လာလေသည်။

"ဘာပဲဖြစ်ဖြစ် သတိဆိုတာ ပိုတယ်လို့မရှိပါဘူး"

ဖန်းယီက ထိုင်ရာမှထလိုက်သည်။

"မင်းနေခဲ့ပါ၊ ကျုပ်ပဲ သွားကြည့်လိုက်ပါ့မယ်"

♣ ♣ ♣



အောက်ထပ်တွင် လွယ်လွယ်သည် ရေအိုးအနီး၌ ဆန်ဆေးနေ၏။

သူမသည် ဆန်ထဲမှ စပါးလုံးများကို သေသေချာချာ ရွေးထုတ်နေ၏။

ထို့နောက်...

မီးဖိုအား မီးမွှေးပြီး ဆန်ပြုတ်အား စတင်ပြုတ်နေလေသည်။

ဖန်းယီသည် အခန်းတစ်ခုလုံးအား အကဲခတ်ကြည့်ရာ အခန်းတစ်ခုလုံးမှာ သန့်ရှင်းပြီး ပစ္စည်းများသည် သူ့နေရာနှင့်သူ စည်းကမ်းတကျထားသည်ကို တွေ့ရလေသည်။

ဤမျှကြီးမားသော တာဝန်များကို ထမ်းဆောင်နေရသော မိန်းကလေးအားကြည့်ပြီး ဖန်းယီက စိတ်မကောင်းဖြစ်သွားလေသည်။

"ညီမက သည်လိုပဲ၊ နေ့တိုင်း သန့်သန့်ရှင်းရှင်းလုပ်တတ်သလား"

လွယ်လွယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်မက သန့်ရှင်းမှကြိုက်တာရှင့်၊ မလှဲ မရှောင်သာလို့သာ ညစ်ပတ်တဲ့လူနဲ့အတူတူ နေတာရှင့်"

သူမသည် ဖန်းယီအား လှည့်ကြည့်လိုက်သည်။

"ကျွန်မပြောတာ မှန်တယ် မဟုတ်လား"

ဖန်းယီသည် မိန်းကလေးဆိုလိုသည့် သဘောပေါက်ယ်ကို နား

www.burmeseclassic.com



လည်လိုက်လေသည်။

သူမသည် ဖန်းယီအား ကြည့်လိုက်ရာ ဖန်းယီက...

"ဟုတ်ပါတယ်၊ ဘယ်သူကမှ ညစ်ပတ်တဲ့လူနဲ့ အတူတူ မနေချင်ကြပါဘူး"

လွယ်လွယ်က သူ့အားစိုက်ကြည့်လိုက်သည်။

"ဒါဖြင့် ရှင်တို့ ဘာဖြစ်လို့ ညစ်ပတ်တဲ့လူနဲ့ အတူတူလာနေကြတာလဲ"

ဖန်းယီက မည်သို့ပြန်ပြောရမှန်းမသိဘဲ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

♣ ♣ ♣



လွယ်လွယ်သည် ခွေးခြေတစ်လုံးပေါ်၌ ထိုင်ချလိုက်ပြီး မီးဖိုအား ယပ်ဆောင်ဖြင့် ခတ်နေ၏။

သူမသည် ဖန်းယီအား လှည့်ကြည့်လိုက်ပြီး...

"ကျွန်မက အပြင်ထွက်ခဲ့ပါတယ်၊ ဒါကြောင့် အပေါ်ထပ်က နေပြီး ခွေချစ်လိုတည်းခိုခန်းကို မကြာခဏကြည့်မိတယ်၊ စိတ်ဝင်စားတဲ့အကြောင်းများတွေ့ယင် ဦးကြီးကို ပြန်ပြောပြပါတယ်"

ဖန်းယီက မျက်မှောင်ကုပ်သွားသည်။

"မင်း ဘာတွေတွေ့ခဲ့သလဲ"

"ခုန ကျွန်မပါးကိုရိုက်တဲ့ မိန်းမက အဲသည်အခန်းမှာ နေထိုင်သွားတာတွေ့ခဲ့တယ်ရှင့်"

ဖန်းယီသည် ယခုမှ သူ၏ပါးပြင်ကို သတိပြုကြည့်မိသည်။

သူမ၏ယောင်ကိုင်းနေသော ပါးပြင်သည် ယခု ပြန်လည်ကောင်းမွန်ပြီး ချောမွတ်နေသည်ကို အံ့သြစွာတွေ့ရလေသည်။

လွယ်လွယ်က ပြုံးလိုက်သည်။

"လူတစ်ယောက်က ကျွန်မကို ပါးရိုက်ပြီး ကျွန်မကလက်တုန့်မပြန်ယင် မေ့ပစ်တာဟာ အကောင်းဆုံးပဲ"

ဖန်းယီက ပြုံးလိုက်သည်။

"နေပါအုံး၊ မင်း ခုနက ပါးရိုက်ခံရတုန်းက အတော်ကြာ[illegible] နာတတ်တယ် ဟုတ်လား"

လွယ်လွယ်က ရယ်မောလိုက်သည်။

"လူတစ်ယောက် အရိုက်ခံပြီးတဲ့နောက် [illegible]မှာပဲ၊ ချက်

www.burmeseclassic.com

www.burmeseclassic.com



ချင်းနာလိုက်တာနဲ့ ခပ်ကြာကြာနာတာက ဘာထူးမှာလဲ၊ ဒါကြောင့် နာရက်သားနဲ့ မသိချင်ဟန်ဆောင်ပြီး တော်တော်ကြာမှ နာပါတယ် လို့ပြောယင် သူတို့က အူကြောင်ကြောင်ဖြစ်သွားမှာ သေချာတယ် ရှင့်"

ဖန်းယီသည် ထိုမိန်းကလေးအား အံ့ဩစွာဖြင့် ကြည့်နေ လေ၏။

ဤငယ်ရွယ်သော မိန်းကလေးသည်သူမ၏သေးငယ်သော ဦးနှောက်တွင် ထူးထူးခြားခြား အတွေးအခေါ်များ ရှိနေသည်ကို ရိပ်စားမိလိုက်လေသည်။

ထိုစဥ်မှာပင် အပြင်ဘက်မှ မြင်းလှည်းသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ကဲ..ကျုပ် အပေါ်ထပ် တက်ကြည့်လိုက်ဦးမယ်"

♣ ♣ ♣



'ခွေချစ်လို' တည်းခိုခန်း၏ ခြံဝင်းအတွင်း၌ လူအတော်များ များ စုဝေးရောက်ရှိနေ၏။

ဖန်းယီသည် ထိုလူများ၏မျက်နှာအား မမြင်တွေ့ရသော် လည်း ထိုလူများမှာ သိုင်းလောကသားများဖြစ်မည်ဟု ယုံကြည် လေသည်။

ငွေနှင်းဆီက မျက်မှောင်ကုပ်သွားသည်။

"သည်လူတွေ သည်မှာ ဘာလာလုပ်ကြတာလဲရှင့်"

ကောင်းယုက ပြုံးလိုက်သည်။

"သိုင်းလောက မဟာမိတ်အဖွဲ့ခေါင်းဆောင် သည်ကို ရောက်လာပြီး အဆိပ်ဘုရင်ပွားစွမ်းနဲ့ စစ်တုရင်ယှဥ်ပြိုင်တယ်ဆိုတော့ အားလုံးက လာပြီးကြည့်ကြတာပေါ့၊ သည်သတင်းပျံ့နှံ့သွားယင် ကျုပ်ထင်တယ်၊ သည်တည်းခိုခန်းလည်း လူများလွန်းလို့ ပြိုကျသွား မှာတောင် ကြောက်ရတယ်ဗျ"

ဖန်းယီသည် ထိုစကားကြားလိုက်ရသောအခါ ဖန်းဟုက အဘယ်ကြောင့် ဤနေရာသို့ လာရောက်ပြီး စစ်တုရင်ထိုးသည်ကို နားလည်လိုက်လေသည်။

သူသည် သူ၏လက်ကိုင်တုတ်ဖြစ်သော 'ပွားစွမ်း' အတုအား လူအများရှေ့တွင် မြင်တွေ့စေနိုင်ရန်ဖြစ်သည်ဟု ယုံကြည်မိလေ သည်။

သူသည် ယင်းသို့ စဥ်းစားနေစဥ်မှာပင် စုကွမ်းက အခန်းထဲ မှထွက်လာပြီး ရောက်ရှိလာသော လူစုများအား ပြုံးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ..မိတ်ဆွေတို့ခင်ဗျား ခေါင်းဆောင်ကြီးက သည်မှာ သုံးလေးရက်နေရအုံးမှာပါ၊ စစ်တုရင်ပြီးသွားယင်တော့ အားလုံးကို လက်ခံတွေ့ဆုံပါ့မယ်၊ ဒါကြောင့် အားလုံးပြန်ကြပါလို့ ကျုပ်တောင်းပန်ပါတယ်ဗျာ"

လူစုလူဝေးများသည် ထိုစကားကြားလိုက်ရသောအခါ အမျိုးမျိုးစုန်ပေါက်စွာဖြင့် လူစုခွဲသွားကြလေသည်။

♣ ♣ ♣



ဖန်းယီသည် မလှုပ်မယှက်ဖြင့် ထိုင်နေသည်။

ငွေနှင်းဆီက ပြတင်းပေါက်အား ပိတ်လိုက်သည်။

"ကြားတယ် မဟုတ်လား၊ သူတို့က တော်တော်ကြာကြာ နေဦးမယ်တဲ့၊ တို့က တော်တော်ကြာ စောင့်ရအုံးမှာပဲ"

ဖန်းယီသည် ရုတ်တရက် ထရပ်လိုက်သည်။

"စောင့်ဖို့ မလိုတော့ဘူး"

ငွေနှင်းဆီက အံ့ဩသွားသည်။

"ရှင်...ရှင်က ဘာပြောတယ်"

ဖန်းယီက စကားတစ်လုံးချင်း ပြောလိုက်သည်။

"အချို့ကိစ္စမှာ မင်းကရှောင်လေ၊ သူများက မင်းကို သံသယဖြစ်လာလေပဲ၊ ဒါကြောင့် ပွင့်ပွင့်လင်းလင်းသွားပြီး ရင်ဆိုင်တာ ပိုကောင်းမယ်ထင်တယ်"

သူသည် ယင်းသို့ပြောပြီးနောက် အောက်ထပ်သို့ ဆင်းသွားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ငွေနှင်းဆီသည် ပြတင်းပေါက်အား အနည်းငယ် ဟလိုက်လေသည်။

သူမသည် အောက်သို့ ငုံ့ကြည့်လိုက်သည်။

မကြာပါချေ။

ဖန်းယီသည် လူအုပ်ထဲသို့တိုးဝင်ပြီး ခွေချစ်လိုတည်းခိုခန်းထဲသို့ အေးဆေးစွာ ဝင်သွားသည်ကို တွေ့ရလေသည်။

ချင်းချင်းက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"သည်လူက တော်တော် သတ္တိကောင်းပါလား"

ကောင်းယုက ပြုံးလိုက်သည်။

"ကျုပ်နဲ့ပေါင်းတဲ့လူဟာ သတ္တိကောင်းမှာပဲ"

ငွေနှင်းဆီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူက ရှင်နဲ့မပေါင်းခင်ကတည်းက သတ္တိကောင်းပြီးသားရှင့်၊ သူ့ကိုကြည့်ရတာ ကြောင်လိုပျော့ပျောင်းပေမယ့် ကျားထက်ပိုပြီးကြောက်စရာကောင်းတယ်ရှင့်"

♣ ♣ ♣



ဖန်းယီသည် တည်းခိုခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် လူစုလူဝေးများသည် သူ့အား ကြည့်လိုက်ကြလေသည်။

သူသည် မည်သူ့ကိုမျှ လှည့်မကြည့်ဘဲ ဖန်းဟု၏စစ်တုရင်ထိုးနေသောအခန်းထဲသို့ လှမ်းဝင်သွားလေသည်။

စုကွမ်းက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားက ဘယ်သူလဲ၊ ခေါင်းဆောင်ကြီးက စစ်တုရင်ထိုးနေတယ်ဗျ"

ဖန်းယီက လက်ကာပြလိုက်သည်။

"ကျုပ်သိပါတယ်၊ ကျုပ်နာမည် ဖန်းယီပါ"

ဖန်းယီဟူသောအသံကြားလိုက်ရသောအခါ အခန်းတစ်ခုလုံးတွင် ရုတ်ရုတ်သဲသဲဖြစ်လာကြလေသည်။

ဖန်းဟုနှင့်ပူးစွမ်းတို့ကလည်း သူ့အား လှည့်ကြည့်မိလေသည်။

ဖန်းဟုက သူ့အား လှမ်းကြည့်လိုက်ပြီး...

"မင်းက ကျုပ်ရဲ့သေဆုံးသွားတဲ့သားနဲ့ နာမည်ချင်းတူနေပါလားဗျ"

ဖန်းယီက ပြုံးလိုက်ယင်း...

"ခေါင်းဆောင်ကြီးသားနဲ့ နာမည်ချင်းတူတာ ကျုပ်အတွက် ဂုဏ်ယူစရာပါပဲ"

ဖန်းဟုက ပြုံးလိုက်သည်။

"ကဲ ဆိုစမ်းပါအုံး၊ ဘာကိစ္စနဲ့လာရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီက...

"ကျူပ်ပစ္စည်းတွေ သည်အခန်းထဲမှာ ကျန်ခဲ့လို့ ပြန်လာယူတာပဲ"

ဖန်းဟုက မျက်မှောင်ကုပ်သွားလေသည်။

"သည်အခန်းထဲမှာ မင်းပစ္စည်း ဘယ်လိုလုပ်ကျန်ခဲ့သလဲ"

"ကျူပ် ဟိုရက်တုန်းက သည်အခန်းမှာ တည်းခိုခဲ့တယ်၊ ဒါကြောင့် သည်မှာ ပစ္စည်းတစ်ခု ကျန်ခဲ့တာပါ"

ဖန်းဟုက စိတ်ဝင်စားလာသည်။

"တည်းခိုခန်းဆိုတာ လူတော်တော်ရှုပ်တယ်၊ မင်းပစ္စည်း ရှိသေးပါ့အုံးမလား"

ဖန်းယီက ပြုံးလိုက်သည်။

"ခေါင်းဆောင်ကြီးက ခွင့်ပြုမယ်ဆိုယင်..."

ဖန်းဟုက ရယ်မောလိုက်သည်။

"မင်းပစ္စည်းပဲ၊ တွေ့ယင်တော့ ပြန်ယူသွားပေါ့"

ဖန်းယီက ပြုံး၍...

"ကျေးဇူးတင်ပါတယ်ဗျာ"

သူ စကားဆုံးသွားသည်နှင့် ခြေထောက်အနည်းငယ်ကွေးလိုက်ပြီး လက်မြှောက်လိုက်သည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးစွာဖြင့် အပေါ်သို့ခုန်တက်သွားလေသည်။

သူ့လက်နှစ်ဘက်သည် အိမ်ခေါင်မိုးထုတ်တန်းအား ဖမ်းဆွဲလိုက်ပြီးနောက် သူ၏ခြေထောက်နှစ်ဘက်သည် အပေါ်သို့ ထောင်တက်သွားသည်။



ငွေနှင်းဆီသည် ပြတင်းပေါက်မှနေပြီး စိတ်လှုပ်ရှားစွာဖြင့် ကြည့်နေသည်။

ဖန်းယီက ပြန်လည်ခုန်ဆင်းလိုက်သောအခါ အထုပ်တစ်ထုပ်ပါလာသည်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

ကောင်းယုသည် ခပ်လှမ်းလှမ်းတွင် ထိုင်နေ၏။

"ပစ္စည်းတွေရရဲ့လား"

ငွေနှင်းဆီ ပြုံးလိုက်သည်။

"တွေ့တယ်၊ သူ့လက်ထဲမှာ ပါလာပြီရှင့်"

ကောင်းယု ရယ်မောလိုက်သည်။

ငွေနှင်းဆီသည် ပြုံးရာမှရုပ်တန့်သွားသည်။

"ခုက္ခပဲ ဖန်းယု သူ့ကိုဆွဲထားတာတွေ့တယ်ရှင့်"

ကောင်းယုက မျက်မှောင်ကုပ်သွားလေသည်။

"ဖန်းယုက ဘာပြောသလဲ"

ငွေနှင်းဆီက မျက်မှောင်ကုပ်သွားသည်။

"သူက စစ်တုရင်ကို နောက်မှပဲ ကစားတော့မယ်တဲ့၊ သူနဲ့ အရက်သောက်ရအောင်လို့ ဖိတ်ခေါ်နေတယ်၊ ဟော သူက စစ်တုရင်ကိုလက်နဲ့ရှုပ်ထွေးအောင် လုပ်လိုက်ပြီ"

ကောင်းယုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သည်လိုဆို ဖန်းယီ ထွက်ဖို့မလွယ်တော့ဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ငွေနှင်းဆီ၏အသံသည် ရုတ်တရက် ပျော့ရွှင်လာသည်။

"ဟော..ဂိုဏ်းချုပ်လီဖုံး ရောက်လာတယ်၊ သူက ရှုပ်ထွေးနေတဲ့စစ်တုရင်တွေကို သူ့နေရာနဲ့သူ ပြန်ထားနေတယ်"

ကောင်းယုက မျက်မှောင်ကုပ်သွားသည်။

"သူက ဘာပြောသလဲ"

ငွေနှင်းဆီက ဝမ်းသာသွားသည်။

"သူကပြောတယ်၊ ဖန်းယီကိုလွှတ်လိုက်ပါတဲ့၊ သူနဲ့စစ်တုရင်ဆက်ထိုးမယ်လို့ပြောတယ်"

ထိုစဉ်မှာပင် ဖန်းယီက အခန်းထဲမှထွက်လာပြီး တည်းခိုခန်းမှ ထွက်လာခဲ့လေသည်။

မကြာပါချေ။

ဖန်းယီက အပေါ်ထပ်သို့ ရောက်ရှိလာလေတော့သည်။

♣ ♣ ♣



ကောင်းယုသည် ဖန်းယီ ခရီးရောက်မဆိုက် မေးလိုက်လေသည်။

"မင်း သည်ကိုလာတာ လီဖုံးတွေ့သွားသလား"

ဖန်းယီက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါတော့ ကျုပ် ဘယ်သိမလဲ"

ကောင်းယုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"လီဖုံးက ကျုပ် သည်မှာရှိတယ်ဆိုတာကို သိသွားရင် ဒုက္ခပဲ"

ငွေနှင်းဆီသည် ဖန်းယီလက်ထဲမှ အထုပ်ကလေးအား လှမ်းယူလိုက်သည်။

ကောင်းယုက မဲ့ပြုံးပြုံးလိုက်သည်။

"မင်း သိပ်ဝမ်းသာမနေနဲ့အုံး၊ အထုပ်ထဲမှာ ဘာလဲဆိုတာ ဖွင့်ကြည့်ပါအုံး"

ငွေနှင်းဆီသည် သူ့အား တစ်ချက်ကြည့်လိုက်ပြီး အထုပ်အားဖြည်လိုက်ရာ သူမ၏မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

အကြောင်းမှာ ထိုအထုပ်ထဲ၌ ကျောက်သံပတ္တမြားမရှိတော့ဘဲ အုတ်ကြွပ်အပိုင်းအစများကိုသာ တွေ့ရလေသည်။

သူမသည် ခြေထောက်တစ်ချက် ဆောင့်လိုက်ပြီး...

"ကျွန်မပစ္စည်းတွေကို ဘယ်သူက လိမ်ယူသွားလိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းယုက အေးတိအေးစက်ဖြင့်...

"ဖန်းဟုက သည်အခန်းကိုလာမယ်ဆိုရင် သည်အခန်းတစ်ခုလုံးကို ကြိုတင်ရှာဖွေကြည့်မှာပေါ့"

ငွေနှင်းဆီက နှုတ်ခမ်းကိုက်လိုက်သည်။

"ဟုတ်တယ်၊ သည်ပစ္စည်းတွေကို သူပဲယူသွားတာဖြစ်ရမယ်"

ကောင်းယုသည် စကားမပြောတော့ဘဲ လူနာအား စိတ်ဝင်စားစွာ ကြည့်နေ၏။

ငွေနှင်းဆီက စိတ်ပျက်စွာဖြင့် ကြမ်းပေါ်သို့ ထိုင်ချလိုက်သည်။

ကောင်းယု၏မျက်လုံးအစုံသည် လူနာခြုံထားသော ဂွမ်းကပ်စောင်များအား စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသဖြင့် သူမကလည်း ထိုဂွမ်းကပ်စောင်များအား စူးစမ်းစွာဖြင့် ကြည့်လိုက်လေသည်။

ရုတ်တရက် သူမသည် သဘောပေါက်နားလည်လာလေသည်။

ယင်းကဲ့သို့ ပူအိုက်သော ရာသီတွင် ထိုလူနာသည် အဘယ်ကြောင့် ဤမျှများပြားသော ဂွမ်းကပ်စောင်များအား ခြုံထားရသနည်း။

ဂွမ်းကပ်စောင်အောက်တွင် ငွေနှင်းဆီ၏ကျောက်သံပတ္တမြားများရှိရမည်ဟု တထစ်ချ ယုံကြည်လိုက်သည်။



သူမသည် ယင်းသို့တွေးမိလိုက်သည်နှင့် ထိုင်ရာမှထလိုက်ပြီး လူနာထံသို့ လျှောက်သွားလေသည်။

သူမသည် ကောက်ကျစ်စဉ်းလဲစွာ ပြုံးဖြလိုက်ပြီး...

"ရှင် အိုက်မနေဘူးလား၊ သည်ဂွမ်းစောင်ကို ကျွန်မ ဖယ်ပေးမယ်လေ"

လူနာက သူမအား စေ့စေ့ကြည့်လိုက်သည်။

"သည်ဂွမ်းစောင်ကို မထိနဲ့၊ မင်းအသက် သေသွားလိမ့်မယ်"

ငွေနှင်းဆီက မျက်မှောင်ကုပ်သွားလေသည်။

"ဘာဖြစ်လို့လဲ"

လူနာက အေးတိအေးစက်အသံဖြင့်...

"မင်းသေသွားမှာ စိုးလို့ပါ"

ငွေနှင်းဆီက ရယ်မောလိုက်သည်။

"ကျွန်မ မယုံဘူး"

လူနာသည် အောက်ထပ်ဘက်သို့ လှည့်လိုက်ပြီး...

"လွယ်လွယ်...အပေါ်ခဏ ဆက်ခဲ့စမ်း၊ သူက ဂွမ်းစောင်ကိုဖယ်ကြည့်မလို့တဲ့"

လွယ်လွယ်သည် အပေါ်ထပ်သို့ လျှင်မြန်စွာ တက်လာလေသည်။ သူမသည် ငွေနှင်းဆီကို စိုက်ကြည့်လိုက်သည်။

"ရှင် တကယ်ပဲ ဂွမ်းစောင်ကို ဖယ်ကြည့်ချင်တယ် ဟုတ်လား"

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ကောင်းပြီလေ၊ ရှင် တော်ကြာ နောင်တရသွားလိမ့်မယ်"

ငွေနှင်းဆီက တခစ်ခစ်ရယ်မောလိုက်သည်။

"ဘာလဲ မင်းတို့ဂွမ်းကပ်ထဲမှာ မြွေဟောက်များ ထွက်လာမယ်တဲ့လား"

သူမသည် ယင်းသို့ပြောနေသော်လည်း အဘယ်ကြောင့်မှန်းမသိ သူမစိတ်ထဲ၌ ထိုငယ်ရွယ်သော မိန်းကလေးနှင့် သေလုမျောပါးဖြစ်နေသော လူနာအပေါ် ကြောက်ရွံ့နေလေသည်။

လွယ်လွယ်သည် ဖလုံတစ်လုံးအား ယူလာပြီး ဖလုံထဲ၌ရေအပြည့် ထည့်ထားလိုက်သည်။

ထို့နောက်...

သူမအိတ်ထဲမှ အနက်ရောင် ယွန်းသေတ္တာငယ်တစ်လုံးထုတ်ပြီး အဖုံးဖွင့်လိုက်သည်။

ယွန်းသေတ္တာထဲမှ ဆေးမှုန့်အနည်းငယ်ယူ၍ ရေထဲထည့်လိုက်လေသည်။

ရေများသည် ချက်ချင်းပင် မည်းနက်သည့်အရောင်သို့ပြောင်းလဲသွားလေသည်။

ငွေနှင်းဆီသည် မိန်းကလေး၏ အပြုအမူကို ငေးကြည့်မိလေသည်။

မိန်းကလေးက သူ့အားပြုံးပြလိုက်ပြီး...

"ရှင် သေသေချာချာ ကြည့်ထားပါ၊ တော်ကြာ စိတ်ဝင်စားစရာကောင်းတဲ့ကိစ္စ တွေ့ရပါလိမ့်မယ်"



သူမသည် ယင်းသို့ပြောပြီးနောက် ထိုဖလုံအား အခန်း၏ထောင့်တစ်နေရာသို့ သွားရောက်ချထားလိုက်သည်။

♣ ♣ ♣

အခန်းတစ်ခုလုံးတွင် တိတ်ဆိတ်နေ၏။

ငွေနှင်းဆီတို့သည် ဖလုံသို့တစ်လှည့် မိန်းကလေးဘက်သို့တစ်လှည့် အံ့သြစွာကြည့်နေ၏။ မကြာပါချေ။

လူနာကိုယ်ပေါ်မှ ခြုံထားသော ဂွမ်းစောင်များသည် လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

ငွေနှင်းဆီက အံ့သြစွာဖြင့် ငေးကြည့်နေ၏။

ချင်းချင်းနှင့်ဖန်းယီတို့ကလည်း မျက်တောင်မခတ် ကြည့်နေကြလေသည်။ ငွေနှင်းဆီက မျက်မှောင်ကုပ်သွားလေသည်။

"ဂွမ်းကပ်ထဲမှာ ဘာတွေများ ရှိနေလို့လဲ"

လွယ်လွယ်က အေးတိအေးစက်ဖြင့်...

"ဘာတွေရှိနေတယ်ဆိုတာ ရှင် အခုတွေ့ရတော့မှာပါ"

ထိုစဉ်မှာပင် အလွန်ကြီးမားသော ကင်းခြေများတစ်ကောင်သည် ဂွမ်းကပ်စောင်အတွင်းမှ ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကင်းခြေများထွက်လာပြီးနောက် သူ့နောက်တွင် ကင်းခြေများ တစ်ကောင်ပြီးတစ်ကောင် လိုက်၍ထွက်လာကြသည်။

စုစုပေါင်း အကောင်သုံးဆယ်ခန့်ရှိမည်ဟု ထင်ရပေသည်။

ထိုကင်းခြေများသည် သာမန်ကင်းခြေများ မဟုတ်ဘဲ အဆိပ်အလွန်ပြင်းသော ကင်းခြေများဖြစ်နေသည်ကို ကောင်းယုက နားလည်လိုက်လေသည်။

ငွေနှင်းဆီက ရယ်မောလိုက်သည်။

"ဘာများလဲ အောက်မေ့တယ်၊ ကင်းခြေများတွေကိုး၊ ကျွန်ုပ် သုံးနှစ်အရွယ်ကစပြီး ကင်းခြေများနဲ့ ကစားခဲ့တာရှင့်"

သူမ၏စကားမဆုံးမီမှာပင် ကင်းခြေများနောက်တွင် မြွေဟောက်များ၊ ကင်းမြီးကောက်များ စသည့် အဆိပ်ပြင်းထန်သော အကောင်များသည် အဆက်မပြတ် ထွက်ပေါ်လာလေသည်။

ငွေနှင်းဆီ မပြုံးနိုင်တော့ပါ။

ချင်းချင်းကလည်း ထိတ်လန့်လွန်း၍ သတိပင်မေ့သွားလေသည်။

သေလုမြောပါးဖြစ်နေသော လူနာသည် အဘယ်ကြောင့်ဤမျှ အဆိပ်ပြင်းသောအကောင်များနှင့် အတူတကွရှိနေပါသနည်း။

ထိုကင်းခြေများတို့သည် စည်းကမ်းရှိစွာဖြင့် ရှေ့ဆင့်နောက်ဆင့် ဇလုံရှိရာသို့ ဦးတည်သွားကြသည်။

သူတို့သည် ဇလုံထဲသို့ ဝင်ရောက်သွားပြီး တစ်ချက်လှိမ့်လိုက်သည်။



ထို့နောက်...

ဇလုံပေါ်မှ ဆင်းသွားကြလေသည်။

ကင်းခြေများ၊ ကင်းမြီးကောက်များတို့သည် ဇလုံထဲမှာ စိမ်၍ထွက်လာသောအခါ ဖျတ်ဖျတ်လတ်လတ် မရှိတော့ဘဲ နေးကွေးထိုင်းမှိုင်းသွားသည်ကို တွေ့ရလေသည်။

များပြားလှသော အဆိပ်ကောင်များတို့သည် ဂွမ်းကပ်စောင်ထဲသို့ ပြန်လည်ဝင်ကြလေသည်။

အားလုံးသော အဆိပ်ကောင်များ ဂွမ်းကပ်စောင်များထဲသို့ ဝင်ရောက်သွားသောအခါ ဇလုံထဲမှ နည်းနက်သောရေများသည် တဖြည်းဖြည်း အဖြူရောင်သို့ ပြောင်းလဲသွားပြန်လေသည်။

ကောင်းယုသည် ထိုအချင်းအရာကို တွေ့သောအခါ တစ်ကိုယ်လုံး ချွေးများစို့၍သွားလေသည်။

လွယ်လွယ်သည် ရေဇလုံအား သွားရောက်ယူလိုက်သည်။

သူမသည် ပြုံးစေ့စေ့ဖြင့် ငွေနှင်းဆီအား လှမ်းပေးလိုက်လေသည်။

"ဆန်ပြုတ်တော့ မကျက်သေးဘူး၊ ဗိုက်ဆာယင်တော့ အဲသည်ရေကို သောက်လိုက်ပါအုံးလေ"

ငွေနှင်းဆီက နောက်သို့ ကပျာကယာဆုတ်သွားသည်။

"ကျေးဇူးတင်ပါတယ်၊ မင်းဟာမင်းပဲ သောက်လိုက်ပါတော့"

လွယ်လွယ်က ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့က မသောက်ရဲယင် ကျွန်မပဲ သောက်လိုက်ပါတော့မယ်"

သူမသည် ယင်းသို့ပြောပြီး ထိုဖလုံထဲမှရေများကို တစ်စက်မကျန် သောက်ချလိုက်လေသည်။

ငွေနှင်းဆီသည် ထိုမိန်းကလေးအား ထိတ်လန့်အံ့သြစွာဖြင့် ကြည့်မိလေသည်။

သူမသည် အဆိပ်များကို ငယ်ရွယ်စဉ်ကစပြီး အသုံးပြုခဲ့သည်။

ထိုဖလုံထဲမှရေများမှာ အဆိပ်အလွန်ပြင်းထန်သည်ဟု သူမ နားလည်ထားလိုက်သည်။

အကြောင်းမှာ ထိုဖလုံထဲသို့ မြောက်များစွာသော ကင်းခြေများ ကင်းမြီးကောက်များ၊ မြွေဟောက်တို့က သူတို့၏အဆိပ်များကို အန်ထုတ်ထားလိမ့်မည်ဟုလည်း သူမက ယုံကြည်သည်။

ယခု ငယ်ရွယ်သော မိန်းကလေးက ထိုအဆိပ်အလွန်ပြင်းသော ရေများအား မြိန်ရည်ရှက်ရည် သောက်ချလိုက်သည်ကို တွေ့ရသဖြင့် သူမသည် မအံ့သြဘဲ မနေနိုင်တော့ပါ။

လွယ်လွယ်သည် ထိုအဆိပ်ရည်များ သောက်ပြီးနောက်...

"ကျွန်မ ဦးကြီးက အဆိပ်မိနေတာ အတော်ကြာပါပြီ၊ ဒါကြောင့် အဆိပ်ရှိတဲ့ပိုးကောင်အားလုံးကို အသုံးပြုပြီး ကုနေတာပါ"

ငွေနှင်းဆီက ပြုံးပြလိုက်သည်။

"သည်းဦးကြီးက ဘယ်လိုအဆိပ်မျိုး မိထားလို့လဲကွယ့်"



လွယ်လွယ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဦးကြီးမိထားတဲ့အဆိပ်ကို ပြောပြရမယ်ဆိုယင်..."

သူမ စကားမဆုံးမီ...

"ဒေါက်...ဒေါက်...ဒေါက်"

အောက်ထပ်မှ တံခါးခေါက်သံ သုံးချက်တိတိကြားလိုက်ရလေသည်။

"ဖန်းယီ အပေါ်ထပ်မှာ ရှိပါသလားဗျ။ ကျုပ်တို့ဂိုဏ်းချုပ် လီဖုံးက တွေ့ချင်ပါတယ်ခင်ဗျာ"

မေစု၏အသံဖြစ်သည်ကို ဖန်းယီက မှတ်မိလိုက်သည်။

သူသည် ဝမ်းသာအံ့သြသွားသည်။

ကောင်းယု၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ဒုက္ခပဲ...ငါနေလို့ မဖြစ်ဘူး၊ အယင်သွားမှ"

ထိုစဉ်မှာပင်...

"ဒေါက်...ဒေါက်...ဒေါက်"

နောက်ထပ်တံခါးခေါက်သံ သုံးချက်တိတိ ကြားလိုက်ရပြန်၏။

ဤတစ်ကြိမ် မိန်းကလေးတစ်ယောက်၏ ကြည်လင်သော အသံဖြစ်၏။

"အစ်ကိုဖန်းယီ...ပန်းပေါင်းစုံဂိုဏ်းချုပ်တွေ့မုံက ရှင့်ကိုတွေ့ချင်ပါတယ်"

ကောင်းယု၏မျက်နှာ တစ်ခုလုံးမှာ သွေးရောင်ပင်မရှိပါ။

www.burmeseclassic.com



သူသည် နောက်ဘက်ပြတင်းပေါက်ဆီသို့ ပြေးလွှားသွားသည်။

ပြတင်းပေါက်တံခါးအား အနည်းငယ်ဟ၍ကြည့်လိုက်သည်။

လူများသည် သူတို့နေထိုင်သော အိမ်ခန်းတစ်ခုလုံးအား ဝိုင်းရံထားသည်ကို တွေ့ရလေသည်။

ထို့ပြင် လေးဘက်လေးတန်ရှိ အိမ်ခေါင်မိုးပေါ်တွင် လူတော်တော်များများ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ထိုစဉ် အောက်ထပ်မှ လူတစ်ယောက်က ခေါ်သည့်အသံ ထပ်မံ ထွက်ပေါ်လာသည်။

"တံခါး မြန်မြန်ဖွင့်ပါဗျာ"

ကောင်းယုသည် ဖန်းယီထံသို့ လျှောက်သွားသည်။

"သူတို့က ငါ့ကိုများ လိုက်ရှာနေသလား"

ဖန်းယီက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဒါတော့ ကျုပ်ဘယ်သိပါ့မလဲ"

ကောင်းယု မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် သူတို့က ဘာဖြစ်လို့ ခင်ဗျားကိုလာရှာကြတာလဲ"

ဖန်းယီ မချိပြုံး ပြုံးလိုက်သည်။

"ကျုပ် ဘယ်သိပါ့မလဲဗျာ"

ကောင်းယုက အသံတုန်တုန်ယင်ယင်ဖြစ်သွားသည်။

"သူတို့လာပုံမရိုးဘူးဗျ။ တို့ကို ဝိုင်းထားနေပြီဗျ"



ဖန်းယီက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း..ကျုပ်က ဘာလုပ်ရမှာလဲ"

"မင်း တံခါးဖွင့်မပေးနဲ့"

"တံခါးဖွင့်မပေးယင် သူတို့က တံခါးဖျက်ပြီး ဝင်လာကြမှာပေါ့"

ထိုစဉ်မှာပင် မိန်းကလေး၏အသံ ထွက်ပေါ်လာ၏။

"အစ်ကိုကြီးဖန်းယီ..တံခါးဖွင့်မပေးယင်တော့ ကျွန်မတို့ကို အဆိုးမဆိုနဲ့"

ငွေနှင်းဆီက ရုတ်တရက် လှမ်းအော်လိုက်သည်။

"ရှင်တို့က ဘာဖြစ်လို့ သည်လောက်စောင်လောနေရတာလဲ၊ ဖန်းယီက အိမ်သာတက်နေလို့ပါ"

အောက်ထပ်မှ မိန်းကလေးအသံ ထပ်မံထွက်ပေါ်လာ၏။

"ကောင်းပြီလေ၊ ကျွန်မတို့ ခဏစောင့်မယ်၊ သူ မစင်ပုံးထဲ ကျမသွားပါစေနဲ့"

ဖန်းယီက ကောင်းယုအား လှည့်ကြည့်လိုက်သည်။

"မင်းက ဘာဖြစ်လို့ ပန်းပေါင်းစုံဂိုဏ်းချုပ်ဟွေ့မိုနဲ့ ရင်မဆိုင်ရဲရတာလဲ"

ကောင်းယုက ပါးစပ်ပိတ်ထားလေသည်။

ထိုစဉ်မှာပင် ခုတင်ပေါ်မှလူနာသည် မျက်လုံးဖွင့်လိုက်သည်။

"သူတို့ကို မတွေ့ချင်ယင်တော့ ကျုပ်မှာ နည်းလမ်းရှိ

www.burmeseclassic.com



တယ်၊ မင်းတို့အားလုံး ဘယ်သူမှ တံခါးသွားမဖွင့်ယင် ပြီးတာပါပဲ"

ချင်းချင်း စိတ်မာတက်ကျသွားသည်။

"တံခါးဖွင့်မပေးယင် သူတို့က တံခါးဖျက်ပြီး ဝင်လာကြမှာပေါ့"

လူနာက အေးတိအေးစက်အသံဖြင့်...

"မင်းတို့က တံခါးဖွင့်မပေးယင် လောကပေါ်မှာ ဘယ်သူမှ အပေါ်ထပ်ကို တက်မလာရဲကြဘူး"

သူ၏စကားကြောင့် အားလုံးသောလူများသည် မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် သူ့အားစိုက်ကြည့်ကြသည်။

ထိုစဉ် မေစု၏အသံ ထပ်မံထွက်ပေါ်လာသည်။

"သည်မှာ ဖန်းယီ ခေါင်းဆောင်ကြီးနဲ့ဂူးစွမ်းတို့ကလည်း လာနေပြီ၊ အောက်ကိုဆင်းခဲ့ပါ"

ဖန်းယီသည် စဉ်းစားရခက်သွားသည်။

ယင်းလူများသည် အဘယ်ကြောင့် မိမိအား ဤမျှအရေးတကြီး တွေ့လိုပါသနည်း။

သူသည် ယင်းသို့တွေးနေစဉ်မှာပင် မိန်းကလေး၏အသံ ထပ်မံထွက်ပေါ်လာသည်။

"ဖန်းယီ...ကျွန်မတို့ မလာစေချင်ယင် အောက်ကိုဆင်းတွေ့ပါရှင်"

ဖန်းယီသည် မည်သို့ပြုလုပ်ရမှန်းမသိ အခက်ကြုံနေလေသည်။



ဖေ့မုံ၏အသံ ထွက်လာပြန်သည်။

"ခေါင်းဆောင်ကြီးရုထားတဲ့သတင်း သေချာရဲ့လား"

"သေချာပါတယ်၊ သည်ကိစ္စမှာ ဂိုဏ်းချုပ်လီဖုံးလည်း သိပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့က သည်လိုပဲ လက်ပိုက်ကြည့်နေလို့မဖြစ်ဘူး၊ စကြပါတော့"

သူ၏စကားဆုံးသွားသည်နှင့် ရုတ်တရက် အရာဝတ္ထုများသည် သူတို့ပြတင်းပေါက်မှတဆင့် အခန်းထဲသို့ ပစ်ဝင်လာလေသည်။

"ဖောက်...ဖောက်...ဖောက်"

ထိုအရာဝတ္ထုများမှာ ကြက်ဥအရွယ်ခန့်ရှိသော အလုံးလေးများဖြစ်လေသည်။

ထိုအလုံးလေးများသည် အခန်းထဲသို့ ဝင်ရောက်လာကြသည်နှင့် တဖောက်ဖောက်ဖြင့် ပေါက်ကွဲသွားပြီး မီးတောက်မီးလျှံများ လွင့်ပျံ့လာလေသည်။

ကောင်းယု ရင်ထိတ်သွားသည်။

"ဟေ့...တို့ကို မီးကျည်နဲ့ဖောက်နေပြီကွ"

ဖန်းယီမှာကား စကားမပြောတော့ဘဲ ခုတင်ပေါ်မှ ဂွမ်းကပ်စောင်တစ်ထည်ယူ၍ မီးတောက်မီးလျှံများကို တဖျာကယာ ငြိမ်းသတ်လိုက်လေသည်။

ခုတင်ပေါ်မှ လူနာသည် မျက်မှောင်ကုပ်သွားသည်။

"သည်လူတွေ တော်တော်စော်ကားပါလား"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ယင်းသို့ပြောပြီးသည်နှင့် ဗွမ်းစောင်အတွင်း ဝှက်ထားသော ကင်းခြေများ၊ ကင်းမြီးကောက်နှင့် မြွေဟောက်စသည်တို့ကို တစ်ကောင်ပြီးတစ်ကောင် ထုတ်ယူလိုက်၏။

ထို့နောက်…

သူသည် ထိုအကောင်များကို ပြတင်းပေါက်အပြင်ဘက်သို့ ပစ်ချလိုက်လေသည်။

အောက်ထပ်မှ ထိတ်လန့်တုန်လှုပ်သော အော်သံများ ဆူဆူညံညံ ထွက်ပေါ်လာလေတော့သည်။

တောင်းယုသည် ပြတင်းပေါက်အနီးကပ်၍ အောက်သို့ငုံ့ကြည့်လိုက်သောအခါ ဝိုင်းရံထားသောလူများသည် အဝေးသို့ပြေးလွှားသွားနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူနာသည် အဆိပ်ကောင်များအား ပစ်ချပြီးသည့်နောက် မျက်လွှာကိုပြန်ချထားလိုက်လေသည်။

ဖန်းယီက မနေနိုင်တော့ပါ။

"ဒါနဲ့ ခင်ဗျားနဲ့ ခေါင်းဆောင်ကြီးဖန်းဟုတို့ ရန်ငြိုးရှိနေလို့လား"

ဟုမေးလိုက်သည်။

လူနာက ခေါင်းကို အသာအယာခါပြသည်။

ပြီးမှ…

"မရှိပါဘူး"

ဟုပြောသည်။



ဖန်းယီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဖန်းဟုက ကြုံကြုံဖန်ဖန် သည်မှာလာပြီး စစ်တုရင်ထိုးတယ်ဆိုတာကို ကျုပ်က အံ့သြနေမိတာဗျ။ အခုမှ သူက ခင်ဗျားအတွက်နဲ့ ရောက်လာတယ်ဆိုတာ သဘောပေါက်လာတယ်"

လူနာသည်အဖြေမပေးဘဲ မျက်လုံးမှိတ်ထားလေသည်။

ဖန်းယီက စကားဆက်လိုက်သည်။

"နောက်ပြီး ခင်ဗျားက မြို့ကြီးပြကြီးမှာသွားပြီး ဆေးကုနိုင်ရက်နဲ့ ဘာဖြစ်လို့ သည်မှာနေရတာလဲ၊ သည်မြို့ကလေးမှာ ဘာများစိတ်ဝင်စားစရာကိစ္စများ ရှိနေလို့လဲ"

လူနာက လုံးဝစကားမပြောတော့ပါ။

အတန်ကြာမှ ဖန်းယီကို လွယ်လွယ်က ကြည့်ကာ ပြောလိုက်သည်။

"သူတို့က ဦးကြီးနဲ့ရန်ငြိုးရှိလို့ မဟုတ်ဘူး၊ ကျွန်မအတွက်နဲ့လာကြတာပါ"

ဖန်းယီ အံ့အားသင့်သွားသည်။

"ဗျာ… မင်း အသက်ငယ်ငယ်ပဲ ရှိသေးတာ၊ သူတို့က ဘာဖြစ်လို့ ရန်ရှာကြမှာလဲ"

ဟုမေးလိုက်သည်။

လွယ်လွယ်က ပြုံးလိုက်သည်။

ဖန်းယီအားကြည့်ကာ…

"ကျွန်မရဲ့ အသက်က ငယ်တယ်လို့ ဘယ်သူကပြောသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြော၏။

ဖန်းယီ မျက်မှောင်ကုပ်သွား၏။

"ဒါဆို မင်းရဲ့အသက်က ဘယ်လောက်များ ရှိနေလို့လဲ"

လွယ်လွယ်က...

"ဆယ့်နှစ်နှစ်ကျော်...ဆယ့်သုံးနှစ်ပြည့်တော့မယ်ရှင့်"

ဖန်းယီ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဖန်းဟုဟာ မဟာမိတ်ခေါင်းဆောင်ဖြစ်ပြီး ဘာကြောင့် လူစုလူဝေးနဲ့ မင်းလို မိန်းကလေးငယ်ငယ်တစ်ယောက်ကို ရန်ရှာရတာလဲ"

လွယ်လွယ် မဲ့ပြုံးပြုံးလိုက်သည်။

"မဟာမိတ်ခေါင်းဆောင်က ဘာမို့လို့လဲ၊ ကျွန်မဦးကြီးမပြောနဲ့ ကျွန်မတောင် အထင်မကြီးဘူး"

မိန်းကလေး၏စကား ကြားလိုက်ရသောအခါ ဖန်းယီက ပို၍အံ့သြသွားလေသည်။

ဤငယ်ရွယ်သော မိန်းကလေးနှင့် ဝေဒနာရှင်အဘိုးအိုတို့သည် မည်ကဲ့သို့သော လူစားမျိုးဖြစ်နေသနည်း။

သူတို့သည် အလွန်စိတ်ဝင်စားစရာကောင်းသော လျှို့ဝှက်ချက်များ ရှိလိမ့်မည်ဟု စိတ်ထဲ၌ ရိပ်စားမိလာလေသည်။

သူသည် စကားဆက်၍ မေးရန်ဟန်ပြင်လိုက်ရာ ငွေနှင်းဆီ၏ ဝမ်းသာအားရပြောလိုက်သော အသံများကြားလိုက်ရလေသည်။



"ဟာ...သူတို့ သွားကြပြီ၊ တစ်ယောက်မှ မကျန်တော့ဘူး"

ကောင်းယုက ပြတင်းပေါက်ကို အသာအယာ ဖွင့်ကြည့်လိုက်လေသည်။

မှန်ပေသည်။

ဝိုင်းရံထားသော လူအုပ်များသည် တစ်ယောက်မျှ မကျန်တော့သည်ကို တွေ့လိုက်ရလေသည်။

ဖန်းယီက အံ့သြနေဆဲမှာပင် ကောင်းယုက ချင်းချင်း၏ လက်ကိုဆွဲလိုက်ပြီး...

"ကဲ...တို့သွားဖို့သင့်ပြီ ထင်တယ်"

လွယ်လွယ်က အေးတိအေးစက်ဖြင့်...

"ဟုတ်တယ်...အခုအချိန် အမြန်ဆုံးထွက်မသွားကြယင် မလွယ်ဘူးထင်တယ်"

ဟုပြောလိုက်၏။

ဖန်းယီ မျက်မှောင်ကုပ်သွားသည်။

"သူတို့ပြန်လာကြယင်ကော ဘယ့်နှယ်လုပ်မလဲ"

ဟုမေးလိုက်၏။

လွယ်လွယ်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒါ ကျွန်မတို့ကိစ္စပါ၊ ရှင်တို့နဲ့ ဘာမှမဆိုင်ပါဘူး"

လူနာသည် ရုတ်တရက် ကြားဖြတ်လိုက်သည်။

"လွယ်လွယ်...သူတို့ပစ္စည်းတွေ ပြန်ပေးလိုက်ပါ"

လွယ်လွယ် နှုတ်ခမ်းစူထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်ပစ္စည်းတွေဟာ ကျွန်မပိုင်တဲ့ပစ္စည်းတွေပဲ၊ ဘာဖြစ်လို့ သူတို့ကို ပြန်ပေးရမှာလဲ"

လှနှာက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် သူတို့က ပင်ပင်ပန်းပန်းယူလာခဲ့ရတယ် မဟုတ်လား"

လွှယ်လွှယ်သည် စကားမပြောတော့ဘဲ ခုတင်အောက်မှ အထုပ်တစ်ထုပ် ဆွဲထုတ်လိုက်ပြီး ငွေနှင်းဆီထံသို့ ပစ်ပေးလိုက်သည်။

ငွေနှင်းဆီက ထိုအထုပ်အား ကြည့်လိုက်သောအခါ ဝမ်းသာသွားလေသည်။

ထိုအထုပ်ထဲ၌ သူမ ပျောက်ဆုံးနေသော ကျောက်သံပတ္တမြားများပင် ဖြစ်နေလေသည်။

သူမသည် အနည်းငယ် ကြောင်အမ်းအမ်းဖြစ်သွားပြီးနောက် အထုပ်ကလေးအား ပိုက်ကာ အောက်ထပ်သို့ပြေးဆင်းသွားလေတော့သည်။

♣ ♣ ♣



လှနှာ

ထိုလှနှာသည် မည်သူနည်း။

ဖန်းဟုတို့လူစုသည် အဘယ်ကြောင့် သူ့အား ဤမျှကြောက်ရွံ့နေကြရသနည်း။

လွှယ်လွှယ်က မည်သူနည်း။

လီဖုံးအပါအဝင် ထိပ်တန်းသိုင်းသမားများသည် အဘယ်ကြောင့် သူမအား လာရောက်ရန်ရှာရသနည်း။

ဗေဒါကိုဏ်းချုပ်လီဖုံးသည် ကြီးနိုင်ငယ်ညှင်းလုပ်တတ်သောလူစားမျိုး မဟုတ်သည်မှာ အမှန်ပင်။

ထို့အပြင် ယင်းလှနှာသည် မည်သည့်ဝေဒနာများ စွဲကပ်နေသနည်း။

www.burmeseclassic.com

www.burmeseclassic.com



သူက အဘယ်ကြောင့် မိမိတို့လူစုအား အသာတကြည် ပြန်လွှတ်လိုက်သနည်း။

သူတို့သည် အဘယ်ကြောင့် ခေါင်လွန်းသော မြို့ကလေးမှာနေထိုင်ရသနည်း။

ဖန်းယီသည် ယင်းသို့ တစ်လမ်းလုံး တွေးလာသည်။

ငွေနှင်းဆီကလည်း အလွန်အံ့ဩနေ၏။

"သည့်သေခါနီးလူနာက ဘာဖြစ်လို့ သူတို့ရထားတဲ့ ကျောက်သံပတ္တမြားကို ပြန်ပေးတာလဲရှင်၊ နောက်ပြီး ကျွန်မတို့ကို အသာတကြည်လွှတ်လိုက်တာလည်း ကျွန်မ မယုံဘူး"

ကောင်းယုနှင့် ချင်းချင်းတို့ကလည်း သံသယများစွာဖြင့် နောက်မှလိုက်သွားလေသည်။

♣ ♣ ♣



နေရောင်ခြည်အောက်တွင် မြို့ကလေးသည် ကြည်နူးဖွယ် ရာကောင်းလှပေသည်။

သို့သော်...

နေမြင့်လာသည့်တိုင်အောင် အိမ်တိုင်းအိမ်တိုင်းမှာ တံခါး မဖွင့်ကြသေးပါ။

ပြတင်းပေါက်များပင် ပိတ်ထားနေသည်ကို အံ့ဩစွာတွေ့ ရသည်။

ပို၍အံ့ဩစရာကောင်းသည်မှာ လမ်းတစ်လျှောက်လုံး၌ လူသူတစ်ယောက်မျှ မတွေ့ရသောကြောင့်ဖြစ်သည်။

ငွေနှင်းဆီသည် အံ့ဩထိတ်လန့်စွာဖြင့် ရှေ့သို့ဆက် လျှောက်နေရာ ရုတ်တရက် ကောင်းယုက သူမအား ဟန့်တားလိုက် လေသည်။

ငွေနှင်းဆီ ထိတ်လန့်သွားသည်။

သူမသည် အထုပ်ကလေးအား တင်းကျပ်စွာပိုက်ထား လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာလုပ်မလို့လဲ"

ကောင်းယု သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းတို့ မိန်းကလေးတွေဟာ အတော်ခက်တာပဲ၊ အခုလို အချိန်မျိုးမှာ မင်းပစ္စည်းကို တို့ကလိုချင်ပါ့မလား"

ငွေနှင်းဆီ ပြုံးမိသည်။

"ဒါဖြင့် ရှင်က ဘာဖြစ်လို့ ကျွန်မကိုတားရသလဲ"

ကောင်းယုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းက ရှေ့ကိုသာဆက်လျှောက်သွားယင် မင်းပစ္စည်းသာမက အသက်ပါ ပါသွားလိမ့်မယ်ကွ"

ငွေနှင်းဆီက မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

ကောင်းယုက မဲ့ပြုံးပြုံးလိုက်သည်။

"ဘာဖြစ်ရမှာလဲ၊ ဖန်းဟုက တို့ကို အသာတကြည် လက်လွှတ်လိမ့်မယ်လို့ မင်းထင်နေသလား"

ငွေနှင်းဆီက...

"ရှင်ဆိုလိုတာက ဖန်းဟုတို့လူစုက သည်မြို့ကလေးကို ဝိုင်းရံပိတ်ဆို့ထားနေတယ် ဟုတ်လား"

ကောင်းယု ခေါင်းညိတ်လိုက်သည်။

"မြို့ထဲမှာ လူတစ်ယောက်မှ မရှိတာကိုတွေ့လိုက်ရတာနဲ့ မင်းနားလည်ဖို့ကောင်းတယ်"

ငွေနှင်းဆီသည် ရုတ်တရက် ထခုန်လိုက်သည်။



"ဒါကြောင့် သည်သေနာက ကျွန်မကို ကျောက်သံပတ္တမြားကိုပြန်ပေးလိုက်တာပေါ့"

ကောင်းယုကပြုံး၍ ခေါင်းညိတ်လိုက်လေသည်။

ငွေနှင်းဆီက အနည်းငယ် စဉ်းစားလိုက်သည်။

"ဒါဖြင့် ကျွန်မတို့ အခုဘယ်လိုလုပ်ကြမလဲ"

ကောင်းယုက ပြုံးလိုက်သည်။

"သည်မြို့ထဲမှာပဲ ခဏနေရဦးမှာပေါ့"

"ဘယ်မှာသွားနေရမှာလဲ၊ တော်ကြာ ဟိုလူနာမျိုးနဲ့များ ထပ်တွေ့ရယင်တော့ မစားသာဘူးရှင့်"

ကောင်းယုက ပြုံးလိုက်သည်။

"စိတ်ချ..သည်တစ်ခါ ကျုပ်ရှာပေးမယ့်နေရာဟာ အလွန်လုံခြုံပြီး စိတ်ချရမယ့်နေရာပါ"

ငွေနှင်းဆီ မျက်မှောင်ကုပ်သွားလေသည်။

"ဘယ်နေရာများပါလိမ့်"

ကောင်းယုက ပြုံးလိုက်သည်။

"ဆွေချစ်လိုတည်းခိုခန်းပေါ့"

ငွေနှင်းဆီ တခစ်ခစ် ရယ်မောလိုက်သည်။

"ရှင် သိပ်ဉာဏ်ကောင်းပါတယ်၊ ကျွန်မတို့ ဆွေချစ်လိုတည်းခိုခန်းသွားပြီး ပုန်းနေမယ်ဆိုတာ ဘယ်သူမှ တွေးမှာမဟုတ်ဘူး"

သူမသည် ဖန်းယီအား မျက်စောင်းတစ်ချက် ထိုးကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

"သူကော ကျွန်မတို့နဲ့အတူ လိုက်မှာတဲ့လား"

ကောင်းယုက ပြုံးလိုက်သည်။

"သူလည်း လိုက်မှာပါ"

သူသည် ဖန်းယီအား မေးလိုက်သည်။

"ဟုတ်တယ် မဟုတ်လား"

ဖန်းယီက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ် အခု ဘယ်ကိုမှသွားစရာလမ်းမှ မရှိတော့တာပဲဗျာ"

♣ ♣ ♣



ဆွေချစ်လိုတည်းခိုခန်းတွင် လူသူတစ်ဦးတစ်ယောက်မျှ မရှိပါ။

ဆိုင်ရှင်နှင့်ဆိုင်လုလင်များပါ လုံးဝမတွေ့ရပါချေ။

ဖန်းယီတို့လူစုသည် ဧည့်ခန်းထဲ၌ပင် စုရုံး၍နေရာယူထားကြလေသည်။

ငွေနှင်းဆီမှာမူ သူမ၏ကျောက်သံပတ္တမြားအတွက် စိတ်မချရသဖြင့် သူမ မူလနေထိုင်သော အခန်း၌ပင် နေရာယူထားလေသည်။

ကောင်းယုသည် ဖန်းယီအား တစ်ချက်ကြည့်လိုက်လေသည်။

"သည်မှာ ငါ့ညီ..လွယ်လွယ်ဆိုတဲ့ မိန်းကလေးဟာ တော်တော် အစဉ်အလာကြီးတဲ့ မိန်းကလေးတစ်ယောက်လို့ ခင်ဗျား ထင်မိသလား"

ဖန်းယီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်လည်း သည်လိုပဲတွေးနေမိတယ်ဗျ"

ကောင်းယုက မျက်မှောင်ကုပ်သွားပြီး..

"လူနာကိုကြည့်ရတာလည်း သိုင်းပညာအဆင့် တော်တော်မြင့်တဲ့လူတစ်ယောက်ဖြစ်တယ်လို့ သတိထားမိရဲ့လားဗျ"

ဖန်းယီ ပြုံးလိုက်သည်။

"ဟုတ်တယ်၊ ဒါကြောင့်လည်း ဖန်းဟုတို့လူစုက ဒါလောက် လူစုလူဝေးနဲ့လာပြီး ဝိုင်းထားကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းယု အနည်းငယ် စဉ်းစားလိုက်သည်။

"ကျုပ် အထင်မမှားဘူးဆိုယင် လွယ်လွယ်လည်းသိုင်းပညာ အဆင့်မနိမ့်ဘူးဗျ"

ထိုစဉ်...ငွေနှင်းဆီ ရောက်ရှိလာသည်။

သူမသည် တစ်ခစ်ခစ်ရယ်မောလိုက်ပြီး...

"သူ့ကို သိပ်လည်း အထင်မကြီးလိုက်ပါနဲ့ သူ့ကို ကျွန်မက ပါးရိုက်လိုက်တာ တွေ့တယ်မဟုတ်လား"

သူမသည် ပြောယင်း ပါးရိုက်သည့်ပုံဟန်ဖြင့် လက်မြှောက်ပြလိုက်သည်။

ရုတ်တရက် သူမသည် ကြောင်အမ်းအမ်းဖြစ်သွားသည်။

အကြောင်းမှာ သူမ၏ဖြူဖွေးနုနယ်သောလက်တစ်ဘက်သည် ညိုမည်းနေသည်ကို တွေ့ရသည်။

သူမသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့်....

"ဟင်...ကျွန်မလက် ဘာဖြစ်သွားသလဲ ကြည့်ကြစမ်းပါဦး"

ကောင်းယုနှင့် ဖန်းယီတို့သည် ပြိုင်တူ သူမလက်အား ကြည့်လိုက်မိလေသည်။

ကောင်းယုက ထိတ်လန့်အံ့ဩစွာဖြင့်...

"ဟောဗျာ...မဟုတ်မှလွဲရော မင်းလက်ဟာ အဆိပ်မိသွားပြီ"

ငွေနှင်းဆီက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ကျွန်မလက် ဘာဖြစ်လို့ အဆိပ်မိသွားရတာလဲ"



ကောင်းယုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းက လွယ်လွယ်ကို ပါးရိုက်လိုက်တယ် မဟုတ်လား"

ကောင်းယုစကားကြောင့် ငွေနှင်းဆီ သတိရလာလေသည်။

သူမသည် တုန်လှုပ်စွာဖြင့် ငိုကြွေးလိုက်လေသည်။

"ဘယ်လိုလုပ်ကြမလဲ၊ ကျွန်မကို ကယ်ပါဦး"

သူမသည် ပြောယင်း ကောင်းယုထံသို့ ချဉ်းကပ်လာလေသည်။

ကောင်းယုက နောက်သို့ ထိတ်လန့်စွာဆုတ်သွားယင်း...

"သည်အဆိပ်ကို ကျုပ်မဖြေနိုင်ဘူးဗျ"

ဖန်းယီက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းလက်ရဲ့အဆိပ်ကို ဖြေပေးနိုင်တဲ့လူ တစ်ယောက်ထဲရှိတယ်"

ငွေနှင်းဆီက ထိတ်ထိတ်ပျာပျာဖြင့်...

"ဘယ်သူလဲဟင် မြန်မြန်ပြောစမ်းပါ"

ဖန်းယီက သက်ပြင်းတစ်ချက် ချလိုက်သည်။

"လွယ်လွယ်ပေါ့"

ငွေနှင်းဆီသည် ထိုစကားကြားလိုက်ရသောအခါ ကြမ်းပေါ်သို့ ထိုင်ချလိုက်လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်

ငွေနှင်းဆီသည် သူမ၏လက်ကို ထိတ်လန့်တုန်လှုပ်စွာဖြင့် ကြည့်နေသည်။

သူမ၏ဖြူဖွေးနုနယ်သော လက်ကလေးသည် ယခု ညို မည်းပြီး ယောင်ကိုင်းနေ၏။

ဖန်းယီ ရင်ထိတ်သွားသည်။

"ဘယ်လိုဖြစ်သွားတာလဲဗျ"

ငွေနှင်းဆီ၏အသံသည် တုန်တုန်ယင်ယင်ဖြစ်နေလေ သည်။

"ကျွန်မ...ကျွန်မလည်း မသိဘူး၊ ဘာမှလည်း မခံစားရ ဘူး"



ကောင်းယုက မျက်မှောင်ကုပ်သွားသည်။

"မင်းလက်က လှုပ်နိုင်သေးရဲ့လား"

"လှုပ်တော့လှုပ်နိုင်ပါသေးတယ်၊ ဒါ..ဒါပေမယ့်.."

ကောင်းယုက ထင်းစတစ်စယူပြီး သူမ၏လက်အား ရိုက် ချလိုက်သည်။

သူက တအားရိုက်ချလိုက်သော်လည်း ငွေနှင်းဆီက မည် သို့မျှ မခံစားရပါချေ။

ကောင်းယုက မျက်မှောင်ကုပ်လိုက်သည်။

"မင်း နာသလား"

"မနာဘူး..လုံးဝမနာဘူး"

သူမသည် ယင်းသို့ပြောယင်း မျက်ရည်များစီးဆင်းကျလာ လေသည်။

မိမိ၏လက်သည် ယင်းသို့ ခံစားမှုလုံးဝမရှိလျှင် ယင်း လက်တစ်ဘက်သည် မည်သို့အသုံးပြုနိုင်ပါမည်နည်း။

ကောင်းယုက မျက်မှောင်ကုပ်သွားသည်။

သူသည် မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။

ဟင်းလီးဓားတစ်လက်တွေ့လိုက်သဖြင့် သူသည် မပြော မဆိုဘဲ ထိုဓားအား ကောက်ယူလိုက်ပြီး ငွေနှင်းဆီ၏လက်မောင်း အား ခုတ်ချလိုက်သည်။

သို့သော်...

ငွေနှင်းဆီ၏လက်မောင်းပေါ်၌ ဓားအစင်းရာတစ်ခု ပိုလာ

www.burmeseclassic.com

www.burmeseclassic.com



သည်ကိုသာတွေ့ရသည်။

သွေးတစ်စက်မျှ ထွက်လာခြင်းမရှိချေ။

ငွေနှင်းဆီသည် ထိုအချင်းအရာအား မြင်တွေ့လိုက်ရသည်နှင့် ဒိုင်ကြွေးလိုက်သည်။

"ချွမ်း"

ကောင်းယုသည် ဟင်းလိုးဓားအား မြေပေါ်သို့ ပစ်ချလိုက်လေသည်။

"ကောင်းကွာ..မင်းက သူ့ကိုပါးရိုက်လို့ ခံရတာခံပေါ့"

ငွေနှင်းဆီက...

"ဒါပေမယ့် ကျွန်မ သူ့ကိုပါးရိုက်တဲ့အခါမှာ ဘာမှမသိလိုက်ရပါလား"

ကောင်းယုက ခေါင်းခါယမ်းလိုက်သည်။

"မင်းကလည်း အဆိပ်ကို ကျွမ်းကျင်တဲ့လူတစ်ယောက်ပဲ၊ သူ့အဆိပ်က မသိမသာနဲ့သွေးကြောထဲ စိမ့်ဝင်လို့သာ မင်းက ဘာမှမသိဘဲနေတာ၊ သည်လိုအဆိပ်မျိုးမှ ကြောက်စရာကောင်းတာကွ"

ဖန်းယီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကဲ..ပြောနေကြာတယ်၊ သူ့ဆီသွားတောင်းပန်မယ်၊ သူ့ကြောင့်ဖြစ်ယင်တော့ သူက ဖြေဆေးပေးလိုက်မှာပဲ"

သူသည် ပြောယင်း အခန်းတံခါးဖွင့်လိုက်လေသည်။

ကောင်းယုက မကျေမနပ်ဖြစ်သွားသည်။

"ခင်ဗျား သူ့ကိုခေါ်သွားမလို့ ဟုတ်လား"



"ဟုတ်တယ်လေ"

"စဉ်းစားနော်၊ သည်လူနာနဲ့ မိန်းကလေးဟာ တစ်မျိုးကြီးပဲ၊ တို့အခုလို ဘေးမသီရန်မခတဲ့ ထွက်လာနိုင်ခဲ့တာ ကံကောင်းလှပြီ၊ အခု မင်းထပ်သွားဦးမလို့လားကွ"

ဖန်းယီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ခင်ဗျား သေမှာကို မကြောက်ဘူးလား"

"ကျုပ်က သေရမယ်ဆိုယင် အခုလောက်ဆို သေသွားတာကြာပြီ"

ကောင်းယုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"သူ့လို မိန်းမမျိုးကို မင်းက အသက်စွန့်ပြီး ကူညီသင့်သလားဗျ"

ဖန်းယီက ပြုံးလိုက်သည်။

"သူမှမဟုတ်ဘူး၊ ခင်ဗျားလည်း အခုလို ဒုက္ခနဲ့ရင်ဆိုင်ယင် ကျုပ်ကူညီမှာပါဗျာ"

ကောင်းယုက ခေါင်းခါယမ်းလိုက်သည်။

"သည်လူဟာ ရူးများရူးနေသလား"

ဟု တစ်ယောက်တည်း ညည်းညူလိုက်လေသည်။

♣ ♣ ♣

www.burmeseclassic.com



ဖန်းယီသည် တံခါးခေါက်ရန် ဟန်ပြင်လိုက်သောအခါ အခန်းထဲမှ အသံတစ်ခုထွက်ပေါ်လာလေသည်။

"တံခါးဖွင့်ထားပါတယ်ရှင်၊ ဝင်ကြပါ"

ငွေနှင်းဆီက...

"သူက တို့ပြန်လာမယ်လို့ ကြိုတင်တွက်ထားတာကိုး"

အခန်းထဲမှ လွယ်လွယ်၏အသံ ထွက်ပေါ်လာလေတော့သည်။

"ကျွန်မပြောပြီးပြီပဲ၊ ကျွန်မတို့ ဘယ်သူ့ဆီမှ အကူအညီ မတောင်းဘူး၊ ကျွန်မတို့ကိုလာပြီး အကူအညီတောင်းတဲ့ လူကိုသာ စောင့်နေတာရှင့်"

ဖန်းယီက အခန်းတံခါးတွန်းဖွင့်လိုက်ပြီး အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် လွယ်လွယ်၏အသံသည် အပေါ်ထပ်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ရှင်တို့ ဝင်လာယင် တံခါးကို မင်းတုံးမချပါနဲ့၊ တော်ကြာ ဧည့်သည်တွေ ရောက်လာမှာ"

ငွေနှင်းဆီက အံကိုတင်းတင်းကြိတ်လိုက်သည်။

"သည်ကောင်မလေးက နားတော်တော်ပါးပါလား"

ဤတစ်ကြိမ် သူမ၏ရင်ထဲ၌ ကြိတ်၍ပြောလိုက်ခြင်းဖြစ်သည်။

ဖန်းယီသည် သူမအား တစ်ချက် ခေါင်းညိတ်ပြလိုက်ပြီး အပေါ်ထပ်သို့ တက်သွားလေသည်။



ငွေနှင်းဆီက နောက်မှလိုက်သွားသည်။

လွယ်လွယ် ခုတင်အနီး၌ ထိုင်နေသည်။

သူတို့ တက်လာသည်ကို လှည့်ပင်မကြည့်ပါ။

ငွေနှင်းဆီက အနီးသို့ကပ်သွားပြီး ဦးညွှတ်လိုက်လေသည်။

"ညီမလေး...ခုနက အစ်မကြီးက မဆင်မခြင် ရိုက်မိတာ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

လွယ်လွယ်က အေးတိအေးစက်ဖြင့်...

"မလိုပါဘူးရှင်၊ ကျွန်မ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး"

ငွေနှင်းဆီသည် ဝေဒနာရှင်အဘိုးအိုအား ဒူးထောက် တောင်းပန်လိုက်သည်။

"ကျွန်မကိုကယ်ပါ ဦးလေး၊ ကျွန်မ တစ်သက်လုံး ကျေးဇူး မမေ့ပါဘူး"

ဝေဒနာရှင်က မျက်လွှာပင့်၍ သူမအား ကြည့်လိုက်လေသည်။

"မင်းက 'မာနမင်းသမီး' ရဲ့တပည့်မဟုတ်လား"

ငွေနှင်းဆီ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ကျွန်မ...ကျွန်မ"

လူနာက စကားဆက်လိုက်ပြန်သည်။

"မင်းဟာ မာနမင်းသမီးရဲ့တပည့် မဟုတ်လား"

ငွေနှင်းဆီက သူ့အား အတန်ကြာစိုက်ကြည့်လိုက်ပြီး...

"မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



လူနာက ငွေနှင်းဆီအားကြည့်ကာ…

"နှမြောဖို့ကောင်းလိုက်တာ"

ငွေနှင်းဆီ အံ့ဩသွားသည်။

"ဘာတွေ နှမြောစရာကောင်းလို့လဲ ဦးလေး"

လူနာသည် စကားမပြောတော့ဘဲ မျက်လွှာချထားလိုက်ပြန်သည်။

အတန်ကြာမှ လွှယ်လွှယ်က စကားပြောလိုက်သည်။

"မာနမင်းသမီးရဲ့သိုင်းပညာကို သင်ကြားတဲ့လူမှန်သမျှဟာ မာနမင်းသမီးရဲ့တပည့်ဖြစ်ရမယ်၊ အခုတော့ ဝန်မခံတာဟာ သစ္စာဖောက်ရာမရောက်ဘူးလားရှင့်"

ငွေနှင်းဆီက အသံတုန်တုန်ယင်ယင်ဖြင့်…

"ညီမက ဘာပြောတယ်"

လွှယ်လွှယ် ပါးစပ်ပိတ်ထားလေသည်။

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်နေလေသည်။

ငွေနှင်းဆီသည် လွှယ်လွှယ်အား ကြည့်လိုက်သည်။

တဖန် လူနာအားကြည့်လိုက်ပြီး တစ်ကိုယ်လုံး မသိမသာ ခိုက်ခိုက်တုန်အောင် ချမ်းစိမ့်လာလေသည်။

ရုတ်တရက် ကောင်းယု၏အသံကို ကြားလိုက်ရလေသည်။

"နှမြောလိုက်တာဗျာ၊ မင်းက မာနမင်းသမီးရဲ့တပည့်လို့ ဝန်ခံလိုက်ယင် သူတို့က မင်းကို အဆိပ်ဖြေဆေးပေးမှာပေါ့"

ငွေနှင်းဆီက…



"ဘာဖြစ်လို့လဲရှင့်"

ကောင်းယုက…

"အခုထိ သည်မိန်းကလေးဟာ ဘယ်သူလဲဆိုတာ မင်းမသိသေးဘူး ဟုတ်လား"

ငွေနှင်းဆီက…

"သူက ဘယ်သူလဲ"

ကောင်းယုက ပြုံးလိုက်သည်။

"သူက မာနမင်းသမီးရဲ့သမီးပေါ့"

သူသည် ပြောယင်း လွှယ်လွှယ်အား ဦးညွှတ်၍အလေးပြုလိုက်လေသည်။

"အခုလို မာနမင်းသမီးရဲ့သမီးကို တွေ့ရတဲ့အတွက် ဝမ်းသာဝမ်းယူမိပါတယ်ခင်ဗျာ"

ဖန်းယီသည် ထိုစကားကြားလိုက်ရသောအခါ အံ့ဩတုန်လှုပ်သွားလေသည်။

ငွေနှင်းဆီက မျက်လုံးပြူးကျယ်သွားသည်။

သူသည် လွှယ်လွှယ်ရှေ့သို့ ဒူးထောက်လိုက်ပြီး…

"ညီမက မာနမင်းသမီးရဲ့သမီး ဟုတ်လား"

လွှယ်လွှယ်က ဟန်မူရာကင်းမဲ့စွာဖြင့် ဆိတ်ဆိတ်နေလိုက်လေသည်။

ငွေနှင်းဆီက မျက်မှောင်ကုပ်သွားသည်။

"မဟုတ်သေးဘူး။ မာနမင်းသမီးကွယ်လွန်သွားတာ အနှစ်

www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ်လောက်ရှိပြီ၊ သူဟာ မာနမင်းသမီးရဲ့ သမီး မဖြစ်နိုင်ဘူး”

ကောင်းယုက သက်ပြင်းတစ်ချက်ချလိုက်သည်။

“သိုင်းလောကမှာ လျှို့ဝှက်ချက်တွေဟာ ဒုနဲ့ဒေးပါ၊ မင်းက အသက်ငယ်ငယ်နဲ့ ဘာသိလို့လဲ”

ငွေနှင်းဆီက..

“ရှင်..ရှင်သိလို့လား”

ကောင်းယုက...

“သိတော့သိတယ်၊ မပြောဝံ့ဘူး”

လူနာက မျက်လုံးဖွင့်ကြည့်လိုက်သည်။

“မင်းသိရက်နဲ့ ဘာဖြစ်လို့ မပြောဝံ့တာလဲ”

ကောင်းယုက လူနာအား ရိုသေစွာ ဦးညွှတ်လိုက်သည်။

“ဦးက ပြောခွင့်ပေးယင် ကျွန်တော် ပြောချင်ပါတယ်”

ထိုစကားများကို ကြားလိုက်ရသော ဖန်းယီသည် စိတ်ဝင်စားစွာဖြင့် နားစွင့်နေလေသည်။

ကောင်းယုက တစ်လုံးချင်းပြောလိုက်သည်။

“တဆင့်စကားတဆင့်ကြားတဲ့အတိုင်း အခုနှစ်ပေါင်းသုံးဆယ်၊ လေးဆယ်အတွင်းမှာ သိုင်းလောက လျှို့ဝှက်ချက်သုံးခုရှိပါတယ်”

ခဏနား၍ စကားဆက်လိုက်သည်။

“အဲသည်လျှို့ဝှက်ချက်သုံးခုအနက် မာနမင်းသမီး သေ၊ မသေဆိုတဲ့ လျှို့ဝှက်ချက် ပါတယ်ဗျ”



လူနာ ခေါင်းညိတ်လိုက်သည်။

“မင်းပြောတာ မှန်တယ်”

ကောင်းယုက...

“မာနမင်းသမီးက တကယ်တော့ မသေသေးဘဲ တစ်နေရာမှာ ဇာတ်မြှုပ်နေတယ်လို့ တခြားသတင်းတစ်ခု ထွက်ပေါ်လာပါသေးတယ်၊ တချို့လူတွေကတော့ မာနမင်းသမီး အသက်ရှင်နေသေးပြီး ဇာတ်မြှုပ်နေတယ်ဆိုတဲ့သတင်းကို လက်ခံယုံကြည်ကြပါတယ်”

အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

ကောင်းယုက စကားဆက်လိုက်သည်။

“မာနမင်းသမီးရဲ့ ကိစ္စဟာ အတော်လျှို့ဝှက်ခဲ့ပေမယ့် သူ့ရဲ့ကိစ္စဟာ တဖြည်းဖြည်းပေါ်ပေါက်လာတယ်၊ လူသိများလာတယ်၊ အဲဒါဟာ အရှေ့မြို့စားကြီးဆီက စတာလို့ ဆိုကြပါတယ်”

ဖန်းယီ လှုပ်လှုပ်ရှားရှားဖြစ်လာလေသည်။

လူနာက...

“ဆက်ပြော”

လက်ဝှေ့ယမ်းကာ ပြောလိုက်လေသည်။

ကောင်းယုက....

“အရှေ့မြို့စားဟာ ‘ပူးဒေါ်လေး’၊ ‘အရိုပ်တောင်ကြား’၊ ‘ဥက္ကာပျံ’၊ ‘ကောင်းကင်ဂိုဏ်းချုပ်’ တို့လို သိုင်းလောကအပြီးသိုင်းသမားကြီးတွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်တယ်၊ သူတို့ဟာ တခြားလူတွေလို မာနမင်းသမီးရဲ့ သိုင်းကျမ်းကို ရယူချင်ကြသူ

www.burmeseclassic.com



တွေ မဟုတ်ပါဘူး၊ မာနမင်းသမီးနဲ့ သူတို့ ဘယ်သူက သိုင်းပညာ ပိုသာတယ်ဆိုတာ သိရအောင် ယှဉ်ပြိုင်ချင်ကြတာပါ"

လူမမာက...

"သူတို့က မာနမင်းသမီးကို လိုက်ရှာခဲ့ကြတယ်ဆိုတော့ တွေ့ကောတွေ့ကြသလား"

"တွေ့ပါတယ်"

ကောင်းယု၏စကားကြောင့် ဖန်းယီ မအောင့်အည်းနိုင်တော့ဘဲ လွှတ်ခနဲ မေးလိုက်လေသည်။

"ဒါဖြင့် မာနမင်းသမီး တကယ်မသေသေးဘဲ အသက်ရှင်နေသေးတာပေါ့"

"ဟုတ်ပါတယ်ဗျာ"

"သူက လိုက်ရှာခဲ့ကြတဲ့ ထိပ်သီးသိုင်းပညာရှင်တွေကို လက်ခံပြီး သိုင်းပညာယှဉ်ပြိုင်ခဲ့တာပဲလား"

ဖန်းယီက ထပ်မေးလိုက်လေသည်။

ကောင်းယုက....

"သူတို့ဟာ..."

ဖန်းယီ၏အမေးကိုဖြေရန် ဟန်ပြင်လိုက်စဉ်...

"နေဦး"

လူမမာက ဟန့်တားလိုက်လေသည်။

ကောင်းယုက...

"ဦးက ဘာများပြောချင်လို့လဲဗျာ"



လူမမာက...

"အရှေ့မြို့စားတို့လူစုကို မင်းက သိုင်းလောကထိပ်သီး စာရင်းဝင် သိုင်းသမားကြီးတွေလို့ ပြောချင်နေတာလား"

"အားလုံးက သည်လိုပဲ ပြောကြပါတယ်ခင်ဗျာ"

"အဲဒါ မှားနေတယ်"

"ဗျာ"

"သူတို့ဟာ သိုင်းထိပ်သီးဆိုတဲ့စကားနဲ့ တန်တာမဟုတ်ဘူး"

ကောင်းယု ပါးစပ်ပိတ်ထားလိုက်လေသည်။

လူမမာက...

"သိုင်းလောကမှာ တကယ်ပြိုင်ဘက်ကင်းတဲ့ သိုင်းသမားတစ်ယောက်ပဲရှိတယ်၊ သူဟာ ထိပ်သီးသုံးဖော်ထဲမှာ ပါဝင်တဲ့ အညတရသိုင်းသမားပဲ"

ဖန်းယီ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

သူ၏ဖခင် ဖန်းဟုသည် သိုင်းထိပ်သီးသုံးဖော်၌ ပါဝင်သူဖြစ်လေသည်။

ကျန်နှစ်ယောက်မှာ အညတရသိုင်းသမားနှင့် ရှင်ဖျော်ဖျော် အဘိုးအိုတို့ဖြစ်ကြသည်။

ဖခင်၏မိတ်ဆွေတစ်ယောက်က ပြိုင်ဘက်ကင်းသည်ဖြစ်နေသည်မှာ ဝဏ်ယူစရာကောင်းသော်လည်း အညတရသိုင်းသမားနှင့် ရှင်ဖျော်ဖျော်အဘိုးအိုတို့သည် ဖခင်ကြီးနှင့် သာအောက်အသွယ်

www.burmeseclassic.com



ရှိပြီး ဖန်းယီ တွေ့မြင်ဖူးခြင်းပင် မရှိခဲ့ပေ။

ကောင်းယု သက်ပြင်းချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အရှေ့မြို့စားတို့ဟာ မာနမင်းသမီးနဲ့ရင်ဆိုင်ခဲ့ကြတာ အမှန်ပါပဲ"

လူနာက ပြုံးလိုက်သည်။

"သည်အကြောင်းနဲ့ ပတ်သက်ပြီး မင်းတို့သိပ်သိချင်သလား"

ကောင်းယုက...

"ဟုတ်ကဲ့...ဦးက ပြောပြမယ်ဆိုယင်တော့ သိချင်ပါတယ်"

လူနာက တစ်လုံးချင်းပြောချလိုက်လေသည်။

"သည်လူတွေကို ကျုပ်က သတ်ပစ်လိုက်တာ"

သူ့စကားကြောင့် ဖန်းယီတို့သည် မယုံကြည်နိုင်စွာဖြင့် လူနာအား ကြည့်မိလေသည်။

လူနာက သက်ပြင်းချလိုက်ပြီး...

"အင်း...မေတ္တာတရားဟာ တော်တော်ကို ဆန်းကြယ်တယ်ကွယ့်၊ လူတစ်ယောက်ဟာ တစ်ယောက်ယောက်ကို အသည်းစွဲချစ်မိယင်လည်း ဘဝတစ်လျှောက်လုံးမှာ ဒုက္ခခံစားရတတ်တယ်"

လူနာသည် မည်သည့်ရည်ရွယ်ချက်ကြောင့် ယင်းသို့ပြောသည်ကိုမူ ဖန်းယီက နားမလည်ပါ။

ကောင်းယုကလည်း မမေးပါ။

လူနာက စကားဆက်လိုက်သည်။



"သည်လိုကွယ့်၊ လွယ်လွယ်ဟာ အရှေ့မြို့စားရဲ့သား ထိကျို့ကို အသည်းစွဲချစ်ခဲ့တယ်"

သူသည် လွယ်လွယ်အား တစ်ချက်ကြည့်လိုက်ပြီး...

"လွယ်လွယ်ဆိုတာ မာနမင်းသမီးရဲ့ငယ်နာမည်ပါ၊ လွယ်လွယ်ရဲ့မိခင်ပေါ့၊ လွယ်လွယ်ဟာ ထိကျို့နဲ့ချစ်ကြိုက်ပြီးနောက် သိုင်းလောကတစ်ခုလုံးကို စွန့်လွှတ်ပြီး သည်မြို့ကလေးမှာလာပြီး နေထိုင်ခဲ့ပါတယ်"

သူသည် လွယ်လွယ်အား တစ်ချက်ကြည့်လိုက်သည်။

လွယ်လွယ်သည် ခေါင်းငုံ့ထားသည်။

သူ့မျက်ဝန်းအစုံတွင် မျက်ရည်များ စီးဆင်းကျလာလေသည်။

လူနာက သက်ပြင်းတစ်ချက်ချလိုက်သည်။

"လွယ်လွယ်ဟာ လွယ်လွယ်ကိုမွေးပြီးတဲ့နောက် တစ်နှစ်လောက်မကြာမီ သူဟာ ရောဂါဖိစီးသွားတာပဲ၊ အလွန်ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ဟာ အိုမင်းရင့်ရော်လာတော့တာပေါ့လေ၊ အဲသည်တော့ ထိကျို့ဟာ လွယ်လွယ်အပေါ် စိတ်ထားပြောင်းသွားပြီး တခြားမိန်းမတစ်ယောက်နဲ့ ဆက်ဆံသွားလာနေတော့တာပဲ"

ငွေနှင်းဆီက ထိုစကားကြားရသောအခါ ဒေါသချောင်းချောင်း ထွက်လာလေသည်။

"တော်တော်သစ္စာမဲ့တဲ့ ယောကျ်ားပဲ"

www.burmeseclassic.com

www.burmeseclassic.com



လူနာက စကားဆက်လိုက်သည်။

"ထိကျို့ဟာ လွယ်လွယ်ကို စွန့်လွှတ်ချင်တာနဲ့ သူ့အဖေ အရှေ့မြို့စားဆီ စာရေးတယ်၊ ဒါကြောင့် အရှေ့မြို့စားက လူတွေစု ပြီး သည်ကိုရောက်လာတာပေါ့"

ကောင်းယုက ကြားဖြတ်ပြောလိုက်သည်။

"ဒါဖြင့် ဦးက သည်ကို ဘယ်လိုလုပ်ရောက်လာပြီး သူတို့ နဲ့ရင်ဆိုင်ရတာလဲ"

လူနာက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျုပ်ကလည်း အကြောင်းတစ်ခုနဲ့ သည်ကိုရောက်လာ တာ၊ မမျှော်လင့်ဘဲ သူတို့လူများစုက လွယ်လွယ်တစ်ယောက် တည်းကို ရက်ရက်စက်စက် ဝိုင်းပြီးတိုက်ခိုက်သတ်ဖြတ်နေတာတွေ့ လို့ ကျုပ်က သူတို့ကို တိုက်ခိုက်ပြီး သည်မိန်းကလေးကိုခေါ်ပြီး မွေး စားရတာပေါ့ကွယ်"

သူသည် ယင်းသို့ပြောပြီးသည့်နောက် မျက်လုံးမှိတ်ထား လေသည်။

ဖန်းယီသည် ရင်ထဲမှ ခံစားရသည့်မေးခွန်းများကိုမေးရန် ဝါးစပ်ဟလိုက်သည်။

လွယ်လွယ်က မျက်ရည်များသုတ်လိုက်ပြီး...

"ဆန်ပြုတ်တော့ ကျက်လောက်ပါပြီ၊ ရှင်တို့တော့ ဗိုက်ဆာ နေမယ် ကျွန်မသွားယူဦးမယ်"

လွယ်လွယ်က သေသွားပြီလော။



လွယ်လွယ်၏ဖခင် ထိကျို့ကော သေသွားပြီလော။

ထိုမေးခွန်းများကို ကောင်းယုက မေးချင်သည်။

သို့သော်...

လူနာက မျက်လုံးမှိတ်ထားပြီဖြစ်၍ မမေးတော့ပါ။

ထိုစဉ်မှာပင် တံခါးခေါက်သံတစ်ချက် ကြားလိုက်ရလေ တော့သည်။

တဆက်တည်းမှာပင် လူတစ်ယောက်၏အသံ ထွက်ပေါ် လာလေသည်။

"အိမ်ရှင်တို့ ကျွန်တော် စားပေးစရာရှိလို့ပါ"

လွယ်လွယ်က ဆန်ပြုတ်ပန်းကန်များ ချပေးယင်း မျက် မှောင်ကုပ်သွားသည်။

"ဘယ်သူများပါလိမ့်၊ ဘာစာတွေပါလိမ့်"

သူမသည် ပြောယင်း အောက်ထပ်သို့ဆင်းသွားလေ တော့သည်။

လူနာက မျက်လုံးဖွင့်လိုက်လေသည်။

"သည်လူက ကိုယ်ဖော့ပညာနဲ့အတွင်းအား မညံ့ဘူးကွယ့်၊ သူ့ကိုတားမရယင် အပေါ်ထပ်ကိုလွှတ်လိုက် ကြားလား"

"ဟုတ်ကဲ့ ဘဘ"

လွယ်လွယ်သည် ယင်းသို့ပြောယင်း ထွက်သွားလေသည်။

ဖန်းယီကလည်း နောက်မှလိုက်ဆင်းသွားလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်က တံခါးဖွင့်လိုက်သောအခါ ခရမ်းရောင်ဝတ်ဆင်ထားသော လူတစ်ယောက်ကို တွေ့ရလေသည်။

လွယ်လွယ်က...

"ရှင်က စာပို့ဖို့လာတာဟုတ်လား၊ ဘယ်မှာလဲစာ"

ထိုလုလင်က ပြုံးလိုက်သည်။

"သည့်စာကို မင်းကိုပေးလို့မဖြစ်ဘူး၊ ကျုပ်ကိုယ်တိုင် မင်းဘဘလက်ထဲ အပ်ရလိမ့်မယ်"

လွယ်လွယ်က ပြုံးလိုက်လေသည်။

"ရှင်က မပေးချင်လည်း ပြန်ယူသွားပါ၊ အထဲကိုတော့ အဝင်မခံနိုင်ဘူး"

ထိုလုလင်က ရယ်မောလိုက်သည်။

"ကဲပါလေ၊ ကျုပ်က မင်းကိုပေးယင် မင်းကလက်ခံနိုင်ပါ့မလား"

သူသည် ပြောယင်း အိတ်ထဲမှစာတစ်စောင် ထုတ်လိုက်ပြီး လှမ်းပေးလိုက်လေသည်။

သို့သော်...

သူက ရိုးရိုးပေးလိုက်ခြင်း မဟုတ်ပါ။

အတွင်းအားကို အသုံးပြုလိုက်ခြင်းဖြစ်သည်။

ဖန်းယီသည် ရှေ့သို့ ဗာစ်လှမ်းလှမ်းလိုက်သည်။

လုလင်ပေးသောစာကို လှမ်းယူလိုက်သည်။

သို့သော် ထိုလုလင်၏ခန္ဓာကိုယ်သည် သွက်လက်ပေါ့ပါးစွာ



ဖြင့် တစ်ဘက်သို့ရှောင်တိမ်းသွားသည်။

တဆက်တည်းမှာပင် သူ့ခန္ဓာကိုယ်သည် အပေါ်ထက်သို့ ခုန်တက်သွားသည်ကို တွေ့ရလေသည်။

ဖန်းယီနှင့်လွယ်လွယ်တို့သည် ထိတ်လန့်တုန်လှုပ်သွားပြီး အပေါ်ထပ်သို့ ကပျာကယာ ပြေးတက်သွားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီနှင့် လွယ်လွယ်တို့သည် အပေါ်ထပ်သို့ ရောက်လာသောအခါ ထိုလုလင်က စာတစ်စောင်အား လူနာလက်သို့ လှမ်းပေးနေသည်ကို တွေ့ရလေသည်။

လွယ်လွယ် ရင်ထိတ်သွားသည်။

"ဘသား...သူ့လက်ကို သတိထား"

ဟု သတိပေးလိုက်သည်။

သူမ၏စကားမဆုံးမီ လူနာသည် လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ လုလင်၏လက်ထဲမှစာသည် သူ့လက်ထဲသို့ ရောက်သွားလေသည်။

လုလင်က မျက်နှာကွက်ခနဲ ပျက်သွားပြီး နောက်သို့ခြေလှမ်းသုံးလှမ်း ဆုတ်လိုက်သည်။

"ကျုပ်ကို သွားခွင့်ပြုပါဦး"

သူသည် ယင်းသို့ပြောပြီး နောက်သို့ဆုတ်သွားကာ လွယ်လွယ်အနီးသို့ ရောက်ရှိသောအခါ လျှပ်တပြက် လွယ်လွယ်၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားလိုက်သည်။

လွယ်လွယ်က မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားသည်။

"ဘ...ဘ"

လုလင်က အခန်းသို့ တစ်ချက်ဝှေ့ကြည့်လိုက်ပြီး...

"သည်ကလေးမ အသက်မသေစေချင်ယင် အားလုံးငြိမ်ငြိမ်နေကြပါ။ ကျုပ်က သူ့ကိုလူတစ်ယောက်ဆီ ခေါ်သွားပြီး မကြာခင်



ပြန်ပို့ပေးမှာပါ"

သူသည် ထိုသို့ပြောပြီး လှေကားရှိရာသို့လျှောက်သွားလေသည်။

ဖန်းယီနှင့်ကောင်းယုတို့သည် မည်သို့မျှ မလှုပ်သာတော့ဘဲ ကြောင်၍သာကြည့်နေ၏။

လူနာက အေးတိအေးစက်လေသံဖြင့်...

"မင်းက သူ့ကို ဘယ်သူ့ဆီခေါ်သွားမှာလဲ"

လုလင်က...

"ကျုပ် ဆရာဆီပါ"

လူနာက အေးတိအေးစက်ဖြင့် ပြုံးလိုက်သည်။

"သူက တွေ့ချင်ယင် သည်မှာလာတွေ့ပါလို့ ပြောလိုက်ပါ"

သူ စကားဆုံးသွားသည်နှင့် သူ၏ခန္ဓာကိုယ်သည် ရုတ်တရက် ခုတင်ပေါ်မှထလိုက်ပြီး လုလင်ထံသို့ ခုန်အုပ်လိုက်လေသည်။

လုလင်က မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူသည် ဟန့်တားရန် အသင့်ပြင်လိုက်စဉ်မှာပင် လူနာသည် သူ့လက်ကောက်ဝတ်အား ဖမ်းဆုပ်လိုက်ပြီး...

"သွားစမ်း"

ဟုအော်ယင်း ပြတင်းပေါက်သို့ ပစ်ပေါက်လိုက်လေ၏။

"ဝုန်း"

"အား"

www.burmeseclassic.com

www.burmeseclassic.com



လုလင်၏ခန္ဓာကိုယ်သည် လွင့်စဉ်သွားပြီး ပြတင်းပေါက်တံခါးကို ဝင်ရောက်ဆောင့်မိကာ အောက်သို့ကျသွားလေသည်။

လူနာသည် သူ၏ခုတင်ပေါ်သို့ ပြန်လည်ရောက်သွားပြီးလှဲချလိုက်လေသည်။

♣ ♣ ♣

ဖန်းယီနှင့်ကောင်းယုတို့သည် လူနာ၏လှုပ်ရှားမှုအား တွေ့မြင်လိုက်ရသည်နှင့် အံ့သြသွားသည်။

လွယ်လွယ်က လူနာလက်ထဲမှစာကို လှမ်းယူလိုက်ပြီး...

"ဘာ သည်စာထဲမှာ ဘာတွေရေးထားတာလဲဆိုတာ ဖတ်ကြည့်ရအောင်"

လူနာက ခေါင်းညိတ်လိုက်သည်။

"အေး...အားလုံးကြားအောင် ဖတ်ပြစမ်းပါ"

လွယ်လွယ်သည် စာအိတ်ကိုဖောက်လိုက်ပြီး စာကိုတစ်ခေါက်ကြည့်လိုက်ပြီးမှ အသံကျယ်လောင်စွာဖြင့် ဖတ်လိုက်သည်။

"ဦးခင်ဗျာ"

"ခင်ဗျားရဲ့သတင်းကို မကြားရတာ အတော်ကြာသွားပါပြီ၊ အခုမှပဲ သည်နေရာမှာလာပြီး အနားယူတယ်ဆိုတာ သိရပါတယ်၊ ခင်ဗျားနဲ့အတူ နေထိုင်တဲ့ မိန်းကလေးဟာ မာနမင်းသမီးရဲ့သမီး ဖြစ်လို့ ကျုပ်တို့က အလိုရှိနေပါတယ်၊ ဒါကြောင့် သည်နေ့ညသန်း



ခေါင်ယံမှာ ကျုပ်တို့လာပြီးတော့ တွေ့ပါမယ်ခင်ဗျာ။

ပုံ

ဖန်းဟုနှင့်အဖော်ဆယ့်နှစ်ယောက်

လွယ်လွယ်က ယင်းသို့ဖတ်ပြပြီးနောက် လူနာက မဲ့ပြုံးပြုံးလိုက်သည်။

"ဖန်းဟုတို့က ဘာကောင်တွေလဲ၊ ကျုပ်နဲ့တွေ့ဖို့ အချိန်တွေ တောင်ချိန်းထားနေပါလား"

လွယ်လွယ်က အသံတိုးတိုးဖြင့်...

"ဖန်းဟုက အခုလိုလာပြီး ချိန်းရတယ်ဆိုတာ သူ့မှာအားကိုးရမယ့်လူ ရှိနေလို့နဲ့တူတယ်" -

လူနာက ခေါင်းညိတ်လိုက်ပြီး မျက်လုံးမှိတ်ထားလိုက်လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ လူနာက မျက်လုံးဖွင့်လိုက်သည်။

"လွယ်လွယ်...တို့ကလည်း စာတစ်စောင် ပြန်ရေးလိုက်ယင် ကောင်းမယ် ထင်တယ်"

လွယ်လွယ်က မျက်မှောင်ကုပ်သွားသည်။

"ကျွန်မတို့ဆီမှာ စာရေးဖို့စာရွက်မှ မရှိဘဲ"

လူနာက ပြုံးလိုက်သည်။

"ဒါဖြင့် မင်းကိုယ်တိုင် သွားပြောလိုက်၊ ကျုပ် သည်မှာ စောင့်နေမယ်လို့"

လွယ်လွယ်က ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မသွားဘူး"

လူနာက မျက်မှောင်ကုပ်သွားသည်။

"မင်း ဘာဖြစ်လို့ မသွားချင်တာလဲ"

လွယ်လွယ်က ကောင်းယုနှင့် ငွေနှင်းဆီတို့အား တစ်ချက်ကြည့်လိုက်ပြီး...

"သူတို့ကို စိတ်မချလို့"

ဖန်းယီက ပြုံးလိုက်သည်။

"ဒါဖြင့် ကျုပ်ကပဲ သွားပြောပေးပါ့မယ်"

လူနာက သူ့အား တစ်ချက်ကြည့်လိုက်ပြီး...

"မင်းသွားမယ် ဟုတ်လား"

ဖန်းယီက ပြုံးလိုက်သည်။

"ကျုပ်သွားလို့ဖြစ်ယင်တော့ သွားပေးပါ့မယ်"



လူနာက သူ့အားစိုက်ကြည့်လိုက်ပြီး...

"မင်း ငါ့ဆီလာစမ်း"

ဖန်းယီက သူ့အနီးသို့ လျှောက်သွားလေသည်။

လူနာက သူ့အားလက်ယပ်ခေါ်လိုက်ရာ ဖန်းယီသည် လူနာ၏မျက်နှာရှိရာသို့ ခေါင်းငုံ့ထားလိုက်လေသည်။

လူနာသည် ဖန်းယီ သူ့နားသို့ကပ်ရန် တိုးတိုးပြောလိုက်လေသည်။

ဖန်းယီ၏မျက်နှာတစ်ခုလုံးသည် ရွှင်လန်းသည့်အရိပ်အရောင်များ ပေါ်လွင်လာသည်။

သူသည် ရိုသေစွာဦးညွှတ်လိုက်ပြီး...

"ကျေးဇူးတင်ပါတယ်ဗျာ"

လူနာက ပြုံးလိုက်သည်။

သူ့လက်တစ်ဘက်သည် လေထဲ၌ ဝှေ့ယမ်းနေ၏။

သူဝှေ့ယမ်းလိုက်သော ပုံဟန်များမှာ အကြီးအသေး အရွယ်မတူသော စက်ဝိုင်းများစွာ ရေးခြစ်နေသည်ကိုတွေ့ရလေသည်။

အတန်ကြာမှ...

"ကဲ...မင်း သဘောပေါက်ပြီလား"

ဖန်းယီက မျက်လုံးမှိတ်ထားပြီး အတန်ကြာစဉ်းစားလိုက်သည်။

ထို့နောက်...

လူနာညွှန်ပြသည့်အတိုင်း လေထဲ၌ စက်ဝိုင်းများစွာကို ရေး

www.burmeseclassic.com



ဖြစ်ပြလိုက်လေသည်။

အတန်ကြာမှ သူက ရပ်တန့်လိုက်ပြီး...

"သည်လိုဟုတ်လား ခင်ဗျာ"

လူနာက ပြုံးလိုက်သည်။

"ဖြစ်ပြီ မင်းသွားနိုင်ပါပြီ"

ဖန်းယီက ဦးညွှတ်လိုက်ပြီး ချာခနဲလှည့်ကာ လှေကားပေါ်မှဆင်းသွားလေတော့သည်။

အခြားလူများက ဖန်းယီနှင့်လူနာတို့ မည်သည့်အကြောင်းအရာများ ပြုလုပ်နေသည်ကို မသိလိုက်ကြရသော်လည်း ကောင်းယုမှာမူ လူနာက ဖန်းယီအား အလွန်ထူးဆန်းသော သိုင်းကွက်တစ်ကွက် သင်ကြားလိုက်သည်ကို သဘောပေါက်နားလည်လိုက်သည်။

သူသည် ဖန်းယီက ဤမျှ လျင်မြန်စွာ တတ်မြောက်သည်ကိုလည်း ကျိတ်၍ချီးကျူးမိလေသည်။

♣ ♣ ♣



ဖန်းယီ ထွက်သွားပြီးနောက် ငွေနှင်းဆီသည် လွယ်လွယ်ရှေ့သို့ ဒူးထောက်လိုက်သည်။

"ညီမလေး..အစ်မကြီးကိုကယ်ပါ၊ အစ်မကြီးရဲ့အပြစ်ကိုလည်းခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

လွယ်လွယ်က အေးတိအေးစက်ဖြင့်...

"နေပါဦး..ရှင်က မာနမင်းသမီးဆိုက ပညာရပ်ရခဲ့တယ်ဆိုတာ ဝန်ခံပြီလား"

ငွေနှင်းဆီ ခေါင်းငုံ့လိုက်သည်။

"ဟုတ်ကဲ့....ကျုပ်ဝန်ခံပါတယ်"

လွယ်လွယ်က မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်က အခုမှဝန်ခံယင် နောက်ကျမနေဘူးလား"

ငွေနှင်းဆီက ခေါင်းငုံ့ထားလိုက်သည်။

လွယ်လွယ်က သူမအား အတန်ကြာစိုက်ကြည့်လိုက်ပြီးမှ...

"ရှင့်ကို ကျွန်မ ဘယ်အခါမှ အကူအညီမတောင်းဘူး အခုတော့ ရှင်ဟာ ကျွန်မဆီလာပြီး အကူအညီတောင်းတယ်ဆိုတာ သေသေချာချာ မှတ်ထားပါ"

ငွေနှင်းဆီသည် ကြမ်းပေါ်သို့လှဲချလိုက်ပြီး ငိုကြွေးလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မွန်းတည့်ချိန်ဖြစ်သည်။

နေရောင်ခြည်သည် ထွန်းလင်းသာယာလျှက်ရှိသည်။

သို့သော်…

ဤမြို့ကလေးသည်တိတ်ဆိတ်၍ ချောက်ချားနေ၏။

အထူးသဖြင့် လူရိပ်များပင် မတွေ့ရချေ။

ဖန်းယီသည် လမ်းမကြီးအတိုင်းလျှောက်သွားရာ နဂိုက အလွန်စည်ကားသော လမ်းမပေါ်တွင် ယခုမှာမူ လူရိပ်တစ်ခုမှမ တွေ့ရပါချေ။

လမ်းတစ်ဘက်တစ်ချက်တွင် ဖွင့်လှစ်ထားသော ဆိုင်များ သည် အားလုံးပိတ်ထားသည်ကို တွေ့ရလေသည်။

ဖန်းယီသည် ရှေ့သို့သာဆက်၍ လျှောက်သွားရာ မြို့ပြင် သို့ရောက်ရှိတော့မှ တောအုပ်တစ်ခုတွင် လူများစုဝေးနေသည်ကို တွေ့လိုက်ရလေသည်။

သူသည် တောအုပ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ထိုနေရာ တွင် လူများပြည့်နေသည်ကို တွေ့ရလေသည်။

ထိုလူများသည် ယင်းမြို့ကလေးမှာ နေထိုင်ကြသော မြို့ ခံလူများ ပင်ဖြစ်ကြ၍ ယောကျ်ား၊ မိန်းမ သက်ကြီးရွယ်အိုနှင့် ကလေးငယ်များပင်မကျန် ဤနေရာတွင် လာရောက်စုရုံးနေကြခြင်း ဖြစ်လေသည်။

ဖန်းယီက မျက်မှောင်ကုပ်လိုက်ပြီး…

"သည်လူတွေ ဘာဖြစ်လို့ သည်ကိုရောက်လာကြတာလဲ"



ဟုကျိတ်၍တွေးမိလိုက်သည်။

သူသည် ယင်းသို့ ထိတ်လန့်တုန်လှုပ်နေကြသော ထိုလူ များထံသို့ ဝင်ရောက်လိုက်ပြီး စုံစမ်းမေးမြန်းလိုက်တော့မှ ဖန်းဟု သည် သူတို့အား မြို့ထဲမှ အမြန်ဆုံးပြောင်းရွှေ့နိုင်းခြင်း ဖြစ်သည်ဟု သိရလေသည်။

ဖန်းယီသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ရှေ့သို့ဆက် လျှောက်သွားရာ လူနှစ်ယောက်က ရုတ်တရက် ထွက်ပေါ်လာပြီး သူ့အား ဟန့်တားလိုက်လေသည်။

"မိတ်ဆွေ…ခင်ဗျား ဘယ်သူလဲ၊ ဘာကိစ္စလာတာလဲ"

ဖန်းယီသည် သူတို့အား အကဲခတ်ကြည့်လိုက်ပြီး…

"ကျုပ်က စာလာပို့တာပါ"

ထိုလူနှစ်ယောက်က ပြုံးလိုက်သည်။

"ဒါဖြင့် ကျုပ်တို့နောက် လိုက်ခဲ့ပါ"

ဖန်းယီသည် စကားမပြောတော့ဘဲ ထိုလူနှစ်ယောက်ခေါ် ဆောင်ရာသို့ လိုက်ပါသွားလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်တစ်အုပ်အား ကျော်ဖြတ်သွားသောအခါ ကြီးကျယ်ခမ်းနားသော ဘုံကျောင်းတစ်ခုအား တွေ့ရလေသည်။

ထိုဘုံကျောင်း၏တံခါးများသည် အနည်းငယ်မျှသာ ဟထားသည်။ ထိုလူနှစ်ယောက်က ထိုနေရာသို့ရောက်သောအခါ ဖန်းယီဘက်သို့ လှည့်ပြီး…

"မင်း သည်မှာစောင့်နေ၊ ကျုပ်တို့ သတင်းသွားပို့မယ်၊ ဘယ်ကိုမှ လျှောက်မသွားရဘူး"

ဖန်းယီက ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

အတန်ကြာသည့်တိုင်အောင် မည်သူတစ်ဦးတစ်ယောက်မျှ ထွက်လာသည်ကို မတွေ့ရသဖြင့် သူသည် တံခါးကိုတွန်းဖွင့်၍လှမ်းဝင်လိုက်သည်။

သို့သော် အခန်းထဲသို့ရောက်သောအခါ လူသူတစ်ယောက်မျှ မရှိကြောင်း တွေ့ရလေသည်။

သူက မျက်မှောင်ကုပ်လိုက်သည်။

"ခေါင်းဆောင်ကြီးခင်ဗျား ကျုပ်ဖန်းယီပါ တွေ့ခွင့်ပြုပါခင်ဗျာ"

သူ၏စကားဆုံးသွားသည်နှင့် လူတစ်ယောက်က အခန်းထဲမှထွက်ပေါ်လာလေသည်။

"လက်စသတ်တော့ မင်းကိုး"

ထိုလူမှာ ဖန်းယီတွေ့ချင်သော ဖန်းဟုဖြစ်လေသည်။



ဖန်းယီသည် ဖန်းဟုအား တွေ့မြင်ရသောအခါ မိမိစိတ်ကို မနည်းထိန်းချုပ်ထားရလေသည်။

"ဟေ့…မင်းက တိန့်စန်းလွှတ်လိုက်တဲ့လူ ဟုတ်လား"

သူ့နောက်မှ ပါလာသော လူတစ်ယောက်က မေးလိုက်ခြင်းဖြစ်သည်။ ထိုလူသည် အပြာရောင်အင်္ကျီရှည်ဝတ်ဆင်ထားပြီး အရပ်ပုပုဖြစ်သည်။

သို့သော် သူ့အသံသည် အလွန်ကျယ်လောင်ပြီး အခန်းတစ်ခုလုံးပင် ဟိန်းထွက်နေ၏။

ထိုလူ၏စကားသံကို ကြားလိုက်ရမှ မိမိတွေ့ခဲ့ရသော လူနာအဘိုးအို၏အမည်မှာ တိန့်စန်းဖြစ်သည်ကို သိလိုက်ရလေသည်။

"ဟုတ်ပါတယ်ဗျာ၊ တိန့်စန်းက လွှတ်လိုက်တာပါ"

ထိုလူက…

"မင်းက တိန့်စန်းနဲ့ ဘယ်လိုပတ်သက်သလဲ"

ဖန်းယီက…

"ဘာမှ မပတ်သက်ပါဘူးဗျာ"

ထိုလူက ဒေါသကြီးစွာဖြင့်…

"ဘာမှမပတ်သက်ဘဲ ဘာဖြစ်လို့ သူ့အတွက် လုပ်ပေးနေရတာလဲ"

ဖန်းယီက ပြုံးလိုက်သည်။

"လူများကို ကူညီတာမှန်မြတ်တဲ့အလုပ်တစ်ခုမို့ ကျုပ်ယူ

www.burmeseclassic.com

www.burmeseclassic.com



ဆလို့ပါဗျာ"

ထိုလူက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဖြင့် ပြောစမ်း၊ မင်းကို ဘာနိုင်းလိုက်လို့လဲ"

ဖန်းယီက...

"အကြောင်းပြန်နိုင်းလိုက်လို့ပါ"

ထိုလူက ရယ်မောလိုက်သည်။

"ပြောစမ်းပါဦး၊ ဘာတွေအကြောင်းပြန်နိုင်းလိုက်တာလဲ"

ဖန်းယီက...

"သူ သည်နေ့ ခင်ဗျားတို့ကို စောင့်နေပါ့မယ်လို့ အကြောင်းကြားခိုင်းလိုက်တာပါ"

ထိုလူက မျက်မှောင်ကုပ်သွားသည်။

"ဒါပဲလား"

ဖန်းယီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့..ဒါပါပဲ"

ထိုလူက လက်တစ်ချက်ဝေ့ယမ်းလိုက်သည်။

"ဒါဖြင့် မင်းသွားနိုင်ပြီ"

ဖန်းယီက ပြုံးလိုက်ပြီး...

"ဟုတ်ကဲ့..သွား..သွားခွင့်ပြုပါဦး"

သူသည် ဖန်းဟုအား တစ်ချက်ကြည့်လိုက်ပြီး ချာခနဲလှည့်ကာထွက်လာလေသည်။

♣ ♣ ♣



ဖန်းယီသည် ဘုံကျောင်းထဲမှ ထွက်လာသောအခါ သူ့စိတ်ထဲ သံသယဖြစ်နေ၏။

ထိုဘုံကျောင်းပျက်ထဲ၌ ထိပ်တန်းသိုင်းသမား အမြောက်အများ ပုန်းအောင်းနေသည်ဟု သူစဉ်းစားမိသည်။

သို့သော်...

ထိုလူများသည် အဘယ်ကြောင့် မိမိအား ထွက်မတွေ့ဘဲ ပုန်းအောင်းနေကြပါသနည်း။

ထိုအပြာရောင် ဝတ်ဆင်ထားသောလူ၏ ရုပ်သွင်မှာ မာန်မာနအလွန်ကြီးသော လူတစ်ယောက်ဖြစ်သည်ဟု သူအကဲခတ်မိသည်။

ယခု ထိုလူက ဖန်းဟုအား အကူအညီပေးနေခြင်းမှာ သူက ဖန်းဟုအပေါ် မှန်ကန်ပြီး တရားမျှတမှုရှိသည့် ပုဂ္ဂိုလ်တစ်ယောက်ဟု ယူဆထားသောကြောင့်ဖြစ်ရမည်ဟုလည်း တွေးမိလေသည်။

သို့သော်...

ဖန်းဟုက အဘယ်ကြောင့် မိမိအား ယခုကဲ့သို့ ဟန့်တားခြင်းမရှိဘဲ ပြန်လွှတ်လိုက်သည်ကို နားမလည်နိုင်အောင် ဖြစ်ခဲ့လေသည်။

သူသည် ယင်းသို့တွေးနေစဉ်မှာပင် ရုတ်တရက် အသံတစ်ခုကြားလိုက်ရသဖြင့် နောက်သို့လှည့်ကြည့်လိုက်ရာ ဓားတစ်လက်သည် လျှပ်တပြက် တိုက်ခိုက်လာသည်ကို မမျှော်လင့်ဘဲ တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အမှတ်မထင် လူနာတိန်စိန်းက သင်ကြားပေးသောသိုင်းကွက်ဖြင့် သူပြန်လည်ကာကွယ်လိုက်လေသည်။

သူ့လက်နှစ်ဘက်သည် ဖလေထဲ၌ စက်ဝိုင်းကလေးများပုံသဏ္ဌာန်ဖော့ယမ်းလိုက်ရာ...

"ချွမ်း"

သူ့အား တိုက်ခိုက်လာသော ဓားသည် ထက်ပိုင်းကျိုးသွားသည်ကိုတွေ့ရလေသည်။

ယင်းသိုင်းကွက်သည် ဤမျှထက်မြက်လိမ့်မည်ဟု မမျှော်လင့်ခဲ့ချေ။

ထို့ကြောင့် သူသည် ငေး၍ရပ်ကြည့်နေမိသည်။

သူနှင့် တစ်လံခန့်အကွာတွင် လူလေးယောက်ကလည်း ဓားထက်ပိုင်းကျိုးကိုကိုင်လျက် ငေး၍ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ဒုတိယပိုင်းပြီး၏။

တတိယပိုင်းဓာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

# မိုးကျော်သူ

# အယောင်ဆောင်လူလင်

## တတိယပိုင်း ( ဇာတ်သိမ်း )

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက် - ၅၀၀၆၄၆၀၆၁၀

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၇၁၄၀၆၁၀

၂၀၁၀ ခုနှစ်၊

ပထမအကြိမ်၊ အုပ်ရေ-၅၀၀

တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**

ဦးကျော်ဟာဝ်း၊ (ယုံကြည်ချက် စာပေ)

အမှတ် ၁၁၁၊ ၃၃ လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**

ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)

၉ (H)၊ နဝရတ်ရိပ်သာလမ်း

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**

ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)

အမှတ် (၁၄၀)၊ ၄၅- လမ်း၊

ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။


## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



## ရန်ကြွေး

သုံးမြှောင့်ဓားစုကွမ်းပင် ဖြစ်လေသည်။

သူသည် မြုံးလိုက်ပြီး...

"ခင်ဗျားရဲ့ဓားက တော်တော်မြန်နေပါလား"

ထိုစဉ်မှာပင် အပြာရောင်ဝတ်ဆင်ထားသောလူက ရောက်ရှိလာသည်။ သူသည် ဖန်းယီအား စိုက်ကြည့်လိုက်သည်။

"မှန်မှန်ပြောစမ်း၊ မင်းက တိန့်စန်းနဲ့ ဘယ်လိုတော်သလဲ"

ဖန်းယီက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ပြောပြီးပါပြီ၊ တိန့်စန်းနဲ့ကျွန်တော် ဘာမှမပတ်သက်ပါဘူးလို့"

ထိုလူက ဒေါသခြောင်းခြောင်းထွက်သွားလာသည်။

"မင်းက အသက်ငယ်ငယ်နဲ့ လိမ်ပြောတတ်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီက ပြုံးလိုက်သည်။

"ကျုပ် လိမ်ပြောတယ်ဆိုတာ ခင်ဗျား ဘယ်လိုပြောနိုင်တာလဲ"

ထိုလူက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းခုနက အသုံးပြုတဲ့ သိုင်းကွက်ဟာ တိန့်စန်းရဲ့ မိုးတိမ်သိုင်းကွက်ဆိုတာ ကျုပ်မသိဘူးများ မှတ်နေသလား"

ဖန်းယီက ပြုံးလိုက်သည်။

"ဟုတ်ကဲ့ သည်သိုင်းကွက်က ကျုပ် သည်ကိုမလာမီကပဲ သင်ပေးလိုက်တာပါ"

ထိုလူက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ဟေ့..သူငယ် မင်းလိမ်ပြောချင်လည်း ယုတ္တိရှိရှိ ဖြစ်အောင်ပြောစမ်းပါ။ သိုင်းကွက်တစ်ခုကို ချက်ချင်းသင်ပေးလို့ တတ်ပါ့မလား"

ဖန်းယီက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါကတော့ဗျာ ခင်ဗျားမယုံယင်လည်း ကျုပ် ဘယ်တတ်နိုင်ပါ့မလဲ"

ထိုစဉ်မှာပင် ဘုံကျောင်းထဲမှ ဖန်းဟုသည် လှမ်းထွက်လာလေသည်။

သူ့နောက်တွင် သိုင်းသမား ဆယ့်လေးငါးယောက်ခန့် ပါလာသည်ကို တွေ့ရလေသည်။

♣ ♣ ♣



ဖန်းဟုသည် ရှေ့သို့လျှောက်သွားပြီး အပြာရောင်ဝတ်ဆင်ထားသောလူနောက်တွင် ရပ်လိုက်ကြသည်။

ဖန်းဟုက ပြုံးလိုက်သည်။

"သည်မှာ ဘာဖြစ်နေကြတာလဲဗျာ"

ဖန်းယီက ပြုံးလိုက်သည်။

"ဟောသည်ပုဂ္ဂိုလ်က ကျုပ်ကို စစ်ဆေးမေးမြန်းနေလို့ပါ"

ဖန်းဟုက အပြာရောင်ဝတ်ဆင်ထားသောလူဘက် လှည့်လိုက်ပြီး..

"ဆရာကြီး ကျင်းပို့ ဘယ်လိုဖြစ်ကြတာလဲဗျ"

ထိုအပြာရောင်ဝတ်ဆင်ထားသောလူက မဲ့ပြုံးပြုံးလိုက်သည်။

"သူငယ်က ကျုပ်ကို လိမ်ပြောနေလို့ မေးနေတာပါ"

ဖန်းဟုက ပြုံးလိုက်သည်။

"သည်ကိစ္စ တိန့်စန်းနဲ့တွေ့မှ ရှင်းသွားမှာပါ။ အဲသည်တော့ သူ့ကိုသွားခွင့်ပေးလိုက်ပါ"

ဖန်းယီက ဦးညွှတ်လိုက်သည်။

"ဒါဖြင့် ကျွန်တော် သွားလိုက်ပါဦးမယ်"

သူသည် ယင်းသို့ပြောယင်း ဖန်းဟုအနီးမှရှိသော လူများအား တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထိုလူများထဲတွင် ဂူစွမ်းနှင့် ဖေဒါဝိုဏ်းချုပ်လီဖုံတို့လည်း ပါရှိနေသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တိတ်တဆိတ် ရှေ့တွက်လိုက်ရာ အပြာရောင်ဝတ်ဆင်ထားသောလူ အပါအဝင် စုစုပေါင်းဆယ့်တစ်ယောက် ရှိနေသည်ကိုတွေ့ရလေသည်။

ကျန်သောလူတစ်ယောက်က မည်သူဖြစ်သနည်း။

သူသည် ယင်းသို့တွေးယင်း ချာခနဲလှည့်ကာ လာလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားလေသည်

ဖန်းယီသည် ထိုနေရာမှ ထွက်လာတော့မှ စိတ်သက်သာရာရသွားလေသည်။

အကယ်၍သာ ဖန်းဟုတို့က မိမိအား ဝိုင်းရံတိုက်ခိုက်မည်ဆိုလျှင် မိမိ အသက်ဆုံးရှုံးသွားမည်မှာ မလွဲပင်။

သို့သော်...

ဖန်းဟုက မိမိအား ယခုကဲ့သို့ အသာတကြည်လွှတ်လိုက်သည်မှာ ဘုံကျောင်းအနီးရှိ သစ်ပင်တစ်ပင်ပေါ်၌ လျှို့ဝှက်စွာပုန်းကွယ်နေသော လူတစ်ယောက်ကြောင့် ဖြစ်ရမည်ဟုလည်း တွေးမိလေသည်။

စုကွမ်းက မိမိအားဓားဖြင့် လျှပ်တပြက် ဝင်ရောက်တိုက်ခိုက်စဉ် သူက အသံတစ်သံကြားလိုက်သည်မှာ ထိုသစ်ပင်ပေါ်မှ ပုန်းကွယ်နေသောလူက သတိပေးလိုက်သောအသံဖြစ်သည်ကိုလည်း ရိပ်စားမိလေသည်။

♣ ♣ ♣



ဖန်းယီသည် တိန့်စန်းနေထိုင်ရာအခန်းသို့ ရောက်ရှိသောအခါ တံခါးဝတွင် အဘွားအိုတစ်ယောက် ထိုင်နေသည်ကို အံ့ဩစွာတွေ့ရလေသည်။

သူသည် မျက်မှောင်ကုပ်လိုက်လေသည်။

"ဒေါ်ဒေါ်က ဘယ်သူလဲ၊ ဘာဖြစ်လို့ သည်မှာလာထိုင်နေရတာလဲဗျ"

အဘွားအိုသည် မျက်နှာရှုံ့မဲ့စွာဖြင့်...

"ကျုပ်က ဗိုက်နာနေလို့ သည်မှာခဏထိုင်နေတာပါ"

အဘွားအိုသည် ခေါင်းမော့ကြည့်လိုက်ပြီး....

"သူငယ်က သည်အိမ်မှာနေတယ် ဟုတ်လား"

ဖန်းယီက ပြုံးလိုက်သည်။

"ကျွန်တော်က ဧည့်သည်ပါ၊ သည်မှာ ခဏလာလည်တာပဲ"

အဘွားအိုက...

"ဒါဖြင့် ကျုပ် အခန်းထဲကို ခဏဝင်ပါရစေလား"

ဖန်းယီက အခက်ကြုံသွားသည်။

"ဒါကတော့ အိမ်ရှင်ကို ခွင့်တောင်းမှဖြစ်မယ်ထင်တယ်"

ထိုစဉ်မှာပင် အပေါ်ထပ်မှ လူနာ၏အသံ ကြားလိုက်ရသည်။

"သူငယ်..သူက ငါ့ကိုတွေ့ချင်လို့နဲ့တူပါတယ်၊ ဝင်လာစေ"

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သည်အိမ်ရှင်က တော်တော် စေတနာကောင်းတယ်"

အဘွားအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက်...

တံခါးတွန်းဖွင့်လိုက်ပြီး လှမ်းဝင်လိုက်သည်။

♣ ♣ ♣

လွယ်လွယ်သည် အပေါ်ထပ်သို့တက်လာနေသော အဘွားအိုအား တွေ့မြင်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားလေ၏။

"ဟင်...ဝူးဒေါ်လေးပါလား"

ထိုစကားကြားလိုက်ရသည်နှင့် ကောင်းယု၏ခန္ဓာကိုယ်သည် တစ်ချက်တုန်ခါသွားသည်။

ဖန်းယီကလည်း တစ်ကိုယ်လုံးတောင့်တင်းသွားလေသည်။

သူသည် ဝူးဒေါ်လေးကို မသိပါ။

သို့သော်...

ဝူးဒေါ်လေး၏သတင်းကို မကြာခဏ ကြားခဲ့ဖူးသည်။

ဝူးဒေါ်လေးမှာ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်ပြီး အလွန်ကြမ်းတမ်း ရက်စက်သော အမျိုးသမီးတစ်ယောက်ဟု ကြားသိခဲ့ရသည်။

အဘွားအိုသည် လွယ်လွယ်အား ပြုံးပြလိုက်သည်။



"ကလေးမ...မင်းက ငါ့ကို မှတ်မိတယ် ဟုတ်လား"

လွယ်လွယ်သည် တိန့်စန်း၏လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားပြီး...

"ဘဘ...ဝူးဒေါ်လေး မသေသေးဘူး လာနေပြီ"

တိန့်စန်းက မျက်လုံးပင်မဖွင့်ပါ။

သူသည် အေးတိအေးစက်ဖြင့်...,

"သူက ဝူးဒေါ်လေး မဟုတ်ဘူးကွယ့်"

လွယ်လွယ်က...

"ဘဘ မျက်လုံးဖွင့်ကြည့်ပါဦး၊ သူဝတ်ထားတဲ့ အဝတ်အစားတွေကို ကျွန်မ မှတ်မိပါတယ်"

တိန့်စန်းက အသာအယာ မျက်လုံးဖွင့်ကြည့်လိုက်သည်။

"မင်းမှားနေပြီ လွယ်လွယ်၊ သူက ဝူးဒေါ်လေးမဟုတ်ဘူး ဝူးဒေါ်လေးဟာ ငါ့ရဲ့လက်ချက်နဲ့ သေသွားပါပြီ"

ထိုအဘွားအိုသည် ယင်းစကားကြားလိုက်ရသောအခါ ရုတ်တရက် ရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား...ဒါကြောင့် ငါ့ညီမကို ရှာလို့မတွေ့တာ မင်းက သတ်လိုက်တာကိုး"

သူမ၏ရယ်မောသံသည် အခန်းတစ်ခုလုံး စူးရှပြီးနားကွဲလုမတတ် ခက်လေသည်။

တိန့်စန်းက သူ့အားတစ်ချက်ကြည့်လိုက်သည်။

"မင်းက ဝူးဒေါ်လေးရဲ့ အစ်မကိုး"

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုက အံတင်းတင်းကြိတ်လိုက်သည်။

"ဟုတ်တယ်..မင်းက သူ့ကိုသတ်လိုက်ယင် ငါ့ကိုပါ သတ်မှ ဖြစ်မယ်"

တိန့်စန်းက အေးတိအေးစက်ဖြင့်...

"မင်းသေချင်ယင်တော့ ငါ့အနားကို လာစမ်းပါ"

အဘွားအိုက အံကိုတင်းတင်းကြိတ်လိုက်သည်။

"ဘာလဲ ငါ့ကို မင်းကသတ်ဦးမလို့ ဟုတ်လား"

တိန့်စန်းက...

"မင်းမသေချင်ယင်တော့ ထွက်သွားပါ"

အဘွားအိုက ပခုံးတစ်ချက်တွန့်လိုက်ပြီး...

"ကျုပ်က မသေချင်ဘူး၊ ခုသွားမှာပါ"

သူမသည် ပြောယင်း နောက်သို့ဖြည်းညင်းစွာ လှည့်လိုက်လေသည်။

သို့သော်...

သူမ၏ခန္ဓာကိုယ်သည် လျှပ်တပြက်လှုပ်ရှားလိုက်ပြီး သူမ၏ခါးထဲမှ ဝှက်ထားသော ဓားကိုဆွဲထုတ်လိုက်ပြီး ခုတင်ပေါ်၌လဲလျောင်းနေသော တိန့်စန်းအား ခုတ်ချလိုက်လေသည်။

တိန့်စန်း၏အရိုးပေါ်အရေဖုံးသော လက်တစ်ဘက်က ဂွမ်းကပ်စောင်ထဲမှ ထုတ်လိုက်ပြီး ဂူးဒေါ်လေး၏လက်ကောက်ဝတ်အား ဖမ်းဆုပ်ထားလေသည်။

အဘွားအို၏ခန္ဓာကိုယ်တစ်ခုလုံးသည် ရုတ်တရက် ထုံကျင်



သွားပြီး မြေပေါ်သို့ လဲကျသွားလေသည်။

သူမသည် ထိတ်လန့်တုန်လှုပ်စွာဖြင့်...

"ကျုပ် မှားသွားပါပြီ၊ ကျုပ်ကို ခွင့်လွှတ်ပါ"

တိန့်စန်းက အေးတိအေးစက်ဖြင့် ပြုံးလိုက်သည်။

"မင်းက သေချင်တယ်ဆို"

အဘွားအိုသည် ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေရာမှ လျှပ်တပြက်ထခုန်လိုက်သည်။

သူမ၏ခြေထောက်သည် တိန့်စန်း၏တထောင်ဆစ်သို့ ကန်ထည့်လိုက်လေသည်။

တိန့်စန်းက အဘွားအို၏လက်ကိုလွှတ်လိုက်ရလေသည်။

အဘွားအိုသည် တိန့်စန်း၏လက်မှ လွတ်သွားသည်နှင့် ပြတင်းပေါက်မှ ခုန်ထွက်သွားလေတော့သည်။

တိန့်စန်းက ပြုံးလိုက်သည်။

"အင်း..သည်အဘွားကြီးကလည်း သူ့ညီမလို တော်တော်ကောက်ကျစ်စဉ်းလဲတယ်"

ဟုရေရွတ်လိုက်လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အချိန်သည် တစ်စနှင့်တစ်စ ကုန်ဆုံးသွားသည်။

အားလုံးသောလူများသည် စိတ်ထဲ၌ ပို၍လေးလံလာလေသည်။

ယခု ညဥ့်နက်သန်းခေါင်ယံနှင့် မဝေးတော့ပြီဖြစ်သည်။

ဖန်းယီသည် ရုတ်တရက် ထလိုက်သည်။

သူသည် လွယ်လွယ်အား စိုက်ကြည့်လိုက်ပြီး...

"သည်မှာ မင်းဦးကိုခေါ်ပြီး မြန်မြန်ပြေးယင် ကောင်းမယ်ထင်တယ်"

သူသည် ကောင်းယုနှင့်ငွေနှင်းဆီတို့ဘက်လှည့်လိုက်ပြန်သည်။

"မင်းတို့လည်း သည်နေရာက အမြန်ဆုံးထွက်သွားကြပါ"

လွယ်လွယ်က သူ့အားကြည့်လိုက်သည်။

"ရှင်ကော"

ဖန်းယီက...

"ကျုပ်ကိုစိတ်ချ၊ ကျုပ်သည်မှာနေပြီး သူတို့ကို စောင့်မယ်"

လွယ်လွယ်က...

"ဖြစ်ပါ့မလားရှင်၊ သူတို့အင်အားဟာ တော်တော်တောင့်တင်းလို့သာ စိန်ခေါ်တာပေါ့"

ဖန်းယီက....

"ဟုတ်ပါတယ်၊ ဒါပေမယ့် အားလုံးကို သည်မှာစုပြုံပြီး အသခံမယ့်အစား ကျုပ်တစ်ယောက်ထဲကနေပြီး သူတို့ကို အချိန်



ဆွဲထားနိုင်ယင် ညီမတို့လွတ်မြောက်သွားနိုင်မယ် မဟုတ်လား"

လွယ်လွယ်က...

"သူက ရှင့်ကို လိုက်ရှာတာမှမဟုတ်ဘဲ၊ ရှင်က ဘာဖြစ်လို့ အသက်စွန့်ပြီး နေရမှာလဲ"

ဖန်းယီက...

"ဒါကတော့ အခြေအနေအရပေါ့ကွာ"

ထိုစဉ် တိန့်စန်းက ရုတ်တရက် ထထိုင်လိုက်သည်။

"တို့ပြေးလို့များ လွတ်မယ်ထင်သလား၊ ဖန်းဟုဟာ ထွက်ပေါက်အားလုံးကို ပိတ်မထားဘူးလို့ မင်းထင်သလား"

ဖန်းယီက...

"ဟုတ်ကဲ့ သူတို့က လူစုခွဲပြီး ဝိုင်းထားယင် ဦးတို့အနေနဲ့ ထိုးဖောက်နိုင်စွမ်းရှိတယ်လို့ ကျုပ်ယူဆတယ်"

တိန့်စန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်း အသက်ငယ်ငယ်နဲ့တောင် သေရမှာမကြောက်ယင် ကျုပ်က သေခါနီးလူပါ၊ သေရမှာ ဘာဖြစ်လို့ကြောက်ရမှာလဲ"

သူသည် ဖန်းယီအား စူးရှစွာ ကြည့်လိုက်ပြီး...

"မင်းဟာ စိတ်ကောင်းစေတနာရှိတဲ့ လူငယ်တစ်ယောက်ပဲ၊ မင်းကို လေးစားတဲ့အနေနဲ့ ကျုပ်ရဲ့သိုင်းပညာ ပျောက်ကွယ်သွားအောင်ရတဲ့ အချိန်နဲ့ မင်းကိုသင်သွားမယ်"

ဖန်းယီက ခေါင်းခါယမ်းလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်လက်မခံပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



တိန့်စန်းက မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

ဖန်းယီက...

"အခုလို အလွန်အရေးကြီးတဲ့အချိန်မျိုးမှာ ဦးက သိုင်းပညာ သင်ကြားပေးနေယင် အင်အားဆုတ်ယုတ်သွားမှာ စိုးလို့ပါ"

တိန့်စန်းက ဝမ်းနည်းကြေကွဲစွာ ပြုံးလိုက်သည်။

"သည်မှာ သူငယ် ရှင်းရှင်းပြောမယ်၊ ကျုပ်ရဲ့အသက်ဟာ အလွန်ဆုံးနေရယင် တစ်လပေါ့၊ တကယ်လို့ သူတို့နဲ့ရင်ဆိုင်တဲ့အခါ မှာ ကျုပ်က သူတို့ကိုနိုင်မယ် ထင်သလား"

ဖန်းယီက ပါးစပ်ပိတ်ထားလိုက်သည်။

တိန့်စန်းက စကားဆက်လိုက်ပြန်သည်။

"ရှင်းရှင်းပြောရမယ်ဆိုယင် ကျုပ်ရဲ့ခွန်အားဟာ တစ်နေ့တ ခြားဆုတ်ယုတ်နေတယ်ဆိုတာ ကျုပ်ကိုယ်ကျုပ် သိပါတယ်၊ ဒါ ကြောင့် ကျုပ်တတ်ထားတဲ့ သိုင်းပညာတွေကို ကျုပ်သေတဲ့နောက် ပါမသွားအောင် မင်းကို သင်ပေးပါရစေ"

ကောင်းယုက ကြားဖြတ်လိုက်သည်။

"ဦး သူက မသင်ချင်ယင် ကျုပ်ကို သင်ပေးပါလားဗျာ"

တိန့်စန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ရဲ့ သိုင်းပညာကို မင်းလိုလူမျိုးကိုသာ သင်ပေးရယင် သိုင်းလောကတစ်ခုလုံး ပျက်စီးသွားမှာပေါ့ကွ"

ကောင်းယုက ပါးစပ်ပိတ်ထားရလေသည်။



လွယ်လွယ်သည် ဖန်းယီအား တောင်းပန်သောအကြည့် ဖြင့်ကြည့်လိုက်သည်။

"အစ်ကိုကြီး ဘာဘရဲ့ဆန္ဒအတိုင်း လက်ခံပါလို့ ကျွန်မ တောင်းပန်ပါတယ်"

ဖန်းယီက အနည်းငယ် စဉ်းစားလိုက်ပြီးနောက် တိန့်စန်းရှေ့ သို့ ဒူးထောက်၍ ဦးညွှတ်လိုက်သည်။

"ဦးက ကျွန်တော့်အပေါ် သည်လောက်တောင် စေတနာ ရှိနေမှတော့ ကျွန်တော် လက်ခံပါ့မယ်၊ ဒါပေမယ့်.."

တိန့်စန်းက မျက်မှောင်ကုပ်သွားသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

ဖန်းယီက...

"ဦးကို ကျွန်တော်က ဆရာလို့ခေါ်ခွင့်ပြုပါခင်ဗျာ"

တိန့်စန်းက ရယ်မောလိုက်သည်။

"အင်း..မင်းဟာ တကယ်စေတနာစိတ်ရင်းကောင်းတဲ့ လူ ငယ်တစ်ယောက်ပါလား၊ ကဲ ဂါ့တပည့် အချိန်မရှိဘူး၊ မင်းလက်ခံ နိုင်သလောက်တော့ ကျုပ်သိုင်းပညာ ပေးပါတော့မယ်"

တိန့်စန်းသည် ယင်းသို့ပြောပြီးနောက် ခုတင်ပေါ်မှဆင်း လိုက်လေသည်။

သူသည် သိုင်းကွက်များကို တစ်ကွက်ပြီးတစ်ကွက် သင် ကြားပေးလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကွက် အတော်များများ သင်ပြပြီးနောက် တိန့်စန်းသည် စိန်နိုင်ရည်မရှိတော့ဘဲ မောဟိုက်စွာဖြင့် ခုတင်ပေါ်သို့ လဲလျောင်းလိုက်လေသည်။

ကောင်းယုနှင့်ငွေနှင်းဆီတို့သည် တိန့်စန်းသင်ကြားပေးသော သိုင်းကွက်များကို တွေ့မြင်နေရသော်လည်း သူတို့သည် လုံးဝနားမလည်လိုက်ချေ။

သူတို့သည် ဖန်းယီအား လှည့်ကြည့်လိုက်သောအခါ ဖန်းယီက ခုတင်ရှေ့၌ ဒူးထောက်လျှက်ငေး၍ တွေးတောစဉ်းစားနေသည်ကို တွေ့ရလေသည်။

ထိုစဉ်မှာပင် အုန်းမောင်းခေါက်သံများ ကြားရလေသည်။

♣ ♣ ♣



"ဒေါင်...ဒေါင်...ဒေါင်"

အုန်းမောင်းခေါက်သံများ ကြားရသောအခါ တိန့်စန်းက မျက်လုံးဖွင့်လိုက်သည်။

သူသည် ဒူးထောက်နေသော ဖန်းယီအား စူးရှစွာကြည့်ပြီး

"ဘယ့်နှယ်လဲ ငါ့တပည့်၊ ငါသင်ပေးတဲ့ပညာကို သဘောပေါက်ရဲ့လား"

ဖန်းယီက ရိုသေစွာ ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ ဆရာရဲ့ကျေးဇူးကြောင့် ကျွန်တော် အတော်အတန် သဘောပေါက်မိပါတယ်"

တိန့်စန်း ဝမ်းသာသွားသည်။

"ဟား...ဟား...ဟား...သည်စကားကြားရတာ ငါသေပျော်ပါပြီ"

ထိုစဉ်မှာပင် အပြင်ဘက်မှအသံတစ်ခု ကြားရလေသည်။

"ခေါင်းဆောင်ကြီးဖန်းဟု ကြွရောက်လာပါပြီခင်ဗျာ"

တိန့်စန်းက မျက်မှောင်ကုပ်သွားသည်။

သူသည် ဖြည်းညင်းစွာ ထထိုင်လိုက်ယင်း ခုတင်ပေါ်၌ တင်ပျဉ်ခွေထိုင်လိုက်သည်။

"ကဲ...လွယ်လွယ်...သူတို့ကို တံခါးဖွင့်ပေးလိုက်ပါ"

လွယ်လွယ်က...

"ဘဘ...သူတို့လာချင်ယင် သည်တံခါးဟာ သူတို့ကိုတားလို့မရပါဘူး၊ ကျွန်မ သွားမဖွင့်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



တိန့်စန်းက ပြုံးလိုက်သည်။

"ဒါဖြင့် သူတို့ကို အပေါ်တက်ခဲ့လို့ ပြောလိုက်ပါ"

လွယ်လွယ်သည် ပြတင်းပေါက်ရှိရာသို့ လျှောက်သွားပြီး အောက်သို့ငုံ့ကြည့်လိုက်သည်။

ထိုအခါ...

ဖန်းဟုနှင့်သူ၏အပေါင်းအဖော်များ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

သူမသည် အသံကျယ်လောင်စွာဖြင့်...

"တံခါးမင်းတုံးချမထားဘူး၊ အပေါ်တက်ခဲ့ပါရှင်"

ဟုအော်ပြောလိုက်သည်။

♣ ♣ ♣



မီးရောင်များသည် ထိန်ထိန်လင်းနေ၏။

လူတစ်ယောက်သည် အပေါ်ထပ်သို့ တက်လာသည်။

ထိုလူသည် သိုင်းလောက မဟာမိတ်ခေါင်းဆောင်ဖန်းဟုပင် ဖြစ်ပေသည်။

သူ့နောက်တွင် လူဆယ့်လေးငါးယောက်ခန့် ပါလာသည်ကို တွေ့ရလေသည်။

ဖန်းယီက ဖန်းဟုအား တွေ့လိုက်ရသည်နှင့် သွေးများပင် ဆူပွက်လာသည်ဟု ခံစားလိုက်ရလေသည်။

"ကျုပ်က ဖန်းဟုပါ၊ အခုလို သိုင်းပညာရှင်တစ်ယောက် လာပြီး တွေ့ရတာ ဂုဏ်ယူပါတယ်ဗျာ"

တိန့်စန်းက သူ့အား တစ်ချက်ကြည့်လိုက်ပြီး...

"ခင်ဗျားက မဟာမိတ်ခေါင်းဆောင်ဖန်းဟု ဟုတ်လား"

"ဟုတ်ပါတယ်"

တိန့်စန်း၏မျက်လုံးအစုံသည် ဖန်းဟု နောက်မှ လူတစ်ယောက်အား လှမ်းကြည့်လိုက်သည်။

"မင်းကကော ဘယ်သူလဲ"

ထိုလူမှာ ပန်းပေါင်းစုံဂိုဏ်းချုပ်ဟွေ့မုံပင် ဖြစ်သည်။

ကောင်းယုသည် ဟွေ့မုံအား တွေ့သည်နှင့် အခန်းထောင့်ရှိရာသို့ တဖြည်းဖြည်း နောက်ဆုတ်သွားလေသည်။

ဟွေ့မုံက ဖန်းယီအား တစ်ချက်ကြည့်လိုက်သည်။

ပြီးမှ ဦးညွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ပန်းပေါင်းစုံဂိုဏ်းချုပ်ဖွေ့မှုံပါ"

ဖန်းယီသည် ဖန်းဟု၏ဝဲဘက်၌ ရပ်နေသောသူတစ်ယောက်အား လှမ်းကြည့်လိုက်သည်။

"မင်းက ဇေဒါဂိုဏ်းချုပ် ဟုတ်လား"

ထိုလူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်က ဇေဒါဂိုဏ်းချုပ်လီဖုံးပါ"

ထိုစဉ်…

အပြာရောင်ဝတ်ဆင်ထားသောလူက ရှေ့သို့ တိုးလာပြီး စူးရှစွာ ကြည့်လိုက်သည်။

"ဖန်းယီဆိုတာ မင်းလား"

ဟုမေး၏။

လွှယ်လွှယ်က ကြားဖြတ်လိုက်သည်။

"ဟုတ်တယ်၊ ရှင်က သိုင်းထိပ်သီးမုဆင်း မဟုတ်လား"

ဟုမေးလိုက်သည်။

မုဆင်းက ဒေါသချောင်းချောင်း ထွက်သွားသည်။

"မင်းတော်တော်ရိုင်းပါလား၊ ကျုပ်ကို သည်လိုပဲ မေးသလား"

လွှယ်လွှယ်က အေးတိအေးစက်ဖြင့်…

"ရှင်ကကော ကျွန်မဦးလေးကို ဘာဖြစ်လို့ သည်လို ရိုင်းရိုင်းစိုင်းစိုင်း ခေါ်ရသလဲ"

မုဆင်းသည် ပို၍ ဒေါသထွက်သွားသည်။



ထိုစဉ်…

တိန့်စန်းက ဖန်းဟုအား စေ့စေ့ကြည့်ပြီး…

"ကဲ ဆိုစမ်းပါအုံး ခေါင်းဆောင်ကြီး၊ ခေါင်းဆောင်ကြီးတစ်ယောက်လုံး ကျုပ်ဆီ လာမှတော့ ဘယ်လိုအရေးအကြောင်း ရှိသလဲ ဆိုတာ အမိန့်ရှိပါအုံး ခင်ဗျာ"

ဖန်းဟုက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"သည်လိုပါ ခင်ဗျာ၊ အခုလို လာရတဲ့ကိစ္စက လူတစ်ယောက် အလိုရှိနေလို့ပါ"

တိန့်စန်းက မျက်မှောင်ကုပ်သွားသည်။

"ဘယ်သူ့ကိုများ အလိုရှိနေပါသလဲ ခင်ဗျာ"

ဟုမေးလိုက်၏။

ဖန်းဟုက…

"ဦးလဲ သိပါတယ်၊ ကျုပ်တို့ အလိုရှိနေတဲ့သူဟာ လွှယ်လွှယ်ဆိုတဲ့ မိန်းကလေးပါပဲ"

တိန့်စန်းက အေးတိအေးစက်ဖြင့်…

"သူ့ကို ဘာကြောင့် သည်လောက်တောင် အရေးတကြီး အလိုရှိနေတယ်ဆိုတာ ပြောစမ်းပါအုံး"

ဟုပြောလိုက်၏။

ဖန်းဟုက ပြုံးလိုက်သည်။

ပြီးမှ…

"သည်မိန်းကလေးရဲ့ မိခင်ဟာ သိုင်းလောကတစ်ခုလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ဒုက္ခပေးတယ်ဆိုတာ ဦးအသိ ဖြစ်ပါတယ်၊ ဒါကြောင့် ကျုပ်က သိုင်းလောကတစ်ခုလုံး ကိုယ်စား သည်မိန်းကလေးကို လာခေါ်ရတာပါ"

တိန့်စန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပါပြီဗျာ၊ သိုင်းလောကရဲ့ ထုံးထမ်းစဉ်လာအရ ကျုပ်ဆီက လူလိုချင်ယင် ကျုပ်တို့လူနဲ့ သိုင်းပညာယှဉ်ပြိုင်ရမှာပေါ့၊ ခေါင်းဆောင်ကြီးတို့ကနိုင်ယင် သည်မိန်းကလေးတစ်ယောက်ထဲ မပြောနဲ့ ကျုပ်ကိုပါ ထင်သလို စီမံနိုင်ပါတယ်"

ဟုပြောလိုက်သည်။

သိုင်းထိပ်သီးမုဆင်းက စိတ်မရှည်တော့ပါ။

"ပြောနေတာ ကြာတယ်၊ ဘယ်သူယှဉ်ပြိုင်မလဲ ထွက်ခဲ့ပါ"

ဟုစိန်ခေါ်လိုက်၏။

တိန့်စန်းက အေးတိအေးစက်ဖြင့် ဖန်းယီဘက်သို့ လှည့်လိုက်သည်။

ပြီးလျှင် ဖန်းယီကို ကြည့်ကာ...

"ကဲ ငါတပည့် သူ့ကို နည်းနည်းပါးပါး ဆုံးမလိုက်ပါ"

ဟုပြောလိုက်သည်။

ဖန်းယီက ဦးညွှတ်၍...

"ဟုတ်ကဲ့ ဆရာ"

ဟုပြောပြီး ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

ယှဉ်ပြိုင်မည့်သူမှာ ဖန်းယီ ဖြစ်နေသည်ကို တွေ့ရသော



အခါ သိုင်းထိပ်သီးမုဆင်း၊ ဖန်းဟုံ၊ မေဒါဂိုဏ်းချုပ်နှင့် ဖျော့မုံတို့သည် အံ့ဩတုန်လှုပ်သွားကြလေသည်။

သိုင်းထိပ်သီးမုဆင်းက ဒေါသခြောင်းခြောင်း ထွက်လာ၏။

သူသည် တိန့်စန်းအား မကျေနပ်သော အကြည့်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး...

"ခင်ဗျားက ဘာသဘောလဲဗျ၊ ကျုပ်ကို လူငယ်တစ်ယောက်နဲ့ ယှဉ်ပြိုင်ခိုင်းတာ အထင်သေးလှချည်လား"

တိန့်စန်းက စကားမပြောဘဲ မျက်လုံးမှိတ်ထားလေသည်။

လွယ်လွယ်က အေးတိအေးစက်ဖြင့်...

"ရှင်သဘောမပေါက်ဘူးလား"

မုဆင်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်နားမလည်ဘူး"

ဟုပြော၏။

လွယ်လွယ်က...

"ရှင့်လို အဆင့်မျိုးဟာ ကျွန်မ ဘာဘနဲ့ မတန်သေးလို့ပါ"

မုဆင်းက ထခုန်မတတ် ဒေါသထွက်လာသည်။

"ဘာလဲ ကျုပ်က လူငယ်နဲ့ ယှဉ်ပြိုင်သင့်သလားဆိုတာလဲ စဉ်းစားပါအုံး"

တိန့်စန်းက အေးတိအေးစက်ဖြင့်...

"သည်မှာ မင်းက သူ့ကို အထင်မသေးလိုက်ပါနဲ့၊ သူ့တိုနိုင်လိမ့်မယ်လို့ ယူဆယင် မှားသွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဖန်းဟုက ကြားဖြတ်လိုက်သည်။

"ကျုပ်တစ်ခု မေးပါရစေ"

တိန့်စန်းက...

"မင်း ဘာမေးမလို့လဲ"

ဖန်းဟုက...

"သူရှုံးသွားယင်ကော၊ ခင်ဗျားက ဘယ်လို ဆုံးဖြတ်မလဲ"

ဟုမေး၏။ လွယ်လွယ်က ကြားဖြတ်ပြောလိုက်သည်။

"သူရှုံးသွားယင် ရှင်တို့ ကျွန်မကို ခေါ်ချင်ရာ ခေါ်သွားပါ"

ဖန်းဟုက...

"မင်း တကယ် ပြောနေတာလား"

တိန့်စန်းက...

"သူပြောတဲ့ စကားဟာ ကျုပ်ပြောသလိုပဲ မှတ်ယူပါ"

ဖန်းဟုက ဝမ်းသာသွားသည်။

"ဒါဖြင့် ခင်ဗျားကတိတည်ပါစေ"

တိန့်စန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ် ဘယ်တုန်းက ကတိမတည်တာ ရှိခဲ့လို့လဲ"

ဖန်းဟုက မုဆင်းဘက်ဘက်သို့ လှည့်လိုက်သည်။

"ဒါဖြင့် ဆရာကြီးက ယှဉ်ပြိုင်ဖို့သာ အသင့်ပြင်ပေတော့"

မုဆင်းက မျက်မှောင်ကုပ်သွား၏။

"ကျုပ်က ကျုပ်ထက် အသက်ငယ်တဲ့လူကို မယှဉ်ချင်ဘူး

ကွ"



ဟွေ့မုံက ပြုံးလိုက်သည်။

"ဒါအရေးမကြီးပါဘူးလေ၊ သည်သူငယ်ဟာ တိန့်စန်းကိုယ်စား ယှဉ်ပြိုင်တဲ့ကိစ္စပဲ"

မုဆင်းက အတန်ကြာ စဉ်းစားပြီးမှ...

"သည်လိုဆိုလဲ ကျုပ်လက်ခံတယ်"

လွယ်လွယ်က ကြားဖြတ်လိုက်သည်။

"ခဏနေအုံး၊ ရှင်တို့ ရှုံးသွားယင်ကော ဘာလုပ်ရမှာလဲ"

မုဆင်းက ဒေါသကြီးစွာဖြင့်...

"ကျုပ်က ရှုံးယင် သူ့ကို ဆရာ ခေါ်မယ်"

လွယ်လွယ်က ရယ်မောလိုက်သည်။

"မလိုပါဘူးရှင့်၊ ရှင့်လို ဒေါသကြီးတဲ့ တပည့်ကိုသာ လက်ခံယင်တော့ မလွယ်ပါဘူး"

မုဆင်းက...

"သည်မှာ ကျုပ်က သူ့ကို သိုင်းကွက်ငါးဆယ်အတွင်းမှာ အလဲမထိုးနိုင်ယင် ကျုပ် သည်နေရာကနေ ချက်ချင်းထွက်သွားမယ်"

လွယ်လွယ် ပြုံးလိုက်သည်။

"သိုင်းကွက်ငါးဆယ် မပြောနဲ့ သိုင်းကွက်ငါးရာလောက်တောင် ယှဉ်နိုင်မယ် မဟုတ်ပါဘူး"

ဖန်းဟုက ပြုံးလိုက်၏။

"သည်လိုလုပ်ပါ၊ သူက သိုင်းကွက်သုံးရာအထိ မလဲခံထိုးနိုင်ခဲ့ယင်၊ ကျုပ်တို့ သည်နေရာက ချက်ချင်း ထွက်သွားပြီး ဘယ်

www.burmeseclassic.com

www.burmeseclassic.com



တော့မှ လာပြီး အနှောင့်အယှက် မပေးတော့ပါဘူး"

လွယ်လွယ်က ဟွေ့မုံဘက်သို့ လှည့်လိုက်၏။

"ရှင်ကော"

ဟွေ့မုံက ပြုံးလိုက်သည်။

"ကျုပ်လဲ သဘောတူတယ်"

လွယ်လွယ်က လီဖုံးဘက်သို့ လှည့်လိုက်၏။

"ဂိုဏ်းချုပ်ကြီးက ဘယ်လိုသဘောရသလဲ"

ဗေဒါဂိုဏ်းချုပ်လီဖုံး၏မျက်နှာက တည်ကြည်လေးနက်နေ၏။

"ကောင်းပြီလေ"

လွယ်လွယ်က…

"ဒါဖြင့် ဘယ်သူမှ ကတိမဖျက်ရဘူးနော်"

မုဆင်းက ဒေါသကြီးစွာဖြင့်…

"တခြားလူက ကတိဖျက်ယင် ကျုပ်ကိုယ်တိုင် သူ့ခေါင်းကို ဖြတ်မယ်"

သူသည် ဖန်းယီဘက်သို့ လှည့်လိုက်ပြီး…

"ကဲ မင်းက လူငယ်တစ်ယောက်မို့ ကျုပ်က သိုင်းကွက်သုံးကွက်တိတိ အကျောပေးမယ်"

♣ ♣ ♣



ဖန်းယီသည် ဆိတ်ငြိမ်စွာ မတ်တတ်ရပ်နေသည်။

သူသည် မုဆင်းမှာ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်သည်ကို သိသည်။

သို့သော်…

သူက မယှဉ်ပြိုင်၍ မဖြစ်ပါ။

တိန့်စန်းတို့ မြေးအဘိုး၏အသက်မှာ မိမိအပေါ် မူတည်နေသည်ကို နားလည်ထားလေသည်။

ထို့ကြောင့် သူသည် လှုပ်ရှားနေသော စိတ်များကို အတတ်နိုင်ဆုံး ထိန်းထားသည်။

မုဆင်းအား သူနိုင်လိမ့်မည် မဟုတ်ချေ။

သူသည် သိုင်းကွက်သုံးရာအတွင်း လဲကျမသွားစေရန်ကိုသာ အစွမ်းကုန် ကြိုးစားရန် ဆုံးဖြတ်လိုက်လေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မုဆင်းက နှစ်ကြိမ်တိုင်တိုင် သူ့အား တိုက်ခိုက်ရန် အသံပြု လိုက်သည်။

သို့သော်...

သူက လုံးဝမလှုပ်ရှားဘဲ မုဆင်းကိုသာ ငေးကြည့်နေ၏။

မုဆင်းက...

"ဟေ့ ကောင်လေး၊ မင်းကြောက်သွားပြီဆိုယင် ငါ့ကို ဒူး ထောက်ပြီး တောင်းပန်ပါ"

သူ့စကားအဆုံးတွင် ဖန်းယီသည် ရုတ်တရက် မြှားတစ်စင်း ပမာ မုဆင်းထံသို့ ခုန်အုပ်လိုက်လေသည်။

မုဆင်းက မဲ့ပြုံးပြုံးလိုက်ပြီး ပြန်လည်တိုက်ခိုက်ရန် လက် မြှောက်လိုက်ရာ လွယ်လွယ်က အသံကျယ်လောင်စွာဖြင့်...

"ရှင်က သိုင်းကွက်သုံးကွက် အကျော့ပေးမယ် ပြောထား တာပဲ"

မုဆင်းသည် ထိုစကား ကြားလိုက်ရသောအခါ တိုက်ခိုက် ရန် ဟန်ပြင်လိုက်ပြီးမှ ကမန်းကတန်း ရပ်တန့်သွားလေသည်။

ဖန်းယီက ထပ်မံတိုက်ခိုက်လိုက်ရာ မုဆင်းက အသာ အယာ ရှောင်တိမ်းလိုက်လေသည်။

♣ ♣ ♣



သိုင်းကွက်သုံးကွက် ပြည့်သွားပြီ ဖြစ်လေသည်။

ထိုအခါ...

မုဆင်းက ဩသံပေးကာ ပြန်လှန်တိုက်ခိုက်လိုက်ကြရာ သိုင်းကွက်တစ်ရာကျော်အထိ ရောက်ရှိလာလေသည်။

ဖန်းဟုက...

"သိုင်းကွက်တစ်ရာ ကျော်သွားပြီ၊ သူက အခုထိ တောင့်ခံ နိုင်တာ အံ့သြစရာပဲ"

လီဖုံးက ခေါင်းညိတ်လိုက်လေသည်။

"အံ့သြစရာပါပဲလေ"

ဖန်းဟုက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါကတော့ မုဆင်းက သူ့ရဲ့သိုင်းပညာ ဘယ်အထိရှိ တယ်ဆိုတာ သိချင်တာရယ်၊ သူ့ရဲ့သိုင်းကွက်ဟာ ဘယ်ဂိုဏ်း၊ ဘယ် အဖွဲ့က ဖြစ်တယ်ဆိုတာရယ် သိချင်လို့ အလျှော့ပေးနေတာပါ၊ မဟုတ်ယင် သိုင်းကွက်ရှစ်ဆယ်ကျော်ကျော်ကတည်းက သူခံနိုင်မှာ မဟုတ်ဘူး"

သူ၏စကားဆုံးသွားသည်နှင့် မုဆင်းက ရယ်မောလိုက် လေသည်။

"ဟုတ်တယ်ဗျ၊ သည်သူငယ်ကို တိန့်စန်းက ဘာပညာသင် ပေးတယ်ဆိုတာ သိချင်လို့ လျှော့ပေးထားတာ၊ အခုတော့ သူ့ပညာ အားလုံး ကုန်သွားပါပြီ"

သူသည် ယင်းသို့ ပြောပြီး သူ၏တိုက်ခိုက်မှုသည် ရုတ်

www.burmeseclassic.com



တရက် ပြင်းထန်လာလေသည်။

ထူးခြားသည်မှာ ဖန်းယီကလည်း လျှင်လျှင်မြန်မြန် ခုခံတိုက်ခိုက်လာလေတော့သည်။

လွယ်လွယ်က လျှင်လျှင်မြန်မြန် ရေတွက်လိုက်သည်။

"တစ်ရာ့ခြောက်ဆယ်၊ ရာစ်ရာခြောက်ဆယ့်တစ်၊ တစ်ရာခြောက်ဆယ့်နှစ်"

ဖန်းဟုက ခေါင်းခါယမ်းလိုက်သည်။

"ကလေးမ၊ မင်းအတွက်မှားနေပြီ၊ အခုမှ တစ်ရာငါးဆယ့်သုံးပဲ ရှိသေးတယ်"

လွယ်လွယ်က ရယ်မောလိုက်သည်။

"ရှင်တို့က သိုင်းကွက်သုံးရာအထိ ယှဉ်နိုင်မှာ မဟုတ်ဘူးလို့ပြောကြတယ် မဟုတ်လား၊ အခုမှ သိုင်းကွက်တစ်ရာကျော်ပဲ ရှိသေးတယ်"

သူမသည် ရေတွက်မြဲ ရေတွက်နေ၏။

မုဆင်းက ဒေါသခြောင်းခြောင်း ထွက်လာသည်။

"သူ့ဟာသူ တွက်ချင်တာ တွက်ပါစေ၊ ကျုပ်က သူ့ကို သိုင်းကွက်သုံးရာအထိ ထားမယ်များ ထင်နေသလား"

သူသည် ယင်းသို့ ပြောပြီးသည်နှင့်...

"ယား"

သူသည် ယင်းသို့ အော်ဟစ်လိုက်ပြီး ဖန်းယီ၏ရင်ဝသို့ လက်သီးတစ်လုံး ထိုးသွင်းလိုက်လေသည်။



ဖန်းယီ၏လက်နှစ်ဘက်သည် စက်ဝိုင်းပမာဝိုင်း၍ သိုင်းကွက်အား ဖယ်ရှားလိုက်သည်။ သို့သော်...

မုဆင်း၏အတွင်းအားများသည် အရှိန်ရပ်တန့်သွားခြင်း မရှိဘဲ ဖန်းယီ၏ရင်ဝသို့ တိုးဝင်လာသဖြင့်...

"ဝုန်း"

ဖန်းယီ၏ခန္ဓာကိုယ်သည် နောက်သို့ လွင့်သွားပြီး နံရံနှင့်ထိကပ်သွားလေသည်။

လွယ်လွယ်သည် ရေတွက်နေရာမှ ဖန်းယီ လွင့်စဉ်သွားသည်ကို တွေ့ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားပြီး ရေတွက်ခြင်းမှ ရပ်တန့်လိုက်လေသည်။

ဖန်းဟုက ရယ်မောလိုက်သည်။

"အင်း သည်သူငယ်က ရှုံးသွားပေမယ့် မုဆင်းလို သိုင်းရာဇာတစ်ယောက်ရဲ့ သိုင်းကွက်တစ်ရာကျော်အထိ ခံနိုင်တာ မခေဘူးလို့ ဆိုရမှာပဲ"

လွယ်လွယ်က မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"သူရှုံးတယ်လို့ ဘယ်သူပြောသလဲ"

ဖန်းဟုက ပြုံးလိုက်သည်။

"အဲဒါ ရှုံးတာ မဟုတ်ယင် ဘာလဲ"

လွယ်လွယ်က...

"သူက လဲမကျသွားသေးဘဲ ရှုံးတယ်လို့ ဘယ်ပြောလို့ ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏စကားမဆုံးမီ ဖန်းယီသည် မုဆင်းထံသို့ ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

လွယ်လွယ်သည် ဆက်၍ ရေတွက်လေသည်။

"တစ်ရာခုနစ်ဆယ့်ကိုး၊ တစ်ရာ့ရှစ်ဆယ်"

ဖန်းဟုက ပြုံးလိုက်သည်။

"ထားပါတော့လေ၊ နောက်ထပ် သိုင်းကွက်သုံးဆယ်အထိ ခံနိုင်ဖို့ ကြိုးစားပါအုံး"

သူတို့သည် ယင်းသို့ အချီအချ ပြောနေစဉ်မှာပင် ဖန်းယီနှင့် မုဆင်းတို့မှာ သိုင်းကွက်နှစ်ဆယ်ခန့် ဆက်၍ ယှဉ်ပြိုင်လေသည်။

♣ ♣ ♣



"နှစ်ရာ့တစ်၊ နှစ်ရာ့နှစ်၊ နှစ်ရာ့သုံး"

လွယ်လွယ်သည် သူတို့ သိုင်းကွက်ကို မကြည့်ဘဲ လျှင်လျှင်မြန်မြန် ရေတွက်နေ၏။

ဖန်းဟုက မပြုံးနိုင်တော့ပါ။

ဖန်းယီအား မျက်မှောင်ကုပ်၍ ကြည့်နေ၏။

သူ့နောက်မှ လိုက်ပါလာကြသော လူများမှာလည်း အံ့ဩနေကြလေသည်။

သိုင်းကွက်နှစ်ရာကျော် ရောက်ခဲ့သော်လည်း ဖန်းယီအား အလဲမထိုးနိုင်သဖြင့် မုဆင်းက ဒေါသခြောင်းခြောင်း ထွက်လာသည်။

သူသည် ပို၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ရာ ဖန်းယီသည် နောက်သို့သာ တဖြည်းဖြည်း ဆုတ်သွားလေသည်။

လွယ်လွယ်က အသံကျယ်လောင်စွာဖြင့် ရေတွက်နေ၏။

"နှစ်ရာ့ဆယ့်တစ်၊ နှစ်ရာ့ဆယ့်နှစ်၊ နှစ်ရာ့ဆယ့်သုံး"

ကောင်းယုနှင့် ငွေနှင်းဆီတို့ကလည်း အံ့ဩစွာဖြင့် ကြည့်နေ၏။

သို့သော်...

ဖန်းယီသည် မိမိမှာ နောက်ထပ် သိုင်းကွက်နှစ်ဆယ်ဝင် ခံနိုင်မည်မဟုတ်ဟု ယုံကြည်လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



တိန့်စန်းသည် ရုတ်တရက် မျက်လုံးဖွင့်လိုက်သည်။

သူ၏တည်ငြိမ်သော မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သည့် အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

သူသည် ဖန်းယီ ရှုံးသွားမည်ဟုလည်း သိထားလေသည်။

မုဆင်းသည် ဖန်းယီ ရှုံးသွားမည်ဟုလည်း သိထားလေသည်။

မုဆင်းသည် ဖန်းယီက မည်သို့မျှ ခုခံခြင်း မရှိတော့သည်ကို တွေ့ရသဖြင့် စိတ်ခတ်တက်ကြွလာပြီး သိုင်းကွက်သုံးကွက်ဆက်၍ တိုက်ခိုက်လိုက်လေသည်။

ဖန်းယီ ခန္ဓာကိုယ်သည် အခန်းထောင့်သို့ ဆုတ်သွားရလေသည်။

လွှယ်လွှယ်က ဆက်၍ ရေတွက်လေသည်။

"နှစ်ရာနှစ်ဆယ့်ခြောက်၊ နှစ်ရာနှစ်ဆယ့်ခုနစ်"

သူမ အသံသည် အနည်းငယ် တုန်ခါနေ၏။

ယခု သိုင်းကွက်ခုနစ်ဆယ်ကျော်ခန့်သာ ကျန်တော့သည်။

သို့သော်...

ဖန်းယီမှာမူ ဆက်၍ ခံနိုင်ပါမည်လော။

ဟွေ့မိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း နှစ်ရာ့ခြောက်ဆယ်လောက် ခံနိုင်ဖို့ မလွယ်တော့ဘူး"

ဖန်းဟုက ပြုံးလိုက်သည်။



"နှစ်ရာ့ငါးဆယ်လောက်ဆို သည်သူငယ် လဲသွားမှာပဲ"

မုဆင်းက အသံကျယ်လောင်စွာဖြင့်...

"မလိုဘူး၊ နှစ်ရာ့လေးဆယ်နဲ့ အလဲတိုက်ပါ့မယ်"

သူသည် ယင်းသို့ ပြောပြီး မိုးကြိုးပစ်ဓား အားမာန်အပြည့်ဖြင့် တိုက်ခိုက်လိုက်လေသည်။

လွှယ်လွှယ်က...

"နှစ်ရာသုံးဆယ့်ရှစ်"

ဖန်းယီက မုဆင်း တိုက်ခိုက်လာသော သိုင်းကွက်များကို မည်သို့ ခုခံရမှန်း မသိဘဲ အခက်ကြုံနေရလေ၏။

♣ ♣ ♣

မုဆင်း၏ဖိ၍ တိုက်ခိုက်မှုကြောင့် ဖန်းယီ၏ခန္ဓာကိုယ်သည် နောက်သို့ တဖြည်းဖြည်း ယိုင်သွားလေသည်။

ဖန်းဟု၏မျက်နှာပေါ်တွင် ပြုံးယောင်သမ်းလာပြန်သည်။

လီဖုံး မျက်မှောင်ကုပ်သွားလေသည်။

ဟွေ့မိုက ခေါင်းခါယမ်းပြီး သက်ပြင်းချနေသည်။

ဖန်းယီ၏တစ်ကိုယ်လုံးသည် တဖြည်းဖြည်း ကွေးညွတ်လာလေ၏။

မုဆင်းက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းလက်မြှောက် အရှုံးပေးပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီက အံကို တင်းတင်းကြိတ်ပြီး ခေါင်းခါယမ်းလိုက်သည်။

မုဆင်းက ဒေါသထွက်သွားလေသည်။

သူသည် ပို၍ ပြင်းထန်စွာ တိုက်ခိုက်လေသည်။

ဖန်းယီသည် အံကို တင်းတင်းကြိတ်ကာ တောက်ခေါက်နေ၏။

မုဆင်းက ဖိ၍ တိုက်ခိုက်ယင်း...

"မင်းအရှုံးမပေးယင် သေသွားနိုင်တယ်ဆိုတာ နားလည်သလား"

လွယ်လွယ် ရုတ်တရက် ထအော်လိုက်သည်။

"အစ်ကိုဖန်းယီ အရှုံးပေးလိုက်ပါတော့"

ဟွေ့မှုံက သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"သူငယ်လေး၊ မင်းအရှုံးပေးလိုက်ပါ၊ ဘာဖြစ်လို့ အသက်အသေခံချင်ရတာလဲ"

လွယ်လွယ်သည် မျက်ရည်ကျလျက် မြင်ကွင်းများပင် မပီမပြင် ဖြစ်လာလေသည်။

သူမသည် မကြည့်ရက်သဖြင့် တစ်ဘက်သို့ မျက်နှာလွှဲထားလေသည်။

လီဖုံးက မနေနိုင်တော့ပါ။

"သည်မှာ တိန့်စန်း၊ သူ့အသက်သေသွားတာကို သည်အတိုင်း ကြည့်နေတော့မှာလား"



တိန့်စန်းသည် ဝမ်းနည်းကြေကွဲစွာဖြင့် သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး...

"အေးပေါ့လေ၊ ကျုပ်က အရှုံးပေး..."

သူ့စကားမဆုံးမီ ဖန်းယီက ရုတ်တရက် ထအော်လိုက်သည်။

"ကျုပ်မရှုံးသေးဘူး၊ ကျုပ်က လဲကျမသွားသေးဘူး"

မုဆင်းက ဒေါသကြီးစွာဖြင့်...

"မင်းတော်တော် ခေါင်းမာတဲ့ လူငယ်တစ်ယောက်ပါလား၊ မင်းသေသွားလိမ့်မယ်နော်"

သူသည် ထပ်မံတိုက်ခိုက်ရန် ရှေ့သို့ ခြေလှမ်းတိုးလာသည်။ ထိုစဉ်...

လွယ်လွယ်က ခုတင်အနီးမှာ ရှိသော အဆိပ်ပိုးကောင်များ ထည့်ထားသော အိတ်ကို မသိမသာ ရှေ့သို့ ခြေထောက်ဖြင့် တို့ပေးလိုက်လေသည်။

မုဆင်း၏ခြေထောက်သည် ထိုအိတ်ပေါ်သို့ နင်းမိလိုက်သဖြင့် အိတ်ကလေး ပေါက်ပြဲသွားပြီး မြွေ၊ ကင်းခြေများ၊ ကင်းမြီးကောက်များ စသည့် အကောင်များသည် ထွက်လာပြီး မုဆင်း၏ခြေထောက်မှ တစ်ဆင့် ခန္ဓာကိုယ်ပေါ်သို့ တက်သွားလေသည်။

မုဆင်းက ထိတ်လန့်သွားသည်။

နောက်သို့ ကမန်းကတန်း ဆုတ်သွားလေသည်။

သို့သော် သူက သူ့အင်္ကျီပေါ်တွင် လက်မောင်းပေါ်၊ ခြေ

www.burmeseclassic.com

www.burmeseclassic.com



ထောက်ပေါ်တွင် အဆိပ်ပိုးကောင်များ အမျိုးမျိုး တွယ်နေသည်ကို တွေ့ရလေသည်။

ထို့အပြင် များပြားလှသော အကောင်များသည် ထွက်လာပြီး မုဆင်းထံသို့ ရွေ့လျားသွားနေ၏။

အားလုံးသော လူများသည် ထိုအဆိပ်ကောင်များအား ကြည့်ကာ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

မုဆင်းသည် ဒေါသလည်းဖြစ်၊ ထိတ်လန့်ခြင်းလည်းဖြစ်ကာ သူ၏ခန္ဓာကိုယ်ပေါ်မှ အကောင်များကို လက်ဖြင့် ပုတ်ချပြီး ခြေထောက်ဖြင့် နင်းသတ်နေရလေသည်။

သို့သော် အကောင်များက များပြားလွန်းသဖြင့် သူသည် အဆက်မပြတ် ထိုအကောင်များကို လက်ဝါးဖြင့်လည်းကောင်း၊ ခြေထောက်ဖြင့်လည်းကောင်း ရိုက်သတ်နေရလေသည်။

လွယ်လွယ်သည် ထိုအချင်းအရာကို မြင်တွေ့သည်နှင့် ရုတ်တရက် အသံကျယ်လောင်စွာဖြင့် ရယ်မောလိုက်ပြန်လေသည်။

သူမသည် အဆက်မပြတ်ဘဲ လျှင်မြန်စွာ ရယ်မောလိုက်လေသည်။ တခဏအချိန်တွင် သူမသည် နှစ်ရှေ့ရှစ်ဆယ်အထိပင် ရယ်မောနေ၏။

မုဆင်းသည် ရှိသမျှ အကောင်များအား အသေသတ်ပြီးသောအခါ လွယ်လွယ်ကလည်း သုံးရာအထိ ရယ်မောပြီးသွားလေသည်။

♠ ♠ ♠



အခန်းတစ်ခုလုံးတွင် ရုတ်တရက် တိတ်ဆိတ်သွားလေ၏။

အတန်ကြာမှ ဖန်းဟုက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"အို သည်လို ရယ်လို့ ဘယ်ရမှာလဲ"

လွယ်လွယ်က မဲ့ပြုံးပြုံးလိုက်သည်။

"အခု အစ်ကိုဖန်းယီ လဲကျသွားပြီလား"

ဖန်းယီသည် လဲကျမသွားသေးပါ။

သို့သော် သူ့ခန္ဓာကိုယ်သည် နံရံ၌ မှီထားပြီး မောဟိုက်၍ နေလေသည်။

လွယ်လွယ်သည် ဖန်းဟုအား ကြည့်လိုက်သည်။

"ရှင်တို့က သိုင်းကွက်သုံးရာအထိ တိုက်ခဲ့ပြီးပြီ၊ ကျွန်မတို့ အစ်ကိုဖန်းယီကလဲ လဲမကျသွားတဲ့အတွက် ကျွန်မတို့က နိုင်ပါတယ်လို့ ပြောရမှာပဲ"

ဖန်းဟုက ခေါင်းခါယမ်းလိုက်လေသည်။

"မဟုတ်သေးဘူး၊ ဆရာကြီးမုဆင်း ကျန်ရှိတဲ့ သိုင်းကွက်ခြောက်ဆယ်ကျော်ဟာ ဖန်းယီကို တိုက်ခိုက်တာမှ မဟုတ်ဘဲ၊ ပိုးကောင်တွေကို လိုက်သတ်တယ်ဆိုတာ မျက်မြင်ကို တွေ့ရတယ် မဟုတ်လား"

လွယ်လွယ်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒါကတော့ ကျွန်မလဲ မသိဘူး၊ ကျွန်မသိထားတာက သူဟာ အစ်ကိုဖန်းယီနဲ့ ယှဉ်ပြိုင်နေတယ်၊ ဒါကြောင့် သူ့သိုင်းကွက်မှန်သမျှကို ထည့်တွက်ရမှာပဲ၊ သူက အစ်ကိုဖန်းယီကို မတိုက်ခိုက်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အခြားဟာကို တိုက်ခိုက်တာတော့ သူ့အမှားပါပဲ”

ဖန်းဟုက...

“ဒါကတော့ သည်လို ရှိပါတယ်၊ အဲသည် ကောင်တွေကို လိုက်မသတ်ယင် သည်အကောင်ကိုက်တာကို ခံနေရမှာလားဗျ”

လွယ်လွယ်က မဲ့ပြုံးပြုံးလိုက်သည်။

“အကောင်တွေဟာ အိတ်ထဲမှာ သူ့ဘာသာသူ အေးအေးဆေးဆေး အိပ်နေပါတယ်၊ သူက ဘာဖြစ်လို့ သွားစတာလဲရှင့်”

မုဆင်းက အတန်ကြာ စဉ်းစားလိုက်၏။

“အင်း သည်သူငယ်က ကျုပ်ရဲ့သိုင်းကွက်သုံးရာအထိ ခံနိုင်တယ်ဆိုတော့ မဆိုးဘူး၊ ကျုပ်ကပဲ အရှုံးပေးပါတယ်”

ဖန်းဟု၏မျက်လုံးအစုံ ပြုံးသွားလေသည်။

“မဟုတ်သေးဘူးဗျ၊ ခင်ဗျားက သိုင်းကွက်သုံးရာအထိ အသုံးမပြုသေးဘူးဗျ”

မုဆင်းက...

“ဘယ်သူက ပြောသလဲ၊ ကျုပ်နဲ့ သူက တိုက်ခိုက်တဲ့ အချိန်မှာ အသုံးပြုတဲ့ သိုင်းကွက်တွေဟာ ထည့်တွက်ရမှာပဲ”

ဖန်းဟုမှာ မုဆင်းအား ကြည့်ကာ ငေးငိုင်သွား၏။

အတန်ကြာမှ သူက ပြုံးလိုက်၏။

“ဆရာမုဆင်းက မင်းတို့ကို အရှုံးပေးလိုက်ပြီဆိုတော့ မင်းတို့က နိုင်ပါပြီလို့ ကျုပ်ကြေငြာပါတယ်”

လွယ်လွယ်က ဝမ်းသာစွာဖြင့် ရယ်မောလိုက်သည်။



“အခုတော့လဲ ရှင်က ကတိတည်သားပဲ”

ဖန်းဟုက ပြုံးလိုက်သည်။

“ကဲ သည်မှာ ရှိတဲ့ လူအားလုံး သွားလိုရာ သွားနိုင်ပါတယ်၊ ကျုပ်လုံးဝ အနှောင့်အယှက် မပေးဘူးလို့ ကတိပေးပါတယ်”

လွယ်လွယ်က...

“ဒါဟာ ကျွန်မအိမ်ရှင့်၊ ကျွန်မက ဘာဖြစ်လို့ သွားရမှာလဲရှင့်”

မုဆင်းက အံ့ဩကျယ်လောင်စွာဖြင့်...

“ဟုတ်တယ်၊ ဒါ သူတို့အိမ်ပဲ၊ သွားစရာရှိယင် ကျုပ်ကပဲ သွားရမှာ”

သူသည် ပြောပြီးသည်နှင့် ခြေလှမ်းကျဲကျဲဖြင့် အောက်သို့ ဆင်းသွားလေသည်။

ဖန်းဟုက ပြုံးလိုက်သည်။

သူတို့သည် တိန့်စန်းနှင့် ဖန်းယီတို့အား နှုတ်ဆက်လိုက်၏။

“ကဲ အားလုံးပဲ သွားခွင့်ပြုပါဦး”

ဟွေ့မိုက ကောင်းယုထံ လျှောက်သွား၏။

ကောင်းယု၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

သို့သော် ဟွေ့မိုက သူ့အား လှည့်ပင်မကြည့်ဘဲ ချင်းချင်းကို စိုက်ကြည့်နေ၏။

“ညည်းက ချိုကျိုန်းရဲ့ တပည့်လား”

www.burmeseclassic.com

www.burmeseclassic.com



ချင်းချင်းက ခေါင်းငုံ့ထားလိုက်သည်။

"ဟုတ်ကဲ့"

ဟွေ့မုံက သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"အင်း သနားစရာကောင်းလိုက်တာနော်"

သူမသည် ယင်းသို့ ပြောပြီးသည်နှင့် မည်သူ့ကိုမှ မကြည့်တော့ဘဲ အောက်ထပ်သို့ ဆင်းသွားလေသည်။

ဗေဒါဂိုဏ်းချုပ်လီဖုံးသည် ကောင်းယုအား အတန်ကြာ စိုက်ကြည့်လိုက်သည်။

ထို့နောက် အောက်ထပ်သို့ ဆင်းသွားလေသည်။

သူတို့အားလုံး ထွက်ခွာသွားတော့မှ ဖန်းယီ ခန္ဓာကိုယ်သည် မြေပေါ်သို့ လဲကျသွားလေတော့သည်။

♣ ♣ ♣



လေ၏တိုက်ခတ်မှုကြောင့် အခန်းတွင်းရှိ မီးအိမ်မှာ လှုပ်ရှားနေ၏။

ဖန်းယီသည် ကြမ်းပြင်ပေါ်၌ လဲလျောင်းနေ၏။

လွယ်လွယ်က သူ့အနီး၌ ထိုင်ကာ မျက်ရည်ကျနေ၏။

"အစ်ကိုကြီး ကျွန်မ ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မပြောတတ်ပါဘူးရှင်"

ဖန်းယီက လွယ်လွယ်အား ပြုံးပြလိုက်လေသည်။

"တို့က နိုင်လိုက်ပြီပဲ၊ ညီမက ဘာဖြစ်လို့ ငိုနေရတာလဲ"

လွယ်လွယ်က မျက်ရည်သုတ်ယင်း...

"ကျွန်မဝမ်းသာလွန်းလို့ပါ"

ကောင်းယုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း အခုအချိန်ကစပြီး ခင်ဗျားရဲ့ နာမည်ဟာ သိုင်းလောကတစ်ခုလုံး ကျော်ကြားသွားတော့မှာပဲ၊ တစ်ခုတော့ ရှိတယ်"

လွယ်လွယ်က ခေါင်းငုံ့သွားသည်။

"ရှင်က ဘာကို ပြောချင်တာလဲ"

ကောင်းယုက...

"ကျုပ်ပြောချင်တာက ကျုပ်တို့ သည်နေရာမှာ ဆက်နေလို့ မဖြစ်တော့ဘူး"

လွယ်လွယ်က မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်က သွားချင်ယင် ဘယ်သူကမှ မတားပါဘူးရှင်၊ သွားပါ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းယုသည် ထိုင်ရာမှ ထသွားလိုသော်လည်း လီဖုံးနှင့် ဟွေ့မုံတို့ကို ကြောက်ရွံ့နေသဖြင့် မသွားဝံ့တော့ဘဲ ပြန်လည်ထိုင်ချလိုက်လေသည်။

♣ ♣ ♣

အတန်ကြာသွားတော့မှ ဖန်းယီက အမောပြေသွားပြီး ထလာနိုင်လေသည်။

ထိုစဉ်မှာပင်…

အသံဗလံများ ထွက်ပေါ်လာသည်ကို ကြားရသဖြင့်…

"ဟင် ဘာသံများပါလိမ့် ကြည့်လိုက်ပါဦး"

ငွေနှင်းဆီက ပြတင်းပေါက်အနီးသို့ ပြေးသွားပြီး အပြင်သို့ လှမ်းကြည့်လိုက်သည်။

"ဟိုက် ဒုက္ခပဲ၊ မီးလောင်နေပြီ"

ကောင်းယု မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဒါ ဖန်းဟု အကြံ ဖြစ်ရမယ်"

ဖန်းယီသည် ပြတင်းပေါက်အနီးသို့ လျှောက်သွားပြီး အဝေးသို့ လှမ်းကြည့်လိုက်ရာ မီးခိုးလုံးများသည် ကောင်းကင်ပေါ်သို့ ထောင်တက်နေသည်ကို တွေ့ရလေသည်။

သူသည် နောက်ဘက်ရှိ ပြတင်းပေါက် ရှိရာသို့ လျှောက်သွားပြန်သည်။



အပြင်သို့ ကြည့်သောအခါ မီးခိုးလုံးများ ထွက်ပေါ်လာသည်ကို တွေ့ရလေသည်။

သူသည် တိန့်စန်းအား လှည့်ကြည့်လိုက်သည်။

"ဖန်းဟုက တစ်ရွာလုံးကို အခြေအနေ မဟန်ယင် ကျုပ်တို့ကို မီးရှို့သတ်ဖို့ ကြံစည်ထားတာဗျ"

ကောင်းယုက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဒါဖြင့် ကျုပ်တို့ ဘာငိုင်နေတာလဲ၊ အမြန်ဆုံးသွားကြစို့"

လွယ်လွယ်က တိန့်စန်းအား ကြည့်လိုက်မိသည်။

တိန့်စန်းသည် မျက်နှာတည်ကြည်စွာဖြင့် မလှုပ်မယှက် ထိုင်နေ၏။

လွယ်လွယ်၏စကား မကြားသည့်အလား ဆိတ်ဆိတ်နေလေသည်။

ဖန်းယီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်ပါတယ်၊ မီးကတော့ လေးဘက်လေးတန် လောင်နေတယ်၊ အခု ချက်ချင်း ထွက်မသွားယင် ထွက်ပေါက်မရှိတော့ဘူး"

လွယ်လွယ်က…

"ဘဘက လမ်းမလျှောက်နိုင်ဘဲ ဘယ့်နှယ်လုပ်မလဲ"

ဖန်းယီက…

"ကျုပ်ကျောပိုးသွားပါ့မယ်"

ငွေနှင်းဆီက…

"ကျွန်မကိုကော ပစ်မထားပါနဲ့ရှင်"

www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်က...

"ကျွန်မပဲ ဘာဘကို ကျောပိုးပါမယ်၊ ရှင်က သူ့ကို ခေါ်ပါ"

ကောင်းယုက ချင်းချင်းအား ပွေ့ချီလိုက်သည်။

"ကဲ အမြန်ဆုံး သွားကြမှ ဖြစ်မယ်"

တိန့်စန်းက အေးတိအေးစက်ဖြင့်...

"မင်းတို့ မြန်မြန်သွားကြပါ"

လွယ်လွယ်သည် တိန့်စန်းအား ကျောပိုးရန် ဟန်ပြင်လိုက်ရာ တိန့်စန်းက ဟန့်တားလိုက်လေသည်။

"ဘာဘက အခုလို ကျောပိုးပြီး ထွက်ပြေးရမယ့် လူစားမျိုး မဟုတ်ဘူးကွ"

ဖန်းယီက...

"ဒါဖြင့် ကျွန်တော်ပဲ ကျောပိုးပါ့မယ်"

ဟုပြောလိုက်သည်။

တိန့်စန်း ဒေါသခြောင်းခြောင်း ထွက်လာသည်။

"မလိုဘူး၊ မင်းတို့ ငါ့ကို ထားပစ်ခဲ့"

ထိုစဉ်မှာပင်...

ပြတင်းပေါက်မှ လူတစ်ယောက် ခုန်ဝင်လာလေသည်။

တိန့်စန်းက ဒေါသကြီးစွာဖြင့်...

"ဟေ့ ဘယ်သူလဲ"

ဟုငေါက်လိုက်သည်။

ထိုလူက အက်ကွဲသော လေသံဖြင့်...



"ကျူပ်ပါဗျာ"

တိန့်စန်းက သက်ပြင်းရှည်တစ်ချက်ချပြီး စကားမဆက်တော့ပါ။

ထိုလူသည် အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး မျက်လုံးအစုံမှအပ မျက်နှာတစ်ခုလုံး အဝတ်ဖြင့် စည်းထားသဖြင့် မည်သူမည်ဝါဟု မသိရပါချေ။

ထိုလူသည် လျှပ်တပြက် တိန့်စန်းအား ကျောပေါ်သို့ ထမ်းယိုက်ပြီး ပြတင်းပေါက်မှ ခုန်ထွက်သွားသည်။

အဖြစ်အပျက်က မြန်ဆန်လွန်းသဖြင့် ဖန်းယီနှင့် လွယ်လွယ်တို့ကပင် ကြောင်အမ်းအမ်းဖြင့် ငေးကြည့်နေလေသည်။

သူတို့သည် သတိရ၍ ထိုလူနောက်သို့ လိုက်သွားသောအခါ ထိုလူ၏အရိပ်အရောင်ပင် မတွေ့ရတော့ပါချေ။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## အကြိုသမား

မီးတောက်မီးလျှံများသည် အရှိန်ပြင်းစွာဖြင့် တောက်လောင်နေ၏။

လွယ်လွယ်သည် မီးတောက်မီးလျှံကြားသို့ ပြေးဝင်သွားသည်။

လွယ်လွယ်သည် တိန့်စန်းအား ထမ်းခေါ်သွားသောလူ သွားရာလမ်းသို့ မှန်းဆပြီး ပြေးလိုက်လေသည်။

သူမ၏တစ်ကိုယ်လုံးမှာ မီးပွားများစဉ်၍ အဝတ်အစားများပင် လောင်ကျွမ်းလာလေသည်။

ဖန်းယီက သူ့အပေါ်အင်္ကျီအား ချွတ်လိုက်ပြီး လွယ်လွယ် တစ်ကိုယ်လုံးအား အုပ်၍ ခြုံပေးလိုက်လေသည်။



ထို့နောက်…

သူမအား ပွေ့ချီကာ တောက်လောင်နေသော မီးပုံကြားမှ တိုးထွက်သွားလေသည်။

သူတို့သည် မီးပုံကြားမှ တိုးထွက်လာသောအခါ ဖန်းယီသည် မောဟိုက်လွန်းသဖြင့် မြေပေါ်သို့ လဲကျသွားလေသည်။

လွယ်လွယ်သည် တိန့်စန်းအား ရှာမတွေ့သဖြင့် ဝမ်းနည်းကြေကွဲစွာ ငိုကြွေးလေတော့သည်။

ဖန်းယီက စိတ်ရှည်စွာဖြင့် ချော့မော့နေရလေသည်။

ဖန်းယီသည် လွယ်လွယ်အား ချောင်းစပ်တစ်ခုသို့ ခေါ်ဆောင်သွားပြီးမှ ချောင်းစပ်အနီး၌ ထိုင်၍ အမောဖြေကြလေသည်။

သူတို့နှစ်ယောက်စလုံး ခြေကုန်လက်ပန်း ကျနေသဖြင့် မြေပေါ်သို့ လှဲချလိုက်လေသည်။

အတန်ကြာမှ…

လွယ်လွယ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း သူတို့က ဘာဖြစ်လို့ ကျွန်မတို့ကို မီးနဲ့ရှို့ရတာလဲရှင်"

ဖန်းယီက အတန်ကြာ စဉ်းစားလိုက်သည်။

"အကြောင်းတစ်ခုတော့ ရှိမယ် ထင်တယ်"

လွယ်လွယ်က…

"သူတို့က ကျွန်မတို့ကို သတ်ချင်တာနဲ့ တူတယ်"

ဖန်းယီက…

"မဟုတ်ဘူး၊ သူတို့က အခြားအကြောင်းတစ်ခု ရှိလိမ့်မယ်

www.burmeseclassic.com



ထင်တယ်"

လွယ်လွယ်က မျက်မှောင်ကုပ်ယင်း...

"ဘာအကြောင်းများပါလိမ့်"

ဟုမေးလိုက်သည်။

ဖန်းယီက...

"ကျုပ်အထင်နဲ့ ပြောရမယ်ဆိုယင် ညီမတို့ နေထိုင်တဲ့ အခန်းမှာ အံ့ဩဖွယ်ရာကောင်းတဲ့ လျှို့ဝှက်ချက်တစ်ခု ရှိလိမ့်မယ် ထင်တယ်"

လွယ်လွယ် မျက်မှောင်ကုပ်သွားသည်။

"ဘာလျှို့ဝှက်ချက်များလဲ အစ်ကို"

ဖန်းယီက...

"ဒါတော့ ကျုပ်လဲ မသိဘူး၊ ဒါပေမယ့် ဖန်းဟုက အခုလို ရွာသူရွာသားများကို ပြောင်းရွှေ့ပြီး တစ်ရွာလုံးကို မီးလောင်တိုက်သွင်းတာဟာ အဲဒီ လျှို့ဝှက်ချက်ကြောင့် ဖြစ်ရမယ်လို့ ကျုပ်ထင်တယ်"

လွယ်လွယ်က အတန်ကြာ စဉ်းစားလိုက်ပြီး...

"ကျွန်မတော့ ဒီမှာ နေတာ အတော်ကြာသွားပြီ၊ ဘာလျှို့ဝှက်ချက်မှလဲ မတွေ့ခဲ့ဘူး"

ဖန်းယီက...

"မင်းအမေ ကွယ်လွန်တဲ့အခါမှာ မင်းကို ဘာတွေ ပြောခဲ့တယ်ဆိုတာ သေသေချာချာ မှတ်မိသလား"



လွယ်လွယ်က မျက်မှောင်ကုပ်သွားသည်။

"သူ ဘာမှ မပြောပါလား၊ ကျွန်မ မှတ်မိသလောက်တော့ သူက ဒီအိမ်ကို ကောင်းကောင်းမွန်မွန် ထိန်းသိမ်းစောင့်ရှောက်ပါ၊ နောက်ပြီး ဒီအိမ်ကိုပဲ သူကအမွေပေးနိုင်တယ်လို့ ပြောသွားပါတယ်၊ ဒါကြောင့် ကျွန်မဟာ ဒီအိမ်ကနေ စွန့်ခွာမသွားနိုင်တာ.."

သူမသည် စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

သူမ၏မျက်ဝန်းအစုံသည် ဝင်းလက်တောက်ပလာသည်။

ထိုင်ရာမှ ဆတ်ခနဲ ထလိုက်လေသည်။

မီးတောက်မီးလျှံများသည် အနည်းငယ် အရှိန်လျော့သွားသည်ကို တွေ့ရလေသည်။

သူမသည် ဘေးဘီသို့ လှည့်ကြည့်လိုက်ရာ ဝန်းကျင်တစ်ခုလုံးမှာ မီးခိုးများ၊ လေထဲလွင့်နေသော ပြာများကိုသာ တွေ့ရလေသည်။

သူမသည် ဘေးဘီသို့ လှည့်ကြည့်လိုက်ယင်း ဖန်းယီအား ခေါ်ကာ သူမတို့ နေအိမ်သို့ ပြန်လည်ပြေးသွားလေသည်။

သို့သော်...

သူမတို့ နှစ်ပေါင်းကြာရှည်စွာ နေထိုင်ခဲ့သော အိမ်ကလေးသည် ပြာကျနေသည်ကို တွေ့လိုက်ရလေသည်။

ထိုဝန်းကျင်တစ်ပိုက်တွင်...

ခွေချစ်လို တည်းခိုခန်း အဆောက်အအုံတစ်ခုတည်းသာ

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် လောင်ကျွမ်းသည်ကို တွေ့ရသည်။

ကျန်ရှိသော အိမ်အားလုံးတို့သည် ပြာပုံဘဝသို့ ရောက်ရှိနေလေပြီ။

မီးခိုးများကြားမှ အနက်ရောင်ဝတ်ဆင်ထားသူများသည် မီးကြွင်းမီးကျန်များကို လိုက်လံငြိမ်းသတ်နေသည်ကို တွေ့ရသည်။

ဖန်းဟုတို့လူစုနှင့် ရွာသူရွာသားများကိုမူ တစ်စုံတစ်ယောက်မှ မတွေ့ရပါ။

ဖန်းယီသည် ပြိုလဲနေသော အုတ်နံရံတစ်ခု၏ထောင့်၌ ရပ်နေသည်။

လွယ်လွယ်က အသံတိုးတိုးဖြင့်...

"အစ်ကို၊ ကျွန်မတို့နေရာကို သွားပြီးရှာရင် ကောင်းမလား"

ဖန်းယီက အနည်းငယ် စဉ်းစားလိုက်သည်။

"ညီမက ဒီလောက် နှစ်ကြာကြာ နေထိုင်ခဲ့တာတောင် လျှို့ဝှက်ချက်ကို မတွေ့ဘူးဆိုတော့ အခု အချိန်တိုတိုနဲ့ ရှာလို့ လွယ်မှာမဟုတ်ဘူး၊ နောက်ပြီး သူတို့လူတွေဟာ မီးလိုက်ငြိမ်းတာ ထောက်ယင် ဖန်းဟုတို့လူစုဟာ မကြာမီ ရောက်လာလိမ့်မယ် ထင်တယ်"

လွယ်လွယ်က...

"ဒါဖြင့် ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

ဖန်းယီက...

"ကျုပ်တို့ ခွေချစ်လို တည်းခိုခန်းမှာ ပုန်းနေယင် ကောင်းမယ် ထင်တယ်"



ဟုပြောလိုက်သည်။

လွယ်လွယ်က...

"ဖြစ်ပါ့မလား၊ တော်ကြာ သူတို့ တွေ့သွားဦးမယ်"

ဖန်းယီက ပြုံးလိုက်သည်။

"သူတို့က ကျုပ်တို့ ဒီမှာ ရှိနေသေးတယ်ဆိုတာ ထင်မှာမဟုတ်ဘူး၊ ဒါကြောင့် ဒီမှာ နေတာဟာ အကောင်းဆုံးပဲလို့ ကျုပ်ထင်မိတာယ်"

လွယ်လွယ်က ခေါင်းညိတ်လိုက်လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မိုးသောက်အာရုဏ် လင်းလာပြီ ဖြစ်သည်။

အာရုဏ်ဦး၏ ရောင်ခြည်သည် မီးလောင်ကျွမ်းထားသော ပြတင်းပေါက်မှ တိုးဝင်လာသည်။

လွယ်လွယ်နှင့် ဖန်းယိတို့သည် ခွေချစ်လို တည်းခိုခန်း၏ စီးဖိုဆောင်တွင် ပုန်းအောင်းနေလေသည်။

မကြာပါချေ။

အနက်ရောင်ဝတ်ဆင်ထားသောလူများသည် သူမ၏အိပ်ခန်းရှိရာသို့ လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူများသည် လက်ထဲ၌ ခက်ရင်းခွများကို ကိုင်ထားပြီး... ပြိုလဲပျက်စီးနေသော ပြာပုံကြားမှ ဟိုဟိုသည်သည် လိုက်၍ ကြည့်နေသည်။

သူတို့သည် လူများ ပုန်းအောင်းနေခြင်း ရှိမရှိ လိုက်လံရှာဖွေနေခြင်း ဖြစ်သည်ကို လွယ်လွယ်က ရိပ်စားမိလိုက်လေသည်။

ထိုစဉ်မှာပင်...

အဝေးမှ လူတစ်စု လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ဖန်းယိက ချောင်းကြည့်လိုက်သောအခါ...

ဖန်းဟုတို့လူစု ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

လွယ်လွယ်သည် ဖန်းဟုတို့အား တွေ့မြင်လိုက်ရသည်နှင့် ထိတ်လန့်ချောက်ချားကာ တစ်ကိုယ်လုံးပင် တုန်ခါနေ၏။

ဖန်းဟုတို့သည် အနီးသို့ ရောက်ရှိလာသောအခါ အနက်



ရောင်ဝတ်ဆင်ထားသော လူတစ်ယောက်က ဖန်းဟုအား ဦးညွှတ်၍ အရိုအသေပေးလိုက်လေသည်။

"ခေါင်းဆောင်ကြီးခင်ဗျာ၊ ကျုပ် အသုံးပြုလိုက်တဲ့မီးဟာ ဘယ်လောက် အစွမ်းထက်တယ်ဆိုတာ တွေ့ထယ် မဟုတ်လား"

ဖန်းဟု၏နောက်တွင် စုကွမ်း ပါလာသည်။

သူသည် မပြောမဆိုဘဲ လက်ထဲမှ ဓားကို ဆွဲထုတ်လိုက်ပြီး ထိုအနက်ရောင်ဝတ်ဆင်ထားသူအား ခုတ်ချလိုက်လေသည်။

"အား"

ထိုလူသည် ယင်းသို့ တစ်ချက်တည်းသာ အော်နိုင်သည်။

သူ၏ခန္ဓာကိုယ်သည် ဖွဲ့အိတ်ပမာ မြေပေါ်သို့ ပြိုလဲကျသွားလေသည်။

"ဟင်"

"ဟာ"

ကျန်ရှိသော အခြားအနက်ရောင်ဝတ်ဆင်ထားသောလူများသည် အံ့သြစွာဖြင့် စုကွမ်းအား ကြောင်၍ ကြည့်နေကြသည်။

စုကွမ်းသည် စကားမပြောဘဲ ထိုအနက်ရောင်ဝတ်ဆင်ထားသူများအား လျှပ်တပြက် တိုက်ခိုက်လိုက်သည်။

"အင့်"

"အား"

အနက်ရောင်ဝတ်ဆင်ထားသူများ အော်ဟစ်ညည်းညူကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ…

ဖန်းဟု၏နောက်တွင် ပါလာသော လူတစ်ယောက်က အံ့ဩထိတ်လန့်စွာဖြင့် စုကွမ်းအား ကြည့်လိုက်သည်။

တဖန်…

"မင်း ဘာကြောင့် ငါ့လူတွေကို ရှင်းပစ်ရတာလဲ"

ဒေါသတကြီး ငေါက်လိုက်၏။

စုကွမ်း မဲ့ပြုံးပြုံးလိုက်သည်။

ထိုလူအား စိုက်ကြည့်လိုက်ပြီး…

"ရွာသူရွာသားများ အိုးမဲ့အိမ်မဲ့ ဖြစ်သွားအောင် တစ်ရွာလုံး မီးလောင်တိုက်သွင်းတဲ့ လူကို ကျုပ်က မသတ်လို့ ဖြစ်ပါ့မလား"

ထိုလူ ဒေါသခြောင်းခြောင်း ထွက်လာသည်။

"ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲဗျ"

သူသည် ဖန်းဟုအား ဦးညွှတ်ပြီးနောက် မကျေမနပ် ပြောကြားလိုက်သည်။

"ခေါင်းဆောင်ကြီး သူပြောတာ ကြားတယ် မဟုတ်လား"

ဖန်းဟုက အေးတိအေးစက်ဖြင့်…

"ဟုတ်တယ်၊ တစ်ရွာလုံးကို မီးရှို့တဲ့ အပြစ်ဟာ အင်မတန်မှ ကြီးလေးလှတဲ့အတွက် ကျုပ်တို့ မညှာနိုင်ဘူး"

"ဗျာ"

ထိုလူသည် ထိတ်လန့်အံ့ဩသွားပြီး နောက်သို့ ခြေသုံးလှမ်း ဆုတ်သွားသည်။



ဖန်းဟု ပြုံးလိုက်သည်။

"ဒီမှာ ဖုန်းလီ၊ မင်းတို့ဟာ မီးရှို့တဲ့ နေရာမှာ အတော်ကို ကျွမ်းကျင်ပါတယ်၊ ဒါပေမယ့် အခုလို ရွာသူရွာသားများ အိုးမဲ့အိမ်မဲ့ ဖြစ်အောင် ရှို့သွားတာတော့ တရားဥပဒေအရ မင်းတို့ကို အရေးယူရလိမ့်မယ်"

ဖုန်းလီသည် ပြူးကျယ်သော မျက်လုံးအစုံဖြင့် ဖန်းဟုအား ကြည့်လိုက်သည်။

တဖန်…

ဒေါသသံဖြင့် ပြောလိုက်သည်။

"ခေါင်းဆောင်ကြီး၊ အခုလို မီးရှို့တာဟာ ခေါင်းဆောင်ကြီး ကိုယ်တိုင် ငွေသုံးသောင်းပေးပြီး ရှို့ခိုင်းလို့ ကျုပ်တို့ ရှို့ရတာယ်ဆိုတာ ခေါင်းဆောင်ကြီး မေ့နေပြီ ထင်တယ်"

ဖန်းဟု မျက်မှောင်ကုပ်သွားသည်။

"ဒီမှာ ဖုန်းလီ၊ မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျုပ်က ခေါင်းဆောင်တစ်ယောက် လုပ်နေပြီး မင်းကို ဒီလို မတရားတဲ့ အလုပ်ကို ခိုင်းပါ့မလား၊ မင်း အခုလို ငါ့ကို စွပ်စွဲနေတာတိုပဲ၊ မင်းကို အရေးယူသင့်ပြီ"

ဖုန်းလီ၏မျက်နှာ တင်းမာခက်ထန်သွားသည်။

သူက အံတစ်ချက်ကြိတ်ကာ…

"ခင်ဗျား အတော်ကောက်ကျစ်တဲ့လူပဲ"

စကားဆုံးလျှင် ဓားကို လျှပ်တပြက် ဆွဲဟုတ်လိုက်၏။

www.burmeseclassic.com



ထို့နောက်...

ဖန်းဟုအား ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

စုကွမ်းက...

"ဟေ့ ဖုန်းလီ၊ မင်းက ခေါင်းဆောင်ကြီးကိုတောင် အတင့်ရဲပြီး တိုက်ခိုက်ဝံ့နေပါလား၊ သေပေတော့"

သူသည် ယင်းသို့ ပြောယင်း ဖုန်းလီအား တိုက်ခိုက်လိုက်လေသည်။

မကြာပါချေ။

"အား"

ဖုန်းလီမှာ စုကွမ်း၏ဓားချက်မိကာ မြေပေါ် လဲကျသွားလေသည်။

"ဟင်"

"ဟာ"

ကျန်ရှိသော အနက်ရောင်ဝတ်ဆင်ထားသူများသည် သူတို့၏ခေါင်းဆောင်ကြီး သေဆုံးသွားသည်ကို တွေ့ရသဖြင့် ထိတ်လန့်တုန်လှုပ်ကာ လက်နက်များချလိုက်လေသည်။

ဖန်းဟု ပြုံးလိုက်သည်။

"မင်းတို့ခေါင်းဆောင်ကြီးက အခုလို အေးအေးဆေးဆေး နေထိုင်ကြတဲ့ ရွာသူရွာသားတွေရဲ့ အိုးအိမ်ကို မီးရှို့ပစ်လို့ ကျုပ်က အရေးယူလိုက်တာပါ။ မင်းတို့က အမိန့်အရ လုပ်ဆောင်နေရတဲ့ အတွက် ချမ်းသာခွင့်ပေးလိုက်ပါ့မယ်"



သူသည် စုကွမ်းဘက် လှည့်လိုက်သည်။

"ကဲ စုကွမ်း၊ အိုးမဲ့အိမ်မဲ့ ဖြစ်သွားတဲ့ ရွာသူရွာသားများကို စာရင်းကောက်ပြီး ထိုက်သင့်တဲ့ နစ်နာကြေးထုတ်ပေးလိုက်ပါ"

ဟုအမိန့်ပေးလိုက်လေတော့သည်။

♣ ♣ ♣

လွယ်လွယ်သည် ဖန်းဟု၏ကောက်ကျစ်စဉ်းလဲပုံများကို မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ရသောအခါ ထိတ်လန့်ရှုံ့ရှာသွားလေသည်။

ဖန်းယီကလည်း စိတ်ကို ထိန်းချုပ်ထားရသည်။

ဖန်းဟုတို့သည် လွယ်လွယ်တို့ နေထိုင်သော အိမ်နေရာသို့ လျှောက်လာသည်။

စုကွမ်းသည် ပြာပုံဘဝသို့ ရောက်နေသော အိမ်ကလေးထဲသို့ လှမ်းဝင်လိုက်ပြီး ဟိုဟိုဒီဒီ ရှာဖွေနေ၏။

ထိုစဉ်မှာပင်...

အဘွားအိုတစ်ယောက်သည် ခါးကုန်း၍ လျှောက်လာလေသည်။

အဘွားအိုသည် စုကွမ်းအား တွေ့မြင်လိုက်သည်နှင့် ပြီးကာ...

"ရှင်တို့ ဘာလုပ်နေကြတာလဲ၊ ဒီရွာတစ်ရွာလုံးကို ရှင်တို့က

www.burmeseclassic.com



ဘာဖြစ်လို့ မီးရှို့လိုက်ရတာလဲ"

စုကွမ်း မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘာတွေ ပြောနေတာလဲဗျ။ မသမာသူများက မီးရှို့သွားလို့ ကျုပ်တို့ခေါင်းဆောင်ကြီးက ကိုယ်တိုင် လာစစ်ဆေးပြီး မီးရှို့တဲ့ မသမာသူတွေကိုလဲ အရေးယူပြီးပြီ၊ ရွာသူရွာသားများကိုလဲ နစ်နာကြေးပေးပြီးပြီဗျ"

အဘွားအိုက ဖန်းဟုအား သေချာစွာ ကြည့်လိုက်ပြီး...

"ဟုတ်လား ခေါင်းဆောင်ကြီး"

ဟုမေးလိုက်သည်။

ဖန်းဟုလည်း ထိုအဘွားအိုမှာ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဟု အကဲခတ်မိသည်။

ထို့ကြောင့်...

သူသည် ပြုံးလိုက်ပြီး...

"ဟုတ်ပါတယ် ခင်ဗျာ၊ မသမာမှုများ ပပျောက်သွားပြီး ပြည်သူပြည်သား အေးချမ်းစွာ နေထိုင်နိုင်ဖို့ဟာ ကျုပ်ရဲ့တာဝန်တစ်ရပ်ပါပဲလေ"

အဘွားအို ပြုံးလိုက်သည်။

"ကျုပ်ယုံပါတယ်၊ ဒါနဲ့ ခေါင်းဆောင်ကြီးက ကျုပ်ကို မှတ်မိသေးရဲ့လား"

ဖန်းဟု ခေါင်းခါယမ်းကာ...

"ဝမ်းနည်းပါတယ်၊ ကျုပ် မမှတ်မိပါဘူး"



အဘွားအိုက...

"ခေါင်းဆောင်ကြီး သေချာကြည့်စမ်းပါ၊ လွန်ခဲ့တဲ့နှစ် နှစ်ဆယ်တုန်းက ကျုပ်နဲ့ တစ်ခါ တွေ့ခဲ့ဖူးသေးတယ်လေ"

ဖန်းဟုက စိုက်ကြည့်ယင်း...

"နှစ် နှစ်ဆယ်တောင် ရှိပြီပဲ၊ ကျုပ်က ပိုပြီး မမှတ်မိသေးတယ်"

အဘွားအို ပြုံးလိုက်သည်။

"ကျုပ်ကို အားလုံးက 'ဖူးဒေါ်လေး'လို့ ခေါ်ကြတယ်၊ ကဲ အခုဆို မှတ်မိရောပေါ့"

စုကွမ်းက ကြားဖြတ်လိုက်သည်။

"ဒီမှာ ခေါင်းဆောင်ကြီးက မမှတ်မိဘူးလို့ ပြောနေတာ မကြားဘူးလား၊ ဘာဖြစ်လို့ စကားကြောရှည်နေရတာလဲ"

ဖူးဒေါ်လေးက လက်ကာပြလိုက်သည်။

"ကဲ ဒါတွေ ထားပါတော့လေ၊ ရှင်တို့ ဒီကို ဘာရည်ရွယ်ချက်နဲ့ လာကြတာလဲ"

ဖန်းဟုက သူမအား အကဲခတ်ကြည့်လိုက်ပြီးမှ...

"ခင်ဗျားက ဘယ်လိုထင်ထားလို့လဲ"

ဖူးဒေါ်လေးက...

"ကျုပ် အထင်နဲ့ ပြောရမယ်ဆိုယင် မင်းတို့ ဒီလောက် အပင်ပန်းခံလာကြတာဟာ ပစ္စည်းတစ်ခုကို ရှာမလို့ မဟုတ်လား"

ဖန်းဟုက အနည်းငယ် စဉ်းစားလိုက်ပြီးမှ ခေါင်းညိတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"မှန်ပါတယ်"

ဗူးဒေါ်လေး၏မျက်လုံးအစုံ ဝင်းလက်တောက်ပသွားလေသည်။

"ဒီပစ္စည်းကို ရှာလို့ တွေ့ယင် ကျုပ်ဝေစု ရနိုင်သလား"

ဖန်းဟုက မြှူးလိုက်သည်။

"ဒီနေရာမှာ ရောက်နေတဲ့လူအားလုံး ဝေစုရကြမှာပါ"

ဗူးဒေါ်လေးက ချက်ချင်းပင် ထခုန်လိုက်သည်။

"ကဲ ဒါဖြင့် ဘာဖြစ်လို့ ရပ်နေကြတာလဲ ရှာကြပေတော့"

စကားဆုံးလျှင် လှမ်းထွက်ကာ သံဂေါ်ပြားတစ်ခု ယူလိုက်ပြီး မြေ၌ ရှိနေသော မီးကြွင်းမီးကျန်များကို ဖယ်ရှားလိုက်လေတော့သည်။

♣ ♣ ♣



လူများသည် တစ်ချို့က ပေါက်တူးဖြင့်လည်းကောင်း၊ တစ်ချို့က ဂေါ်ပြားဖြင့်လည်းကောင်း။

လွယ်လွယ်တို့ အိမ်၏မြေကြီးများအား တူးဆွနေကြလေသည်။

မကြာပါချေ။

ထိုမြေနေရာသည် အလွန်ကျယ်ဝန်းပြီး လူတစ်ရပ်ခန့် တွင်းကြီး ဖြစ်သွားလေသည်။

ဗူးဒေါ်လေးနှင့် ဖန်းဟုတို့သည် တွင်းကြီး၏နှုတ်ခမ်းပေါ်တွင် ရပ်လျက် ကြည့်နေ၏။

သူတို့၏မျက်နှာများမှာ စိုးရိမ်ပူပန်နေသည့် အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

တွင်းကြီးသည် ပို၍ နက်ရှိုင်းသွားသည်။

သို့သော်...

မည်သည့် အရာကိုမျှ မတွေ့ရပါ။

စုကွမ်းက စိတ်မရှည်နိုင်တော့ချေ။

"မာနမင်းသမီးက ဒီပစ္စည်းတွေကို ပါမလာဘူးနဲ့ တူတယ်"

ဗူးဒေါ်လေးက...

"သူပါလာတယ်၊ ဒီမှာကို ဝှက်ထားရမယ်"

စုကွမ်းက...

"ခင်ဗျား ဘယ်လိုလုပ် သိသလဲဗျ"

ဟုမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူးဒေါ်လေးက...

"မင်းက ခေါင်းကိုသုံးယင် သိလာမှာပေါ့"

စုကွမ်းက...

"ကျုပ်တော့ မစဉ်းစားတတ်အောင် ဖြစ်နေပါပြီဗျာ"

ထိုစဉ်မှာပင်...

"ခွပ်ခွပ်..ခွပ်ခွပ်"

"ကျွီ...ကျွီ"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဂူးဒေါ်လေး၊ စုကွမ်းနှင့် ဖန်းဟုတို့ ထိတ်လန့်သွားပြီး အသံလာရာသို့ လှည့်ကြည့်ကြကုန်၏။

တစ်ချိန်လုံး တိတ်ဆိတ်စွာ ချောင်းကြည့်နေသော လွှယ်လွှယ်က ဖန်းယီ နားသို့ကပ်၍...

"သူတို့ ဘာကို ရှာနေတယ်ဆိုတာ ကျွန်မသိပြီ"

ဟုပြောလိုက်သည်။

ဖန်းယီက...

"ဟုတ်လား"

လွှယ်လွှယ်က...

"သူတို့ ရှာနေတဲ့ပစ္စည်းဟာ အလွန်ထက်မြက်တဲ့ သိုင်းကျမ်းစာအုပ်တစ်အုပ်ပါပဲ၊ ကျွန်မအမေဟာ ဒီသိုင်းကျမ်းစာအုပ်ကို ဘယ်က ရလာမှန်းမသိဘူး၊ သူက စပြီးတောင် မလေ့ကျင့်ရသေး



ဘူး၊ အရှေ့မြို့စားကြီးရဲ့သားနဲ့ တွေ့ပြီးနောက် ဒီသိုင်းကျမ်းကို တစ်နေရာမှာ သိမ်းဆည်းထားလိုက်တော့တာပဲ"

ဖန်းယီက...

"ဒီကိစ္စ သူ့ယောကျ်ားထိကျို့ သိသွားသလား"

ဟုမေးလိုက်သည်။

လွှယ်လွှယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ သူသိသွားပါပြီရှင်"

သူမ၏စကားဆုံးသွားသည်နှင့် မြင်းလှည်းတစ်စင်း ရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဥဏ္ဏာပျို

မြင်းလှည်းတစ်စီး ဖြစ်ပါသည်။

သို့သော်...

မြင်းလှည်းဟု ပြောမည့်အစား ဘီးများတပ်ဆင်ထားသော အိမ်တစ်လုံးဟုဆိုလျှင် မှားအံ့မည် မထင်ပါ။

ယင်းအိမ်ခန်းအား မြင်းဆယ့်ခြောက်ကောင်ဖြင့် ဆွဲရလေသည်။

အကယ်၍သာ...

မြင်းလှည်းဟု ပြောမည်ဆိုလျှင် လောကနှင့်ပေါ်၌ ဤမြင်းလှည်းထက် ကြီးမားသော မြင်းလှည်း မရှိတော့ပါချေ။

ဤမြင်းလှည်းသည် လူတစ်ရာ မဆန့်သည့်တိုင်အောင် လူ ရှစ်ဆယ်ခန့်အား ကောင်းမွန်စွာ ဆန့်ပေသည်။



ဖန်းဟု မျက်မှောင်ကုပ်သွားသည်။

"မင်းက လေးဘက်လေးတန်မှာ ကင်းပုန်းချမထားဘူး လား"

ဟုမေးလိုက်သည်။ စုကွမ်းက...

"ချထားပါတယ်"

ဖန်းဟုက...

"ကင်းပုန်းချထားယင် ဘာဖြစ်လို့ သူတို့က ဝင်လာနိုင်တာ လဲ"

ထိုစဉ်မှာပင် မြင်းလှည်းထဲမှ လူတစ်ယောက်၏ရယ်သံ ထွက်ပေါ်လာသည်။

"သူတို့က တားပါတယ်ဗျာ၊ ကျုပ်က သူတို့ခေါင်းကို ခုတ် လိုက်လို့ပါ"

ယင်းသို့ ပြောယင်း မြင်းလှည်းတံခါး ပွင့်သွားပြီး လူသန် ကြီးဆယ်ယောက်သည် ကြီးမားသော ကုတင်တစ်လုံးအား ထမ်း၍ ဆင်းလာလေသည်။

ထိုကုတင်သည် အလွန်ကြီးမားသော ကုတင်တစ်လုံး ဖြစ် သည်။

ကုတင်ပေါ်၌ စားသောက်ဖွယ်ရာမျိုးစုံ ရှိသည့်အပြင် အိုး ခွက်ပလုံးများလည်း ရှုပ်ပွနေ၏။

ထိုကုတင်၏အလယ်တွင် လူတစ်ယောက်က အားစောင်း ၍ အိပ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက စကားဆက်လိုက်သည်။

"လူတစ်ယောက်က ခေါင်းဖြတ်ခံလိုက်ရယင် ဘာမှ လုပ်ချင်မှာ မဟုတ်ဘူးဆိုတာ ခင်ဗျားတို့ သိဖို့ ကောင်းပါတယ်"

အားလုံးသော လူများသည် ထိုလူအား တွေ့မြင်လိုက်ရသည်နှင့်...

"ဟား...ဟား...ဟား"

သဘောကျစွာ ရယ်မောကြလေသည်။ အကြောင်းမှာ...

ထိုလူက အလွန်ဗိုက်ရွဲပြီး အလွန်ဝသော လူတစ်ဦး ဖြစ်နေခြင်းကြောင့်တည်း။

"ဟင်"

ဝူးဒေါ်လေးသည် ထိုလူဝကြီးအား မြင်တွေ့လိုက်သည်နှင့် မျက်နှာကွက်ခနဲ ပျက်သွားပြီး နောက်သို့ မသိမသာ ဆုတ်သွားလေသည်။

ထိုလူဝကြီးက သူမအား လှမ်းကြည့်လာလျှင် ဝူးဒေါ်လေး၏ခြေလှမ်းများ တုန့်ခနဲ ရပ်တန့်သွားလေသည်။

လူဝကြီးက သူမအား ပြုံးပြလိုက်သည်။

"အားလုံးက ကျုပ်ကို လူဝကြီးဆိုပြီး ရယ်နေကြတာ၊ ခင်ဗျားက ဘာဖြစ်လို့ မရယ်တာလဲဗျ"

ဟုလှမ်းမေးလာ၏။

ဝူးဒေါ်လေးက ဟန်ဆောင်၍ ပြုံးပြလိုက်သည်။

"လူဝကြီး ဟုတ်လား၊ ကျုပ် ဘာမှ မတွေ့ပါလား"



လူဝကြီးက...

"ကျုပ်က မင်းရှေ့မှာပဲ ရှိတယ်၊ ဘယ့်နှယ် မတွေ့ရတာလဲ"

ဝူးဒေါ်လေး ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ဟုတ်...ဟုတ်ပါတယ်၊ ဒါပေမယ့် ရှင်က ဝတာမှ မဟုတ်ဘဲ ကိုယ်ခန္ဓာ သူများထက် သန်စွမ်းနေလို့ပါ"

လူဝကြီးက ခေါင်းခါယမ်းလိုက်သည်။

"မင်းက မှန်မှန်မပြောဘူး၊ မင်းရဲ့ လက်ချောင်းတစ်ချောင်းကို ဖြတ်ပစ်ဖို့ ကောင်းတယ်"

သူသည် သက်ပြင်းတစ်ချက်ချပြီး ခေါင်းခါယမ်းလိုက်သည်။

"ဒါပေမယ့် ကျုပ်က ဝလွန်းလို့ လှုပ်တောင် မလှုပ်ချင်တော့ဘူး၊ ငါ့ကို ကူညီပြီး မင်းလက်သန်းကို ကိုယ်တိုင်ဖြတ်ပေးပါလားဗျာ"

"ဟား...ဟား...ဟား"

အားလုံးသော လူများသည် ထိုစကား ကြားလိုက်ရသော အခါ တဝါးဝါး ရယ်မောကြလေသည်။

ဝူးဒေါ်လေးမှာမူ စကားမပြောတော့ဘဲ စုကွမ်း ခါးမှ ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်ပြီး သူမ၏လက်သန်းတစ်ချောင်းကို ဖြတ်ချလိုက်သည်။ ထို့နောက်...

ချာခနဲလှည့်ကာ ထွက်ပြေးသွားတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ဟား"

လူဝကြီးက လက်ခုပ်လက်ဝါးတီးကာ ရယ်မောလိုက်သည်။

"ကြည့်စမ်းပါဦး၊ လောကပေါ်မှာ ကိုယ့်လက်သန်း ကိုယ်ဖြတ်တဲ့လူ ရှိသေးတယ်၊ အတော့်ကို ရယ်စရာကောင်းတာပဲ"

သူသည် အားလုံးကို ဝေ့ကြည့်လိုက်ပြီး...

"ရယ်ကြလေ၊ ဘာဖြစ်လို့ မရယ်တာလဲဗျ"

ဟုမေးလိုက်သည်။

အားလုံးသော လူများသည် မရယ်နိုင်တော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

လူဝကြီးသည် သူ့ရှေ့၌ ရပ်နေသော အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက်အား...

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

ဟုမေးလိုက်သည်။

ထိုလူက သူ့အား စိုက်ကြည့်လိုက်ပြီး...

"တာဝမ်းဟန်ပါ"

ဟုဖြေလိုက်သည်။

လူဝကြီး ခေါင်းညိတ်လိုက်သည်။

"မင်း ခုနက ငါ့ကို ကြည့်ပြီး ရယ်နေလိုက်တာ၊ အခု ဘာဖြစ်လို့ မရယ်တာလဲကွ"

တာဝမ်းဟန်က ခေါင်းမော့၍ ရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား"



သူသည် ရယ်မောရာမှ ရပ်တန့်လိုက်ပြီး...

"ကဲ ကျုပ်ရယ်နေပြီ မဟုတ်လား"

ဟုပြောလိုက်သည်။

လူဝကြီးက သူ့အား ပြုံးပြလိုက်သည်။

"ကောင်းတယ်၊ မင်း မဆိုးဘူး"

သူသည် ယင်းသို့ ပြောပြီးသည်နှင့် ကုတင်အနီးရှိ သံပန်းကန်ပြားတစ်ချပ်အား ကောက်ယူလိုက်ပြီး ပစ်လွှင့်လိုက်သည်။

"ဝှစ်"

လေတိုးသံတစ်ချက် ထွက်ပေါ်လာပြီး သံပန်းကန်ပြားသည် တာဝမ်းဟန်၏ရင်ဝသို့ တည့်မတ်စွာ စိုက်ဝင်သွားလေသည်။

"အား"

တာဝမ်းဟန်သည် ယင်းသို့သာ တစ်ချက်အော်လိုက်ပြီး မြေပေါ် လဲကျသွားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဖန်းဟုတို့လူစုသည် လူဝကြီး၏သိုင်းပညာကို တွေ့ရှိရသောအခါ ထိတ်လန့်တုန်လှုပ်သွားသည်။

အားလုံးသော လူများသည် လူဝကြီးအား ငေး၍ ကြည့်နေကြသည်။

လူဝကြီးက ဖန်းဟုအား ကြည့်၍ ပြုံးလိုက်သည်။

"ခင်ဗျားတို့ထဲမှာ သိုင်းလောကက မဟာမိတ်အဖွဲ့ခေါင်းဆောင်တစ်ယောက် ရှိတယ်လို့ ကြားတယ်၊ ဘယ်သူများပါလိမ့်"

ဖန်းဟုက ရှေ့သို့ လှမ်းထွက်ယင်း...

"ကျုပ်ပါပဲဗျာ"

လူဝကြီး ပြုံးလိုက်သည်။

"ခင်ဗျားက ခေါင်းဆောင်ကြီးကိုး"

သူက ဦးခေါင်းတဆတ်ဆတ် ညိတ်ယင်းမှ ဆက်ပြောလိုက်သည်။

"အခင်း တွေ့ရတာ ဝမ်းသာလိုက်တာ၊ ကျုပ်ကို အကူအညီတစ်ခု ပေးပါလားဗျာ"

ဖန်းဟု ပြုံးလိုက်သည်။

"ဥက္ကာပျံက အကူအညီ တောင်းမှတော့ ဖေးရမှာပေါ့ဗျာ"

လူဝကြီး၏မျက်နှာပေါ်တွင် အံ့သြသည့် အရိပ်အရောင်များ ပေါ်ထွက်လာသည်။

ဖန်းဟုအား ကြည့်ကာ...



"ခင်ဗျားက ကျုပ်ကို သိနေပါလား"

ဖန်းဟုက...

"ကျုပ်က ခင်ဗျား သတင်းကို ကြားခဲ့တာ ကြာပါပြီဗျာ"

လူဝကြီး၏မျက်နှာတစ်ခုလုံး ခက်ထန်လာသည်။

"ခင်ဗျား ဘယ်သူ့ဆီက ကြားခဲ့တာလဲ"

ဖန်းဟု စကားမပြောတော့ပါ။

သူ့အသည် လက်ဟန်ခြေဟန် ပြလိုက်သည်။

သို့သော်...

ဖန်းယီ ပုန်းအောင်းနေသော နေရာမှ ကြည့်လျှင် ဖန်းဟု၏ နောက်ကျောကိုသာ တွေ့ရသဖြင့် ဖန်းဟုက မည်သို့ လက်ဟန်ပြသည်ကို မတွေ့ရပါချေ။

လူဝကြီး မျက်နှာအနည်းငယ် ပျက်သွားသည်။

"မင်း သူ့ကို သိတယ် ဟုတ်လား"

ဖန်းဟု ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ သူက ကျုပ်နဲ့ အလွန်ရင်းနှီးပါတယ်"

လူဝကြီး တွေဝေသွားသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ ဖန်းဟုအား စိုက်ကြည့်လိုက်ပြီး...

"မင်းက ဒီလူ့ဌစာနဲ့ ပတ်သက်နေတော့ မင်းကို ဘာမှမပေးတော့ပါဘူးလေ၊ ဒါပေမယ့် စကားတစ်ခွန်း နှစ်ခွန်းတော့ မေးရမယ်"

"မေးပါ ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"တိန့်စန်းဟာ မာနမင်းသမီးကို ကူညီပေးရတဲ့အတွက် ဒီနေရာမှာ နှစ်ပေါင်း အတော်ကြာကြာနေခဲ့တာ အမှန်ပဲလား"

ဖန်းဟု ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ်ခင်ဗျာ"

"အခု သူကော ဘယ်ရောက်သွားပြီလဲ၊ မီးထဲပါသွားသလား"

ဖန်းဟုက...

"မီးလောင်တဲ့အခါမှာ သူ ဒီမှာရှိသေးတယ်၊ မီးငြိမ်းသွားတဲ့အခါ သူ့အလောင်းကို လုံးဝမတွေ့ခဲ့ဘူး"

လူဝကြီး မျက်မှောင်ကုပ်သွားသည်။

"သူ့အလောင်း မရှိဘူးဆိုတာ ခင်ဗျားဘယ်လိုလုပ်သိသလဲ"

ဖန်းဟုက...

"ဒီနေရာကို လိုက်ပြီးရှင်းတဲ့အခါမှာ အလောင်းတစ်ခုမှ မတွေ့ခဲ့ရလို့ပါ"

လူဝကြီးက...

"ဒါနဲ့ မာနမင်းသမီးမှာ အလွန်တန်ဖိုးရှိတဲ့ သိုင်းကျမ်းတစ်ဆူရှိတယ်ဆိုတာ ဟုတ်ကောဟုတ်ရဲ့လား"

ဖန်းဟု ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ဒီလိုဆိုယင် ခုန ခင်ဗျားတို့လူတွေဟာ ဒီမှာတွင်းတူးရှာ



နေတာ ဒီကျမ်းစာအုပ်ကို ရှာနေကြတာနဲ့တူတယ်"

"ဟုတ်ပါတယ်"

"ခင်ဗျားတို့ ရှာလို့ကောတွေ့ရဲ့လား"

ဖန်းဟု ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်တို့လူတွေ ဒီအိမ်ရဲ့မြေတစ်ခုလုံးရှာခဲ့ပါတယ်၊ အခုထိ ဘာကိုမှ မတွေ့သေးဘူး"

လူဝကြီးက ပြုံးစေ့စေ့ဖြင့်...

"ဒါဖြင့် ထပ်ပြီးရှာကြည့်ပါဦးလား"

ဖန်းဟုသည် စုကွမ်းအား မျက်ရိပ်တစ်ချက်ပြပြီး တွင်းထဲခုန်ချလိုက်သည်။

စုကွမ်းကလည်း တွင်းထဲ ခုန်ချလိုက်သည်။

အတော်လေးကြာမှ သူတို့နှစ်ယောက်သည် အပေါ်သို့ ပြန်လည်ခုန်တက်လာလေသည်။

လူဝကြီးက...

"တွေ့ခဲ့လား"

ဟုမေးလိုက်သည်။

ဖန်းဟုက လက်နှစ်ဘက်ဖြန့်ပြလိုက်ပြီး...

"ကျုပ်တို့တော့ လက်လျှော့လိုက်ပါပြီဗျာ"

ဟုပြောလိုက်သည်။

လူဝကြီး အားပါးတရ ရယ်မောလိုက်သည်။

"ရှာမတွေ့တာ ပိုကောင်းတယ်၊ နို့မဟုတ်ယင် ဒီအတွက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့လူအတော်များများ ဒုက္ခရောက်နိုင်တယ်”

ဖန်းဟု ချောင်းတစ်ချက် ဟန့်လိုက်သည်။

“တခြားကိစ္စမရှိဘူးဆိုယင် ကျုပ်တို့ကို သွားခွင့်ပြုပါဦး”

လူဝကြီးက ရယ်မောပြီး လက်ဝှေ့ယမ်းပြလိုက်သည်။

“ကြွပါဗျာ…ကြွပါ၊ ခင်ဗျားကိုတွေ့နေယင် လူ့ဇွစာကို သတိရနေဦးမယ်”

ဖန်းဟုနှင့်စုကွမ်းတို့သည် သူ့လူများအား တစ်ချက်လက်ဝှေ့ယမ်းပြီး ထိုနေရာမှ လျင်မြန်စွာ ထွက်သွားကြလေတော့သည်။

“ဟား…ဟား…ဟား”

လူဝကြီးက သဘောကျစွာ ရယ်မောယင်း ကျန်ရစ်ခဲ့လေတော့သည်။

♣ ♣ ♣



## လျှို့ဝှက်အသံရှင်

ဖန်းဟုတို့လူစု ထွက်ခွာသွားပြီးနောက် လူဝကြီးက ရယ်မောယင်း…

“မင်းတို့ အထဲမှာနေရတာ ပူမနေဘူးလား၊ အပြင်ကို ထွက်ခဲ့ပါကွာ”

ဖန်းယီ အံ့ဩသွားသည်။

လူဝကြီးသည် မည်သူနှင့် စကားပြောနေသည်ကို နားမလည်လိုက်ပါချေ။

လူဝကြီးက သူတို့ပုန်းအောင်းနေသောဘက်သို့ မျက်နှာလှည့်ပြီး ပြုံးနေ၏။

“ပြောနေတာ မကြားဘူးလား၊ အပြင်မှာ လေကောင်းလေသန့်ရှိတယ်ကွ”

www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဝလွန်းတဲ့လူက ထိုထိုင်းတယ်ဆို၊ ဒီလူဝကျတော့ ပါးလိုက်တာမှလွန်ရော"

သူမသည် ယင်းသို့ပြောပြီးသည်နှင့် ပုန်းအောင်းရာမှ ထွက်သွားလေသည်။ ဖန်းယီက သူမအား ဟန့်တားရန်ပင် အချိန်မမီလိုက်တော့ချေ။

လူဝကြီးသည် ထွက်လာသူမှာ ရိုးရိုးသားသား လှလှပပ မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကိုတွေ့ရသဖြင့် အနည်းငယ် အံ့သြသွားသည်။

လွယ်လွယ်က လူဝကြီး၏ခုတင်ရှိရာသို့ တည့်မတ်စွာ လျှောက်သွားသည်။

"စားစရာတွေ အတော်များနေပါလား၊ ရှင်တစ်ယောက်တည်း စားလို့ကုန်မှာ မဟုတ်ဘူး၊ ကျွန်မတောင် သွားရည်ကျလာပြီ"

သူမကပြောယင်း ခုတင်ပေါ်မှ ပန်းသီးတစ်လုံး ယူ၍ကိုက်စားလိုက်လေသည်။

လူဝကြီးက သူမအား အတန်ကြာ အကဲခတ်ကြည့်ပြီးမှ...

"မင်း ငါ့ကို မကြောက်ဘူးလား"

ဟုမေးလိုက်သည်။

"ကျွန်မ ဘာလို့ကြောက်ရမှာလဲ"

လူဝကြီး ပြုံးလိုက်သည်။

"ကျုပ်လူသတ်တာကို မင်းတွေ့တယ် မဟုတ်လား"



လွယ်လွယ် ပခုံးတစ်ချက်တွန့်လိုက်သည်။

"ရှင့်လို ထိတ်ထိတ်ကြဲ သိုင်းပညာရှင်တစ်ဦးက ကျွန်မလို အညာတရ မိန်းကလေးတစ်ယောက်ကို ဘယ်နည်းနဲ့မှ ဒုက္ခမပေးဘူး ဆိုတာ ကျွန်မယုံတယ်"

လူဝကြီး အလွန်ပင် သဘောကျသွား၏။

"မင်းက အသက်ငယ်ငယ်နဲ့ စကား အတော်တတ်ပါလား အစားကြီးပုံ ငါနဲ့တူလိုက်တာ၊ ငါ့သမီးလုပ်ဖို့တောင် ကောင်းတယ်"

လွယ်လွယ်က ပြုံးလိုက်သည်။

"ရှင့်သမီးလုပ်ရတာ ကောင်းပါတယ်၊ နေ့တိုင်း စားချင်တာ စားရမယ်၊ သူများစော်ကားမှာကိုလည်း မကြောက်ရဘူး၊ ဒါပေမယ့်"

လူဝကြီးက ကြားဖြတ်မေးလိုက်သည်။

"မင်းက ငါ့ကိုမြှောက်ပေးနေလို့ အလကားပဲ၊ မင်းနဲ့အတူ လူတစ်ယောက်ပုန်းနေတာကို ငါသိတယ်၊ သူက ဘာဖြစ်လို့ ထွက်မလာတာလဲ၊ ငါ့ကိုကြောက်နေလို့လား"

လွယ်လွယ် ပြုံးလိုက်သည်။

"သူက ရှင့်ကို ကြောက်လိမ့်မယ်လို့ ရှင်ထင်ယင် မှားသွားမှာပေါ့"

လူဝကြီး ရယ်မောလိုက်သည်။

"ဘာလဲ မင်းက အသက်ငယ်ငယ်နဲ့ ရည်းစားများရှိနေလား"

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း မေးလိုက်သည်။

လွယ်လွယ်က သူ့အား မျက်လုံးပြူး၍ ကြည့်လိုက်လေသည်။

"ရှင် ဘာတွေ လျှောက်ပြောနေတာလဲ၊ သူက ကျွန်မအစ်ကို ဝမ်းကွဲပါ၊ ရုပ်ရည်က နည်းနည်းယိမ်းပေမယ့် ဒေါသကြီးတဲ့အခါမှာ ကျွန်မဘာဘာတောင် သူ့ကို ကြောက်ရတယ်ရှင့်"

လူဝကြီးက သူမအား စိတ်ဝင်စားစွာ ကြည့်လိုက်သည်။

"မင်းဘာဘာဆိုတာ ဘယ်သူလဲ"

လွယ်လွယ်က ပြုံးလိုက်သည်။

"ရှင် သူ့ကို သိပါတယ်၊ ခုနကပဲ ရှင်က သူ့နာမည်ကို ပြောသေးတယ်လေ"

လူဝကြီး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘယ်သူများပါလိမ့်"

သူက တခဏ စဉ်းစားပြီးမှ...

"ဩော် တိန်နှစ်စန်း ဟုတ်လား"

လွယ်လွယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မဘာဘဟာ ဘယ်လောက် တော်သလဲဆိုတာ ရှင်သိပါတယ်"

"ဟား...ဟား...ဟား"

လူဝကြီး အားပါးတရ ရယ်မောလိုက်သည်။

"ရယ်စရာကောင်းလိုက်တာဗျာ၊ တိန်နှစ်စန်းက ထွက်မလာခင်



ဘဲ ပုန်းနေပြီး မိန်းကလေးတစ်ဦးကို ကြားလုံးထုတ်ဖို့ လုပ်တာတော့ သဘာဝမကျဘူး ထင်တယ်"

လွယ်လွယ် နှုတ်ခမ်းစူထားသည်။

"ရှင်က ကျွန်မအစ်ကိုနဲ့ ဘာဘကို အထင်သေးလှချည်လား"

လူဝကြီး ရယ်မောလိုက်သည်။

"ငါ တိန်နှစ်စန်းကို ကြောက်နေတယ်လို့ မင်းထင်သလား"

လွယ်လွယ် မျက်မှောင်ကုပ်သွားသည်။

"ရှင်က မကြောက်ဘူးလား"

လူဝကြီးက ခေါင်းကို တွင်တွင်ခါယမ်းလိုက်၏။

"ကျုပ်က သူ့ကို ကြောက်နေယင် ဒီကိုတောင် လာမှာမဟုတ်ဘူးကွ"

လွယ်လွယ် အကြံအိုက်သွားလေသည်။

ဖန်းယီ ပုန်းအောင်းသော နေရာသို့ မသိမသာ လှည့်ကြည့်လိုက်သည်။

ဖန်းယီမှာ သတ္တိနည်းသူတစ်ယောက် မဟုတ်ပါ။

အဘယ်ကြောင့် ယခုအထိ ထွက်မလာသည်ကို တွေးရခက်နေ၏။

ထိုစဉ်မှာပင်...

"ဟား...ဟား...ဟား"

အေးစက်သော ရယ်မောသံတစ်ချက် ထွက်ပေါ်လာ၏။

လူဝကြီးနှင့် လွယ်လွယ်တို့ နှစ်ယောက်စလုံး ကြောင်အမ်း

www.burmeseclassic.com

www.burmeseclassic.com



အမ်း ဖြစ်သွားကြသည်။

အတန်ကြာမှ လူဝကြီးက သတိဝင်လာပြီး...

"ဘယ်သူလဲ"

ဟုလှမ်းမေးလိုက်သည်။

မရှေးမနှောင်းမှာပင်...

"ဘယ်သူလဲ"

ဟူသော အသံ ထွက်ပေါ်လာသည်။

လူဝကြီး အံ့အားသင့်သွား၏။

အကြောင်းမှာ...

ထွက်ပေါ်လာသော အသံသည် မိမိ၏အသံနှင့် တထေရာတည်း တူနေသည် မဟုတ်ပါလား။

တနည်းအားဖြင့် ပဲ့တင်သံဟု ထင်ရလောက်အောင်ပင် ဖြစ်နေ၏။

လွယ်လွယ်လည်း အံ့သြနေ၏။

ထိုစကား ပြောသူမှာ ဖန်းယီ မဟုတ်နိုင်ဟုလည်း သိလိုက်သည်။

ဤသို့ဆိုလျှင်...

ယခု စကားပြောသူက မည်သူနည်း။

ဖန်းယီက အဘယ်ကြောင့် ထွက်မလာပါသနည်း။

လူဝကြီးသည် ထိုအသံကို ကြားရသဖြင့် အနည်းငယ် ရင်ထိတ်သွားသည်။



"ဟေ့ မင်းက ထွက်မလာဝံ့ဘဲ ငါပြောတဲ့ စကားကို ဘာဖြစ်လို့ လိုက်ပြောနေရတာလဲ"

အသံရှင်ကလည်း...

"ဟေ့ မင်းက ထွက်မလာဝံ့ဘဲ ငါပြောတဲ့ စကားကို ဘာဖြစ်လို့ လိုက်ပြောနေရတာလဲ"

လူဝကြီး မျက်မှောင်တုပ်သွားသည်။

"မင်းက ဘယ်သူလဲ"

အသံရှင်၏အသံ ထပ်မံထွက်ပေါ်လာသည်။

"မင်းက ဘယ်သူလဲ"

လူဝကြီးက အတန်ကြာအောင် ကြောင်အမ်းအမ်း ဖြစ်နေပြီးမှ ရယ်မောလိုက်သည်။

"ကျုပ်က တခြားလူစကားကို လိုက်ပြောတတ်တာကလွဲလို့ ဘာမှ အသုံးမကျတဲ့ဝက်ပဲ"

အသံရှင်ကလည်း...

"ကျုပ်က တခြားလူစကားကို လိုက်ပြောတတ်တာကလွဲလို့ ဘာမှအသုံးမကျတဲ့ဝက်ပဲ"

ဤသို့ဖြင့်...

လူဝကြီး ပြောသော စကားများကို ထိုအသံရှင်က တစ်လုံးမကျန် လိုက်ပြောနေသဖြင့်...

အတန်ကြာသောအခါ လူဝကြီး၏နဖူးပေါ်မှ ချွေးများ စီးကျလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဒေါသမထိန်းနိုင်တော့ဘဲ…

"မင်းက ငါ့ကို အခုလို ဆက်ပြောနေယင် မင်းကို ငါသတ်ရလိမ့်မယ်"

အသံရှင်ကလည်း ဒေါသသံဖြင့်…

"မင်းက ငါ့ကို အခုလို ဆက်ပြောနေယင် မင်းကို ငါသတ်ရလိမ့်မယ်"

လူဝကြီး၏မျက်နှာတစ်ခုလုံးသည် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

သူသည် ထိုင်ရာမှ ရုတ်တရက် ထခုန်လိုက်ပြီး မြင်းလှည်းဆီသို့ ပြေးလွှားသွားလေသည်။

သူ့ခုတင်ကြီးကိုပင် မယူနိုင်တော့ဘဲ မြင်းလှည်းကို အရှိန်ပြင်းစွာဖြင့် မောင်းနှင်ထွက်ခွာသွားလေတော့သည်။

♣ ♣ ♣



လွှယ်လွှယ်သည် လူဝကြီး ရုတ်တရက် ပြေးလွှားထွက်ခွာသွားသည်ကို ငေးကြည့်နေ၏။

လူဝကြီးသည် မိမိ၏ဘဘဖြစ်သူ တိန်စန်းကိုပင် မကြောက်ဟု ဆိုသည်။

ဖန်းဟုတ်တို့လူစုကိုလည်း သူက လုံးဝမမှုသည်ကို တွေ့မြင်ရလေသည်။

သို့သော်…

ယခုမှ သူက အဘယ်ကြောင့် ကြောက်ရွံ့တုန်လှုပ်စွာ ထွက်ပြေးရပါသနည်း။

သူမသည် ယင်းသို့ တွေးယင်း ပုန်းအောင်းသည့် နေရာသို့ လျှောက်သွားလေသည်။

"အစ်ကိုကြီး…အစ်ကိုကြီး"

သူမက ကျယ်လောင်စွာ ခေါ်လိုက်သော်လည်း ဖန်းယီ၏ ထူးသံ မကြားရပါချေ။

သူမသည် စိုးရိမ်ကြီးစွာဖြင့် ပုန်းအောင်းသော နေရာသို့ ပြေးဝင်သွားသည်။

ဖန်းယီသည် မူလနေရာမှာပင် လဲလျောင်းနေပြီး သူမအား မျက်လုံးပြူး၍ ကြည့်နေသည်ကို တွေ့ရ၏။

"ခုနက တခြားလူက ပြောနေတယ် မှတ်တယ် လတ်စသတ်တော့ အစ်ကိုကြီးက အသံတုပညာလဲ တတ်ထားတာကိုး"

သူမသည် အားပါးတရ ရယ်မောလိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"လူဝကြီးမှာဖြင့် တခါတည်း ထွက်ပြေးသွားတာ တန်းနေတာပဲရှင့်"

သို့သော်...

ဖန်းယီက သူမအား မျက်လုံးပြူး၍သာ ကြည့်နေပေသည်။ စကားတခွန်းမှ မပြောပါချေ။

လွယ်လွယ်က မျက်မှောင်ကုပ်သွားသည်။

"အစ်ကိုကြီး၊ ရှင်က ဘာဖြစ်လို့ စကားမပြောတာလဲ"

သူမသည် ပြောယင်း ဖန်းယီ၏လက်အား ဆုပ်ကိုင်လိုက်သည်။

ဖန်းယီ၏လက်များသည် အေးစက်တောင့်တင်းနေသည်ကို တွေ့ရသည်။

"ဟင်"

လွယ်လွယ် ရင်ထိတ်သွားသည်။

ဖန်းယီ၏တစ်ကိုယ်လုံး တောင့်တင်းနေသည်ကို တွေ့ရတော့မှ တစ်စုံတစ်ယောက်က ဖန်းယီအား သွေးကြောပိတ်ထားသည်ကို တွေ့ရလေသည်။

လွယ်လွယ်သည် တိန်နွှစ်နီးထံမှ ပညာအမွေ ရရှိထားသူဖြစ်၍ သိုင်းလောက၌ ရှိသမျှသော ဂိုဏ်းအဖွဲ့အသီးသီးမှ သွေးကြောပိတ် ပညာများကို နားလည်ထားသဖြင့် သူမသည် ဖန်းယီ၏ သွေးကြောများကို ဖြေပေးလိုက်သည်။

အတန်ကြာမှ...



ဖန်းယီက ခြေလက်များ လှုပ်ရှားနိုင်တော့သည်။

လွယ်လွယ်က...

"နေပါဦး၊ အစ်ကို့ကို ဘယ်သူက လာပြီး သွေးကြောပိတ်ထားတာလဲဟင်"

သိလိုစွာဖြင့် မေးလိုက်သည်။

ဖန်းယီ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်တယ်၊ ညီမ ထွက်သွားပြီး အစ်ကိုက လိုက်ထွက်မယ် အပြုမှာ လူတစ်ယောက်က အစ်ကို့ရဲ့ သွေးကြောကို ပိတ်လိုက်တယ်။ ဒါပေမယ့်.."

လွယ်လွယ်က...

"ဒါပေမယ့် ဘာဖြစ်သလဲ"

ဖန်းယီက...

"သူ ဘယ်သူလဲဆိုတာ အစ်ကို လုံးဝမမြင်လိုက်ဘူး"

လွယ်လွယ် မျက်မှောင်ကုပ်သွားသည်။

"နေပါဦး၊ ဒီလူက ဘယ်လိုလုပ် ရောက်လာတာလဲ"

ဖန်းယီ သက်ပြင်းချလိုက်သည်။

"ညီမ ထွက်သွားတာ တွေ့တော့ ကျုပ်က လိုက်ထွက်မယ် အပြုမှာ ကျုပ်နောက်က လက်တစ်ဘက်က ကျုပ်ရဲ့ သွေးကြောကို ပိတ်လိုက်တာပဲ"

လွယ်လွယ်သည် ဖန်းယီ၏နောက်သို့ လှမ်းကြည့်လိုက်ရာ နံရံ၌ အပေါက်တစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူက အဲဒီ အပေါက်ထဲက ဝင်လာတယ်ပေါ့ ဟုတ်လား"

ဖန်းယီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လွယ်လွယ်က…

"သူဝင်လာပြီး လူကြီး စကားပြောတဲ့အတိုင်း လိုက်ပြောတယ် ဟုတ်လား"

ဟုမေးလိုက်သည်။

ဖန်းယီက…

"ဟုတ်တယ်၊ နောက်ပြီး အဲဒီ အပေါက်ကနေပဲ ပြန်ထွက်သွားတယ်"

လွယ်လွယ် သက်ပြင်းချလိုက်သည်။

"အင်း ဒီလူက တော်တော်ထူးဆန်းတဲ့ လူတစ်ယောက်ပါပဲ"

ဖန်းယီသည် ခြေလက် လှုပ်ရှားလာနိုင်ပြီ ဖြစ်ရာ သူတို့သည် ထိုနေရာမှ ထွက်လာခဲ့ကြလေသည်။

♣ ♣ ♣



## ထူးဆန်းသောပစ္စည်း

မြင်ကွင်းတစ်ခုလုံးမှာ မီးလောင်ကျွမ်း၍ ပြိုလဲနေသော အိမ်ယာများ…

အငွေ့တထောင်းထောင်း ရှိနေသေးသော မီးကြွင်းမီးကျန်များကိုသာ တွေ့ရသည်။

ဖန်းယီက စိတ်မကောင်းစွာဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း လောဘ…လောဘ၊ အတော်ကြောက်စရာကောင်းပါလား၊ လောဘအတွက်ကြောင့် လူအများရဲ့ အိုးအိမ်စည်းစိမ်တွေ ပျက်စီးဆုံးရှုံးရတယ်"

ထိုစဉ်…

www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်၏အော်သံတစ်ချက် ကြားလိုက်ရသည်။

"အစ်ကိုကြီး မြန်မြန်လာစမ်းပါ"

ထိုအသံသည် ဖန်းဟုတို့လူစုက တူးထားသော မြေတွင်းကြီးထဲမှ ထွက်လာသော အသံ ဖြစ်သည်။

ဖန်းယီ ရင်ထိတ်သွားသည်။

ချက်ချင်းပင် မြေတွင်းထဲသို့ ခုန်ချလိုက်လေသည်။

♣ ♣ ♣

ဖန်းယီ မြေတွင်းထဲ ရောက်ရှိသွားသောအခါ လွယ်လွယ်က သံသေတ္တာလေးတစ်လုံး ပွေ့ပိုက်ထားသည်ကို တွေ့လိုက်ရလေသည်။

"အစ်ကိုကြီး ကြည့်စမ်း၊ သူတို့ လိုက်ရှာနေတဲ့ ပစ္စည်းဟာ ဒီသေတ္တာများ ဖြစ်နေမလား"

ဖန်းယီသည် လွယ်လွယ်မှာ အန္တရာယ် မရှိသည်ကို တွေ့ရတော့မှ စိတ်သက်သာရာ ရသွားသည်။

သူက ခေါင်းတစ်ချက်ညိတ်ကာ...

"ဟုတ်မယ် ထင်တယ်"

လွယ်လွယ် ပြုံးလိုက်သည်။

"ဒါဖြင့် ကျွန်မတို့ ဖွင့်ကြည့်ကြရအောင်"

ဖန်းယီ ခေါင်းညိတ်လိုက်သည်။



"မြို့ကလေးတစ်မြို့လုံး မီးလောင်တိုက်သွင်းပြီး လိုက်ရှာနေတဲ့ ပစ္စည်းဟာ ဘာတွေလဲဆိုတာ ကြည့်ရမှာပေါ့"

♣ ♣ ♣

သံသေတ္တာထဲ၌...

ဝါးဖြင့် ပြုလုပ်ထားသော လေးထောင့်အပြားတစ်ခုနှင့် စာရင်းစာအုပ်တစ်အုပ်မှ လွဲ၍ အခြားမည်သည့် ပစ္စည်းမှ မတွေ့ရပါ။

ထိုလေးထောင့် ဝါးပြားမှာလည်း သာမန်ဝါးပြားတစ်ခုပင် ဖြစ်သည်။

ဝါးပြားပေါ်၌ ဂုန်နီအိတ်တစ်လုံးပုံ ထွင်းထားလေသည်။

ထွင်းထားသော လက်ရာမှာလည်း အလွန်ညံ့ဖျင်းနေ၏။

ထိုဝါးပြားသည် မည်သို့မျှ တန်ဖိုးမရှိသည်မှာ သေချာလှပေသည်။

ထိုစာရင်းစာအုပ်မှာလည်း သာမန်ကုန်စုံဆိုင်များတွင် ရေးမှတ်သော စာရင်းစာအုပ်နှင့် တပုံစံတည်း ဖြစ်နေသည်။

ထိုစာအုပ်ပေါ်၌ စာတစ်လုံးမှ ရေးထားခြင်း မရှိပါချေ။

ဖန်းယီနှင့် လွယ်လွယ်တို့သည် အတန်ကြာ ကြက်သေသေ သွားကြသည်။

အတော်လေးကြာမှ လွယ်လွယ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းနှစ်ခုက ဘယ်လောက်များ တန်ဖိုးရှိလို့ ဖန်းဟုတို့က ဒီလောက်တောင် သဲသဲမဲမဲ လိုချင်နေရတာလဲ"

သူမသည် ပြောယင်း ထိုပစ္စည်းများကို မြေပေါ်သို့ လွှင့်ပစ်လိုက်လေသည်။

ဖန်းယီက ပြန်လည်ကောက်ယူလိုက်သည်။

"လွှင့်ပစ်လို့ မဖြစ်ဘူး ထင်တယ်၊ သူတို့ ဒီလောက်တောင် လိုချင်တဲ့ ပစ္စည်းဆိုတော့ တစ်ခုခုတော့ ထူးခြားလိမ့်မယ် ထင်ပါတယ်"

ပြောယင်း သိမ်းဆည်းလိုက်သည်။

လွယ်လွယ်က ကန့်ကွက်ခြင်း မရှိပါချေ။

♣ ♣ ♣



ဖန်းယီနှင့် လွယ်လွယ်တို့သည် ထိုစာရင်းစာအုပ်နှင့် သေးထောင့်ဝါးပြားအား သိမ်းဆည်းလိုက်ပြီး ထိုနေရာမှ ထွက်ခွာသွားကြသည်။

သူတို့သည် သုံးရက်ခန့် ခရီးထွက်ခဲ့ပြီးနောက် မကြာမီ သူတို့သည် အမည်မသိသော မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာလေသည်။

သူတို့သည် အလွန်ခမ်းနားသော တည်းခိုခန်းတစ်ခုသို့ လှမ်းဝင်လိုက်သည်နှင့် မိန်းကလေးတစ်ယောက်က သူတို့အား ဆီး၍ကြိုဆိုလိုက်လေသည်။ ဖန်းယီ မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားတို့ဆိုင်မှာ ဆိုင်လုလင် မရှိဘူးလား"

မိန်းကလေး ပြုံးလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်မတို့ တည်းခိုခန်းမှာ အမျိုးသမီးပိုင်ရှင်ဖြစ်နေလို့ အလုပ်သမားတွေကလဲ အမျိုးသမီးတွေချည်း ဖြစ်နေလို့ပါ"

ဖန်းယီက ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် ကောင်းပါပြီဗျာ၊ ကျုပ်တို့ကို အခန်းနှစ်ခန်းပေးပါ"

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်မနောက်ကိုသာ လိုက်ခဲ့ပါရှင်"

မိန်းကလေးသည် သူတို့အား နောက်ဘက်ဆောင်သို့ ခေါ်ဆောင်သွားလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## အပေးအယူ

ဖန်းယီသည် မိန်းကလေး ခေါ်ဆောင်ရာသို့ လိုက်သွားရာ အနောက်ဘက်အဆောင်သို့ ရောက်ရှိသွားလျှင်…

"ဩော် ရှင်နဲ့ ကျွန်မ ဆုံကြရပြန်ပြီ"

အမျိုးသမီးတစ်ယောက်၏အသံသည် ထိပ်ဆုံးအခန်းမှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖန်းယီက လှမ်းကြည့်လိုက်ရာ…

"ဟင်"

သူ၏မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။

အကြောင်းမှာ…



သူ့အား နှုတ်ဆက်လိုက်သော မိန်းကလေးမှာ ကြူးလျှံ ဖြစ်နေသည်ကို အံ့ဩစွာ တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

သူ၏ခြေလှမ်းများမှာလည်း ရုတ်တရက် ရပ်တန့်သွားသည်။

ကြူးလျှံက ပြုံး၍ အခန်းထဲမှ ထွက်လာသည်။

"ဒီလိုပေါ့ရှင်၊ လောကဟာ ကျဉ်းကျဉ်းလေးပါ၊ ရှင်နဲ့ ကျွန်မ ဆုံရပြန်ပြီ"

ဖန်းယီက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဒီကို ဘာလာလုပ်တာလဲဗျ"

ကြူးလျှံက ရယ်မောလိုက်သည်။

"ဟဲ..ဟဲ ကျွန်မက ဒီတည်းခိုခန်းပိုင်ရှင် ဖြစ်နေပြီလေ"

"ဟောဗျာ"

ကြူးလျှံ ပြုံးလိုက်သည်။

"ရှင် တော်တော် အံ့ဩသွားသလား၊ ဒါနဲ့ ရှင့်အမျိုးသမီး ပိုက်မူနဲ့ တွေ့သေးသလား"

လွယ်လွယ်သည် ဖန်းယီအား မေးရန် ဟန်ပြင်လိုက်ပြီးမှ ပါးစပ်ပိတ်ထားလိုက်လေသည်။

ဖန်းယီ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား ဘာပြောမှန်း ကျုပ် မသိဘူးဗျ"

"ခစ်"

www.burmeseclassic.com

www.burmeseclassic.com



ကြိုးလျှံ တစ်ချက်ရယ်လိုက်သည်။

"ရှင် ဘူးကွယ်မနေပါနဲ့ရှင်၊ ဟိုတစ်နေ့တုန်းက ရှင်နဲ့ ပိုက်မူ တည်းခိုခန်းတစ်ခန်းတည်းမှာ အတူ တည်းနေတာကိုတောင် ကျွန်မ တွေ့လိုက်ပါသေးတယ်"

ဖန်းယီက အတန်ကြာ ဆိတ်ဆိတ်နေပြီးမှ သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူက ကျုပ်ကို တခြားဖန်းယီလို့ ထင်ပြီး ကျုပ်ကို ရန်မူတာပါဗျာ"

ကြိုးလျှံ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးရှင့်၊ သူက ရှင့်ကိုမမှတ်မိယင် တည်းခိုခန်းတစ်ခုတည်းမှာ အတူနေပါ့မလား"

ဖန်းယီက...

"ဒါကတော့ သူက ကျုပ်ကိုသတ်ဖို့ သက်သက် အကွက်ဆင်တာဖြစ်မှာပေါ့ဗျာ"

ကြိုးလျှံ ပြုံးလိုက်သည်။

"မဟုတ်နိုင်ဘူး၊ သူက ရှင့်ကိုသတ်ချင်တယ်ဆိုယင် ဘာဖြစ်လို့ လူတွေစုံလာမှ ရန်မူတာလဲရှင့်"

ဖန်းယီ ပါးစပ်ပိတ်ထားလိုက်သည်။

ကြိုးလျှံက စကားဆက်လိုက်သည်။

"ပိုက်မူက ရှင်ဟာ သူ့ရဲ့ခင်ပွန်းလောင်းဆိုတာသိလို့ တမင်တကာရန်မူပြလိုက်တာပါ"



ဖန်းယီက စကားမပြောဘဲ ဆိတ်ဆိတ်နေလေသည်။

ကြိုးလျှံက...

"ဒီမှာ ရှင့်ရဲ့လျှို့ဝှက်ချက်တွေကို ကျွန်မက ဖန်းဟုဆီ သွားပြောပြယင် ရှင်ဘယ်လိုဖြစ်မလဲဆိုတာ ရှင်သိပါတယ်"

ဖန်းယီ ပခုံးတွန့်လိုက်၏။

"မင်းက ဘာဖြစ်လို့ သွားပြီး မပြောပြတာလဲ"

ကြိုးလျှံက...

"ဒါကတော့ ရှင်နဲ့ကျွန်မ အပေးအယူညီမျှမယ်ဆိုယင်တော့ ကျွန်မသွားပြီး ပြောမပြတဲ့အပြင် ရှင့်ကို အကူအညီပေးဦးမယ်"

ဖန်းယီက...

"မင်းက ဘာအကူအညီပေးဦးမှာလဲ"

ကြိုးလျှံက...

"ရှင်နဲ့လက်တွဲပြီး ဖန်းဟုအတုကို သုတ်သင်ရှင်းလင်းပစ်လိုက်မယ်"

ဖန်းယီ သက်ပြင်းချလိုက်သည်။

"မင်းဟာ သိုင်းလောကကို လွှမ်းမိုးချင်တဲ့ လူတစ်ယောက်ပဲ၊ ဖန်းဟုကို သုတ်သင်ရှင်းလင်းမှသာလျှင် မင်းက သူ့နေရာကိုရနိုင်မယ် မဟုတ်လား"

ကြိုးလျှံက...

"ဟုတ်တယ်လေ"

ဖန်းယီက...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းက ကျုပ်ကို ကူညီတာမှမဟုတ်ဘဲ၊ မင်းရဲ့အကြံအစည်အောင်မြင်ရေးအတွက် ငါ့ကို အသုံးချတာပါ"

ကြိုးလျှံ ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ရှင်နဲ့ကျွန်မ လက်တွဲမှသာ ရှင့်အကြံကော ကျွန်မအကြံပါ အောင်မြင်မယ် မဟုတ်လား"

ဖန်းယီ မဲ့လိုက်၏။

"ကျုပ်က လက်မတွဲဘူးဆိုယင်ကော"

ကြိုးလျှံက အေးစက်စက်ဖြင့်...

"ဒါလွယ်ပါတယ်၊ ရှင်းပစ်လိုက်ရုံပေါ့"

♣ ♣ ♣



အခြေအနေမှာ ဘေးကျပ်နံကျပ် ဖြစ်နေ၏။

မလုပ်ချင်ဘဲ လုပ်ဆောင်ရသည်။

လုပ်ချင်လျက်နှင့်လည်း မလုပ်နိုင်ပါ။

ယခုလည်း ဖန်းယီက ဤအခြေအနေမျိုးသို့ ရောက်နေ၏။

သူသည် မည်သည့်အခါမျှ ကြိုးလျှံနှင့် လက်တွဲရန် စိတ်ကူးမရှိခဲ့ပါ။

ယခုမှာမူ...

ဖန်းယီသည် သူရွံမုန်းနေသော ကြိုးလျှံနှင့်လက်တွဲရမည့် အခြေအနေမျိုးသို့ ရောက်ရှိနေ၏။

လွယ်လွယ်သည် ဖန်းယီအားကြည့်ပြီး စိတ်မကောင်းဖြစ်ကာ မျက်ရည်များ ကျဆင်းလာလေသည်။

ကြိုးလျှံ ပြုံးလိုက်သည်။

"လွယ်လွယ်..မင်းက အတော်လေး မျက်ရည်လွယ်တာပဲကိုး၊ မင်းရဲ့သွေးကြောထဲမှာ မျက်ရည်တွေပဲရှိတယ် ထင်တယ်"

လွယ်လွယ် ဒေါသထွက်လာသည်။

"ရှင့်ရဲ့သွေးကြောထဲမှာကော သူများကို ဒုက္ခပေးမယ့် ဉာဉ်ဆိုးတွေပဲ ရှိနေတယ် မဟုတ်လား"

ကြိုးလျှံ အပြုံးမပျက်ပါ။

"တချို့က ဝမ်းနည်းတဲ့အခါ စိတ်မတိုတတ်ဘူး၊ မင်းကတော့ မျက်ရည်ကျယင်း သူများကို အပြစ်ပြောတတ်တာကိုး"

လွယ်လွယ်က...

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာဆန်းလဲ ပြုံးပြုံးလေးနဲ့ လူသတ်တာက ပိုပြီးအံ့သြစရာကောင်းတယ်"

ကြိုးလျှိုက...

"ဒါ အံ့သြစရာမလိုပါဘူး၊ ဘာကြောင့်လဲဆိုတော့ မာနမင်း သမီးကိုဘယ်သူမှမမီလို့ပဲ"

လွယ်လွယ် အံ့အားသင့်သွားသည်။

"ရှင်သိတယ် ဟုတ်လား"

ကြိုးလျှိုက...

"သိပ်သိတာပေါ့"

လွယ်လွယ် မျက်မှောင်ကုပ်သွားသည်။

"ရှင်က ဘာဖြစ်လို့သိသလဲ"

"ကျုပ်က ဒီလောက်မှ အရည်အချင်းမရှိယင် ဖန်းဟုနဲ့ ဘယ်လိုလုပ် ယှဉ်နိုင်မှာလဲ"

သူမသည် ဖန်းယီဘက်သို့ လှည့်လိုက်ပြီး...

"ရှင့်ကို ကျွန်မ ချီးကျူးရဦးမယ်"

ဖန်းယီက...

"ဘာများလဲဗျ"

ကြိုးလျှိုက...

"ရှင် အခုလို အလွန်လိမ္မာပါးနပ်တဲ့ ဖန်းတစ်ဦးရတာကို ချီးကျူးနေတာပါ"

ဖန်းယီက လွယ်လွယ်အား တစ်ချက်ကြည့်လိုက်လေသည်။



လွယ်လွယ်၏မျက်နှာတစ်ခုလုံး နီရဲသွားပြီး ခေါင်းငုံ့ထားလေသည်။ ဖန်းယီက ကြိုးလျှိုအား မော့ကြည့်လိုက်သည်။

"နေပါဦး၊ မင်းက သတင်းတွေကို ဘာဖြစ်လို့ ဒီလောက် အတွင်းကျကျ သိထားရတာလဲ"

ကြိုးလျှို ပြုံးလိုက်သည်။

"ကျွန်မက ငှက်စကားတွေကို တတ်တယ်ဆိုတာ ရှင်မေ့နေပြီလား"

ဖန်းယီ မဲ့ပြုံးပြုံးလိုက်သည်။

"မင်း ငှက်စကားတတ်တယ်ဆိုတာ ကျုပ်ယုံကြည်တယ်လို့ ထင်သလား"

ကြိုးလျှိုက ရယ်မောယင်း...

"ကျွန်မ ငှက်စကားကို မတတ်ယင် ရှင်ရေတွင်းထဲကျတုန်းက ကျွန်မ ဘယ်လိုလုပ် သိပြီး အချိန်မီ လာကယ်နိုင်မှာလဲ"

ဖန်းယီ မျက်မှောင်ကုပ်လိုက်သည်။

"ကျုပ်ကို လာကယ်တာ မင်း မဟုတ်ဘူး"

ကြိုးလျှို လက်ကာပြလိုက်၏။

"ထားပါတော့လေ"

ထိုစဉ် အပြင်ဘက်မှ တံခါးခေါက်သံ ထွက်ပေါ်လာ၏။

"ခေါက်..ခေါက်

"ဘယ်သူလဲ"

ကြိုးလျှိုက လှမ်းမေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"စန်းစန်းပါ"

စကားသံနှင့်အတူ အခန်းတံခါး ပွင့်သွားပြီး မိန်းကလေး တစ်ဦး လှမ်းဝင်လာသည်။ ကြိုးလျှံက...

"ဘာကိစ္စလဲ"

"ဧည့်သည်သုံးယောက် ရောက်နေတယ်၊ သူတို့ပုံစံ ထူးခြားနေလို့ လာပြီး သတင်းပို့တာပါ"

မိန်းကလေးက ခေါင်းညိတ်ယင်း ထွက်ခွာသွား၏။

ကြိုးလျှံက...

"ကဲ လာ အခြေအနေကို တစ်နေရာက သွားကြည့်ရအောင်"

ဖန်းယီတို့အား ခေါ်ကာ ထွက်သွားလေသည်။

♣ ♣ ♣



## အဆက်အသွယ်

အခန်းထဲရှိ စားပွဲတစ်လုံးတွင် လူသုံးယောက် ထိုင်နေသည်ကို တွေ့ရလေသည်။

ဖန်းယီသည် ထိုလူများအား တွေ့ရသည်နှင့် နဖူးပေါ်မှ ချွေးများ စီးကျလာသည်။

အကြောင်းမှာ...

ထိုလူများမှာ အဆိပ်ဘုရင်ဂူးစွမ်းနှင့် ရိုလိုတို့ ဖြစ်နေခြင်းကြောင့်ပင်။

ထို့အပြင် သူတို့သုံးယောက်အနက် အနက်ရောင်ဝတ်ဆင်ထားသော လူငယ်အား တွေ့ရသည်။

သူတို့ ကြည့်နေစဉ်မှာပင် လူငယ်သည် စန်းစန်းအား လက်ဆွဲကာ တခြားစားပွဲဝိုင်းသို့ ပြောင်းသွားသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝူးစွမ်းက အလိုမကျသော အမူအရာဖြင့်...

"ဒီသူငယ်ဟာ အပျော်အပါးမက်ပုံရတယ်၊ ဘာကြောင့် ခေါင်းဆောင်ကြီးက ထည့်ပေးလိုက်မှန်း မသိဘူး"

ရိုလိုက...

"ကျုပ်လဲ မသိဘူး၊ ဒါပေမယ့် သူ့စကား နားထောင်ရမယ် လို့တော့ မှာလိုက်တယ်"

ဝူးစွမ်းက...

"အခု သူ ဘာလုပ်နေလဲ၊ အမြင်ပဲ မဟုတ်လား"

ရိုလိုက...

"ခေါင်းဆောင်ကြီးက ဒီလောက် ယုံကြည်ပုံထောက်ယင် အကြောင်းတစ်ခု ရှိလိမ့်မယ် ထင်တယ်"

ဝူးစွမ်းက...

"သူ ဘယ်သူလဲဆိုတာ မင်းသိသလား"

"မသိဘူး"

အခန်းနံရံမှ ချောင်းကြည့်နေသော ဖန်းယီတို့သည် ဝူးစွမ်း ၏စကားကို နားထောင်ယင်းမှ လူငယ်သည် လျှို့ဝှက်သူတစ် ယောက် ဖြစ်သည်ကို နားလည်လိုက်ကြလေသည်။

♣ ♣ ♣



အချိန်များ တစ်ရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ဝူးစွမ်းက...

"အခုထိ မလာသေးပါလား"

ရိုလိုက...

"လာခါနီးပါပြီ မလောပါနဲ့"

သူတို့ ယင်းသို့ ပြောနေစဉ်မှာပင် အစိမ်းရောင်ဖျင်ကြမ်း အင်္ကျီ ဝတ်ဆင်ထားပြီး ခမောက်ဆောင်းကာ ရုပ်ဖျက်ထားသူတစ်ဦး ရောက်ရှိလာသည်။

ရောက်ရောက်ချင်းပင် ထိုလူက...

"လေစိမ်းတိုက်တာ ကြာသွားပြီလား"

ရိုလိုက အကဲခတ်ယင်း...

"ကြာသွားပြီ၊ အခု ဘယ်ရောက်သွားလဲ"

"နေရာမှန် ပြန်သွားပြီ"

ရိုလို၏မျက်နှာ ပြုံးရွှင်သွားသည်။

"ထိုင်ပါဗျာ"

သူတို့သည် လျှို့ဝှက်သင်္ကေတဖြင့် အချိန်းအဆက် ပြုလုပ် နေမှန်း ဖန်းယီတို့ နားလည်လိုက်၏။

ရိုလိုတို့သည် ထိုလူအား ဧည့်ခံကျွေးမွေးနေကြလေသည်။

အတန်ကြာ စားသောက်ပြီးမှ ထိုလူက...

"အခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်၊ ကျုပ်ကို ခြေ ရာခံမရအောင် မနည်းကို ရုပ်ဖျက်ထားရတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ငွေးစွမ်းအား အကဲခတ်ကြည့်ယင်း...

"အရေးကြီးဆုံးအချက်က ငွေးစွမ်း ဘာကြိုက်တတ်တယ်ဆိုတာပဲ"

"ငွေးစွမ်းက အစပ်ကြိုက်တယ်၊ ကျုပ်က အစပ်ကြောက်တယ်၊ အခုတော့ ပြဿနာ မရှိတော့ပါဘူး၊ နှစ်နှစ်လောက် ကျင့်ခဲ့တော့ အသားကျသွားပါပြီ"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"ခင်ဗျား မဆိုးဘူး၊ အမူအရာ လေသံကအစ ငွေးစွမ်းနဲ့ ချွတ်စွပ်ပဲ"

သူ၏စကားကြောင့် ငွေးစွမ်းနှင့် ရိုလိုတို့၏မျက်နှာ ပြုံးရွှင်သွားလေသည်။

ကြုံးလှုံ မျက်မှောင်ကုပ်သွားသည်။

"ဖန်းဟုရဲ့ အကြံအစည်ဟာ အတော့်ကို ဝိရိယလှချည်လား"

ဖန်းယီ ခေါင်းညိတ်လိုက်သည်။

"ငွေးစွမ်းသာ အတုမဟုတ်ဘူး၊ စုကွမ်းတို့လူစုကလဲ အတုတွေ ဖြစ်နေတယ်ဗျ"

လွယ်လွယ်သည် ဖန်းယီ၏စကားကို နားမလည်ဘဲ ကြောင်၍ ကြည့်နေ၏

သူတို့သည် နံရံအပေါက်ကလေးမှ ထပ်မံချောင်းကြည့်လိုက်ရာ...

အနက်ရောင်ဝတ်ဆင်ထားသော လူငယ် ရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။



ခမောက်ဆောင်းထားသူက ရိုလိုဘက် လှည့်ကာ...

"သူက ခင်ဗျားတို့နဲ့ ပါလာတဲ့လူ ဟုတ်လား"

ဟုမေးလိုက်သည်။

ရိုလို ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

လူငယ်က...

"ခင်ဗျားစိုးရိမ်မနေပါနဲ့ဗျာ၊ ကျုပ်က ဖန်းဟုရဲ့မိတ်ဆွေပါ"

ခမောက်ဆောင်းထားသူသည် လူငယ်က ဖန်းဟု၏မိတ်ဆွေဟု ပြောသည်ကို ကြားသောအခါ အနည်းငယ် အံ့သြသွားလေသည်။

လူငယ်အား ကြည့်ကာ...

"မင်းနာမည် ဘယ်လို ခေါ်သလဲ"

ဟုမေးလိုက်သည်။

လူငယ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်က ကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ယောက် မဟုတ်ပါဘူး၊ ဒါကြောင့် နာမည်ပြောလဲ ခင်ဗျား မသိပါဘူး"

ရိုလိုက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"သူ့နာမည်က ကူးကျန်းလို့ခေါ်ပါတယ်၊ ခေါင်းဆောင်ကြီးနဲ့ ဆွေမျိုးနီးစပ်ပေါ့ဗျာ"

လူငယ် လက်ကာပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ကျုပ်ကို မြှောက်ပင့်ပြီး မပြောပါနဲ့ဗျာ၊ ဖန်းဟုက ကျုပ်ရဲ့ မိဘကို မသိပါဘူး၊ ကျုပ်မိဘ ဘယ်သူဘယ်ဝါဆိုတာ ကျုပ်ကိုယ်တိုင်တောင် မသိပါဘူး”

ရိုလိုက ကြောင်အမ်းအမ်းဖြင့် သူ့အား ကြည့်နေ၏။

ကူးကျန်းက သူ့ရင်ဘတ်သူ ပုတ်ပြကာ…

“ကျုပ်က ဘာဖြစ်လို့ ကူးကျန်းလို့ ခေါ်တယ်ဆိုတာ ခင်ဗျားတို့ သိသလားဗျ”

ခမောက်ဆောင်းထားသူက ဟန်ဆောင်ပြုံးကာ ခေါင်းယမ်းလိုက်သည်။

“မသိပါဘူးဗျာ”

ကူးကျန်းက ရယ်မော စကားဆက်လိုက်သည်။

“ခင်ဗျားတို့ ဘယ်သိပါ့မလဲ၊ အမှန်ပြောရမယ်ဆိုယင် ကျုပ်ကို တစ်ယောက်ယောက်က ‘ကူးကျန်းမြစ်’ထဲက ကယ်လိုက်လို့ ကျုပ်နာမည်ကို ကူးကျန်းလို့ အမည်ပေးကြတာဗျ”

ရိုလို၊ ဂူးစွမ်းနှင့် ခမောက်ဆောင်းထားသူတို့သည် မည်သို့ ပြောရမှန်း မသိဘဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ကူးကျန်းက ထိုင်ချလိုက်ပြီး…

“ခင်ဗျားတို့ စိတ်ထဲမှာ ကျုပ်ကိုတော့ ကျေနပ်ကြမယ် မဟုတ်ဘူးဆိုတာ ကျုပ်သိတယ်၊ ဒါပေမယ့် ကျုပ်ဂရုမစိုက်ပါဘူး၊ အခု ကျုပ် ဒီကို လာရတာလဲ၊ ဖန်းဟုက အကူအညီတောင်းလို့ လာ



ခဲ့တာပါ”

ခမောက်ဆောင်းထားသူက နားမလည်နိုင်ဟန်ဖြင့်…

“ခေါင်းဆောင်ကြီးက ဘာကိစ္စ ခင်ဗျားကို လာနိုင်းရတာလဲ”

ကူးကျန်း ရယ်မောလိုက်သည်။

“အပွင့်လင်းဆုံး ပြောရယင် ခင်ဗျားတို့ရဲ့အသက် လုံခြုံရေးအတွက် ကျုပ်ကို အကာအကွယ်ပေးဖို့ အကူအညီ တောင်းတာပါ”

ခမောက်ဆောင်းထားသူ မဲ့ပြုံးပြုံးလိုက်သည်။

“မလိုပါဘူးဗျာ၊ ကျုပ်တို့ကိုယ်ကျုပ်တို့ ကာကွယ်နိုင်ပါသေးတယ်”

လေသံမာမာဖြင့် ပြောလာသည်။

ကူးကျန်း ပခုံးတွန့်လိုက်သည်။

ခမောက်ဆောင်းထားသူကို စေ့စေ့ကြည့်ကာ…

“ခင်ဗျား တကယ်ပဲ ကိုယ့်ကိုကိုယ် ကာကွယ်နိုင်တယ်ဟုတ်လား”

ဟုမေးလိုက်သည်။

ခမောက်ဆောင်းထားသူက…

“ဟုတ်တယ်”

ရင်ကော့ကာ ပြောလေသည်။

“ဟား…ဟား…ဟား”

ကူးကျန်း ကောက်ကာငင်ကာ ရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ခမောက်ဆောင်းထားသူ မကျေမနပ်ဖြင့် ကြည့်နေသည်။

ကူးကျန်းက...

"ဒီလိုဆို ခင်ဗျားကိုယ်ခင်ဗျား သိုင်းပညာတော်တော်ကောင်းတယ်လို့ ထင်နေတယ် ဟုတ်လား"

ဟုမေးလိုက်သည်။

ခမောက်ဆောင်းထားသူက...

"ကိုယ့်အသက်ကို ကာကွယ်ဖို့လောက်တော့ လုံလောက်ပါတယ်ဗျာ"

အေးစက်စက် လေသံဖြင့် ပြောလိုက်သည်။

ကူးကျန်းက ပြုံးစေ့စေ့ဖြင့်...

"ခင်ဗျားက ကိုယ့်ကိုကိုယ် အတော်အထင်ကြီးတားကိုး၊ ခင်ဗျားအသက်ကို အန္တရာယ်ပေးဖို့ အလွန်လွယ်ကူတယ်လို့ ကျုပ်ထင်ထားပါတယ်"

ခမောက်ဆောင်းထားသူ ဒေါသမထိန်းနိုင်တော့ပါ။

ထိုင်ရာမှ ဝုန်းခနဲ ထရပ်ယင်း...

"မင်းစော်ကားလှချည်လား"

လက်ညှိုးထိုးကာ ပြောလသည်။

ရိုလိုနှင့် ဂူးစွမ်းတို့သည် အချင်းချင်း အပြန်အလှန် ကြည့်လိုက်ပြီး ဟန့်တားခြင်း မရှိပါ။

ကူးကျန်း ပြုံးလိုက်သည်။

"ဘာလဲ ခင်ဗျားက ကျုပ်ပညာကို စမ်းချင်လို့လား"



ခမောက်ဆောင်းထားသူက ဒေါသတကြီးဖြင့်...

"ဟုတ်တယ်"

ကူးကျန်း၏မျက်နှာ တည်သွား၏။

"ကောင်းပြီ"

သူစကားဆုံးသွားသည်နှင့် စားပွဲပေါ်မှ မီးအိမ်တစ်ချက်ငြိမ်းသွားပြီး ကူးကျန်းသည် ပျောက်ချင်းမလှ ပျောက်သွားလေသည်။

ခမောက်ဆောင်းထားသူ ထိတ်လန့်တုန်လှုပ်သွားလေသည်။

နောက်သို့ လှည့်ရန် အပြုတွင် သူ့နောက်မှ တစ်စုံတစ်ယောက်က သူ့လည်ဂုတ်သို့ လေတစ်ချက်မှုတ်လိုက်သလို ခံစားရလေသည်။

တဆက်တည်းမှာပင်...

ကူးကျန်း အသံ ထွက်ပေါ်လာသည်။

"ကျုပ်ကသာ သတ်မယ်ဆိုယင် အခုလောက်ဆို ခင်ဗျားသေသွားပြီ"

ခမောက်ဆောင်းထားသူက ခံပြင်းစွာဖြင့်...

"ယား"

ညာသံပေးကာ လက်ကို နောက်ပြန်ဝှေ့ယမ်းလိုက်၏။

"ဝှစ်...ဝှစ်...ဝှစ်"

လေတိုးသံများ ထွက်ပေါ်လာပြီး အလင်းရောင်တန်းများ

www.burmeseclassic.com

www.burmeseclassic.com



သည် နောက်သို့ ပစ်လွှင့်သွားလေသည်။

တဆက်တည်း သူ့ခန္ဓာကိုယ်နောက်သို့ လှည့်လိုက်ရာ သူ့နောက်တွင် လူရိပ်တစ်ခုမှ မတွေ့ရပါချေ။

သူပစ်လွှင့်လိုက်သော လက်နက်ပုန်းများသည် နံရံပေါ်သို့ အစီအရီ စိုက်ဝင်နေသည်ကို တွေ့ရလေသည်။

ထိုလူငယ်၏ကိုယ်ဖော့ပညာမှာ အံ့ဩဖွယ်ကောင်းလောက်အောင် အဆင့်မြင့်နေသည်ကို တွေ့ရသောအခါ ရိုလိုနှင့် ဝူးစွမ်းတို့ အံ့ဩကုန်ကြသည်။

တစ်ဘက်ခန်းမှ ချောင်းကြည့်နေသော ဖန်းယီတို့ပင် ထိတ်လန့်တုန်လှုပ်သွားသည်။

အစိမ်းရောင်ဝတ်ဆင်ထားသူသည် ကြောင်အမ်းအမ်းဖြင့် ရပ်နေ၏။

သူ၏တစ်ကိုယ်လုံးမှာလည်း ချွေးများ စိုရွှဲနေ၏။

ကူးကျန်းက အေးတိအေးစက်ဖြင့်...

"ခင်ဗျား အခု ကျုပ်ကို အထင်ကြီးလာပြီမဟုတ်လား"

ဟုမေးလိုက်သည်။

ခမောက်ဆောင်းထားသူက လက်သီးနှစ်ဘက် ကျစ်ကျစ်ပါအောင်ဆုပ်ထားသည်။

ကူးကျန်း ပြုံးလိုက်သည်။

"ခင်ဗျား စိတ်မကောင်းဖြစ်မနေပါနဲ့ဗျာ၊ ကျုပ်လိုလူက ခင်ဗျားကို ကာကွယ်ပေးတဲ့အတွက် ခင်ဗျား ဝမ်းသာဖို့တောင်ကောင်းပါသေးတယ်"



ရိုလို ချောင်းတစ်ချက်ဟန့်ကာ...

"ခင်ဗျားရဲ့ ကိုယ်ဖော့ပညာက ထက်မြက်လှချည်လား ချီးကျူးပါတယ်ဗျာ"

ဟု ဝင်ပြောလိုက်သည်။

ဝူးစွမ်းကလည်း ပြုံး၍ခေါင်းညိတ်လိုက်သည်။

"သိုင်းလောကတစ်ခုလုံးမှာ ခင်ဗျားထက် ကိုယ်ဖော့ပညာသာမယ့်လူ ကျုပ်ကိုယ်တိုင် မတွေ့ခဲ့ပါဘူးဗျာ"

ကူးကျန်းအား ချီးကျူး ထောပနာပြုလိုက်ကြသည်။

ကူးကျန်းမှာ ထိုစကားကြားသောအခါ မျက်နှာထားတည်ကြည်လာသည်။

"ခင်ဗျားတို့ ဒီမှာပြောတာ အရေးမကြီးဘူး၊ တခြားနေရာမှာသွားပြောယင် ခင်ဗျားတို့စကားကြောင့် ကျုပ်ဒုက္ခရောက်သွားပါလိမ့်မယ်"

"ဟား..ဟား..ဟား"

ဝူးစွမ်း ရယ်မောလိုက်သည်။

"မဟုတ်တာဗျာ၊ ခင်ဗျားရဲ့ကိုယ်ဖော့ပညာကို ဘယ်သူက မီနိုင်မှာလဲဗျ"

ကူးကျန်း မဲ့ပြုံးပြုံးလိုက်သည်။

"ဒါကတော့ ခင်ဗျားဟာ ကိုယ်ဖော့ပညာ ထက်မြက်ထူးချွန်တဲ့လူမျိုး မတွေ့ဖူးလို့ ဒီလိုပြောနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဂူးစွမ်းက…

"ကျုပ် ဒီလောက်လည်း ဗဟုသုတမနည်းလှပါဘူးဗျာ၊ သိုင်းလောကမှာ ကိုယ်ဖော့ပညာအလွန်တော်တဲ့လူတွေလည်း တွေ့ခဲ့ဖူးပါတယ်"

ဟုပြောလိုက်သည်။

ကူးကျန်းက…

"ဟုတ်လား၊ ဘယ်သူများပါလိမ့် ကျုပ်ကိုပြောပြစမ်းပါဦး"

ဂူးစွမ်းက…

"ဥပမာ ပန်းပေါင်းစုံဂိုဏ်းချုပ်ဟွေ့မုံ၊ ဗေဒါဂိုဏ်းချုပ်လီဖုံး၊ နောက်ပြီး ပျံလွှား"

ကူးကျန်းက သူ့စကားအား ဖြတ်လိုက်သည်။

"တော်ပါပြီဗျာ၊ ဒီလူတွေဟာ ထက်မြက်ပေမယ့် ကိုယ်ဖော့ပညာရှင်လို့ မခေါ်ထိုက်ပါဘူး"

ဂူးစွမ်း ခံပြင်းလာသည်။

"ဒါဖြင့် သူတို့ထက်တော်တဲ့လူ ခင်ဗျားတွေ့ဖူးလို့လား"

ကူးကျန်းက အရက်တစ်ခွက်ငှဲ့ပြီး မော့သောက်လိုက်လေသည်။

အတန်ကြာမှ…

"ခင်ဗျားတို့က သိုင်းလောကမှာ အတော်ကြာကြာ ကျင်လည်ကျက်စားခဲ့တဲ့ ပုဂ္ဂိုလ်တွေပဲ၊ ဒီတော့ ကျုပ်တစ်ခုမေးမယ်"

ဂူးစွမ်းက…



"မေးပါ"

ကူးကျန်းက…

"အရိပ်တောင်ကြားဆိုတာ ကြားဖူးလား"

ရိလိုနှင့် ဂူးစွမ်းတို့သည် အပြန်အလှန်ကြည့်လိုက်ပြီး ဖြိုင်တူခေါင်းယမ်းလိုက်သည်။

ကူးကျန်းက…

"ခင်ဗျားတို့ ဒီနေရာကို မကြားဖူးဘူးဆိုတာ သိပါတယ်၊ ခင်ဗျားတို့သာ ကြားဖူးမယ်ဆိုယင် ကျုပ်ကို ရိုးကျူးမှာမဟုတ်ဘူးဗျ"

ရိလို မျက်မှောင်ကုပ်သွားသည်။

ကူးကျန်းကိုကြည့်ကာ…

"အရိပ်တောင်ကြားမှာ ကိုယ်ဖော့ပညာ အလွန်တော်တဲ့လူများ ရှိနေလို့လား"

ကူးကျန်း သက်ပြင်းချလိုက်သည်။

"အဲဒီနေရာကို ဘာကြောင့် အရိပ်တောင်ကြားလို့ခေါ်သလဲဆိုတာ ခင်ဗျားတို့ သိကြရဲ့လား"

ရိလိုက ဆိတ်ဆိတ်နေလိုက်သည်။

ကူးကျန်းက အရက်တစ်ခွက် ထပ်မံမော့သောက်လိုက်ပြီး

"အဲဒီနေရာမှာ နေထိုင်တဲ့လူတွေဟာ အရိပ်လိုပဲ လျှင်မြန်လို့ အဲဒီနေရာကို အရိပ်တောင်ကြားလို့ အမည်ပေးထားတာပါ။ သူတို့အသံကိုသာကြားရတယ်၊ ဘယ်သူဘယ်ဝါဆိုတာ တွေ့ဖို့ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ယင် အရူးပဲဖြစ်သွားလိမ့်မယ်၊ သူတို့ကိုသွားပြီး မစယင် သူတို့ကလည်း သူများကို ရန်မမူဘူး၊ အဲ သူတို့ကိုသွားပြီး ရန်စမိယင်တော့ သူတို့က ပြန်လည်တုန့်ပြန်တတ်တယ်ဗျ"

ရိုလိုတို့ စိတ်ဝင်စားစွာ နားထောင်နေကြ၏။

ကူးကျန်းက အရက်ကို ထပ်မံမော့ချပြီးမှ စကားဆက်လိုက်သည်။

"ဒါပေမယ့် သူတို့က ရန်ငြိုးရှိတဲ့လူကို လိုက်မသတ်ဘူး၊ ပညာရှိနည်းနဲ့နှိပ်စက်တော့တာပဲ"

"ဘယ်လို ပညာရှိနည်းနဲ့နှိပ်စက်တာလဲ"

ဂူးစွမ်းက စိတ်ဝင်တစားဖြင့် မေးမြန်းလိုက်သည်။

ကူးကျန်းက...

"သူတို့က အရိပ်လိုလိုက်ပြီး အဲဒီလူ စကားပြောတိုင်း ပဲ့တင်သံပြန်ကြားရသလို ပညာပေးနှောင့်ယှက်တော့တာပဲ"

"ကျုပ် သိပ်နားမရှင်းဘူး"

ရိုလိုက ပြောလိုက်သည်။

ကူးကျန်းက သူ့အားတစ်ချက်ကြည့်ကာ...

"ခင်ဗျားရှင်းအောင် ပြောရမယ်ဆိုယင် လူတစ်ယောက်ဟာ စကားပြောလိုက်တာနဲ့ သူ့အသံကို ချက်ချင်းပြန်ကြားလိုက်တယ်ဗျ၊ အဲဒီလူက ကြောက်ပြီး စကားမပြောယင် ပဲ့တင်သံကြားရမှာမဟုတ်ဘူး၊ ဒါပေမယ့် အဲဒီလူကသာစကားပြောတိုင်း ပြောတိုင်းမှာ သူ့အသံကိုပဲ ပဲ့တင်သံထွက်လာတာကို တစ်ချိန်လုံး ကြား



နေရတယ်ဗျ"

ရိုလိုက မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ဥပမာ ကျုပ်ကို သူတို့က ဒုက္ခပေးမယ်ဆိုယင် ကျုပ် စကားပြောတာကို ပဲ့တင်လိုက်ပြောတာပဲ မဟုတ်လား"

ကူးကျန်းက...

"ဟုတ်တယ်"

ရိုလိုက ပြုံးလိုက်သည်။

"ဒါကတော့ ကြောက်စရာမဟုတ်ဘူးလို့ ထင်ပါတယ်"

ကူးကျန်းက...

"ဒါကတော့ ကြောက်စရာမဟုတ်ဘူးလို့ ထင်ပါတယ်"

ရိုလိုက ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူသည် ပြုံးလိုက်ပြီး...

"ခင်ဗျား မလှောင်ပါနဲ့ဗျာ"

ကူးကျန်းက...

"ခင်ဗျား မလှောင်ပါနဲ့ဗျာ"

ရိုလို မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ခင်ဗျား...ဘာဖြစ်လို့..."

ကူးကျန်းက...

"ခင်ဗျား ဘာဖြစ်လို့..."

ရိုလို နဖူးပေါ်တွင် ချွေးများစို့လာလေသည်။ စကားဆက် မပြောဝံ့တော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

www.burmeseclassic.com



"ဟား..ဟား..ဟား"

ကူးကျန်းက ရယ်မောလိုက်သည်။

"ကဲ..တွေ့လား၊ ခင်ဗျားစကားကို ကျုပ်က သုံးခွန်းလောက်ပဲလိုက်ပြောသေးတယ်၊ ခင်ဗျား ဘယ်လိုဖြစ်သွားသလဲ၊ အေး ခင်ဗျား မမြင်တွေ့ရတဲ့ လူတစ်ယောက်က ခင်ဗျားပြောတဲ့စကားများကို နေ့စဉ်နေ့တိုင်း လိုက်ပြောနေယင် နောက်ပြီး ခင်ဗျား ဘယ်လောက်ဝေးဝေးရောက်နေ ရောက်နေ ခင်ဗျားစကားပြောတာနဲ့ ခင်ဗျားအသံကိုလိုက်ပြီးပြောနေတာကို ကြားရတဲ့အခါမှာ ခင်ဗျား ဘယ်လိုနေမလဲ"

ရိုလိုသည် နဖူးပေါ်မှ ချွေးများသုတ်ယင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တော့ ရူးသွားလိမ့်မယ်လို့ ထင်တာပဲဗျ"

ကူးကျန်းက အေးတိအေးစက်ဖြင့်...

"ဒါပေါ့ သူတို့က ခင်ဗျားရူးသွားအောင် နှိပ်စက်တဲ့နည်းပဲဗျ ဒါကြောင့် လူတစ်ယောက်ဟာ အရိပ်တောင်ကြားကလူတွေကို ရန်စမိယင် သုံးလထက်ပိုပြီး အသက်မရှည်နိုင်ဘူးဗျ"

ဝူးစွမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"လောကပေါ်မှာ ကိုယ်ဖျောက်ပညာ ဒီလောက်တော်တဲ့လူ ရှိနေတယ် ဟုတ်လား"

ကူးကျန်း ခေါင်းညိတ်လိုက်သည်။

"ရှိတာပေါ့ကွာ၊ ကျုပ်ရဲ့ကိုယ်ဖျောက်ပညာဟာ သူတို့နဲ့နှိုင်း



ယှဉ်လိုက်ယင် ဘာမှပြောပလောက်မှာ မဟုတ်ဘူးကွ"

သူသည် ခမောက်ဆောင်းထားသူအား ပြုံးပြလိုက်သည်။

"ဒါပေမယ့် ခင်ဗျား မကြောက်ပါနဲ့ဗျာ၊ သူတို့က ခင်ဗျားကိုဒုက္ခမပေးပါဘူး၊ ဘာဖြစ်လို့လဲဆိုယင် ခင်ဗျားကို သူတို့က တစ်ပြားမတန်ဘူးလို့ အထင်သေးနေလို့ပါ"

ခမောက်ဆောင်းထားသူသည် ခံပြင်းလွန်း၍ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလေသည်။

ကူးကျန်း ပြုံးလိုက်သည်။

"ဘာလဲ ခင်ဗျားက ကျုပ်နဲ့တစ်ပွဲတစ်လမ်း စမ်းချင်သေးလို့လား"

ခမောက်ဆောင်းထားသူသည် အံတင်းတင်းကြိတ်လိုက်သည်။

ထို့နောက် ဘာမှမပြောဘဲ ချာခနဲလှည့်လိုက်ပြီး အခန်းထဲမှခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ရိလိုနှင့်ဝူးစွမ်းတို့သည် ဟန့်တားရန် ဟန်ပြင်လိုက်ရာ ကူးကျန်းက အေးတိအေးစက်လေသံဖြင့်…

"သွားပါစေဗျာ"

"သူ့ဆီက လျှို့ဝှက်ချက်တွေ ပေါက်ကြားသွားယင် ဘယ်လိုလုပ်မလဲ"

ကူးကျန်း ပြုံးလိုက်သည်။

"ခင်ဗျားက ဒါကို စိုးရိမ်တာကိုး"

ရိလို ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်..ခေါင်းဆောင်ကြီးက သူနဲ့အပေးအယူလုပ်ထားပေမယ့် ဒီလူဟာ ကိုယ့်သွေးချင်းသားချင်းတောင် သစ္စာဖောက်လာတယ်၊ တို့ကိုသစ္စာမဖောက်ဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ"

ကူးကျန်းက ပြုံးစေ့စေ့ဖြင့်…

"ဒါဖြင့် ခင်ဗျားက သူ့ကိုလိုက်ပြီး ရှင်းပစ်ပေါ့"

ရိလို ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဒါဖြင့် ခင်ဗျားက သူ့ကိုစိတ်ဆိုးအောင် တမင်ပြောလိုက်တာပေါ့"

ကူးကျန်းက အရက်တစ်ခွက်ငှဲ့လိုက်ပြီး…

"ဟုတ်ပါတယ်"

ရိလိုက အတန်ကြာ ဆိတ်ဆိတ်နေပြီးမှ…

"မိုးလင်းဖို့လိုသေးတယ်၊ သူ့ကို လိုက်ရှင်းယင် မှီဦးမယ်"

ကူးကျန်းက အရက်ခွက်အား စိုက်ကြည့်ယင်း….



"မိုးမလင်းခင် ခင်ဗျားတာဝန် မကျေပွန်ယင် အမြန်ဆုံးတိမ်းရှောင်ဖို့ပြင်ပေတော့"

ရိလို မျက်နှာကွက်ခနဲ ပျက်သွားသည်။ ဘာမှမပြောတော့ဘဲ ချာခနဲလှည့်ကာ ထွက်ခွာသွားလေတော့သည်။

♣ ♣ ♣

ကူးကျန်းသည် ခွက်ထဲမှအရက်ကိုသာ စိုက်ကြည့်နေ၏။

ဝူးစွမ်းသည် ခပ်ဆိတ်ဆိတ်ရှိနေ၏။

အတန်ကြာမှ ကူးကျန်းက ခေါင်းမော့လိုက်ပြီး…

"ကျုပ်က သူ့ကိုလွှတ်လိုက်ပြီး ဒီမှာ ဘာဖြစ်လို့ထိုင်နေတယ်ဆိုတာ ခင်ဗျား သိရဲ့လား"

ဝူးစွမ်းရင်ထဲ၌…

"ဒီနေရာမှာ အရက်ထိုင်သောက်ယင် ပိုကောင်းတာပေါ့ လူကိုသွားသတ်တယ်ဆိုတာ လွယ်တာမှမဟုတ်ဘဲ"

ဟုဖြေချင်နေသည်။

သို့သော် သူသည် မပြောဝံ့ဘဲ မျက်နှာကို ပြုံးထားပြီး….

"မသိပါဘူးဗျာ"

ကူးကျန်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"မသိတာ ပြောပြရမှာပေါ့၊ ကျုပ်က တစ်ခါမှ လူမသတ်ဖူးလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ငွေးစွမ်း အံ့သြသွားသည်။

"ခင်ဗျား တကယ်ပြောနေတာလား"

ကူးကျန်း ပြုံးလိုက်သည်။

"ခင်ဗျား မယုံဘူးလား"

သူက မျက်နှာထားတည်ကာ စကားဆက်လိုက်သည်။

"အမှန်ပြောရရင် ကျုပ်ကလည်း လူသတ်ချင်တာပေါ့။ ဒါပေမယ့် အခုထိ ကျုပ်သတ်ဖို့ ထိုက်တန်တဲ့လူကို မတွေ့ရသေးဘူးဗျ"

ငွေးစွမ်းက မျက်မှောင်ကုပ်ကာ...

"ဘယ်လိုလူမျိုးမှ ထိုက်ထိုက်တန်တန် သတ်ချင်တာလဲ"

"ကျုပ်တွေ့တဲ့အခါ ခင်ဗျားကို ပြောပြပါ့မယ်"

ကူးကျန်းက အေးတိအေးစက်လေသံဖြင့် ပြောလိုက်သည်။

♣ ♣ ♣

## သော့ချက်

အဆိပ်ဘုရင်ငွေးစွမ်း...။

ငွေးစွမ်းသည် ကူးကျန်းနှင့်မျက်လုံးချင်းဆုံမိသောအခါ စိုးရိမ်ထိတ်လန့်စိတ်များ ဖြစ်ပေါ်လာလေသည်။

ကူးကျန်းသည် ငယ်ရွယ်သူတစ်ယောက်ဖြစ်သော်လည်း ဓါးရင့်သိုင်းသမားကြီးများထက် ပိုပြီးကြောက်စရာကောင်းသူဖြစ်ကြောင်း နားလည်ထားလေသည်။

ရုတ်တရက် ကူးကျန်းက မေးလိုက်လေသည်။

"ခင်ဗျား မသွားသေးဘူးလား"

ငွေးစွမ်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ကျုပ်က ဘယ်ကိုသွားရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက အဆိပ်ဘုရင်ဆိုတော့ အဆိပ်ကျေးရွာကိုပြန်ရှာပေါ့"

"ကျုပ်…"

"ခင်ဗျားရဲ့သားသမီးတွေက မျှော်နေလိမ့်မယ်ဆိုတာတောင် ခင်ဗျား မသိတော့ဘူးလား၊ တော်တော်ဆိုးတဲ့လူပဲ"

ငူးစွမ်း သက်ပြင်းချလိုက်သည်။

"ကောင်းပါပြီဗျာ၊ ကျုပ်သွားပါတော့မယ်"

ထိုင်ရာမှ ထလိုက်လေသည်။

ကူးကျန်းက…

"ခင်ဗျား အိမ်ပြန်ရောက်သွားပြီးတဲ့နောက် ဘာတွေဆက်ပြီးလုပ်ကိုင်ဆောင်ရွက်ရမယ်ဆိုတာ ခင်ဗျားသိပါတယ်နော်"

"ကျုပ် သိပါတယ်"

"ခင်ဗျားအတွက် သုံးရက်အချိန်ရတယ်၊ သုံးရက်အတွင်းတာဝန်ရှိတဲ့အတိုင်း ပြီးအောင်လုပ်နိုင်ယင်လုပ် မလုပ်နိုင်ယင်တော့ အသက်လုထွက်ပြေးတာ ခင်ဗျားအတွက် အကောင်းဆုံးဖြစ်မယ်"

ငူးစွမ်းက ဘာမှမပြောတော့ဘဲ ခေါင်းငိုက်စိုက်ချကာ ထွက်သွားလေတော့သည်။

♣ ♣ ♣



ငူးစွမ်း ထွက်သွားပြီဖြစ်သည်။

ကြိုးလျှံက…

"ငူးစွမ်းက အရေးကြီးတဲ့လူတစ်ယောက်ပဲ၊ သူ့ကို ခြေရာခံပြီး အဖြစ်မှန်ဖော်ထုတ်ရမှာ ရှင်တို့ ဘာကြောင့် လိုက်မသွားကြသေးတာလဲ"

ဖန်းယီတို့အား မေးလိုက်လေသည်။

ဖန်းယီက…

"အစိမ်းရောင်ဝတ်ထားတဲ့လူက ပိုပြီး အဓိကကျပါတယ်ဗျာ"

ကြိုးလျှံက…

"ငူးစွမ်းက လက်နက်ပုန်းကျေးရွာကို ပြန်ရောက်သွားပြီးသူ့ရဲ့လူတွေကို အသုံးချပြီး လူတွေလှောက်သတ်မယ်ဆိုယင် ဘယ်လိုလုပ်မလဲ"

ဖန်းယီက…

"ငူးစွမ်းက သူ့ရဲ့သားသမီးတွေကို မဟုတ်တာလုပ်ခိုင်းယင် သားသမီးတွေကလည်း ငူးစွမ်းအစစ်လို့ထင်ပြီး ခိုင်းတာလုပ်ကြမှာပဲ၊ ဒါ အန္တရာယ်ကြီးပါတယ်၊ ဒါထက်ပိုပြီး အန္တရာယ်ကြီးတာကသူတို့အဆိပ်လက်နက်ပုန်းထုတ်လုပ်တဲ့ လျှို့ဝှက်ချက်ကိုရယူပြီးဖန်းဟုရဲ့လက်ထဲအပ်လိုက်တာပဲ၊ ဒါကြောင့် အစိမ်းရောင်ဝတ်ထားတဲ့လူက ပိုပြီးအရေးကြီးတယ်လို့ ကျုပ်ပြောခဲ့တာပါ"

သူ၏အယူအဆကို ရှင်းပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီသည် မဟာမိတ်အဖွဲ့ခေါင်းဆောင်ကြီးဖန်းဟုမှာ သူ၏ဖခင်အယောင်ဆောင်ထားသူ တစ်ယောက်ဟု တထစ်ချယုံကြည်ထားပြီး ဖြစ်လေသည်။

ကြုံးလှုံ့ သဘောပေါက်လက်ခံသွားလေသည်။

"ကောင်းပြီလေ၊ ကျွန်မက ကူးကျန်းကို စောင့်ကြည့်ထားမယ်၊ ရှင်တို့က အစိမ်းရောင်ဝတ်ထားတဲ့လူနောက်ကို လိုက်သွားတာ မကောင်းဘူးလား"

ဖန်းယီ သဘောတူလိုက်လေသည်။

"ဒါလည်း ကောင်းတာပဲ"

ထို့နောက် သူတို့ တာဝန်ကိုယ်စီ ခွဲဝေယူလိုက်ကြလေတော့သည်။

♣ ♣ ♣



"တုံ…တုံ"

အုန်းမောင်းခေါက်သံ နှစ်ချက်ထွက်ပေါ်လာသည်။

ညဥ့်နှစ်ချက်တီးပြီ ဖြစ်လေသည်။

အေးစိမ့်သော ညလေများ တစိမ့်စိမ့်တိုက်ခတ်နေ၏။

လွယ်လွယ်က အကြိုရင်ဘတ်ကို တင်းတင်းစွေယင်း ဖန်းယီကိုကြည့်လိုက်လေသည်။

တိတ်ဆိတ်ငြိမ်သက်ကာ လူသူကင်းမဲ့နေခြင်းကြောင့် လောကပေါ်၌ သူတို့နှစ်ယောက်ထဲသာ ရှိတော့သည်ဟုပင် ထင်ရလေသည်။

လွယ်လွယ်က ဖန်းယီကိုကြည့်ယင်း တွေးလိုက်မိသည်။

"ငါက သူ့ကို တဖြည်းဖြည်း သံယောဇဉ်တွယ်လာပေမယ့် သူကတော့ ငါ့ကိုမသိသလိုပါပဲလား။ သည်အတိုင်းဆိုယင် သူနဲ့လိုက်သွားလို့ ဖြစ်ပါ့မလား"

ထိုသို့ပင် ဖန်းယီကလည်း လွယ်လွယ်နှင့်ပတ်သက်ပြီး တွေးတောစဥ်းစားနေမိလေသည်။

"ငါ့ကိုယ်ငါတောင် အနိုင်နိုင်ဖြစ်နေပြီ၊ သူ့ကို ငါစောင့်ရှောက်နိုင်ပါ့မလား၊ သူ့ကိုခေါ်သွားလို့ ဖြစ်ပါ့မလား"

ထိုစဥ်…

"ဟီး..ဟီး..ဟီး"

"ခွပ်ခွပ်…ခွပ်ခွပ်"

မြင်းဟီသံ၊ မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းတစ်နေရာမှ မြင်းလှည်းတစ်စီး ဒုန်းစိုင်း မောင်းနှင်သွားသည်ကို တွေ့လိုက်ရလေသည်။

ဖန်းယီ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

အစိမ်းရောင်ဝတ်ဆင်ထားသူမှာ ထိုမြင်းလှည်းဖြင့် လိုက်ပါသွားခြင်းဖြစ်ကြောင်း ရိပ်မိလိုက်လေသည်။

"ကျုပ်တို့ မြန်မြန်သွားမှပဲ"

ချက်ချင်းပင် မြင်းခွာသံများ ထွက်ပေါ်လာရာဆီသို့ ဦးတည်ကာ ပြေးလွှားသွားလေသည်။

လွယ်လွယ်က လိုက်မသွားဘဲ နေရစ်ခဲ့လေသည်။

သူမသည် မျက်ရည်ရစ်ပိုင်းနေသော မျက်လုံးများဖြင့် ပြေးလွှားသွားသော ဖန်းယီကို ငေးမောကြည့်ယင်း ကျန်ရစ်ခဲ့ခြင်းဖြစ်ပေတော့သည်။

ဖန်းယီသည် မြင်းလှည်းနောက်သို့ လိုက်သွားယင်း တဖြည်းဖြည်းဝေး၍ဝေး၍ ပျောက်ကွယ်ခဲ့လေတော့သည်။

♣ ♣ ♣



မြင်းလှည်းသည် ဒုန်းစိုင်းမောင်းနှင်သွားယင်း မြို့ပြင် ရောက်သွားလေသည်။

ဖန်းယီက ပြေးလိုက်သွား၏။

မြင်းလှည်းက မြို့ပြင်သို့ရောက်လျှင် ပို၍ အရှိန်မြှင့်တင် လိုက်သည်။

မြင်းလှည်းဆွဲသည့် မြင်းလေးကောင်သည် သန်မာထွားကျိုင်းပြီး အလွန်အပြေးမြန်သော မြင်းဖြူကြီးများဖြစ်ကြလေသည်။

"ဟီး..ဟီး..ဟီး"

မြင်းဖြူကြီးလေးကောင်က ရှည်လျားစွာ ဟီကာ အလွန် လျှင်မြန်စွာ ပြေးလွှားသွားလေတော့သည်။

ဖန်းယီလည်း ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးလိုက် သွားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နန့်နက်...။

တစ်နေ့လုံး တစ်ညလုံး ဖန်းယီက မြင်းလှည်းနောက်သို့ ပြေးလိုက်သွားရခြင်း ဖြစ်လေသည်။

မရပ်မနား လိုက်သွားရခြင်းကြောင့် တစ်ကိုယ်လုံးချွေးပြိုက်ပြိုက်စို့ရွဲကာ မောပန်း နွမ်းနယ်လာလေတော့သည်။

ပြေးလွှားနေသော သူ၏ခြေလှမ်းများလည်း တဖြည်းဖြည်း လျှော့ကျသွားသဖြင့် နောက်ဆုံး မြင်းလှည်းကို မျက်ခြည် ပြတ်သွားလေတော့သည်။

ဖန်းယီ စိတ်မပျက်ဘဲ ဆက်လိုက်သွား၏။

ပတ်ဝန်းကျင်၌ မျက်ခြည်မပြတ် ရှာဖွေကြည့်သွားခဲ့လေသည်။

တောတောင်ရေမြေ သဘာဝအလှအပများဖြင့် ဝန်းကျင်တစ်ခုလုံး အေးချမ်းနေပါသည်။

ဖန်းယီ ပြေးလွှားလာယင်း တစ်နေရာသို့ အရောက်တွင် လယ်သမားအိမ်ကလေးတစ်လုံးကို တွေ့လိုက်ရလေသည်။

"မြင်းလှည်းတစ်စီး သည်ဘက်က ဖြတ်သွားတယ်ဆိုယင် လယ်သမားအိမ်ကလေးထဲကလူတွေ တွေ့မိလိုက်ကြမှာပဲ"

ထိုလယ်သမားအိမ်ကလေး၌ သွားရောက်စုံစမ်းရန် ဖန်းယီ ဆုံးဖြတ်လိုက်လေသည်။

ဖန်းယီက လယ်သမားအိမ်ကလေးသို့ လှမ်းသွားလိုက်စဉ်

"ဟီး...ဟီး...ဟီး"



မြင်းဟီသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ဟင်"

ဖန်းယီ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ထိုမြင်းဟီသံသည် အစိမ်းရောင်ဝတ်ဆင်ထားသူ လိုက်ပါသွားသော မြင်းလှည်းမှ မြင်းဟီသံနှင့်တူနေသည် မဟုတ်ပါလား။

ဖန်းယီ သတိပြုကြည့်လိုက်သောအခါ လယ်သမားအိမ်ကလေး အနောက်ဘက်၌ မြင်းလှည်းတစ်စီး ရှိနေသည်ကို တွေ့လိုက်ရလေသည်။

အစိမ်းရောင်ဝတ်ထားသူ လိုက်ပါသွားသော မြင်းလှည်းပင် ဖြစ်လေသည်။

ဖန်းယီ ဝမ်းသာသွားလေသည်။

သို့သော်...

ပတ်ဝန်းကျင်၌ လူရိပ်လူရောင် မတွေ့ရသလို အသံဗလံများလည်း မကြားရသဖြင့် ရင်ထိတ်သွား၏။

"အိမ်ရှင်တို့...အိမ်ရှင်တို့"

အသံပြုယင်း အိမ်ကလေးအနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

အိမ်ထဲမှ တုန့်ပြန်သံ မကြားရပါချေ။

အိမ်ရှေ့ တံခါးမကြီးအနီးသို့ ရောက်သွားသောအခါ ဖန်းယီ မျက်နှာပျက်သွားလေသည်။

တိုက်ခတ်နေသောလေထဲ၌ သွေးညှီနံ့များ ပါဝင်နေသည်

www.burmeseclassic.com



မဟုတ်ပါလား။

ဖန်းယီ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ တံခါးတွန်းဖွင့်ကာ အိမ်ထဲ ခုန်ဝင်လိုက်လေတော့သည်။

♣ ♣ ♣

ဖန်းယီ အိမ်ထဲရောက်သွားသည်နှင့် သွေးအိုင်ထဲ လဲကျနေသူ လေးယောက်အား တွေ့လိုက်ရလေသည်။

အစိမ်းရောင်ဝတ်ဆင်ထားသူနှင့် မိန်းကလေးသုံးယောက်ဖြစ်သည်။

ဖန်းယီက အစိမ်းရောင်ဝတ်ထားသူအား မသိသော်လည်း မိန်းကလေးသုံးယောက်ကိုမူ ကောင်းစွာသိထား၏။

နှင်းဆီ ညီအစ်မများဖြစ်နေကြသည် မဟုတ်ပါလား။

သွေးများက အမည်းရောင်ဖြစ်နေ၍ အဆိပ်မိကာ သွေးမည်းများ အန်ထုတ်ခဲ့ကြခြင်းဖြစ်ကြောင်းလည်း ဖန်းယီ နားလည်လိုက်လေသည်။

ဟိုဟိုသည်သည် ကြည့်လိုက်ရာ စားပွဲတစ်လုံးပေါ်၌ အရက်ခွက်များနှင့် စားသောက်ဖွယ်ရာများ ရှိနေသည်ကို တွေ့ရလေသည်။

ဤနေရာသည် အစိမ်းရောင်ဝတ်ဆင်ထားသူက သူ၏လူများနှင့် ချိန်းဆိုထားသော နေရာဖြစ်ကြောင်း ထင်ရှားလေသည်။



ဤနေရာသို့ အစိမ်းရောင်ဝတ်ထားသူ ရောက်လာမည်ကို တစ်စုံတစ်ယောက်က စောင့်မျှော်နေပုံရသည်။

ထိုလူသည် အစိမ်းရောင်ဝတ်ထားသူအား ကြို၍ဆိုကာ အဆိပ်ခပ်ထားသည့် အစားအစာများဖြင့် ညှို့ခံကျွေးမွေးခဲ့ကြောင်း ထင်ရှားလေသည်။

ဖန်းယီက လဲကျနေသည့် မိန်းကလေးသုံးယောက်ကိုကြည့်လိုက်သည်။

ထိုမိန်းကလေးသုံးယောက်မှာ ရွှေနှင်းဆီ၊ ငွေနှင်းဆီနှင့် နှင်းဆီဖြူတို့ဖြစ်လေသည်။

အဆိပ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုပြီး ရက်စက်ကြမ်းကြုတ်လှသော မိန်းကလေးသုံးယောက်မှာ အဆိပ်ခပ်လုပ်ကြံခံလိုက်ရပြီဖြစ်လေသည်။

ဖန်းယီ အကဲခတ်နေစဉ်မှာပင်...

“အင်း...အင်း”

ညည်းတွားသံများနှင့်အတူ အစိမ်းရောင်ဝတ်ထားသူ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီထံ၌ အစွမ်းထက်သော အသက်ကယ်ဆေးလုံးများ ရှိနေသည်။

ထို့ကြောင့် အစိမ်းရောင်ဝတ်ထားသူ ကံကောင်းသွားလေသည်။

ဖန်းယီက ဆေးတစ်လုံး တိုက်ကျွေးလိုက်ပြီးနောက် အသက်ဘေးမှ လွတ်မြောက်သွားလေတော့သည်။

အစိမ်းရောင်ဝတ်ထားသူက...

"ကျုပ်အသက်ကို ကယ်တင်လိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ဟုပြောလေသည်။

"ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး၊ ဒါထက် ခင်ဗျားကဘယ်သူဘယ်ဝါဆိုတာ ကျုပ်သိခွင့်ရနိုင်မလားဗျာ"

အစိမ်းရောင်ဝတ်ထားသူ ပါးစပ်ပိတ်ထားလိုက်ပြီး ဘာမှမပြောတော့ချေ။

ဖန်းယီက...

"ခင်ဗျားက ခေါင်းဆောင်ကြီးဖန်းဟုအတွက် အလုပ်လုပ်နေတာ မဟုတ်လား"

"........"

"ခင်ဗျားကို ဖန်းဟုက အသုံးချလိမ့်မယ်ဆိုတာ ခင်ဗျားမသိဘဲနေမယ် မထင်ဘူး"

"........"



ထိုလူ ဘာမှမပြောသဖြင့် ဖန်းယီ သက်ပြင်းချလိုက်လေသည်။

"ကောင်းပြီလေ၊ ခင်ဗျား မပြောချင်ယင် ကျုပ်မမေးတော့ပါဘူး၊ ဒါပေမယ့် တစ်ခုတော့ သတိပေးချင်တယ်၊ နှင်းဆီပန်းညီအစ်မတွေ သေဆုံးသွားတာကြောင့် အဆိပ်ကျေးရွာသခင်လေးဖူးယို့က ခင်ဗျားကို ခွင့်လွှတ်မှာမဟုတ်ဘူး"

ထိုလူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ကြမ်းပြင်ပေါ် လဲကျသေဆုံးနေသော ရွှေနှင်းဆီကိုကြည့်လိုက်သည်။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များစီးကျလာလေတော့သည်။

ဖန်းယီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ခင်...ခင်ဗျား ဘယ်လိုဖြစ်တာလဲ"

ထိုလူ စကားမပြောဘဲ မျက်နှာကို လက်ဝါးဖြင့်ပွတ်သပ်လိုက်လေသည်။

ထိုအခါမှ မျက်နှာဖုံးတုတစ်ခု ကျွတ်ပါသွားပြီး ချောမောခန့်ညားသော လုလင်တစ်ယောက်အသွင်ပေါ် လွင်လာလေတော့သည်။

"ဟာ"

ဖန်းယီ လွှတ်ခနဲ အော်လိုက်မိလေသည်။

ထိုလုလင်ကို သူကောင်းစွာ သိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလုလင်မှာ အဆိပ်ကျေးရွာပိုင်ရှင်ဂူးစွမ်း၏သား ဂူးယို့ ဖြစ်နေသည့် မဟုတ်ပါလား။

"လက်စသတ်တော့ ခင်ဗျားက ဂူးယို့ကိုး"

ဂူးယို့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"ခင်ဗျားက အဆိပ်ကျေးရွာကို သစ္စာဖောက်ပြီး ဖန်းဟုတို့ လူစုနဲ့ဆက်သွယ်ခဲ့တယ် ဟုတ်လား"

ဖန်းဟုသည် သူ၏ဖခင်မဟုတ်ဘဲ တစ်ယောက်ယောက်က ဟန်ဆောင်နေသူ မဟာမိတ်အဖွဲ့ကြီးကို အသုံးချကာ သိုင်းလောကအား လွှမ်းမိုးရန်ကြံစည်နေသူဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ဖန်းယီက ဖန်းဟုအတုနှင့် သူ၏အကြံအစည်များကိုဖော်ထုတ်ရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

ဂူးယို့က...

"ကျုပ်အဖေဟာ ကောင်းကင်ဂိုဏ်းနဲ့ပြိုင်ဘက်လိုဖြစ်နေတာကြောင့် ကျုပ်နဲ့ရွှေနှင်းဆီကို ဘယ်လိုမှ သဘောမတူနိုင်ခဲ့ပါဘူး၊ ကျုပ်ကလည်း ရွှေနှင်းဆီကို မစွန့်လွှတ်နိုင်တာကြောင့်.."

စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ဖန်းယီက...

"ဖန်းဟုက ခင်ဗျားကို လက်နက်ပုန်းကျေးရွာခေါင်းဆောင်ဖြစ်လာအောင် လုပ်ပေးမယ်၊ ရွှေနှင်းဆီနဲ့လက်ထပ်ရအောင် ဒါတွေ ဖြစ်မြောက်အောင် လုပ်ပေးမယ်လို့ အာမခံခဲ့တယ် မဟုတ်လား"



ဂူးယို့ ဝန်ခံလိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ"

"ခင်ဗျားအဖေက..."

ဖန်းယီ၏စကား မဆုံးမီ ဂူးယို့က ကြားဖြတ်ပြောလိုက်လေသည်။

"ကျုပ်...ကျုပ် မှားသွားပါတယ်၊ ကိုယ်ကျိုးကိုကြည့်ပြီး ဖေဖေနဲ့ကျေးရွာတစ်ခုလုံးကို သစ္စာဖောက်မိတာပါ၊ ကျုပ်ရဲ့အပြစ်တွေဟာခွင့်မလွှတ်နိုင်အောင်ပါပဲ"

ဖန်းယီ သက်ပြင်းချလိုက်ပြန်လေသည်။

"လက်စသတ်တော့ သူတို့ဟာ အခက်ခက်တ ပိုင်နိုင်အောင် နည်းလမ်းအမျိုးမျိုးနဲ့ဆောင်ရွက်ထားကြတာကိုး၊ ဂူးယို့ ခင်ဗျားအဖေက ကျေးရွာမှာ ရှိနေတယ်လို့ ထင်နေတာလား"

ဂူးယို့က....

"ဖေဖေဟာ ကျေးရွာမှာပဲ ရှိနေတာ မဟုတ်ဘူးလားဗျာ"

ဖန်းယီ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူးဗျ"

"ဒါ...ဒါဆို"

"ပြောရမှာတော့ စိတ်မကောင်းပါဘူးဗျာ၊ ကျုပ် စိတ်ထင် ပြောရရင် ခင်ဗျားအဖေဟာ ဖန်းဟုတို့ရဲ့လက်ချက်နဲ့ သေဆုံးသွားလောက်ပါပြီဗျာ"

ဂူးယို့ ရုတ်တရက် လက်မခံချေ။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာပဲဗျာ၊ ကျုပ်အဖေ အသက်ထင်ရှားရှိနေတာပဲဗျ"

"သူဟာ ဖန်းဟုဖန်တီးထားတဲ့ အတုတစ်ယောက်ဆိုယင်ကောဗျာ"

"ဘာဗျ"

"ဂူးစွမ်းအစစ်က သေဆုံးသွားလောက်ပါပြီ၊ အခုရှိနေတာ အတုဖြစ်ပါလိမ့်မယ်ဗျာ"

ဂူးယို့ တွေဝေသွားလေသည်။

အတော်ကလေးကြာအောင် ငြိမ်သက်နေပြီးမှ ပင့်သက်ချလိုက်လေသည်။

"ဒါကို ကျုပ်ရိပ်မိပါတယ်ဗျာ၊ ဖေဖေဟာ အသက်သေချင်သေပါစေ၊ သူများကို ဒူးထောက်မယ့်လူစားမျိုး မဟုတ်ပါဘူး။ ခုတော့ ခေါင်းဆောင်ကြီးခိုင်းသမျှ ဘာမှပြန်မပြောရဲပဲ လုပ်ကိုင်ဆောင်ရွက်ပေးနေတာကြောင့် တစ်ခုခုမှားယွင်းနေပြီလို့ ကျုပ်ရိပ်မိနေခဲ့တာ ကြာပါပြီ"

"ဒါကြောင့်လည်း ခင်ဗျားက ကိုယ့်သဘောနဲ့ကိုယ် လုပ်ချင်ရာလုပ်ခဲ့တာပေါ့ ဟုတ်လား"

"ကျုပ် မှားသွားပါတယ်ဗျာ"

ဂူးယို့က သူ့အမှားကို ဝန်ခံလိုက်ပြန်လေသည်။

တဖန်...

"ခုတော့ ကျုပ်ချစ်သူ သေဆုံးသွားပါပြီ၊ ကျုပ် အသက်ရှင်



နေလို့လည်း အကြောင်းမထူးတော့ပါဘူး"

ရွှေနှင်းဆီ၏ အလောင်းကို ဝမ်းနည်းကြေကွဲစွာကြည့်ယင်း ပြောလေသည်။

ဖန်းယီ စိတ်မကောင်းဖြစ်သွားသည်။

ဂူးယို့၏အဖြစ်မှာ မြွေပါလည်းဆုံး သားလည်းဆုံး အဖြစ်မျိုးမဟုတ်ပါလား။

"ခင်ဗျားက ရွှေနှင်းဆီအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးနိုင်ပါသေးတယ်ဗျာ"

"ကျုပ်က.."

"ဟုတ်တယ်၊ ခင်ဗျား လုပ်ပေးနိုင်ပါတယ်"

"ကျုပ်က ဘာများလုပ်ပေးနိုင်မှာမို့လဲဗျာ"

ဖန်းယီက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"သိုင်းလောကသားမှန်ယင် သိုင်းလောကကြီး ပျက်စီးသွားမှာကို လိုလားကြမှာမဟုတ်ပါဘူးဗျာ၊ ခေါင်းဆောင်ကြီးဖန်းဟုနဲ့အပေါင်းပါတွေဟာ သိုင်းလောက ပျက်စီးအောင်လုပ်ကိုင်ဆောင်ရွက်နေကြတယ်ဆိုတာ ခင်ဗျားလည်း သိသင့်သလောက်သိနေပါပြီလေ"

ဂူးယို့က...

"ဟုတ်တယ်၊ သူတို့ဟာ သိုင်းလောကကို မကောင်းကြံနေကြတယ်ဆိုတာ ကျုပ်ရိပ်မိပါတယ်"

ဖန်းယီက...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဟာ လက်နက်ပုန်းကျေးရွာက ဘာကိုလိုချင်နေကြတာလဲ"

"ကျုပ်တို့ လက်နက်ပုန်းထုတ်လုပ်တဲ့ လျှို့ဝှက်ချက်ကို သိချင်နေကြတာပါ"

"ဩော်"

"အထူးသဖြင့် အဆိပ်လက်နက်ပုန်းတွေ ဘယ်လိုထုတ်လုပ်တယ်ဆိုတဲ့ လျှို့ဝှက်ချက်ကို သူတို့လိုချင်ကြတာပါ"

ဖန်းယီ ရင်ထိတ်သွားလေသည်။

"တော်တော် ကြောက်စရာကောင်းပါလား"

ဟုညည်းတွားလိုက်မိလေသည်။

အဆိပ်လက်နက်ပုန်း ထုတ်လုပ်ပုံကိုသာ ဖန်းဟုသိသွားပြီဆိုပါလျှင် သိုင်းလောက ကျိန်းသေဒုက္ခရောက်သွားလိမ့်မည် ဖြစ်လေသည်။

ဖန်းဟုသည် သိုင်းလောကသားများအား စည်းရုံးသိမ်းသွင်းပြီး ထက်မြက်သော သိုင်းပညာများ၊ လက်နက်နည်းပညာများ ရယူလျှက်ရှိလေသည်။

ထိုလုပ်ရပ်သည် ကောင်းသောလုပ်ရပ်မဟုတ်ဘဲ သိုင်းလောကအား လွှမ်းမိုးရန် တိတ်တဆိတ်ကြံစည်နေခြင်းဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ဖန်းယီက...

"လက်နက်ပုန်းထုတ်လုပ်တဲ့ လျှို့ဝှက်ချက်ကို ခင်ဗျားအဖေ



ဝူးစွမ်းကကော မသိဘူးလား"

ဟုမေးလိုက်သည်။

ဝူးယို့က...

"ကျုပ်တို့ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်ခဲ့တဲ့ သည်လျှို့ဝှက်ချက်ကို ဖေဖေ ကောင်းကောင်းကြီး သိတာပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားပြောသလို အခုရှိနေတဲ့ ဝူးစွမ်းဆိုတာ ကျုပ်အဖေမဟုတ်ပါဘူး ခင်ဗျားပြောသလို သူတို့က အစားထိုးထားတဲ့လူတစ်ယောက်ပါ"

ဖန်းယီ အံ့သြသွားသည်။

"ခင်ဗျားက ဒါတွေကို သိနေတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ဖေဖေ့ကို အကောက်ကြံလုပ်ကြံလိုက်ပြီဆိုတာ ကျုပ်သိပါတယ်"

"ခင်ဗျားသိလျက်နဲ့ သည်အတိုင်း လက်ပိုက်ကြည့်နေတာပဲလား"

"ကျုပ် မှားပါတယ်ဗျာ၊ တကယ်တော့ ကျုပ်ဟာ ဝူးစွမ်းရဲ့ မွေးစားသားတစ်ယောက်ပါ၊ ကျုပ်ရဲ့ မွေးစားအဖေထက် ချစ်သူကို ပိုပြီး ဦးစားပေးမိပါတယ်ဗျာ"

ဖန်းယီက ဝူးယို့အား စိုက်ကြည့်လိုက်လေသည်။

ဝူးယို့က....

"ရွှေနှင်းဆီက အားလုံးဒုက္ခရောက်နိုင်တာကြောင့် ကျုပ်ရဲ့ လုပ်ရပ်ကို သဘောမတူဘဲ ကျုပ်ကို ဖျောင်းဖျခဲ့ပါတယ်၊ သူနဲ့အတူ နယ်ခြားက ကောင်းကင်ဂိုဏ်းကို လိုက်ခဲ့ဖို့ခေါ်တာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ထွက်လာခဲ့ကြတာ၊ သည်နေရာကို လာခဲ့တာကလည်း ကောင်းကင်ဂိုဏ်းကလူနဲ့ ချိန်းထားလို့ပါ"

ဖန်းယီက...

"ချိန်းထားတဲ့အတိုင်း တွေ့သလားဗျာ"

"တွေ့ပါတယ်၊ ဒါပေမယ့် ကောင်းကင်ဂိုဏ်းကလူဟာ ဖန်းဟုနဲ့ အဆက်အသွယ် ရှိနေတယ်"

အဖြစ်အပျက်ကို ဖန်းယီ ကဖြည်းဖြည်း နားလည်သဘော ပေါက်လာလေသည်။

ဖန်းဟုသည် ကောင်းကင်ဂိုဏ်းမှ လူများကိုလည်း စည်းရုံးသိမ်းသွင်းထားနိုင်ခဲ့ပြီ ဖြစ်ကြောင်း ထင်ရှားနေသည် မဟုတ်ပါလား။

ဖန်းဟုသည် မျှော်လင့်ထားသည်ထက်ပင် ပို၍ ကြောက်စရာကောင်းသူတစ်ယောက် ဖြစ်နေသည်တကား။

ရွှေနှင်းဆီတို့သည် ကောင်းကင်ဂိုဏ်းကလူအား ယုံကြည်မိခြင်းကြောင့် သေဆုံးသွားခဲ့ရခြင်း ဖြစ်လေသည်။

ဖန်းယီက မေးလိုက်သည်။

"ခင်ဗျား ဘာဆက်လုပ်မလဲ"

ဝူးယို့ အံကြိတ်လိုက်သည်။

"ကျုပ်က ဖန်းဟုနဲ့ ဝူးစွမ်း အတုအကြောင်း ဖော်ထုတ်မယ်၊ ကောင်းကင်ဂိုဏ်းကို ချေမှုန်းပစ်မယ်ဗျ"

သူ၏စကားသံနှင့်မရှေးမနှောင်းမှာပင်...



"ဟား...ဟား...ဟား"

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

♣ ♣ ♣

ဖန်းယီနှင့် ဝူးယို့တို့က အိမ်ကလေး အပြင်ဘက် ခုန်ထွက်လိုက်ကြလေသည်။

အပြင်ဘက်ရောက်လျှင် သဘောကျစွာ ရယ်မောနေသူ တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး အရုပ်အလွန်ရှည်သူ ဖြစ်လေသည်။

ဖန်းယီ မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားက ဘယ်သူများလဲဗျာ"

ထိုလူက...

"ကျုပ်က ထင်းရှုမ်း"

ဝူးယို့ လောတကြီး ပြောလိုက်သည်။

"သူဟာ ကောင်းကင်ဂိုဏ်းရဲ့ ဒုဂိုဏ်းချုပ်ပဲ၊ ကျုပ်တို့ကို အဆိပ်ခတ်ခဲ့တာ သူပဲ"

ဖန်းယီ မေးလိုက်ပြန်လေသည်။

"ခင်ဗျား ဘာကြောင့် ရွှေနှင်းဆီတို့အပေါ် သည်လောက်

www.burmeseclassic.com

www.burmeseclassic.com



တောင် ရက်ရက်စက်စက် လုပ်ရတာလဲဗျာ"

ထင်းရှမ်းဆိုသူက…

"ရွှေနှင်းဆီတို့ကို သိုင်းလောကထဲ လွှတ်လိုက်တာ လက်နက်ပုန်းကျေးရွာကို စောင့်ကြည့်ပြီး အခြေအနေပေးတာနဲ့ ဖျက်ဆီးပစ်ဖို့ တာဝန်ပေးလိုက်တာ၊ သူတို့က တာဝန်ကို တိတိကျကျ မထမ်းဆောင်တဲ့အပြင် ဂူးယို့နဲ့တောင် ပတ်သက်လိုက်သေးတယ်၊ ဒါကြောင့် အပြစ်ပေးလိုက်တာပဲ"

ဂူးယို့က…

"ခင်ဗျားတို့ ကောင်းကင်ဂိုဏ်းနာမည် ရှိပါတယ်၊ ဒါပေမယ့် ကျုပ်တို့ လက်နက်ပုန်းကျေးရွာကို မမီသေးပါဘူးဗျာ"

ထင်းရှမ်း ခံပြင်းသွားလေသည်။

"ကောင်းကင်ဂိုဏ်း သိုင်းလောကကို ကျော်ခိုင်းလိုက်ရတာက မင်းတို့ လက်နက်ပုန်းကျေးရွာရဲ့ ပယောဂ အများကြီး ပါဝင်ခဲ့တာပဲ၊ မင်းတို့ ကျေးရွာ ရှိနေသရွေ့ ကျုပ်တို့ ဂိုဏ်းချုပ်က သိုင်းလောကထဲ ဆင်းမလာဘူးလို့ ဆုံးဖြတ်ထားတာ"

ကောင်းကင်ဂိုဏ်းချုပ်၏ဆုံးဖြတ်ချက်အရ သိုင်းလောကသို့ ဆင်းမည်ဆိုလျှင် လက်နက်ပုန်းကျေးရွာကို ဖျက်ဆီးပစ်နိုင်မှ ဖြစ်ပေသည်။

ဂူးယို့က…

"ကျုပ်တို့ အငိုက်မိသွားလို့ ရွှေနှင်းဆီညီအစ်မတွေ သေဆုံးသွားခဲ့ရပေမယ့် ကျုပ်ကတော့ ခင်ဗျားကို ဆုံးမနိုင်သေးတယ်ဆို



တာ မှတ်ထားပါဗျာ"

ထင်းရှမ်း လှောင်ပြောင်ရယ်မောလိုက်လေသည်။

"ကောင်းကင်ဂိုဏ်း ထားပစ်ခဲ့တဲ့ လို့ ဝှက်ဓါးနဲ့ခွဲတွေက ရွှေငွေရဲ့တနာတွေ၊ သိုင်းကျမ်းတွေ လိုက်ရှာနေတဲ့ ယင်းကွမ်းအဘိုးအိုကိုတောင် ကျုပ်ဆုံးမပြီးပါပြီ၊ ရွှေနှင်းဆီတို့ညီအစ်မတွေလည်း သေဆုံးသွားကြပြီ၊ မင်းက ဘာများ တတ်နိုင်မှာမို့လဲ"

ဂူးယို့က…

"ကျုပ်က တတ်နိုင်တယ်ဆိုတာ ခင်ဗျားသိရမှာပေါ့"

စကားဆုံးလျှင် လက်နက်ပုန်းလေးများထုတ်ကာ ထင်းရှမ်းအား တိုက်ခိုက်လိုက်လေသည်။

ထင်းရှမ်း ရယ်မောလိုက်ပြန်သည်။

"ကောင်းတယ်၊ မင်းတို့ လက်နက်ပုန်းနဲ့ ကျုပ်တို့ လက်နက်ပုန်း ဘယ်သူက ပိုပြီး အစွမ်းထက်တယ်ဆိုတာ ယှဉ်ကြည့်သေးတာပေါ့"

သူကလည်း လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

ဂူးယို့သည် ထင်းရှမ်း ပစ်ခတ်လိုက်သော လက်နက်ပုန်းလေးများအား ရှောင်တိမ်းခြင်း မပြုဘဲ သူ၏လက်နက်ပုန်းလေးများအား ရှောင်တိမ်းလိုက်သည့် ထင်းရှမ်းနောက်သို့ လိုက်သွားကာ လက်နက်ပုန်းလေးများဖြင့် ထပ်မံပစ်ခတ် တိုက်ခိုက်လိုက်လေသည်။

ဖန်းယီသည် ဂူးယို့၏လှုပ်ရှပ်ကို မြင်လျှင် ထိတ်လန့်သွား

www.burmeseclassic.com



လေတော့သည်။

ဂူးယို့သည် ရွှေနှင်းဆီအား သတ်ပစ်လိုက်သည့် ထင်းရှမ်းအား အမုန်းကြီး မုန်းနေပြီ ဖြစ်သည့်အတိုင်း သူ့သေကိုယ်သေ တိုက်ခိုက်လိုက်ခြင်း ဖြစ်ကြောင်း နားလည်သဘောပေါက်ထားလေတော့သည်။

"ဂူးယို့ သည်လို မလုပ်နဲ့"

ဖန်းယီက အော်ပြောလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်သည်။

ထင်းရှမ်း ပစ်လိုက်သော လက်နက်ပုန်းလေးများသည် ဂူးယို့အား ထိမှန်သွားသည်။

ထို့အတူ ရှောင်တိမ်းခြင်းမပြုဘဲ သဲကြီးမဲကြီး လိုက်လံတိုက်ခိုက်သော ဂူးယို့၏ လက်နက်ပုန်းလေးများကလည်း ထင်းရှမ်းအား ထိမှန်သွားလေတော့သည်။

"အား"

"အမယ်လေး"

ထင်းရှမ်းကော ဂူးယို့ပါ စူးရှစွာအော်ဟစ်ယင်း မြေပေါ်သဲ ကျသွားကြလေသည်။

လက်နက်ပုန်းလေးများ၌ သုတ်လိမ်းထားသော အဆိပ်က ပြင်းထန်လှသဖြင့် နှစ်ယောက်သားလဲ ကျသွားပြီး မြေပေါ်ရောက်လျှင် မီးသွေးတုန်းပမာ မည်းနက်သွားလေတော့သည်။

ဖန်းယီ ပးစပ်အပေါင်းသား ဖြစ်သွားတော့၏။



ဂူးယို့ကား သူ၏အမှားကို သိမြင်သွားသည့်အပြင် ရွှေနှင်းဆီအတွက် လက်တုန့်ပြန်လိုက်ပြီဖြစ်သည်။

ရွှေနှင်းဆီတို့ ညီအစ်မသည်လည်းကောင်း၊ ထင်းရှမ်းသည်လည်းကောင်း သေဆုံးသွားကြပြီဖြစ်ရာ ကောင်းကင်ဂိုဏ်းသည် သိုင်းလောကသို့ ခြေချဖို့ထပ်မံကြိုးစားကြတော့မည် မဟုတ်ချေ။

ဖန်းယီက....

"ခင်ဗျား အမှားတွေလုပ်ခဲ့ပေမယ့် နောက်ဆုံးအချိန်မှာ သိုင်းလောကအကျိုး ဆောင်ရွက်ခဲ့တာကြောင့် ချီးကျူးပါတယ်ဗျာ"

ဂူးယို့အား တိုင်တည်ကာ ပြောလိုက်မိလေသည်။

ထိုစဉ်...

"မင်းကကော ဘာတွေများ ဆောင်ရွက်ပြီးပြီလဲ"

အေးတိအေးစက် စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

စကားသံ ထွက်ပေါ်လာရာဘက်သို့ ကြည့်လိုက်လျှင် အဘိုးအိုတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

အဘိုးအိုက....

"မင်းက ငါ့ကိုတောင် မမှတ်မိတော့ဘူးလား"

ဟုမေးလာလေသည်။

ဖန်းယီက ဇဝေဇဝါဖြစ်နေ၍...

"ကျွန်တော်.."

"မင်းနဲ့ငါ ကျောက်ဂူထဲမှာ တွေ့ခဲ့ကြတာလေ"

"ဗျာ"

ဖန်းယီသည် တစ်ချိန်က အသက်သခင် ကျေးဇူးရှင်ဖြစ်ကြောင်း သိလိုက်ရသဖြင့် အံ့သြဝမ်းသာသွားလေတော့သည်။

"ဘဘ"

ချက်ချင်း မြေပေါ်ဒူးထောက်ချလိုက်လေသည်။

အဘိုးအိုက ရယ်မောလိုက်သည်။

"မင်း မဆိုးဘူး၊ ကျေးဇူးသိတတ်သားပဲ၊ ဒါကြောင့် ဖန်းဟုက သူ့ရဲ့သားဟာ လူတော်လူကောင်းလေးတစ်ယောက်ပါလို့ ပြောခဲ့တာပေါ့"

"ဗျာ...ဘဘက ကျွန်တော့်ဖေဖေကို သိတယ် ဟုတ်လား ဗျာ"

"ဟ..ငါ့ရဲ့သူငယ်ချင်းကို ငါမသိဘဲ နေပါ့မလားကွ၊ စကား



ကြည့်ပြောစမ်းပါ"

ဖန်းယီ ပို၍ စိတ်ဝင်စားသွားလေသည်။

အဘိုးအိုကို ကြည့်ယင်း ပန်းချီကားတစ်ချပ်ကို ပြသတာ သိုင်းပညာအနှစ်သာရအကြောင်း သွယ်ဝိုက်ပြောပြသွားသည့် အဘိုးအိုပင်ဖြစ်ကြောင်းလည်း မှတ်မိလာလေတော့သည်။

"ဘဘနဲ့ ကျွန်တော့်ဖေဖေဟာ သူငယ်ချင်းတွေ ဟုတ်လား ဗျာ"

"အေးလေ တို့ကို သူငယ်ချင်းမဟုတ်ဘူးလို့ ဘယ်သူက ပြောတာလဲ၊ 'သိုင်းထိပ်သီးသုံးဖော်'ဆိုယင် လူတိုင်းသိကြတာပဲကွ"

သိုင်းထိပ်သီးသုံးဖော်သည် သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော သိုင်းသမားမိတ်ဆွေသုံးယောက် ဖြစ်လေသည်။

ဖန်းယီ၏ဖခင် ဖန်းဟုသည် သိုင်းထိပ်သီးသုံးဖော်၌ ပါဝင်ခဲ့သူဖြစ်သည်။

ကျန်နှစ်ယောက်မှာ အညတရသိုင်းသမားနှင့် ရှင်ပျော်ပျော်အဘိုးအိုတို့ ဖြစ်လေသည်။

ယခု...

ဖန်းယီ၏ရှေ့၌ရှိနေသော အဘိုးအိုမှာ အညတရသိုင်းသမားလော။

ရှင်ပျော်ပျော် အဘိုးအိုလော။

မည်သူမည်ဝါဖြစ်ကြောင်း ဖန်းယီ မခွဲခြားတတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



တဆက်တည်းပင် တိန့်စနိုးပြောခဲ့သည့် စကားများကို ပြန်လည်ကြားယောင်လာလေသည်။

"သိုင်းထိပ်သီး ဆယ်ယောက်ထက်တောင် အညတရသိုင်းသမားက ပိုတော်သေးတယ်ကွ"

ဖန်းယီက အဘိုးအိုအား ဦးညွှတ်ကာ မေးလိုက်သည်။

"ဦးဟာ အညတရသိုင်းသမားလား၊ ချင်ပျော်ပျော်အဘိုးအိုလား၊ ဘယ်သူများလဲခင်ဗျာ"

"မင်းက ဘယ်သူလို့ ထင်သလဲ"

အဘိုးအိုက ပြန်မေးလိုက်သောအခါ ဖန်းယီ ပါးစပ်ပိတ်ထားလိုက်ရလေသည်။ အဘိုးအိုက...

"ငါ့နာမည်က 'မဲ့ယို'လို့ခေါ်တယ် မင်းမှတ်ထား"

"ဟုတ်...ဟုတ်ကဲ့"

"ကဲ...သွားကြမယ်"

"ဗျာ"

"ဘာလဲ မင်းက ငါနဲ့မလိုက်ဘူးလား"

"လိုက်...လိုက်ပါ့မယ် ခင်ဗျာ"

ဖန်းယီသည် ချာခနဲလှည့်ကာ ထွက်သွားသော အဘိုးအိုနောက်သို့ ဘုမသိဘမသိ ပြေးလိုက်သွားမိလေတော့သည်။

♣ ♣ ♣



## သိုင်းလောကပုံပြင်

ရှောင်လင်ကျောင်း...။

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားသည့် ရှောင်လင်ကျောင်းသို့ ဖန်းယီ ရောက်ရှိလာခဲ့လေသည်။

သူ့အစး ခေါ်ဆောင်လာသည့် အဘိုးအိုမဲ့ယိုအား မည်သူကမျှ ဟန့်တားခြင်းမပြုကြချေ။

ရှောင်လင်ကျောင်းမှ ဘုန်းတော်ကြီးများက မဲ့ယိုအဘိုးအိုကိုမြင်လျှင် အရိုအသေပေးကြလေသည်။

ထို့ကြောင့် မဲ့ယိုသည် ရှောင်လင်ကျောင်းထိုင်နှင့် ရင်းနှီးသူတစ်ယောက်ဖြစ်ကြောင်း ဖန်းယီ ရိပ်မိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှဲ့ယိုအဘိုးအိုက ဖန်းယီအား ရှောင်လင်ကျောင်းထိုင်ထံသို့ ခေါ်ဆောင်သွားခြင်း ဖြစ်လေသည်။

ကျောင်းထိုင်၏ သီးသန့်အဆောင်အတွင်း၌ ဖြစ်လေသည်။

ကျောင်းထိုင်က...

"ခင်ဗျားက ကျုပ်ကို ဘယ်လိုများဒုက္ခပေးချင်သေးလို့ လဲဗျာ"

ဟု ပြုံးပြုံးရွှင်ရွှင် မေးလေသည်။

မှဲ့ယို အဘိုးအိုက...

"ဟောသည်သူငယ်လေးကို သိုင်းလောကပုံပြင်လေးတွေ ပြောပြ ပေးစေချင်လို့ပါဗျာ"

ကျောင်းထိုင်က...

"သူက.."

"သူက ဖန်းဟုရဲ့သားပါ"

"ဪ"

ကျောင်းထိုင်သည် ဖန်းယီကို ကြည့်ပြီး ဦးခေါင်းတဆတ် ဆတ်ညိတ်လိုက်လေသည်။

တဖန်...

"သိုင်းလောက ပုံပြင်တွေက အများကြီးပဲ မဟုတ်လား။ ဘယ်လိုပုံပြင်မျိုးကို ပြောပြစေချင်တာလဲဗျ"

ဟုမေးရာ မှဲ့ယိုက...

"သူက ဖန်းဟုရဲ့သားဆိုတော့ ဘယ်လိုပုံပြင်ပြောပြသင့်



တယ်ဆိုတာ ကျောင်းထိုင် တွေးလို့ရမှာပါဗျာ"

ကျောင်းထိုင်က...

"ကျုပ်သဘောပေါက်ပြီ၊ ကျုပ်က မာနသိပ်ကြီးတဲ့ အမျိုး သမီးတစ်ယောက်အကြောင်း အယင်ဆုံး ပြောပြမယ်"

ဖန်းယီ အံ့ဩနေသည်။

ကျောင်းထိုင်နှင့် မှဲ့ယိုတို့၏သဘောထားကို နားမလည်နိုင် အောင် ဖြစ်နေသည်။

သို့သော်...

သူ မသိသေးသော သိုင်းလောကအကြောင်းများကို ပြော ပြနေခြင်းဟု ယူဆမိလေသည်။

မာနလွန်ကြီးသည့် အမျိုးသမီးမှာ သိုင်းလောကသားတိုင်း စိတ်ဝင်စားနေသော 'မာနမင်းသမီး'အကြောင်းကို ပုံပြင်သဖွယ် ပြောပြရန် ဖြစ်ကြောင်းလည်း ရိပ်မိလိုက်လေသည်။

ကျောင်းထိုင်က...

"သိုင်းလောကမှာ အင်မတန် မာနကြီးတဲ့ အမျိုးသမီးတစ် ယောက် ရှိတယ်၊ သူဟာ အင်မတန် ထူးခြားထက်မြက်တဲ့ သိုင်း ပညာတစ်ရပ်ကို တီထွင်နိုင်ခဲ့တဲ့အပြင် နတ်မိမယ်လို ချောမောတာ ကြောင့် လိုချင်မက်မောသူတွေ ဝိုင်းဝိုင်းလည်နေခဲ့တာပေါ့"

ဖန်းယီလည်း စိတ်ဝင်စားစွာ နားထောင်နေလိုက်လေ သည်။

ကျောင်းထိုင်က...

www.burmeseclassic.com

www.burmeseclassic.com



"မာနအမျိုးသမီးဟာ ခက်ထန်မောက်မာပြီး မာနကြီးလွန်းတယ်၊ ဘယ်သူ့ကိုမှ သူနဲ့ မထိုက်တန်ဘူးလို့ သဘောထားခဲ့တယ်၊ ဒါကြောင့် လူတွေဟာ သူ့ကို မုန်းတီးလာကြတယ်၊ မကောင်းသတင်း ပြောကြတယ်၊ သူကလည်း အဲသည်လို လူစားမျိုးတွေကို ပြတ်ပြတ်သားသား တိုက်ခိုက်ခဲ့တာကြောင့် တဖြည်းဖြည်း ရန်သူပေါ်များလာခဲ့တာပေါ့၊ တိုက်ပွဲတွေနဲ့ အဆက်မပြတ် ရင်ဆိုင်လာရတော့ သူစိတ်ပျက်လာတယ်၊ နောက်ဆုံး သိုင်းလောကကို ကျောခိုင်းဖတ်မြုပ်သွားတော့တာပဲပေါ့"

မဲ့ယိုအဘိုးအိုက...

"သည်ပုံဖြင်က ဘယ်သူ့ကို ရည်ရွယ်တယ်ဆိုတာ မင်းသိသလား"

ဟု ဖန်းယီအား မေးလေသည်။

ဖန်းယီ ခေါင်းညိတ်လိုက်သည်။

"မာနမင်းသမီးကို ရည်ရွယ်တယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ကျွန်တော်က သူ့ရဲ့သမီး လွယ်လွယ်နဲ့ တိန့်စန်းဆိုတဲ့လူကို တွေ့ခဲ့ပါသေးတယ်"

မဲ့ယိုအဘိုးအိုက...

"တကယ်တော့ တိန့်စန်းဟာ အင်မတန် သနားစရာကောင်းတဲ့ မေတ္တာအကျဉ်းသားတစ်ယောက်ပါပဲ"

"သူကလည်း မာနမင်းသမီးကို မေတ္တာသက်ဝင်ခဲ့တယ်ဟုတ်လား"



"ဒါပေါ့ မာနမင်းသမီးက သူ့ကို ဂရုမစိုက်ပေမယ့် တိန့်စန်းကတော့ တစ်ဘက်သတ် မေတ္တာသက်ဝင်ပြီး အစစအရာရာ အနစ်နာခံခဲ့တယ်၊ သိုင်းလောကသားတွေ ဝိုင်းပြီး တိုက်ခိုက်ကြလို့ မာနမင်းသမီး အခက်ကြုံတဲ့အခါ တိန့်စန်းက ဝင်ကယ်ခဲ့တာ"

ဖန်းယီသည် လူမမာတိန့်စန်းအား မြင်ယောင်လာလေသည်။

တိန့်စန်းက မာနမင်းသမီး၏သမီး လွယ်လွယ်ကို စောင့်ရှောက်နေခဲ့သူ ဖြစ်လေသည်။

မဲ့ယိုအဘိုးအိုက...

"မာနမင်းသမီးဟာ သိုင်းလောကက ဖတ်မြုပ်နေလိုက်ပေမယ့် အရှေ့မြို့စားက သူပုန်းအောင်းနေတဲ့ နေရာကို သိသွားတယ်၊ သိုင်းပညာအမြင့်ချင်း ဖလှယ်ဖို့ ဖိတ်ခေါ်လိုက်တော့ မာနမင်းသမီးလည်း မတတ်သာဘဲ သွားခဲ့ရတာ၊ အရှေ့မြို့စားဆီကို ရောက်သွားတော့ သူ့ဘဝပြောင်းလဲသွားခဲ့ရတော့တာပဲ"

ဖန်းယီ လွတ်ခနဲ မေးလိုက်လေသည်။

"ဘယ်လိုပြောင်းလဲသွားရတာလဲ ခင်ဗျာ"

မဲ့ယိုအဘိုးအိုက...

"မာနမင်းသမီးဟာ အရှေ့မြို့စားရဲ့သား 'ထိကျို့' နဲ့ တွေ့တော့ မာနမကြီးနိုင်တော့ဘူးလေ၊ ရေစက်လို့ ဆိုရမယ်၊ ထိကျို့နဲ့ မေတ္တာမျှသွားခဲ့တယ်"

"သည်လိုကိုး"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်ကျောင်းထိုင် သက်ပြင်းချလိုက်လေသည်။

"တကယ်တော့ အရှေ့မြို့စားက မာနမင်းသမီးကို မယှဉ်နိုင်ပါဘူး၊ သူ့ရဲ့သိုင်းကျမ်းကို လိုချင်လို့ သားဖြစ်သူနဲ့ အောင်သွယ်ခဲ့တာ"

ဖန်းယီက...

"မာနမင်းသမီးက ထိကျို့နဲ့ လက်ထပ်လိုက်တာလား"

"ဟုတ်တယ်၊ ဒါပေမယ့် ဒါဟာ အင်မတန် လျှို့ဝှက်တဲ့ကိစ္စပဲ"

"မာနမင်းသမီးဟာ ထိကျို့နဲ့ အိမ်ထောင်ကျသွားတယ်ဆိုတော့ သူ့ရဲ့သိုင်းပညာတွေကို ထိကျို့ ရသွားမှာပေါ့နော်"

"ဒါပေါ့ ထိကျို့ဟာ ဖခင် စေခိုင်းတဲ့အတိုင်း မာနမင်းသမီးကို အမျိုးမျိုး စည်းရုံးသိမ်းသွင်းပြီး ဖျောင်းဖျပြီး သူမရဲ့သိုင်းပညာရအောင် ယူခဲ့တာပေါ့၊ မာနမင်းသမီးကလည်း သိုင်းပညာရပ်အတော်များများကို သင်ကြားပေးခဲ့ပေမယ့် သူမရဲ့သိုင်းကျမ်းကိုတော့ မပေးခဲ့ဘူး။ ဒါကြောင့် အရှေ့မြို့စား မကျေမနပ် ဖြစ်ခဲ့တာပေါ့"

ဖန်းယီက...

"အရှေ့မြို့စားဟာ သိုင်းအကျော်အမော်တစ်ဦးပဲ မဟုတ်လား။ မာနမင်းသမီးကို မယှဉ်နိုင်ဘူးလား"

မဲ့ယိုအဘိုးအို ခေါင်းခါယမ်းလိုက်လေသည်။

"ဟင့်အင်း တကယ်တမ်းကျယင် သူလည်း မယှဉ်နိုင်ဘူး၊ မာနမင်းသမီးက သိုင်းကျမ်းကို မပေးတော့ အရှေ့မြို့စားက သူ့သားနဲ့ ခွဲပစ်လိုက်တာပေါ့"



"ဗျာ"

"မာနမင်းသမီးဟာ မောင်းထုတ်ခံခဲ့ရတဲ့အပြင် သိုင်းလောကသားတွေ တိုက်ခိုက်တာလဲ ခံခဲ့ရတယ်၊ အဲသည်အချိန် သူ့မှာ ကိုယ်ဝန်အရင့်အမာကြီး ရှိနေတော့ ပိုပြီး ဒုက္ခရောက်ရတာပေါ့။ တိန့်စန်းကသာ မကူညီခဲ့ယင် အသက်ရှင်နေဖို့တောင် လွယ်မှာ မဟုတ်ဘူး"

ဖန်းယီ၏ရင်ထဲ၌ တိန့်စန်းအား လေးစားလာလေတော့သည်။

မဲ့ယိုအဘိုးအို စကားဆက်လိုက်လေသည်။

"တိန့်စန်းက မာနမင်းသမီးကို ဘေးကင်းတဲ့နေရာ ခေါ်သွားတယ်၊ မွေးဖွားပြီးချိန်အထိ စောင့်ရှောက်ခဲ့တယ်"

"အရှေ့မြို့စားနဲ့ ထိကျို့က တော်တော်မုန်းစရာ ကောင်းတာပဲ"

ဖန်းယီ၏စကားကြောင့် မဲ့ယိုအဘိုးအိုနှင့် ကျောင်းထိုင်တို့ ပြုံးလိုက်ကြလေသည်။

မဲ့ယိုအဘိုးအိုက...

"သူတို့ဟာ သိုင်းကျမ်းကို မရခဲ့ပေမယ့် မာနမင်းသမီးဆီက သိုင်းပညာအတော်များများ ရခဲ့တော့ သူတို့ဟာ ကြောက်စရာကောင်းတဲ့လူတွေ ဖြစ်လာခဲ့တာပဲ"

ဖန်းယီက...

www.burmeseclassic.com

www.burmeseclassic.com



"ပုံပြင်က ဆုံးသွားပြီလားဗျာ"

မဲ့ယိုအဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"မဆုံးသေးဘူးကွ"

"တခြားပုံပြင်တွေ ရှိသေးလို့လား"

"ဟုတ်တယ်"

"ဘယ်လိုပုံပြင်များလဲဗျာ"

"သိုင်းထိပ်သီး သုံးဖော်ပုံပြင်ပေါ့"

ဖန်းယီ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

သိုင်းထိပ်သီးသုံးဖော်တွင် သူ၏ဖခင်သည်လည်း တစ်ယောက် အပါအဝင် မဟုတ်ပါလား။

မဲ့ယိုအဘိုးအိုက...

"သိုင်းထိပ်သီးသုံးဖော်ဟာ တစ်ဦးချင်း သိုင်းပညာ တော်ကြတဲ့အပြင် သုံးယောက်ပေါင်းလိုက်လျှင် သိုင်းလောကကို လွှမ်းမိုးနိုင်တယ်လို့ အားလုံး ယုံကြည်ထားကြတယ်၊ သည်စကားကို သိုင်းထိပ်သီးသုံးယောက်က လက်ခံကြတယ်၊ ဒါပေမယ့် လက်တွေ့မကြိုးစားခဲ့ကြပါဘူး၊ အဲ ရှင်ပျော်ပျော်ကတော့ ခြွင်းချက်ပေါ့လေ"

"ရှင်ပျော်ပျော်က ဘာဖြစ်လို့လဲဟင်"

"သူက သိုင်းလောကတစ်ခုလုံး ဦးညွှတ်ရတဲ့ လူတစ်ယောက် ဖြစ်လာယင် ဘယ်လိုနေမလဲဆိုတာ သိချင်နေတာ"

ဖန်းယီ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဒါ..ဒါဆို.."



"သူက အညတရဟာ သိုင်းလောကမှာ အတော်ဆုံးဆိုတာကိုလည်း လက်မခံချင်ဘူးလေ"

"ကျွန်တော်သဘောပေါက်ပြီ"

ဖန်းယီ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ရှင်ပျော်ပျော်အဘိုးအိုသည် သိုင်းထိပ်သီးသုံးယောက်တွင် ပါဝင်သော်လည်း ကျေနပ်အားရခြင်း မရှိသေးဘဲ သိုင်းလောက၏ ပြိုင်ဘက်ကင်းသိုင်းသမား ဖြစ်လိုစိတ် ရှိနေသည်။

ကိုယ်စိတ်က သိုင်းလောကအား လွှမ်းမိုးရန် ကြံစည်ဖို့ တွန်းအားပေးလိမ့်မည် ဖြစ်လေသည်။

သူ့အား ရှင်းပြနေသည့် အဘိုးအိုမဲ့ယိုမှာ သိုင်းသုံးဖော်၌ ပါဝင်သော အညတရသိုင်းသမား ဖြစ်ကြောင်း နားလည်လိုက်လေသည်။

ရှင်ပျော်ပျော်အဘိုးအို...

ရှင်ပျော်ပျော်အဘိုးအိုသည် ဖခင်ကြီးဖန်းဟုအား ဒုက္ခပေးကာ အယောင်ဆောင်ထားသူပင် ဖြစ်ရပေမည်။

ဖန်းယီက ဦးညွှတ်လိုက်လေသည်။

"ကျွန်တော်နားလည်သဘောပေါက်လာအောင် ခုလို ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ"

မဲ့ယိုက...

"ကိစ္စမရှိပါဘူးကွာ၊ ရှင်ပျော်ပျော်အဘိုးအိုရဲ့ လုပ်ရပ်ကို သတိပြုမိ နားလည်တယ်ဆိုယင် ကျေနပ်ပါပြီကွာ"

www.burmeseclassic.com

www.burmeseclassic.com



"သိုင်းလောကမှာ ရှုပ်ထွေးတဲ့ အခြေအနေတွေ ပေါ်ပေါက်လာအောင် ဖန်တီးနေတာ ဘယ်သူလဲဆိုတာ ကျွန်တော်သဘောပါက်ပါပြီဗျာ၊ သည်ကိစ္စကို ကျွန်တော်ရင်ဆိုင်ဖြေရှင်းသွားပါ့မယ်"

မဲ့ယိုက...

"အင်း မင်းက သတိရှိနေပြီဆိုတော့ မင်းရဲ့အဖေလို ဒုက္ခမရောက်နိုင်တော့ဘူးပေါ့ကွာ"

"ကျွန်တော်အဖေက..."

"ရှင်ပျော်ပျော်က သူ့ရဲ့မိတ်ဆွေတစ်ယောက်ဘဲ မဟုတ်လားကွာ"

ဖန်းယီ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။

ဖခင်ကြီးသည် မိတ်ဆွေဖြစ်သော ရှင်ပျော်ပျော်အဘိုးအိုအား ယုံစားမိလိုက်သဖြင့် ဒုက္ခရောက်သွားပြီ ဖြစ်ကြောင်း နားလည်လိုက်လေသည်။

မဲ့ယိုက...

"ကျူပ်က မင်းကို ရှောင်လင်ကျောင်းကို ဘာကြောင့် ခေါ်လာသလဲဆိုတာ မင်း မသိချင်ဘူးလား"

ဖန်းယီက...

"ဟုတ်ကဲ့ သိချင်ပါတယ် ခင်ဗျာ"

မဲ့ယိုက...

"မင်းကို ကဗျာတစ်ပုဒ် သင်ပေးချင်လို့ပဲ"



"ဗျာ"

ဖန်းယီ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

မဲ့ယိုကို မယုံနိုင်စွာ ကြည့်လိုက်လေသည်။

"ကဗျာတစ်ပုဒ် သင်ပေးဖို့ ဟုတ်လား"

"ဟုတ်တယ်၊ ကျူပ်က သင်ပေးမှာ မဟုတ်ဘူး၊ ရှောင်လင်ကျောင်းထိုင်က သင်ပေးမှာ"

ကျောင်းထိုင် ပြုံးလိုက်သည်။

"ဟုတ်တယ်၊ သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို မင်းပဲ ဖြေရှင်းနိုင်လိမ့်မယ်လို့ ကျူပ်ယုံကြည်တယ်၊ ဒါကြောင့် မင်းကို ကဗျာတစ်ပုဒ် သင်ပေးလိုက်မယ်"

ကျောင်းထိုင် သင်ပေးမည့်ကဗျာသည် ရိုးရိုးကဗျာ မဟုတ်ဘဲ သိုင်းပညာနှင့် ပတ်သက်ဆက်နွယ်နေရမည်ဟု ဖန်းယီ ယုံကြည်လိုက်လေသည်။

ထို့ကြောင့်...

"ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော် သင်ယူပါ့မယ်"

ဟုပြောလိုက်လေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထိုင်က ကဗျာတစ်ပုဒ် သင်ကြားပေးလေသည်။

ဖန်းယီသည် ကဗျာကို ကျက်မှတ်ယင်း ထူးခြားမှုတစ်ခု ရှိနေကြောင်း နားလည်လာလေသည်။

ထိုကဗျာသည် သိုင်းပညာ အနှစ်သာရများကို ဖော်ကျူး ထားသော ကဗျာဖြစ်သည်။

ဖန်းယီ ကဗျာကို သင်ယူပြီးနောက် မအောင့်အည်းနိုင်ဘဲ မေးလိုက်လေသည်။

"သည်ကဗျာဟာ ပျောက်ကွယ်နေတဲ့ မာနမင်းသမီးနဲ့ ပတ်သက်နေတာလား သိချင်ပါတယ် ခင်ဗျာ"

ကျောင်းထိုင် ခေါင်းညိတ်လိုက်လေသည်။

"ဒါအမှန်ပါပဲ၊ မာနမင်းသမီးဟာ တစ်ခြေနမှာ ရှောင်လင်ကျောင်းကို ရောက်လာတယ်၊ သူ့ရဲ့သိုင်းကျမ်းကို အနှစ်သာရ ထုတ်ထားတဲ့ ကဗျာတစ်ပုဒ် ကျုပ်ကို အပ်နှံသွားတယ်"

ဖန်းယီက...

"မာနမင်းသမီး ဘယ်ရောက်သွားတာလဲ သိပါရစေ ခင်ဗျာ"

ကျောင်းထိုင်က...

"သူရောက်လာချိန်မှာ ကျန်းမာရေး မကောင်းဘူးကွဲ့၊ ရှောင်လင်ကျောင်းက ပြန်သွားတဲ့အခါ လမ်းမှာ အဖြင်းဖျားပြီး ကွယ်လွန်သွားခဲ့ပါတယ်"

မာနမင်းသမီး သေဆုံးသွားပြီ ဖြစ်ကြောင်း သိလိုက်ရလေ



တော့သည်။

ကျောင်းထိုင်က တည်ကြည်သော မျက်နှာပေးဖြင့် ဆက်ပြောလေသည်။

"မာနမင်းသမီးဟာ သူ့ရဲ့သမီးကို တိန့်စန်းနဲ့ ထားခဲ့တာကြောင့် ပြန်သွားတာ၊ ကျုပ်ကြားရတဲ့ နောက်ထပ်သတင်းတစ်ခုကတော့ မာနမင်းသမီး မသေဆုံးခင် သူ့ရဲ့ယောက်ျားထိကျိုးနဲ့ တွေ့ဆုံခဲ့သေးတယ်ဆိုတာပဲ"

မာနမင်းသမီး သေဆုံးသွားသည့်ကိစ္စတွင် ထိကျိုး ပါဝင်ပတ်သက်နေသည်လော။

ကျောင်းထိုင်က...

"ပြောရဦးမယ်၊ မာနမင်းသမီး ကျုပ်ဆီကပြန်မသွားခင် သူ့ရဲ့ကဗျာကို မှတ်တမ်းနဲ့ပေါင်းစပ်အသုံးပြုယင် သိုင်းလောကသားတိုင်း လိုချင်နေတဲ့ သူ့ရဲ့သိုင်းပညာကို ရှာတွေ့လိမ့်မယ်လို့ ပြောသွားတယ်"

ဖန်းယီက မရှင်းလင်းသဖြင့် မေးလိုက်လေသည်။

"သူက ဘာကြောင့် ရှောင်လင်ကျောင်းကိုလာပြီး သိုင်းကဗျာတစ်ပုဒ်ပေးသွားတာလဲ၊ ကျွန်တော် သိခွင့်ရမလားဗျာ"

ကျောင်းထိုင်က..

"မာနမင်းသမီးဟာ အရှေ့မြို့စားကြောင့် သိုင်းလောကကို အတော်စိတ်နာသွားခဲ့တယ်၊ သိုင်းလောကကို ကျောခိုင်းလိုက်တယ်၊ ဒါပေမယ့် သူဟာ သိုင်းလောကသားတစ်ယောက် ဖြစ်လေတော့

www.burmeseclassic.com

www.burmeseclassic.com



ကျောင်း၊

ဖန်းယီသတ်သက်ယင် ဘယ်စိတ်ကုန်နိုင်ပါ့မလဲ၊ သူ့ရဲ့သိုင်းပညာတွေ မချုည်းနှီးဖြစ်သွားမှာကို စိုးရိမ်ပူပန်မိတာပေါ့၊ ဒါကြောင့် သိုင်းလောကအတွက် အကျိုးရှိအောင် လိုအပ်သလို အသုံးပြုနိုင်အောင် ရှောင်လင်ကျောင်းကို လာပေးသွားတာပါပဲ"

ရှောင်လင်ကျောင်းသည် သိုင်းလောကအကျိုး၊ အများအကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်နေသော ကျောင်းတော်ကြီးဖြစ်လေသည်။

သိုင်းလောကကို ဦးစီးဦးဆောင်ပြုနေသည့် ကျောင်းတော်ကြီးဖြစ်ပါသည်။

ထို့ကြောင့်လည်း မာနမင်းသမီးက အားကိုးတကြီးလာရောက်အပ်နှံသွားခြင်း ဖြစ်လေသည်။

မွဲယိုက...

"ဖန်းယီ ကျန်တဲ့ကိစ္စတွေကို မင်းဘာသာဆက်ပြီး ကြိုးစားဖြေရှင်းပေတော့"

ဟုပြောလိုက်လေတော့သည်။

♣ ♣ ♣



## နောက်ကွယ်ကလူ

ရှောင်စုံပန်းများ ဝေဝေဆာဆာ ဖူးပွင့်နေသည့် ပန်းဥယျာဉ်ကြီးအတွင်း၌ ဖြစ်လေသည်။

လေညင်းခံရန် ထားရှိသော ကျောက်စားပွဲဝိုင်းကြီး၌ လူတစ်ယောက် ထိုင်နေသည်။

မဟာမိတ်အဖွဲ့ ခေါင်းဆောင်ကြီး ဖန်းဟု ဖြစ်သည်။

ဖန်းဟုက ရေနွေးကြမ်းတစ်ခွက်ကို အရသာခံကာ သောက်ယင်း အေးအေးဆေးဆေး ထိုင်နေခြင်းဖြစ်သည်။

ရုတ်တရက် ခြေသံများ ထွက်ပေါ်လာကာ လူတစ်ယောက်ရောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရီလို ဖြစ်သည်။

ရီလိုက ဖန်းဟုကို ဦးညွှတ်လိုက်လေသည်။

"ခေါင်းဆောင်ကြီးခင်ဗျား ဂူးစွမ်းက လက်နက်ပုန်းကျေးရွာကို ရောက်သွားပါပြီ"

ဖန်းဟု ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်..လက်နက်ပုန်းကျေးရွာရဲ့ လျှို့ဝှက်ချက်တွေ မကြာခင် ကျုပ်လက်ထဲ ရောက်လာရတော့မှာပေါ့။ တိန့်စမ်းကော"

"သူ့ကိုလည်း ကူးကျန်းက ဖမ်းထားလိုက်နိုင်ပါပြီခင်ဗျာ"

ဖန်းဟု ရယ်မောလိုက်လေသည်။

"ကူးကျန်းက အတော်အားကိုးရပါလား"

"ဟား..ဟား..ဟား"

ဖန်းဟု၏ရယ်သံနှင့် မရှေးမနှောင်းတွင် နောက်ထပ် ရယ်မောသံထွက်ပေါ်လာလေသည်။

အသက်ငါးဆယ်ကျော် အဘိုးအိုတစ်ဦး ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုကို မြင်လျှင် ဖန်းဟု ကပျာကယာ ထိုင်ရာမှထလိုက်လေသည်။

"မိတ်ဆွေကြီးထိကျို့ ရောက်လာပြီကိုး"

ထိကျို့ဆိုသူက...

"ထိုင်ပါဗျာ၊ အေးအေးဆေးဆေးပေါ့"



ထို့နောက် နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်လိုက်ကြလေသည်

ထိကျို့ဆိုသူကား အရှေ့မြို့စား၏သား ဖြစ်ပြီး မာနမင်းသမီး၏ခင်ပွန်းသည်လည်း ဖြစ်လေသည်။

ထိကျို့သည် သိုင်းလောကထဲသို့ထွက်လေ့ရှိသူ မဟုတ်ပါချေ။

မာနမင်းသမီးနှင့် ပတ်သက်ခဲ့ခြင်းကြောင့်သာ သိုင်းလောကသားတိုင်းက သူ့အား သိနေကြခြင်း ဖြစ်ပါသည်။

ထိကျို့က...

"တိန့်စန်းကို ဖမ်းမိလိုက်ပြီ ဟုတ်လား"

ဟုမေးသည်။

ဖန်းဟု ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားတပည့်ကူးကျန်းက လက်စွမ်းပြလိုက်တာပါပဲ"

"သူက သိုင်းကျမ်းအကြောင်း ဘာပြောသေးသလဲဗျ"

"တိန့်စန်းကို ဖမ်းမိတဲ့ သတင်းခုမှ ကြားရတာ၊ သူ့ကို မတွေ့ရသေးဘူးဗျ၊ ဘာမှလည်း မမေးရသေးပါဘူး"

ထိကျို့၏မျက်နှာပေါ်မှ အပြုံးရိပ်များ ကွယ်ပျောက်ကာ ခက်ထန်တင်းမာသောအသွင် ဖြစ်ပေါ်လာလေသည်။

"အမှန်အတိုင်း ပြောရယင် မာနမင်းသမီးကို သိုင်းလောကသားတွေ ဝိုင်းပြီး တိုက်ခိုက်ခဲ့ကြလို့ ဒဏ်ရာရသွားချိန်မှာ တိန့်စန်းက

www.burmeseclassic.com



ကူညီခဲ့တယ်၊ မာနမင်းသမီးရဲ့ ဝေဒနာတွေကို ကုစားပေးယင်း နှစ်ယောက်သား အနေနီးစပ်ခဲ့ကြတာ၊ ကျုပ်တို့ လက်ထပ်လိုက်ချိန်မှာ မာနမင်းသမီးမှာ တိန့်စန်းနဲ့ရတဲ့ ကိုယ်ဝန် ပါလာခဲ့တယ်၊ အဲဒါ လွယ်လွယ်ပဲပေါ့"

ခံပြင်းဒေါသထွက်နေခြင်းကြောင့် ကိုယ်ရေးကိုယ်တာ အတွင်းရေးကို ထုတ်ဖော်ပြောမိသည့်သဘော ဖြစ်ပေတော့သည်။

ဖန်းဟုက...

"ကျုပ်တို့သိတာကတော့ အရှေ့မြို့စားဟာ ပညာချင်းဖလှယ်ဖို့ မာနမင်းသမီးကို ဖိတ်ခေါ်ခဲ့တယ်၊ ပြီးတော့ ခင်ဗျားတို့နှစ်ယောက် တွေ့ဆုံမေတ္တာသက်ဝင်ခဲ့ကြတယ်ဆိုတာပါပဲဗျာ"

ထိကျို့က မြေပေါ် တံတွေးထွေးချလိုက်လေသည်။

"မာနမင်းသမီးဟာ သိုင်းလောကသားတွေနဲ့ တိုက်ပွဲမှာ နာမည်ကြီး သိုင်းသမား အတော်များများကို သတ်ပစ်နိုင်ခဲ့တယ်၊ ဒါပေမယ့် သူလည်း ဒဏ်ရာရခဲ့ပြီး သိုင်းပညာ သုံးပုံနှစ်ပုံလောက် ဆုံးရှုံးသွားတာ၊ ဒါကြောင့် ကျုပ်အဖေက ဖိတ်ခေါ်လိုက်တဲ့အခါ အခက်ကြုံသွားတာပေါ့၊ သူ့မှာ ကိုယ်ဝန် ရှိနေတဲ့အပြင် တိန့်စန်းကလည်း ပျောက်ဆုံးနေတော့ မလွှဲမရှောင်သာဘဲ ကျုပ်ကို လက်ထပ်လိုက်ရတာ၊ ဒါမှမဟုတ်ယင် ကျုပ်အဖေက သူ့ကို အဆုံးစီရင်လိုက်မှာကိုး"

ဖန်းဟု သက်ပြင်းချလိုက်လေသည်။

မာနမင်းသမီးသည် ဝမ်းထဲ လွယ်ထားရသည့် ရင်သွေး၏



အသက်ကို ငဲ့ကွက်ကာ ထိကျို့အား လက်ထပ်လိုက်ရခြင်း ဖြစ်ကြောင်း နားလည်လိုက်၏။

တိန့်စန်းက အဘယ်ကြောင့် မာနမင်းသမီးအား အဆက်အသွယ်ဖြတ်ကာ ပျောက်ဆုံးသွားပါသနည်း။

ထိကျို့က ဖန်းဟု၏အတွေးကို ရိပ်မိထားသည့်အလား ရှင်းပြလိုက်လေသည်။

"မာနမင်းသမီးဟာ နာမည်နဲ့ လိုက်အောင် မာနကြီးတယ်၊ တိန့်စန်းက သူ့ကို ကူညီခဲ့တာကိုတောင် အသိအမှတ် ပြုချင်တာမဟုတ်ဘူး၊ သူတို့နှစ်ယောက် မှားယွင်းခဲ့တဲ့ ကိစ္စကို သိသွားတာနဲ့ တိန့်စန်းကို အမုန်းကြီး မုန်းပြီး မောင်းထုတ်ခဲ့တာ၊ ဒါကြောင့် တိန့်စန်းက အဝေးကို ထွက်သွားခဲ့တာ"

ဖန်းဟုက...

"သူတို့နှစ်ယောက် ကိစ္စက.."

ထိကျို့ ပြုံးလိုက်သည်။

"မာနမင်းသမီးကို ဝိုင်းတိုက်ခဲ့ကြသူတွေထဲမှာ ကောင်းကင်ဝိဇ္ဇာချုပ်လည်း ပါတယ်လေ၊ သူ့ရဲ့ ဖိုမအဆိပ်က ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ လူတိုင်းသိပါတယ်၊ မာနမင်းသမီး ဖိုမအဆိပ်မိသွားတယ်၊ အဆိပ်ပြေသွားဖို့ဆိုတာ နည်းလမ်း တစ်ခုပဲရှိတယ်"

"ကျုပ်သဘောပေါက်ပါပြီဗျာ"

"နောက်ပိုင်းကျမှ ကျုပ်နဲ့ လက်ထပ်လိုက်ရဲ့ သတင်းကို

www.burmeseclassic.com

www.burmeseclassic.com



ကြားပြီး တိန့်စန်းက သိုင်းလောကထဲမှာ ပြန်ပေါ်လာတာပဲ"

ကူးကျန်းက တိန့်စန်းအား ဖမ်းမိလိုက်သည့် သတင်းကြောင့် ထိကျို့ စိတ်လှုပ်ရှားကာ ပြောနေခြင်းလည်း ဖြစ်သည်။

အရှေ့မြို့စားကား ကွယ်လွန်သွားချေပြီ။

ထိကျို့သည် မာနမင်းသမီးထံမှ ရရှိခဲ့သော သိုင်းပညာရပ်များကို လေ့လာခဲ့သည်။

သူက ဇာတ်မြှုပ်နေထိုင်ကာ လေ့ကျင့်ခဲ့ခြင်း ဖြစ်ပြီး မိဘမဲ့ကူးကျန်းအား တပည့်အဖြစ် မွေးမြူခဲ့လေသည်။

သိုင်းပညာ လေ့ကျင့်ပြီးဆုံးသွားသောအခါ သိုင်းလောကထဲ ဆင်းလာပြီး မာနမင်းသမီးအား လိုက်လံရှာဖွေခဲ့သည်။

မာနမင်းသမီးက လွယ်လွယ်အား မွေးဖွားနေချိန်၌ သူကထားပစ်ခဲ့ပြီး ထွက်သွားခဲ့သည် မဟုတ်ပါလား။

သူအိမ်ပြန်ရောက်လာသောအခါ မာနမင်းသမီးအား မတွေ့ရတော့ချေ။

မာနမင်းသမီး၌ ရှိနေသော သိုင်းကျမ်းကို ထိကျို့ လိုချင်နေသည်။

သို့သော်…

ဖန်းဟုက ဖျောင်းဖျလိုက်သည်။

"မာနမင်းသမီးနဲ့ ပတ်သက်ခဲ့တဲ့ ကိစ္စတွေကို ထားလိုက်ပါတော့ဗျာ၊ အခု ကျုပ်တို့နှစ်ယောက် ပေါင်းမိကြပြီပဲ၊ သိုင်းလောကတစ်ခုလုံး ကျုပ်တို့ရဲ့ ခြေဖဝါးအောက်ကို ရောက်လာဖို့လည်း မဝေး



တော့ဘူး မဟုတ်လားဗျာ"

ထိကျို့က…

"ဟုတ်ပါတယ်ဗျာ၊ ကောင်းကင်ဂိုဏ်းတို့၊ ဥက္ကာမျှော်တို့တခြားသိုင်းသမားတချို့ဟာ လက်ရှောင်နေကြမှာပါ။ လက်နက်ပုန်းကျေးရွာက လျို့ဝှက်ချက်နဲ့ ဝါဆန်းဂိုဏ်း၊ ပန်းပေါင်းစုံဂိုဏ်းတို့ကိုစည်းရုံးသိမ်းသွင်းနိုင်ယင် ကျုပ်တို့ အင်အားတောင့်တင်းသွား ပါပြီ၊ ရှောင်လင်၊ ဝူတန် အစရှိတဲ့ သိုင်းဂိုဏ်းကြီးတွေကို ရင်ဆိုင်ချေမှုန်းပြီး သိုင်းလောကကို လွှမ်းမိုးနိုင်မှာ သေချာပါတယ်"

ဖန်းဟုက…

"ကျုပ်က ဝါဆန်းဂိုဏ်းချုပ်နဲ့ ပန်းပေါင်းစုံဂိုဏ်းချုပ်ကို ဖိတ်ခေါ်ထားလိုက်ပါပြီ၊ သူတို့ဟာ ခေတ်လူတွေ မဟုတ်ကြတဲ့အတွက်…"

သူ၏စကားမဆုံးမီ ထိကျို့ ကြားဖြတ်ပြောလိုက်လေသည်။

"သည်ကိစ္စကို ကျုပ်တာဝန်ယူမယ်"

ဖန်းဟု ကျေနပ်သွားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## ပေါင်းစပ်ပညာ

ဖန်းယီသည် မွဲ့ယိုအဘိုးအိုနှင့် ရှောင်လင်ကျောင်းထိုင်တို့ကို နှုတ်ဆက်ကာ ရှောင်လင်ကျောင်းမှ ထွက်လာခဲ့လေသည်။

ကျောင်းထိုင် သင်ပေးလိုက်သော ကဗျာသည် သူရရှိထားသော မာနမင်းသမီး၏ စာရင်းစာရွက်ကဲ့သို့ ရေးမှတ်ထားချက်များနှင့် ဆက်စပ်နေမည် ထင်မိသည်။

မာနမင်းသမီးသည် တိန့်စန်းနှင့် ထားခဲ့ရသည့် သမီးဖြစ်သူ လွယ်လွယ်အတွက် ဘဝရှေ့ရေး မျှော်တွေးကာ တစ်ခုခုတော့ စီမံခဲ့ လိမ့်မည် မဟုတ်ပါလား။

ဖန်းယီက ရှောင်လင်ကျောင်းကို ကျောခိုင်းထွက်လာခဲ့ယင်း



တစ်နေရာသို့ အရောက်တွင် ပြေးလွှားလာနေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ဖန်းယီ အံ့သြသွားသည်။

"ဟင် ကောင်းယုပါလား"

ပြေးလာသူမှာ ကောင်းယု ဖြစ်နေသည်။

ကောင်းယုသည် ဖန်းယီကို မြင်လျှင် ဝမ်းသာသွားလေသည်။

"ဖန်းယီ၊ ခင်ဗျားနဲ့တွေ့တာ အတော်ပဲ၊ လက်နက်ပုန်းကျေးရွာပိုင်ရှင် ဂူးစွမ်းကို သိတယ် မဟုတ်လား"

ဖန်းယီက...

"သိတယ်၊ ဒါပေမယ့် ဂူးစွမ်းအစစ်က သေသွားပြီ၊ အခုရှိနေတာ အတုဗျ"

ကောင်းယုက...

"ဟုတ်တယ်၊ သူ့အကြောင်း ပေါ်ပေါက်သွားပြီဗျ"

"ဩော်"

ဖန်းယီ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

တဖန်...

"ဘယ်သူက ဖော်ထုတ်လိုက်တာလဲ ပြောပါဦးဗျာ"

ဟုမေးလိုက်သည်။

ကောင်းယုက...

"သူကိုယ်တိုင် အတုဖြစ်တဲ့အကြောင်း ဖော်ထုတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာဝဲဗျ”

“ဟင်”

“သူက လက်နက်ပုန်းကျေးရွာရဲ့ လျှို့ဝှက်ချက်ကို ယူမပေးနိုင်ယင် ဖန်းဟုက သူ့ကို ချမ်းသာပေးမှာ မဟုတ်ဘူးဆိုတာ သူသိတယ်၊ ပြီးတော့ ကူးကျွန်းကလည်း ကြောက်စရာကောင်းတော့ တစ်နေ့ကျယင် သူ့ကို ဒုက္ခပေးမှာပဲလို့ ယုံကြည်ပြီး အဖြစ်မှန်ကို လက်နက်ပုန်းကျေးရွာမှာ ထုတ်ဖော်ဝန်ခံလိုက်တာ”

ပွားစွမ်းအတုက ဖော်ထုတ်ဝန်ခံလိုက်ခြင်းကြောင့် ဖန်းဟုတို့ အခက်ကြုံရတော့မည် ဖြစ်ကြောင်း ဖန်းယီ နားလည်လိုက်လေသည်။

ကောင်းယုက...

“ပွားစွမ်းရဲ့သားသမီးတွေက မဟာမိတ်ခြံဝင်းကို သွားနေကြပြီ”

“ခင်ဗျားလိုက်သွားမလို့ ဟုတ်လား”

“ကျုပ်က..”

ထိုအချိန်မှာပင်...

“ရှင် ဘယ်ပြေးမလဲ”

အော်ငေါက်သံနှင့်အတူ အမျိုးသမီးတစ်ယောက် ပြေးလွှားရောက်ရှိလာလေသည်။

ထိုအမျိုးသမီးမှာ ဝါဆန်းဂိုဏ်းချုပ်ချီကျိုန်း ဖြစ်လေသည်။

ဗေဒါဂိုဏ်းချုပ်က ကောင်းယုအား ဖမ်းဆီးခဲ့ပြီး ဝါးဆန်း



ဂိုဏ်းသို့ ပို့ဆောင်ပေးခဲ့လေသည်။

ကောင်းယုသည် ဝါဆန်းဂိုဏ်းချုပ်ချီကျိုန်း၏တပည့်မ ချင်းချင်းကို စည်းရုံးသိမ်းသွင်းကာ ထွက်ပြေးလာနိုင်ခဲ့လေသည်။

ချီကျိုန်းကို မြင်လျှင် ကောင်းယု မျက်နှာပျက်သွားလေသည်။

“ခင်..ခင်ဗျား”

ချီကျိုန်း ဒေါသထွက်နေသည်။

“ရှင်က ချင်းချင်းကို သွေးဆောင်ပြီး ထွက်ပြေးသွားတာ ကျွန်မ ကျေနပ်မယ် ထင်လို့လား၊ ရှင်လွတ်မြောက်နိုင်အောင် ချင်းချင်းကို အယုံသွင်းခဲ့ပေမယ့် နောက်ပိုင်းမှာ ရှင့်အတွက် အနှောင့်အယှက် တစ်ခုလို့ သဘောထားပြီး လက်စဖျောက်လိုက်တယ်မဟုတ်လား”

“ကျုပ်”

“ရှင် အမှန်အတိုင်း ဝန်ခံလိုက်စမ်း”

ချီကျိုန်းသည် ရှေ့တိုးပြီး ကောင်းယု၏ယင်ထိပ်ကို လက်ဝါးဖြင့် အုပ်မိုးထားလိုက်လေသည်။

“ကျုပ်ကို မသတ်ပါနဲ့”

ကောင်းယု အထိတ်တလန့် အော်လိုက်လေသည်။

ချီကျိုန်းက...

“ချင်းချင်းကို ရှင်နုတ်ပိတ်လက်စဖျောက်လိုက်တယ် မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်.."

"ရှင်ဝန်မခံသေးဘူးလား"

ချီကျိုန်း ဒေါသတကြီး ငေါက်လိုက်ရာ ကောင်းယုလည်း မတတ်သာတော့ဘဲ ဝန်ခံလိုက်ရလေတော့သည်။

"ဟုတ်..ဟုတ်ပါတယ်ဗျာ၊ ကျုပ်မှားသွားပါတယ်၊ ကျုပ်ကို ချမ်းသာပေးပါ"

မြေပေါ် ဒူးထောက်တောင်းပန်လိုက်လေတော့သည်။

ဖန်းယီမှာ ကောင်းယုကို ကြည့်ယင်း စိတ်ပျက်သွားလေသည်။

ကောင်းယုသည် ခွေးမြီးကောက်ကျည်တောက်စွပ်ဆိုသကဲ့သို့ အခွင့်အရေးရသည်နှင့် မကောင်းသော စိတ်များ ပြန်ပေါ်လာသည် မဟုတ်ပါလား။

ကောင်းယုမှာ ယုံကြည်စိတ်ချထိုက်သော လူစားမျိုးမဟုတ်ကြောင်း သဘောပေါက်လိုက်လေသည်။

ချင်းချင်း သေဆုံးသွားပြီ ဖြစ်ကြောင်း သိရလျှင် ချီကျိုန်း ဒေါသချောင်းချောင်း ထွက်သွားလေတော့သည်။

"လူယုတ်မာ သေဖို့ ပြင်ထား"

လက်ဝါးဖြင့် ယော်ထိပ်ကို ဖိချရန် ဟန်ပြင်လိုက်စဉ် ခြေသံများ ထွက်ပေါ်လာပြီး လူနှစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ပန်းပေါင်းစုံဂိုဏ်းချုပ်ဟွေ့မုံနှင့် တပည့်မပိုက်မူတို့ ဖြစ်ပါ



တော့သည်။

ကောင်းယု ဝမ်းသာသွားသည်။

"မိန်းမရေ ကျုပ်ကို ကယ်ပါဦး"

လှမ်းပြီး အကူအညီ တောင်းလိုက်လေသည်။

ဟွေ့မုံ မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းယု၊ ရှင်နဲ့ ကျွန်မ ပတ်သက်ခဲ့ဖူးတာကို အခွင့်အရေးယူဦးမလို့လား၊ တချိန်ကကိစ္စတွေ ပြီးဆုံးသွားပါပြီ၊ ရှင့်ကို ကျွန်မ မေ့လိုက်ပါပြီ"

"ဟင်...မင်း..မင်း"

"ရှင်ဟာ လူကောင်းတစ်ယောက်မှ မဟုတ်တာပဲ၊ ရှင့်အတွက် ကျွန်မ ဘယ်လိုမှ သဘောမထားတော့ဘူးဆိုတာ မှတ်ထားပါရှင်"

ဟွေ့မုံက ဥပေက္ခာပြုလိုက်ခြင်းကြောင့် ကောင်းယု ထိတ်လန့်သွားလေတော့သည်။

ချီကျိုန်း မဲ့ပြုံးပြုံးလိုက်သည်။

"ကဲ ရှင် ဘာပြောချင်သေးလဲ"

"ကျုပ်..ကျုပ်ကို ချမ်းသာပေးပါဗျာ"

ကောင်းယုသည် တောင်းပန်စကားပြောယင်း ချီကျိုန်းကို စိုက်ကြည့်လိုက်လေသည်။

စိတ်ညှို့ပညာ အသုံးပြုဖို့ ကြိုးစားလိုက်ခြင်း ဖြစ်လေသည်။

ဒေါသထွက်နေသော ချီကျိုန်းက...

www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်အထိ အကောက်ကြံချင်နေသေးတာပဲလား"

ဒေါသတကြီး လက်ဝါးဖြင့် ရိုက်ချလိုက်ရာ...

"ဝုန်း"

"အား"

ကောင်းယု မြေပေါ် လဲကျသွားလေတော့သည်။

♣ ♣ ♣



ချိုကျိန်းက ပျော့မုံကို တောင်းပန်လိုက်လေသည်။

"ရှင့်ရဲ့ခင်ပွန်းသည်နဲ့ ပတ်သက်ပြီး ကျွန်မကို ကြိုက်သလို စီမံနိုင်ပါတယ်ရှင့်"

ပျော့မုံ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မက သူ့ကို ခင်ပွန်းသည်တစ်ယောက်လို့ မသတ်မှတ်တော့ပါဘူးရှင်၊ သူနဲ့ ကျွန်မ ဘာမှ မပတ်သက်တော့တာ ကြာပါပြီ"

"ကျေးဇူးပါပဲရှင်"

ချိုကျိန်း ဝမ်းသာသွားလေသည်။

တဖန် ဖန်းယီဘက်သို့ လှည့်လိုက်သည်။

"မင်းဟာ ကောင်းယုနဲ့ မိတ်ဆွေဖွဲ့ထားတယ် ကြားတယ်၊ သည်တော့ မင်းကော ဘယ်လိုသဘောထားသလဲ ပြောပါဦး"

ဖန်းယီက...

"ကျွန်တော် ဘယ်လိုမှ သဘောမထားတော့ပါဘူး ခင်ဗျာ"

ပျော့မုံက ဝင်ပြောလိုက်သည်။

"ကောင်းယုဟာ လူကောင်းတစ်ယောက်မှ မဟုတ်တာ၊ သူနဲ့ မပေါင်းသင်းတာ အကောင်းဆုံးပါပဲ"

ပိုက်မူက ရီဝေသော မျက်လုံးများဖြင့် ဖန်းယီကို ကြည့်နေ၏။

ဖန်းယီ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ပိုက်မူသည် သူနှင့် စေ့စပ်ထားသော မိန်းကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်လေသည်။

သူတို့နှစ်ယောက် မျှော်လင့်ဘဲ ကွဲကွာသွားခဲ့ကြသည်။

ပြန်ဆုံတွေ့ကြသည့်တိုင်အောင် တစ်ယောက်ကိုတစ်ယောက် မသိသလို နေကြရမည်မှာ ဝမ်းနည်းစရာကောင်းလှသည် မဟုတ်ပါလား။

ဟွေ့မိုက...

"မဟာမိတ်အဖွဲ့ခေါင်းဆောင်က ကျုပ်တို့ကို ဖိတ်ခေါ်ထားတယ်၊ သူ့မှာ ဘယ်လိုအကြံအစည် ရှိနေမယ်လို့ မင်းထင်သလဲ"

ဖန်းဟု၏လှုပ်ရှားမှုများကို ဖန်းယီက ဖော်ထုတ်ဖို့ ကြိုးစားနေကြောင်း သတင်းကြီးနေပြီ ဖြစ်သည်။

ဖန်းဟူကိုယ်တိုင်ကလည်း သိုင်းလောကသားများအား စည်းရုံးသိမ်းသွင်းခြင်း၊ မာနမင်းသမီး၏သိုင်းကျမ်းကို ရှာဖွေခြင်း၊ လက်နက်ပုန်းကျေးရွာ၏လျှို့ဝှက်ချက်ကို ရယူရန် မကောင်းကြံခြင်းများကို ဂူးစွမ်းအတုက ဖော်ထုတ်သွားခြင်းကြောင့် နာမည်ပျက်နေပြီ ဖြစ်သည်။

သိုင်းလောကတစ်ခုလုံးက ဖန်းဟုအပေါ် ယုံကြည်စိတ်ချခြင်း မရှိတော့ဘဲ မသင်္ကာသော မျက်လုံးများဖြင့် စောင့်ကြည့်နေကြပြီ ဖြစ်လေသည်။

ဖန်းယီက...

"သူဟာ သိုင်းလောကကို လွှမ်းမိုးဖို့ ကြံစည်နေတဲ့ လူတစ်ယောက်ပါပဲ ခင်ဗျာ"



သူ၏အယူအဆကို ပွင့်ပွင့်လင်းလင်း ပြောလိုက်လေသည်။

ဟွေ့မို ပြုံးလိုက်သည်။

"သူဟာ မင်းရဲ့အဖေပဲ မဟုတ်လား"

"ဗျာ"

"ခေါင်းဆောင်ကြီးဖန်းဟုဟာ မင်းရဲ့အဖေပဲ မဟုတ်လား"

ထိုမေးခွန်းသည် သူ့အား ဖန်းဟု၏သား ဖန်းယီ ဖြစ်သည်ဟု လက်ခံလိုက်သည့်သဘော ဖြစ်နေပါ၏။

ဖန်းယီက...

"သူဟာ ခေါင်းဆောင်ကြီးဖန်းဟုကို အဘောက်ကြံပြီး ခေါင်းဆောင်ကြီး ဟန်ဆောင်နေတဲ့ လူတစ်ယောက်ဆိုတာ သေချာပါတယ် ခင်ဗျာ"

"ဒါဖြင့် ခေါင်းဆောင်ကြီးကကော"

"သူက.."

ဖန်းယီ မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

သူ၏ဖခင်မှာ အဘောက်ကြံခံရကာ သေဆုံးသွားပြီ ဖြစ်ကြောင်း နားလည်ထားသည် မဟုတ်ပါလား။

"သူက ကျုပ်တို့ကို စည်းရုံးသိမ်းသွင်းချင်တဲ့ သဘောနဲ့ ဖိတ်ခေါ်ထားသေးတယ်၊ ဒါကိုကော မင်း ဘယ်လိုသဘောရသလဲ"

ဤတွင် ချီကျိန်းက ဝင်ပြောလိုက်လေသည်။

ဖန်းယီက...

"ခေါင်းဆောင်ကြီးက ဘယ်သူ့ကိုမဆို အဘောက်ကြံဖို့ ဝန်

www.burmeseclassic.com

www.burmeseclassic.com



လေးနေမှာ မဟုတ်ပါဘူး”

ဖန်းဟုသည် ဂူးစွမ်းအတုသာမက အခြားသိုင်းသမားများကိုလည်း အကောက်ကြံဖယ်ရှားကာ အတုများဖြင့် အစားထိုးပြီး သိုင်းလောကအား လွှမ်းမိုးဖို့ ကြိုးစားနေပုံကို သူသိသလောက် ပြောပြလိုက်လေသည်။

ဟွေ့မုံက…

“သည်လိုဆိုယင် ကျုပ်တို့ကို ဖိတ်ခေါ်ပြီး အကောက်ကြံမယ်ဆိုယင် ဘယ်လိုလုပ်မလဲ”

ချိုကျိုန်းက…

“ရှင်နဲ့ ကျွန်မကို အတုလုပ်ပြီး ဝါဆန်းဂိုဏ်းနဲ့ ပန်းပေါင်းစုံဂိုဏ်းကို ထိန်းချုပ်ထားလိုက်မယ်ဆိုယင် ခေါင်းဆောင်ကြီးအတွက် အတော့်ကို အင်အားတောင့်တင်းသွားမှာပဲ”

နှစ်ယောက်သား ရယ်မောလိုက်ကြလေသည်။

ဖန်းယီက…

“ခေါင်းဆောင်ကြီးဟာ ဥက္ကာပျံ၊ ဂူးဒေါ်လေး၊ အရိပ်တောင်ကြားနဲ့ ကောင်းကင်ဂိုဏ်းတို့ကို မဟာမိတ်ဖွဲ့ဖို့ ကြိုးစားနေပါတယ်၊ သည်လူတွေဟာ”

ဟွေ့မုံ လက်ကာပြလိုက်သည်။

“သည်အတွက် ဘာမှမပူနဲ့၊ သူ မိတ်ဖွဲ့ချင်တဲ့ လူတွေဟာ ကိုယ့်သဘောနဲ့ကိုယ် နေကြသူတွေပါ၊ သူတို့ကို စည်းရုံးသိမ်းသွင်းလို့ မရနိုင်ပါဘူး၊ ပြီးတော့ သူတို့ အချင်းချင်းလည်း ပြိုင်ဆိုင်မှု ပြင်းထန်



ကြတော့ သူတို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စထက် ပိုပြီး မဟာမိတ်ခေါင်းဆောင်ကြီးကို စိတ်ဝင်စားကြမှာ မဟုတ်ပါဘူး”

ဖန်းယီ ပြုံးလိုက်မိလေသည်။

ဥက္ကာပျံသည် ထိပ်သီးသိုင်းပညာရှင်တစ်ယောက် ဖြစ်သော်လည်း မာနမင်းသမီး၏သိုင်းကျမ်းအကြောင်း သတင်းရသဖြင့် လာခဲ့ပြီး အရိပ်မဲ့တောင်ကြားမှ အသံရှင်ကြောင့် ထွက်သွားလေသည်။

ဂူးဒေါ်ဒေါ်သည်လည်း သူမ၏ညီမအတွက် တိန့်စန်းကို မကျေနပ်သဖြင့် လာခဲ့ပြီး နောက်ဆုံး တိန့်စန်းကို မယှဉ်နိုင်သဖြင့် ရှောင်ထွက်သွားရာ သူမအား နောက်ထပ် တွေ့ရဖို့ မလွယ်တော့ပါ။

အရိပ်မဲ့တောင်ကြားမှ အသံရှင်သည်သာလျှင် ပဟေဠိသဖွယ် ဖြစ်နေသည်။

ကျန်သိုင်းသမားများကား ဖန်းဟုထက် မာနမင်းသမီး၏သိုင်းကျမ်းကို ပိုပြီး စိတ်ဝင်စားနေကြသည်။

မီးလောင်ပြင်၌ မာနမင်းသမီး၏သိုင်းကျမ်းကို ရှာမတွေ့သဖြင့် စိတ်ပျက်ကာ ထွက်သွားကြရာ သိုင်းလောက၌ တော်တော်နှင့် ပြန်တွေ့ဖို့ မလွယ်တော့ပါချေ။

ထို့ကြောင့်…

ဖန်းဟုက ထိုလူများအား မိတ်ဖွဲ့ကာ စည်းရုံးသိမ်းသွင်းရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မည် မဟုတ်ကြောင်း ဖန်းယီ နားလည်ထားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟွေ့မုံ စကားဆက်လိုက်လေသည်။

"ခေါင်းဆောင်ကြီးဖန်းဟုဟာ တကယ့် လူတွေ စည်းရုံးသိမ်းသွင်းနိုင်ဖို့ မဖြစ်နိုင်ပါဘူး၊ သူစည်းရုံးသိမ်းသွင်းလို့ ရခဲ့ယင်လည်း ဒုတိယတန်းစားတွေပဲ ဖြစ်လိမ့်မယ်"

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာပင် အေးတိအေးစက်စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ခင်ဗျား တကယ်ပဲ သည်လို ထင်နေတာလားဗျာ"

ဖန်းယီတို့အားလုံး စကားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ မလှမ်းမကမ်း၌ အနက်ရောင်ဝတ်ဆင်ထားသူ တစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

"ကူးကျန်း"

ဖန်းယီ လွှတ်ခနဲ ခေါ်လိုက်မိလေတော့သည်။

♣ ♣ ♣



ဖန်းဟုသည် ဒုတိယတန်းစား သိုင်းသမားများကိုသာ စည်းရုံးသိမ်းသွင်းနိုင်မည်ဆိုသော အတွေးက မှားယွင်းနေကြောင်း ကူးကျန်း၏ သိုင်းပညာက သက်သေခံနေ၏။

ကူးကျန်းသည် အလွန်ကြောက်စရာကောင်းသော လူတစ်ယောက် မဟုတ်ပါလား။

ဟွေ့မုံက...

"မင်းက..."

"ကျုပ်ဟာ ခေါင်းဆောင်ကြီးဖန်းဟုအတွက် တာဝန်ထမ်းဆောင်နေတဲ့ လူတစ်ယောက်လို့ မှတ်ထားယင် လုံလောက်ပါပြီဗျာ"

ဟွေ့မုံ မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့ခေါင်းဆောင်ကြီးက သိုင်းလောကကို လွှမ်းမိုးဖို့ ကြိုးစားနေတာပဲ"

ကူးကျန်းက...

"ပန်းပေါင်းစုဂိုဏ်းနဲ့ ဝါဆန်းဂိုဏ်းလည်း ပူးပေါင်းဆောင်ရွက်ကြတာကို ခေါင်းဆောင်ကြီး လိုလားမျှော်လင့်ထားပါတယ်ဗျာ"

ဟွေ့မုံ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က လက်မခံဘူးဆိုယင်ကော"

"ကျုပ်လည်း လက်မခံနိုင်ဘူး"

ချိုကျိန်းကလည်း ဝင်ပြောလိုက်လေသည်။

ကူးကျန်းက...

"ခေါင်းဆောင်ကြီးရဲ့ သဘောထားကတော့ ရှင်းပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆွေမဟုတ်ယင် ရန်သူပါပဲ"

"ဪ"

ဟွေ့မုံနှင့် ချိုကျိုန်းတို့ အချင်းချင်း ကြည့်လိုက်ကြသည်။

တဆက်တည်းပင် လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

"ဟား...ဟား...ဟား"

ကူးကျန်းက ရယ်မောလိုက်လေသည်။

♣ ♣ ♣



အဖြစ်အပျက်မှာ လျှပ်ပြက်သကဲ့သို့ လျင်မြန်လှသည်။

ချိုကျိုန်းနှင့် ဟွေ့မုံတို့က ကူးကျန်းအား တိုက်ခိုက်ခဲ့ကြသော်လည်း ကူးကျန်းက ဓားဆွဲထုတ်လိုက်သည်နှင့် သူတို့ မြေပေါ် လဲကျသွားကြလေတော့သည်။

ပိုက်မူနှင့် ဖန်းယီတို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

ကူးကျန်း ပြုံးလိုက်သည်။

"မင်းတို့ကော"

ဖန်းယီက...

"ခင်ဗျားအသုံးပြုလိုက်တာ မာနမင်းသမီးရဲ့သိုင်းပညာဟုတ်လား"

ကူးကျန်းက...

"ခင်ဗျားမဆိုးဘူး"

"ဒါဖြင့် အရှေ့မြို့စားရဲ့သား ထိကျို့နဲ့ ဘယ်လိုပတ်သက်နေတာလဲဗျ"

"သူက ကျုပ်ဆရာပါ"

"ခင်ဗျားတို့ ဆရာတပည့်က ခေါင်းဆောင်ကြီးဖန်းဟုအတွက် အလုပ်လုပ်ပေးနေတာလား"

ကူးကျန်း ရယ်မောလိုက်သည်။

"ဖန်းဟုက ကျုပ်ဆရာအတွက် အလုပ်လုပ်ပေးနေတာပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ကူးကျွန်းက…

"ခင်ဗျားက ဖန်းယီ မဟုတ်ဘူးဆိုပေမယ့် ဖန်းဟုရဲ့သား ဖန်းယီအစစ်ဆိုတာ ကျုပ်သိပါတယ်"

ဖန်းယီက…

"ခေါင်းဆောင်ကြီးဖန်းဟုဟာ ကျုပ်အဖေ မဟုတ်တဲ့ အတု တစ်ယောက်ဆိုတာလည်း ကျုပ်သိပါတယ်ဗျာ"

ကူးကျွန်း ရယ်မောလိုက်ပြန်လေသည်။

"မှတ်ပါတယ်ဗျာ၊ သူ ဘယ်သူလဲဆိုတာ ခင်ဗျား ရိပ်မိ လောက်ပါတယ်"

"အင်း သူဟာ ရှင်ပျော်ပျော်အဘိုးအိုဆိုတာ ကျုပ်သိပြီးပါ ပြီ"

"ကျုပ်က ခင်ဗျားကို အကြံတစ်ခု ပေးချင်တယ်"

"ပြောပါဗျာ"

"ခင်ဗျားက သူ့ကို ခင်ဗျားအဖေလို သဘောထားလိုက် ယင် အားလုံး ကောင်းသွားပါလိမ့်မယ်ဗျာ"

စော်ကားလိုက်သော စကားဖြစ်ရကား ဖန်းယီ ဒေါသထွက် သွားလေတော့သည်။

"ကျုပ်က သူ့ကို ဆုံးမမှာဗျ၊ သူ့ကို မဆုံးမခင် ခင်ဗျားကို အယင်ဆုံး ဆုံးမရလိမ့်မယ်"

လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ ကူးကျွန်းအား



တိုက်ခိုက်လိုက်လေသည်။

ကူးကျွန်းက ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ဓားဖြင့် ခုတ် ချလိုက်လေသည်။

ဖန်းယီသည် လက်ဝါးချည်းသက်သက် ကူးကျွန်းအား ရင် ဆိုင်နိုင်ပါမည်လော။

"ဝှစ်"

အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး ကူးကျွန်းထံ တိုးဝင် သွားလေသည်။

ကူးကျွန်း ဆက်လက်တိုက်ခိုက်ခြင်း မပြုဝံ့တော့ဘဲ ကမန်း ကတန်း ရှောင်တိမ်းလိုက်ရသည်။

အလင်းတန်း ပစ်လွှင့်လာရာဘက်သို့ ကြည့်လိုက်သော အခါ မိန်းကလေးတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရ လေသည်။

ထိုမိန်းကလေးမှာ လွှယ်လွှယ် ဖြစ်လေသည်။

"ညီမ"

လွှယ်လွှယ် ရောက်လာသည်ကို မြင်လျှင် ဖန်းယီ ဝမ်းသာ သွားလေသည်။

လွှယ်လွှယ်က…

"သူက ဦးလေးတိန့်စန်းကို ဖမ်းသွားတာ၊ သူ့ကို အလွတ် ပေးလို့ မဖြစ်ဘူး"

"ကောင်းပြီ"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား လက်တွဲကာ ကူးကျန်းအား တိုက်ခိုက်လိုက်ကြလေသည်။

ပိုက်မှုသည် ဟွေ့မုံအတွက် ခံပြင်းနေပြီး ဖန်းယီတို့နှင့်အတူ ပါဝင်တိုက်ခိုက်လိုက်လေသည်။

ကူးကျန်း အခက်ကြုံသွားသည်။

"မင်းတို့သုံးယောက် ပေါင်းပြီး တိုက်ခိုက်လို့ကော ကျုပ်ကို အနိုင်ရမယ်များ မှတ်သလား"

ဒေါသတကြီး အော်လိုက်၏။

မရှေးမနှောင်းမှာပင်...

"မင်းတို့သုံးယောက် ပေါင်းပြီး တိုက်ခိုက်လို့ကော ကျုပ်ကို အနိုင်ရမယ်များ မှတ်သလား"

ပွဲတင်သံ ထွက်လာလေသည်။

"ခင်ဗျား"

"ခင်ဗျား"

"ဟော့လူ ကိုယ်နဲ့ မဆိုင်ယင် ဝင်မရှုပ်နဲ့"

"ဟော့လူ ကိုယ်နဲ့ မဆိုင်ယင် ဝင်မရှုပ်နဲ့"

ကူးကျန်း စကားတစ်လုံး ပြောလိုက်လေတိုင်း ပွဲတင်သံကို ပြန်ကြားရလေသည်။

ကူးကျန်း၏တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် စိုရွှဲလာလေသည်။

ထိုအချိန်တွင်...



"ယား"

ဖန်းယီတို့က ညာသံပေးကာ စုပေါင်းတိုက်ခိုက်လိုက်ကြသောအခါ...

"ဝုန်း"

"အား"

ပွဲတင်သံကြောင့် ဗျာများနေသော ကူးကျန်း အရေးနိမ့်သွားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲ ပြီးဆုံးသွားပြီ ဖြစ်သည်။

ဖန်းယီက သစ်ပင်တစ်ပင်အောက်၌ ရပ်နေသော အစိမ်းရောင်ဝတ်ထားသူကို သတိပြုမိလိုက်သည်။

လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ကျွန်တော့်ကို ကူညီတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ထိုလူက...

"ကျုပ်တို့ အရိပ်တောင်ကြားက လူတွေဟာ ကိုယ့်သဘောနဲ့ကိုယ် နေကြတယ်၊ ကျုပ်တို့ကို မစော်ကားဘဲ ဘယ်သူ့ကိုမှ ရန်မလုပ်ဘူး၊ ကျုပ် သိုင်းလောကထဲ ဆင်းလာရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ မာနမင်းသမီးရဲ့ သိုင်းကျမ်းကို တွေ့ရတယ်ဆိုတဲ့ သတင်းနဲ့၊ ဖန်းဟူက သူတို့နဲ့ မဟာမိတ်ဖွဲ့ဖို့ ကျုပ်တို့ကို ဖိတ်ခေါ်လိုက်လို့ အခြေအနေသိရအောင် လာခဲ့တာ"

ဖန်းယီ ဂရုစိုက်နားထောင်နေလိုက်သည်။

ထိုလူက...

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ဟာ သိုင်းလောကသားတွေပါ၊ သိုင်းလောက ပျက်စီးသွားမှာကို မလိုလားပါဘူး၊ ဒါကြောင့် မင်းကို ကူညီခဲ့ပေမယ့် ကျေးဇူးတင်စရာ မလိုပါဘူး၊ ကဲ ကျုပ်သွားတော့မယ်"

စကားဆုံးသည်နှင့် ချာကနဲ လှည့်ထွက်သွားလေတော့သည်။

♣ ♣ ♣



လွယ်လွယ်နှင့် ပြန်ဆုံတွေ့လိုက်ရသဖြင့် ဖန်းယီ ဝမ်းသာသွားလေသည်။

လွယ်လွယ်က...

"ဦးလေးတိန့်စန်းကို သူတို့ ဖမ်းထားတယ်"

ဖန်းယီက ကူးကျန်းကို ကြည့်လိုက်၏။

ကူးကျန်းသည် ဒဏ်ရာပြင်းစွာ ရထားပြီး အသက်ကို ခဲယဉ်းစွာ ရှူရှိုက်နေရလေသည်။

ဖန်းယီက...

"ခင်ဗျား ပြောပြမလား"

ကူးကျန်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ် ဘာကြောင့် မပြောနိုင်ရမှာလဲ"

တိန့်စန်းအား မည်သည့်နေရာ၌ ဖမ်းဆီးထားကြောင်း ပြောပြလိုက်လေသည်။

ပြီးလျှင်...

"ကျုပ်က ဘာကြောင့် ပြောပြသလဲဆိုတာ မင်းသိသလား"

ဟုမေးလေသည်။

ဖန်းယီက...

"တိန့်စန်းကို သွားကယ်ယင် ကျုပ်တို့ ဒုက္ခရောက်သွားမယ်လို့တွေးပြီး ပြောတယ်ဆိုတာ ကျုပ်သိပါတယ်ဗျာ"

ကူးကျန်း သဘောကျစွာ ရယ်မောယင်း ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်းယီက...

"ကျုပ်တို့ သွားစို့"

ဟုပြောကာ ထွက်သွားရန် ဟန်ပြင်လိုက်ရာ လွယ်လွယ်က လိုက်လာသော်လည်း ပိုက်မူက မလှုပ်မယှက် ရပ်နေ၏။

ဖန်းယီက...

"ညီမက.."

"ကျွန်မ မလိုက်တော့ပါဘူးရှင်"

"ဟင် ဘာဖြစ်လို့လဲ"

"ကျွန်မ ဆရာလည်း မရှိတော့ပါဘူး၊ ဒါကြောင့် ပန်းပေါင်းစုံ ဂိုဏ်းမှာပဲ ကျွန်မ တစ်သက်လုံး နေသွားရတော့မှာပါ"

ဖန်းယီ မျက်နှာပျက်သွား၏။

ပိုက်မူသည် ပန်းပေါင်းစုံဂိုဏ်း၌ တစ်သက်လုံး နေသွားရတော့မည် ဖြစ်ရာ သူတို့နှစ်ယောက် စေ့စပ်ထားခဲ့သော်လည်း ဆုံဆည်းဖို့ရာ မဖြစ်နိုင်တော့ပါ။

"ကျွန်မသွားတော့မယ်"

ပိုက်မူက နှုတ်ဆက်ကာ ကျောခိုင်းထွက်ခွာသွားတော့သည်။ ဖန်းယီ ဟန့်တားခြင်း မပြုရက်တော့ပါ။

"အစ်ကို ကျွန်မတို့လည်း သွားကြပါစို့ရှင်"

လွယ်လွယ်က ပြောလာသောအခါ ဖန်းယီ သဘောတူလိုက်လေတော့သည်။

♣ ♣ ♣



## အမှားဒဏ်

ဝူကျိုဂိုဏ်း...

ဝူကျိုဂိုဏ်း တည်ရှိသည့် တောင်တန်းကြီး၌ လျှို့မြောင်စိမ့်စမ်းများ၊ လိုဏ်ဂူများ ပေါများလှပေသည်။

တစ်ခုသော လိုဏ်ဂူကြီးရှေ့၌ လူနှစ်ယောက် ရှိနေကြသည်။

ခေါင်းဆောင်ကြီးဖန်းဟုနှင့် ထိကျို့တို့ ဖြစ်လေသည်။

ထိကျို့သည် ကောင်းကင်ပေါ် မော့ကြည့်ပြီး သက်ပြင်းချလိုက်လေသည်။

ဖန်းဟုက...

"ခင်ဗျားတပည့် ရောက်မလာသေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



ထိကျို့က...

"သူရောက်လာသင့်ပြီ၊ ခုထိ သူရောက်မလာသေးဘူးဆိုတော့"

"တခြားတစ်ယောက်ယောက် ရောက်လာတော့မယ့်သဘောလား"

"ဟုတ်တယ်"

ထိကျို့က ဖန်းဟုဘက်လှည့်ကာ အေးစက်စက် ပြောလိုက်လေသည်။

"ဖန်းယီပဲ ဖြစ်မယ်"

"တောက်"

ဖန်းဟု မကျေမနပ် တက်ခေါက်လိုက်လေသည်။

ဖန်းဟုအဖြစ် ရွှင်ပျော်ပျော်အဘိုးအိုက ရုပ်ဖျက်ထားခြင်းဖြစ်လေသည်။

ရွှင်ပျော်ပျော်အဘိုးအိုသည် သိုင်းထိပ်သီးသုံးဖော်၌ ပါဝင်ခဲ့ပြီး မဟာမိတ်အဖွဲ့ခေါင်းဆောင် ဖြစ်နေသော ဖန်းဟုကို အယုံသွင်းလုပ်ကြံကာ အစားထိုး ဟန်ဆောင်နေခဲ့ခြင်း ဖြစ်လေသည်။

မဟာမိတ်အဖွဲ့ကြီးကို အသုံးချကာ သိုင်းလောကအား လွှမ်းမိုးရန် ကြံစည်ခဲ့ခြင်း ဖြစ်လေသည်။

မာနမင်းသမီးထံမှ သိုင်းပညာအချို့ ရရှိခဲ့သော ထိကျို့က နောက်ကွယ်မှ ကူညီထောက်ပံ့ခဲ့လေသည်။

ယခုတော့...



ထိကျို့ သက်ပြင်းချလိုက်သည်။

"ကျုပ်တို့ အကြံအစည်တွေကို ဖျက်ဆီးမှာ ဖန်းယီတစ်ယောက်ပဲ ရှိတယ်"

"ကျုပ်က သူ့ကို ဆုံးမလိုက်မှာပေါ့"

ထိုအချိန်မှာပင်...

"အား"

"အမယ်လေး"

အဝေးမှ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရွှင်ပျော်ပျော်အဘိုးအို မျက်နှာပျက်သွားလေသည်။

ထိကျို့ ပြုံးလိုက်သည်။

"ကျင်းစု၊ ခင်ဗျား လူတွေကော၊ ခင်ဗျားဆီကို လာနိုင်ပါဦးမလားဗျ"

ရွှင်ပျော်ပျော်အဘိုးအို၏အမည်မှာ ကျင်းစု ဖြစ်လေသည်။

ကျင်းစုက တောင်ကုန်းအောက်ဘက်၌ ရိုလိုနှင့် မင်းဖုန်းတို့အား အစောင့်ချထားခဲ့လေသည်။

ယခု ကြားလိုက်ရသော အော်ဟစ်သံမှာ ရိုလိုတို့၏အသံမဟုတ်ပါလား။

တကယ့် ရိုလိုနှင့် မင်းဖုန်းတို့မှာ ခေါင်းဆောင်ကြီးဖန်းဟုကဲ့သို့ပင် ရွှင်ပျော်ပျော်အဘိုးအို၏ လုပ်ကြံခြင်း ခံခဲ့ရပြီ ဖြစ်သည်။

ကျင်းစုက သူ၏တပည့်နှစ်ယောက်ကို အစားထိုးထားခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

ကျင်းစု အံကြိတ်လိုက်သည်။

"ဖန်းယီ ရောက်လာပြီဆိုယင် သူ့အဖေနောက်ကို လိုက်သွားခိုင်းလိုက်မယ်"

"ဟား..ဟား..ဟား"

ထိကျိူ့က ရယ်မောလိုက်လေသည်။

ထိုအချိန်မှာပင် တောင်ကုန်းပေါ်သို့ တက်လာသူနှစ်ယောက်ကို တွေ့လိုက်ရလေတော့သည်။

♣ ♣ ♣

ဖန်းယီနှင့် လွယ်လွယ်တို့ တောင်ကုန်းပေါ်သို့ ရောက်ရှိလာ

BURMESE CLASSIC



ကြပြီ ဖြစ်လေသည်။

ကျောက်ဂူကြီးရှေ့၌ ရပ်နေကြသော ရှင်ပျော်ပျော်အဘိုးအိုကျင်းစုနှင့် ထိကျိူ့တို့ကို မြင်လျှင် ခြေလှမ်းရပ်လိုက်ကြလေသည်။

ဖန်းဟုက...

"မင်းက ဖန်းယီ ဟုတ်လား"

ဟုလှမ်းမေးသည်။

ဖန်းယီ ပြုံးလိုက်သည်။

"ကျုပ်က ဖန်းယီပါ။ ဒါပေမယ့် ခင်ဗျားကတော့ ကျုပ်ရဲ့အဖေ ဖန်းဟု မဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်ဗျာ"

ကျင်းစု ရယ်မောလိုက်သည်။

"မှန်တာပေါ့ကွာ၊ မင်းအဖေက ရေပြည်မှာ ရောက်နေပြီကွ"

ဖန်းယီ ခံပြင်းသွားလေသည်။

ကျင်းစုက...

"မင်းအဖေနဲ့ အညတရတို့က သိုင်းလောကကို လွှမ်းမိုးဖို့ငါအကြံပေးတာကို လက်မခံခဲ့ကြဘူးလေ၊ အညတရက သိုင်းလောကထဲ ထွက်တာ မဟုတ်တော့ အရေးမကြီးဘူး၊ မင်းအဖေက မဟာမိတ်အဖွဲ့ခေါင်းဆောင် ဖြစ်နေတော့ သူ့ကို ရှင်းပြီး ငါ့ရဲ့ အကြံအစည်ကို အကောင်အထည်ဖော်လိုက်ရတာပေါ့ကွာ"

"လူယုတ်မာကြီး"

ဖန်းယီ ဒေါသတကြီး အော်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစုက...

"မင်းရောက်လာတာ အတော်ပဲ၊ မင်းကို ရှင်းပြီး ငါလူတစ်ယောက်နဲ့ အစားထိုးလိုက်ယင် ရှုပ်ထွေးနေတဲ့ အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းနိုင်မှာပဲကွ"

ဖန်းယီကို ရှင်းပစ်ကာ သူ၏လူတစ်ယောက်အား အစားထိုးပြီး သူ့အား စောင့်ကြည့်နေကြသည့် သိုင်းလောကသားများအား လှည့်စားရန် ကြံစည်နေပြန်တော့သည်။ ဖန်းယီက...

"ခင်ဗျားအကြံကောင်းသားပဲ၊ ဒါပေမယ့် ကျုပ်ကို ရှင်းပစ်ဖို့ဆိုတာ ခင်ဗျားထင်သလို လွယ်ပါ့မလားဗျာ"

"ဘာကြောင့် မလွယ်ရမှာလဲ"

ကျင်းစုက လျှပ်တပြက် ခုန်ဝင်တိုက်ခိုက်လာလေတော့သည်။

ဖန်းယီက လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်...

"ဝုန်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ကျင်းစုမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

♣ ♣ ♣



ရှင်ပျော်ပျော်အဘိုးအိုကျင်းစုမှာ အဖြစ်အပျက်ကို မယုံနိုင်အောင် ဖြစ်နေပါတော့သည်။

မြေပေါ်မှ လူးလိမ့်ထလိုက်သည်။

နှုတ်ခမ်းထောင့်မှ စီးကျလာသော သွေးများကို သုတ်ယင်း ဖန်းယီကို မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"မင်း..."

သိုင်းထိပ်သီးတစ်ယောက်အနေဖြင့် ဖန်းယီကဲ့သို့ လူရွယ်တစ်ယောက်အား မယှဉ်နိုင်ဘဲ အရေးနိမ့်ခဲ့ရသည်ကို မယုံနိုင်အောင် ဖြစ်နေပါတော့သည်။

ဖန်းယီက...

"မာနမင်းသမီးရဲ့ သိုင်းပညာကို သိုင်းလောကသားတွေ ဘာကြောင့် စိတ်ဝင်စားကြတယ်ဆိုတာ ခင်ဗျားသဘောပေါက်သင့်ပါပြီဗျာ"

"ဘာကွ"

• ဖန်းဟု မယုံနိုင်အောင် ဖြစ်သွား၏။

ဖန်းယီသည် လွယ်လွယ်နှင့် တွေ့ဆုံခဲ့ပြီး တိန့်စန်းအား ကယ်တင်ရန် လာခဲ့သည့် လမ်းတစ်လျှောက်၌ ရောင်လင်ကျောင်းထိုင် သင်ပေးခဲ့သော ကဗျာနှင့် မီးလောင်ပြင်မှ ရရှိခဲ့သော စာရွက်ကိုတိုက်ဆိုင်ကာ မာနမင်းသမီး၏သိုင်းပညာကို ရရှိခဲ့တော့သည်။

ထို့ကြောင့်...

ဖန်းဟုအဖြစ် အယောင်ဆောင်ထားသော ရှင်ပျော်ဈေး

www.burmeseclassic.com



အဘိုးအိုကျင်းစုအား အနိုင်ယူနိုင်ခဲ့ခြင်း ဖြစ်ပါတော့သည်။

ဖန်းဟု အရေးနိမ့်လိုက်သဖြင့် ဒေါသချောင်းချောင်း ထွက်နေသည်။

သို့သော် သူ ဘာမှ မတတ်နိုင်တော့ပါချေ။

ခန္ဓာကိုယ်ဒယီးဒယိုင် ဖြစ်လာပြီး...

"ဝုန်း"

မြေပေါ်လဲကျကာ မလှုပ်မယှက် ငြိမ်သက်သွားလေတော့သည်။

♣ ♣ ♣



ရှင်ပျော်ပျော်အဘိုးအိုကျင်းစု အမိုက်ဇာတ်သိမ်းသွားပြီ ဖြစ်သည်။

သိုင်းလောကအား လွှမ်းမိုးရန် ကြံစည်ခဲ့သော်လည်း နောက်ဆုံး မရှုမလှ ကျဆုံးသွားခဲ့ရပြီ ဖြစ်လေသည်။

ထိကျို့ သက်ပြင်းချလိုက်သည်။

ဖန်းယီကို ချီးကျူးလိုက်သည်။

"မင်း မဆိုးဘူး၊ ကျုပ်နဲ့ လက်တွဲလိုက်မယ်ဆိုယင် သိုင်းလောကကို လွှမ်းမိုးနိုင်မှာ သေချာတယ်"

ဖန်းယီ ခေါင်းခါယမ်းလိုက်သည်။

"အေးချမ်းသာယာနေတဲ့ သိုင်းလောကကြီး ဖျက်စီးသွားမှာကို ကျွန်တော်မလိုလားပါဘူးဗျာ"

"မင်းက ကျုပ်ကို ဟန့်တားနိုင်မယ်လို့ ယူဆနေတာလား"

"ကျွန်တော် မဟန့်တားနိုင်ခဲ့ဘူးဆိုယင်တောင် တခြားလူတွေက တားဆီးသွားကြပါလိမ့်မယ်"

"ဟား..ဟား..ဟား"

ထိကျို့ ရယ်မောလိုက်လေသည်။

သူက လွယ်လွယ်ကို ကြည့်လိုက်သည်။

"မင်းက မာနမင်းသမီးရဲ့သမီး လွယ်လွယ် မဟုတ်လား"

လွယ်လွယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

"ကျုပ်က မင်းအဖေဆိုတာ မင်းမသိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



လွှယ်လွှယ် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မအဖေက တိန့်စန်းပါရှင်"

"ဘာ"

"အဖြစ်မှန်တွေကို ကျွန်မသိထားပြီးပါပြီ၊ ရှင်တို့ဟာ ကျွန်မအမေရဲ့ သိုင်းပညာကို လိုချင်လို့ အကောက်ကြံခဲ့ကြတယ်ဆိုတာလဲ သိထားပြီးပါပြီရှင်"

ထိကျို့ နှာခေါင်းရှုံ့လိုက်သည်။

"ဩော် မင်းက အဖြစ်မှန်တွေကိုတောင် သိထားပြီးပြီကိုး၊ ကောင်းပြီ၊ မင်းက ငါ့စကား နားမထောင်ဘူးဆိုယင်တော့ မင်းအဖေ ဒုက္ခရောက်သွားလိမ့်မယ်"

"ရှင် တော်တော်ရက်စက်ပါလား"

"ဟင်း..ဟင်း၊ မင်းအဖေက ငါ့လက်ထဲ ရောက်နေပြီ၊ ငါ့စကားကို မင်းနားမထောင်ဘူးဆိုယင် မင်းအဖေ အယင်ဆုံး ဒုက္ခရောက်သွားလိမ့်မယ်"

ဖန်းယီ လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

"ကျုပ်အဖေကတော့ ခင်ဗျားလက်ထဲမှာ မရှိဘူး သေသွားပြီဗျ၊ ဒါကြောင့် ဘာမှ အမှုထားစရာ မလိုတော့ပါဘူးဗျာ"

စကားဆုံးသည်နှင့် ထိကျို့ထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ထိကျို့သည် မာနမင်းသမီး၏သိုင်းပညာ ရရှိထားသော်လည်း ဖန်းယီကို ဓိနိုင်မည် မဟုတ်ပါချေ။



ဖန်းယီ လေ့လာခဲ့ရသော သိုင်းကွက်များမှာ ပို၍ ထက်မြက်နေသည် ဖြစ်ရကား သိုင်းကွက်သုံးဆယ်ခန့် တိုက်ခိုက်မိလိုက်သည်နှင့်...

"ဝုန်း"

ထိကျို့ အဝေးသို့ လွင့်စင်သွားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



တိန့်စန်း လွတ်မြောက်လာပြီ ဖြစ်သည်။

လွယ်လွယ်က တိန့်စန်းရှေ့၌ ဒူးထောက်ချလိုက်လေသည်။

"ဖေဖေ"

တိန့်စန်း အံ့သြသွားသည်။

"မင်းက.."

"အဖြစ်မှန်တွေကို ကျွန်မ သိထားပြီးပါပြီ ဖေဖေ"

"သမီးရယ်"

တိန့်စန်း ဆို့နင့်စွာ ခေါ်လိုက်သည်။

ဒူးထောက်နေသော လွယ်လွယ်ကို ဖေးမကာ မတ်တတ်ရပ်နေပြီး ရင်ခွင်ထဲ ထွေးပွေ့ထားလိုက်သည်။

လွယ်လွယ်၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေသကဲ့သို့ တိန့်စန်းလည်း မျက်ရည်များ စီးကျနေပါသည်။

သားအဖနှစ်ယောက် ဆုံဆည်းမိကြသဖြင့် ဝမ်းသာ၍ စီးကျလာသော မျက်ရည်များ ဖြစ်ပါသည်။

ဖန်းယီသည် တိန့်စန်းနှင့် လွယ်လွယ်ကို ကြည့်ပြီး ရင်ထဲ ကြည်နူးနေလေတော့သည်။

ပြီးပါပြီ။

BURMESE CLASSIC

www.burmeseclassic.com